www.burmeseclassic.com

ပန်းရွှေပြည်စာအုပ်တိုက်



အမရပူရ ပထမမြို့တည် နန်းတည်
ဘိုးတော်ဘုရား(ဗဒုံမင်း)လက်ထက်

BURMESE CLASSIC

'ကဝိန္ဒာဘိ သီရိသဒ္ဓမ္မဇ မဟာဓမ္မရာဇာဂုရု' ဘွဲ့တံဆိပ်တော်ရ

## ဒုတိယ မဲထီးဆရာတော်

# မာလာလင်္ကာရ ဝတ္ထုတော်ကြီး

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသခင်ဗုဒ္ဓဝင်

# မာလာလင်္ကာရ

## ဝတ္ထုတော်ကြီး

## ဒုတိယမဲထီးဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- ✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ✡ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး၊
- ✡ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး၊
- ✡ ပြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- ✡ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✡ နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- ✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ✡ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ✡ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊


အုပ်ရေ - ၅၀၀ အုပ်

အကြိမ် - ဒုတိယအကြိမ်
၂၀၁၀ ခုနှစ် အောက်တိုဘာလ

မျက်နှာဖုံး- ရဲရဲ

ထုတ်ဝေသူ - ဦးသိမ်းမင်း(၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
အမှတ် ၃၃၄, ၈ လမ်း, ၁၁ ရပ်ကွက်,
တောင်ဥက္ကလာပမြို့နယ်, ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးဝင်းကျော်ထွန်း(၀၇၉၅၈)
မိုးရွှေပုံနှိပ်တိုက်
အမှတ် ၈၁/ခ, သံလွင်လမ်း,
ဗဟန်းမြို့နယ်, ရန်ကုန်မြို့။

စာမူခွင့်ပြုချက် - ၆၀၀၃၄၂၀၇၁၀

အဖုံးခွင့်ပြုချက် - ၆၀၀၄၆၃၀၈၁၀

၂၉၄·၃

ဒုတိယမဲထီးဆရာတော်

မာလာလင်္ကာရဝတ္ထုတော်ကြီး / ဒုတိယမဲထီးဆရာတော်။ -ရန်ကုန်၊ ပန်းရွှေပြည်စာပေ၊ ဒုတိယအကြိမ်၊ အောက်တိုဘာလ၊ ၂၀၁၀။

၂၇၂ စာ၊ ၁၈ × ၂၅ စင်တီ။

(၁) မာလာလင်္ကာရဝတ္ထုတော်ကြီး


www.burmeseclassic.com

www.burmeseclassic.com

အမရပူရ ပထမမြို့တည် နန်းတည်

ဘိုးတော်ဘုရား ( ဗဒုံမင်းသား ) လက်ထက်

'ကဝိန္ဒာဘိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဂုရု' ဘွဲ့တံဆိပ်တော်ရ

ဒုတိယ မဲထီးဆရာတော်

# မာလာလင်္ကာရ ဝတ္ထုတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


* ဒုတိယမဲထီးဆရာတော် ထေရုပ္ပတ္တိအကျဉ်း ၇

* မြန်မာဗုဒ္ဓဝင်စာပေသမိုင်းနှင့် မာလာလင်္ကာရ - ဦးအေးချို (မဟာဝိဇ္ဇာ) ၉


## ပထမပိုင်း


* ပဏာမ ၂၃

၁- အလောင်းတော်နတ်သား နတ်စည်းစိမ်ကိုခံစားစဉ် ဗုဒ္ဓကောလာဟလဖြစ်ခြင်း ၂၄

၂- အလောင်းနတ်သားကို နတ်အများတို့က ဘုရားဖြစ်ရန် တောင်းပန်ခြင်း ၂၅

၃- ဘုရားလောင်း၏မယ်တော် အိပ်မက် မြင်မက်တော်မူကြောင်းကို ပြခြင်း ၂၈

၄- လုမ္ဗိနီအင်ကြင်းတော၌ ဘုရားလောင်းကို ဖွားမြင်ခြင်း ၃၀

၅- ကာဠုဒေဝီလရသေ့၏ဆံကျစ်၌ ဘုရားလောင်း တည်ရပ်တော်မူခြင်း ၃၃

၆- ကာဠုကသတို့သားအကြောင်းကို ပြခြင်း ၃၄

၇- ပုဏ္ဏားတို့အား လက္ခဏာတော်ကို ဖတ်စေခြင်း ၃၅

၈- ဘုရားလောင်းကို အမည်မှည့်ခြင်း ၃၆

၉- မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ ဖြစ်ခြင်း ၃၆

၁၀- ပဥ္စဝဂ္ဂီ ၅ ယောက်တို့ကို ပြခြင်း ၃၆

၁၁- နိမိတ်ကြီး ၄ ပါးတို့ကိုမမြင်ရအောင် အစောင့်အရှောက်ထားခြင်း ၃၇

၁၂- အလောင်းတော်ကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ၊ ကြိမ်မြောက် ရှိခိုးခြင်း ၃၇

၁၃- လေးအတတ်ကို အလောင်းတော် ပြခြင်း ၃၈


www.burmeseclassic.com

www.burmeseclassic.com



၁၄- နိမိတ်ကြီး ၄ ပါးကို နတ်တို့ လှည့်ပတ်၍ပြခြင်း ၃၉
၁၅- သုဒ္ဓေါဒနမင်းကြီးသည် မြေးတော်ကို အမည်မှည့်ခြင်း ၄၂
၁၆- ကိသာဂေါတမီ ချီးမွမ်းခြင်း ၄၂
၁၇- အလောင်းတော်သည် ရဟန်းအဖြစ်၌ စိတ်ညွတ်တော်မူခြင်း ၄၃
၁၈- အလောင်းတော်သည် တောထွက်တော်မူခြင်း ၄၄
၁၉- မာရ်နတ်သည် အလောင်းတော်ကို တားမြစ်ခြင်း ၄၅
၂၀- ဘုရားလောင်းသည် အနောမာမြစ်သို့ ရောက်ခြင်း ၄၅
၂၁- အလောင်းတော်သည် ဆန္နအမတ်ကို ပြန်လွှတ်ခြင်း ၄၆
၂၂- အလောင်းတော်သည် ဥရုဝေလတော၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ၄၈
၂၃- ဘုရားလောင်းသည် ဒုက္ကရစရိယာကို ကျင့်ခြင်း ၅၀
၂၄- သုဇာတာ၏ ဃနာနို့ဆွမ်းချက်ပုံကို အကျယ်ပြခြင်း ၅၂
၂၅- ဘုရားလောင်း၏အိပ်မက်ကြီး ၅ ပါး ၅၃
၂၆- သုဇာတာ၏ ဃနာနို့ဆွမ်းကို ခံတော်မူခြင်း ၅၃
၂၇- နေရဉ္ဇရာမြစ်နား၌ ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူခြင်း ၅၄
၂၈- ဗောဓိမဏ္ဍိုင်သို့ တက်တော်မူခြင်း ၅၅
၂၉- ဘုရားလောင်းသည် မာရ်စစ်ကို အောင်မြင်တော်မူခြင်း(ပထမအောင်ခြင်း) ၅၆
၃၀- သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်း ၆၀

## ဒုတိယပိုင်း

၁- အဘိဓမ္မာ ၇ ကျမ်းကို သုံးသပ်တော်မူ၍ ရောင်ခြည်တော် ထွန်းလင်းလာခြင်း ၆၅
၂- မာရ်မင်းသမီးတို့ ဘုရားသခင်ကို ဖြားယောင်းခြင်း ၆၉
၃- 'မြဟ္မာ'ဟူသည်ကို ပြတော်မူခြင်း ၇၁
၄- မုစလိန္ဒာအိုင် ကျည်းပင်ရင်း၌ ၇ ရက် စံနေတော်မူခြင်း ၇၁
၅- တပုဿ၊ဘလ္လိကညီနောင်အား ဆံတော်ဓာတ် သနားခြင်း ၇၂
၆- တရားဟောရန် သဟမ္ပတိဗြဟ္မာ တောင်းပန်ခြင်း ၇၄
၇- ဥပကတက္ကတွန်းနှင့် တွေ့ခြင်း ၇၅
၈- ပဉ္စဝဂ္ဂီတို့အား တရားဦး ဟောခြင်း ၇၆
၉- ယသသူဌေးသားအဖနှင့်တကွ အပေါင်းအဖော်တို့ ရဟန်းပြုကြခြင်း ၇၉
၁၀- သူဌေးသားယသ၏ အပေါင်းအဖော် ၄ ဦးတို့ ရဟန်းပြုကြခြင်း ၈၂
၁၁- ၆ ကျိပ် ၁ ယောက်သောရဟန္တာတို့ ဒေသစာရီ သွားတော်မူကြခြင်း ၈၄
၁၂- ရှင်ရဟန်းပြုခွင့်ကို ဘုရားသခင် ပေးတော်မူခြင်း ၈၅
၁၃- ဘဒ္ဒဝဂ္ဂီမင်းသား ၃၀ တို့ ရဟန်းဖြစ်ခြင်း ၈၆

www.burmeseclassic.com

www.burmeseclassic.com




၁၄- ကဿပညီနောင် ၃ ဦးအား တန်ခိုးပြာဋိဟာပြခြင်း ၈၇

၁၅- ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူခြင်း ၉၅


## တတိယပိုင်း


၁- လူအများ ယုံမှားပျောက်ရန် ဥရုဝေလကဿပနှင့် အမေး,အဖြေပြုခြင်း ၁၀၃

၂- သိကြားမင်းရှတ်ဆိုသောသီချင်းကို ပြခြင်း ၁၀၆

၃- ဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူခြင်း ၁၀၈

၄- ဥပတိဿ, ကောလိတတို့ အမြိုက်တရားကို ရှာကြခြင်း ၁၀၉

၅- အရှင်သာရိပုတ္တရာ သောတာပန်ဖြစ်ခြင်း ၁၀၉

၆- အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့ ရဟန္တာဖြစ်ကုန်ကြသည်ကို ပြခြင်း ၁၁၂

၇- ဘုရားသခင်ကို မဂဓတိုင်းသားတို့ ကဲ့ရဲ့သည်ကို ပြခြင်း ၁၁၃

၈- သားတော်ဘုရားကိုပင့်ရန် ခမည်းတော်စေသည်ကို ပြခြင်း ၁၁၄

၉- ကာဠုဒါယီပင့်၍ ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း ၁၁၅

၁၀- နိဂြောဓာရုံဥယျာဉ်၌ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်း ၁၁၇

၁၁- မြတ်စွာဘုရား ဆွမ်းခံကြွတော်မူသည်ကို ပြခြင်း ၁၁၈

၁၂- ယသောဓရာမိဖုရားကို ရှိခိုးခွင့် ပြုခြင်း ၁၂၀

၁၃- ညီတော်နန္ဒကို ရဟန်းပြုပေးခြင်း ၁၂၁

၁၄- သားတော်ရာဟုလာကို ရှင်ပြုပေးခြင်း ၁၂၁

၁၅- မိဘခွင့်မပြုသော သားကို ရှင်,ရဟန်းမပြုရန် ပညတ်ခြင်း ၁၂၂

၁၆- သုဒ္ဓေါဒနမင်းကြီး အနာဂါမ်ဖြစ်ခြင်း ၁၂၃

၁၇- အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်ကို လှူခြင်း ၁၂၄

၁၈- သာလဝတီကို ပြည့်တန်ဆာအရာ ထားခြင်း ၁၂၅

၁၉- ပြည့်တန်ဆာသား ဇီဝကအကြောင်း ပြခြင်း ၁၂၇

၂၀- ဇီဝက၏ဆေးအတတ်များကို ပြခြင်း ၁၂၉

၂၁- ဘုရားရှင်သည် ဗိမ္ဗိသာရမင်းအား ဆွမ်းအနည်းငယ် ပေးခြင်း ၁၃၉

၂၂- သံဃာတော်တို့အား သင်္ကန်းအလှူခံခွင့် ပြုခြင်း ၁၄၀

၂၃- ရဟန်းတို့အား တန်ခိုးမပြရန် ပညတ်ခြင်း ၁၄၁

၂၄- ယမိုက်ပြာဋိဟာကို ပြတော်မူခြင်း ၁၄၅

၂၅- တပည့်သာဝကတို့ တန်ခိုးအာနုဘော် ပြလိုကြခြင်း ၁၄၇

၂၆- မြတ်စွာဘုရား တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း ၁၅၁

၂၇- အဘိဓမ္မာတရား ဟောကြားတော်မူသည်ကို ပြခြင်း ၁၅၃

၂၈- ဝါတွင်း ၃ လပတ်လုံး အဘိဓမ္မာတရား ဟောကြားခြင်း ၁၅၅


www.burmeseclassic.com

www.burmeseclassic.com



၂၉- မြတ်စွာဘုရားသည် သင်္ကဿနဂိုရ်ပြည်၌ ဆင်းသက်သည်ကို ပြခြင်း ၁၅၈
၃၀- တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူခြင်း ၁၅၉
၃၁- သေက္ခ,အသေက္ခတရားကို ရှင်သာရိပုတ္တရာအား မေးတော်မူခြင်း ၁၆၁

## စတုတ္ထပိုင်း

၁- မြတ်စွာဘုရား ဝါဆိုတော်မူအစဉ်ကို ပြခြင်း ၁၆၅
၂- အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့အား စစ်ထိုးလိုခြင်း ၁၆၆
၃- ရဟန်းတို့ အပရိဟာနိယသုတ်ကို ဟောတော်မူခြင်း ၁၇၁
၄- အမ္ဗလဋ္ဌိကအရပ်, နာဠန္ဒအရပ်သို့ ကြွတော်မူခြင်း ၁၇၄
၅- သီလနှင့် မပြည့်စုံခြင်း၏အပြစ်, ပြည့်စုံခြင်း၏အကျိုးကို ဟောပြခြင်း ၁၇၆
၆- ပါဋလိမြို့တည်သည်ကို ပြခြင်း ၁၇၉
၇- ကောဋိကရွာနှင့် နာတိကအရပ်သို့ ကြွတော်မူခြင်း ၁၈၂
၈- ဝေသာလီပြည်သို့ ကြွတော်မူ၍ သရက်ဥယျာဉ်၌ နေတော်မူခြင်း ၁၈၃
၉- အမ္ဗပါလိကာ၏ဥယျာဉ်၌ တရားဟောတော်မူခြင်း ၁၈၅
၁၀- မြတ်စွာဘုရားသည် ဝေဠုဝရွာသို့ ကြွသွားတော်မူခြင်း ၁၈၆
၁၁- အရှင်အာနန္ဒာအား များစွာသောဒေသနာတို့ကို ဟောကြားခြင်း ၁၈၇
၁၂- အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုသည်ကို ပြခြင်း ၁၈၈
၁၃- ရေဝတီနတ်သမီးအကြောင်းကို ပြခြင်း ၁၉၄
၁၄- အရှင်စုန္ဒအကြောင်းကို ပြခြင်း ၁၉၅
၁၅- မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူမည့်အကြောင်း အရိပ်အမြွက်ပြခြင်း ၁၉၇
၁၆- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် မာရ်နတ် ချဉ်းကပ်ခြင်း ၁၉၈
၁၇- မြေလှုပ်ခြင်း ၈ ပါးကို ဟောတော်မူခြင်း ၂၀၀
၁၈- ဝေသာလီပြည်ကို အဆုံးစွန်ကြည့်တော်မူခြင်း ၂၀၂
၁၉- စုန္ဒ၏သားပြွမ်းဆွမ်းကို ခံတော်မူခြင်း ၂၀၃
၂၀- မလ္လာမင်းသား၏ပုဆိုးအစုံကို ခံတော်မူခြင်း ၂၀၆
၂၁- ပက္ကုသလှူသောပုဆိုးအစုံကို ဝတ်ရုံတော်မူခြင်း ၂၀၉

## ပဉ္စမပိုင်း

၁- စုန္ဒအား နှလုံးမသာခြင်း မဖြစ်ရန် ဟောတော်မူခြင်း ၂၁၃
၂- ဝလာနရနတ်တို့ အကြောင်း ၂၁၇
၃- ပူဇော်သက္ကာရပြုခြင်းကို ဟောတော်မူခြင်း ၂၁၈
၄- အရှင်ဥပဝါဏ၏အကြောင်းကို ပြခြင်း ၂၂၁

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၅- | နတ်တို့ငိုကြွေးသည်ကို ပြခြင်း | ၂၂၂ |
| ၆- | မာတုဂါမတို့ကျင့်ရာသည်ကို ဟောခြင်း | ၂၂၂ |
| ၇- | အလောင်းတော်ကိုသဂြိုဟ်ရန် ဥပဒေသ ထားခြင်း | ၂၂၃ |
| ၈- | အရှင်အာနန္ဒာ ငိုကြွေးပူဆွေးသည်ကို ပြခြင်း | ၂၂၅ |
| ၉- | အရှင်အာနန္ဒာ၏ အံ့ဖွယ် ၄ ပါးကို ပြခြင်း | ၂၂၈ |
| ၁၀- | မဟာသမယသုတ်ကို ဟောတော်မူခြင်း | ၂၂၉ |
| ၁၁- | သုဘဒ်ပရိဗိုဇ်အကြောင်းကို ပြခြင်း | ၂၃၀ |
| ၁၂- | မြတ်စွာဘုရားသည် အဆုံးစွန်သောတရားကို ဟောတော်မူခြင်း | ၂၃၅ |
| ၁၃- | မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူခြင်း | ၂၃၆ |
| ၁၄- | မြတ်စွာဘုရားအလောင်းတော်ကို မီးပူဇော်ရာသို့ ပင့်ဆောင်ခြင်း | ၂၃၉ |
| ၁၅- | မြတ်စွာဘုရားအလောင်းတော် မီးပူဇော်ရာသို့ အရှင်မဟာကဿပ ကြွလာတော်မူခြင်း | ၂၄၂ |
| ၁၆- | ဓာတ်တော်များကို ၇ ပြည်ထောင်မင်းတို့အား ခွဲဝေခြင်း | ၂၅၀ |
| ၁၇- | ဓာတ်တော်များကို အဇာတသတ်မင်း ဝှက်ခြင်း | ၂၅၅ |
| ၁၈- | ဓာတ်တော်များကို အသောကမင်းသည် ဇမ္ဗူဒိပ်ကျွန်းအနှံ့ တည်ခြင်း | ၂၅၈ |
| * | နိဂုံး | ၂၆၁ |
| * | ခက်ဆစ်များ | ၂၆၂ |


www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမဲထီးဆရာတော်

* ညောင်ရမ်းမင်းဆက် နောက်ဆုံးမင်း မဟာဓမ္မရာဇာဓိပတိ လက်ထက်ဖြစ်သည်။

ဒုတိယမဲထီးဆရာတော်

သက္ကရာဇ် ၁၁၀၉ (ခရစ်နှစ် ၁၇၄၇)ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက် တနင်္လာနေ့တွင် ပုဂံမြို့တော် ပုပ္ပားမြို့တော် လယ်ဟားရွာတွင် ဖွားမြင်သည်။ ငယ်မည် မောင်အုတ်ခဲဖြစ်သည်။ အသက်ဈေ၍ ရဟန်းပြုသည်။ ရဟန်းဘွဲ့ ရှင်ကဝိဖြစ်သည်။

သာသနာပိုင်ဆရာတော် ရှင်ဂုဏာဓမ္မျူသာ၏ တပည့်ရင်းဖြစ်သည်။ ရဟန်းဒါယကာမှာ ရွှေပြည်ဝန်မောင်တောဖြစ်သည်။ အမရပူရရွှေမြို့တော် မဲထီးတိုက်တွင် သီတင်းသုံးတော်မူပြီးနောက်၊ ရတနာပူရ စတုတ္ထနန်းတည်မင်းတရားကြီး ဘိုးတော်ဘုရား(ဗဒုံမင်းသား)လက်ထက်တွင် မြဝတီမင်းကြီး ဦးစကိုးကွယ်၍၊ မြဝတီမင်းကြီးဆောက်လုပ်လှူဒါန်းသော အင်းဝရွှေမြို့တော် အရှေ့ဘက်အရပ်တော် ပလူကုန်း လေးထပ်ကျောင်းကြီး၌ သီတင်းသုံးတော်မူသည်။

ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုဘွဲ့တံဆိပ်တော်ရသည်။

သက်တော် ၈၇ ဝါတော် ၆၇ သက္ကရာဇ် ၁၁၉၆ (ခရစ်နှစ် ၁၈၃၆)၌ လေးထပ်ကျောင်း၌ပင် ပျံလွန်တော်မူသည်။

မာလာလင်္ကာရကျမ်းနိဂုံး၌ သာသနာသက္ကရာဇ် ၂၃၄၂ ခုနှစ်တွင် ပြီးဆုံးခြင်းသို့ရောက်သည်ဟု ဆိုထားသဖြင့် မာလာလင်္ကာရကျမ်းသည် သက္ကရာဇ် ၁၁၆၀ (ခရစ်နှစ် ၁၈၀၀)ပြည့်နှစ် သက်တော် ၅၁ ဝါတော် ၃၁ ဝါ၌ ပြီးဆုံးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာဗုဒ္ဓဝင်စာပေသမိုင်းဦးနှင့် မာလာလင်္ကာရ

ဦးအေးချို - မဟာဝိဇ္ဇာ

'ဗုဒ္ဓဝင်' ဟူသော စကားမှာ 'ဗုဒ္ဓဝံသ' ဟူသော ပါဠိတော်မှ ဆင်းသက်လာသော စကား ဖြစ်သည်။ ဗုဒ္ဓ+ဝံသကို ခွဲခြမ်း၍ အနက်ဖွင့်ကြသည်မှာ 'ဗုဒ္ဓ'သည် 'ဘုရား'ဖြစ်ပြီး၊ 'ဝံသ'သည် 'အနွယ်အဆက်တော်' ဟူ၍ ဖြစ်သည်။

သုမေ္ဓဝတီဗုဒ္ဓဝင် အမှာစာတွင် 'ဗုဒ္ဓဝံသ-ဘုရားရှင်တို့၏ အဆက်အနွယ်ကို မပျက်ပြယ်အောင် ဟောတော်မူအပ်သော ဘုရားနှုတ်ထွက် မေ္ဓစကော်တော်ကြီး' ဟု ဖွင့်ဆိုရေးသားသည်။

ဗုဒ္ဓဝင်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့လေသည်။ ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်တော်တွင် 'ဗုဒ္ဓဝံသ' ပါဠိတော်ကြီး၌ ဂါထာပေါင်း ၁၄၅၈ ဂါထာ ရှိလေသည်။ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့က ကပိလဝတ်နေပြည်တော်၏ ကောင်းကင်ယံ ရတနာစင်္ကြံတော်၌ သီတင်းသုံးတော်မူပြီး ဟောကြားတော်မူလေသည်။ ဟောကြားရသည်မှာလည်း ဆွေတော်မျိုးတော်တို့၏ မာန်မာနကို ချေချွတ်တော်မူလို၍ ဟောကြားခြင်း ဖြစ်လေသည်။ အကျယ်ဖော်ပြရလေသော် ဤသို့ ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၌ လည်းကောင်း၊ ဒုတိယဝါကို ရာဇဂြိုဟ်ပြည်၌* လည်းကောင်း သီတင်းသုံးတော်မူပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ် ပင့်လျှောက်ချက်အရ၊ ဖွားမြင်တော်မူရာ ဇာတိမြေဖြစ်သော ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။

ကပိလဝတ်ပြည်သို့ ဆိုက်ရောက်တော်မူပြီးနောက် နိဂြောဓာရုံဥယျာဉ်တော်၌ ရဟန္တာအရှင်မြတ်အပေါင်း ၂ သောင်းမျှခြံရံကာ သီတင်းသုံးတော်မူသည်။

ထိုအခါ သာကီဝင်မင်းတို့သည် ခက်ထန်သောမာန်မာန ရှိကြသူများဖြစ်ကြသည့်အတိုင်း ''သိဒ္ဓတ္ထမင်းသားသည် အသက်အရွယ်အားဖြင့် ငါတို့အောက်ငယ်လှပေ၏။ ငါတို့တူ မျှသာဖြစ်ပေ၏။ ငါတို့သား မျှသာဖြစ်ပေ၏။ ငါတို့ညီမျှသာ ဖြစ်ပေ၏''ဟု သဘောထားကြကာ မင်းသားငယ်, မင်းသမီးငယ်များကိုသာ ရှိခိုးဦးခိုက်စေပြီးလျှင်၊ မိမိတို့မှာမူကား ပရိသတ်၏ အစွန်အဖျား နောက်ဘက်မှ ထိုင်ကြကာ ရှိခိုးဦးခိုက်မှုကို မပြုဘဲ နေကြလေသည်။

* 'ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါဆိုတော်မမူမီ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်' ဟုလည်း မှတ်ကွဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရှင်တော်ဘုရားသည် ထိုသူတို့မာန်မာနကျိုး၍ ရှိခိုးကြစေရန် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးနောက် ကောင်းကင်သို့ ပျံတက်တော်မူကာ သာကီဝင်တို့၏ဦးခေါင်း၌ ဖဝါးမြေမှုန့်ကို ကြဲသကဲ့သို့ပြု၍ ရေအစုံ မီးအစုံ စသော ယမိုက်ပြာဋိဟာကို ပြတော်မူလေသည်။ ထိုသို့သော အံ့ဖွယ်ကို မြင်ကြရသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် သားတော်ကို (၃ ကြိမ်မြောက် ရှိခိုးသည့်အဖြစ်) ရှိခိုးတော်မူလေသော် သာကီဝင်အပေါင်းတို့သည် တစ်ဦးမကျန် ရှိခိုးကြလေသည်။ ထိုအခါ အရှေ့, အနောက် စကြဝဠာတိုက် ၁ သောင်းကို ကျော်လွန်သည့် ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူကာ လူးလာစုန်ဆန် အဖန်ဖန်ကြွတော်မူ၍ တရားတော်ကို ဟောကြားတော်မူလေသည်။

ဤသို့သော အခြင်းအရာအားလုံးကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံးတော်မူနေသည့် လက်ယာတော်ရံ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ဖူးမြင်တော်မူရလေရာ၊ ‘သမ္မာသမ္ဗုဒ္ဓ အတုလထွတ်တင် ဘုရားရှင်၏ ဖြစ်စဉ်ကျင့်ထုံး အားလုံးမကျန်ဟောပါရန် တောင်းပန်လျှောက်ထားရပါမှ ကောင်းပေမည်တကား’ ဟု အကြံရတော်မူကာ၊ နောက်ပါရဟန်းတော် ၅၀၀ တို့နှင့်အတူ ဘုရားရှင်ရှိရာသို့ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင်၊ တည်ခြင်း ၅ မျိုးဖြင့် ရှိခိုးတော်မူလျက်[1] အောက်ပါဂါထာဖြင့် လျှောက်ထား မေးမြန်းတော်မူလေ၏။

‘ကီဒိ သော တေမဟာဝီရ၊ အဘိနီဟာရော နရုတ္တမ။
ကမှိကာလေ တယာဓီရ၊ ပတ္ထိတာ ဗောဓိမုတ္တမာ။ ။

မဟာဝီရ၊ သမ္မပ္ပဓာန် ကိစ္စဆင့်ပွား လေးထွေပြားသည့် ကြီးမားသော လုံ့လဝီရိယလည်း ရှိတော်မူပေထသော။ နရုတ္တမ၊ လူတို့ထက်မြတ် နတ်တို့ထက်သာ ဗြဟ္မာတို့ထက်ကဲလွန် အမွန်ခေါင်ဖူး သုံးလူမှူးဘုရား။ တေ၊ အရှင်ဘုရား၏၊ အဘိနီဟာရော၊ နရက်,ဘဝဂ် သွက်သွက်လှိုက်ခုန် သောင်းတိုက်တုန်သား ဘုန်းဂုဏ်တော်အား လွန်ကြီးမားသည့် ဘုရားဖြစ်ရန် ဆုပန်တော်မူခဲ့ခြင်းကို။ ကီဒိသော၊ ဘယ်သို့ရှုအပ် မှတ်ရပါမည်နည်း ဘုရား။ ဓီရ၊ သဗ္ဗညုတဉာဏ်သခင် သုံးလူ့ရှင်ဘုရား။ တယာ၊ အရှင်ဘုရားသည်၊ ကမှိကာလေ၊ ဘယ်ကပ်ကမ္ဘာ ဘယ်အချိန်ခါ၌။ ဥတ္တမာဗောဓိ၊ ပစ္စေက ဗောဓိ, သာဝကဗောဓိတို့ထက် အဓိပတိဥက္ကဋ္ဌ မြတ်ထွတ်လှစွာ သမ္မာသမ္ဗောဓိဆုကြီးကို။ ပတ္ထိတာ၊ စိတ်တော်ညွတ်ကာ ရလိုပါဟု ပန်ထွာတောင့်တ အပ်ခဲ့ပါသနည်းဘုရား[2]။

ရှင်သာရိပုတ္တရာ လျှောက်ထားတော်မူသောအခါ မြတ်စွာဘုရားသခင်သည် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှောက်ဝယ် သုမေဓာ ရှင်ရသေ့ဘဝနှင့် ဗျာဒိတ်တော် ခံယူတော်မူသည်မှ စ၍ ကဿပမြတ်စွာဘုရား ထံမှောက်တော်တွင် ဇောတိပါလ လုလင်ဘဝနှင့် ဗျာဒိတ်တော် ခံတော်မူရပုံထိ ၂ ကျိပ် ၄ ဆူကုန်သော မြတ်စွာဘုရားတို့၏ ထံမှောက်တော်တွင် ဗျာဒိတ်ခံရတော်မူပုံများ ပါဝင်သည့် ဗုဒ္ဓဝံသကို ဟောကြားတော်မူခဲ့လေသည်။ ဗုဒ္ဓဝံသပါဠိတော်တွင် ဂေါတမဗုဒ္ဓဝင် ပါရှိသော်လည်း အကျယ်အပြန့်မဟုတ်ချေ။

ဗိဿနိုးမြို့ဟောင်းတွင် ယခင်က ရှာဖွေတူးဖော်ခဲ့ရာ၊ ဗုဒ္ဓဆင်းတုတော်များ မတွေ့သေးသော်လည်း ၂၀၀၃ ခုနှစ် ဖွန်လ ၁၀ ရက်နေ့က တူးဖော်သည့်အခါ ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူ တူးဖော်ရရှိသည်။[3] ထိုအထောက်အထားအရ ဗိဿနိုးမြို့ပြခေတ်တွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်နေကြကြောင်း ပြောနိုင်သည်။

သရေခေတ္တရာမြို့ဟောင်း တူးဖော်စဉ်က ဗုဒ္ဓဝင်ဆိုင်ရာ ကျောက်ပြား ၃ ချပ် တွေ့ရှိရသည်။ နာဠာဂီရိဆင် အောင်မြင်တော်မူခန်း ၁ ချပ်, မယ်တော်မာယာဒေဝီ ဖွားတော်မူခန်း ၁ ချပ်, မြတ်စွာဘုရား ပဉ္စဝဂ္ဂီ ၅ ပါးကို

၁- ‘ကျမ်းဦးမှတ်ဖွယ်’၊ ထေရာပဒါန်ပါဠိတော် မြန်မာပြန်၊ ဒုတိယအုပ်။ စာ- ဂ, ဃ
၂- ဦးဝိစိတ္တသာရာဘိဝံသ။ ‘မဟာဗုဒ္ဓဝင်’ ပထမတွဲ- ပထမပိုင်း နိဒါန်း။ စာ- က
၃- ဦးညွန့်ဟန်။ ‘ရှေးဟောင်းမြို့တော်များမှ အသစ်တွေ့ အထောက်အထားများ’ မြန်မာ့ရှေးဟောင်းမြို့တော်များ။ သမိုင်းသုတေသနဦးစီးဌာန ၂၀၀၇။ စာ- ၉

www.burmeseclassic.com

www.burmeseclassic.com



တရားဦး ဓမ္မစကြာဟောခန်း ၁ ချပ် ဖြစ်သည်။[၄] ထိုကျောက်ပြားများကို ထောက်ထား၍ သရေခေတ္တရာမြို့ပြခေတ်တွင် ဗုဒ္ဓဝင်အကြောင်းအရာများကို နားလည်သိရှိနေကြပြီဟု ယုံကြည်ရသည်။

ပုဂံခေတ်တွင် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလာခဲ့သည်ကို အထူးရေးရန် မလိုတော့ပြီ။ ပုဂံမြို့ဟောင်းမှ ဗုဒ္ဓဝင် ၈ ခန်း, ၉ခန်း ပါသော အုတ်ခွက်ဆင်းတုတော်များ တွေ့ရ၏။

ဒါနပတိသိရိမဟာသာလိန် သူကြွယ်မ လှူဒါန်းခဲ့သော '၈ ခန်း ဗုဒ္ဓဝင်'အုတ်ခွက်ဘုရားဝယ် မယ်တော်မာယာသား ဖွားခန်း, မြတ်စွာဘုရား တန်ခိုးပြဋ္ဌိဟာ ပြခန်း, တာဝတိံသာမှ ဆင်းခန်း, ပရိလေယျက် စံတော်မူခန်း, နာဠာဂိရိဆင် ချွတ်ခန်းတို့ကို ဝဲ,ယာဝန်းရံပတ်လျက်၊ အလယ်၌ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူခန်း ဖြစ်သည်။[၅]

'၉ ခန်း ဗုဒ္ဓဝင်' မှာ သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခန်း ဖြစ်ဟန်ရှိသော ၁ ခန်း ပိုလာသည်။[၆]

အချို့အုတ်ခွက်များမှာ '၁၆ ခန်း ဗုဒ္ဓဝင်' အထိ ပါဝင်သည်။[၇]

ပန်းချီအနေနှင့်ပြောရသော် ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင်နှင့် မယ်တော်မာယာ ဖွားတော်မူခန်းပန်းချီ ဖြစ်သည်။ လောကထိပ် ပန်ဘုရားအတွင်းနှင့် နန္ဒမညာဘုရားအတွင်း နံရံများတွင် ဖွားတော်မူခန်းပန်းချီများ တွေ့ရသည်။

ကျောက်ဆစ်လက်ရာများ, အုတ်ခွက်ဗုဒ္ဓဝင်များနှင့် ပန်းချီများ၌တွင် ဖော်ပြထားသော ဗုဒ္ဓဝင်အကြောင်းအရာများကို ထောက်ထား၍ ပုဂံခေတ်တွင် ဗုဒ္ဓဝင်ဆိုင်ရာစာပေများ ရောက်နေပြီဖြစ်ကြောင်း အခိုင်အမာပြောနိုင်သည်။ ပုဂံခေတ် ကျောက်စာများတွင် 'ပိဋကတ် ၃ ပုံ လှူဒါန်းကြကြောင်း' ကျောက်စာများ၌ ရေးထိုးထားသည်ကို တွေ့ရသဖြင့်၊ ဗုဒ္ဓဝံသပါဠိတော် ရောက်ရှိနေနိုင်သည်။ ပုဂံခေတ်ဦးပိုင်းတွင် အဋ္ဌကထာများ ရှိ, မရှိ မသိရနိုင်သေးပေ။

ပုဂံ 'ဖေယျာသိခ်'ခေါ် နန်းတောင်းများမင်း လက်ထက်က သခင်သုဇဗိုလ်နှင့် သား သခင်သိဃ်ဝိရ်သုဇ္ဇဗိုလ်တို့သည် ဘုန်းတော်ကြီးကျောင်း ဆောက် လှူဒါန်းမှုအတွက် သက္ကရာဇ် ၅၈၅ ခု တော်သလင်းလပြည့် သောကြာ (၁၀-၉-၁၂၂၃)နေ့တွင် ကျောက်စာ ရေးထိုးခဲ့သည်။ ထိုကျောက်စာတွင် လှူဒါန်းသော ပိဋကတ်ကျမ်းစာစာရင်းပါ ဖော်ပြထားသည်။ ဖခင်လှူဒါန်းသော ပိဋကတ်ကျမ်းပေါင်းမှ ၁၂ ကျမ်း ဖြစ်ပြီး၊ သား လှူဒါန်းသော ပိဋကတ်ကျမ်းများကို အမည်စာရင်း ဖော်ပြထားသော်လည်း အချို့စာကြောင်းများ ပျက်စီးနေခြင်း၊ စုစုပေါင်းအရေအတွက် စာကြောင်း ကျောက်စာ၌ပျက်စီး နေခြင်းကြောင့် ကျမ်းပေါင်းမည်မျှ ဟု မသိရချေ။

ဖခင် သခင်သုဇဗိုလ် လှူဒါန်းသော ကျမ်းစာရင်းတွင် ဗုဒ္ဓဝင်ဆိုင်ရာအဖြစ် အနာဂတဝင်ကျမ်းနှင့် တထာဂတုပ္ပတ္တိကျမ်း ပါဝင်သည်ကို တွေ့ရသည်။ အနာဂတဝင်ကျမ်းမှာ အရိမေတ္တေယျဘုရားအလောင်းအကြောင်း ဗုဒ္ဓဝင်ဖြစ်ပြီး၊ တထာဂတုပ္ပတ္တိကျမ်းမှာ ဗုဒ္ဓဝင်ကျမ်း ဖြစ်သည်။[၈]

အလျဉ်းသင့်သဖြင့် တစ်ဆက်တည်း ဖော်ပြလိုသည်မှာ ပုဂံ တက်နွယ်ကျောင်းကျောက်စာ ဖြစ်ပါသည်။ လှူဒါန်းခဲ့သော ပိဋကတ်ကျမ်းစာများအမည် ဖော်ပြ၍ ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သောကြောင့် ထင်ရှားစေရသော ကျောက်စာ တစ်ချပ်လည်း ဖြစ်ပါသည်။

၄- ဦးစိန်မောင်ဦး။ 'သရေခေတ္တရာမြို့ဟောင်း' ရှေးဟောင်းမြန်မာ့ မြို့တော်များ၊ ၁၉၉၃။ စာ- ၁၄၂-၁၄၃

၅- ဦးမြ။ 'ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ' ပထမတွဲ၊ စာ- ၁၆-၁၇

၆- ဦးမြ။ 'ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ' ပထမတွဲ၊ စာ- ၃၈

၇- ဦးမြ။ 'ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ' ပထမတွဲ၊ စာ- ၄၀

၈- ဒေါက်တာသန်းထွန်း။ 'ဗဒုံမင်း ၂၇ အောက်တိုဘာ ၁၇၈၅ က ဆင့်ထိုးထားခဲ့ပြီးမှ ပျောက်ဆုံးနေတဲ့ ၁၀ စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း'၊ မြန်မာသမိုင်းလစ်ကွက်များ၊ စာ- ၁၉-၂၂
'နှောင်းတွေ့ကျောက်စာများ' မြန်မာသမိုင်းအဖွဲ့၊ ၂၀၀၅၊ စာ- ၂၁-၂၄

www.burmeseclassic.com

www.burmeseclassic.com



တက်နွယ်ကျောင်းကို ကျောက်စာအရ

"အရိမတ္တနပူရမည်သော ပြေည်န္ဒိက်တက်နွယ်ချောင်၏ အရှေ့ဖက်တွင် ကျောင်းကိုဝ်လှူတော်မူလျှင်၏။" ဟု တက်နွယ်ချောင်းအရှေ့ဖက်၌ ဆောက်လုပ်လှူကြောင်း သိရသည်။

တက်နွယ်ကျောင်းကျောက်စာသည် ပုဂံမြို့ ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌ ရှိသည်။ လှူဒါန်းသောဒါယကာမှာ တောင်တွင်းမင်း သီရိဇေယျာသူရဖန်းမောင်နံ့ ဖြစ်ပြီး၊ လှူဒါန်းသောကာလမှာ ပုဂံခေတ် မဟုတ်ဘဲ ပထမအင်းဝခေတ် ဖြစ်ပါသည်။ ကျောက်စာရေးထိုးသော သက္ကရာဇ်မှာ ၈၀၄ ခုနှစ် (ခရစ်နှစ် ၁၄၄၃) ဖြစ်သည်။ ထိုကျောက်စာတွင် ဗုဒ္ဓဝင်ဆိုင်ရာ ကျမ်းစာများဖြစ်သော အဋ္ဌကထာဗုဒ္ဓဝင်၊ တထာဂတုပ္ပတ္တိ၊ အဋ္ဌကထာဇာတကတီ၊ သောတတ္တကီနိဒါန်း၊ အနာဂတဝင်တို့ကို တွေ့ရသည်။[၉] အဋ္ဌကထာဗုဒ္ဓဝင်မှာ ဗုဒ္ဓဝံသပါဠိတော်ကို အဋ္ဌကထာဖွင့်ဆိုထားသော ကျမ်း ဖြစ်သည်။

ထိုတထာဂတုပ္ပတ္တိကျမ်းများကို မည်သည့်ပုဂ္ဂိုလ် ရေးသားပြုစုသည်ကို မသိရချေ။ သခင်သုဇမိုလ်လှူဒါန်းသော တထာဂတုပ္ပတ္တိကျမ်းနှင့် တူ၊မတူကိုလည်း မပြောနိုင်သေးချေ။ စွယ်စုံကျော်ထင်ကျမ်း ပုစ္ဆာ ၅၂၇ တွင် "တထာဂတုပ်၊ ကျမ်းအချုပ်၊ စီလုပ် ဘယ်ကျွန်းဖြစ်ပေနည်း"ဟု ကြည့်ကန်ရှင်ကြီး မေးမြန်းထားရာ၊ ဖြေဆိုသူ ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီးက 'ငါတို့ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ ရတနာပူရမြို့နေ အရှင်သာရဒဿီထေရ်စီရင်သော ကျမ်းတည်း"[၁၀] ဟု ဖြေဆိုထားရာ၊ ကျီးသဲလေးထပ်ဆရာတော် ရည်ညွှန်းသည့် 'ရတနာပူရမြို့'ဆိုသည်မှာ ရတနာပုံမြို့ဖြစ်နိုင်ဖွယ်ရှိသည်။ ကုန်းဘောင်ခေတ်နှောင်းကျမ်းသာ ဖြစ်နိုင်သည်။ ပါဠိဘာသာဖြင့် ပြုစုသောကျမ်းလား၊ မြန်မာဘာသာဖြင့် ပြုစုသော ကျမ်းလား ဆိုသည်ကိုလည်း မသိနိုင်သေးပေ။

ဦးယမ် ပြုစုသည့် ပိဋကတ်တော်သမိုင်းတွင်

'၃၄၇။ ။ တထာဂတုပ္ပတ္တိမှာ ဇမ္ဗူဒိပ်ကျွန်း တမ္ဗဒီပတိုင်း 'အရိမဒ္ဒနာ'မည်သော ပုဂံမြို့ ရှင်ဉာဏဂမ္ဘီ ပြုစုသည်။' ဟု ဆိုထားသည်။

ဦးယမ်ကပင် 'တထာဂတုပ္ပတ္တိမှာ နိသျမရှိ'[၁၁] ဟု ဆိုထားပြန်ရာ၊ ဦးယမ်မှတ်တမ်းတင်သည့် တထာဂတုပ္ပတ္တိကျမ်းမှာ ပါဠိဘာသာဖြင့် ပြုစုထားသောကျမ်း ဖြစ်သည်။

သာသနာရေးဝန်ကြီးဌာနမှ ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေသော ဓိနတ္ထပကာသနီကျမ်း၏နိဒါန်းတွင် နိဒါန်းရေးသူ ဦးထွန်းလှိုင်က တထာဂတုပ္ပတ္တိကျမ်းနှင့်ပတ်သက်၍ ဤသို့ မှတ်ချက်ပြုထားသည်။

'တထာဂတုပ္ပတ္တိ ဟူသည်မှာ မြတ်စွာဘုရား ဖြစ်တော်မူပုံ'ဟု မြန်မာလို အဓိပ္ပာယ်ရသည်။ ယင်းအဓိပ္ပာယ်အရ ဗုဒ္ဓဝင်ကျမ်းပင် ဖြစ်နိုင်စရာရှိသည်ဟု ခန့်မှန်းရသည်။

ပုဂံပြည် အရှင်ဉာဏဂမ္ဘီ ပြုစုစီရင်သည်ဟု ပိဋကတ်တော်သမိုင်း စာပိုဒ် နံပါတ် ၃၄၈ ပါဠိစာပေစုထဲ၌ ရေးသားထား သည်ကို တွေ့ရသည်။ ပေမူ၊စက္ကူမူအဖြစ် မတွေ့ရဖူးချေ။ ပျောက်ကွယ်သွားပြီဟု ယူဆရပေသည်။

ယင်း တထာဂတုပ္ပတ္တိပါဠိကျမ်းကို ညောင်ရမ်းခေတ် မင်းရဲကျော်ထင်လက်ထက် သက္ကရာဇ် ၁၀၄၆ ခု၌ အရှင်ဓမ္မနန္ဒ မြန်မာပြန်သည့် ပေမူရှိကြောင်း သိရသည်။ စက္ကူမူ မရှိသေးပေ။ သို့ရာတွင် တထာဂတဥဒါနဒီပနီကျမ်း နိဂုံးတွင် တထာဂတုပ္ပတ္တိကျမ်းကို ရည်ညွှန်းထားသောကြောင့် ဘိုးတော်ဘုရား ခေတ်ထိ တထာဂတုပ္ပတ္တိကျမ်း ရှိနိုင်သေးကြောင်း ခန့်မှန်းသည်။[၁၂]

၉- အုန်းကြည်။ 'တက်နွယ်ကျောင်းကျောက်စာ လေ့လာချက်'၊ မြန်မာနိုင်ငံသုတေသနစာစောင်၊ အမှတ်-၁၃။ ဇွန်လ ၂၀၀၄။ စာ- ၁၁၉-၁၄၆

၁၀- ကျီးသဲလေးထပ်ဆရာတော်။ စွယ်စုံကျော်ထင်ကျမ်း၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၃။ စာ- ၃၂၈

၁၁- ဦးယမ်။ 'ပိဋကတ်တော်သမိုင်း' ဟံသာဝတီ၊ ၁၉၅၉။ စာ- ၁၃၂။ ၁၉၄

၁၂- ဦးထွန်းလှိုင်။ 'နိဒါန်း'၊ ဓိနတ္ထပကာသနီ၊ သာသနာရေးဦးစီးဌာန ၁၉၉၇၊ စာ - ခ

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ညွန့်(မန်းတက္ကသိုလ်)က စာကြည့်တိုက်များရှိ ပေစာများကို လေ့လာသုတေသနပြုပြီး၊ 'မြန်မာနိုင်ငံ ပါဠိနှင့် ပိဋကတ်စာပေ သမိုင်းသစ်' စာအုပ် ရေးသားပြုစုခဲ့ရာ တထာဂတုပ္ပတ္တိကျမ်း ၂ စောင် တွေ့ရသည်။ တစ်ကျမ်းမှာ ပိဋကတ်တော်မှ ဓမ္မနန္ဒထေရ်စီရင်သည့် စကားပြေဗုဒ္ဓဝင် ဖြစ်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် ပေစာ မှတ်ပုံတင်အမှတ် ၁၁၆၆၀ ဖြင့် မှတ်တမ်းတင်ထားသည်။

ကျန်တစ်ကျမ်းမှာ 'တထာဂတုပ္ပတ္တိနိဒါန ဝဏ္ဏနာပါဠိနိဿယ' ဖြစ်ပြီး၊ ပုဂံမြို့ ဉာဏဂမ္ဘီရထေရ် စီရင်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် တိုက်ပိုင်အမှတ် ၆၆၂၃ ဖြင့် မှတ်တမ်းတင် ထားသည်။[၁၃]

'ဦးထွန်းလှိုင်က ပျောက်နေပြီ' ဟု ယူဆရသည့် တထာဂတုပ္ပတ္တိကျမ်းကို ပြန်လည်တွေ့ရှိရသည်။ သက္ကရာဇ် ၁၀၄၆ ခုနှစ်၌ အရှင်ဓမ္မနန္ဒ ရေးသားပြုစုခဲ့သည့် တထာဂတုပ္ပတ္တိကျမ်းကို ပန်းရွှေပြည်စာအုပ်တိုက်မှ ပေမူမှ ပုံနှိပ် စာအုပ်မူအဖြစ် ပထမဆုံးအကြိမ် ပြန်လည်ပုံနှိပ်ရန် စီစဉ်နေကြောင်းလည်း ဝမ်းမြောက်ဖွယ် ကြားသိရသည်။

ပုဂံခေတ်က သခင်သုဇဗိုလ်လှူဒါန်းသော တထာဂတုပ္ပတ္တိကျမ်းနှင့် တက်နွယ်ကျောင်းကျောက်စာလာ တထာဂတုပ္ပတ္တိ ကျမ်းတို့မှာ ယနေ့တွေ့နေရသော ပုဂံမြို့ ရှင်ဉာဏဂမ္ဘီပြုစုသော တထာဂတုပ္ပတ္တိကျမ်း ဟုတ်၊ မဟုတ် မပြောနိုင်သေးချေ။ ကျီးသဲလေးထပ်ဆရာတော်တွေ့ရသည့် ရတနာပူရမြို့နေ အရှင်သာရဒဿီ စီရင်သည့် တထာဂတုပ္ပတ္တိကျမ်းမှာမူ ပျောက် ကွယ်နေသေးသည်။

တက်နွယ်ကျောင်းကျောက်စာတွင် 'အဋ္ဌကထာ ဇာတတကီကျမ်း'ပါဝင်ရာ ယင်းကျမ်းကို အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ ပြုစုသည်။ ဇာတ်နိပါတ် ဇာတ်နိဒါန်းအဖွင့် အဋ္ဌကထာ ဖြစ်သည်။

သောတတ္တကီကျမ်းမှာ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ စူဠဗုဒ္ဓဃောသ ပြုစုသည်။[၁၄]

စူဠဗုဒ္ဓဃောသအကြောင်းကို ဦးထွန်းလှိုင် မှတ်ချက်ပြုထားသည်မှာ ဤသို့ဖြစ်သည်။

'ယင်းသောတတ္တကီ ဗုဒ္ဓဝင်ကျမ်းကို အရှင်ဗုဒ္ဓဃောသပြုစုသည်ဟု ကျမ်းနိဂုံး၌ မှာထားသည်။ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသအား အဋ္ဌသာလိနီကျမ်း ရေးရန် တိုက်တွန်းတောင်းပန်သူမှာ ဗုဒ္ဓဃောသထေရ်ဖြစ်ကြောင်း အဋ္ဌသာလိနီကျမ်း ပဏာမ၌ ပြဆိုထားသည်။ အဋ္ဌသာလိနီကျမ်းပြုသူမှာ 'မဟာဗုဒ္ဓဃောသ' အမည်ခံယူထားသော ကြောင့် ကျမ်းပြုရန် တိုက်တွန်းသူကို 'စူဠဗုဒ္ဓဃောသ' ဟု အမည်ပေးကြဟန် တူသည်။''[၁၄]

သောတတ္တကီကျမ်းသည် တက်နွယ်ကျောင်းကျောက်စာအရ ပထမအင်းဝခေတ်တွင်မှ လှူဒါန်းသောကျမ်းအဖြစ် တွေ့ရသော်လည်း၊ ပုဂံခေတ်ဦးပိုင်းကပင် ထိုကျမ်း၌ပါရှိသော ဗုဒ္ဓဝင်များ တွေ့နေရလေသည်။ အထူးသဖြင့် ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင် ဖြစ်သည်။

ဗုဒ္ဓဝံသပါဠိတော်တွင် ဒီပင်္ကရာမြတ်စွာဘုရားမှ ဂေါတမမြတ်စွာဘုရားထိ ၂ ကျိပ် ၅ ဆူ ဗုဒ္ဓဝင်သာပါပြီး၊ တဏှင်္ကရာမြတ်စွာဘုရား၊ မေဓင်္ကရာမြတ်စွာဘုရား၊ သရဏင်္ကရာမြတ်စွာဘုရား တို့အကြောင်း အကျယ်မပါရှိပေ။

ဗုဒ္ဓဝံသပါဠိတော် ဗုဒ္ဓပကိဏ္ဏကကဏ္ဍတွင်

'ဤကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာ၌ တဏှင်္ကရာမြတ်စွာဘုရားသည် လည်းကောင်း၊ မေဓင်္ကရာမြတ်စွာဘုရား သည် လည်းကောင်း ထိုမှတပါး သရဏင်္ကရာမြတ်စွာဘုရားသည် လည်းကောင်း၊ ဒီပင်္ကရာမြတ်စွာဘုရားသည်လည်း ကောင်း ထို ၄ ဆူသောမြတ်စွာဘုရားတို့သည် သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူကုန်၏'[၁၅] ဟု အမည်မျှသာ ပါဝင်သည်။

ဗုဒ္ဓဝံသပါဠိတော်၌ မြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားထံမှောက်တွင် သုမေဓာရှင်ရသေ့ဘဝဖြင့် စတင် ဗျာဒိတ်ခံယူတော်မူရပြီး၊ ကဿပမြတ်စွာဘုရားထံမှောက်တွင် ဇောတိပါလ လုလင်ဘဝဖြင့် နောက်ဆုံးဗျာဒိတ် ခံယူတော်မူရပုံ ပါဝင်သည်။ ၂ ကျိပ် ၄ ဆူကုန်သော ဗုဒ္ဓဘုရားရှင်တော်များထံတော်မှောက်တွင် ဗျာဒိတ်ခံရခြင်းဖြစ်သည်။

ဗုဒ္ဓဝံသအဋ္ဌကထာနှင့် ဇာတကအဋ္ဌကထာတို့တွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ မြတ်စွာဘုရားတို့ထံတော် မှောက်တွင် ဂေါတမမြတ်စွာဘုရားအလောင်းတော် ဗျာဒိတ်တော် မခံရသည့်အတွက် ထိုဘုရားများကို အကျယ်ဟောကြား တော် မမူခြင်းဖြစ်ကြောင်း ရေးသားထားလေသည်။

၁၃- မောင်မောင်ညွန့်။ (မန်းတက္ကသိုလ်)။ 'မြန်မာနိုင်ငံပါဠိနှင့် ပိဋကတ်စာပေသမိုင်းသစ်'၊ စာပေဗိမာန်၊ ၂၀၀၃ ခုနှစ်၊ စာ- ၂၀၂

၁၄- ဦးထွန်းလှိုင်။ 'နိဒါန်း'၊ ဇိနတ္ထပကာသနီ၊ စာ - ဝါ

၁၅- ထေရာပဒါန်၊ ပါဠိတော်မြန်မာပြန်၊ ဒုတိယအုပ်၊ ၁၉၆၃၊ စာ- ၃၈၁

www.burmeseclassic.com

www.burmeseclassic.com



သောတတ္တကီကျမ်းမှာ-

'စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ။,

ကာယဝါစံ စတုချာထံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ'။ ။ ဟူသော ဂါထာကို မှီထား၍

က- ဘုရားဖြစ်ရန် စိတ်ဖြင့်ကြံစည်သည်မှာ ကမ္ဘာပေါင်း ၇ အသင်္ချေ ကြာသည်။ ဘုရား ၁ သိန်း ၂ သောင်း ၅ ထောင်ဆူ ပွင့်သည်။

ခ- ဘုရားဖြစ်ရန် နှုတ်ဖြင့်ဆုတောင်းသည်မှာ ကမ္ဘာပေါင်း ၉ အသင်္ချေ ကြာသည်။ ဘုရား ၃ သိန်း ၈ သောင်း ၇ ထောင်ဆူ ပွင့်သည်။

ဂ- စိတ်ရောကိုယ်ပါ ဆုတောင်း၍ ပါရမီဖြည့်သည်မှာ ၄ အသင်္ချေ ကြာသည်။ ဘုရားပေါင်း ၂၈ ဆူ ပွင့်သည်။ သို့ကြာမှ ဂေါတမဘုရားဖြစ်သည်။ ဟူသော အဆိုကိုမှီထား၍ အကျယ်ဖွင့်ဆိုသောကျမ်း ဖြစ်သည်။

မြန်မာပြည်၌ အသုံးအစွဲများသော 'သမ္ဗုဒ္ဓေ' ဘုရားရှိခိုးမှာ ဤသောတတ္တကီကျမ်းလာအတိုင်း ရေးသားထားသော ဘုရားရှိခိုးဂါထာ ဖြစ်သည်။ သမ္ဗုဒ္ဓေဘုရားရှိခိုးတွင် ပါဝင်သော 'အဋ္ဌဝီသဥ္စ' ဘုရား ၂၈ ဆူ ဟူသည်မှာ ယနေ့ ကိုးကွယ်နေကြသော ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်ပင် ဖြစ်သည်။[၁၆]

သောတတ္တကီကျမ်းတွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရားများ၏ ခမည်းတော်အမည်၊ မယ်တော် အမည်၊ ပွင့်ရာဗောဓိအမည်များ ပါသည်။ ဇိနကာလမာလီကျမ်းတွင် ထိုဘုရား ၃ ဆူ၏ ခမည်းတော်၊ မယ်တော် အမည်ကွဲများဖြင့် ပါရှိသည်။[၁၇]

ဗုဒ္ဓဝံသပါဠိတော်အရ ၂ ကျိပ် ၅ ဆူ ဗုဒ္ဓဝင်တွင် သောတတ္တကီကျမ်းလာ ဘုရား ၃ ဆူနှင့် ပေါင်းစပ်ပြီး ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင် ဖြစ်ပေါ်လာခဲ့ရာ၊ ပုဂံခေတ်တွင် ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင်ကို အကြည်ညိုများခဲ့ကြသည်။

ပုဂံတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး သုတေသနလုပ်ခဲ့သူ မင်းဘူးအောင်ကြိုင်က

'ပုဂံခေတ်က ၂ ကျိပ် ၈ ဆူကို အလွန်ကိုးကွယ်ကြဟန် တူပါသည်။ အဘယ်ကြောင့်ဆိုသော် ဂူဘုရားတိုင်းလိုလို ပင် နံရံအထက်ပိုင်းတွင် ပွင့်တော်မူရာ ဗောဓိပင်များနှင့်တကွ မင်စာများဖြင့်ဖော်ပြလျက် ရေးဆွဲလေ့ရှိပါသည်။ ပုဂံခေတ်တွင် ရေးနေကျ မပါမဖြစ်ပုံတော်များ ဖြစ်ပါသည်။'[၁၈] ဟုသုံးသပ်ထားသည်။

၂ ကျိပ် ၈ ဆူဟုဆိုသော်လည်း သမ္ဗုလဘုရားတွင် ဗုဒ္ဓဝံသပါဠိတော်အတိုင်း ၂ ကျိပ် ၅ ဆူသာ ရေးသားထား သည်လည်း ရှိသည်။[၁၉] သမ္ဗုလဘုရားမှာ သက္ကရာဇ် ၆၁၈ ခုနှစ် (ခရစ်နှစ်-၁၂၅၆)က တည်ခဲ့သော ဘုရားဖြစ်သည်။ ပုဂံခေတ် ဥဇနာမင်းကြီး၏ မိဖုရား သုံးလူလ တည်ခဲ့သောဘုရား ဖြစ်သည်။ 'သုံးလူလ'အမည်ကို 'သမ္ဗုလ' ဟု အဖတ်မှားရာမှ 'သမ္ဗုလ' ဟု တွင်နေကြောင်းလည်း မှတ်သားရသည်။

ပုဂံခေတ်ဦးပိုင်းက တည်ခဲ့သော လောကထိပ်ပန်ဂူနှင့် အလိုပြည့်ဂူ တို့တွင် ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်ကို မွန်ဘာသာ ဖြင့် မင်စာ ရေးထားသည်။ ထိုဗုဒ္ဓဝင်တွင် တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ ဘုရား ၃ ဆူ ဗုဒ္ဓဝင်ပါ ထည့်သွင်းထား သည်။[၂၀]

၁၆- ဦးထွန်းလှိုင်။ 'နိဒါန်း' ဇိနတ္တပကာသနီ၊ စာ - ၅

၁၇- မင်းဘူးအောင်ကြိုင်။ 'လက်ရာအစုံ နဂါးရုံ' ထွန်းဖောင်ဒေးရှင်း စာပေဘဏ်ကော်မတီ၊ ၂၀၀၉၊ စာ- ၈၁-၈၅

၁၈- မင်းဘူးအောင်ကြိုင်။ 'လက်ရာအစုံ နဂါးရုံ' ထွန်းဖောင်ဒေးရှင်း စာပေဘဏ်ကော်မတီ၊ ၂၀၀၉၊ စာ- ၂၂

၁၉- ဗုဒ္ဓဝင်ပါဠိမင်စာများ၊ အရှေ့တိုင်းပညာဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ရန်ကုန်- ၁၉၈၁ ခုနှစ်

၂၀- မင်းဘူးအောင်ကြိုင်။ 'လက်ရာအစုံ နဂါးရုံ' စာ- ၈၈
ဗိုလ်မှူးဘရှင်။ 'လောကထိပ်ပန်' မြန်မာနိုင်ငံသမိုင်းတော်အရှင်။ ၁၉၆၂ ခုနှစ်။ စာ- ၄၇

၂၁- ဦးဗိုကေ။ 'ပုဂံသုတေသနလမ်းညွှန်' စာပေဗိမာန် ၁၉၈၁-စာ-၃၆၈

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၅၈၅ ခုနှစ်တွင် နားတောင်းများမင်း၏ အမတ်သေနာပတိဖြစ်သော အနန္တသူဇနီးမောင်နှံသည် လေးမျက်နှာဂူဘုရား တည်ခဲ့သည်။[၂၁]

လေးမျက်နှာဂူဘုရားတွင် ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်ကို မြန်မာဘာသာဖြင့် မင်စာများ ရေးသားခဲ့သည်။ ထိုဗုဒ္ဓဝင်တွင် ၂ ကျိပ် ၈ ဆူအပြည့် ပါဝင်သည်။[၂၂]

ပုဂံတွင် 'ဝိနည်းမိုရ်ဘုရားများ' ဟူ၍ ရှိသည်။ ဤဘုရားများအစုကို 'ဝိနည်းမိုရ်အစု' ဟု ခေါ်ဝေါ်ခြင်းမှာ ဤတစ်ဝိုက်တွင် တွေ့သောကျောက်စာများတွင် 'ဖုန်းမြတ်သောဝိနည်းမိုရ်ကျောင်း' ဟုလည်းကောင်း၊ 'သခင်ဝိနယထေရ်ကျောင်း' ဟုလည်းကောင်း ပါရှိသောကြောင့် သက္ကရာဇ် ၅၈၃ ခု၊ ၅၈၆ ခု၊ ၅၈၉ ခု၊ ၆၀၅ ခု၊ ၆၁၅ ခု၊ ၆၁၈ ခု ကာလများဖြစ်သော နားတောင်းများမင်း၊ နရသိခ်ဥဇနာမင်း၊ ကျစွာမင်း၊ ဥဇနာမင်း၊ နရသီဟပတေ့မင်း လက်ထက်တို့တွင် ဤတစ်ဝိုက် 'သခင်ဝိနည်းမိုရ်' ဟု အရေးပါသောအမည် တွင်နေသည့် မထေရ် သီတင်းသုံးရာဒေသဌာနဖြစ်သောကြောင့် ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။[၂၃]

ထိုဝိနည်းမိုရ်ဘုရား မင်စာများတွင်လည်း ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင်ကို အပြည့်အစုံ ရေးဆွဲ မှတ်တမ်းတင်ထားသည်။

'တဏှင်္ကရောပုရှာ စည်ရာည်ပင် ပွင်ဇအ်။

မေဓင်္ကရောပုရှာ ပေါက်ပင် ပွင်ဇအ်။

သရဏင်္ကရောပုရှာ ညောင်ချန် ပွင်ဇအ်။[၂၄] ။ စသည်ဖြင့် ပါသည်။

ဝိနည်းမိုရ်ဂူဘုရားများတွင် ပွင့်ရာဗောဓိ အမည်သာ ပါသော်လည်း၊ လေးမျက်နှာဘုရား မင်စာတွင်မူ သက်တော်၊ ခမည်းတော်၊ မယ်တော်၊ ပွင့်ရာဗောဓိ အပြည့်အစုံပါဝင်သည်။

၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်တွင် ရှေးဘုရား ၃ ဆူသည် ပုဂံခေတ်ဦးက တည်ထားခဲ့သော ဂူဘုရားပန်းချီများတွင် ပါဝင်နေသည်ကို ထောက်ထား၍ သောတတ္တကိကျမ်းသည် ထိုစဉ်ကပင် ရောက်နေသည်ဟု မှန်းဆရသည်။ တက်နွယ်ကျောင်းကျောက်စာ မှတ်တမ်းတစ်ခုတည်းကြည့်၍ ထိုကာလမှသာ ထိုကျမ်း ရောက်ရှိနေပြီဟု သုံးသပ်ရန် မဟုတ်ပေ။

ဗုဒ္ဓဝင်ကျမ်းများ ရောက်ရှိနေပြီဖြစ်သောကြောင့် ဗုဒ္ဓဝင်ပန်းချီများ၊ ထိုပန်းချီများကို ဖော်ညွှန်းရေးသားပေးသော မင်စာများလည်း ရှိနေပြီဖြစ်၏။ သိသာရန်အလို့ငှာ မြင်းကပါဂူပြောက်ကြီးဘုရား မင်စာများမှ မွန်ဘာသာရေး ဗုဒ္ဓဝင် မင်စာအနည်းငယ်ကို ထုတ်နုတ်ပြပါမည်။ သို့ရာတွင် မွန်ဘာသာဖြင့် မဖော်ပြဘဲ ဦးကျော်ငြိမ်း၏ မြန်မာပြန်ကို ဖော်ပြပါမည်။

'...မနောသိလာကျောက်(ဖျာ)ပေါ်၌

'လောကပါလ (နတ်မင်းကြီး)၏ ကတော်တို့သည် မိဖုရားကို ရေချိုးပေးရန် အနဝတတ္တရေကန်သို့ သယ်ဆောင်သွားကြသည်။'

'လောကပါလ နတ်မင်းလေးပါးတို့သည် သန်လျက်ကိုင်၍ မိဖုရားအား စောင့်ရှောက်၏။'

'မိဖုရားသည် အိပ်မက်ကို လျှောက်ကြား၏။'

'မိဖုရားကြီးသည် (သူ့ခမည်းတော် အုပ်စိုးလျက်ရှိသော ဒေဝဒဟပြည်သို့) သွား၏။'

'မိဖုရားသည် [လုမ္ဗနီအင်ကြင်းတော၌] (ဘုရားလောင်းအား) ဖွားမြင်တော်မူသည်။'

'ဘုရားလောင်းသည် မြောက်အရပ်သို့ မျက်နှာမူလျက် ခြေလှမ်းခုနစ်လှမ်း လှမ်း၏'

'မိဖုရားကြီး၏ ခမည်းတော် (အဥ္စနမင်း)သည် မိဖုရားကြီးအား စောင့်ရှောက်၍ သီရိသုဒ္ဓေါဒနမင်း၏ တိုင်းပြည် (ကပိလဝတ္ထု)သို့ ပြန်ပို့သည်'[၂၅]

၂၂- ဗုဒ္ဓဝင်ပါဠိမင်စာများ။ စာ- ၃၅၉-၃၈၀

၂၃- ဦးမိုကေ။ 'ပုဂံသုတေသနလမ်းညွှန်'၊ စာ- ၃၉၅

၂၄- ဘေမောင်တင်နှင့် ဂျီအိပ်-လုစ်။ 'ပုဂံကျောက်စာညွှန့်ပေါင်း' ၁၉၂၈၊ စာ- ၁၆၂

၂၅- ဦးကျော်ငြိမ်း။ 'ပုဂံမြို့ဟောင်း မြင်းကပါဂူပြောက်ကြီးဘုရား'။ ကမ္ဘည်းကျောက်စာနှင့် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၉၂ ခုနှစ်။ စာ- ၄၄

www.burmeseclassic.com

www.burmeseclassic.com



မြင်းကပါဂူပြောက်ကြီးမှ ဗုဒ္ဓဝင်မင်စာများသည် ရေးဆွဲထားသောပန်းချီကားအတွက် ရေးထားသောမင်စာများသာ ဖြစ်သည်။

အာနန္ဒာဘုရားအတွင်းတွင်မူ ဗုဒ္ဓဝင်ကျောက်ဆစ်ရုပ်တုများ ရှိသည်။ ထိုကျောက်ဆစ်ရုပ်တုများကို လေ့လာ၍ မင်းဘူးအောင်ကြိုင်က ပုံများကို ရှင်းပြထားသည်။ ရှင်းလင်းချက်များကို ချန်လှပ်၍ ကျောက်ဆစ်ရုပ်တုများအတွက် အစီအစဉ်တကျ တပ်ထားသောခေါင်းစဉ်များကို ကြည့်ပါ။

၁- သုဒ္ဓေါဒနမင်းကြီး နန်းစံတော်မူခန်း
၂- မာယာမိဖုရား စက်ပျော်သောအခန်း
၃- မာယာမိဖုရား အိပ်မက်မြင်တော်မူခန်း
၄- မာယာမိဖုရား အိပ်မက်မြင်ခန်း
၅- မာယာမိဖုရား အိပ်မက်မြင်ခန်း
၆- မာယာမိဖုရား အိပ်မက်မြင်ခန်း
၇- မာယာမိဖုရား အိပ်မက်မြင်ခန်း
၈- သုဒ္ဓေါဒနမင်းကြီးကို မာယာမိဖုရား လျှောက်တင်ခန်း
၁၁- မာယာမိဖုရား ဒေဝဒဟပြည်သို့ သွားသောအခန်း
၁၂- ဘုရားအလောင်းကို ဖွားတော်မူခန်း
၁၇- ဘုရားအလောင်း ဖွားမြင်စ ခုနစ်လှမ်း သွားသောအခန်း။[၂၆]

အမှတ်အစဉ် ၈ မှ စ၍ ကျော်လွှားဖော်ပြရခြင်းမှာ ဗုဒ္ဓဝင်ကျောက်ဆစ်ရုပ်တုများမှာ အသေးစိတ်လွန်းသဖြင့် ဗုဒ္ဓဝင်ပေါ်လွင်စေရန် မယ်တော်မာယာ အိပ်မက်မြင်မက်ခန်းကို ၄ ကွက် ထုဆစ်ထားသည်ကိုကြည့်၍ သိနိုင်ပါသည်။ ဗုဒ္ဓဝင်အခန်းပေါင်းများစွာ၊ ကျောက်ဆစ်ရုပ်တုပေါင်းများစွာ ရှိပါသည်။

မင်းဘူးအောင်ကြိုင်၏စာရင်းအရ ကျောက်ဆစ်ရုပ်ပေါင်း ၁၄၂ ရုပ် ရှိပါသည်။[၂၇]

အာနန္ဒာဘုရားနှင့် ဂူပြောက်ကြီးဘုရားတို့မှာ ပုဂံခေတ်ဦးပိုင်းစေတီများ ဖြစ်ပါသည်။ သက္ကရာဇ် ၅၈၅ ခုထိုး သိဃ်ဝိရ်သုဖ္ဖဗိုလ် ကျောက်စာအရ ယင်းသက္ကရာဇ်တွင်မှ 'တထာဂတုပ္ပတ္တိကျမ်း' အမည် တွေ့ရသော်လည်း၊ ထိုသက္ကရာဇ် မတိုင်မီကပင် ဗုဒ္ဓဝင်ကျမ်းစာများ ရောက်ရှိနေပြီဖြစ်ကြောင်း ထင်ရှားစေလို၍ သာဓကဆောင်ရခြင်း ဖြစ်ပါသည်။

သက္ကရာဇ် ၅၈၅ ခုနှစ်ထိုး ကျောက်စာနှင့် ခေတ်ပြိုင်တည်ခဲ့သော ဝိနည်းမိုရ်ဘုရား မင်စာတွင် ပန်းချီပုံများအောက်မှ မြန်မာဘာသာဖြင့် ရေးထိုးထားသော ဗုဒ္ဓဝင်ကို သိသာရန် အနည်းငယ်ဖော်ပြလိုပါသည်။

ဆရာကြီးဦးဘေမောင်တင်တို့က ယခုဖော်ပြမည့် မင်စာများသည် ဘုရားအမှတ် ၃၃၆နှင့် ၃၄၀အတွင်းရှိ မင်စာများ ဖြစ်သည်။ အကြောင်းအရာမှာ ဘုရား ၂ ဆူလုံး၌ အတူတူပင်ဖြစ်သည်။ သို့သော် စကားအနည်းငယ် ခြားနားချက် ရှိသည်ဟု မှတ်ချက်ရေးပြီး၊ ခြားနားချက်များကို မှုကွဲအဖြစ် ပြထားပါသည်။ သို့ရာတွင် ဤ၌ မလိုအပ်သဖြင့် ကွဲလွဲချက်များကို မဖော်ပြတော့ပါ။

'ပုရှာမိဖ္ဖာနံတောင်ဆင်ဖ္ဖူပုယ်မက်၏
'ပုရှာမိဖ္ဖာအနဝတတ်အိုဝ်နှိုက်ရိယ်ဠိုဝ်မက်၏
'ပုရှာအမိအဖပြည်နှိုက်နိယ်ဒေ်။
'ပုရှားသွိင် မိဖ္ဖာကိုဝ်နတ်တိုဝ်ထံသောမြင်မက်၏။[၂၈]

၂၆ မင်းဘူးအောင်ကြိုင်။ 'လက်ရာစုံစွာ အာနန္ဒာ'၊ စာပေဗိမာန်၊ ၁၉၈၇၊ စာ- ၁၂၈-၁၃၁
၂၇ မင်းဘူးအောင်ကြိုင်။ 'လက်ရာစုံစွာ အာနန္ဒာ'၊ စာပေဗိမာန်၊ ၁၉၈၇၊ စာ- ၁၆၄
၂၈ ဘေမောင်တင်။ 'ပုဂံကျောက်စာညွှန့်ပေါင်း' စာ- ၁၅၈

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပြီးသမျှတို့သည် ပုဂံခေတ် ဗုဒ္ဓဝင်မှတ်တမ်း ပန်းချီ၊ အုတ်ခွက်၊ ကျောက်ဆစ်ရုပ်တုမှတ်တမ်းများ ဖြစ်သည်။

ပုဂံခေတ်တွင် ဗုဒ္ဓအကြောင်းအရာများကို ဗုဒ္ဓဝံသပါဠိတော်တွင် ပါဝင်သမျှထက် ပိုမိုကျယ်ပြန့်စွာ သိနေကြပြီဖြစ်ကြောင်း သေချာစွာပြောနိုင်သည်။

ပုဂံခေတ်က ဗုဒ္ဓဝင်အနုပညာများအနက် 'မယ်တော်မာယာ ဖွားတော်မူခန်း ကျောက်ဆစ်လက်ရာ၊ အုတ်ခွက်ဘုရားလက်ရာ၊ စဉ့်ကွင်းလက်ရာ၊ ပန်းချီလက်ရာ၊ ကြေးရုပ်လုံး ပန်းပုလက်ရာများကို လေ့လာပြီး၊ မြတ်စွာဘုရားအလောင်းတော်သည် မယ်တော်မာယာ၏ လက်ယာနံတောင်းမှ ဖွားတော်မူပုံ ရေးဆွဲ ထုလုပ်ထားကြသဖြင့် မဟာယာနဗုဒ္ဓဝင်မဟာဝတ္ထု အလိုအတိုင်းပင်ဖြစ်ကြောင်း' ဦးမြင့်အောင်၏မှတ်ချက်[၂၉]ကိုလည်း သတိချပ်စရာ အချက်တစ်ရပ်အဖြစ် သိထားသင့်ပေသည်။

ဗုဒ္ဓဝံသပါဠိတော်တွင် မြတ်စွာဘုရား ဗုဒ္ဓဝင်မှာ အကျယ်အပြန့် မပါဝင်ပေ။ 'ဓာတုဘာဇနီယကထာ'မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဓာတ်တော်ခွဲဝေခန်း ဖြစ်သည်။ ဤအခန်းသည် မြတ်စွာဘုရား ဟောကြားတော်မူခြင်း မဟုတ်ဘဲ၊ သင်္ဂါယနာတင်သည့်အချိန်တွင်မှ ဖြည့်စွက်မှတ်တမ်းတင်၍ သင်္ဂါယနာတင်ခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။

ယနေ့ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနေရသော ဗုဒ္ဓဝင်သည် ၄၅ ဝါပတ်လုံး မြတ်စွာဘုရားဟောကြားတော်မူသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အဋ္ဌကထာကျမ်းများမှ သင့်လျော်ရာတို့ကို စုပေါင်းပြုစုထားခြင်း ဖြစ်သည်။ ပုဂံခေတ်ဗုဒ္ဓဝင်များမှာ အစီအစဉ်တကျ ရေးသားထားပြီးဖြစ်သော ဗုဒ္ဓဝင်ကျမ်းများကို အခြေခံ၍ ရေးသားထားခြင်း ဖြစ်နိုင်ဖွယ်ရှိလေသည်။

ဗုဒ္ဓဝင်စာပေအနေဖြင့် အစောဆုံးတွေ့ရသောကျမ်းမှာ ဒုတိယ တောင်ဘီလာဆရာတော် ရှင်ဂုဏရသာလင်္ကာရ ပြုစုသည့် 'အစိန္တေယျ ၄ ပါးဝတ္ထု' ဖြစ်သည်။ ထိုကျမ်းကို

'သက္ကရာဇ် ၁၀၄၆ ခု၊ ဥတ္တရာဖဂ္ဂုနီ၊ မာဃပုဏ္ဏမီ၊ ပြည့်ညီထွန်းတက်၊ ဆယ်လေးရက်တွင်၊ စီရင်ကောင်းမှု၊ အပြီးပြုသည်။ ။ သာဓု နတ်၊ လူ ခေါ်စေသော' ဟူသော နိဂုံးအရ သက္ကရာဇ် ၁၀၄၆ ခု တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် ပြီးစီးကြောင်း သိရသည်။

ညောင်ရမ်းခေတ် သက္ကရာဇ် ၁၀၄၆ ခုနှစ်တွင် အရှင်ဓမ္မနန္ဒ စီရင်သည့်၊ သို့မဟုတ် မြန်မာဘာသာ ပြန်ဆိုသည့် တထာဂတုပ္ပတ္တိကျမ်းမှာ ယခင်က တိမ်မြုပ်နေခဲ့ရာ၊ ယခုအခါ ပြန်လည်တွေ့ရှိပြီ ဖြစ်သောကြောင့်၊ ထိုကျမ်း ၂ ကျမ်းသည် ကျမ်းပြီးနှစ် ၁ နှစ်တည်းဖြစ်နေသည်ကိုလည်း ဝမ်းမြောက်ဖွယ် မှတ်တမ်းတင်ရပေမည်။

'အစိန္တေယျ ၄ ပါးဝတ္ထု'မှာ ဗုဒ္ဓဝင်ကျမ်းစစ်စစ် မဟုတ်ပေ။ အစိန္တေယျ ၄ ပါးအကြောင်း ပြုစုထားသည့်ကျမ်းသာ ဖြစ်သည်။ 'အနန္တော ဗုဒ္ဓဉာဏော' အကြောင်းကို အကျယ်ရှင်းပြရင်း ဗုဒ္ဓဝင်ရေးသားထားခြင်း ဖြစ်သည်။ မြတ်စွာဘုရား ပဋိသန္ဓေယူတော်မူခန်းမှ ပဉ္စဝဂ္ဂီ ၅ ပါးတို့အား ဓမ္မစကြာတရားဦး ဟောခန်းအထိ ပါသည်။

အရှင်ဓမ္မနန္ဒ၏ တထာဂတုပ္ပတ္တိကျမ်းမှာမူ ဗုဒ္ဓဝင်ကျမ်းစစ်စစ် ဖြစ်သည်။

သက္ကရာဇ် ၁၁၃၄ ခုနှစ်တွင် သီရိသဒ္ဓမ္မာဘိလင်္ကာရမဟာထေရ် ဒီပဲယင်းဆရာတော်သည် 'တထာဂတဥဒါနဒီပနီ' အမည်ရှိ ဗုဒ္ဓဝင်ကျမ်း ပြုစုခဲ့သည်။

၂၉ ဦးမြင့်အောင်။ 'ဖွားမြင်တော်မူခန်း ပန်းချီပန်းပုများ'၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသန၊ မြင့်အောင်စာပေ၊ ၁၉၇၉၊ စာ- ၁၇၂

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် တော်သလင်းလတွင် 'မာလာလင်္ကာရဝတ္ထုတော်ကြီး' ပြုစုပြီးစီးခဲ့သည်။ ပြုစုသူမှာ ကဝိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဒုတိယမဲထီးဆရာတော် ဖြစ်သည်။ မာလာလင်္ကာရကျမ်းအဓိပ္ပာယ်ကို ပြုစုသူ ဆရာတော်ကြီးက 'မာလာလင်္ကာရ နာမိက်၊ ပါဠိမိတော်၊ ဘုန်းတော်အစဉ်၏ တန်ဆာသဖွယ်ဖြစ်၍ 'မာလာလင်္ကာရ' အမည်ရှိသော ကျမ်းကို' ဟူ၍ အဓိပ္ပာယ်ဖွင့်ပြသည်။ မြတ်စွာဘုရား၏ ပါဠိမိတော်အစဉ်၊ ဘုန်းတော်အစဉ်ကို တန်ဆာဆင်၍ ပြဆိုသောကျမ်း ဟူ၍ နားလည်ရသည်။

မာလာလင်္ကာရကျမ်းသည် ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဗုဒ္ဓဝင်ပင် ဖြစ်သည်။

ရှေးက မြန်မာဘာသာဖြင့် ရေးသားပြုစုပြီးဖြစ်သော 'တထာဂတုပ္ပတ္တိကျမ်း'နှင့် 'တထာဂတဥဒါနဒီပနီကျမ်း'တို့တွင် မြတ်စွာဘုရားအလောင်း သုမေဓာ ရှင်ရသေ့ဘဝ ဒီပင်္ကရာမြတ်စွာဘုရား ထံတော်မှောက်တွင် ဗျာဒိတ်တော် ခံယူသည်မှစ၍ ၂ ကျိပ် ၄ ဆူ ဗုဒ္ဓဝင်များကို ရေးသားပြီးမှ ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဗုဒ္ဓဝင်ကို ရေးသားကြသည်။

မာလာလင်္ကာရတွင် ထို ၂ ကျိပ် ၄ ဆူ ဗုဒ္ဓအကြောင်း ရေးသားခြင်းမပြုဘဲ အလောင်းတော် သေတကေတုနတ်သား နတ်စည်းစိမ်ခံစားစဉ် ဗုဒ္ဓကောလာဟလဖြစ်ခြင်း အခန်းမှ စတင်ရေးသားထားသည်မှာ မာလာလင်္ကာရ၏ ထူးခြားချက် ဖြစ်သည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရသတို့သား ဖွားမြင်ခန်းကို ရေးသားထားရာတွင်

'ဘုရားလောင်းသည်မူကား တစ်စုံတစ်ရာ တစ်ခုသော မစင်မကြယ်သောအမှုဖြင့် လိမ်းကျံခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်စွာ ကာသိကတိုင်း၌ဖြစ်သော ပုဆိုးပေါ်၌ တင်ထားအပ်သော ပတ္တမြားရတနာကဲ့သို့ တင့်တယ်ထွန်းပလျက် တရားဟောပလ္လင်မှ ဆင်းသက်သော တရားဟောပုဂ္ဂိုလ်ကဲ့သို့၊ လှေကားမှဆင်းသက်သော ယောက်ျားကဲ့သို့ လက်တော် ၂ ဖက်၊ ခြေတော် ၂ ဖက်တို့ကို ဆန့်၍ ရပ်လျက်သာလျှင် မယ်တော့်ဝမ်းမှ ဖွားတော်မူ၏' ဟုရေးသည်။

ပုဂံခေတ်က ရေးဆွဲထုလုပ်လေ့ရှိသော ဖွားတော်မူခန်းပန်းချီ၊ ကျောက်ဆစ်ပုံများကဲ့သို့ မယ်တော်၏ လက်ယာနံတောင်းမှ ဖွားတော်မူခြင်း မဟုတ်ပေ။

လေးတော်တင်ခန်းကို အရှင်ဓမ္မနန္ဒ၏ တထာဂတုပ္ပတ္တိကျမ်းနှင့် တထာဂတဥဒါနဒီပနီကျမ်းတို့တွင် သိဒ္ဓတ္ထကုမာရ မင်းသားအဖို့ သမီးကလျာများ ဆက်သရန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အတိုင်းအတိုင်းအပြည်ပြည်သို့ တမန်စေလွှတ်သည့်အခါ သိဒ္ဓတ္ထမင်းသား၌ အတတ်မစုံသေးကြောင်း ရယ်ပွဲဖွဲ့ကြသောကြောင့် လေးတော်တင်ရကြောင်း ရေးသားထား သည်။

မာလာလင်္ကာရကျမ်းတွင်မူ ယသော်ဓရာနှင့် လက်ထပ်ထိမ်းမြားပြီး စံစားနေစဉ် လေးတော်တင်ကြောင်း ရေးသားထား သည်။ ဤအဖွဲ့အနွဲ့သည် အဝိန္ဒေယျ ၄ ပါးဝတ္ထုနှင့် တူညီနေသည်ကို တွေ့ရသည်။

မြတ်စွာဘုရား ဘုရားအဖြစ်သို့ရောက်တော်မူပြီး ဗောဓိပင်ရင်းတွင် ၇ ရက် သီတင်းသုံး နေသည်မှစ၍ အစဉ်အတိုင်း သတ္တသတ္တာဟ စံတော်မူသည်။ ပဌမသတ္တာဟကို အဇပါလညောင်ပင်ရင်း၌ စံစားတော်မူစဉ် 'ဟုံးဟုံး' ဟူသောအသံပြု၍ သွားတတ်သော 'ဒိဋ္ဌမင်္ဂလိက' အမည်ရှိသောပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၊ "အဘယ်မျှသော အကြောင်းဖြင့် ပုဏ္ဏား မည်ရသနည်း။ ပုဏ္ဏားအဖြစ်ကို ပြုတတ်သော တရားတို့သည်ကား အဘယ်တရားတို့နည်း" ဟု မေးလျှောက် ကြောင်း၊ မြတ်စွာဘုရားက ဖြေကြားမိန့်တော်မူကြောင်း တထာဂတဥဒါနဒီပနီ၌ ရေးသားသည်။

မာလာလင်္ကာရကျမ်းတွင်မူ ပဌမသတ္တာဟ စံတော်မူစဉ် မာရ်နတ်သားသည် 'တဏှာ၊ အရတီ၊ ရာဂါ' မည်သော သမီး ၃ ယောက်ကို မြတ်စွာဘုရားထံမှောက် စေလွှတ်ပြီး ဖြားယောင်းစေသည့်အကြောင်း ရေးသားထားသည်။

မာလာလင်္ကာရကျမ်းကို ရေးသားရာ၌ တထာဂတဥဒါနဒီပနီလောက် မကျယ်ဝန်းသော်လည်း ဗုဒ္ဓဝင်အကြောင်းအရာမှ ကြည်ညိုဖွယ်ရာအကြောင်းများ ပါသင့်သလောက်ပါသည်။ အချို့အကြောင်းအရာများကို ကျမ်းပြုဆရာတော်က စကားချပ်များ ရေးသားရှင်းလင်းပြသည်။ မူကွဲရှိလျှင်လည်း မူကွဲရှိကြောင်း ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မာလာလင်္ကာရကျမ်းသည် ကုန်းဘောင်ခေတ်စကားပြေ ဖြစ်သည်။ မဟာနိပါတ်တော်ဖြစ်သော ဇာတ်ကြီး ၁၀ ဘွဲ့အနက် သုဝဏ္ဏသာမဇာတ်တော်မှတစ်ပါး ကျန် ၉ စောင်ကို မြန်မာဘာသာဖြင့် ရေးသားပြုစုပြီးချိန်ဖြစ်၍၊ အင်းဝခေတ်စကားပြေ, ညောင်ရမ်းခေတ်စကားပြေများထက် ပြေပြစ်လာသည့်သဘော ရှိသည်။ ဝါကျတို, ဝါကျရှည်ကို သင့်လျော်သလို ရေးဖွဲ့လာသည်။ ပါဠိဂုဏ်ကင်းသည့် ဝါကျစကားပြေဟန်သို့ ကူးပြောင်းလာပြီဟု ဆိုနိုင်သည်။

ယသသူဌေးသား၏ဖခင် ယသသူဌေးကြီး သရဏဂုံတည်ခန်းရေးဖွဲ့ထားသော စကားပြေဟန်ကို ကြည့်ပါ။

'ဘုရားသခင်လည်း သေဌေးအား အစဉ်သောတရားစကားကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ သေဌေးသည် သောတာပတ္တိဖိုလ်သို့ရောက်၍ သာသနာတော်၌ မဆုတ်မနစ် ကြည်ညိုသောစိတ်ရှိသဖြင့် ''အရှင်ဘုရား။ အလွန်ကောင်းစွတကား။ ဥပမာကား မှောက်၍ထားသောအိုးကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်းအပ်သော ဝတ္ထုကိုမူလည်း ဖွင့်ဘိသကဲ့သို့၊ ခရီးမှားသောသူတို့အား ခရီး ကြားပေသကဲ့သို့၊ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ထွန်းဘိသကဲ့သို့၊ မျက်စိအမြင်နှင့် ပြည့်စုံသောသူသည် ရူပါရုံကို မြင်ဘိသကဲ့သို့၊ ထို့အတူလျှင် အရှင်ဘုရားသည် များစွာသောအကြောင်းတို့ဖြင့် တရားတော်ကို ဟောတော်မူပေသည်။'

ဤစကားပြေသည် ပါဠိကို မြန်မာပြန်သော်လည်း ပါဠိဂုဏ်ကင်းပြီး ပြေပြစ်သောစကားပြေအဖြစ် တွေ့နိုင်လေသည်။

မာလာလင်္ကာရဝတ္ထုကို ခရစ်နှစ် ၁၈၇၃ ခုနှစ်က မော်လမြိုင် အက်ဗာတိုက်ဓာပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ အမည်စာမျက်နှာတွင် '…ကျမ်းသည် ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမတွဲတိုင်အောင် တစ်အုပ်တည်းလုပ်ဆောင်သည်' ဟု ပါသည်။ ထိုစာအုပ်ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် တိုက်ပိုင်အမှတ်-၁၂၂၈၆၆ ဖြင့် မှတ်တမ်းတင် သိမ်းဆည်းထားသည်။[၂၀]

ထိုစာအုပ်သည် ပထမဆုံး ပုံနှိပ်ထုတ်ဝေသည့်စာအုပ် ဖြစ်နိုင်သည်။ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေသည့် ၁၉၆၁ ခုနှစ်ထုတ် မူတွင် 'မာလာလင်္ကာရကျမ်းကို ၁၉၀၉ ခုနှစ်က ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်တွင် ပထမအကြိမ်ရိုက်နှိပ်၍၊ မန္တလေးမြို့ ဟံသာဝတီပုံနှိပ်တိုက်တွင် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ တတိယအကြိမ်ကို ၁၉၆၁ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေရာတွင် မန္တလေးမြို့ ခင်[illegible]ာန်ပါဠိတက္ကသိုလ် ကျောက်ဆောက်ကျောင်း အရှင်ဝါသဝထံမှ ၁၂၁၆ ခုနှစ်ရေး မာလာလင်္ကာရဝတ္ထုတော်ကြီး ပေမူဖြင့် တိုက်ဆိုင်တည်းဖြတ် ထုတ်ဝေကြောင်း' နိဒါန်းတွင် ရေးသားထားသည်။ ထိုမှတစ်ပါး အခြားပုံနှိပ်မူများ မတွေ့မိသေးပေ။

မာလာလင်္ကာရကျမ်း၏ ထူးခြားချက်မှာ မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ အင်္ဂလိပ်ဘာသာပြန် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေသည့်နှစ်မှာ ခရစ်နှစ် ၁၈၅၁ ဖြစ်၍၊ မြန်မာဘာသာ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်ထက် ၂၂ နှစ် စောကြောင်း သိရသည်။ ဘာသာပြန်ဆို ပုံနှိပ်သူမှာ ချက်စတာဗင်းနက် (Chester Bennett)ဖြစ်သည်။ မြန်မာမူအတိုင်း အင်္ဂလိပ်ဘာသာ အတိအကျပြန်ဆို၍၊ Life of Gaudama အမည်ဖြင့် အမေရိကတွင် ၁၈၅၁ ခုနှစ်က ပုံနှိပ် ထုတ်ဝေခဲ့သည်။ ကျမ်းအမည်ကို 'မာလာလင်္ကာရဝတ္ထု'ဟု ဖော်ပြထားသော်လည်း ကျမ်းပြုသူအမည်ကို ဖော်ပြမထားပေ။

ချက်စတာဗင်းနက်သည် ပထမဦးစွာ ၁၈၅၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော Journal of the American Oriental Society အတွဲ ၃ တွင် စာမျက်နှာ ၁ မှ ၁၆၄ တိုင် ပုံနှိပ်ဖော်ပြခဲ့သည်။ ယင်းမူကိုပင် ၁၉၅၉ ခုနှစ်တွင် မိုက်ကယ်အဒ်ဝဒ် (Micheal Edwardes)က တည်းဖြတ်၍ လန်ဒန်ဖိုလီယိုအသင်းမှ A Life of the Buddha from Burmese Manuscript အမည်ဖြင့် ထပ်မံ ထုတ်ဝေခဲ့သည်။[၂၁]

၂၀ မောင်မြင့်ဆွေ။ 'မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသောစာအုပ်များ စာရင်း' (၁၈၁၆-၈၅) (စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့အတွက် တင်သွင်းသောကျမ်း)၊ စာ- ၁၃၉

၂၁ မောင်ဖေယျာ။ 'ကမ္ဘာ့သိ မြန်မာများနှင့် ကမ္ဘာ့သိ မြန်မာစာအုပ်များ' Unity စာပေ၊ ၂၀၀၇ ခုနှစ် (စာ- ၁၉၀)

www.burmeseclassic.com

www.burmeseclassic.com



မာလာလင်္ကာရထက် စောသော တထာဂတဥဒါနဒီပနီကိုမူ ပြင်သစ်လူမျိုး ရိုမန်ကက်သလစ်ခရစ်ယာန်ဂိုဏ်းအုပ် ပေါလ်အင်ဘရို့စ်ဘီဂန်ဒက်၊ ၁၈၁၃-၉၄ (The RT. Rev. Paul Ambrose Bigandet)က အင်္ဂလိပ်ဘာသာပြန်ဆိုပြီး အာရှအရှေ့ပိုင်းနှင့် အိန္ဒိယကျွန်းစုဂျာနယ် The Journal of the Indian Archipelago and Eastern Asia in 1852-55 (Vol 6-9) အတွဲ ၆ မှ ၉ အထိတွင် ထည့်သွင်း ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ ၁၈၅၈ ခုနှစ်တွင် ရန်ကုန်မြို့ ပဲခူးပုံနှိပ်တိုက်မှ The Life or Legend of Gaudama, the Budha of the Burmese အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။[၃၂]

မာလာလင်္ကာရသည် တထာဂတဥဒါနဒီပနီထက် ၁ နှစ်စောပြီး ဘာသာပြန်ဆို ပုံနှိပ်ခဲ့ရသော ဗုဒ္ဓဝင်ဖြစ်နေကြောင်း တွေ့ရသည်။

ကုန်းဘောင်ခေတ် 'ဘိုးတော်ဘုရား' ခေါ် ဗဒုံမင်းလက်ထက်က ရေးသားပြုစုခဲ့သည့် မာလာလင်္ကာရ ဗုဒ္ဓဝင်ကျမ်းသည် ကမ္ဘာ့သိ မြန်မာဗုဒ္ဓဝင်ကျမ်းတစ်ဆူအဖြစ် ဂုဏ်ယူရပေမည်။ ။

၃၂ မောင်ဖေယျာ။ 'ကမ္ဘာ့သိ မြန်မာများနှင့် ကမ္ဘာ့သိ မြန်မာစာအုပ်များ' Unity စာပေ၊ ၂၀၀၇ ခုနှစ် (စာ- ၁၈၅)

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာလင်္ကာရ ဝတ္ထုတော်ကြီး

## ပထမပိုင်း

မှာထားချက်။ ။ ဤ မာလာလင်္ကာရ ဝတ္ထုတော်ကြီးကို ပုံနှိပ်ရာတွင် ပေမူများနှင့် ရှေးရိုက်စာအုပ်များ တိုက်ဆိုင်ပြီးလျှင် စာအုပ်မူများတွင်မပါဘဲ ကြွင်းကျန်နေ၍ ပေမူတွင်သာ ပါရှိသောစာများကို စာကိုယ်အတွင်း လက်သည်းကွင်းဖြင့် ဖော်ပြထားပါသည်။ ပေမူနှင့် မတူသော စာအုပ်ရှိ မူကွဲများကို မျဉ်းအောက်တွင် ဂဏန်းများဖြင့် ညွှန်ပြထားပါသည်။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ပဌမ**

၁- သံသာရသောတသံဆိန္နံ၊ ဒေါသဂ္ဂိဇာလဃာတကံ။
မောဟန္ဓကာရဝိဝရံ၊ နမာမိ မုနိပုင်္ဂဝံ။ ။

၂- ဒေသိတံ တေန ဂမ္ဘီရံ၊ ဒုဒ္ဒသံ နိပုဏံ ဝရံ။
ရာဂါဒိမလဓောဝန္တံ၊ နမာမိ ဓမ္မမစ္စုတံ။ ။

၃- ဖိတကိလေသမာရာရိံ၊ ဒိဋ္ဌိဇာလပ္ပဟာနကံ။
သမုဒ္ဒငှဓမ္မောဃမူလံ၊ နမာမိ ဂဏမုတ္တမံ။ ။

၄- ပဟန္တွာ တဿ တေဇေန၊ ဥပဒ္ဒဝေ အသေသတော။
တုသိတာ ယာဝနပ္ပာနာ၊ စုတော ပဘုတိ သတ္တုနော။

၅။ ပုညာဥ္ဇာရပကာသကံ၊ လိခိဿံ မြမ္မဘာသာယ။
မာလာလင်္ကာရနာမိကံ၊ သဝနီယံ သုဏန္တာနံ။ ။

အနက်ကား-

၁- အဟံ၊ ငါသည်။ သံသာရသောတသံဆိန္နံ၊ ကောင်းစွာဖြတ်အပ်ပြီးသော 'သံသရာ'တည်းဟူသော မဟာသမုဒ္ဒရာရေအယဉ်လည်း ရှိတော်မူထသော။ ဒေါသဂ္ဂိဇာလဃာတကံ၊ သတ်အပ်ပြီးသော 'ဒေါသ'တည်းဟူသော ပြင်းစွာသောမီးလျှံလည်း ရှိတော်မူထသော။ မောဟန္ဓကာရဝိဝရံ၊ ဖွင့်လှစ်အပ်ပြီးသော 'အဝိဇ္ဇာမောဟ' တည်းဟူသော သည်းစွာသော အမိုက်တိုက်လည်း ရှိတော်မူထသော။ မုနိပုင်္ဂဝံ၊ မုနိတို့၏အထွတ် ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။

၂- အဟံ၊ ငါသည်။ တေနမုနိပုင်္ဂဝေန၊ ထိုမုနိတို့၏အထွတ် ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်ထသော။ ဂမ္ဘီရံ၊ နက်နဲစွာထသော။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲထသော။



www.burmeseclassic.com

www.burmeseclassic.com



နိပုဏံ၊ သိမ်မွေ့စွာထသော။ ဝရံ၊ လူနတ်တို့သည် တောင့်တအပ်ထသော။ ရာဂါဒိမလဓောဝန္တံ၊ ရာဂအစရှိသော အညစ်အကြေးတို့ကို ဆေးလျှော်ရာဆေးလျှော်ကြောင်းလည်း ဖြစ်ထသော။ အစ္ဆုတံ၊ ရွေ့လျောခြင်းသဘောလည်း မရှိထသော။ ဓမ္မံ၊ ၁၀ပါးသောတရားတော်မြတ်ကို။ နမာမိ၊ ရှိခိုးပါ၏။

၃- အဟံ၊ ငါသည်။ ဓိတကိလေသမာရာရိ၊ အောင်အပ်ပြီးသော သတ္တဝါတို့ကို ညစ်ညူးစေတတ်သော ကိလေသာမာရ်တည်းဟူသော ရန်သူလည်းရှိထသော။ ဒိဋ္ဌိစာလပ္ပဟာနကံ၊ ၆၂ ဖြာ မိစ္ဆာအယူ တည်းဟူသော ကွန်ရက်ကိုလည်း ပယ်ဖြတ်တတ်ထသော။ သမုဒ္ဒဋ္ဌစဋ္ဌာမူလံ၊ ကောင်းစွာအကြွင်းမဲ့ နုတ်အပ်ပြီးသော တဏှာတည်း ဟူသော ချုံနွယ်၏မြစ်မ, မြစ်သေးလည်းရှိထသော။ ဥတ္တမံ၊ ကျော်စောသော ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောစွာထသော။ ဂဏံ၊ အရိယာပုဂ္ဂိုလ် ၈ ယောက်တို့၏ အပေါင်းကို။ နမာမိ၊ ရှိခိုးပါ၏။

၄-၅- တဿ၊ ထိုရတနာ ၃ ပါးအား ရှိခိုးခြင်းပဏာမစေတနာပြဋ္ဌာန်းသော ကုသိုလ်ဓော၏။ တေဇေန၊ အစွမ်းအားဖြင့်။ ဥပဒ္ဒဝေ၊ ကပ်၍နှိပ်စက်တတ်သော ဥပဒ္ဒဝါဘေးရန်တို့ကို။ အသေသတော၊ အကြွင်းမဲ့အား ဖြင့်။ ပဟန္တွာ၊ ပယ်ဖျောက်ပြီး၍။ သတ္ထုနော၊ မြတ်စွာဘုရား၏။ တုသိတာ၊ ၄ ဆင့်မြောက်ဖြစ်သော တုတိသာ နတ်ပြည်မှ၊ စုတောပဘုတိ၊ စုတေဆင်းသက်တော်မူသည်ကို အစပြု၍။ ယာဝနိဗ္ဗာနာ၊ ပရိနိဗ္ဗာန်ပြုသည်တိုင် အောင်။ ပုညာဋ္ဌာရပကာသကံ၊ ပါရမီတော် ဘုန်းတော် များမြတ်လွန်ကဲသောအဖြစ်ကို ပြရာပြကြောင်း ဖြစ် ထသော။ သုဏန္တာနံ၊ ရှိသေစွာနာကုန်သော သူတို့၏။ သဝနီယံ၊ နား၌ နာပျော်ဖွယ်လည်း ရှိထသော။ မာလာလင်္ကာရနာမိကံ၊ ပါရမီတော် ဘုန်းတော်အစဉ်၏ တန်ဆာသဖွယ်ဖြစ်၍ မာလာလင်္ကာရ အမည်ရှိသော ကျမ်းကို။ မြမ္မဘာသာယ၊ မြန်မာဘာသာဖြင့် လိခိဿံ၊ ရေးစီရင်ပေအံ့။

ဤကား ပဏာမဂါထာ၏ အနက်တည်း။

## ၁- အလောင်းတော်နတ်သား နတ်စည်းစိမ်ကိုခံစားစဉ် ဗုဒ္ဓကောလာဟလဖြစ်ခြင်း

လူ ၃ ပါးတို့၏ အထွတ်အမြတ်ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းအထက်၌ သုမေဓာရသေ့ဖြစ်၍၊ ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်း၌ ဘုရားဖြစ်လတ္တံ့သော ဗျာဒိတ်ဦး ကို ရ၍၊ ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းကာလပတ်လုံး ပါရမီ ၁၀ ပါး-အပြား ၃၀, စွန့်ခြင်းကြီး ၅ ပါး, စရိယ ၃ ပါးတို့ကို ဖြည့်ဆည်းပူးတော်မူ၍ ဝေဿန္တရာမင်းကြီး၏အဖြစ်မှ စုတေ၍ တုသိတာနတ်ပြည်၌ 'သေတ ကေတု'မည်သော နတ်သား ဖြစ်တော်မူ၏။ ထိုတုသိတာနတ်ပြည်၌ နတ်တို့၏စည်းစိမ်ကိုခံစားစဉ် ဗုဒ္ဓ 'ကောလာ ဟလ' မည်သော 'ဘုရားပွင့်လတ္တံ့' ဟူသော အုတ်အုတ်ကျက်ကျက် ဖြစ်သတည်း။

ဤအရာ၌ 'ကောလာဟလ'ဟူသည်ကား-

၁- ကပ္ပကောလာဟလ - 'ကမ္ဘာပျက်လတ္တံ့' ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း။

၂- ဗုဒ္ဓကောလာဟလ - 'ဘုရားဖြစ်လတ္တံ့' ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း။

၃- စက္ကဝတ္တိကောလာဟလ- 'စကြဝတေးမင်း ဖြစ်လတ္တံ့' ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ကောလာဟလသည် ၃ ပါး ရှိ၏။ ထို ၃ ပါးသော ကောလဟာလတို့တွင်-

၁။ အနှစ် ၁ သိန်းလွန်သဖြင့် ကမ္ဘာပျက်လတ္တံ့ဟု သိကုန်သော 'လောကဗျူဟာ' မည်သောနတ်သားတို့သည် ဦးခေါင်းငိုက်ဆိုက်ဖြစ်ကုန်လျက်၊ ဆံကြီးဖားလျား ငိုသောမျက်နှာ ရှိကုန်၍ လက် ၂ ဖက်တို့ဖြင့် မျက်ရည်ကိုသုတ်ကုန်လျက် နီသောပုဆိုးတို့ကို ဝတ်ကုန်၍၊ မလှသော အသွင်အပြင်ကို ဆောင်ကုန်သည်ဖြစ်၍၊ လူတို့၏ခရီး၌ သွားလာကုန်လျက် ဤသို့ ဆိုကုန်၏။

"အချင်းတို့။ ဤနေ့ မှစ၍ အနှစ် ၁ သိန်းလွန်လျှင် ကမ္ဘာ ပျက်လတ္တံ့။ ဤလောကသည်လည်း ပျက်လတ္တံ့။ မဟာသမုဒ္ဒရာရေ တို့သည်လည်း ခန်းခြောက်လတ္တံ့။ ဤမြေကြီး၊ မြင်းမိုရ်တောင်သည်လည်း မီးလောင်၍ ပျက်စီးလတ္တံ့။ ဗြဟ္မာ့ပြည်တိုင်အောင် လောကသည် ပျက်စီးလတ္တံ့။ 'မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ' ဟူသော ဗြဟ္မစိုရ်တရား ၄ ပါးကို ပွားစေကုန်။ အမိအဖတို့အား လုပ်ကျွေးကုန်။ အဆွေအမျိုး၌ အရွယ်ဖြင့် ကြီးသူတို့ကို ရိုသေကုန်"

ဤသို့ လောကဗျူဟာနတ်တို့ ဆိုလာကုန်၏။ ဤသည်ကား 'ကပ္ပကောလာဟလ' မည်၏။

၂။ ဤနေ့မှစ၍ အနှစ် ၁၀၀၀ လွန်သဖြင့် လောက၌ ဘုရားသဗ္ဗညု ဖြစ်လတ္တံ့ ဟုသိ၍ လောကဗျူဟာနတ်သားတို့သည်ပင်လျှင် "အချင်းတို့။ ဤနေ့မှစ၍ အနှစ် ၁၀၀၀ လွန်သဖြင့် သဗ္ဗညုဘုရား ဖြစ်လတ္တံ့သတည်း" ဟု ကြွေးကြော်ကုန်လျက် လှည့်ပတ်လည်လာကုန်၏။ ဤသည်ကား 'ဗုဒ္ဓကောလာဟလ' မည်၏။

၃။ ဤနေ့မှ အနှစ် ၁၀၀ လွန်သဖြင့် စကြဝတေးမင်း ဖြစ်လတ္တံ့ ဟုသိကုန်သော လောကဗျူဟာနတ်သားတို့သည်ပင်လျှင် "အချင်းတို့။ ဤနေ့မှစ၍ အနှစ် ၁၀၀ လွန်သဖြင့် စကြဝတေးမင်း ဖြစ်လတ္တံ့သတည်း" ဟု ကြွေးကြော်လျက် လှည့်ပတ်လည်လာကုန်၏။ ဤကား 'စက္ကဝတ္တိကောလာဟလ' မည်၏။

ဤသို့ ကြီးစွာသော အုတ်အုတ်ကျက်ကျက် ၃ ပါးတို့သည် ဖြစ်ကုန်၏။

(မင်္ဂလကောလာဟလ၊ မောနေယျကောလာဟလကို ပရမတ္ထဇောတိက အစရှိသည်တို့၌ ဆို၏။)

## ၂- အလောင်းတော်နတ်သားကို နတ်အများတို့က ဘုရားဖြစ်ရန် တောင်းပန်ခြင်း

ထို ၃ ပါးတို့တွင် 'ဘုရားဖြစ်လတ္တံ့'ဟူသော ကြွေးကြော်သံကိုကြားကုန်၍ ၁ သောင်းသော လောကဓာတ်၌ နေကုန်သောနတ်တို့သည် တကွနက်စည်းဝေးကုန်၍ 'ဤမည်သောသူသည် ဘုရားဖြစ်မည်'ဟု သိ၍ ဘုရားလောင်း ရှိရာလာကုန်ပြီးသော် အရိုအသေ တောင်းပန်ကုန်၏။ တောင်းပန်ကြကုန်သော်လည်း ပုဗ္ဗနိမိတ်ထင်မှ တောင်းပန်ကုန်သတည်း။ ထိုအခါ တစ်တိုက်သောစကြဝဠာ၌ နေကုန်သော စတုမဟာရာဇ်နတ်၊ သိကြားနတ်၊ သုယာနတ်၊ သန္တုသိတနတ်၊ သုနိမ္မိတနတ်၊ ဝသဝတ္တီနတ်တို့နှင့်တကွ အလုံးစုံသောနတ်တို့သည် တစ်ခုသောစကြဝဠာ၌ စည်းဝေးကုန်၍၊ တုသိတာနတ်ပြည်၌ ဘုရားလောင်း နတ်သားထံသို့ သွားကုန်၍၊ "အရှင်နတ်မြတ်။ ပါရမီ ၁၀ ပါး-အပြား ၃၀ တို့ကို ဖြည့်တော်မူသော အရှင်နတ်မြတ်သည် သိကြားမင်း စည်းစိမ်၊ မာရ်မင်း စည်းစိမ်၊ ဗြဟ္မာမင်း စည်းစိမ်ကို တောင့်တ၍ ပါရမီကို မဖြည့်။ စင်စစ်မူကား လူ ၃ ပါးတို့ကို သံသရာဝဲသြဃမှ ထုတ်ဆောင်အံ့သောငှာ သဗ္ဗညုတဉာဏ်တော်ကို တောင့်တ၍ ပါရမီကို ဖြည့်ပါသည်။ အရှင်နတ်မြတ်။ ယခုအခါ အရှင်နတ်မြတ်၏ ဘုရားဖြစ်အံ့သောငှာ အခါတန်ပါပြီ" ဟု တောင်းပန်ကုန်၏။

ဘုရားလောင်း နတ်သားသည် နတ်တို့အား ဝန်ခံခြင်းကိုမပေးဦးဘဲလျှင် ၅ ပါးသောကြည့်ခြင်းကို ကြည့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



၅ ပါးသော ကြည့်ခြင်းဟူသည်ကား- ဘုရားဖြစ်ချိန်ကာလ, ဘုရားဖြစ်ရာကျွန်း, ဘုရားဖြစ်ရာအရပ်, ဘုရားဖြစ်ရာအမျိုး, မယ်တော်၏အသက်အပိုင်းအခြား၊ ဤ ၅ ပါးတည်း။ ထို ၅ ပါးတို့တွင်-

၁- 'ဘုရားဖြစ်သောအခါ တန်ပြီလော, မတန်သေးလော'ဟု ရှေးဦးစွာကြည့်ရှုလေ၏။ ထိုသို့ ကြည့်ရှုရာ၌ အနှစ် ၁ သိန်းမှအထက် တက်ပွားသောအသက်ရှိသော ကာလသည် ဘုရားဖြစ်အံ့သောကာလ မဟုတ်။ အဘယ့်ကြောင့်နည်း ဟူမူကား အနှစ် ၁ သိန်းအထက်ကာလ၌ သတ္တဝါတို့အား ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းတို့သည် မထင်နိုင်ကုန်။ ဘုရားသဗ္ဗညုတို့၏ တရားဒေသနာတော်သည် လက္ခဏာယဉ် ၃ ပါးမှ လွတ်သောမည်သည် မရှိ။ ထိုသတ္တဝါတို့အား အနိစ္စ, ဒုက္ခ, အနတ္တ ဟု ဟောကြားကုန်သော်လည်း ထိုအနိစ္စ, ဒုက္ခ, အနတ္တ ဟူသည် အဘယ်နည်းဟု ဆိုကုန်ရာ၏။ နာအပ်သည် ဟူ၍လည်း မအောက်မေ့နိုင်ကုန်။ ယုံကြည်အပ်သည်ဟူ၍လည်း မအောက်မေ့နိုင်ကုန်။ ထို့ကြောင့် အနှစ် ၁ သိန်းထက် ကာလသည် သစ္စာ ၄ ပါးကို သိနိုင်သောအခါမဟုတ်။ သစ္စာ ၄ ပါးတရားကို သိခြင်း မရှိချေသော် တရားတော်သည် နိယျာနိကဝဋ်မှ ထွက်မြောက်ခြင်း၏အကြောင်း မဖြစ်နိုင်။ ထို့ကြောင့် အနှစ် ၁ သိန်းထက် လွန်သောကာလသည် ဘုရားပွင့်ချိန်ကာလမဟုတ်။

အနှစ် ၁၀၀ အောက် ယုတ်သောကာလသည်လည်း ဘုရားပွင့်ချိန်ကာလ မဟုတ်။ အဘယ့်ကြောင့်နည်း ဟူမူကား- ထိုအနှစ် ၁၀၀ အောက် ယုတ်သောကာလ၌ သတ္တဝါတို့သည်ပြောသော များသော ကိလေသာ ရှိကုန်သောကြောင့်တည်း။ ပြောသော များသော ကိလေသာရှိသော သတ္တဝါတို့အား အဆုံးအမ ပေးတော်မူသော်လည်း ဆုံးမတိုင်းလည်း မတည်နိုင်ရာ။ ဥပမာကား-ရေ၌ရေး၍ အရေးမထင်သကဲ့သို့ လျင်စွာကွယ်ပျောက်လေသည်။ ထို့ကြောင့် အနှစ် ၁၀၀ မှ အောက်အယုတ်၌လည်း ဘုရားပွင့်ချိန်ကာလ မဟုတ်။

အနှစ် ၁ သိန်းမှအောက် အနှစ် ၁၀၀ မှ အထက်ဖြစ်သော အသက်အပိုင်းအခြားရှိသော ကာလသည် သာလျှင် ဘုရားပွင့်ချိန်ကာလမည်၏။ ထိုနတ်သားတို့ တောင်းပန်သောအခါသည်ကား လူတို့ အသက် ၁၀၀ တမ်းနေသော ကာလဖြစ်၏။ ထိုအခါ၌ ငါတို့ဘုရားအလောင်းတော် နတ်သားသည် ဘုရားဖြစ်ရာအချိန်ကာလတည်းဟု ကာလအပိုင်းအခြားကို မြင်လေ၏။

၂- ကာလအပိုင်းအခြားကို ကြည့်ပြီးသောနောက်မှ ဘုရားပွင့်ရာ ကျွန်းအပိုင်းအခြားကို ကြည့်တော်မူသော် ဘုရားလောင်းနတ်သားသည် ကျွန်းငယ်အရံ ၂၀၀၀ နှင့်တကွ ကျွန်းကြီး ၄ ကျွန်းတို့ကို ကြည့်လေလျှင် "၃ ကျွန်းတို့၌ ဘုရားသဗ္ဗညုတို့ မပွင့်ကုန်။ ဇမ္ဗူဒိပ်ကျွန်း၌သာလျှင် ဘုရားသဗ္ဗညုတို့ ပွင့်ကုန်၏" ဟု ကျွန်းအပိုင်းအခြားကို မြင်လေ၏။

၃- ကျွန်းအပိုင်းအခြားကို မြင်ပြီးသည်နောက်မှ "ဇမ္ဗူဒိပ်ကျွန်းသည် စည်ကားကျယ်ဝန်း၏။ ယူဇနာ ၁ သောင်း အတိုင်းအရှည်ရှိ၏။ အဘယ်အရပ်၌ ဘုရားပွင့်ကုန်သနည်း" ဟု အရပ်ဒေသကို ကြည့်ရှုလေသော် ဘုရားလောင်းသည် မဇ္ဈိမဒေသအရပ်ကို မြင်လေ၏။ မဇ္ဈိမဒေသ မည်သည်ကား-

- အရှေ့မျက်နှာမှ 'ဇင်္ဂလ' အမည်ရှိသော နိဂုံး ရှိ၏။ ထိုအရပ်၌ အင်ကြင်းပင်ကြီး ရှိ၏။ ထိုအင်ကြင်းပင်ကြီးမှ အပြင်အရပ်သည် 'ပစ္စန္တရစ်ဇနပုဒ်' မည်၏။ အတွင်းသည် 'မဇ္ဈိမဒေသအရပ်' မည်၏။
- အရှေ့တောင်ထောင့်အရပ်၌ 'သလ္လဝတီ' အမည်ရှိသော မြစ်ရှိ၏။ ထိုမြစ်မှအပဖြစ်သော အပြင်အရပ်သည် 'ပစ္စန္တရစ်ဇနပုဒ်' မည်၏။ အတွင်းသည် 'မဇ္ဈိမဒေသအရပ်' မည်၏။



www.burmeseclassic.com

www.burmeseclassic.com



- တောင်မျက်နှာအရပ်၌ 'သေတကဏ္ဏိက' မည်သော နိဂုံးရှိ၏။ ထိုနိဂုံးမှ အပဖြစ်သောအရပ်သည် 'ပစ္စန္တရစ်ဇနပုဒ်' မည်၏။ အတွင်းဖြစ်သောအရပ်သည် 'မဇ္ဈိမဒေသအရပ်' မည်၏။
- အနောက်မျက်နှာအရပ်၌ 'ထူန' မည်သော ပုဏ္ဏားရွာ ရှိ၏။ ထိုရွာမှ အပဖြစ်သောအရပ်သည် 'ပစ္စန္တရစ်ဇနပုဒ်' မည်၏။ အတွင်းဖြစ်သောအရပ်သည် 'မဇ္ဈိမဒေသအရပ်' မည်၏။
- မြောက်မျက်နှာအရပ်၌ 'ဥသိရဒ္ဓဇ' မည်သော တောင်ရှိ၏။ ထိုတောင်မှ အပဖြစ်သောအရပ်သည် 'ပစ္စန္တရစ်ဇနပုဒ်' မည်၏။ အတွင်းဖြစ်သောအရပ်သည် 'မဇ္ဈိမဒေသအရပ်' မည်၏။

'ထိုမဇ္ဈိမတိုက်သည် အလျားယူဇနာ ၃၀၀၊ အနံ ယူဇနာ ၂၅၀၊ အဝန်းယူဇနာ ၉၀၀ ရှိ၏။ ထိုမဇ္ဈိမတိုက်သည် ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ စကြဝတေး၊ ခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ ဂဟပတိမဟာသာလ တို့သည် ဖြစ်ကုန်၏။ ထိုမဇ္ဈိမတိုက်၌ ကပိလဝတ်မည်သော ပြည်သည် ရှိ၏။ ထိုကပိလဝတ်ပြည်၌ ငါဘုရားအလောင်း ဖြစ်အံ့သတည်း' ဟု ဆုံးဖြတ်ခြင်းသို့ ရောက်လေ၏။

၄- အရပ်ဒေသကိုကြည့်ပြီးသောနောင်မှ အမျိုးတော်ကို ကြည့်သော် ဘုရားလောင်းနတ်သားသည် "ဘုရားတို့မည်သည် ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့၌ မဖြစ်ကုန်။ မင်းမျိုး၊ ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ကုန်သည်။ ယခုအခါ၌ကား မင်းမျိုးကို လူတို့ အရိုအသေပြုအပ်ကုန်သည်။ မင်းမျိုး၌ ငါ ဖြစ်အံ့။ 'သုဒ္ဓေါဒန' အမည်ရှိသော မင်းသည် ငါ၏အဖ ဖြစ်လတ္တံ့." ဤသို့ အမျိုးတော်ကို မြင်လေ၏။

၅- ထို့နောင်မှ မယ်တော်ကို ကြည့်ရှုပြန်သော် "ဘုရားလောင်းတို့၏မယ်တော်မည်သည်ကား လျှပ်ပေါ်ခြင်း မရှိ။ သေရည်သေရက်သောက်ခြင်း မရှိ. ကမ္ဘာ ၁ သိန်းကာလပတ်လုံး ဖြည့်အပ်သောပါရမီရှိသော၊ ဖွားစသောကာလမှစ၍ မကျိုးမပျက်သော သီလရှိသော၊ 'သိရိမဟာမာယာ' မည်သော မိဖုရားသည် ငါ၏ မယ်တော်ဖြစ်လတ္တံ့။ မယ်တော်မိဖုရား၏ အသက်အပိုင်းအခြားသည်ကား အဘယ်မျှ ရှိအံ့နည်း"ဟု ကြည့်ရှုဆင်ခြင်သော် ၁၀ လအလွန် ၇ ရက်သာ အသက်အပိုင်းအခြားကို မြင်လေ၏။

ဤသို့ ၅ ပါးသောကြည့်ခြင်းတို့ကို ကြည့်ပြီး၍ "အချင်းနတ်သားတို့။ ငါ့အား ဘုရားဖြစ်ခြင်းငှာ အခါတန်ပြီ" ဟု နတ်တို့အား ဝန်ခံခြင်းကို ပေး၍၊ "သင်တို့ သွားလေကုန်လော့" ဟု ၁ သောင်းသော လောကဓာတ်မှလာကုန်သော နတ်၊ ဗြဟ္မာတို့ကို လွှတ်လိုက်၍ တုသိတာနတ်အပေါင်း ခြံရံလျက် တုသိတာနတ်ပြည်၌ 'နန္ဒဝန်' မည်သော ဥယျာဉ်သို့ ဝင်လေ၏။ နတ်အပေါင်းခြံရံလျက် နန္ဒဝန်ဥယျာဉ်သို့ ဝင်ပြီးမှ စုတေခဲ့၍ 'သိရိမဟာမာယာ'မည်သော မိဖုရားဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ ထိုပဋိသန္ဓေ ယူသောအခါ၌ ကပိလဝတ်ပြည်ဝယ် ဥတ္တရာသဠ် နက္ခတ်သဘင်ကြိမ်၍ လူအများတို့ နက္ခတ်သဘင်ကို ကစားကုန်၏။

သိရိမဟာမာယာသည်လည်း ဝါဆိုလမပြည့်မီ ၇ ရက်မြောက်သော နေ့မှစ၍ အခြံအရံတို့၌ သေရည်သေရက်သောက်သောသူ မရှိရဘဲ၊ ပန်းနံ့သာ တန်ဆာဆင်ခြင်းရှိသော သူတို့နှင့်သာ နက္ခတ်သဘင်ကို ကစားလျက်၊ ၇ ရက်မြောက်သောနေ့၌ နံနက်စောစောထ၍ နံ့သာရေဖြင့် ရေချိုးပြီးသော်၊ ၄ သိန်းသော ဥစ္စာတို့ကို စွန့်၍၊ အလှူကြီး ပေး၍၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် မွန်မြတ်သော ဘောဇဉ်တို့ကို စားပြီး၍၊



www.burmeseclassic.com

www.burmeseclassic.com



ဥပုသ်သီတင်း ဆောက်တည်လျက် တန်ဆာဆင်ခြင်းနှင့်စပ်သော[၂] အသရေရှိသောတိုက်သို့ ဝင်၍၊ အသရေရှိသော အိပ်ရာထက်၌ လျောင်းလျက်လျှင် အိပ်ပျော်ခြင်းသို့ရောက်လေသော် ဤသို့သော အိပ်မက်ကို မြင်လေ၏။

## ၃- ဘုရားလောင်း၏မယ်တော် အိပ်မက်မြင်မက်တော်မူကြောင်းကို ပြခြင်း

အိပ်မက်ကား-စတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်တို့သည် သိရိမဟာမာယာ မိဖုရားကို အိပ်ရာနှင့် တကွချီ၍ ဟိမဝန္တာသို့ဆောင်လေသဖြင့်၊ ယူဇနာ ၆၀ ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်၌ ၇ ယူဇနာရှိသော အင်ကြင်းပင်ကြီး၏အောက်၌ ချထားပြီးသော် တင့်အပ်လျောက်ပတ်သောအရပ်၌ ရပ်ကုန်၏။ ထိုအခါ၌ နတ်မင်းကြီး ၄ ယောက်တို့၏ မိဖုရားတို့သည် လာကုန်၍၊ သိရိမဟာမာယာမိဖုရားကို အနဝတတ်အိုင်သို့ ဆောင်၍၊ လူတို့၏ အနံ့, အညစ်အကြေးကို စင်စိမ့်သောငှာ ရေချိုးစေ၍၊ နတ်၌ဖြစ်သော အဝတ်တို့ကို ဝတ်စေ၍၊ နံ့သာတို့ဖြင့် လိမ်းကျံစေ၍ နတ်ပြည်၌ဖြစ်သောပန်းတို့ကို ပန်စေပြီးသော်၊ အနဝတတ်အိုင်အနီး၌ ငွေတောင် ရှိ၏။ ထိုငွေတောင်အတွင်း၌ ရွှေဗိမာန် ရှိ၏။ ထိုရွှေဗိမာန်၌ အရှေ့သို့ ဦးခေါင်းရင်းပြုသော နတ်တို့၏ အိပ်ရာကို ခင်း၍ အိပ်စေကုန်၏။ ထိုအခါ၌ ငါတို့ဘုရားလောင်းသည် မြတ်သောဆင်ဖြူကဲ့သို့ ဖြစ်၍ ထိုငွေတောင်၏အနီး၌ တစ်ခုသောရွှေတောင် ရှိ၏။ ထိုရွှေတောင်၌ ကျက်စား၍၊ ရွှေတောင်မှသက်ခဲ့ပြီးလျှင် ငွေတောင်သို့တက်၍၊ မြောက်အရပ်မှ လာလတ်၍၊ ငွေပန်းခိုင်နှင့်တူသော နှာမောင်းဖြင့် ပဒုမ္မာကြာဖူးကို ယူ၍၊ ကြိုးကြာသံနှင့်တူသော အသံကိုဟီလျက် ရွှေဗိမာန်သို့ဝင်၍၊ သိရိမဟာမာယာမိဖုရား၏ အိပ်ရာကို လက်ယာရစ် ၃ ပတ် လှည့်၍ လက်ယာနံပါးကို လှစ်ခွာလျက် ဝမ်းသို့ဝင်သကဲ့သို့ ထင်၏။ ဤသို့သော အိပ်မက်ကို မြင်မက်၏။

မိုးသောက်သောနေ့၌ အိပ်ရာမှနိုးလတ်သော် သိရိမဟာမာယာမိဖုရားသည် ထိုအိပ်မက်ကို သုဒ္ဓေါဒနမင်းကြီးအား လျှောက်လေ၏။ သုဒ္ဓေါဒနမင်းကြီးလည်း ၆ ကျိပ် ၄ ယောက်သော ပုဏ္ဏားကြီးတို့ကို ခေါ်စေ၍၊ နွားချေးစိုတို့ဖြင့် လိမ်းကျံအပ်သောမြေအပြင်၌ ပေါက်ပေါက် အစရှိသော ပန်းတို့ဖြင့် ကြဲအပ်သော 'မင်္ဂလာ' တည်းဟူသော ပူဇော်ခြင်းရှိစေလျက်၊ မြတ်သောသူတို့သာ နေခြင်းငှာထိုက်သော ကောင်းမြတ်သော နေရာတို့ကို ခင်းစေ၍၊ ထိုအခင်းပေါ်၌ နေကုန်သော ပုဏ္ဏားတို့အား ထောပတ်, ပျား, သကာတို့ဖြင့် ကောင်းစွာစီရင်အပ်သော မြတ်သောဃနာဖြင့် ရွှေခွက်, ငွေခွက်တို့ကို ပြည့်စေ၍၊ ရွှေခွက်, ငွေခွက်တို့ဖြင့် ဖုံးအုပ်စေ၍ ပေး၏။ ထိုမှတစ်ပါးအစာမချေသော ပုဆိုးတို့ကို ပေးခြင်း, နို့ညှစ်နွားမ ပေးခြင်း အစရှိသည်တို့ဖြင့် ထိုပုဏ္ဏားတို့အား ရောင့်ရဲစေ၏။ ထိုသို့ရောင့်ရဲစေပြီးမှ ထိုပုဏ္ဏားတို့အား အိပ်မက်ကို ကြားစေ၍၊ "ဤအိပ်မက်ကို ဖတ်ကြကုန်။ အသို့ဖြစ်လတ္တံ့နည်း" ဟုမေး၏။ ပုဏ္ဏားတို့လည်း "မင်းကြီး။ မကြံလင့်။ မစိုးရိမ်လင့်။ မိဖုရားဝမ်း၌ ပဋိသန္ဓေနေသည်။ ထိုသူငယ်ကား မိန်းမ မဟုတ်။ ယောကျ်ားစင်စစ်တည်း။ အရှင်မင်းကြီးအား သားတော်ဖြစ်လတ္တံ့။ ထိုသားတော်သည် အိမ်ရာထောင်သော လူ၏ဘောင်၌ အကယ်၍ နေသည်ဖြစ်အံ့။ စကြာဝတေးမင်း ဖြစ်လတ္တံ့။ အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်၍ ရဟန်းပြုသည် ဖြစ်အံ့။ ဝဋ္ဋတရားမှ ကင်းပြတ်ပြီးသော ဘုရား ဖြစ်လတ္တံ့." ဟု အိပ်မက်ကို ဖတ်ကြကုန်၏။

၁- ခပ်သိမ်းသော။ ၂- တန်ဆာဆင်ခြင်း, မြတ်သော။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း မယ်တော့်ဝမ်း၌ ပဋိသန္ဓေနေသောခဏ၌ ၁ သောင်းသောလောကဓာတ်သည် တုန်လှုပ်၏။ ၃၂ ပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်ရှားဖြစ်ကုန်၏။ ထင်ရှားဖြစ်ပုံကား-

၁- ၁သောင်းသော စကြဝဠာတိုက်တို့၌ မနှိုင်းယှဉ်နိုင်သော အရောင်နံ့ကုန်သည်။
၂- ဘုရားလောင်း၏ အသရေကို ရှုလိုသကဲ့သို့ သူကန်းတို့သည် မျက်စိကို ရကုန်သည်။
၃- နားပင်းသောသူတို့သည် အသံကို ကြားကုန်သည်။
၄- အ,သောသူတို့သည် စကား ပြောနိုင်ကုန်သည်။
၅- ကုန်းသောသူတို့သည် ဖြောင့်မတ်သောကိုယ် ရှိကုန်သည်။
၆- ခြေဆွံ့သောသူတို့သည် ခြေဖြင့် သွားနိုင်ကုန်သည်။
၇- အနှောင်အဖွဲ့ရှိသော ခပ်သိမ်းသောသူတို့သည် ထူး, ထိတ်, သံခြေချင်း အစရှိသည်တို့မှ လွတ်ကုန်သည်။
၈- အလုံးစုံသော ငရဲမီးတို့ ငြိမ်းကုန်သည်။
၉- ပြိတ္တာဘုံ၌ မွတ်သိပ်ခြင်း ငြိမ်းသည်။
၁၀- တိရစ္ဆာန်တို့အား ရောဂါ ကင်းငြိမ်းသည်။
၁၁- ခပ်သိမ်းသော သတ္တဝါတို့သည် ချစ်ဖွယ်သောစကားကို ဆိုကြကုန်သည်။
၁၂- မြင်းတို့သည် သာယာစွာသော အခြင်းအရာတို့ဖြင့် ရှင်လန်းမြူးထူးကုန်သည်။
၁၃- ဆင်တို့သည်လည်း မြည်ကုန်သည်။
၁၄- အလုံးစုံသော စည်, စောင်း, ငြင်းတို့သည်လည်း မတီးမမှုတ်ဘဲ မြည်ကုန်သည်။
၁၅- လူတို့၏ လက်ကောက်, ခြေချင်း အစရှိသော တန်ဆာတို့သည် မထိမခိုက်ဘဲ မြည်ကုန်သည်။
၁၆- အလုံးစုံသော အရပ်မျက်နှာတို့သည်လည်း ကြည်လင်ကုန်သည်။
၁၇- သတ္တဝါတို့အား ချမ်းသာစေလျက် သိမ်မွေ့သော လေချမ်းတို့သည်လည်း လာကုန်သည်။
၁၈- အခါမဲ့မိုးကြီး သည်းထန်စွာရွာသည်။
၁၉- မြေကြီးမှ ရေထွက်၍ စီးသည်။
၂၀- ငှက်တို့သည်လည်း ကောင်းကင်၌ ပျံသွားခြင်းကို စွန့်ကုန်သည်။
၂၁- မြစ်ရေတို့သည်လည်း မစီးဘဲတန့်ရပ်ကုန်သည်။
၂၂- မဟာသမုဒ္ဒရာရေယဉ်သည်လည်း ချိုသောရေ ရှိသည်။
၂၃- အလုံးစုံသော အရပ်တို့၌ ၅ ပါးသောအဆင်းရှိသော ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းသောအပြင် ရှိကုန်သည်။
၂၄- ကြည်းပန်း, ရေပန်း အလုံးစုံသောပန်းတို့သည်လည်း ပွင့်ကုန်သည်။
၂၅- သစ်ပင်တို့၏ ပင်စည်တို့၌ ခန္ဓပဒုမ္မာတို့သည် ပွင့်ကုန်သည်။
၂၆- အခက်တို့၌လည်း 'သာခပဒုမ္မာ' မည်သော ပန်းတို့ပွင့်ကုန်သည်။
၂၇- နွယ်တို့၌လည်း 'လတာပဒုမ္မာ' မည်သော နွယ်ပန်းတို့ပွင့်ကုန်သည်။
၂၈- တစ်ခဲနက်ထုသော ကျောက်ဖျာတို့ကိုခွဲ၍ အဆင့်ဆင့်များသော ပွင့်ချပ်ရှိသော 'ခန္ဓပဒုမ္မာ' မည်သော ပန်းတို့သည်လည်း ပေါက်ကုန်သည်။
၂၉- ကောင်းကင်၌ အောက်သို့မျက်နှာပြု၍ဆွဲသော ပဒုမ္မာတို့သည်လည်း ဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



၃၀- ထက်ဝန်းကျင်မှ ပန်းမိုးတို့သည်လည်း ရွာကုန်သည်။
၃၁- ကောင်းကင်မှ နတ်တို့တူရိယာ စည်, စောင်း, ငြင်းတို့မြည်ကုန်သည်။
၃၂- ၁သောင်းသော စကြဝဠာတိုက်တို့သည် လှုပ်၍လွှမ်းအပ်သော ပန်းကုံးကဲ့သို့ လည်းကောင်း၊ အဆုပ်ဆုပ် ပြု၍ ကုံးအပ်သော ပန်းကုံးကဲ့သို့ လည်းကောင်း၊ တန်ဆာဆင်ခြင်းနှင့်စပ်သော ပန်းနေရာကဲ့သို့ လည်း ကောင်း၊ တစ်စည်းတည်းသော ပန်းခင်းကဲ့သို့ လည်းကောင်း၊ ပြိုးပြိုးပြက်ပြက် အလျှံထွက်သော သားမြီးယပ်ကဲ့သို့ လည်းကောင်း၊ ပန်းအနံ့, အမိုးအနံ့တို့ဖြင့် ထုံအပ်သည်ဖြစ်၍ အလွန်တင့်တယ်ခြင်းသို့ ရောက်သည်။ ။ ဤသို့ ၃၂ ပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်ကုန်၏။

ဤသို့ ပဋိသန္ဓေနေတော်မူသည်မှ စ၍ ဘုရားလောင်း၏ လည်းကောင်း, မယ်တော်၏ လည်းကောင်း ဘေးဥပဒ္ဒဝေါတို့ကို တားမြစ်အံ့သောငှာ၊ ဤစကြဝဠာတိုက်၌နေသော စတုမဟာရာဇ်နတ် ၄ ယောက်တို့သည် သန်လျက်လက်စွဲလျက် အသရေရှိသော တိုက်ခန်းတွင်းသို့ဝင်၍ စောင့်ရှောက်ကုန်၏။ ၁သောင်းသော စကြဝဠာ တိုက်တို့၌ ၄ ယောက်စီပြု၍၊ ၄ သောင်းသော စတုမဟာရာဇ်နတ်တို့သည် မြေဖုတ်ဘီလူး အစရှိသည်တို့ကို အရပ်တစ်ပါးသို့သွားစေ၍၊ တိုက်တံခါးမှစ၍ စကြဝဠာနားတိုင်အောင် စောင့်ရှောက်ကုန်၏။ ဘုရားလောင်း မယ်တော်ကား ယောကျ်ားတစ်ပါးတို့၌ တပ်မက်သောစိတ် မရှိ။ လာဘ်သပ်၏ ပြန့်ပြောခြင်း, အခြံအရံ၏ ပြန့်ပြောခြင်းသို့ ရောက်၏။ ကိုယ်,စိတ် ၂ပါး ချမ်းသာ၏။ မပင်မပန်းသောကိုယ် ရှိ၏။

မယ်တော့်ဝမ်းတွင်း၌ တည်သောဘုရားလောင်းကိုလည်း ကြည်လင်လှစွာသော ပတ္တမြား၏အတွင်း၌ ထည့်အပ်သော ချည်ဖြူကြိုးကဲ့သို့ မြင်ရ၏။ ဘုရားလောင်းနေတော်မူသော ဝမ်းတိုက်သည် စေတီတိုက်,စေတီအိမ် နှင့် တူ၏။

ဘုရားလောင်းမှ တစ်ပါးသော သတ္တဝါတို့နေခြင်း, သုံးဆောင်ခြင်းငှာ မထိုက်။ ထို့ကြောင့် ဘုရားလောင်း၏ မယ်တော်တို့သည် ဖွား၍၊ ၇ ရက်ရှိပြီးသော် သေလွန်၍ တုသိတာနတ်ပြည်၌ ဖြစ်ကုန်သည်။

တစ်ပါးသောမိန်းမတို့သည် ၁၀ လမရောက်မီ ၁၀ လထက် အလွန်နေသည်။ ဖွားမြင်သောအခါ ထိုင်၍ ဖြစ်စေ, အိပ်၍ဖြစ်စေ ဖွားကုန်သကဲ့သို့ ဘုရားလောင်းမယ်တော်တို့ကား ဤသို့ မဟုတ်ကုန်။ ၁၀ လစေ့တွင် သာ ဖွားမြဲ, ရပ်သောဣရိယာပုထ်ဖြင့် ဖွားကုန်မြဲ ဓမ္မတာတည်း။

## ၄- လုမ္ဗိနီအင်ကြင်းတော၌ ဘုရားလောင်းကိုဖွားမြင်ခြင်း

သိရိမဟာမာယာ မိဖုရားသည်ကား သပိတ်ဖြင့်ဆီကို ဆောင်သကဲ့သို့ ၁၀ လပတ်လုံး ဝမ်းဖြင့် ဘုရား လောင်းကိုလွယ်၍၊ ရင့်သောကိုယ်ဝန်ရှိပြီးသော် အဆွေအမျိုးတို့အိမ်သို့ သွားလိုသည်ဖြစ်၍ သုဒ္ဓေါဒနမင်းကြီး အား "အရှင်မင်းကြီး။ အဆွေအမျိုးတို့၏ ဥစ္စာနေရာဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုပါသည်" ဟု လျှောက်ကြားလေ၏။

သုဒ္ဓေါဒနမင်းလည်း "ကောင်းပြီ။ သွားလော့"ဟု ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်တိုင်အောင် လမ်း ခရီးတို့ကို ညီညွတ်သုတ်သင်စေ၍ လမ်းပါး ၂ ဖက်တို့၌ ငှက်ပျောပင်စိုက်ခြင်း, ရေပြည့်အိုး တည်ခြင်း, တံခွန်ကုက္ကား မုလေးပွား စိုက်ခြင်း အစရှိသည်တို့ဖြင့် တန်ဆာဆင်စေ၍ မိဖုရားကိုရွှေထမ်းစင်၌ စီးစေ၍၊ အမတ် ၁၀၀၀ တို့ကို ချီမစေလျက် များသောအခြံအရံတို့ဖြင့် ပို့စေ၍၊ ကပိလဝတ်ပြည်, ဒေဝဒဟပြည်တို့၏ အကြား၌နေကုန်သောသူတို့၏ 'လုမ္ဗိနီ'မည်သော, မင်္ဂလာရှိသောအင်ကြင်းတောသည် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိဖုရား သွားသောအခါ အလုံးစုံသောအင်ကြင်းတောသည် ပင်လုံးကျွတ်ပွင့်၏။ အခက်အကြား၊ အပွင့်အကြားတို့မှ ၅ ပါးသောအဆင်းရှိသော ပိတုန်းတို့သည် လည်းကောင်း၊ အထူးထူးအပြားပြားရှိသော ငှက်အပေါင်းတို့သည် လည်းကောင်း သာယာစွာသောအသံဖြင့် တွန်မြူးထူးကုန်၏။ လုမ္ဗိနီအင်ကြင်းတောအလုံးသည်လည်း စိတ္တလတာဥယျာဉ်ကဲ့သို့၊ ကြီးသောအာနုဘော်ရှိသော မင်း၏ အိမ်ဈေးသဘင်ကဲ့သို့ ဖြစ်၏။

သိရိမဟာမာယာမိဖုရားသည် မွေ့လျော်ဖွယ်ရှိသော အင်ကြင်းတောကိုမြင်၍၊ မွေ့လျော်ပျော်ပါးကစားလိုသောစိတ် ဖြစ်၍၊ အမတ်တို့သည် မိဖုရားကို ဆောင်ယူ၍ အင်ကြင်းတောသို့ သွင်းကုန်၏။ မိဖုရားသည် မင်္ဂလာရှိသော အင်ကြင်းပင်ရင်းသို့ ကပ်၍ အင်ကြင်းခက်ကို လက်ဖြင့် လှမ်းယူလိုသောစိတ် ဖြစ်၏။ ထိုအခါ အင်ကြင်းခက်တို့သည် မှုဉ်းအပ်သောကြိမ်ညွန့်ကဲ့သို့ ညွတ်၍ မိဖုရား၏လက်အနီးသို့ ရောက်၏။ သိရိမဟာမာယာမိဖုရားသည် လက်ကိုဆန့်၍ ကမ်းလေ၏။

ထိုခဏ၌ပင်လျှင် မိဖုရားအား ကံကြောင့်ဖြစ်သော လေတို့သည် လှုပ်ရှားကုန်၏။ ထိုအခါ၌ အမတ်တို့သည် တင်းထိမ်ရံစေ၍ လူအများကို ရှားလတ်စေကုန်၏။ သိရိမဟာမာယာမိဖုရားသည်လည်း အင်ကြင်းခက်ကို လက်ဖြင့် လှမ်းယူ၍ ရပ်လျက်ပင်လျှင် ဘုရားလောင်းကို ဖွားမြင်တော်မူလေ၏။

ထိုခဏ၌ ဗြဟ္မာကြီး ၄ ယောက်တို့သည် ရွှေကွန်ရက်ဖြင့် ဘုရားလောင်းကို ကောင်းမွန်စွာခံကြကုန်၍ မယ်တော် မိဖုရား၏ရှေ့၌ ထားကုန်၏။

"မိဖုရား ဝမ်းမြောက်ဝမ်းသာခြင်းကို ဖြစ်စေလော့။ သင်မိဖုရားအား တန်ခိုးကြီးသော သားကောင်းရတနာ ရပေသည်" ဟု ဆိုကုန်၏။

တစ်ပါးသောသူငယ်တို့မူကား အမိဝမ်းမှ ဖွားမြင်ကုန်သည်ရှိသော် မစင်မကြယ်။ စက်ဆုပ်ဖွယ်လိမ်းကျံလျက် ဖွားမြင်ကြကုန်၏။ ဘုရားလောင်းသည်မူကား တစ်စုံတစ်ခုသော မစင်မကြယ်သောအမှုဖြင့် လိမ်းကျံခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်စွာ ကာသိကတိုင်း၌ဖြစ်သော ပုဆိုးပေါ်၌တင်ထားအပ်သော ပတ္တမြားရတနာကဲ့သို့ တင့်တယ်ထွန်းပလျက် တရားဟောပလ္လင်မှဆင်းသက်သော တရားဟောပုဂ္ဂိုလ်ကဲ့သို့၊ လှေကားမှဆင်းသက်သော ယောကျ်ားကဲ့သို့၊ လက်တော် ၂ ဖက်၊ ခြေတော် ၂ ဖက်တို့ကို ဆန့်၍ ရပ်လျက်သာလျှင် မယ်တော့်ဝမ်းမှ ဖွားတော်မူ၏။

ဤသို့ စင်ကြယ်စွာဖြင့် ဖွားမြောက်ငြားသော်လည်း ဘုရားလောင်းအား လည်းကောင်း၊ ဘုရားလောင်းမယ်တော်အား လည်းကောင်း ပူဇော်လိုသည်ဖြစ်၍၊ အထက်ကောင်းကင်မှ ရေအယဉ် ၂ ခုတို့သည် ထွက်ကျကုန်၍ ဘုရားလောင်း၏လည်းကောင်း၊ ဘုရားလောင်းမယ်တော်၏လည်းကောင်း ကိုယ်အင်္ဂါကို ယူစေကုန်၏။ (ရေအယဉ် ၂ ပါးမှာ ရေနွေး၊ရေအေး ၂ ပါးကို ဆို၏။)

ထို့နောင်မှ ဘုရားလောင်းကို ရွှေကွန်ရက်ဖြင့် ခံ၍ ရပ်အပ်ကုန်သော ဗြဟ္မာကြီးတို့၏လက်မှ၊ နတ်မင်းကြီး ၄ ယောက်တို့သည် 'မင်္ဂလာရှိသည်'ဟူ၍ သမုတ်ခေါ်ဝေါ်အပ်သော၊ နူးညံ့သောအတွေ့ရှိသော သစ်နက်ရေဖြင့် ခံလင့်ကုန်၏။ ထိုနတ်မင်းကြီး ၄ ယောက်တို့၏လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံကုန်၏။

လူတို့လက်မှ လွတ်၍ မြေပေါ်၌ရပ်လျက် အရှေ့အရပ်မျက်နှာကို ကြည့်တော်မူသော်၊ အထောင်မကများစွာသော စကြဝဠာတို့သည် တစ်ပြင်တည်း ဖြစ်ကုန်၏။ ထိုအရပ်တို့၌နေကုန်သော နတ်၊လူတို့သည် ပန်းနံ့သာ အစရှိသည်တို့ဖြင့်ပူဇော်ကုန်လျက် "ယောကျ်ားမြတ်။ ဤလောက၌ အရှင်ယောကျ်ားမြတ်နှင့် တူသောသူမရှိ။ လွန်မြတ်သောသူကား အဘယ်မှာ ရှိတော့အံ့နည်း" ဟု ဆိုကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တူရူအရပ်မျက်နှာ၊ အထောင့်သောအရပ်မျက်နှာ၊ အောက်မျက်နှာ၊ အထက်မျက်နှာ ဟူကုန်သော ၁၀ မျက်နှာတို့ကိုကြည့်သော်၊ မိမိနှင့်တူသောသူကို မမြင်၍၊ 'ဤသည်ကား မြောက်မျက်နှာအရပ်တည်း' ဟု နှလုံးပြု၍၊ ၇ ဖဝါး လှမ်း၍ သွား၏။

မြဟ္မာကြီးတို့သည် ထီးဖြူဆောင်းလျက် ရပ်ကုန်၏။ သုယာမနတ်သားသည် သားမြီးယပ်ကိုကိုင်လျက် ရပ်၏။ တစ်ပါးသောနတ်သားတို့ကား 'ရွှေခြေနင်း၊ ရွှေသန်လျက်၊ ပတ္တမြားသင်းကျစ်' ဟူသော မင်းမြောက်တန်ဆာလက်စွဲလျက် ရပ်ကုန်၏။

၇ ဖဝါးလှမ်းပြီးမှ ရပ်၍၊ ''ငါသည် လောကထက် မြတ်၏'' ဟု မကြောက်မရွံ့သောစကားကို မြွက်တော်မူလျက် ရဲရင့်သောအသံတော်ကို ကျူးတော်မူ၏။

ငါတို့ဘုရားလောင်းတော်သည် မဟောသဓာ အဖြစ်၌လည်းကောင်း၊ ဝေဿန္တရာ အဖြစ်၌လည်းကောင်း၊ အဆုံးစွန်သောကိုယ်တော်၏ အဖြစ်၌လည်းကောင်း၊ ဤ ၃ ဘဝတို့တွင် ဖွားသောခဏ၌ စကားကို ဆိုတော်မူ၏။

- မဟောသဓာ ဖြစ်သောအခါ၌ မယ်တော့်ဝမ်းမှ ဖွားစကပင်လျှင် သိကြားမင်း လာ၍၊ စန္ဒကူးနှစ်ကို ဘုရားလောင်းလက်၌ ထား၍ သွားလေ၏။ ဘုရားလောင်း မဟောသဓာလည်း စန္ဒကူးနှစ်ကို လက်၌ ဆုပ်ကိုင်၍ ဖွားလေသတည်း။
  ထိုအခါ၌ ဘုရားလောင်းကို မယ်တော်သည် ''ချစ်သား။ အဘယ်ဝတ္ထုကို ကိုင်ယူခဲ့သနည်း'' ဟု မေး၏။
  ''မိခင်။ ဆေးတည်း'' ဟု ဆိုပေ၏။
  ဆေးကိုကိုင်၍ လာသောကြောင့် ဘုရားလောင်းအား 'ဩသဓသူငယ်' ဟူ၍ အမည်မှည့်ကြကုန်၏။ ထိုဆေးကို အိုးစရည်း၌ထည့်၍ လာတိုင်းလာတိုင်း ကန်းသောသူ၊ နားပင်သောသူမှစ၍ ခပ်သိမ်းသော ရောဂါအမျိုးမျိုးကို ငြိမ်းစေခြင်းငှာ ထိုစန္ဒကူးနှစ်သည်သာလျှင် ဆေးဖြစ်ပေ၏။
  ထို့နောင်မှ 'ဤဆေးမြစ်သည် မြတ်ပေသည်' ဤသို့ဆိုကြသော စကားကိုစွဲ၍ ဘုရားလောင်းအား 'မဟောသဓာ' ဟူသောအမည် တွင်လေ၏။
- ဝေဿန္တရာအဖြစ်၌ကား မယ်တော့်ဝမ်းမှ ဖွားစကပင်လျှင် လက်ယာလက်ကို ဆန့်၍၊ ''မိခင်။ အိမ်၌ တစ်စုံတစ်ခုသောပစ္စည်းဥစ္စာ ရှိပါသလော။ ငါ အလှူပေးလိုသည်'' ဟု ဆိုတော်မူလျက် ဖွား၏။ ထိုသို့မေးသောအခါ ဝေဿန္တရာဘုရားလောင်း၏ မယ်တော်သည် ''ချစ်သား။ ဥစ္စာများသောအမျိုး၌ ဖြစ်သည်'' ဟုဆို၍၊ သားတော်၏လက်ကို မယ်တော့်လက်ဖဝါးပြင်၌ ထားသည်ကိုပြု၍ သပြာ ၁၀၀၀ ထုပ်ကို ပေးလေ၏။
- ဤအဆုံးစွန်သောကိုယ်တော်၏အဖြစ်၌ကား- 'အဂ္ဂေါဟမသ္မိလောကဿ' ဟူသော မကြောက်မရွံ့သောအသံတော်ကို မြွက်တော်မူ၏။

ဤသို့ ငါတို့ဘုရားလောင်းတော်သည် ၃ ဘဝတို့၌ မယ်တော့်ဝမ်းမှ ဖွားတော်မူစကပင်လျှင် စကားကို ဆိုတော်မူ၏။ ပဋိသန္ဓေနေစက ၃၂ ပါးသော ပုဗ္ဗနိမိတ်ထင်သကဲ့သို့၊ ဖွားတော်မူသော အခါ၌လည်း ၃၂ ပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်ကုန်သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း ဖွားတော်မူသောအခါ၌ တစ်ချက်တည်း, တစ်ချိန်တည်းပင်လျှင်- 'ကစ္စာနာဒေဝီ'မည်သော ရာဟုလာမင်းသားမယ်တော် ယသောဓရာမင်းသမီး, ဘထွေးတော်အမိတ္တေဘာဒနသား ဖြစ်သော ညီတော်အာနန္ဒာ, ဆန္နအမတ်, ကာဠုဒါယီအမတ်, ကဏ္ဍကမြင်းတို့သည် ဖွားကုန်၏။ မဟာဗောဓိညောင်တော်လည်း ပေါက်လာ၏။ ရွှေအိုးကြီး ၄ လုံးတို့သည်လည်း ပေါက်လာကုန်၏။ ၄ လုံးသော ရွှေအိုးကြီးတို့တွင် 'သခ်'မည်သော ရွှေအိုးကြီး၁လုံးကား ဂါဝုတ်ပမာဏ ရှိ၏။ 'ဓာလ'မည်သော ရွှေအိုးကြီး၁လုံးကား ယူဇနာခွဲပမာဏ ရှိ၏။ 'ဥပ္ပလ' မည်သော ရွှေအိုးကြီးတစ်လုံးကား ၃ ဂါဝုတ် ပမာဏရှိ၏။ 'ပုဏ္ဍရိက' မည်သော ရွှေအိုးကြီး၁လုံးကား ၁ ယူဇနာပမာဏရှိ၏။ အနက်အစောင့်အားဖြင့် မြေကြီးအထု အဆုံးရှိ၏။ ဤ ၇ ပါးတို့သည် ဖွားဖက်တော်ဖြစ်ကုန်၏။

ထို့ကြောင့် 'သိကြောင်းထုတ်ဖော်[၁]၊ ဖွားဖက်တော်ကား၊ ယသော်ဓရာ၊ အာနန္ဒာနှင့်၊ မဟာဗောဓိ၊ ကဏ္ဍိကမြင်း၊ ကျွန်ရင်းဆန်၊ မတ်မွန်ကာဠု၊ လေးခုရွှေအိုး၊ ကျမ်းရိုးဟောထား၊ ခုနစ်ပါး တည်း။' ဟု ပညာရှိတို့ စပ်ဆိုကုန်သတည်း။

## ၅- ကာဠဒေဝီလရသေ့၏ဆံကျစ်၌ ဘုရားလောင်း တည်ရပ်တော်မူခြင်း

ဒေဝဒဟပြည်, ကပိလဝတ်ပြည်၌ နေကုန်သောသူတို့သည် ဘုရားလောင်းကို ဆောင်ယူ၍ ကပိလဝတ်ပြည်သို့သာလျှင် သွားကြလေကုန်၏။ ထိုနေ့၌ပင်လျှင် ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်းကြီးဝယ် သားတော်ဖွားသည်။ ထိုမင်းသားကား ဗောဓိပင်ရင်း၌ သစ္စာ ၄ ပါးတရားကို သိသော 'ဘုရားစင်စစ် ဖြစ်လတ္တံ့'ဟု တာဝတိံသာနတ်ပြည်၌ နတ်တို့သည် အလွန်ရွှင်လန်း၍ ဝမ်းမြောက်ခြင်းရှိကုန်သဖြင့် စုလျားပုဆိုးကိုမြှောက်ခြင်း အစရှိသည်တို့ကို ဖြစ်စေလျက် ကစားကုန်၏။

ထိုအခါ၌ သုဒ္ဓေါဒနမင်းကြီး၏နန်းတော်သို့ ရောက်မြဲ, ကပ်မြဲဖြစ်သော ၈ ပါးသော ဈာန်သမာပတ်ကို ရသော 'ကာဠဒေဝီလ' အမည်ရှိသော ရသေ့သည် ဆွမ်းစားခြင်းကိစ္စကို ပြုပြီး၍ နေ့နေအံ့သောငှာ တာဝတိံသာ နတ်ပြည်သို့ သွားလေသော်၊ နတ်တို့သည် မြူးထူးရွှင်ပျကစားကြသည်ကို မြင်၍၊ "အဘယ့်ကြောင့် နတ်တို့ နှစ်လိုဝမ်းသာ ပြုကြကုန်သနည်း။ ငါ့အားလည်း ထိုအကြောင်းကို ပြောဆိုကြပါလော့" ဟု မေးသည် ရှိသော်၊ နတ်တို့သည် "ရှင်ရသေ့။ သုဒ္ဓေါဒနမင်းကြီးမှာ သားတော် ဖွားသည်။ ထိုသားတော်ကား ဘုရားစင်စစ်ဖြစ်တော်မူ၍ တရားဒေသနာတော်ကို ဟောလတ္တံ့။ မရေတွက်နိုင်, မအံ့သြနိုင်သော ဘုရား၏စံပယ်ခြင်း, တင့်တယ်ခြင်းကို မြင်ရတော့မည်။ တရားတော်ကိုလည်း နာရတော့မည်ဟု နှစ်သက်ရွှင်လန်း ဝမ်းသာကြပါသည်" ဟု ဆိုပေကုန်၏။

ကာဠဒေဝီလရသေ့လည်း နတ်တို့၏စကားကိုကြား၍ အဆောတလျင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ခဲ့၍ သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ဝင်လေ၍ ခင်းအပ်သောနေရာထက် နေလျက်၊ "မင်းကြီးမှာ သားတော် ဖွားသည်ဟု ငါကြားသည်။ သားတော်ကို ငါ ဖူးမြင်လိုသည်" ဟုဆိုလေသော်၊ သုဒ္ဓေါဒနမင်းကြီးသည် လည်း တန်ဆာဆင်ခြင်းနှင့်စပ်သော မင်းသားကို ဆောင်ယူစေ၍ ကာဠဒေဝီလရသေ့ကို ရှိခိုးစေခြင်းငှာ ရှေ့သို့ ဆောင်၏။ဘုရားလောင်းမင်းသားလည်း ခြေတော်ကိုဖြန့်၍ ရသေ့၏ဆံကျစ်တို့၌ တည်လေ၏။

၁- သိကြားထုတ်ဖော်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းတို့သည် အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌ ရှိခိုးထိုက်သောသူမရှိ။ မသိသောသူတို့သည် အကယ်၍ ဘုရားလောင်း၏ဦးခေါင်းကို ရသေ့၏ခြေရင်း၌ ထားချေတုံအံ့။ ရသေ့၏ဦးခေါင်း ၇ စိတ် ကွဲလေရာ၏။

ကာဠဒေဝီလရသေ့သည် 'ငါ့ကိုယ်ကို ဖျက်ဆီးခြင်းငှာ မသင့်'ဟု နေရာမှထ၍ ဘုရားလောင်းအား လက်အုပ်ချီ လေ၏။

သုဒ္ဓေါဒနမင်းကြီးသည် ထိုသို့သော အံ့ဖွယ်ကိုမြင်၍ သားတော်ကို ရှိခိုးလေ၏။

ကာဠဒေဝီလရသေ့သည် အဘိညာဉ်ကို ရသူဖြစ်သောကြောင့် လွန်လေပြီးသည့် ကမ္ဘာ ၄၀၊ လာလတ္တံ့သည့် ကမ္ဘာ ၄၀၊ ဤသို့ ကမ္ဘာ ၈၀ တို့ကို မြင်နိုင်၊ အောက်မေ့နိုင်၏။

ဘုရားလောင်းလက္ခဏာတော်၏ ပြည့်စုံခြင်းကို မြင်၍၊ 'ဘုရားဖြစ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော' ဟု စုံစမ်းဆင်ခြင်လတ်သော်၊ 'ကေန်စင်စစ် ဘုရား ဖြစ်လတ္တံ့' ဟုသိ၍၊ 'ဤသူကား အံ့ဖွယ်သရဲ ကြီးမြတ်ခြင်း ဖြစ်ပေသည်တကား' ဟု ပြုံးရယ်ခြင်းကို ပြု၏။

ထို့နောက်မှ တစ်ဖန် 'ဤယောကျ်ားမြတ် ဘုရားဖြစ်သောအခါ၌ ငါသည် ဖူးတွေ့ရပါမည်လော' ဟု စူးစမ်းဆင်ခြင်ပြန်သော်၊ 'မဖူး မတွေ့ရချေ။ ဘုရားမဖြစ်မီပင်လျှင် အသက်အပိုင်းအခြားသို့ ရောက်၍ စုတေလျှင်၊ ဘုရား အရာအထောင်ပင်သော်လည်း ကိုယ်တိုင်ကြွ၍ သစ္စာ ၄ ပါးတရားတော်ကို ပြောကြားသော်လည်း မတတ်နိုင် ကောင်းသော အရူပဘုံ၌ ငါသည် ဖြစ်ရလိမ့်သတည်း' ဟု မြင်၍၊ 'ဤသို့သဘောရှိသော ယောကျ်ားမြတ် ဘုရားဖြစ်သည်ကိုလည်း ငါ မဖူး မတွေ့ထိုက်ချေ။ ငါ့အား ရှုံးခြင်းကြီး ရှုံးခဲ့ပြီ' ဟု နှလုံးမသာ ငိုကြွေး၏။

လူတို့ မြင်ကုန်၍၊ "ရသေ့။ ယခုပင်လျှင် ရယ်၍ ယခုပင် ငိုကြွေးပြန်သည်။ အကြောင်း အသို့တုံနည်း။ ငါတို့အရှင့်သားအား တစ်စုံတစ်ခုသောအန္တရာယ် ရှိသလော"ဟု မေး၍၊ "အရှင်သားအား အန္တရာယ်တစ်စုံတစ်ခု မျှ မရှိပေ။ ကေန်စင်စစ် ဘုရား ဖြစ်ပေလိမ့်မည်တည်း" ဟုဆို၏။ ထိုသို့ ဘုရားဖြစ်မည် မှန်လျှင် အဘယ် ကြောင့် ငိုကြွေးဘိသနည်း" ဟု မေးကုန်သော် "ဤယောကျ်ားမြတ် ဘုရားဖြစ်မည်ကို ငါ မဖူးထိုက်ချေ။ 'ငါ့အား ရှုံးခြင်းကြီး ရှုံးချေသည်'ဟု ငါ၏ကိုယ်ကို အလွန်စိုးရိမ်၍ ငိုကြွေးသတည်း" ဟု ဆို၏။

## ၆- ကာဠကသတို့သားအကြောင်းကို ပြခြင်း

ထိုသို့ဆိုပြီးသောနောက်မှ ကာဠဒေဝီလရသေ့သည် 'အသို့တုံနည်း။ ငါ၏ဆွေမျိုးတို့တွင် တစ်စုံတစ်ယောက် သောသူသည် ဤယောကျ်ားမြတ် ဘုရားဖြစ်သည်ကို ဖူးမြင်ထိုက်ပါလိမ့်မည်လော'ဟု စုံစမ်းဆင်ခြင်သော်၊ မိမိ၏တူဖြစ်သော နာဠကသတို့သားသည် ဖူးမြင်ထိုက်မည်ကို မြင်လျှင်၊ ကာဠဒေဝီလရသေ့သည် နှမအိမ် သို့ သွားလေ၍၊ "သင်၏သား နာဠကသတို့သားကား အဘယ်မှာနည်း" ဟု မေးလေသော်၊ "အရှင်ရသေ့။ အကျွန်ုပ်တို့အိမ်တွင်း၌ပင် ရှိပါ၏" ဟု ဆိုပေ၏။

"ထို နာဠကသတို့သားကို ခေါ်လော့" ဟု ခေါ်စေ၍၊ မိမိထံသို့ရောက်လာသော နာဠကသတို့သားကို "ငါ့တူ နာဠက။ သုဒ္ဓေါဒနမင်းကြီးနန်းတော်၌ ဖွားသောသားတော်သည် ဘုရားလောင်းပေတည်း။ ၃၅ နှစ် လွန်လျှင် ဘုရား ဖြစ်လတ္တံ့။ သင်သည် ထိုဘုရားကို ဖူးမြင်ထိုက်လိမ့်မည်။ သင်သည် ယနေ့ပင် ရဟန်းပြုလော့" ဟုဆို၏။

၈၇ ကုဋေကြွယ်သော အမျိုး၌ဖြစ်သော နာဠကသတို့သားသည်လည်း 'ငါ့ကို ဦးရီးသည် အကျိုးမဲ့ကို မဆိုတန်' ဟု အကြံရှိ၍၊ ထိုနေ့ပင်လျှင် အိမ်ဈေးအလယ်မှ သင်္ကန်း၊ သပိတ်တို့ကို ဝယ်စေ၍၊ ဆံ၊ မုတ်ဆိတ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရိတ်စေ၍၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍၊ "အကြင်ပုဂ္ဂိုလ်သည် လောက၌ မြတ်သောပုဂ္ဂိုလ် ဖြစ်၏။ ထိုပုဂ္ဂိုလ်မြတ်ကို ရည်မှတ်၍ ငါ ရဟန်းပြုသတည်း"ဟု ဘုရားလောင်းရှိရာ လက်အုပ်ချီ၍ ၅ ပါး သောထိခြင်းဖြင့် ရှိခိုးလျက်၊ သပိတ်ကို သပိတ်အိတ်၌ ထည့်၍ ပခုံး၌လွယ်ပြီးသော်၊ ဟိမဝန္တာတောသို့ သွား၍ ရဟန်းတရားကို အားထုတ်လေ၏။

ထိုနာဠကသည် ဘုရားပွင့်တော်မူသောအခါ ဘုရားအထံသို့ ကပ်၍၊ မောနေယျအကျင့်ကို ဟောစေ၍၊ တစ်ဖန် ဟိမဝန္တာတောသို့ ဝင်၍ ရဟန္တာအဖြစ်သို့ ရောက်၏။

ဥက္ကဋ္ဌဖြစ်သော မောနေယျအကျင့်ကို ကျင့်၍၊ ၇ လသာ အသက်ကို စောင့်ရှောက်၍၊ တစ်ခုသော ရွှေတောင်ကို မှီ၍ရပ်လျက်ပင်သာ ဝိပါက်ကမ္မဇ ရုပ်ကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလေ၏။

ဘုရား ၁ ဆူ - ၁ ဆူတွင် မောနေယျအကျင့်ကိုကျင့်သူ ၁ ယောက်- ၁ ယောက်သာ ရှိမြဲ။ ငါတို့ ဘုရား လက်ထက်တော်၌ နာဠကမထေရ်ကား ဥက္ကဋ္ဌဖြစ်တော်မူသောကြောင့် ကျင့်သည့်နေ့မှ ၇ လသာ အသက်ရှည်သည်။ မဇ္ဈိမကျင့်သော် ၇ နှစ်၊ မုဒုကျင့်သော် ၁၂ နှစ် အသက်ရှည်နိုင်၏။

## ၇- ပုဏ္ဏားတို့အား လက္ခဏာတော်ကို ဖတ်စေခြင်း

ဘုရားလောင်းကို ဖွားတော်မူ၍ ၅ ရက်မြောက်သောနေ့၌ "ဦးခေါင်းဆေး၍ အမည်မှည့်အံ့" ဟူ၍ မင်းအိမ်နန်းတော်ကို 'အကျော်, တောင်ဇလပ်, ပရုတ်နှစ်, စန္ဒကူးနှစ်' ဟုဆိုအပ်သော နံ့သာမျိုး ၄ ပါးတို့ဖြင့် လိမ်းကျံစေ၍၊ 'ဇလပ်ပန်း, မုလေးပန်း, နေဇာမြက်, ထမင်း, ပေါက်ပေါက်' ဟူသော ပန်းမျိုး ၅ ပါးတို့ကို ကြဲစေလျက် ရေမရောသော နို့ဃနာတို့ကို ပြည့်စုံစေ၍၊ ဗေဒင် ၃ ပုံတို့ကို အကုန်တတ်သော ၁၀၈ ယောက်သော ပုဏ္ဏားတို့ကို ပင့်ခေါ်၍ နန်းတော်တွင်း၌ ..စေပြီးသော်၊ ကောင်းမြတ်သောဘောဇဉ်တို့ကို ကျွေးမွေး၍၊ များစွာ သောပူဇော်သကာကိုပြု၍ လက္ခဏာ ဖတ်စေကုန်၏။

ထို ၁၀၈ ယောက်သော ပုဏ္ဏားတို့တွင် ရာမပုဏ္ဏား ၁ ယောက်, ဓဇပုဏ္ဏား ၁ ယောက်, လက္ခဏပုဏ္ဏား ၁ ယောက်, ဇောတိမန္တပုဏ္ဏား ၁ ယောက်, ယညပုဏ္ဏား ၁ ယောက်, သုဘောဇပုဏ္ဏား ၁ ယောက်, သုယာမပုဏ္ဏား ၁ ယောက်, သုဒတ္တပုဏ္ဏား ၁ ယောက်၊ ဤ ၈ ယောက်သောပုဏ္ဏားတို့သည် ထို ၁၀၈ ယောက်သောပုဏ္ဏားတို့တွင် ပါကုန်၏။ ဤ ၈ ယောက်သောပုဏ္ဏားတို့ကား လက္ခဏာတော်ဖတ် ပုဏ္ဏားတို့တည်း။

ပဋိသန္ဓေနေတော်မူသောအခါလည်း ထို ၈ ယောက်ပင် အိပ်မက်တော်ကို ဖတ်ကုန်သည်။ ထို ၈ ယောက် သောပုဏ္ဏားတို့တွင် ၇ ယောက်သောပုဏ္ဏားတို့သည် လက်ညှိုး ၂ ချောင်းကို မြှောက်၍၊ "ဤကဲ့သို့ လက္ခဏာနှင့် ပြည့်စုံသောသူသည် အကယ်၍ လူ့ဘောင်၌နေအံ့၊ စကြဝတေးမင်း ဖြစ်အံ့။ ရဟန်းပြုသည် ဖြစ်အံ့၊ ဘုရား ဖြစ်အံ့"

ဤသို့ ဖတ်ကြကုန်၏။ စကြဝတေးမင်း၏ အလုံးစုံသောအသရေစည်းစိမ်ကိုလည်း ကြားကုန်၏။

ထို ၈ ယောက်သောပုဏ္ဏားတို့တွင် အငယ်ဆုံး 'သုဒတ္တ'မည်သော အနွယ်အားဖြင့် ကောဏ္ဍည အမည် ရှိသောပုဏ္ဏားသည် ဘုရားလောင်း၏ မြတ်သောလက္ခဏာ၏ပြည့်စုံခြင်းကို မြင်၍၊

'ဤမင်းသားကား လူ၏ဘောင်၌ နေခြင်းအကြောင်းသည် မရှိ။ ဧကန်စင်စစ် ဝဋ်တရားမှပြတ်သော ဘုရား ဖြစ်မည်' ဟု လက်ညှိုးတစ်ချောင်းတည်းကိုသာ ချီမြှောက်၍၊ "ဧကန် ဘုရားဖြစ်အံ့" ဟူသော စကားကို ဆိုပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအရာ၌ ဆရာကောဏ္ဍညသည်ကား ဖြည့်အပ်ပြီးသော ပါရမီသမ္ဘာရရှိသော ပစ္ဆိမဘဝိက ပုဂ္ဂိုလ် တည်း။ ပညာအားဖြင့် ၇ ယောက်သောပုဏ္ဏားကြီးတို့ကို လွှမ်းမိုးကဲလွန်၍ ဤကဲ့သို့သော လက္ခဏာ နှင့်ပြည့်စုံသော ဘုရားလောင်း၏ 'စင်စစ် ဘုရား ဖြစ်အံ့' ဟူသော တစ်ခုသောအလားကိုသာ မြင်လေသတည်း။ ထို့ကြောင့် လက်ညှိုးတစ်ချောင်းကိုသာ ချီ၍ ဤကဲ့သို့ လက္ခဏာဖတ်သတည်း။

## ၈- ဘုရားလောင်းကို အမည် မှည့်ခြင်း

ထိုနောင်မှဘုရားလောင်းအား အမည်ကို မှည့်ကြကုန်လတ်သော် အလုံးစုံသောလူတို့၏ အကျိုးပြီးခြင်းကို ပြုတတ်သောကြောင့် 'သိဒ္ဓတ်မင်းသား' ဟူသောအမည်ကို မှည့်ကုန်၏။

'သဗ္ဗလောကဿ အတ္တသိဒ္ဓိကရတ္တာ သိဒ္ဓတ္ထောတိနာမံ အကံသု။' ပါဠိ ရှိ၏။ ။

''သဗ္ဗလောကဿ၊ အလုံးစုံသောလူ၏။ အတ္တသိဒ္ဓိကရတ္တာ၊ အကျိုး၏ပြီးခြင်းကို ပြုတတ်သောကြောင့်။ သိဒ္ဓတ္ထောတိနာမံ၊ 'သိဒ္ဓတ်မင်းသား' ဟူသောအမည်ကို။ အကံသု၊ မှည့်ကုန်၏။

## ၉- မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ ဖြစ်ခြင်း

သိရိမဟာမာယာ မိဖုရားသည်လည်း သားတော်ကိုဖွား၍ ၇ ရက် ရှိပြီးသော် သေလွန်၍၊ မိမိကုသိုလ်ကံ အာနုဘော်အားဖြင့် တုသိတာနတ်ပြည်၌ နတ်သား ဖြစ်လေ၏။ မယ်တော်မာယာသည် သားဖွားခြင်းကြောင့် သေလွန်သည် မဟုတ်။ အသက်အပိုင်းအခြားစေ့သဖြင့် သေလွန်သတည်း။

## ၁၀- ပဉ္စဝဂ္ဂီ ၅ ယောက်တို့ကို ပြခြင်း

လက္ခဏာဖတ်ပြီးသော နောင်မှ ပုဏ္ဏားတို့သည် မိမိတို့၏အိမ်သို့ သွားကုန်၍၊ သားတို့ကို ခေါ်၍၊ ''ချစ်သား တို့။ ငါတို့ကား အသက် ကြီးကုန်ပြီ။ သုဒ္ဓေါဒနမင်းကြီး၏သား ဘုရားအဖြစ်သို့ ရောက်သည်ကို ငါတို့ မီမည်၊ မမီမည်ကို မသိနိုင်ကုန်။ သင်တို့သည် မင်းသား ဘုရားဖြစ်တော်မူသောအခါ ဘုရားအဆုံးအမတော်၌ တည်၍ ရဟန်းပြုလေကုန်'' (ဟုဆိုကုန်၏။) ၇ ယောက်သော[၁] ပုဏ္ဏားကြီးတို့သည် အသက်အတိုင်းနေ၍ ကံအားလျော်စွာ လားလေကုန်၏။ ကောဏ္ဍညအနွယ်ဖြစ်သော သုဒတ္တပုဏ္ဏားငယ်သာလျှင် ရောဂါအနာမရှိဘဲ အသက်ရှည်၏။

ဘုရားလောင်း တောထွက်တော်မူ၍၊ အစဉ်သဖြင့် ဥရုဝေလတောသို့ သွား၍ 'ဤမြေအရပ်သည် နှစ်လို မွေ့လျော်ဖွယ် ရှိလေစွတကား။ ကမ္မဋ္ဌာန်းစီးဖြန်းသော အမျိုးသားအား ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ သင့်လှပေသည် တကား'ဟု စိတ်ကိုဖြစ်စေ၍ ဥရုဝေလတော၌ နေတော်မူသည်ရှိသော်၊ 'ဘုရားလောင်း ရဟန်းပြုပြီ' ဟု ကြား၍၊ ထိုပုဏ္ဏား၏သားတို့သို့ ချဉ်းကပ်၍၊ ''သိဒ္ဓတ်မင်းသား ရဟန်းပြုပြီ။ ထိုမင်းသားသည် မချွတ်ဘုရား ဖြစ်လတ္တံ့။ အကယ်၍ သင်တို့အဖတို့သည် ယခုတိုင် ရှိသေးသည်ဖြစ်ကုန်အံ့။ ယနေ့ပင် တောထွက်၍ ရဟန်း ပြုလေကုန်လတ္တံ့။ အကယ်၍ သင်တို့ ရဟန်းအဖြစ်ကို အလိုရှိကုန်အံ့။ လာကုန်လော့။ ငါတို့တစ်စု ဘုရားလောင်းကို အတုပြု၍ ရဟန်းပြုအံ့'' ဟု ဆို၏။

ထို အလုံးစုံသောပုဏ္ဏားတို့ကို ဆန္ဒတူအောင် မတတ်နိုင်ရကား၊ ပုဏ္ဏား ၇ ယောက်တို့တွင် ၃ ယောက် တို့သည် ရဟန်း မပြုကုန်။ ၄ ယောက်သောပုဏ္ဏားတို့သည် ကောဏ္ဍညပုဏ္ဏားကို ရှေ့ဆောင်ခေါင်းတည်ပြု၍ ရဟန်း ပြုကြလေကုန်၏။

[၁]- ၂ ယောက်သော။

www.burmeseclassic.com

www.burmeseclassic.com



ထို ၅ ယောက်သော[၁] ပုဏ္ဏားတို့ကား ပဉ္စဝဂ္ဂီ အရှင်တို့ပေတည်း။ ကောဏ္ဍညတို့၏ အတ္တဘောတို့ကို ရှေ့သို့လှမ်း၍ သတ်လိုက်သည်။

## ၁၁ - နိမိတ်ကြီး ၄ ပါးတို့ကိုမမြင်ရအောင် အစောင့်အရှောက်ထားခြင်း။

ထိုသို့ နိမိတ်လက္ခဏာဖတ်သောအခါ၌ သုဒ္ဓေါဒနမင်းကြီးသည် "အဘယ်သို့သောနိမိတ်ကို မြင်၍ ငါ့သား ရဟန်းပြုလိမ့်မည်နည်း" ဟု မေး၏။

"နိမိတ်ကြီး ၄ ပါးကိုမြင်၍ ရဟန်းပြုလတ္တံ့" ဟု ဆိုလေကုန်သော်၊ "အဘယ်နိမိတ်နည်း" ဟု မေးမြန်း၏။

"သူအို, သူနာ, သူသေ, ရဟန်း၊ ဤ နိမိတ် ၄ ပါးကို မြင်၍ ရဟန်းပြုလတ္တံ့" ဟု ဆိုပေကုန်သော်၊ သုဒ္ဓေါဒနမင်းကြီးသည် ထိုနေ့မှစ၍ "သူအို, သူနာ, သူသေ, ရဟန်းတို့ကို သားတော်၏ အနီးအပါးသို့ မကပ်ရောက်စေလင့်။ မပြကြကုန်လင့်။ ဘုရားအဖြစ်ဖြင့် အဘယ်မှုအံ့နည်း။ ကျွန်းငယ်အရံ ၂၀၀၀ နှင့်တကွ ကျွန်းကြီး ၄ ကျွန်းတို့ကို အစိုးရသော စကြဝတေးမင်းကြီး ဖြစ်စေလျက်၊ ၃၆ ယူဇနာအဝန်းရှိသော ပရိသတ်ဖြင့်ခြံရံလျက် ကောင်းကင်၌ တင့်တယ်စွာသွားသည်ကိုသာ မြင်လိုသည်" ဟု ဆို၍၊ ၄ ပါးသော နိမိတ်ကြီးတို့ကိုသာ မမြင်ရအောင် အရပ် ၄ မျက်နှာတို့တွင် ၁ ဂါဝုတ် - ၁ ဂါဝုတ်အရပ်၌ အစောင့်အရှောက်ထားပေ၏။

ထိုနေ့ ဦးဆေးမင်္ဂလာပြုရာအရပ်၌ စည်းဝေးကုန်သော ၈ ‌သောင်းသောဆွေတော်မျိုးတော်တို့တွင် ၁ ယောက်- ၁ ယောက်သော ဆွေတော်မျိုးတော်တို့သည် ၁ ယောက် - ၁ ယောက်သောသားကို ဝန်ခံကုန်၏။

"ဘုရားပင်မူလည်း ဖြစ်စေ, စကြဝတေးမင်း မူလည်းဖြစ်စေ။ ငါတို့သည် သား ၁ ယောက်စီ ပေးကုန်အံ့။ အကယ်၍ ဘုရားဖြစ်အံ့။ ၈ သောင်းသောမင်းမျိုး ရဟန်းအပေါင်း ခြံရံလျက် တင့်တယ်စွာသွားရလတ္တံ့။ အကယ်၍ စကြာမင်း ဖြစ်တုံအံ့။ ၈ သောင်းသော မင်းသားအပေါင်း ခြံရံလျက် တင့်တယ်စွာ လှည့်ပတ်သွားလာရလတ္တံ့" ဟု ဝန်ခံကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း ဘုရားလောင်းအား မြတ်သောအဆင်းကိုဆောင်ကုန်သော, အလုံးစုံသောအပြစ်တို့မှ ကင်းကုန်သော နို့ထိန်းတို့ကို ပေး၍ ကျွေးမွေး၏။ ဘုရားလောင်းသည် များစွာသော အခြံအရံ တင့်တယ်ခြင်းဖြင့် ကြီးတော်မူ၏။

## ၁၂- အလောင်းတော်ကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ၂ ကြိမ်မြောက် ရှိခိုးခြင်း။

တစ်နေ့သ၌ သုဒ္ဓေါဒနမင်းကြီးအား 'ပျိုးကြဲအံ့သော မင်္ဂလာနေ့' မည်သည် ဖြစ်၏။ ထိုနေ့၌ မြို့အလုံးကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်၍ အလုံးစုံသော ကျွန်, အမှုလုပ် အစရှိသူတို့သည် အစာမချေသော ပုဆိုးအဝတ်တို့ကို ဝတ်ကုန်လျက်၊ နံ့သာပန်း အစရှိသည်တို့ဖြင့် တန်ဆာဆင်ကုန်လျက် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင်း၌ စည်းဝေးကုန်၏။

သုဒ္ဓေါဒနမင်းကြီး၏ လယ်ထွန်အမှု၌ ထွန်တုံး ၁၀၀၀ ကို ယှဉ်စေကုန်၏။ ထိုနေ့၌ တစ်ခုဖြင့်ယုတ်သော ၈၀၀ သော[၂]ထွန်တုံးကို နွားတို့၏ ဦးချို, ဆွဲကြိုး, နှင်တံ တို့နှင့်တကွ ငွေပြားတို့ဖြင့် ရံအပ်ကုန်၏။ သုဒ္ဓေါဒနမင်းကြီး၏ ဆွဲကိုင်ရာထွန်တုံးကိုကား နီသောရွှေပြားဖြင့် ရံအပ်၏။ နွားတို့၏ ဦးချို, ဆွဲကြိုး, နှင်တံတို့ကိုလည်း ရွှေပြားဖြင့် ရံအပ်ကုန်၏။

၁- ထို ၄ ယောက်သော။ ၂- ၂၀၀ သော။

www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓေါဒနမင်းကြီးသည် များစွာသောအခြံအရံတို့ဖြင့် ပြည်မှထွက်လျက် သားတော်ကိုဆောင်ယူ၍ သွားလေ၏။

လယ်ထွန်ရာအရပ်၌ တစ်ခုသော ဇမ္ဗုသပြေပင်သည် ထူထဲသောအရွက် ရှိ၏။ ချမ်းမြေ့သာယာသောအရိပ် ရှိ၏။ ထိုဇမ္ဗုသပြေပင်အောက်၌ မင်းသား၏အိပ်ရာကို ခင်းစေ၍၊ အထက်၌ ရွှေကြယ်စီအပ်သော မိတာန်ကို ဆွဲ၍၊ တင်းထိမ်အာရာမ်ဖြင့် ရံစေ၍၊ အစောင့်အရှောက် ထား၍၊ သုဒ္ဓေါဒနမင်းကြီးသည် တန်ဆာဆင်ယင်၍ အမတ်အပေါင်းခြံရံလျက် လယ်ထွန်ရာအရပ်သို့ သွားလေ၏။

ထိုအရပ်၌ သုဒ္ဓေါဒနမင်းကြီးသည် ရွှေထွန်တုံးကို ကိုင်၏။ အမတ်တို့ကား တစ်ခုယုတ်သော ၈၀၀ သော[1] ငွေထွန်တုံးတို့ကို ကိုင်ကုန်၏။ လယ်ထွန်သမား ယောကျ်ားတို့ကား ကြွင်းသောထွန်တုံးတို့ကို ကိုင်ကုန်၏။ မင်း အစရှိသောသူတို့သည် ထွန်တုံးကိုကိုင်၍ ထိုမှဤမှ ထွန်ကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည်ကား ဤမှာဖက်မှသည် ထိုမှာဖက်သို့ နှင်သွား၏။ ထိုမှာဖက်မှသည် ဤမှာဖက်သို့ နှင်လာ၏။ ထိုသို့ထွန်ရာ၌ များစွာရှုဖွယ်သော စည်းစိမ် ဖြစ်၏။

ဘုရားလောင်းကို ခြံရံ၍နေကုန်သော နို့ထိန်းတို့သည် "သုဒ္ဓေါဒနမင်းကြီး၏ ရှုဖွယ်သောစည်းစိမ်ကို ကြည့်ရှုကုန်အံ့" ဟု တင်းထိမ်တွင်းမှ ထွက်လေကုန်သည်ရှိသော်၊ ဘုရားလောင်းသည် ထိုမှဤမှကြည့်လတ်သော် တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၍၊ လျင်စွာထ၍၊ ထက်ဝယ်ဖွဲ့ခွေ၍၊ ထွက်သက်, ဝင်သက်တို့ကို သိမ်းဆည်း၍ ပထမဈာန်ကို ဖြစ်စေ၏။

နို့ထိန်းတို့သည် ခဲဖွယ်ဘောဇဉ်အထူးထူးတို့ကို စီရင်ကုန်၍ အတန်ငယ် ကြာမြင့်လေကုန်၏။ တစ်ပါးသောသစ်ပင်၏ အရိပ်တို့သည် ပြောင်းရွှေ့လည်လေကုန်၏။ ဘုရားလောင်းနေသော ဇမ္ဗုသပြေပင်ရိပ်သည်ကား ဝန်းသောအရိပ်ဖြင့် တင့်တယ်လျောက်ပတ်စွာ တည်လေ၏။ နို့ထိန်းတို့သည် "အရှင့်သား။ တစ်ယောက်ထီးတည်း ရှိချေပြီ" ဟု အဆောတလျင် တင်းထိမ်ကိုပင့်၍ ဝင်ကုန်သည်ရှိသော်၊ အိပ်ရာ၌ ထက်ဝယ်ဖွဲ့၍နေသော ဘုရားလောင်းကို လည်းကောင်း, ဇမ္ဗုသပြေပင်၏ ဝန်းသောအရိပ်ရှိသော အံ့ဖွယ်သရဲကို လည်းကောင်း မြင်ကြ၍ သုဒ္ဓေါဒနမင်းကြီးအား ကြားလျှောက်ကြလေကုန်၏။

"အရှင်မင်းကြီး။ သားတော်သည် ဤသို့ နေထိုင်သည်။ တစ်ပါးသောသစ်ပင်တို့၏အရိပ်ကား လည်၍ သွားကုန်၏။ ဇမ္ဗုသပြေပင်ရိပ်ကား မပြောင်းမရွှေ့ ပြကတေ့ဝန်းဝန်း တည်သည်" ဟု ကြားလျှောက်လေကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း အလျင်တဆော လာခဲ့၍ ထိုအံ့ဖွယ်သရဲကိုမြင်လျှင်၊ "ချစ်သား။ သင်ချစ်သားအား ဤယခု ရှိခိုးခြင်းသည် ၂ ကြိမ်မြောက်သော ရှိခိုးခြင်းတည်း" ဟုဆို၍ သားတော်ကို ရှိခိုးလေ၏။

ပြန်လည်ချိန်သင့်သောအခါလည်း ပရိသတ်ခြံရံလျက် နန်းတော်သို့ပြန်လေ၏။

## ၁၃- လေးအတတ်ကို အလောင်းတော် ပြခြင်း။

ထို့နောင်မှ အစဉ်သဖြင့် ဘုရားလောင်းသည် ၁၆ နှစ်အရွယ်သို့ ရောက်လတ်သော် သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်းအား ၃ ပါးသောဥတုတို့နှင့် လျောက်ပတ်ကုန်သော 'ရမ္မ, သုရမ္မ, သုဘ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်တို့ကို ဆောက်လုပ်စေ၍၊ တစ်ဆောင်ကား ဘုံ ၉ ဆင့် ရှိ၏။ တစ်ဆောင်ကား ဘုံ ၇ ဆင့် ရှိ၏။ တစ်ဆောင်ကား ဘုံ ၅ ဆင့် ရှိ၏။ ၄ သောင်းသော ကချေသည်မိန်းမတို့ကိုလည်း လုပ်ကျွေးခစားစေ၏။

[1] ၁- ၂၀၀ သော။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသည် နတ်သမီးအပေါင်း ခြံရံအပ်သော နတ်သားကဲ့သို့ တန်ဆာဆင်အပ်သော ကချေသည် မိန်းမတို့ဖြင့် ခြံရံလျက်၊ ယောကျ်ားမရှိသော မိန်းမတို့ တီးမှုတ်အပ်သော စည်၊ စောင်း၊ ငြင်းတို့ဖြင့် စံပယ်တင့် တယ်လျက်၊ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားလျက် 'နွေ၊ မိုး၊ ဆောင်း' ဟူသော ဥတုအလှည့်အားဖြင့် ၃ ဆောင်ကုန်သော ပြာသာဒ်တို့၌ နေ၏။

ရာဟုလာ မယ်တော်ဖြစ်သော ယသောဓရာမိဖုရားသည်ကား သိဒ္ဓတ်မင်းသား၏ မိဖုရားကြီး ဖြစ်၏။

ဤသို့ အစဉ်အတိုင်း စည်းစိမ်ချမ်းသာတို့ကို ခံစားသော ဘုရားလောင်းအား တစ်နေ့သ၌ ဆွေတော် မျိုးတော်တို့၏အလယ်၌ ဤသို့ စကားဖြစ်သတည်း။

"သိဒ္ဓတ်မင်းသားသည် ကစားမြူးထူးခြင်း၌သာ လေ့လာလျက် လှည့်ပတ်သွားလာ၏။ တစ်စုံတစ်ခုသော အတတ်ကိုမျှ မသင်။ စစ်ရေးကြုံသော် အဘယ်သို့ပြုမည်နည်း" ဟု စကားဖြစ်၏။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ်မင်းသားကိုခေါ်၍ "ချစ်သား။ သင်၏ အဆွေ အမျိုးတို့သည် 'သိဒ္ဓတ်မင်းသားကား တစ်စုံတစ်ခုသောအတတ်ကိုမျှ မသင်မူ၍ ကစားမြူးထူးလျက်သာ နေတော့ သည်' ဟု ဆိုကုန်သည်။ အကယ်၍ ရန်သူတို့ရောက်လာသည် ဖြစ်ကုန်အံ့။ သင်ချစ်သား အဘယ်သို့ အောက်မေ့ ကြံစည်ပါမည်နည်း" ဟု ဆိုပေ၏။

ဘုရားလောင်း သိဒ္ဓတ်မင်းသားလည်း "ခမည်းတော်မင်းကြီး။ ငါ့အား အတတ်သင်ခွင့်ကိစ္စ မရှိပြီ။ ခမည်း တော်မင်းကြီးတို့သည် ငါ၏အတတ်ကို ရှုလိုကြသည် ဖြစ်အံ့။ ပြည်၌ စည်လည်စေကုန်လော့။ ဤနေ့မှ စ၍ ၇ ရက်မြောက်သောနေ့၌ ဆွေတော်မျိုးတော်တို့အား အတတ်ပြအံ့" ဟုဆိုပေ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ဘုရားလောင်းဆိုတိုင်း ပြုပေ၏။

ဘုရားလောင်း သိဒ္ဓတ်မင်းသားသည် 'အက္ခနဝေဓိ' မည်သော လေးသမား၊ 'ဝါဠဝေဓိ' မည်သော လေးသမား တို့ကိုစည်းဝေးစေ၍၊ လူများတို့၏အလယ်၌ တစ်ပါးသောလေးသမားတို့နှင့် မဆက်ဆံသော ၁၂ ပါး အပြားရှိသော အတတ်ကို ဆွေတော်မျိုးတော်တို့အား ပြပေ၏။

၁၂ ပါးသော အတတ်ကား သရဘင်္ဂဇာတ်[၁]၌ လာ၏။

ထိုသို့သော အတတ်ကိုပြသောအခါ၌ ဆွေတော်မျိုးတော်အပေါင်းတို့သည် ယုံမှားသင်္ကာခြင်း ကင်းကြ ကုန်၏။

## ၁၄- နိမိတ်ကြီး ၄ ပါးကို နတ်တို့လှည့်ပတ်၍ ပြခြင်း

တစ်နေ့သ၌ ဘုရားလောင်းသည် ဥယျာဉ်ကစားလိုသောကြောင့် ရထားထိန်းကိုခေါ်၍၊ "အချင်းရထား ထိန်း။ ရထားကို က,လော့" ဟုဆို၏။

ရထားထိန်းလည်း "အရှင်မင်းသား။ ကောင်းပါပြီ" ဟု ဝန်ခံ၍၊ မြတ်သောသူတို့နှင့်သာ ထိုက်သော ရထားကို ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်ယင်၍ ကုမုဒြာကြာအဆင်းနှင့် တူသောအဆင်းရှိသော မင်္ဂလာ၊ သိန္ဓောမြင်း ၄ စီးတို့ကို က,၍၊ "အရှင်မင်းသား။ ရထား က,၍ ပြီးပါပြီ" ဟု ကြားလျှောက်လေ၏။

ဘုရားလောင်းသိဒ္ဓတ်မင်းသားသည် နတ်ဗိမာန်နှင့်တူသော ရထားသို့တက်၍ ဥယျာဉ်သို့ ရှေးရှုသွားလေ၏။

[၁] ၅၅၀ ဇာတ်တော်စဉ် ၅၂၂ ရှု။

www.burmeseclassic.com

www.burmeseclassic.com



နတ်တို့သည် ''သိဒ္ဓတ်မင်းသား ဘုရားဖြစ်အံ့သောအခါ နီးပြီ။ ပုဗ္ဗနိမိတ်ကို ပြကုန်အံ့'' ဟု-

တစ်ယောက်သောနတ်သားကို အိုမင်းသည်ဖြစ်၍ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အကြောပြိုင်းပြိုင်း ကိုင်းသော ကိုယ်ရှိသည်ဖြစ်၍ တောင်ဝှေးလက်စွဲလျက် တုန်တုန်လှုပ်လှုပ်သွားသည်ကို ပြုစေ၍ ပြလေကုန်၏။ ထိုနိမိတ်ကို ဘုရားလောင်းနှင့် ရထားထိန်းတို့သာ မြင်ကုန်၏။

ထိုသို့ မြင်လေသောအခါ၌ ဘုရားလောင်းသည် ''အချင်းရထားထိန်း။ ဤယောကျ်ားကား အဘယ်မည်သော ယောကျ်ားပေနည်း။ ထိုယောကျ်ား၏ ဆံတို့သည်လည်း တစ်ပါးသောသူတို့၏ ဆံနှင့် မတူပါတကား'' ဟု မေး၏။

''အရှင့်သား။ ဤသူကား သူအိုတည်း။ 'ဇာတိ'ဟူသော ပဋိသန္ဓေနေခြင်းရှိသောသူတို့ကား ဤကဲ့သို့ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ ကျောကိုင်းခြင်း၊ သွားကျိုးခြင်း ဟူသော အဆင်း၏ဖောက်ပြန်ခြင်း၊ ကိုယ်ရေကိုယ်သား လျော့ပါးခြင်းသို့ ရောက်သဖြင့် လိုတိုင်းမပါ ဇရာဒုက္ခဖြစ်ချေရသည် အရှင့်သား'' ဟု ကြားလျှောက်လေ၏။

ရထားထိန်းစကားကို ကြား၍၊ ''အချင်းတို့။ 'ဇာတိ' ဟူသော ပဋိသန္ဓေနေရခြင်းသည် အလွန်စက်ဆုပ်ဖွယ် ရှိစွတကား။ ပဋိသန္ဓေနေခြင်း ရှိသောသူအား အိုခြင်းသည် ထင်ရှား ဖြစ်ရအံ့သတည်း'' ဟု ထိတ်လန့်သောနှလုံး ရှိသည်ဖြစ်၍၊ ထိုနိမိတ်ကြီးကို မြင်ရာအရပ်မှပြန်ခဲ့၍ နန်းတော်ပြာသာဒ်သို့ တက်လေ၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ''အဘယ့်ကြောင့် ငါ၏သားတော် အလျင်တဆော ပြန်ခဲ့သနည်း'' ဟု မေး၏။

''အရှင်မင်းကြီး။ သူအိုကိုမြင်၍ အဆောတလျင်ပြန်ခဲ့ချေသည်။ သူအိုကို မြင်သောကြောင့် ရဟန်းပြုချိမ့်မည်'' ဟု ဆိုကြကုန်သော်၊ ''အဘယ့်ကြောင့် ငါ့သားကို ဖျက်ဆီးကြသနည်း။ ကချေသည်တို့ကို ငါ့သား အထံသို့ အဆောတလျင်စေလွှတ်ကုန်။ စည်းစိမ်ချမ်းသာကို ခံစားပျော်ပါးလျှင် ရဟန်းအဖြစ်၌ သတိကင်းလတ္တံ့'' ဟုဆို၍၊ အစောင့်အရှောက်ကို ပွားစေ၍ အလုံးစုံသောအရပ်မျက်နှာတို့၌ ယူဇနာခွဲသော အရပ်သို့တိုင်အောင် စောင့်ရှောက်စေ၏။

ထို့နောင်မှ တစ်နေ့သည်၌ ဘုရားလောင်းသည် ရှေးနည်းအတူလျှင် ဥယျာဉ်သို့သွားပြန်သော် ထိုနတ်တို့သည် ဖန်ဆင်းအပ်သော သူနာယောကျ်ားကို မြင်၍၊ ရှေးနည်းဖြင့် မေး၍၊ ထိတ်လန့်သောနှလုံးရှိသည် ဖြစ်၍၊ အဆောတလျင် ပြန်ခဲ့၍ နန်းတော်သို့ တက်လေ၏။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးလည်း ရှေးနည်းဖြင့် မေး၍ သိပြီးလျှင်၊ အရှင်အပျော်ဖြစ်စိမ့်သောငှာ သဘင်ပွဲလမ်းကို ဖြစ်စေ၍၊ အစောင့်အရှောက်ကို ပွား၍ ထက်ဝန်းကျင်မှ ၃ ဂါဝုတ် အတိုင်းအရှည်ရှိသောအရပ်၌ စောင့်ရှောက်စေ၏။

ထို့နောင်မှ တစ်နေ့သည်၌ ဘုရားလောင်းသည် ရှေးနည်းအတူ ဥယျာဉ်သို့သွားပြန်သော်၊ ထိုနတ်တို့သည် ဖန်ဆင်းအပ်သော သူသေကို မြင်၍၊ ရှေးနည်းဖြင့်မေးရာတွင် အကြောင်းခြင်းတကို သိသဖြင့် အလွန်ထိတ်လန့်သော နှလုံး ရှိသည်ဖြစ်၍၊ အဆောတလျင် နန်းတော်သို့ ပြန်ခဲ့၍၊ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ရှေးနည်းအတူ မေး၍ သိပြီးလျှင်၊ မွေ့လျော်ပျော်ပါးအောင် ကချေသဘင် စီရင်၍၊ အစောင့်အရှောက်ကို ပွားများစေ၍ ထက်ဝန်း ကျင်မှ ၁ ယူဇနာစီ ရှိသောအရပ်၌ စောင့်ရှောက်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောင်မှ တစ်နေ့သ၌ ဥယျာဉ်သို့ သွားပြန်သည်ရှိသော်၊ ရှေးနည်းအတူ နတ်တို့ ဖန်ဆင်းအပ်သော ကောင်းစွာဝတ်ခြင်း၊ ရုံခြင်းရှိသော ရဟန်းကို မြင်၍၊ "အချင်းရထားထိန်း။ ဤသူကား အဘယ်မည်သောသူနည်း" ဟု မေး၏။

ရထားထိန်းသည် ဘုရား မရှိသောကြောင့် ရဟန်းကျေးဇူးတို့ကို အကယ်၍မသိသော်လည်း နတ်တို့ အာနုဘော်ဖြင့် သိ၍၊ "အရှင့်သား။ ဤသူကား ရဟန်းပေတည်း" ဟု ဆို၍၊ ရဟန်းကျေးဇူးတို့ကို ချီးမွမ်းထုတ်ဖော်၍ ကြားလျှောက်ပေ၏။

ဘုရားလောင်းသည် ရဟန်းအဖြစ်၌ နှစ်သက်ခြင်းကို ဖြစ်စေ၍ ထိုနေ့၌ ဥယျာဉ်တော်သို့ရောက်အောင် သွားလေ၏။ ဘုရားလောင်းသည် ဥယျာဉ်တော်၌ တစ်နေ့လုံး စံပယ်တော်မူ၍၊ မင်္ဂလာရှိသောရေကန်၌ ရေချိုး၍ နေမဝင်မီ မင်္ဂလာရှိသောကျောက်ဖျာ၌ ကိုယ်ကို တန်ဆာဆင်လိုသော စိတ်ဖြင့် နေ၏။ ထိုအခါ၌ အလုပ်အကျွေး အချင်းအရင်းဖြစ်သော သူတို့သည် အထူးထူးသောအဆင်းရှိသော ပုဆိုးတို့ကို လည်းကောင်း၊ အထူးထူးသောတန်ဆာတို့ကို လည်းကောင်း၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်းတို့ကိုလည်းကောင်း ယူ၍ ထက်ဝန်းကျင်မှ ခြံရံကုန်၏။

ထိုခဏ၌ သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသောအခြင်းအရာ ဖြစ်၏။ သိကြားမင်းသည် 'အကြောင်း အသို့တုံနည်း။ ငါ့အား သိကြားမင်းအဖြစ်မှ ရွေ့လျောစေလိုသလော' ဟု စူးစမ်းဆင်ခြင်လတ်သော်၊ ဘုရားလောင်း တန်ဆာဆင်လိုသောအဖြစ်ကို သိ၍ ဝိသကြုံနတ်သားကို ခေါ်ပြီးသော်၊ "အချင်း ဝိသကြုံနတ်သား။ သိဒ္ဓတ်မင်းသားသည် ယနေ့ညဥ့်သန်းခေါင်ယံ၌ မြတ်သောတောထွက်ခြင်းကို ထွက်လတ္တံ့။ ဤတန်ဆာဆင်ခြင်းသည် သိဒ္ဓတ်မင်းသားအား အဆုံးစွန်သော တန်ဆာဆင်ခြင်းတည်း။ ဥယျာဉ်သို့ သွား၍ ယောကျ်ားမြတ်ဖြစ်သော သိဒ္ဓတ်မင်းသားအား တန်ဆာဆင်ချေလော့" ဟု စေလိုက်၏။

ဝိသကြုံနတ်သားသည်လည်း "ကောင်းပြီ- ရှင်နတ်မင်း" ဟု ဝန်ခံ၍၊ နတ်၏အာနုဘော်ဖြင့် တစ်ခဏချင်း သွားလေ၍၊ ဘုရားလောင်း၏ဆတ္တာသည်နှင့် တူအောင်ဖန်ဆင်း၍ နတ်၌ဖြစ်သော သင်းကျစ်ပုဆိုးဖြင့် ဘုရားလောင်း၏ဦးခေါင်းကို ရစ်ပတ်၏။

ဘုရားလောင်းလည်း နတ်၏ လက်အတွေ့ဖြင့်ပင်လျှင် 'ဤသူကား လူစင်စစ် မဟုတ်။ နတ်သားတည်း' ဟု သိရလေ၏။ သင်းကျစ်ပုဆိုးဖြင့် ဦးခေါင်းကိုရစ်ကာမျှတွင် ဦးပေါင်း[၁]၌ ပတ္တမြားရတနာနှင့်တူသော အခြင်းအရာဖြင့် ပုဆိုး ၁၀၀၀ သည် တက်လေ၏။ တစ်ဖန်ရစ်ပြန်သော် ပုဆိုး ၁၀၀၀ တက်လေ၏။ ဤသို့ ၁၀ ကြိမ် ရစ်ပတ်၍ တန်ဆာဆင်သဖြင့် ၁ သောင်းသောပုဆိုးတို့သည် တက်လေကုန်၏။

> 'ဦးခေါင်းတော်ကား ငယ်ခဲ့၏။ ပုဆိုးကား များခဲ့၏။ အထပ်ထပ်ရစ်ပတ်ခြင်း၌ အဘယ်သို့ သင့်နိုင်ပါအံ့နည်း' ဟု မကြံမစည်အပ်၊ မကြံမစည်သင့်၊ ထိုသင်းကျစ်တန်ဆာတို့တွင် အလွန်ကြီးသော တန်ဆာသည် သျှိသျှားပွင့်မျှ ပမာဏ ရှိ၏။ ကြွင်းသောတန်ဆာတို့ကား မဆူပွင့်ပမာဏ ရှိကုန်၏။ ဘုရားလောင်း၏ဦးခေါင်းတော်သည် ဝတ်ဆံတို့ဖြင့်ပြွမ်းသော ပိန္နဲပွင့်ကဲ့သို့ ဖြစ်၏။

ထိုသို့ တန်ဆာဆင်ပြီးသောနောင်မှ ဘုရားလောင်းအား အလုံးစုံသောအတတ်မျိုးတို့၌ လေ့ကျက်ကုန်သော သဘင်သည်တို့သည် အတီး၊ အမှုတ်၊ အက၊ အသီမျိုးတို့ကို ပြကုန်၏။ ပုဏ္ဏားတို့လည်း "အောင်တော်မူစေသတည်း။ နှစ်သက်တော်မူစေသတည်း" ဤသို့ အစရှိသောစကားမျိုးတို့ဖြင့် ချီးမွမ်းကုန်၏။ သုတမင်္ဂလာကို တတ်သောသူ အစရှိသော သူတို့သည်လည်း အထူးထူးအပြားပြား မင်္ဂလာရှိသောစကားဖြင့် ကောင်းချီးပေးခြင်း၊

၁- ဦးခေါင်း၌။

www.burmeseclassic.com

www.burmeseclassic.com



ကြွေးကြော်ခြင်းတို့ဖြင့် ချီးမွမ်းကြကုန်၏။ ဘုရားလောင်းသည် ထိုသူတို့၏ ကောင်းချီးပေးစဥ်ပင်လျှင် ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သောရထားသို့ တက်လေ၏။

## ၁၅- သုဒ္ဓေါဒနမင်းကြီးသည် မြေးတော်ကို အမည်မှည့်ခြင်း

ထိုသို့ ရထားသို့တက်တော်မူသောအခါ၌ ''ရာဟုလာမယ်တော် သားဖွားပြီ'' ဟု ကြား၍၊ သုဒ္ဓေါဒနမင်းကြီးသည် ''ငါ့သားအား နှစ်သက်အပ်သောစကားကို ကြားချေကုန်'' ဟု စေလိုက်၏။

ဘုရားလောင်းသည် ထိုသတင်းစကားကိုကြား၍-

'ရာဟု ဇာတော ဗန္ဓနံ ဇာတံ' ဟူ၍ ဆို၏။

'ရာဟု၊ ရာဟုသည်။ ဇာတော၊ ဖွားပြီ။ ဗန္ဓနံ၊ အနှောင်အဖွဲ့သည်။ မေ၊ ငါ့အား။ ဇာတံ၊ ဖြစ်ပြီ'

သုဒ္ဓေါဒနမင်းကြီးလည်း ''ငါ့သားသည် အဘယ်စကားကို ဆိုသနည်း'' ဟု မေးလတ်သော် ဘုရားလောင်းဆိုသောစကားကို ကြားသဖြင့် ''ဤနေ့မှ စ၍ ငါ့မြေးကို 'ရာဟုလာ' ဟူသောအမည်ကို တွင်စေ'' ဟု ဆိုလေ၏။

## ၁၆- ကိသာဂေါတမီ ချီးမွမ်းခြင်း

ဘုရားလောင်းသည် ရထားစီးလျက် များစွာသောအခြံအရံဖြင့်၊ အလွန်မွေ့လျော်ဖွယ်ရှိသော အသရေ၏ တင့်တယ်ခြင်းဖြင့် ကပိလဝတ်ပြည်သို့ ဝင်လေ၏။

ထိုသို့ ဝင်လေသောအခါ၌ 'ကိသာဂေါတမီ'အမည်ရှိသော မင်းသမီးသည် အထက်ပြာသာဒ်အပြင်၌ နေလျက်၊ မြို့ကို လက်ယာရစ်လှည့်သော ဘုရားလောင်း၏အဆင်းအသရေကို မြင်၍၊ နှစ်လိုဝမ်းသာသည် ဖြစ်၍-

'နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။

နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာ ယံ ဤဒိသော ပတိ။' ဟု ဝမ်းမြောက်သော ဥဒါန်းစကားကို ဆိုပေ၏။

ဤ၌ အနက်ကား-

'ဘောတိယောသခိနိယော၊ အို-ခင်ပွန်းတို့။ ယဿာမာတုယာ၊ အကြင်အမိအား။ ဤဒိသော၊ ဤသို့သဘောရှိသော။ အယံ အသဒိသပုတ္တော၊ ဤအတုမရှိသော သားသည်။ အတ္ထိ ရှိ၏။ သာမာတာ၊ ထိုသားကောင်းအမိသည်။ နိဗ္ဗုတာနူန၊ ငြိမ်းလေစွတကား။ ယဿ-ပိတုနော၊ အကြင်အဖအား။ ဤဒိသော၊ ဤသို့သဘောရှိသော။ အယံအသဒိသပုတ္တော၊ ဤအတုမရှိသော သားသည်။ အတ္ထိ၊ ရှိ၏။ သောပိတာ၊ ထို သားကောင်းအဖသည်။ နိဗ္ဗုတောနူန၊ ငြိမ်းလေစွတကား။ ယဿာ-နာရိယာ၊ အကြင်မယားအား။ ဤဒိသော၊ ဤသို့သဘောရှိသော။ အယံပတိ၊ ဤသို့သော လင်သည်။ အတ္ထိ၊ ရှိ၏။ သာနာရီ၊ ထို လင်ကောင်းမယားသည်။ နိဗ္ဗုတောနူန၊ ငြိမ်းလေစွတကား။ ဣတိ၊ ဤသို့။ ဥဒါနေသိ၊ ဥဒါန်းကို ဆိုပေ၏။'

ဘုရားလောင်းသည် ကိသာဂေါတမီ ဆိုသောစကားကို ကြား၍၊ 'ဤကိသာဂေါတမီသည် ဤသို့သဘောရှိသော အတ္တဘောကိုမြင်သဖြင့် 'အမိဖြစ်သူ၊ အဖဖြစ်သူ၊ မယားဖြစ်သူတို့ နှလုံးငြိမ်း၏'ဟု ဆို၏။ အဘယ်သို့ ငြိမ်းသနည်း။ နှလုံးငြိမ်းလေသောမည်သည် အဘယ်သို့ဖြစ်သနည်း' ဟု ကြံစည်လေ၏။

ထိုသို့ ကြံစည်သောအခါ၌ ကိလေသာတို့၌ ကင်းသောစိတ်ရှိသော ဘုရားလောင်းအား ဤသို့အကြံဖြစ်၍၊ 'ရာဂ'တည်းဟူသော မီး ငြိမ်းသည်ရှိသော်၊ 'နိဗ္ဗုတ'မည်သည်ပင် ဖြစ်၏။ 'ဒေါသ'တည်းဟူသော



www.burmeseclassic.com

www.burmeseclassic.com



မီး ငြိမ်းသည်ရှိသော် 'နိဗ္ဗုတ' မည်သည်ပင်ဖြစ်၏။ 'မောဟ'တည်းဟူသောမီး ငြိမ်းသည်ရှိသော် 'နိဗ္ဗုတ' မည်သည်ပင်ဖြစ်၏။ မာန, ဒိဋ္ဌိ အစရှိကုန်သော အလုံးစုံသော ကိလေသာတည်းဟူသော ပူပန်ခြင်း ငြိမ်းသည် ရှိသော်၊ 'နိဗ္ဗုတ'မည်သည်ပင် ဖြစ်၏။ ဤ ကိသာဂေါတမီသည် ငါ့အား ကောင်းသောကြားခြင်းကို ကြားပေသည်။ ငါသည် နိဗ္ဗာန်ကိုရှာသည် ဖြစ်၍၊ ဤယနေ့ပင်လျှင် ငါသည် အိမ်ရာထောင်သော လူ၏ဘောင်ကို စွန့်၍၊ တောထွက်၍ နိဗ္ဗာန်ကိုရှာခြင်းငှာ သင့်ချေပြီ။ ဤပုလဲသွယ်သည် ကိသာဂေါတမီအား ဆရာစား အဖို့ဖြစ်စေ' ဟု လည်မှချွတ်၍၊ အဖိုး ၁ သိန်း ထိုက်သော ပုလဲသွယ်ကို ကိသာဂေါတမီအား ပေးပေ၏။

ထိုကိသာဂေါတမီသည်လည်း 'သိဒ္ဓတ်မင်းသားသည် ငါ၌ ကြည်ညိုနှစ်သက် တပ်မက်သောစိတ် ရှိသည်ဖြစ်၍ လက်ဆောင်ပဏ္ဏာပေးလာသည်' ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။

## ၁၇- အလောင်းတော်သည် ရဟန်းအဖြစ်၌ စိတ်ညွတ်တော်မူခြင်း။

ဘုရားလောင်းသည် ကြီးစွာသောအသရေ၏ တင့်တယ်ခြင်းဖြင့် မိမိနေရာပြာသာဒ်သို့ တက်လေ၍ အသရေရှိသောအိပ်ရာထက်၌ အိပ်လေ၏။ ထိုခဏ၌ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ကခြင်း, သီခြင်း အစရှိသည်တို့၌ ကောင်းစွာလိမ္မာကုန်သော၊ နတ်သမီးကဲ့သို့ လှပသောအရွယ်အဆင်း ရှိကုန်သော ကချေသည်မိန်းမတို့သည် အထူးထူးအပြားပြားသော စည်, စောင်း, ငြင်းတို့ကို ကိုင်လျက်၊ ဘုရားလောင်းအား ခြံရံကုန်လျက်၊ မွေ့လျော်ပျော်ပါးစေကုန်လျက် ကခြင်း, သီခြင်း အစရှိသည်တို့၌ ယှဉ်စေကုန်၏။

ဘုရားလောင်းသည် ကိလေသာတို့၌ တပ်ခြင်းကင်းသောစိတ် ရှိသည်၏အဖြစ်ကြောင့် ကခြင်း, သီခြင်း အစရှိသည်တို့၌ မမွေ့မလျော် မပျော်မပါးဘဲ တစ်ခဏမျှ အိပ်ပျော်လေ၏။

အတီး အမှုတ်, ကချေသဘင်သည် မိန်းမတို့သည်လည်း "မင်းသားကို မွေ့လျော်စေခြင်းငှာသာ ငါတို့အားထုတ်ရကုန်သည်။ ယခုမှာ မင်းသ အိပ်ပျော်ပြီ။ ငါတို့ အဘယ်ကို ပြုရအံ့နည်း" ဟု လက်၌ ကိုင်အပ်သော စည်, စောင်း, ငြင်း အစရှိသည်တို့ကို ဖိ၍ အိပ်လေကုန်၏။ နံ့သာဆီမီးတို့သည်လည်း ထွန်းလျက် ရှိကုန်၏။

ဘုရားလောင်းနိုး၍ အိပ်ရာပေါ်၌ ထက်ဝယ်ဖွဲ့ခွေလျက် တူရိယာဘဏ္ဍာတို့ကို ဖိ၍အိပ်ပျော်ကုန်သော အချို့သောမိန်းမတို့ကား ယိုသောတံတွေး အရိအရည် အလိမ်းအလိမ်းသောကိုယ် ရှိလျက် အချို့ကား သွားကြိတ်ကုန်လျက်၊ အချို့ကား ကျီးဟောက်ကုန်လျက်၊ အချို့ကား ယောင်ယမ်းကုန်လျက် (အချို့ကား ခံတွင်းဟင်းဖွင့်ကုန်လျက်၊ အချို့ကား အဝတ်ကင်းကုန်လျက် ပြကတေ့အိပ်ခြင်းမှကင်းသဖြင့် ခွေသောအိပ်ခြင်း ရှိကုန်သည်ဖြစ်၍[1] အိပ်ကုန်သောမိန်းမတို့ကို မြင်လေ၏။

ဘုရားလောင်းသည် ထိုမိန်းမတို့၏ ထိုသို့ဖောက်ပြန်ခြင်းကိုမြင်၍ အတိုင်းထက်အလွန် ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသောစိတ် ရှိလေ၏။

ဘုရားလောင်းသည် တန်ဆာဆင်ခြင်းနှင့်စပ်သော, သိကြားမင်း၏[1] ဗိမာန်နှင့် တူသော, ချမ်းငြိမ်းသော အရိပ် ရှိသော မြတ်သောပြာသာဒ်အပြင်ကို အထူးထူးအပြားပြား စက်ဆုပ်ဖွယ်ရှိသော အကောင်တို့ဖြင့် ပြည့်သော သုသာန်တစပြင်ကဲ့သို့ ထင်လေ၏။ 'ကာမဘဝ, ရူပဘဝ, အရူပဘဝ' တည်းဟူသော ဘဝ ၃ ပါးတို့ကို ထိန်ထိန်ပြောင်ပြောင် မီးလောင်သောအိမ်နှင့် အတူတူထင်လေ၏။

"အချင်းတို့။ နှိပ်စက်စွတကား။ အချင်းတို့။ အလွန်နှိပ်စက်စွတကား" ဟု ဥဒါန်းစကားကို ဖြစ်စေ၏။ အတိုင်းထက်အလွန် ဘုရားလောင်းအား ရဟန်းအဖြစ်၌ စိတ်ညွတ်လေ၏။

၁- ခွေသောအိပ်ခြင်း မရှိကုန်သည်ဖြစ်၍။

www.burmeseclassic.com

www.burmeseclassic.com



## ၁၈- အလောင်းတော်သည် တောထွက်တော်မူခြင်း။

ဘုရားလောင်းသည် ''ယနေ့ပင်လျှင် ငါ တောထွက်ခြင်းငှာ သင့်လှပြီ'' ဟု အိပ်ရာမှထ၍ တံခါးအနီးသို့ သွားလေသော်၊ တံခါးခုံ၌ ဦးခေါင်းဆိုက်လျက်အိပ်သော ဆန္နအမတ်ကို မြင်၍၊ ''ဤတံခါးခုံ၌ ဦးခေါင်း ဆိုက်၍အိပ်သည့်သူကား အဘယ်သူနည်း'' ဟု မေးတော်မူသော်၊ ဆန္နအမတ်သည် ''အရှင့်သား။ အကျွန်ုပ် ဆန္နအမတ်တည်း'' ဟု ဆိုပေ၏။

''ဆန္နအမတ်။ ငါ တောထွက်လိုသည်။ ငါ့အား တစ်စီးသောမြင်းကို ကချ၍ ပေးပါလော့'' ဟု ဆို၏။

ဆန္နအမတ်သည်လည်း ''ကောင်းပြီ။ အရှင့်သား'' ဟု ဝန်ခံ၍၊ ဦးခက်,မြင်းက အစရှိသော မြင်းတန်ဆာ ဘဏ္ဍာတို့ကိုယူ၍ မြင်းဇောင်းတော်သို့ သွား၍ နံ့သာဆီမီးဖြင့်ထွန်းလင်းသော မြင်းဇောင်းတော်၌ မုလေး, ကြက်ရုံး ဗိတာန်ကြက်အပ်သော ဗိမာန်အောက်၌ မွှေ့လျော်ဖွယ်ရှိသော မြေအဖို့၌တည်သော ကဏ္ဍကမြင်းကို မြင်၍ 'ယနေ့ ငါသည် ကဏ္ဍကမြင်းကိုပင်လျှင် ကခြင်းငှာ သင့်ပြီ' ဟု ကဏ္ဍကမြင်းကို ကလေ၏။

ကဏ္ဍကမြင်းလည်း 'ဤကခြင်း အလွန်မြဲမြံလှသည်။ အခါတစ်ပါး ဥယျာဉ်တော်များကို ထွက်တော်မူ သောအခါ က,သကဲ့သို့ မဟုတ်။ ယနေ့ အရှင့်သား တောထွက်တော်မူလိုသည် ဖြစ်လတ္တံ့' ဟု သိလေ၏။

ထိုသို့သိပြီးသောနောင်မှ ရွှင်သောစိတ် ရှိသည်ဖြစ်၍ သည်းစွာသောဟီခြင်းကို ဟီလေ၏။ ထို မြင်းဟီသံ သည် ပြည်အလုံးကို နှံ့၍သွားရာ၏။ နတ်တို့သည်ကား ထိုမြင်းဟီသံကို ပိတ်ပင်ဆီးတား၍၊ 'တစ်စုံတစ် ယောက်သောသူအား မကြားစေသတည်း' ဟု ပိတ်ပင်ကုန်၏။

ဘုရားလောင်းသည်လည်း ဆန္နအမတ်ကို စေလွှတ်လိုက်လျှင် ''သားတော်ရာဟုလာကို ကြည့်အံ့'' ဟု အကြံရှိ၍၊ ရာဟုလာမင်းသားမယ်တော် ယသောဓရာ၏နေရာတိုက်ခန်းကို သွား၍ တိုက်ခန်းတံခါးကို ဖွင့်၏။ ထိုသို့ဖွင့်သောခဏ၌ နံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက် မုလေး, ကြက်ရုံး အစရှိသောပန်းတို့၏ တစ် အမ္မဏမျှဖြင့်[၁] ထက်ဝန်းကျင်ပြွမ်းသော အိပ်ရာ၌, သားတော်ရာဟုလာ၏ ဦးထိပ်ထက်၌ လက်ကို ထား၍ ယသောဓရာမိဖုရားသည် အိပ်ပျော်လေ၏။

ဘုရားလောင်းသည် တံခါးခုံ၌ ခြေတော်ကို ထား၍[၂]၊ ရပ်လျက်ပင်သာ ကြည့်၍၊ 'အကယ်၍ ငါသည် ယသောဓရာမိဖုရား၏ လက်ကိုဖယ်၍ ငါ့သားကို ယူချေသည်ဖြစ်အံ့။ ယသောဓရာမိဖုရား နိုးလတ္တံ့။ ဤသို့ နိုးချေသည်ရှိသော် ငါ့အား သွားခြင်း၏အန္တရာယ်သည် ဖြစ်ချေလတ္တံ့။ ဘုရားဖြစ်သော အခါမှသာလျှင် လာ၍ သားကို ကြည့်ရှုအံ့' ဟု နန်းတော်ပြာသာဒ်အပြင်မှ ဆင်းသက်တော်မူလေ၏။

[ဇာတ်အဋ္ဌကထာ၌ 'ရာဟုလာမင်းသားကို ဖွား၍ ၇ ရက်ရှိမှ တောထွက်တော်မူသည်' ဟု ဆို၏။ ထိုစကားကို ကြွင်းခဲ့သော အဋ္ဌကထာတို့၌ မဆို, မလာ, မရှိ ဖြစ်၍ မယူအပ်။]

ဘုရားလောင်းသည် ပြာသာဒ်ပြင်မှ ဆင်းသက်တော်မူ၍ ကဏ္ဍကမြင်း၏ အနီးသို့ သွားလေ၍၊ ''ဖွားဖက် တော် ကဏ္ဍက။ သင်သည် ယနေ့တစ်ညဉ့်မျှ ငါ့ကို ကူပံ့ကယ်တင်လော့။ ငါသည် သင့်ကိုမှီ၍၊ ဘုရားဖြစ်၍၊ နတ်နှင့်တကွသော လူကို သံသရာဝဲမှ ထုတ်ဆောင်၍ 'နိဗ္ဗာန်'တည်းဟူသော ကမ်းတစ်ဖက်သို့ ပို့ဆောင်ကယ် တင်ပေအံ့'' ဟု ဆို၏။ ထို့နောင်မှ မြင်းပေါ်သို့ လွှားတက်တော်မူလေ၏။

ကဏ္ဍကမြင်းတော်ကား လည်မှ စ၍ အလျားအားဖြင့် ၁၈ တောင် ရှိ၏။ ထိုအလျားနှင့် လျော်သော အရပ်နှင့် ပြည့်စုံ၏။ လျင်မြန်သောအားနှင့် ပြည့်စုံ၏။ ကိုယ်လုံး ဖြူ၏။ ပွတ်သစ်သောခရုသင်းနှင့် တူ၏။ အကယ်၍ ကဏ္ဍကမြင်းတော်သည် ဟီသံကို ပြုအံ့၊ ခြေသံခွာသံကိုလည်း ပြုအံ့။ ထိုအသံသည် ပြည်အလုံးကို

၁- တစ်ခဏမျှ။ ၂- ခြေတော်ကိုတန်ဆာဆင်၍

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းနိုင်ရာ၏။ ထိုသို့ လွှမ်းမိုးနိုင်ရာသောကြောင့် နတ်တို့အာနုဘော်ဖြင့် မြင်းသံကိုမကြားရအောင် ဖိတ်ပင်ဆီးတား၍ ခြေလှမ်းတိုင်းလှမ်းတိုင်း လက်ဝါးအပြင်တို့ကို ခံလေကုန်၏။

ဘုရားလောင်းသည် ကဏ္ဍကမြင်း၏ ကျောက်ကုန်းအလယ်၌ စီးလျက်၊ ဆန္နအမတ်ကို ခေါ်၍ ကဏ္ဍကမြင်း၏အမြီးကို ကိုင်ဆွဲစေလျက် ညဥ့်သန်းခေါင်ယံ၌ မြို့တံခါးအနီးသို့ ရောက်တော်မူလေ၏။

ဤအရာ၌ သုဒ္ဓေါဒနမင်းကြီးသည် "ဤသို့ပြုသည်ရှိသော် ငါ၏သားတော်သည် အမှတ်မရှိသောအခါ၌ ပြည်တံခါးကိုဖွင့်၍ မထွက်နိုင်လတ္တံ့" ဟု ၂ ခုသောတံခါးရွက်တို့တွင် တစ်ခုတစ်ခုသောတံခါးရွက်ကို ယောကျ်ား ၁၀၀၀ ဖွင့်မှ ပွင့်အောင် လုပ်၍ထား၏။ ဘုရားလောင်းကား ခွန်အားစွမ်းပကားနှင့် ပြည့်စုံတော်မူ၏။ ဆင်မည်း အရေအတွက်အားဖြင့် ကုဋေ ၁၀၀၀ သောဆင်တို့အားကို ဆောင်တော်မူ၏။ ယောကျ်ားအရေအတွက်အားဖြင့် ကုဋေ ၁ သောင်းသော ယောကျ်ားတို့၏အားကို ဆောင်တော်မူ၏။

ဘုရားလောင်းသည် ဤသို့ ကြံတော်မူ၏။

'အကယ်၍ တံခါးကို မဖွင့်နိုင်တုံအံ့။ ယခု ကဏ္ဍကမြင်း၏ ကျောက်ကုန်း၌နေလျက်ပင် အမြီးကို ဆွဲ၍လိုက်သော ဆန္နအမတ်နှင့်တကွလျှင် ကဏ္ဍကမြင်းကို ပေါင် ၂ ဖက်တို့ဖြင့် ညှပ်၍၊ ၁၈ တောင်အမြင့်ရှိသော မြို့တံတိုင်းကို ခုန်၍ ထွက်မည်' ဟု ကြံတော်၏။

ဆန္နအမတ်သည်လည်း ဤသို့ ကြံ၏။

'အကယ်၍ မြို့တံခါးကို မဖွင့်နိုင်တုံအံ့။ ငါသည် အရှင့်သားကို ပခုံးတစ်ဖက်၌ နေစေ၍၊ ကဏ္ဍကမြင်းကို လက်ယာလက်ဖြင့် ဝမ်း၌ပိုက်လျက် လက်ကတီးကြား၌ ညှပ်၍၊ ၁၈ တောင်မြင့်သောမြို့တံတိုင်းကို ခုန်၍ ထွက်အံ့' ဟု ကြံလေ၏။

ကဏ္ဍကမြင်းသည်လည်း ဤသို့ ကြံ၏။

'အကယ်၍ မြို့တံခါးသည် မပွင့်သည် ဖြစ်တုံအံ့။ အရှင့်သားကို ငါ၏ကျောက်ကုန်းပေါ်၌ နေမြဲနေစေ၍ ဆန္နအမတ်ကို အမြီး၌ဆွဲစေလျက်ပင် ၁၈ တောင်မြင့်သော မြို့တံတိုင်းကို ခုန်၍ထွက်အံ့' ဟု ကြံလေ၏။

ကြံတိုင်းပင်လျှင် ထိုသူ ၃ ဦးတို့တွင် တစ်ဦးဦးသည် ပြီးစေနိုင်ရာ၏။ ထိုသို့ ပြီးစေနိုင်ငြားသော်လည်း တံခါးစောင့်နတ်တို့သည် တံခါးကို ဖွင့်လင့်ကုန်၏။

## ၁၉ - မာရ်နတ်သည် ဘုရားအလောင်းတော်ကို တားမြစ်ခြင်း

ထိုအခါ၌ မာရ်နတ်မင်းသည် 'ဘုရားလောင်းကို တောမထွက်ဘဲ ပြန်စေအံ့' ဟု လာလတ်၍ ကောင်းကင်၌ရပ်လျက် "သိဒ္ဓတ်မင်းသား။ တောမထွက်လင့်။ ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ အရှင်မင်းသားအား စကြာရတနာသည် ထင်ရှားစွာဖြစ်လာ ရောက်လာလတ္တံ့။ ကျွန်းငယ်အရံ ၂၀၀၀ ရှိသော ကျွန်းကြီး ၄ ကျွန်း၌ မင်းပြုရလတ္တံ့။ ပြန်တော်မူလော့" ဟုဆို၏။

ဘုရားလောင်းသည် "သင်ကား အဘယ်သူနည်း" ဟု မေး၏။ "ငါကား ဝသဝတ္တီမာရ်နတ်သားတည်း" ဟု ဆိုပေသော်၊ "မာရ်နတ်။ ငါ၌ စကြာရတနာသည် ထင်ရှားဖြစ်မည်ရောက်မည်ကို ငါ သိ၏။ မင်းအဖြစ်ဖြင့် ငါ အလိုမရှိ။ ၁ သောင်းသော လောကဓာတ်ကိုပဲ့တင်ထပ်စေ၍ ဘုရား ငါ ဖြစ်အံ့" ဟု ဆို၏။

မာရ်နတ်သားသည် "ယနေ့မှစ၍ သင့်အားကား ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို ကြံစည်သောအခါ သိရကြအံ့" ဟု အခွင့်ကိုရှာလျက်၊ သွားလေရာရာ အရိပ်ပါသကဲ့သို့ အစဉ်တစိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဘုရားလောင်းသည်လည်း လက်တော်သို့ရောက်ပြီးသော စကြဝဠာမင်း၏အဖြစ်ကို တံတွေးပေါက်သို့ ငဲ့ကွက်ခြင်းကင်းသည်ဖြစ်၍ စွန့်ပစ်၍ ကြီးစွာသောနတ်တို့၏ ပူဇော်သက္ကာဖြင့် ဝါဆိုလပြည့်နေ့ ဥတ္တရာသဠ် နက္ခတ်သဘင် ကြိမ်သည်ရှိသော် ကပိလဝတ်ပြည်တော်မှ ထွက်လေ၏။

## ၂၀- ဘုရားလောင်းသည် အနောမာမြစ်သို့ ရောက်ခြင်း။

ထိုသို့ ထွက်တော်မူသောအခါ ကပိလဝတ်ပြည်တော်ကို ကြည့်တော်မူလိုသောစိတ် ဖြစ်၏။ ဤသို့ ဘုရားလောင်းစိတ်အကြံ ဖြစ်လတ်သော် "ယောကျ်ားမြတ်။ သင်ယောကျ်ားမြတ်သည် ပြန်၍ကြည့်ခြင်းကိစ္စကို မပြုအပ်" ဟု ဆိုလေဘိသကဲ့သို့၊ ဤမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လည်လေ၏။ ဘုရားလောင်းသည် ပြည်တော်သို့ ရှေးရှုရပ်၍ ကြည့်တော်မူ၏။ ထိုအရပ်၌ ကဏ္ဍကမြင်း နစ်ရာစေတီအရပ်ကိုပြ၍[၁] သွားအပ်သော ခရီးသို့ရှေးရှု ကဏ္ဍကမြင်းကို နှင်၍ ကြီးစွာသောပူဇော်သက္ကာဖြင့် ပြန့်ပြောစွာသောအသရေ၏ တင့်တယ်ခြင်းဖြင့် သွားလေ၏။

ထိုသို့သောအခါ၌ ဘုရားလောင်း၏ရှေ့မှ နတ်တို့သည် ၆ သောင်းသော မီးရှူးတို့ကို ထွန်းကုန်၏။ နောက်မှ ၆ သောင်း၊ လက်ယာနံပါးမှ ၆ သောင်း၊ လက်ဝဲနံပါးမှ ၆ သောင်းသော မီးရှူးတို့ကို ထွန်းကုန်၏။ တစ်ပါးသောနတ်တို့သည် စကြဝဠာနား၌ မရေမတွက်နိုင်သော မီးရှူးတို့ကို ထွန်းကုန်၏။ တစ်ပါးသောနတ်တို့သည် လည်းကောင်း၊ နဂါး၊ ဂဠုန်တို့သည် လည်းကောင်း၊ နတ်၌ဖြစ်သော နံ့သာ၊ ပန်း၊ အမွှေး၊ အထုံ၊ အခိုးတို့ဖြင့် ပူဇော်လျက် လိုက်ကြကုန်၏။ တစ်ခဲနက် မိုးကြီးစွာသောအခါ၌ ရေအယဉ် ကောင်းစွာပြည့်သကဲ့သို့ နတ်၌ဖြစ်ကုန်သော ပင်လယ်ကသစ်ပန်း၊ ထင်ရှားပန်းတို့ဖြင့် ကောင်းကင်အလုံး အခြားမရှိ ဖြစ်၏။ နတ်၌ဖြစ်သော သီချင်းသံတို့သည်လည်း ဖြစ်ကုန်၏။ ထက်ဝန်းကျင်မှ ၆ သန်း ၈ သိန်းသော တူရိယာမျိုးတို့သည် ဖြစ်ကုန်၏။ (နတ်တို့၏) သီချင်းသံ၊ တူရိယာသံတို့သည် သမုဒ္ဒရာအဝမ်း၌ မိုးကြီးအသံကဲ့သို့ လည်းကောင်း၊ ယုဂန္ဓိုရ်တောင်ဝမ်း၌ သမုဒ္ဒရာသံကဲ့သို့ လည်းကောင်း ဖြစ်၏။ ဤသို့သော အသရေတော်၏တင့်တယ်ခြင်းဖြင့် သွားတော်မူသော ဘုရားလောင်းသည် တစ်ညဥ့်တည်းဖြင့်သာလျှင် ၃ ပြည်ထောင်တို့ကိုလွန်၍ ယူဇနာ ၃၀ အထက်၌ 'အနောမာ' အမည်ရှိသောမြစ်နားသို့ ရောက်လေ၏။

ဤအရာ၌ အသို့တုံနည်း။ ကဏ္ဍကမြင်းသည် စကြဝဠာတိုက်ကို နံနက်စာစီးအောင် လှည့်ပတ်သွားနိုင်လျက် နတ်၊ နဂါး၊ ဂဠုန် အစရှိသည် ကောင်းကင်၌ ရပ်၍၊ ဆေးဖြစ်သော နံ့သာပန်း အစရှိသည်တို့ဖြင့် ပုဆစ်ဒူးမကအောင် ဖုံးလွှမ်းသောကိုယ်ကိုင်၍ နံ့သာတုံး၊ ပန်းတုံးတို့ကိုဖြတ်၍ သွားရသောကဏ္ဍကအား အလွန်ကြာမြင့်၏။ ထို့ကြောင့် ယူဇနာ ၃၀ မျှသာ ရောက်နိုင်သတည်း။

## ၂၁- အလောင်းတော်သည် ဆန္နအမတ်ကို ပြန်လွှတ်ခြင်း။

ထိုအနောမာမြစ်သို့ရောက်သောအခါ၌ ဘုရားလောင်းသည် အနောမာမြစ်နား၌ရပ်၍၊ ဆန္နအမတ်ကို "ဤမြစ်သည် အဘယ်မြစ် ဖြစ်သနည်း" ဟု မေး၏။

"အရှင့်သား။ အနောမာမြစ်တည်း" ဟု ဆိုသော်၊ "ငါ၏ရဟန်းအဖြစ်သည် မယုတ်မာသည် ဖြစ်လတ္တံ့သတည်း" ဟုဆို၍၊ ခြေဖနောင့်ဖြင့်ခတ်လျက် မြင်းတော်ကဏ္ဍက အမှတ်ပေးသော် ခုန်လွှား၍ ၈ ဥသဘအပြော ကျယ်သောအနောမာမြစ်၏ကမ်းတစ်ဖက်၌ တည်လေ၏။ ဘုရားလောင်းသည် မြင်းပေါ်မှ သက်တော်မူ၍၊ ငွေပြားခင်းသကဲ့သို့သော သဲပြင်၌ ရပ်၍လျှင်၊ ဆန္နအမတ်ကို ခေါ်၍၊ "အချင်းဆန္နအမတ်။ သင်သည်

၁- နစ်ရာစေတီအရပ်ကို ပြ၍။

www.burmeseclassic.com

www.burmeseclassic.com



ငါ၏တန်ဆာတို့ကို လည်းကောင်း, ကဏ္ဍကမြင်းကို လည်းကောင်း ယူ၍ သွားလော့။ ငါသည် ရဟန်းပြုတော့အံ့" ဟု ဆို၏။ ဆန္နအမတ်ကား "အရှင်မင်းသား။ အကျွန်ုပ်သည်လည်း ရဟန်းပြုပါအံ့" ဟု လျှောက်ပေ၏။

"သင်သည် ရဟန်းပြုခြင်းငှာ မသင့်။ ပြန်လေတော့" ဟု ၃ ကြိမ် တားမြစ်၍၊ တန်ဆာတို့ကိုလည်းကောင်း, မြင်းကဏ္ဍကကိုလည်းကောင်း ဆောက်နှင်းပေးအပ်၍၊ 'ငါ့အား ဤဆံတို့သည် ရဟန်းတို့နှင့် မလျောက်ပတ်ချေ' ဟု ကြံလေ၏။

ဘုရားလောင်း၏ဆံတော်တို့ကို သူတစ်ပါးတို့ဖြတ်ခြင်းငှာ မထိုက်ဖြစ်၍၊ 'အလိုလိုသာ ပြတ်စေအံ့' ဟု သန်လျက်ကို လက်ယာလက်ဖြင့် ကိုင်၍၊ လက်ဝဲလက်ဖြင့် ဦးပေါင်းတော်[1]နှင့်တကွ ဆံတော်ကိုကိုင်၍ ဖြတ်လေ၏။ ဆံတော်တို့သည် လက် ၂ သစ်မျှ ရှိကုန်သည် ဖြစ်၍ လက်ယာရစ်လည်ကုန်လျက်၊ ဦးပေါင်းတော်ကို ကပ်ငြိလျက် တည်ကုန်၏။ သက်တော်ရှည်သရွေ့ကာလပတ်လုံး ထိုဆံတော်တို့၏ပမာဏသည် လက် ၂ သစ်သာလျှင် ဖြစ်ကုန်၏။ မုတ်ဆိတ်တော်တို့သည်လည်း ထိုဆံတော်နှင့်လျော်စွာ ဖြစ်ကုန်၏။ ဆံတော်, မုတ်ဆိတ်တော်တို့ကို တစ်ဖန် ရိတ်ရသောမည်သည် မရှိပြီ။

ဘုရားလောင်းသည်လည်း ဦးပေါင်းတော်[2]နှင့်တကွ ဆံတော်ကိုကိုင်၍၊ "အကယ်စင်စစ် ဘုရားဖြစ်မည်မှန်လျှင် ကောင်းကင်၌ တည်စေသတည်း။ ဘုရား မဖြစ်သည်မှန်ချေမူ မြေ၌ ကျစေသတည်း" ဟု ဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်၏။ ထိုဆံတော်သည် ၁ ယူဇနာ အတိုင်းအရှည်ရှိသောအရပ်သို့ တက်လေ၍ ကောင်းကင်၌ တည်၏။ သိကြားမင်းသည် ဒိဗ္ဗစက္ခုဖြင့်ကြည့်လျှင် အလုံးစုံကိုသိမြင်လတ်သော် ၁ ယူဇနာရှိသော ရတနာပန်းတောင်းဖြင့်ခံ၍ တာဝတိံသာနတ်ပြည်၌ 'စူဠာမဏိ'မည်သော စေတီတော်ကို တည်ပေ၏။

တစ်ဖန် ဘုရားလောင်းသည် 'ဤကာသိတိုင်း၌ဖြစ်သော ပုဆိုးတို့သည် ငါအား ရဟန်းတို့နှင့် လျောက်ပတ်သည် မဟုတ်ကုန်' ဟုကြံလေ၏။

ထိုသို့ ကြံသောအခါ၌ ကဿပဘုရားလက်ထက်တော်၌ ဘုရားလောင်း၏ အဆွေခင်ပွန်းဖြစ်ဖူးသော 'ဃဋီကာရ' မည်သော ဗြဟ္မာကြီးသည် ဘုရား တစ်ဆူနှင့်တစ်ဆူအကြားပတ်လုံး အိုခြင်းသို့ မရောက်သဖြင့် အဆွေခင်ပွန်းအဖြစ်ဖြင့် ဤသို့ကြံ၏။ 'ယခု ငါ၏ အဆွေခင်ပွန်းဟောင်းဖြစ်သော သိဒ္ဓတ်မင်းသား ဘုရားလောင်းသည် မြတ်သောတောထွက်ခြင်းကို ထွက်ပြီ။ ထိုအဆွေခင်ပွန်း ဘုရားလောင်း၏ ရဟန်းပရိက္ခရာကိုယူ၍ သွားလေအံ့' ဟု ကြံလေ၏။

ရဟန်းပရိက္ခရာကား-

'တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။

ပရိဿာဝနေန အဋ္ဌေ တေ၊ ယုတ္တယောဂဿ ဘိက္ခုနော။' ဟူသည်တည်း။ ဤ၌ အနက်ကား-

'တိစီဝရဉ္စ၊ သင်္ကန်း ၃ ထည် လည်းကောင်း။ ပတ္တော၊ သပိတ် လည်းကောင်း။ ဝါသိစ၊ ပဲခွပ် လည်းကောင်း။ သူစိစ၊ အပ် လည်းကောင်း။ ပရိဿာဝနေန၊ ရေစစ်နှင့်တကွ။ ဗန္ဓနံ၊ ခါးပန်း လည်းကောင်း။ တေအဋ္ဌ၊ ဤ ၈ ပါးတို့သည်။ ယုတ္တယောဂဿ၊ ကမ္မဋ္ဌာန်းစီးဖြန်းသောလုံ့လနှင့် ယှဉ်သော။ ဘိက္ခုနော၊ ရဟန်းအား။ သာရုပ္ပါ၊ လျောက်ပတ်ကုန်၏။'

ဤ ၈ ပါးသော ပရိက္ခရာတို့ကိုဆောင်ခဲ့၍ ဘုရားလောင်းအား ဆက်ကပ်လေ၏။ ဘုရားလောင်းလည်း ဃဋီကာရဗြဟ္မာသည် ကပ်လှူအပ်သော ပရိက္ခရာ ၈ ပါးကို ခံယူတော်မူ၍၊ 'ဤသို့ ဝတ်အပ်သည်။ ဤသို့ ရုံအပ်သည်' ဟု တစ်စုံတစ်ယောက်သာသူသည် မသင်မပြဘဲ များစွာသောသံသရာဘဝ၌ ဖြစ်စေအပ်သော ကိုယ်တော်၏ ရဟန်းအလေ့အကျက်ဖြင့်သာလျှင် တစ်ထည်သောသင်္ကန်းကို ဝတ်၍၊ တစ်ထည်သောသင်္ကန်းကို

[1,2] ၁,၂- ဦးခေါင်းတော်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝတ်စမွယ်တင်၍၊ တစ်ထည်သောသင်္ကန်းကို ပခုံး၌တင်၍၊ မြေသပိတ်ကို ပခုံး၌လွယ်၍ ရဟန်း၏အသွင်ကို ဆောက်တည်ပြီးသော်၊ ဆန္နအမတ်ကို ခေါ်၍၊ "အချင်းဆန္နအမတ်။ ပြန်လေတော့။ ငါ့စကားဖြင့် မယ်တော် ခမည်းတော်တို့အား အနာမရှိသည်၏အဖြစ်ကို ပြောဆိုလေလော့" ဟု ဆို၍လွှတ်လိုက်၏။

ဆန္နအမတ်သည်လည်း ဘုရားလောင်းကို ရှိခိုး၍၊ လက်ယာရစ်လှည့်သည်ကို ပြု၍ ပြန်လေ၏။ ကဏ္ဍကမြင်း သည်ကား ဆန္နအမတ်နှင့် တကွပြောဆိုတော်မူသော ဘုရားလောင်း၏စကားကို နားထောင်လျက်နေ၍၊ 'ယခုဘဝ၌ ငါ့အား အရှင့်သားကို တစ်ဖန် မတွေ့ရပြီ။ တွေ့ရခြင်း မရှိပြီ' ဟု ကြံအောက်မေ့၍၊ မျက်စိဖြင့် မြင်ရာအရပ်ကို လွန်သည်ရှိသော် ကွေကွင်းခြင်းကြောင့်ဖြစ်သော စိုးရိမ်ခြင်းကို သက်သာရာရစိမ့်သောငှာ မတတ်နိုင်သည်ဖြစ်၍၊ နှလုံးကွဲလေသော် သေ၍၊ တာဝတိံသာနတ်ပြည်၌ 'ကဏ္ဍက'အမည်ရှိသောနတ်သား ဖြစ်လေ၏။

ဆန္နအမတ်အား ရှေးဦးစွာ ဘုရားလောင်းနှင့် ကွေကွင်းရခြင်းကြောင့်ဖြစ်သော စိုးရိမ်ခြင်းတစ်ခုသာလျှင် ဖြစ်၏။ ကဏ္ဍကမြင်းသေပြန်သဖြင့် ၂ ခုမြောက်သောစိုးရိမ်ခြင်း နှိပ်စက်၍ ငိုကြွေးမြည်တမ်းလျက် သွားလေ၏။

## ၂၂- အလောင်းတော်သည် ဥရုဝေလတော၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း။

ဘုရားလောင်းသည် ရဟန်းပြု၍၊ ထိုအရပ်၌ပင်လျှင် 'အနုပိယ'မည်သော သရက်တော၌ ရဟန်းချမ်းသာဖြင့် ၇ ရက်ကို လွန်စေ၍၊ ယူဇနာ ၃၀ ရှိသောခရီးကို ခြေဖြင့်သာလျှင် တစ်နေ့ချင်းရောက် ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် တံခါး၌ ဤသို့ကြံ၏။

'အကယ်၍ ဗိမ္ဗိသာရမင်းကြီးအား ငါလာကြောင်းကို ကြားသည်ဖြစ်အံ့။ သုဒ္ဓေါဒနမင်းကြီးသား သိဒ္ဓတ် မင်းသား လာရောက်သည်ဟုကြားလျှင် များစွာသောလူတို့သည် ငါ့အား များစွာသောပစ္စည်းကို ဆောင်ခဲ့ရာ၏။ ရဟန်းတို့အား အကြောင်းကြား၍ ပစ္စည်းကိုဆောင်ခြင်းငှာ မသင့်ချေ။ ငါသည် ယခု ဆွမ်းခံဝင်ရသော် ကောင်း၏' ဟု ဃဋိကာရလျှသော သင်္ကန်းကို ဝတ်ရုံ၍၊ မြေသပိတ်ကို လွယ်၍၊ အရှေ့တံခါးဖြင့် ဝင်လေ၍ ဆွမ်းခံဝင်တော်မူ လေသော်၊ အိမ်စဉ်အတိုင်း ဆွမ်းအလို့ငှာ သွားတော်မူလေ၏။

ဘုရားလောင်း၏အဆင်းတော်ကို မြင်သဖြင့် ရာဇဂြိုဟ်ပြည်အလုံးသည် နာဠာဂိရိဆင် ရာဇဂြိုဟ်မြို့တွင်း သို့ဝင်လျှင် မြို့အလုံးချောက်ချားသကဲ့သို့ လည်းကောင်း၊ အသူရိန္ဒနတ်မင်းဝင်လတ်သော် အသုရာပြည်၌ တုန်လှုပ် ချောက်ချားသကဲ့သို့ လည်းကောင်း ချောက်ချား၏။

မင်းချင်းယောက်ျားတို့သည်လည်း ဗိမ္ဗိသာရမင်းကြီးအထံသို့ သွားလေကုန်၍၊ "အရှင်မင်းကြီး။ ဤသို့ သဘောရှိသော သတ္တဝါသည် မြို့တော်၌ ထမင်းအလို့ငှာ ရှာစားလာသည်။ နတ်လော, လူလော, နဂါး, ဂဠုန် လော။ ဤသတ္တဝါကား အဘယ်မည်သော သတ္တဝါနည်းဟု အကျွန်ုပ်တို့ မသိပါကုန်" ဟု ကြားလျှောက်ကုန်၏။

ဗိမ္ဗိသာရမင်းကြီးလည်း ပြာသာဒ်အပြင်၌ ရပ်၍ ကြည့်ရှုလေသော် ဘုရားလောင်းကို မြင်၍၊ 'အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲတကား' ဟု စိတ်အကြံ ရှိ၍၊ မင်းချင်းယောက်ျားတို့ကို "အချင်းတို့။ သွားချေကုန်။ စုံစမ်းချေကုန်။ အကယ်၍ ဘီလူးဖြစ်အံ့။ ပြည်မှထွက်၍ ကွယ်ပျောက်လတ္တံ့။ အကယ်၍ နတ်ဖြစ်အံ့။ ကောင်းကင်၌ သွားလတ္တံ့။ အကယ်၍ နဂါးဖြစ်အံ့။ မြေ၌ငုပ်၍ ဝင်လတ္တံ့။ အကယ်၍ လူစင်စစ်ဖြစ်အံ့။ ရတိုင်းသော ထမင်းကို စားလတ္တံ့" ဟု ဆို၍ စေလိုက်၏။

www.burmeseclassic.com



ဘုရားလောင်းသည်လည်း ကောက်၊ ပဲ၊ ပြောင်း၊ လူး အစရှိသော အရောရောသောဆွမ်းကို စုရုံး၍၊ 'ငါ့အား ဤမျှလောက်သောဆွမ်းသည် မျှတခြင်းငှာ သင့်ပြီ' ဟု သိတော်မူ၍၊ ဆွမ်းခံဝင်တော်မူသော တံခါးဖြင့်ပင်လျှင် ထွက်ခဲ့၍၊ ပဏ္ဍဝတောင်ရိပ်၌ အရှေ့မျက်နှာသို့ ရှေးရှုထိုင်၍ အာဟာရကို ဘုဉ်းပေးသုံးဆောင်အံ့သောငှာ အားထုတ်၏။ ထိုအခါ၌ ဘုရားလောင်း၏အအူတို့သည် ပြန်ကုန်၍ ခံတွင်းဖြင့် အန်ထွက်အံ့သော အခြင်းအရာကဲ့သို့ ဖြစ်ကုန်၏။ ထိုနောင်မှ ဘုရားလောင်းသည် ထိုကိုယ်တော်၏အဖြစ်ဖြင့် ဤကဲ့သို့သော အရောရောသောဆွမ်းကို မမြင်ဖူးသောကြောင့် စက်ဆုပ်ဖွယ်သောအာဟာရဖြင့် ငြီးငွေ့သော်လည်း၊ 'သိဒ္ဓတ်မင်းသား။ သင်သည် ရလွယ်သော ထမင်း၊အဖျော်ရှိသော အမျိုး၌ ၃ နှစ်ဟောင်းသော မွှေးသော သလေးထမင်း၊ အထူးထူးမြတ်သောအရသာတို့ကို စားရရာ၌ဖြစ်ပါလျက် ပုံသကူဆောင်သော ရဟန်းတစ်ဦးကိုမြင်ရလျှင်၊ 'အဘယ်နံ့ရော့အခါ ငါသည် ဤသူကဲ့သို့ဖြစ်၍၊ ဆွမ်းအလို့ငှာ သွား၍ စားရပါအံ့နည်း။ ငါ့အား ဤကဲ့သို့ အဘယ်နံ့ရော့အခါ ဖြစ်ပါလတ္တံ့နည်း' ဟု ကြံစည်၍ တောထွက်သည် မဟုတ်တုံလော။ အဘယ့်ကြောင့် ဤကဲ့သို့ ငြီးငွေ့သောစိတ် ဖြစ်ဘိသနည်း' ဟု ကိုယ်တော်သည်ပင် ကိုယ်တော်ကို ဆုံးမတော်မူလေသော်၊ ရွံရှာခြင်းကင်းသည်ဖြစ်၍ အာဟာရကို သုံးဆောင်ဘုဉ်းပေးတော်မူ၏။

မင်းချင်းယောကျ်ားတို့သည်လည်း ထိုအကြောင်းကို မြင်၍၊ ဗိမ္ဗိသာရမင်းကြီးထံသို့ သွား၍ ကြားလျှောက်ကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် တမန်တို့စကားကို ကြား၍၊ မြတ်သော ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်တို့ဖြင့် အကြင်မျှလောက်သွားခြင်းငှာ သင့်၏။ ထိုမျှလောက် သွား၍၊ ယာဉ်မှ ဆင်းသက်၍၊ ဘုရားလောင်းရှိရာကပ်ပြီးသော် လျှောက်ပတ်ရာအရပ်၌ နေ၍ ဝမ်းမြောက်ဝမ်းသာပြောဟော၏။

ဝမ်းမြောက်ဝမ်းသာ ပြောဟောပြီးသော် အသက်ထက်ဆုံး မှတ်အပ်သောစကားကို ပြောသည်၏အဆုံး၌ ဤသို့သောစကားကို ဆို၏။

"အရှင်ဘုရား။ အရှင်ဘုရားသည် ယခုအရွယ်တော် ငယ်လည်း ငယ်လှ၏။ ပထမအရွယ်၌လည်း တည်သေး၏။ အသက်အရွယ်နှင့်လည်း ပြည့်စုံ၏။ အရေအဆင်း၊ အလုံးအရပ်နှင့်လည်း ပြည့်စုံ၏။ အမျိုးနှင့်လည်း ပြည့်စုံ၏။ မင်းကဲ့သို့ ဖြစ်၏။ အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားအား ဗိုလ်ပါ၊ ဆင်၊ မြင်း အပေါင်းကို အစပြု၍ စည်းစိမ်ချမ်းသာတို့ကို ပေး၏။ အရှင်ဘုရားလည်း တင့်တယ်လျက် ဗိုလ်ပါအပေါင်း ဆင်၊ မြင်းအပေါင်း ခြံရံလျက် စံစားလော့။ အကျွန်ုပ်မေးအပ်သော အရှင်ဘုရားသည် မိမိအမျိုးအနွယ်ကို ပြောကြားဘိလော့" ဟု မင်းကြီး ဆို၏။

မင်းကြီးလျှောက်ကြားသော စကားကို ဘုရားလောင်း ကြားလေလျှင်၊ ဘုရားလောင်းသည် 'ဤမင်းကား ငါ့ကို 'မင်း'ဟု မသိ၍ မေးသတည်း။ သိစေအံ့' ဟု အကြံပြု၍၊ မိမိလာရာအရပ်ကို ညွှန်ပြလျက်၊ "မင်းကြီး။ ဟိမဝန္တာ၏နံပါးမှ ဖြောင့်ဖြောင့်ဖြစ်သော ဇနပုဒ်သည် ကောသလမင်း၏ အစဉ်အဆက်ဖြစ်သော နေရာတည်း။ အား၊ လုံ့လ၊ ဥစ္စာရတနာနှင့်လည်း ပြည့်စုံ၏။ အနွယ်အားဖြင့် 'အာဒိစ္စ' မည်၏။ အမျိုးအားဖြင့် 'သာကီဝင်' တည်း။ ထိုသာကီဝင်မျိုးမှ ထွက်၍ ရဟန်းပြုသည်။ ကာမဂုဏ်ကို မတောင့်တ။ ငါသည် ကာမဂုဏ်တို့၌ အပြစ်ကိုလည်းကောင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းကိုလည်းကောင်း ဘေးမရှိသောအားဖြင့် မြင်၍ ရဟန်းပြုသည်" ဟု ဆိုပေသော်၊ ဗိမ္ဗိသာရမင်းကြီးသည်လည်း ဘုရားလောင်းကို ဤသို့ဆို၏။

"အရှင်ဘုရား။ 'သုဒ္ဓေါဒနမင်းကြီးသား သိဒ္ဓတ်မင်းသားသည် ၄ ပါးသောနိမိတ်ကြီးတို့ကို မြင်လျှင် ရဟန်းပြု၍ ဘုရားဖြစ်လတ္တံ့'ဟု ကြားဖူးပါသည်။ အရှင်ဘုရားတို့၏ နှလုံးတော်ထားဟန်ကို မြင်ရလျှင်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပင် ကြည်ညိုလှပါသည်။ မချွတ်ကေန် ဘုရားအဖြစ်သို့ ရောက်လတ္တံ့။ အရှင်ဘုရား သဗ္ဗညုအဖြစ်သို့ ရောက်သောအခါ အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ" ဟု လျှောက်၏။

ဘုရားလောင်းလည်း "ကောင်းပြီ" ဟု ဝန်ခံတော်မူ၏။ ဗိမ္ဗိသာရမင်းလည်း နန်းတော်သို့ဝင်လေ၏။

## ၂၃- ဘုရားလောင်းသည် ဒုက္ကရစရိယာကို ကျင့်ခြင်း

ဘုရားလောင်းသည်လည်း ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံခြင်းကိုပေးတော်မူ၍ အစဉ်သဖြင့်ကြွတော်မူလေသော်၊ ကာဠာမအမျိုးဖြစ်သော အာဠာရရသေ့သို့ကပ်၍ လောကီဈာန်, သမာပတ်တို့ကို မေးမြန်း၏။ အာဠာရသည်ကား လောကီဈာန် ၇ တန်မျှ လေ့လာသည်ကိုသာ ဖြေကြား၏။ "ဤမျှပင်လော"ဟု မေးသော်၊ "ငါကား ဤမျှသာ လေ့လာသည်။ ရာမ၏သားဖြစ်သော ဥဒကရသေ့မူကား အထက် ၁ တန်[1]ကို လေ့လာနိုင်သေး၏"ဟု ဆိုပေသော်၊ ဥဒကရသေ့သို့ ကပ်ပြန်၍ နေဝသညာနာသညာယတနဈာန်ကို မေးမြန်း၏။ ဥဒကလည်း မိမိလေ့လာသော ဈာန်, သမာပတ်တို့ကို ဖြေကြား၏။

ဘုရားလောင်းသည်လည်း လောကီသမာပတ်တို့ကို ဖြစ်စေ၍၊ 'ဤလောကီသမာပတ်တို့သည် ဘုရားဖြစ်ခြင်း၏ အကြောင်း မဟုတ်ချေတကား' ဟု နှလုံးသွင်း၍၊ ထို 'သမာပတ်'တည်းဟူသော ဘာဝနာကို တန်ဆာဟု မမှတ်မူ၍၊ နတ်နှင့်တကွသောလူအား ကိုယ်တော်၏ အား,လုံ့လတော်နှင့်ပြည့်စုံသည်ကိုပြတတ်သော ပြင်းစွာအားထုတ်အပ်သောကမ္မဋ္ဌာန်းကို အားထုတ်တော်မူလိုသည် ဖြစ်၍၊ ဥရုဝေလတောသို့ ကြွတော်မူ၍၊ 'ဤမြေအဖို့သည် နှလုံးမွေ့လျော်ဖွယ် ရှိစွတကား' ဟု နှလုံးသွင်း၍၊ ထိုဥရုဝေလတော၌ပင်လျှင် နေတော်မူ၍ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူလေ၏။

ကောဏ္ဍညအမျိုးရှိသော ၅ ယောက်သောရဟန်းတို့သည်လည်း ရွာ, နိဂုံး, မင်းနေပြည်တို့သို့ ဆွမ်းအလို့ငှာ သွားကုန်သည်ရှိသော်၊ ဥရုဝေလတော၌ ဘုရားလောင်းရှိရာသို့ ရောက်လာကုန်၏။

ထိုအခါ၌ ၆ နှစ်ပတ်လုံး ကမ္မဋ္ဌာန်းကိုအားထုတ်သော ဘုရားလောင်းကို 'ယခုပင် ဘုရားဖြစ်လတ္တံ့'ဟု နှလုံးသွင်း၍ ပရိဝုဏ်တံမြက်လှည်းခြင်း အစရှိသော ကိုယ်ဖြင့်ကျင့်အပ်သော အကျင့်ဝတ်ဖြင့် လုပ်ကျွေးကုန်လျက် ဘုရားလောင်း၏အနီး၌ နေကုန်၏။

ဘုရားလောင်းသည်လည်း 'အဆုံးသို့ရောက်သော[2] ပြုနိုင်ခဲသောအမှုကို ပြုအံ့' ဟု နှမ်းလုံးတစ်စေ့, ဆန်လုံးတစ်စေ့ အစရှိသောအာဟာရဖြင့်လည်း အခါကို လွန်စေ၏။ အချင်းခပ်သိမ်းလည်း အာဟာရကို ဖြတ်တော်မူ၏။ နတ်တို့သည်လည်း နတ်သြဇာကိုဆောင်ကုန်လျက် မွေးတွင်းတော်သို့ ထည့်သွင်းကုန်၏။ ထိုသို့ ပြင်းပြစွာအားထုတ်၍ ဒုက္ကရစရိယာကျင့်တော်မူသောအခါ၌ ဘုရားလောင်းအား ထိုသို့သော အာဟာရခေါင်းပါးခြင်းကြောင့် အလွန် ငြိုငြင်ဆင်းရဲခြင်းသို့ ရောက်သဖြင့် ရွှေစင်နိက္ခအဆင်းနှင့် တူသောအဆင်းတော်သည်လည်း မည်းသောအဆင်း ရှိ၏။ ၃၂ ပါးသော လက္ခဏာတော်ကြီးတို့သည်လည်း ဖုံးကွယ်ကုန်၏။

တစ်ရံအခါ၌ ထွက်သက်, ဝင်သက်ကို အာရုံပြု၍ အာနာပါနဈာန်ကို စီးဖြန်းတော်မူသော ဘုရားလောင်းသည် 'ဆာလောင် မွတ်သိပ်ခြင်း'တည်းဟူသော ကြီးစွာသောဝေဒနာဖြင့် အလွန်နာကျင်ခြင်း ရှိသည်ဖြစ်၍ စင်္ကြံဦး၌ တိမ်းလဲတော် မူခဲ့၏။ထိုသို့ တိမ်းလဲမူးမော်သော အခါ၌ ဘုရားလောင်းကို အချို့သောနတ်တို့သည် "ရဟန်းဂေါတမ သေခဲ့ပြီ" ဟုဆိုကုန်၏။ အချို့သော နတ်တို့ကား "အာဟာရခေါင်းပါးခြင်းကြောင့်သာ ဤရဟန်းဂေါတမသည် မိန်းမောသည်"ဟု ဆိုကုန်၏။

၁- အထက်ဈာန်ကို။ ၂- အဆုံးသို့မရောက်သော

www.burmeseclassic.com

www.burmeseclassic.com



ထိုနတ်အပေါင်းတို့တွင် အကြင်နတ်တို့အား 'သေခဲ့ပြီ' ဟူသောအမှတ် ရှိ၏။ ထို နတ်တို့သည် သုဒ္ဓေါဒနမင်းကြီး ရှိရာသို့ သွား၍၊ "အရှင်မင်းကြီးတို့၏သားတော်သည် သေချေပြီ" ဟု ကြားကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း "ငါ၏သားတော်သည် ဘုရား ဖြစ်၍တည်း သေသလော။ ထိုသို့မဟုတ် ဘုရား မဖြစ်သေးဘဲလျက် သေသလော" ဟု မေး၏။

"ဘုရားဖြစ်ခြင်းငှာ မတတ်နိုင်။ ကမ္မဋ္ဌာန်းစီးဖြန်းရာ မြေဦပင်လျှင် တိမ်းလဲ၍ သေခဲ့သည်" ဟု ဆိုကြသောစကားကို ကြား၍၊ သုဒ္ဓေါဒနမင်းကြီးသည် "ငါ့သား ဘုရားအဖြစ်သို့ မရောက်ဘဲသေသည်ကို ငါ မယုံ။ ဘုရားမဖြစ်ဘဲ သေခြင်းမည်သည် မရှိ" ဟု ပယ်၏။

'အဘယ့်ကြောင့် သုဒ္ဓေါဒနမင်းကြီး မယုံလေသနည်း' ဟူမူကား ကာဠဒေဝိလရသေ့အား ရှိခိုးစေသောနေ့၌ လည်းကောင်း, ဇမ္ဗုသပြေပင်ရင်း၌ ထားသောအခါ၌ လည်းကောင်း အံ့ဖွယ်သရဲသော တန်ခိုးတော်တို့ကို မြင်ရသောကြောင့် မယုံလေသတည်း။

ဘုရားလောင်းသည် အမှတ်သညာကိုရတော်မူပြန်၍ ထပြီးသော်၊ ထိုနတ်တို့သည် တစ်ဖန်သွား၍၊ "မင်းကြီး၏ သားတော်သည် အနာမရှိ။ ပကတိခွန်အားဖြင့် ထသွားနိုင်၏" ဟု ကြားပေကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည်လည်း "ငါ့သား မသေသောအဖြစ်ကို ငါသိ၏" ဟု ဆိုပေ၏။

၆ နှစ်ပတ်လုံး ပြုနိုင်ခဲသော ကမ္မဋ္ဌာန်းစီးဖြန်းသောအမှုကို ပြုတော်မူသော ဘုရားအလောင်း၏ ကျော်စောသံသည် ကောင်းကင်၌ ခေါင်းလောင်းထိုးသောအသံကဲ့သို့ ဖြစ်၏။

ဘုရားလောင်းသည် 'ဤ 'ဒုက္ကရစရိယာ' မည်သည်ကား သဗ္ဗညုတဉာဏ်ကို ရခြင်း၏အကြောင်းမဟုတ်' ဟု နှလုံးသွင်း၍၊ ရုန့်ရင်းသောအာဟာရကို သုံးဆောင်ခြင်းငှာ ရွာ,နိဂုံးတို့၌ ဆွမ်းအလို့ငှာ သွား၍ အာဟာရကို ဆောင်တော်မူ၏။

ထိုသို့သော အာဟာရကိုဆောင်တော်မူသောအခါ၌ ဘုရားလောင်း၏ ၃၂ ပါးသော လက္ခဏာတော်ကြီးတို့သည် ပြကတေ့ပေါ်မြဲပေါ်၍ ထင်မြင်ကုန်၏။ ကိုယ်တော်သည်လည်း ရွှေအဆင်းနှင့် တူသောအဆင်း ရှိ၏။

ပဉ္စဝဂ္ဂီဖြစ်ကုန်သော ရဟန်းတို့သည် "ဤဘုရားလောင်းသည် ၆ နှစ်ပတ်လုံး ခဲယဉ်းလှသော ဒုက္ကရစရိယာကို ကျင့်သော်လည်း သဗ္ဗညုတဉာဏ်ကိုရခြင်းငှာမတတ်နိုင်။ ယခုမူကား ရွာ, နိဂုံး အစရှိသည်တို့၌ ဆွမ်းအလို့ငှာ သွား၍ ရုန့်ရင်းသောအာဟာရကို သုံးဆောင်ရကား အဘယ်မှာလျှင် သဗ္ဗညုတဉာဏ်ကိုရခြင်းငှာ တတ်နိုင်လတ္တံ့နည်း။ ဤဘုရားလောင်းသည် ပစ္စည်းများစေခြင်းငှာသာ လှည့်ပတ်လည်လာ၏။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းမှ ထွက်ပြီ။ ဦးခေါင်းဆေးလျှော်လိုသောသူအား ဆီးနှင်းပေါက်ကို မရ ရကြောင်း ကြံစည်ရသကဲ့သို့ ငါတို့အား ထိုဘုရားလောင်း၏အထံမှ ဈာန်, မဂ်, ဖိုလ် မရ ရကြောင်း ကြံရသည်။ ငါတို့အား ဤဘုရားလောင်းဖြင့် အဘယ်ပြုရတော့အံ့နည်း" ဟု နှလုံးသွင်းသည်ကို ပြု၍၊ ဘုရားလောင်းကို စွန့်ခဲ့၍၊ မိမိတို့၏ သပိတ်,သင်္ကန်းကို ယူ၍၊ ၁၂ ယူဇနာရှိသောခရီးသို့ သွား၍ ဣသိပတနမိဂဒါဝုန်တောသို့ ဝင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄- သုဇာတာ၏ ယနာနို့ဆွမ်းချက်ပုံကို အကျယ်ပြခြင်း

ထိုအခါ ဥရုဝေလတောတွင် သေနနိဂုံးအရပ်၌ 'သေန'အမည်ရှိသော သူကြွယ်၏သမီးဖြစ်သော 'သုဇာတာ' အမည်ရှိသောသတို့သမီးသည် အရွယ်သို့ရောက်သည်ဖြစ်၍ တစ်ခုသောညောင်ပင်၌ ဆုတောင်းခြင်းကို ပြု၏။

"အကယ်၍ ငါသည် အမျိုးတူကြသော လင်၏အိမ်သို့ သွား၍ အစစွာသောဝမ်းတိုက်၌ သားယောက်ျားကို ရပါအံ့။ အရှင်ရက္ခစိုးအား ၁ နှစ် ၁ ကြိမ် ၁ သိန်းသောဥစ္စာကိုစွန့်သဖြင့် ပူဇော်သက္ကာရအမှုကို ပြုပါမည်" ဟု ဆုတောင်းခြင်းကို ပြု၏။ ထိုသုဇာတာ၏ ဆုတောင်းခြင်းသည် ပြည့်စုံလေ၏။

ထိုသုဇာတာသည် ဒုက္ကရစရိယာ ကျင့်တော်မူသော ဘုရားလောင်း၏ ၆ နှစ်စေ့လတ်သော ကဆုန်လပြည့်နေ့၌ ဗလိနတ်စာအမှုကို ပြုလိုသည်ဖြစ်၍၊ မဆွကပင် နွားမ ၁၀၀၀ ကို နွယ်ချိုတော၌ ကျောင်းစေ၍၊ ထို ၁၀၀၀ သောနွားမတို့၏နို့ရည်ကို ၅၀၀ သောနွားမတို့ကို တိုက်ကုန်၏။ ထို ၅၀၀ သောနွားမတို့၏ နို့ရည်ကို ၂၅၀ သောနွားမတို့ကို တိုက်ကုန်၏။ ထိုသို့သောနည်းဖြင့် ၁၆ ခုသောနွားမတို့၏ နို့ရည်ကို ၈ ခုသောနွားမတို့ကို တိုက်ကုန်၏။ ထိုမျှလောက်သော နို့ရည်၏ ခဲသည်ထက် ခဲသည်ကိုလည်းကောင်း၊ ချိုသည်ထက် ချိုသည်ကို လည်းကောင်း၊ ဩဇာရှိသည်ထက် ရှိသည်ကိုလည်းကောင်း ဖြစ်စေလျက် အကြိမ်ကြိမ်ပြန်သော နို့ရည်ကို ပြု၏။

ပါရမီခန်း၌ 'ငါးရာနွားကို ကြိမ်များဖန်ဖန် ရည်ပြန်တိုက်ပြီး မကားကြီးတည့် သင်းသီးရှစ်ခု နို့နပ်ပြု၍' ဟု စပ်ရာဝယ် ၅၀၀ တစ်စုသောနွားမတို့၌သာ အကြိမ်အဖန်များစွာ တိုက်သည်။ ၅၀၀ တစ်စု၌ကား အကြိမ်အဖန် မရှိပြီ။ အဋ္ဌကထာတို့၌ကား- 'ဓေနုသဟဿံ လဋ္ဌိမဓုကဝနေ စရာပေတွာ' ဟူ၍ လာရှိသည်။

သုဇာတာသည်လည်း ကဆုန်လပြည့်နေ့ နံနက်စောစောကလျှင် 'ညောင်စောင့်နတ်အား ပူဇော်သော အမှုကိုပြုအံ့' ဟု မိုးသောက်ထ၍ စောစောထ၍ ထို ၈ ခုသောနွားမတို့ကို ညှစ်စေ၏။ ထိုသို့ညှစ်ရာ၌ နွားငယ်တို့သည် နွားမတို့၏နို့အနီးသို့ မလာကုန်။ ထိုသို့မလာကုန်ဘဲလျက် နို့အနီး၌ အိုးသစ်တို့ကို တည်ထားကာမျှ၌ မိမိ၏ထွက်တတ်သောသဘောဖြင့် နို့အရည်တို့သည် ယိုထွက်လေကုန်၏။

ထိုသို့ယိုထွက်သော အံ့ဖွယ်သရဲကိုမြင်၍၊ သုဇာတာသည် မိမိလက်ဖြင့်လျှင် နို့ရည်ကို ယူ၍၊ အိုးသစ်၌ ထည့်၍၊ မိမိလက်ဖြင့်လျှင် မီးကိုမွေး၍ ချက်အံ့သောငှာ အားထုတ်၏။ ထိုသို့ချက်သည်ရှိသော် ကြီးကုန်သောအပွက်တို့သည် ထလတ်ကုန်၍ လက်ယာရစ်လည်ကုန်လျက် ရွေ့ကုန်၏။ တစ်ပေါက်မျှလည်း ပြင်သို့ မဝေမဖိတ်။ ခုံလောက်မှ အနည်းငယ်မျှလည်း မီးခိုး မတက်။

ထိုသို့ချက်သောအခါ၌ လောကပါလနတ်မင်းကြီး ၄ ယောက်တို့လာကုန်၍ ခုံလောက်၌ စောင့်ရှောက်ကုန်၏။ ဗြဟ္မာကြီးသည် ထီးဖြင့်ကာ၍ သိကြားမင်းလည်း ထင်းစတို့ကို ကောင်းစွာဆောင်လျက် မီးညှိ၏။ နတ်တို့သည် ကျွန်းငယ်အရံ ၂၀၀၀ နှင့်တကွ ကျွန်းကြီး ၄ ကျွန်းတို့၌ နတ်တို့သုံးဆောင်အပ်သော ဩဇာကို မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် ပျားတံနှင့်တကွဖွဲ့အပ်သော ပျားလပို့တို့ကို ညှစ်၍ ပျားရည်ယူဘိသကဲ့သို့၊ ကောင်းစွာဆောင်ယူကုန်၍ နို့ယနာအိုး၌ ထည့်လေကုန်၏။ တစ်ပါးသောကာလတို့၌ ဆွမ်းလုတ်တိုင်းလုတ်တိုင်း နတ်တို့သည် ဩဇာထည့်ကုန်၏။ ဘုရားဖြစ်တော်မူသော နေ့၌ လည်း ကောင်း၊ ပရိနိဗ္ဗာန်ပြုတော်မူသည့်နေ့၌ လည်းကောင်း ချက်ဆဲဖြစ်သောအိုး၌သာလျှင် ထည့်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သုဇာတာသည် တစ်နေ့သောနေ့ကပင်လျှင် ထိုပဒေါင်ပင်ရင်း၌ မိမိအား ထင်ထင်ရှားရှား များစွာသော အံ့ဖွယ်သရဲတို့ကို မြင်ခဲ့၍၊ 'ပုဏ္ဏာ'အမည်ရှိသောကျွန်မကို ခေါ်၍၊ "အမယ်ပုဏ္ဏာ။ ငါတို့၏ ပဒေါင်စောင့်နတ်သည် အလွန်လျှင်ကြည်ညိုဖွယ် ရှိ၏။ ငါသည် ဤမျှလောက်သောကာလပတ်လုံး ဤသို့သဘောရှိသော အံ့ဖွယ်သရဲကို မမြင်စဖူး။ လျင်စွာသွား၍ နတ်မင်းနေရာကို သုတ်သင်ချေလော့" ဟုဆို၏။

'ပုဏ္ဏာ'အမည်ရှိသော ကျွန်မသည်လည်း "အရှင်မ။ ကောင်းလှပြီ" ဟု သုဇာတာ၏စကားကို ဝန်ခံ၍ အဆောတလျင် ပဒေါင်ပင်ရင်းသို့ သွားလေ၏။

## ၂၅- ဘုရားလောင်း၏ အိပ်မက်ကြီး ၅ ပါး

ဘုရားလောင်းသည်လည်း ထိုညဥ့်အဖို့၌ အိပ်မက်ကြီး ၅ ပါးတို့ကို မြင်တော်မူလေ၏။

အိပ်မက်ကြီး ၅ ပါးကား-

- မဟာပထဝီမြေကြီးကို အိပ်ရာ ပြု၍၊ ဟိမဝန္တာတောင်ကို ခေါင်းအုံး ပြု၍၊ အရှေ့သမုဒ္ဒရာ ရေအပြင်ကို လက်ဝဲလက် တင်၍၊ အနောက်သမုဒ္ဒရာ ရေအပြင်ကို လက်ယာလက် တင်၍၊ တောင်သမုဒ္ဒရာအပြင်ကို ခြေ ၂ ဖက် တင်၍ မြင်မက်သည်လည်း ၁ ပါး။
- 'တိရိယ'မည်သောမြက်မျိုးသည် ချက်တော်မှ ထွက်၍၊ ကောင်းကင်သို့ ထိ၍ တည်သည်ကို မြင်မက်သည်လည်း ၁ ပါး။
- ဖြူသောအဆင်းရှိသော ပိုးတို့သည် ခြေမှ တက်၍ ပုဆစ်ဒူးတိုင်အောင် ဖုံးလွှမ်းသည်ဟု မြင်မက်သည်လည်း ၁ ပါး။
- အထူးထူးသောအဆင်း ရှိကုန်သော ငှက် ၄ ကောင်တို့သည် အရပ် ၄ မျက်နှာမှ လာလတ်ကုန်၍ ခြေရင်း၌ ဝပ်ကြကုန်လတ်သော် အလုံးစုံ အဖြူချည်းသာဖြစ်လေသည်ကို မြင်မက်သည်လည်း ၁ ပါး။
- ဘုရားလောင်း၏အဖြစ်သာလျှင်[၁] ကြီးစွာသော မစင်တောင်ထက်သို့ တက်၍ စင်္ကြံသွားသော်လည်း၊ မစင် မလိမ်းမကျံသည်ကို မြင်မက်သည်လည်း ၁ ပါး။ ။ ဤသည်လျှင် ၅ ပါးတည်း။

၅ ပါးသောအိပ်မက်ကို မြင်တော်မူ၍ အိပ်မက်အရကို ဆင်ခြင်သိမ်းဆည်းလတ်သော်၊ 'ဧကန်စင်စစ် ယနေ့ ဘုရားဖြစ်အံ့'ဟု စိတ်တော်ကို ဆုံးဖြတ်၍၊ ထိုညဥ့်အဖို့ကို လွန်သဖြင့် ကိုယ်,လက်သုတ်သင်ခြင်း ကိစ္စကို ပြုပြီး၍ ဆွမ်းခံသွားရအံ့သော အချိန်ကာလကို ငံ့လင့်တော်မူလျက်၊ နံနက်စောစောကလျှင် လာတော်မူ၍ ထိုပဒေါင်ပင်ရင်း ကိုယ်တော်ရောင်ဖြင့် အလုံးစုံသောပဒေါင်ပင်ကို ထွန်းလင်းစေလျက် နေတော်မူ၏။

## ၂၆- သုဇာတာ၏ ယနာနို့ဆွမ်းကို ခံတော်မူခြင်း

ထိုအခါ၌ 'ပုဏ္ဏာ'မည်သောကျွန်မသည် လာလတ်၍၊ ပဒေါင်ပင်၌ အရှေ့လောကဓာတ်ကိုကြည့်တော်မူလျက် နေတော်မူသောဘုရားလောင်းကို လည်းကောင်း၊ ကိုယ်တော်မှထွက်သော အရောင်တို့ကြောင့် ရွှေအဆင်းနှင့်တူသောအဆင်းရှိသော ပဒေါင်ပင်အလုံးကို လည်းကောင်း မြင်လေ၏။

'ပုဏ္ဏာ'အမည်ရှိသော ကျွန်မအား ဤသို့သောအကြံ ဖြစ်၏။ 'ယနေ့ ငါတို့ ရှင်နတ်မင်းသည် ပဒေါင်ပင်မှ ဆင်းသက်၍ မိမိလက်ဖြင့် ပူဇော်သက္ကာကိုခံအံ့သောငှာ နေလင့်ယောင်တကား' ဟု ပျုံကြွမတတ်ဖြစ်သော ပီတိနှင့်ပြည့်စုံသည်ဖြစ်၍၊ အဆောတလျင်လာလတ်၍ သခင်ဖြစ်သောသုဇာတာအား ထိုစကားကို ကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုဇာတာသည် 'ပုဏ္ဏာ' အမည်ရှိသော ကျွန်မ၏စကားကို ကြား၍၊ နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍၊ "ယနေ့မှစ၍ အမယ်ပုဏ္ဏာသည် သမီးအကြီးအရာ၌ တည်စေလော့" ဟု သမီးတို့အား အရာအထူးပေးသည်နှင့်လျော်စွာ အလုံးစုံသောတန်ဆာတို့ကို ပေးလေ၏။

ဘုရားဖြစ်တော်မူသည့်နေ့ ဘုရားလောင်းတို့သည် အဖိုး ၁ သိန်းထိုက်သောရွှေခွက်ကို ရကြစမြဲတည်း။ ထို့ကြောင့် သုဇာတာသည် "ရွှေခွက်နှင့် နို့ဃနာကို ထည့်အံ့" ဟု စိတ်ကို ဖြစ်စေ၍၊ အဖိုး ၁ သိန်းထိုက်သောရွှေခွက်ကို ထုတ်စေ၍၊ ထိုရွှေခွက်၌ နို့ဃနာကို ထည့်လိုသည် ဖြစ်၍၊ ချက်သောအိုးကို စောင်း၍သွန်၏။ အလုံးစုံသောနို့ဃနာသည် ကြာပဒုမ္မာရွက်၌ ရေစက်မတင် လျှောကျဘိသကဲ့သို့ အကုန်လျှောကျ၍ ရွှေခွက်၌သာ တည်လေ၏။ ရွှေခွက်တစ်ခု ပြည့်ရုံမျှသာဖြစ်၏။

သုဇာတာသည်လည်း ထိုရွှေခွက်ကို တစ်ပါးသောရွှေခွက်ဖြင့် မှောက်၍၊ ဖြူသောပုဆိုးဖြင့် ဖုံး၍၊ မိမိသည်လည်း ခပ်သိမ်းသောတန်ဆာတို့ဖြင့် တင့်တယ်လျောက်ပတ်စွာ တန်ဆာဆင်ယင်၍၊ ထိုရွှေခွက်ကို မိမိ၏ဦးခေါင်း၌ ရွက်၍၊ ကြီးစွာသောသူဌေးသမီး၏ အာနုဘော်ဖြင့် ပညောင်ပင်ရင်းသို့ သွားလေ၍၊ ဘုရားလောင်းကို မြင်၍၊ အားကြီးသော နှစ်သက်ဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍၊ 'ရုက္ခစိုးနတ်' ဟူသောအမှတ်ဖြင့် မြင်ရာအရပ်မှ စ၍၊ ညွတ်လျက်ညွတ်လျက် လာလတ်၍၊ ဦးခေါင်းမှရွှေခွက်ကို ချ၍၊ ပန်းနံ့သာတို့ဖြင့်ထုံအပ်သော မွှေးသောရေကို ရွှေကရားဖြင့် ယူ၍၊ ဘုရားလောင်း၏အနီးသို့ ကပ်၍ တည်လေ၏။

ထိုအခါ၌ ဃဋိကာရဗြဟ္မာလှူသော မြေသပိတ်သည် ကွယ်ပျောက်လေ၏။ ဘုရားလောင်းသည် သပိတ်ကို မမြင်၍ လက်ယာလက်တော်ကိုဆန့်လျက် ရေစက် ခံတော်မူ၏။ သုဇာတာသည် ရေစက်သွန်း၍ ရွှေခွက်နှင့်တကွလျှင် နို့ဃနာကို ဘုရားလောင်း၏လက်တော်၌ ထားလေ၏။

ဘုရားလောင်းသည် သုဇာတာကို ကြည့်၏။ သုဇာတာသည် ကြည့်တော်မူသောအခြင်းအရာကို မှတ်သား ဆင်ခြင်၍၊ "အရှင်နတ်မင်း။ အရှင်နတ်မင်းအား ရွှေခွက်နှင့်တကွပင် ပူဇော်ပါသည်။ အလိုတော်အတိုင်း ပြုပါလော့" ဟုဆို၍ ရှိခိုးပြီးသော်၊ "ငါ့အား သားကောင်းရတနာကိုရ၍ နှလုံးရွှင်လန်း ငြိမ်းချမ်းသာယာသကဲ့သို့ အရှင်နတ်မင်း၏နှလုံးတော်သည် ပြည့်ပါစေ။ ဘုန်းကျက်သရေ, အခြွေအရံ တိုးပွားမြင့်မြတ်ပါစေ" ဟု ချီးမွမ်းထောမနာခဲ့၍၊ အဖိုး ၁ သိန်းထိုက်သော ရွှေခွက်ကို ဖက်ရွက်ဟောင်းကဲ့သို့ ငဲ့ကွက်ခြင်း မရှိဘဲလျက်လျှင် လှူ၍ သွားလေ၏။

## ၂၇- နေရဉ္ဇရာမြစ်နား၌ ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူခြင်း

ဘုရားလောင်းသည်လည်း ထိုအရပ်မှ ထ၍၊ ပညောင်ပင်ကို လက်ယာရစ်လည်သည်ကို ပြု၍၊ အဖိုး ၁ သိန်းထိုက်သောရွှေခွက်ကို ဆောင်၍ 'နေရဉ္ဇရာ'အမည်ရှိသောမြစ်နားသို့ ကြွတော်မူ၍၊ အသိန်းမက များလှစွာသော ဘုရားလောင်းတို့၏ သဗ္ဗညုတဉာဏ်ကို ရအံ့သောနေ့၌ ရေချိုး၍သက်ရာဖြစ်သော 'သုပတိဋ္ဌ'မည်သော ရေဆိပ်သည် ရှိ၏။ နေရဉ္ဇရာမြစ်နား၌ ရွှေခွက်ကို ထား၍၊ သုပတိဋ္ဌဆိပ်၌ သက်၍ ရေချိုးတော်မူပြီးလျှင်၊ အသိန်းမက များစွာကုန်သော ဘုရားရှင်တို့၏အဝတ်ဖြစ်သော သင်္ကန်းတို့ကို ဝတ်တော်မူ၍၊ အရှေ့မျက်နှာသို့ ရှေးရှုနေ၍၊ တစ်စေ့သာရှိသော ရင့်ပြီးသောထန်းသီးပမာဏ ရှိကုန်ပြီးသော တစ်ခုယုတ် ၅၀ သော အလုတ်တို့ကို ပြုတော်မူ၍ အလုံးစုံ ရေမရှေသောနို့ဃနာကို ဘုဉ်းပေးတော်မူ၏။ ဘုရားဖြစ်ပြီးသော် ၇ ရက် ၇ လီ ဖြစ်သော ၄၉ ရက်တို့ပတ်လုံး ဗောဓိမဏ္ဍိုင်၌ နေတော်မူသော ဘုရားလောင်းအား ထို ၄၉ လုတ်သော အာဟာရ



www.burmeseclassic.com

www.burmeseclassic.com



သည်သာလျှင် ဖြစ်၍၊ ဤမျှလောက်သောကာလပတ်လုံး တစ်ပါးသောအာဟာရ မရှိပြီ။ ရေချိုးခြင်းလည်း မရှိပြီ။ မျက်နှာသစ်ခြင်းသည် မရှိပြီ။ အညောင်းအညာဆန့်ခြင်းလည်း မရှိပြီ။ ဈာန်သမာပတ် ဈာန်ချမ်းသာဖြင့် ကာလကို လွန်စေ၏။

ထိုနို့ဃနာကို ဘုဉ်းပေးတော်မူ၍၊ ၁ သိန်းတန်သောရွှေခွက်ကို ယူ၍၊ "အကယ်၍ ယနေ့ ငါ ဘုရားဖြစ်အံ့။ ရွှေခွက်သည် အညာသို့ဆန်တက်၍ သွားစေသတည်း။ အကယ်၍ ဘုရား မဖြစ်တုံအံ့။ အကြေသို့ စုန်၍ သွားစေသတည်း" ဟုဆို၍၊ မိန့်ဆန်ပြုတော်မူ၍ နေရဉ္ဇရာမြစ်ရေအယဉ်၌ ချလေ၏။

ထိုရွှေခွက်သည် ရေအယဉ်ကိုဖြတ်လျက် မြစ်လယ်ကြောသို့ သွား၍ မြစ်လယ်အရပ်၌သာလျှင်၊ ခွန်အား စွမ်းပကားနှင့် ပြည့်စုံသောမြင်းကဲ့သို့ အတောင် ၈၀ မျှလောက်သော မြစ်ညာရေအယဉ်သို့ သွား၍၊ တစ်ခုသောဝဲ၌ ငုပ်၍၊ ကာလနဂါး၏ဘုံသို့ သွား၍၊ 'ကကုသန်, ကောဏာဂုံ, ကဿပ' ဟူသော ဘုရားသခင်တို့၏ ပရိဘောဂ ဖြစ်သော သုံးဆောင်တော်မူသော ရွှေခွက် ၃ လုံးတို့နှင့် အချင်းချင်းခိုက်မိသော အသံကိုပြုလျက် ရပ်တန့်၍ ထိုရွှေခွက် ၃ လုံးတို့၏အောက်၌ တည်လေ၏။

[ဤအရာဝယ် ကျမ်းဂန်၌ 'ဇဝနသမ္ပန္နော အဿော ဝိယ' ဟု 'အလျင်အလျား ခွန်အားနှင့်ပြည့်စုံသောမြင်း' ကို ဥပမာပြသည်။ ပါရမီခန်းဆရာကား- 'မြစ်ညာကဲသည် ဝမ်းဘဲသဘော ရွှေခွက်မျှောလျက်' ဟု ရေပေါ်၌သွားသော ဝမ်းဘဲကို ဥပမာညွှန်ပြလေသည်။ ကာလနဂါးမင်းသည် 'ချင်ချင်'မြည်သော ထိုရွှေခွက်သံကို ကြား၍၊ "ယမန်နေ့က ဘုရား ၁ ဆူ ဖြစ်ပြီ။ ယနေ့ဘုရား ၁ ဆူ ဖြစ်ပြန်၏" ဟုဆို၍ အရာမက များစွာသောဂါထာပုဒ်တို့ဖြင့် ချီးမွမ်းထောမနာ စကားကိုဆိုလျက် အိပ်ရာမှ ထ၏။ ထိုကာလနဂါးမင်းအား မြေကြီး ၁ ယူဇနာ ၄ ဂါဝုတ် အတိုင်းအရှည်ရှိသော ကောင်းကင်ကို ပြည့်စေ၍ တက်သည်တိုင်အောင်ပင်ကိုလည်း 'ယမန်နေ့, ယနေ့'ဟု ထင်မှတ်လေသတည်း။]

## ၂၈- ဗောဓိမဏ္ဍိုင်သို့ တက်တော်မူခြင်း

ဘုရားလောင်းသည်လည်း နေရဉ္ဇရာမြစ်နား၌ပင်လျှင် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းတော၌နေခြင်းကို ပြု၍၊ ညချမ်းသောအခါဝယ် ပန်းတို့၏ အညာမှကြွေကျသောအခါ၌ နတ်တို့သည် ဖန်ဆင်းစီရင် တန်ဆာဆင်အပ်သော ၈ ဥသဘာအနံ့ကျယ်သော ခရီးဖြင့် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ စံပယ်တော်မူလျက် ဗောဓိပင်သို့ ရှေးရှု ကြွတော်မူလေ၏။ နဂါး, ဘီလူး, ဂဠုန် အစရှိသည်တို့သည် နတ်၌ဖြစ်သော နံ့သာ, ပန်း အစရှိသည်တို့ဖြင့် ပူဇော် ကုန်၏။ နတ်၌ဖြစ်သော စည်, စောင်း, ငြင်း အစရှိသောတူရိယာတို့ကိုလည်း တီးမှုတ်ကုန်၏။ ၁ သောင်းသော စကြဝဠာသည် တစ်ခဲနက်သော နံ့သာ, တစ်ခဲနက်သော ပန်း ရှိ၏။ တစ်ခဲနက်သောကောင်းချီးသံ ဖြစ်၏။ ဘုရားလောင်းသည် ဗောဓိပင်သို့ကြွတော်မူသောအခါ၌ 'သောတ္ထိယ' အမည်ရှိသော မြက်ထမ်းယောကျ်ားသည် မြက်ထမ်း၍ ခရီးရင်ဆိုင် တွေ့လေသည်ရှိသော်၊ ဘုရားလောင်းသည် မြက်ကို အလိုရှိဟန်ကိုသိ၍ ၈ ဆုပ်သော မြက်တို့ကို လှူ၏။

- ဘုရားလောင်းသည် ထိုမြက် ၈ ဆုပ်ကို ယူ၍၊ ဗောဓိမဏ္ဍိုင်သို့ တက်လေ၍ တောင်မျက်နှာအဖို့၌ မြောက်မျက်နှာသို့ ရှေးရှုရပ်၏။ ထိုသို့ရပ်တော်မူသောခဏ၌ တောင်စကြဝဠာနားသည် နစ်၍ အောက် အဝီစိသို့ ထိရောက်အံ့သကဲ့သို့ ဖြစ်၏။ မြောက်စကြဝဠာနားသည် ထောင်၍ အထက်ဘဝဂ်သို့ ထိရောက်အံ့သကဲ့သို့ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသည် 'ဤအရပ်ကား သဗ္ဗညုတအဖြစ်သို့ ရောက်ရာအရပ် မဟုတ်ယောင်တကား' ဟု နှလုံးသွင်းတော်မူ၍ လက်ယာရစ်လှည့်သည်ကိုပြုလျက် အနောက်မျက်နှာအဖို့သို့ ကြွတော်မူ၍၊ အရှေ့ကို မျက်နှာပြု၍ ရပ်တော်မူပြန်၏။

- ထိုသို့ရပ်တော်မူပြီးသောအခါ အနောက်စကြဝဠာနားသည် နစ်၍ အောက်အဝီစိသို့ ထိအံ့သကဲ့သို့ ဖြစ်လေ၏။ အရှေ့စကြဝဠာနားသည် ထောင်၍ အထက်ဘဝဂ်သို့ထိအံ့သကဲ့သို့ ဖြစ်လေ၏။ ဘုရားလောင်း ရပ်တော်မူရာအရပ်တွင် အကွပ်နား၌ နင်းအပ်သောအချက်ပုံတောင်း၌ တည်သော လှည်းဘီးစက်ကဲ့သို့ ဤမြေကြီး၏ နစ်သောအဖြစ်၊ အထက်သို့တက်သော အဖြစ်သည် ထင်လေ၏။
ဘုရားလောင်းသည် 'ဤအရပ်သည်လည်း ဘုရားအဖြစ်သို့ ရောက်ရာအရပ် မဟုတ်ယောင်တကား' ဟု လက်ယာရစ်လှည့်၍၊ မြောက်မျက်နှာအရပ်သို့ ကြွတော်မူ၍ တောင်အရပ်သို့ မျက်နှာကို ရှေးရှုပြုလျက် ရပ်တော်မူပြန်၏။
- ထိုသို့ရပ်တော်မူသောအခါ မြောက်စကြဝဠာနားသည် နစ်၍၊ အောက်အဝီစိသို့ ထိအံ့သကဲ့သို့ ဖြစ်၏။ တောင်စကြဝဠာနားသည် အထက်သို့ထောင်၍ ဘဝဂ်သို့ ထိရောက်အံ့သကဲ့သို့ ဖြစ်လေ၏။ ဘုရားလောင်းသည် 'ဤအရပ်ကား ဘုရားအဖြစ်သို့ရောက်ရာအရပ် မဟုတ်ယောင်တကား' ဟု လက်ယာရစ်လှည့်၍၊ အရှေ့အရပ်သို့ ကြွတော်မူ၍ အနောက်သို့ရှေးရှုပြုလျက် ရပ်တော်မူပြန်၏။
- အရှေ့မျက်နှာအဖို့၌ကား ခပ်သိမ်းသောဘုရားတို့၏ ပလ္လင်တည်ရာ ဖြစ်၏။ ထိုပလ္လင်တည်ရာအရပ်သည် တုန်လှုပ်ခြင်းမရှိ ပကတိတည်လေ၏။ ဘုရားလောင်းသည် 'ဤအရပ်ကား ခပ်သိမ်းသော ဘုရားတို့အား မစွန့်သောအရပ်၊ တုန်လှုပ်ခြင်း မရှိသောအရပ်၊ ကိလေသာကို ဖြိုဖျက်ရာအရပ်တည်း' ဟု သိတော်မူ၍၊ ထို ၈ ဆုပ်သောမြက်တို့ကို အဖျား၌ကိုင်၍ လှုပ်တော်မူ၏။

ထိုခဏ၌ပင်လျှင် တတ်လှစွာသော ပန်းချီ,ပန်းပုတို့သည် ရေးထုခြင်းငှာ မတတ်ကောင်းသော၊ လျောက်ပတ်တင့်တယ် ဆန်းကြယ်လှစွာသော၊ ၁၄ တောင်ရှိသော ပလ္လင်သည် ပေါက်လေ၏။ ဘုရားလောင်းသည် ဗောဓိပင်စည်ကို နောက်မှီပြု၍ အရှေ့မျက်နှာကို ရှေးရှုလျက်၊ မြဲမြံသောနှလုံးရှိသည် ဖြစ်၍၊ 'စင်စစ် ငါ၏ကိုယ်၌ အရေ၊ အကြော၊ အရိုးတို့သည် ကြွင်းစေ။ အသားအသွေးတို့သည် အကြွင်းမဲ့ ခန်းခြောက်စေ။ ငါသည် ဘုရားအဖြစ်သို့ မရောက်ဘဲ ဤထက်ဝယ်ဖွဲ့ခွေခြင်းကို မဖျက်' ဟု များစွာသောမိုးကြိုး စု၍ကျသဖြင့်လည်း မပျက်နိုင်သော သဘောရှိသော၊ သူတစ်ပါးတို့သည် မအောင်အပ်၊ မအောင်နိုင်သော ထက်ဝယ်ဖွဲ့ခွေခြင်းကို ဖွဲ့ခွေ၍ နေတော်မူ၏။

## ၂၉- ဘုရားလောင်းသည် မာရ်စစ်ကို အောင်မြင်တော်မူခြင်း (ပထမအောင်ခြင်း)

ထို ထက်ဝယ်ဖွဲ့ခွေနေတော်မူသောအခါ၌ မာရ်နတ်သားလည်း 'ယခု သိဒ္ဓတ်မင်းသားသည် ငါ၏နိုင်ငံကို လွန်ခြင်းငှာ အလိုရှိ၏။ သိဒ္ဓတ်မင်းသားအား လွန်ခြင်းကို ငါ မပေးအံ့သတည်း' ဟု အကြံပြု၍၊ မာရ်စစ်သည် ဗိုလ်ပါအပေါင်းတို့ရှိရာသို့ သွား၍၊ ထိုအကြောင်းကို ကြားစေ၍၊ မာရ်၏ကြွေးကြော်ခြင်းကို ကြွေးကြော်၍ စစ်သည်ဗိုလ်ပါအလုံး စုရုံးစည်းဝေးလျက် လာကုန်၏။

မာရ်မင်း၏စစ်သည်တို့ကား- မာရ်မင်း၏ ရှေ့ ၁၂ ယူဇနာ[1] အထုရှိ၏။ လက်ယာမှ လည်းကောင်း၊ လက်ဝဲမှ လည်းကောင်း ၁၂ ယူဇနာ[2] ချည်း ရှိ၏။ မာရ်မင်း၏အနောက်၌ကား စကြဝဠာတိုက်ကို အဆုံးပြု၍ တည်လေ၏။ အထက်၌ကား ၉ ယူဇနာ အထုမြင့်၏။ ထိုမာရ်မင်း၏စစ်သည်ဗိုလ်ပါတို့ ဟစ်ကြော်ကြသော ပဲ့တင်သံတို့ကို ယူဇနာ ၁၀၀၀ မှစ၍ မြေကြီးပြိုသောအသံကဲ့သို့ ကြားရ၏။

၁,၂- ၁၈ ယူဇနာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ မာရ်နတ်သားသည် ယူဇနာ ၁၅၀ ရှိသော 'ဂိရိမေခလာ'အမည်ရှိသောဆင်ကို တက်စီး၍၊ လက်ရုံး ၁၀၀၀ ဖန်ဆင်းဆောင်လျက် အထူးထူးသောလက်နက်တို့ကို ကိုင်စွဲ၏။ မာရ်မင်းမှ ကြွင်းသောပရိသတ်တို့၌ တစ်ယောက်နှင့်တစ်ယောက်မတူအောင် အဆင်းသဏ္ဍာန်အသီးအသီး, မျက်နှာအသီးသီး, လက်နက်ကိရိယာအသီးသီး ဖန်ဆင်းလျက် စွဲကိုင်ကုန်၍၊ ဘုရားလောင်းကို လွှမ်းမိုးလျက် လာကြကုန်၏။

၁ သောင်းသော စကြဝဠာတိုက်မှ လာကုန်သောနတ်တို့သည်တစ်မူကား ဘုရားလောင်းအား ချီးမွမ်းသောစကားကို ဆိုကုန်လျက် နေကြကုန်၏။ သိကြားမင်းသည် ၁ ကြိမ်မှုတ်လျှင် ၄ လရှိမှအသံစဲသော အတောင် ၁၂၀ ရှိသော 'ဝိဇယုတ္တရ' မည်သောခရုသင်းကို မှုတ်လျက်နေ၏။ မဟာကာလနဂါးမင်းသည် အလွန်များစွာသော ပုဒ်ပဒဖြင့် ဘုရားလောင်း၏ကျေးဇူးတို့ကို ချီးမွမ်းလျက်နေ၏။ မြဟ္မာကြီးသည် ထီးဖြူကို ဆောင်းလျက်နေ၏။

မာရ်မင်း၏စစ်သည်တို့သည် ဗောဓိမဏ္ဍိုင်သို့ ကပ်လာ,ရောက်လာလတ်ကုန်သော်၊ သိကြား, ကာလနဂါး, ဗြဟ္မာကြီးတို့သည် တစ်ယောက်မျှရပ်ခြင်းငှာ မတတ်နိုင်ရကား မိမိတို့ ရှေးရှုရာအရပ်သို့သာ ပြေးလေကုန်၏။ ကာလနဂါးသည်လည်း မြေ၌ငုပ်၍ ယူဇနာ ၅၀၀[၁] ရှိသော မဉ္စိရနဂါးပြည်သို့သွား၍ လက် ၂ ဖက်တို့ဖြင့် မျက်နှာကိုပိတ်လျက် အိပ်လေ၏။ သိကြားမင်းသည်လည်း 'ဝိဇယုတ္တရ'အမည်ရှိသောခရုသင်းကို ကျောက်ကုန်းပေါ်၌လွယ်၍ စကြဝဠာနား၌ ရပ်၏။ မြဟ္မာကြီးတို့သည် ထီးဖြူကို အစွန်းအစ၌ကိုင်၍ ဗြဟ္မာပြည်သို့သာလျှင် သွားလေကုန်၏။ တစ်ယောက်သောနတ်မျှ ရပ်တည်ခြင်းငှာ မတတ်နိုင်။ ဘုရားလောင်းသည်ကား တစ်ယောက်ထီးတည်းသာလျှင် နေတော်မူ၏။

မာရ်နတ်သည်လည်း မိမိပရိသတ်ကို ဤသို့ဆို၏။

"ချစ်သားတို့။ သုဒ္ဓေါဒနမင်း၏သားဖြစ်သော သိဒ္ဓတ်မင်းသားနှင့်တူသော တစ်ပါးသောယောကျ်ားမည်သည် မရှိ။ ငါတို့သည် မျက်နှာရင်ဆိုင် စစ်ပြိုင်၍ မထိုးဝံ့ချေ။ နောက်အဖို့ဖြင့် စစ်ထိုးကုန်အံ့" ဟု ဆိုလေ၏။

ဘုရားလောင်းသည်လည်း 'လက်ဝဲ, လက်ယာ, ရှေ့တူရူ'ဟု ဆိုအပ်သော ၃ မျက်နှာတို့ကို ကြည့်တော်မူသော်၊ ခစားလာသော သိကြား, ဗြဟ္မာ, နတ်တကာတို့ ပြေးလေသောကြောင့် ဆိတ်ညံသည်ကို မြင်တော်မူ၏။ မြောက်မျက်နှာကလွှမ်းမိုး၍လာသော မာရ်စစ်သည်ကို တစ်ဖန်မြင်၍၊ 'ဤမျှလောက်သော စစ်သည်အပေါင်းသည် ငါတစ်ယောက်တည်းကိုရည်၍ ကြီးစွာသောလုံ့လကို ပြုကြ၏။ ဤအရပ်၌ ငါ့အား အမိသည်လည်းကောင်း, အဖသည် လည်းကောင်း, အစ်ကိုသည် လည်းကောင်း, တစ်စုံတစ်ယောက်သော ဆွေမျိုးသည်လည်းကောင်း မရှိ။ ဤ ၁၀ ပါးသော ပါရမီတို့သည်သာလျှင် ငါ့အား နေ့ရှည်ရက်များ သားနှင့်လည်းတူ၏။ အချင်းအရင်းနှင့်လည်း တူ၏။ ထို့ကြောင့် ငါသည် ပါရမီတို့ကိုသာလျှင် ရဲမက်ဗိုလ်ပါ, လှံား, ကာ, လှံ,ဓား, လေး,မြား,မီးပေါက်, အမြောက်,သေနတ်ကဲ့သို့ ပြု၍ မာရ်စစ်သည်အပေါင်းတို့ကို ဖျက်ဆီးရသော်ကောင်း၏' ဟု ပါရမီ ၁၀ ပါးတရားတို့ကို ဆင်ခြင်လျက် နေတော်မူ၏။

ထိုသို့ နေတော်မူသောအခါ၌ မာရ်နတ်သားသည် "လေဖြင့် လွင့်စိမ့်မည်" ဟု လေပွေကြီးကို ထစေ၏။ ထိုခဏ၌ပင်လျှင် အရပ် ၄ မျက်နှာမှလေတို့သည် ထလတ်ကုန်၍၊ ယူဇနာခွဲ, ၁ ယူဇနာ, ၂ ယူဇနာ ပမာဏရှိကုန်သော တောင်ထွတ်တို့ကို ပြတ်စေ၍၊ တော, ချုံ, သစ်ပင်တို့ကို အမြစ်မိုးမျှော် ပြု၍၊ ထက်ဝန်းကျင်မှ ရွာ, နိဂုံးတို့ကို မုန့်မုန့်ညက်ညက်ပြုခြင်းငှာ တတ်နိုင်သော်လည်း ဘုရားလောင်း၏ ပါရမီတော်တည်းဟူသော ကောင်းမှုတန်ခိုးတော်ကြောင့် ကင်းသောအာနုဘော် ရှိကုန်သည်ဖြစ်၍ ဘုရားလောင်းသို့ မရောက်နိုင်ကုန်။ သင်္ကန်းတော်စွန်းကို မျှသော်လည်း လှုပ်စေခြင်းငှာ မတတ်နိုင်ကုန်။

၁- ယူဇနာ ၅၀။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောင်မှ "ရေဖြင့်လွှမ်းမိုး၍ သေစေအံ့" ဟု သည်းထန်စွာရွာသော မိုးကြီးကို ရွာစေ၏။ ထိုမာရ်မင်း၏ အာနုဘော်ဖြင့် အဆင့်အဆင့် အလွှာအလွှာ အရာအထောင်အစရှိသော တိမ်တို့သည် တက်၍ရွာကုန်၏။ ရွာသော မိုးရေအယဉ်ဟုန်ဖြင့် မြေကြီးသည် ပြတ်လေ၏။ တောသစ်ပင် အစရှိသည်တို့၏ အထက်အထက်အဖို့ဖြင့် ရွာသောမိုးကြီးသည် လာလတ်၏။ ဤသို့လာလတ်သော်လည်း ဘုရားလောင်း၏သင်္ကန်းတော်၌ ဆီးနှင်းပေါက်မျှ မစွတ်နိုင်လေ။

ထို့နောင်မှ ကျောက်ခဲမိုးကို ဖြစ်စေ၏။ ထိုအခါ ကြီးစွာသောတောင်ထွတ်တို့သည် အခိုးအလျှံ ထွက်ကုန်လျက် ကောင်းကင်ဖြင့် လာကုန်၏။ ဘုရားလောင်းအထံသို့ ရောက်လာလျှင် နတ်တို့၏ပန်းကုံးချည်း ဖြစ်လေကုန်၏။

ထို့နောင်မှ လက်နက်မိုးကို ရွာပြန့်စေ၏။ တစ်ဖက်အသွားရှိသော, ၂ ဖက်အသွားရှိသော သန်လျက်, လှံ, ဓား, လေး, မြား, မီးပေါက်, အမြောက်, သေနတ် အစရှိသောလက်နက်တို့သည် အခိုးအလျှံ လွှတ်ကုန်လျက် ကောင်းကင်ဖြင့်လာ၍၊ ဘုရားလောင်း၏အထံသို့ရောက်လျှင် မုလေး, ကြက်ရုံး, ဂမုန်း, ဆပ်သွား, စံကား, ချရား, ရင်ခတ်, ဖက်ဆွတ်, သရဖီ အစရှိသော နတ်ပန်းချည်းသာ ဖြစ်ကုန်၏။

ထို့နောင်မှ မီးကျီးမိုးကို ရွာပြန့်စေ၏။ ပေါက်ပွင့်အဆင်းကဲ့သို့ ရဲရဲညီသောမီးကျီးတို့သည် ကောင်းကင်ပြင်မှလာ၍ ဘုရားလောင်း၏ခြေရင်းတော်၌ စံပယ်, စံကား, ချရား, မဥ္စူ, ကဏ္ဍရှ, ယင်းမာ, မဟာလှေကား အစရှိသော နတ်ပန်းတို့ချည်းဖြစ်၍ ခြေတော်ရင်း၌ ဖရိုဖရဲကျလေကုန်၏။

ထို့နောင် ပြာပူမိုးကို ရွာပြန့်စေသဖြင့် အတိုင်းထက်အလွန်ပူသော မီးခဲအဆင်းရှိသော ပြာပူသည် ကောင်းကင်ဖြင့် လာ၍၊ ဘုရားလောင်း၏ခြေတော်ရင်း၌ သရက္ခန်, စန္ဒကူး, နံ့သာမှုန့်တို့ချည်းဖြစ်၍ ကျလာလေကုန်၏။

ထို့နောင်မှ သဲမိုးကို ရွာပြန့်စေ၏။ အလွန်သိမ်မွေ့သော သဲတို့သည် အခိုးအလျှံလွှတ်ကုန်လျက် ကောင်းကင်ဖြင့်လာကုန်၍ ဘုရားလောင်း၏ခြေတော်ရင်း၌ 'မန္ဒာရဝ'စသော နတ်ပန်းတို့သည် ဖြစ်လေကုန်၏။

ထို့နောင်မှ ညွန်ပျောင်းမိုးကို ရွာပြန့်စေ၏။ ထိုညွန်ပျောင်းသည် အခိုးအလျှံလွှတ်လျက် ကောင်းကင်ဖြင့်လာလတ်၍၊ ဘုရားလောင်း၏ခြေတော်ရင်း၌ နတ်၏နံ့သာပျောင်းချည်းဖြစ်၍ ကျလေကုန်၏။

ထို့နောင်မှ "အမိုက်တိုက်ဖြင့် ကြောက်မက်ဖွယ်ကို ဖြစ်စေလျက် သိဒ္ဓတ်မင်းသားကို ပြေးစေအံ့" ဟု အမိုက်တိုက်ကို ဖြစ်စေ၏။ ထိုအမိုက်တိုက်သည် အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော အမိုက်ကဲ့သို့ ကြီးစွာသော အမိုက်တိုက်ဖြစ်၍၊ ဘုရားလောင်း၏ ခြေတော်ရင်းသို့ရောက်လျှင် နေ၏အရောင် ပျောက်ပျက်သကဲ့သို့ ကွယ်ပျောက်လေ၏။

ဤသို့ မာရ်နတ်သားသည် လေဖြင့်လွှတ်ခြင်း, မိုးကြီးစွာရွာစေခြင်း, ကျောက်ခဲမိုးရွာစေခြင်း, လက်နက်မိုးရွာစေခြင်း, မီးကျီးမိုးရွာစေခြင်း, ပြာပူမိုးရွာစေခြင်း, သဲမိုးရွာစေခြင်း, ညွန်ပျောင်းမိုးရွာစေခြင်း, အမိုက်တိုက်ကိုပြုခြင်း ဟု ဆိုအပ်သော ၉ ပါးသောမိုးကြီးတို့ဖြင့် ဘုရားလောင်းကို ပြေးစိမ့်သောငှာ မတတ်နိုင်ရကား "အချင်းတို့။ အဘယ့်ကြောင့် ရပ်၍နေကြကုန်ဘိသနည်း။ သိဒ္ဓတ်မင်းသားကို ဖမ်းကုန်လော့။ ပြေးစေကုန်လော့" ဟု မိမိ၏ပရိသတ်စစ်သည်ဗိုလ်ပါတို့ကို ဟစ်ကြွေးနှိုးဆော်၏။ မိမိသည်လည်း ဂိရိမေခလာဆင်ကို စီး၍ နတ်စက်လက်နက်ကိုကိုင်လျက်၊ ဘုရားလောင်းသို့ ကပ်လာ၍၊ "သိဒ္ဓတ်မင်းသား။ ဤပလ္လင်မှ ထလော့။ ဤပလ္လင်သည် သင်၏အဖို့ ဖြစ်လာသည်မဟုတ်။ သင့်ဖို့ ရောက်လာသည်မဟုတ်။ ဤပလ္လင်သည် ငါ၏အဖို့သာ ဖြစ်လာ,ရောက်လာသည်" ဟု မာရ်နတ်သားသည် ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းသည် ထိုမာရ်နတ် ဆိုသောစကားကို ကြား၍၊ ''ဟယ်-မာရ်နတ်။ သင်သည် ၁၀ ပါးသော အညံ့ဖြစ်သော ပါရမီတို့ကိုလည်း မဖြည့်။ အလတ်ဖြစ်သော ၁၀ ပါးသော ဒသဥပပါရမီတို့ကိုလည်း သင် မဖြည့်။ အမြတ်ဖြစ်သော ၁၀ ပါးသော ဒသပရမတ္ထပါရမီကိုလည်း သင် မဖြည့်။ စွန့်ခြင်းကြီး ၅ ပါးတို့ကိုလည်း သင် မစွန့်။ 'အဆွေအမျိုးတို့၏ အကျိုးစီးပွားငှာ ကျင့်ခြင်း'တည်းဟူသော ဉာတတ္ထစရိယကိုလည်း သင် မကျင့်။ 'ခပ်သိမ်းသောသတ္တလောက၏ အကျိုးစီးပွားငှာ ကျင့်ခြင်း'ဟုဆိုအပ်သော လောကတ္ထစရိယာကိုလည်း သင် မကျင့်။ 'ဘုရားအဖြစ်သို့ရောက်ခြင်း တည်းဟူသော အကျိုးစီးပွားငှာ ကျင့်ခြင်း'ဟု ဆိုအပ်သော ဗုဒ္ဓတ္ထစရိယကိုလည်း သင် မကျင့်။ ထို ပါရမီ ၃၀၊ စွန့်ခြင်းကြီး ၅ ပါး၊ စရိယ ၃ ပါးတို့ကို ငါသာလျှင် ဖြည့်ကျင့်သည်။ ထိုသို့ဖြည့်ကျင့်သောကြောင့် ဤပလ္လင်သည် သင်မာရ်နတ်သားအား မလာရောက်။ ငါ့အားသာလျှင် ဤပလ္လင် ရောက်သည်'' ဟု မိန့်တော်မူ၏။

မာရ်နတ်သည် အမျက်ထွက်၍၊ ထွက်သောအမျက်ဟုန်ကို သည်းမခံနိုင်ရကား ဘုရားလောင်းသို့ နတ်စက်လက်နက်ကို လွှတ်၏။ ထိုသို့လွှတ်အပ်သော နတ်စက်လက်နက်သည် ပါရမီ ၁၀ ပါး တရားတို့ကို ဆင်ခြင်၍၊ နေတော်မူသော ဘုရားလောင်း၏အထက်အဖို့၌ ပန်းဗိတာန်ဖြစ်၍ တည်လေ၏။

ထိုမာရ်နတ် အမျက်ထွက်သဖြင့်လွှတ်အပ်သော ထက်လှစွာသောအသွားရှိသော ထို နတ်စက်လက်နက်တို့သည် တစ်ခဲနက်ထုလှစွာသော ကျောက်တို့ကို မြက်နကိုကဲ့သို့ ရိတ်ဖြတ်လျက် သွားစွမ်းနိုင်၏။ ထိုသို့စွမ်းနိုင်လျက် ထိုလက်နက်တို့သည် ပန်းဗိတာန်ဖြစ်၍ တည်ခဲ့လတ်သော်၊ မာရ်နတ်မှ ကြွင်းသောမာရ်နတ်၏ ပရိသတ်ဗိုလ်ပါ သူရဲတို့သည် ''ယခုပင်လျှင် သိဒ္ဓတ်မင်းသည် ပလ္လင်မှထ၍ ပြေးရလိမ့်သတည်း'' ဟု ထင်၍၊ ကြီးစွာသော ကျောက်တောင်ထွတ်တို့ကို လွှတ်ကုန်၏။ ထိုကျောက်တောင်ထွတ်တို့သည်လည်း ပါရမီ ၁၀ ပါး တရားမြတ်တို့ကို ဆင်ခြင်တော်မူသော ဘုရားလောင်းယောကျ်ားမြတ်၏ အထံတော်ဝယ် ပန်းကုံးအဖြစ်သို့ ရောက်၍ မြေ၌ ကျကုန်၏။ စကြဝဠာ၌တည်ကုန်သော နတ်တို့သည်လည်း ကိုယ် ဆန့်ကုန်၍၊ ဦးခေါင်းကို ချီကုန်၍၊ ''အချင်းတို့။ သိဒ္ဓတ်မင်းသား၏ တင့်တယ်လျောက်ပတ်စွာသော အဆင်းရှိသောကိုယ်ပျက်စီးခဲ့ပြီ၊ သိဒ္ဓတ်မင်းသားကား အဘယ်သို့ ပြုနိုင်ပါလိမ့်မည်နည်း'' ဟု ကြည့်ကြကုန်၏။

ထိုအခါ ဘုရားလောင်းက မာရ်နတ်ကို ဤသို့ဆို၏။

''ဟယ်-မာရ်နတ်။ ပါရမီဖြည့်ပြီးသော ဘုရားလောင်းတို့အား ဘုရားဖြစ်သည့်နေ့ ရောက်မြဲဖြစ်သော ပလ္လင်တော်သည် ငါ့အားသာ ရောက်တော့သည်ဟု သင် ဆိုသည်။ ဤပလ္လင်ကိုလို၍ သင် အလှူပေးသည်ကို အဘယ်သူ သက်သေရှိသနည်း'' ဟု မေးတော်မူသော်၊ ''ဤဗိုလ်ပါအပေါင်းပင် သက်သေ ဖြစ်တော့သည်'' ဟု မိမိ၏စစ်သည်အပေါင်းကို ရှေးရှုလက်ညှိုးညွှန်ပြလျှင် ''ငါ သက်သေ'' ''ငါ သက်သေ'' ဟု သက်သေခံကြသောအသံသည် မြေကြီးကြည်းပြီးသောအသံနှင့် တူ၏။

ထိုအခါ မာရ်နတ်သားသည် ဘုရားလောင်းအား ဤသို့ဆို၏။

''သိဒ္ဓတ်မင်းသား။ ဤပလ္လင်ကိုလို၍ သင် အလှူပေးသောအဖြစ်ကို အဘယ်သူ သိသနည်း။ သက်သေကား အဘယ်သူနည်း'' ဟုမေးလျှင်၊ ဘုရားလောင်းသည် ''မာရ်နတ်သား။ သင်က သဝိညာဏကဖြစ်သော သက်သေတို့ကို ပြပြီ။ ငါက ပြစရာ ဤဗောဓိမဏ္ဍိုင်၌ သဝိညာဏကဖြစ်သော သက်သေတစ်ယောက်မျှ မရှိ။ ဝေဿန္တရာမင်းအဖြစ်မှ တစ်ပါးသောကိုယ်၏အဖြစ်၌ ငါ အလှူပေးသည်ကို ထားဘိဦး။ ဝေဿန္တရာမင်းဖြစ်သောအခါ၌ ၇ ကြိမ်-၇ လီ ငါ အလှူကြီးကို ပေးသောအဖြစ်၌ အဝိညာဏကဖြစ်သော ဤမြေကြီးပင် သက်သေဖြစ်တော့သည်'' ဟု မိန့်တော်မူ၍၊ သင်္ကန်းတော်တွင်းမှ လက်ယာလက်တော်ကို ထုတ်တော်မူ၍၊

www.burmeseclassic.com



"ဝေဿန္တရာမင်းဖြစ်သည်က ၇ ကြိမ်-၇ လီ ငါ အလှူကြီးကို ပေးသောအဖြစ်၌ သင်မြေကြီးသည် သက်သေ ဟုတ်၏လော၊ မဟုတ်လော" ဟု မြေကြီးသို့ရှေးရှု လက်တော်ကိုဆန့်၏။

ထိုအခါ မဟာပထဝီမြေကြီးသည် "ဝေဿန္တရာမင်းဖြစ်စဉ် အလှူပေးသောအခါ၌ ငါ သက်သေပင် တည်း" ဟု အရာမျှလောက်သော မြည်သံဖြင့် လည်းကောင်း၊ အထောင်မျှလောက်သော မြည်သံဖြင့် လည်း ကောင်း၊ အသိန်းမျှလောက်သော မြည်သံဖြင့် လည်းကောင်း မာရ်စစ်သည်တို့ကို လွှမ်းမိုးဘိသကဲ့သို့ ပွဲတင် ထပ်လေ၏။

ထိုသို့မြေကြီးသက်သေခံလျှင် ယူဇနာ ၁၅၀ ရှိသော ဂိရိမေခလာဆင်သည် ပုဆစ်တုပ်လျက် ဝပ်လေ ၏။ မာရ်နတ်လည်း ကိုးကွယ်ရာမရ ဝသဝတ္တိနတ်ပြည်သို့ ပြေးလေ၏။ မာရ်စစ်သည်ဗိုလ်ပါတို့သည် အထူးထူး သောအရပ်မျက်နှာတို့သို့ ပြေးလေကုန်၏။ ၂ ယောက်သောသူတို့သည် ခရီးတစ်ကြောင်းတည်း ပြေးသည်ပင် မရှိ။ တစ်ယောက်တခြား ဦးခေါင်း၌ဆင်သောတန်ဆာ၊ ကိုယ်၌ဝတ်သောအဝတ်တို့ကို စွန့်ပစ်၍ ရှေးရှုရာရာ မျက်နှာရှေ့တည်လျက် ပြေးလေကုန်၏။

မာရ်စစ်သည်ဗိုလ်ပါတို့ ပျက်စီး၍ ပြေးလွှားကြသည်ကို နတ်အပေါင်းတို့ မြင်ကုန်၍ "မာရ်နတ်သား ရှုံးပြီ။ သိဒ္ဓတ်မင်းသား စစ်အောင်ပြီ။ ငါတို့ အောင်ပွဲပူဇော်ခြင်းကို ပြုကြကုန်အံ့" ဟု နတ်တို့သည် နတ်တို့ အား၊ နဂါးတို့သည် နဂါးတို့အား၊ ဂဠုန်တို့သည် ဂဠုန်တို့အား၊ ဗြဟ္မာတို့သည် ဗြဟ္မာတို့အား နှိုးဆော်၍ နံ့သာ၊ ပန်း အစရှိသည် လက်စွဲလျက် ဘုရားလောင်းအထံသို့ လာကုန်၏။

ထိုသို့ နဂါး စသောသူတို့သည် ဘုရားလောင်းထံလာကြကုန်သော် ၁ သောင်းသောစကြဝဠာ၌ နေကုန်သော နတ်အပေါင်းတို့လည်း နံ့သာ၊ ပန်း စသည်ဖြင့် ပူဇော်၍ "ဤအောင်မြင်ခြင်းသည်ကား ဘုန်းကျက်သရေရှိတော်မူ သော မြတ်စွာဘုရား၏ အောင်မြင်ခြင်းလျှင်တည်း။ ဤရှုံးခြင်းသည်ကား ယုတ်မာသော နှလုံးရှိသော မာရ်နတ်မင်း ၏ ရှုံးခြင်းတည်း" ဟု ဗောဓိမဏ္ဍိုင်၌ ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်၍ ဘုရားလောင်း၏အောင်ခြင်းကို ကြွေးကြော် ချီးမွမ်းကြလေကုန်၏။ ဤစကြဝဠာမှကြွင်းသော စကြဝဠာ ၁ သောင်း၌နေကုန်သော နတ်တို့သည်လည်း နံ့သာ၊ ပန်း လက်စွဲကုန်လျက် လာကုန်၍ ဘုရားလောင်းအား ပူဇော်ကုန်လျက် အထူးထူးအသီးသီး ချီးမွမ်းပြောပ၍ တည်လေကုန်၏။

## ၃၀- သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်း

ဤသို့ ဘုရားလောင်းသည် နေမဝင်မီလျှင် မာရ်စစ်သည်တို့ကို ဖျက်ဆီးအောင်မြင်တော်မူ၍ သင်္ကန်းတော် ၏ အထက်၌ကျကုန်သော ဗောဓိရွက်ညွန့်တို့ဖြင့် နီလှစွာသောသန္တာရွက်ချပ်တို့ဖြင့် ပူဇော်အပ်သကဲ့သို့ ပူဇော် အပ်သည် ဖြစ်၍၊ ညဥ့်ဦးယံတွင် 'ရှေး၌ဖြစ်ဖူး၊ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း တည်းဟူသော ပုဗ္ဗေနိဝါသဉာဏ်'ကို အဖန်တလဲလဲအောက်မေ့၍၊ သန်းခေါင်ယံ၌ 'နတ်မျက်စိနှင့်အမြင်တူသော ဒိဗ္ဗစက္ခု ဉာဏ်'ကို သုတ်သင်တော်မူ၍၊ မိုးသောက်ယံ၌ 'ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ခြင်းတည်းဟူသော ဉာဏ်'ကို သက်စေတော်မူ၍၊ ထိုသို့ သက်စေတော်မူသောအခါ၌-

- ယောက်ျားမြတ်၏ ၁၂ ပုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်ကို အဖြစ်၊အပျက်အားဖြင့် လည်းကောင်း၊ အနုလောမ၊ ပဋိလောမအားဖြင့် လည်းကောင်း သုံးသပ်တော်မူစဉ်၊ ၁ သောင်းသောလောကဓာတ်သည် ရေအဆုံး ရှိသည်ကိုပြု၍ ၁၂ ကြိမ် လှုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



- ယောက်ျားမြတ်သည်ကား ၁ သောင်းသောလောကဓာတ်ကို ပွဲတင်ထပ်စေ၍၊ နေအရုဏ်တက်သော အခါ၌ သဗ္ဗညုတဉာဏ်ကို ရတော်မူသောအခါ အလုံးစုံ ၁ သောင်းသောလောကဓာတ်သည် တန်ဆာဆင်ခြင်းနှင့်စပ်သည် ဖြစ်၏။
- အရှေ့စကြဝဠာများ၌ စိုက်ထူအပ်သော တံခွန်တို့၏အရွက်ဖျားတို့သည် အနောက်စကြဝဠာများသို့ ခတ်မိလေကုန်၏။
- ထို့အတူ အနောက်စကြဝဠာ၌ စိုက်ထူအပ်သော တံခွန်တို့၏အရွက်ဖျားတို့သည် အရှေ့စကြဝဠာများ သို့ ခတ်မိလေကုန်၏။
- တောင်စကြဝဠာများ၌ စိုက်ထူအပ်သော တံခွန်တို့၏အရွက်ဖျားတို့သည် မြောက်စကြဝဠာများသို့ ခတ်မိလေကုန်၏။
- မြောက်စကြဝဠာများ၌ စိုက်ထူအပ်သော တံခွန်တို့၏အရွက်ဖျားတို့သည် တောင်စကြဝဠာများသို့ ခတ်မိလေကုန်၏။
- ဤမြေပြင် စကြဝဠာပြည့်မျှ စိုက်ထူကြသော တံခွန်တို့သည် ဗြဟ္မာ့ပြည်ကိုထိ၍ တည်လေကုန်၏။
- ဗြဟ္မာ့ပြည်က ဆွဲထားအပ်သော တံခွန်ရွက်ဖျားတို့သည် မြေပြင်၌ထိ၍ တည်လေကုန်၏။
- ၁ သောင်းသောစကြဝဠာတိုက်တို့၌ အပွင့်ကို ဆောင်ကုန်သောသစ်ပင်တို့သည် ပင်လုံးကျွတ် ပွင့် ကုန်၏။
- အသီးကို ဆောင်ကုန်သောသစ်ပင်တို့သည်လည်း ပင်လုံးညွတ်မျှ သီးကုန်၏။
- ပင်စည်ပဒုမ္မာ၊ အခက်ပဒုမ္မာ၊ နွယ်ပဒုမ္မာ၊ ကောင်းကင်၌ တွဲလျားဆွဲသောပဒုမ္မာ တို့သည်လည်း ပွင့်ကုန်၏။
- တစ်ခဲနက်သော ကျောက်ဖျာအပြင်ကို ခွဲ၍ အဆင့်ဆင့် များသောရွက်ချပ်ရှိသော 'ဒဏ္ဍက'မည်သော ပဒုမ္မာတို့သည် ပေါက်ကုန်၏။
- ၁ သောင်းသောလောကဓာတ်သည် လိမ်၍လွှတ်အပ်သော ပန်းကုံးကဲ့သို့ လည်းကောင်း၊ ကောင်းစွာ ခင်းအပ်သော ပန်းအခင်းကဲ့သို့ လည်းကောင်း၊ မုလေး၊ ကြက်ရုံး၊ ဂမုန်း၊ စံပယ် အစရှိသော ပန်းတို့ဖြင့် ပြွမ်း၏။
- စကြဝဠာတိုက်တို့၏ အကြားအကြား၌ ယူဇနာ ၈၀၀၀ အကျယ်ရှိသော လောကန္တရိက်ငရဲတို့သည် နေ ၇ စင်းတို့၏အရောင်ပင် လာငြားသော်လည်း မလင်းဘူးလေကုန်၊ ထိုအခါ၌ တစ်ခဲနက် အလင်းကို ရကြလေကုန်၏။
- ယူဇနာ ၈ သောင်း ၄ ထောင်အနက်ရှိသော မဟာသမုဒ္ဒရာရေသည် ချိုမြသောရေ ရှိ၏။
- မြစ်တို့သည်လည်း မစီးဘဲ တန့်ရပ်ကုန်၏။
- သူကန်းတို့သည်လည်း ရုပါရုံကို မြင်ရကုန်၏။
- ပဋိသန္ဓေအားဖြင့် နားပင်းသောသူတို့သည်လည်း အသံကို ကြားရကုန်၏။
- ပဋိသန္ဓေအားဖြင့် ဆွံ့သောသူတို့သည်လည်း ခြေဖြင့် သွားနိုင်ကုန်၏။
- ထိတ်၊ သံခြေချင်း အစရှိသောအနှောင်အဖွဲ့၌ ခံနေရသောသူတို့သည်လည်း အနှောင်အဖွဲ့မှ ပြတ်၍ လွတ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မရေမတွက်နိုင် လွန်ကဲမြင့်မြတ်သောအသရေတော်၏ တင့်တယ်ခြင်း ပူဇော်ထိုက်သောယောကျ်ား မြတ်အား များစွာကုန်သောအံ့ဖွယ်သရဲတို့သည် ထင်စွာဖြစ်ကုန်လတ်သော်၊ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ခပ်သိမ်းသောဘုရားရှင်တို့သည် မစွန့်အပ်သော 'အနေကဇာတိ သံသာရံ' အစရှိသော ဥဒါန်းကို ကျူးတော်မူ၏။

'အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
'ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။'

ဤ၌ အဓိပ္ပာယ်ကား-

"ဂဟကာရ၊ 'အတ္တဘော'တည်းဟူသော အိမ်ကိုပြုတတ်သော တဏှာယောကျ်ား။ တံ၊ သင့်ကို။ ဂဝေသန္တော၊ ရှာမှီးသော။ အဟံ၊ ငါသည်။ ယေနဉာဏေန၊ အကြင် သဗ္ဗညုတဉာဏ်ဖြင့်။ တံ၊ သင့်ကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ၊ သက္ကာ၊ တတ်ကောင်း၏။ တံဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်ကို။ အနိဗ္ဗိသံ-အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ များစွာသော ဘဝရှိသော သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ ကျင်လည်ရလေပြီ။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။

"ဂဟကာရက"၊ 'အတ္တဘော' တည်းဟူသော အိမ်ကိုပြုပြင်တတ်သော တဏှာယောကျ်ား လက်သမား။ လ္လဒါနိ၊ ယခု။ တံ၊ သင့်ကို။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တစ်ဖန်၊ ဂေဟံ၊ 'အတ္တဘော' တည်းဟူသော အိမ်ကို။ နကာဟသိ၊ သင် မပြုရလတ္တံ့။ တေ၊ သင်၏။ သဗ္ဗာ၊ အလုံးစုံသော။ ဖာသုကာ၊ 'အတ္တဘော' တည်းဟူသောအိမ်၏ 'ကိလေသာ' တည်းဟူသောအခြင်ကို။ ဘဂ္ဂါ၊ ချိုးဖျက်အပ်ပြီ။ ဂဟကူဋံ၊ 'အတ္တဘော' တည်းဟူသောအိမ်၏ 'အဝိဇ္ဇာ'တည်းဟူသော အထွတ်ကို။ ဝိသင်္ခတံ၊ ချအပ်ပြီ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါ ရဂတံ၊ ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ပြီ။ အဟံ၊ ငါသည်။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ-အဓိဂတော၊ ရောက်သည်။ အသ္မိ၊ ဖြစ်ပြီ။"

ဤသို့ တုသိတာနတ်ပြည်မှ ဆင်းသက်တော်မူ၍ သိရိမဟာမာယာ၏ဝမ်း၌ ကိန်းဝပ်သန္ဓေ နေသည်ကစ၍ ဘုရားဖြစ်သည့်တိုင်အောင် ပြဆိုအပ်သော မာလာလင်္ကာရကျမ်း၏ 'ပထမပိုင်း'ကား ဤတွင်ရွေ့ ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာလင်္ကာရ ဝတ္ထုတော်ကြီး

## ဒုတိယပိုင်း

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



### ၁- အဘိဓမ္မာ ၇ ကျမ်းကို သုံးသပ်တော်မူ၍ ရောင်ခြည်တော် ထွန်းလင်းလာခြင်း

ဘုရားသခင်သည် ဗောဓိပင်အောက် ရွှေပလ္လင်၌ ကဆုန်လပြည့်နေ့ ပထမယံတွင် ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုံးသပ်တော်မူ၍၊ ပစ္ဆိမယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ၊ ပဋိလောမအားဖြင့် နှလုံးသွင်းတော်မူ၍ အရုဏ်တက်ခါနီးကာလ၌ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူ၏။ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူသည်၏ အခြားမဲ့၌ အရုဏ်တက်၏။ လပြည့်ကျော် ၁ ရက်နေ့မှစ၍ ၇ ရက်ပတ်လုံး[၁] ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းတော်မူလျက် တစ်ထက်ဝယ်တည်းဖြင့်သာလျှင် နေတော်မူ၏။

ထိုအခါ အချို့သောနတ်တို့သည် 'ဘုရားအဖြစ်ကိုပြုတတ်ကုန်သော တရားတို့သည် ရှိကုန်သေးသည် ထင်၏'ဟု ယုံမှားသံသယ ဖြစ်ကြကုန်၏။

### အနိမိသ စေတီ

၈ ရက်မြောက်သောနေ့၌ ထိုသမာပတ်မှထတော်မူ၍၊ နတ်တို့၏ယုံမှားခြင်းကို ဖျောက်အံ့သောငှာ ကောင်းကင်သို့ ပျံတက်၍၊ တန်ခိုးပြာဋိဟာကို ပြတော်မူ၍ နတ်တို့ယုံမှားခြင်းကို ဖျောက်ပြီးသော်၊ ပလ္လင်တော်မှ စဉ်းငယ်အရှေ့သို့မှီသော မြောက်အရပ်၌ ရပ်တော်မူလျက် ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းတို့ကာလပတ်လုံး ဖြည့်တော်မူအပ်သော ပါရမီတော်တို့၏အစွမ်းဖြင့်ရအပ်သော ရွှေပလ္လင်ကို လည်းကောင်း၊ ဗောဓိပင်ကို လည်းကောင်း မမှိတ်သောမျက်စိဖြင့် ကြည့်တော်မူလျက် ၇ ရက် နေတော်မူ၏။ ထိုအရပ်သည် 'အနိမိသစေတီ' မည်၏။

### ရတနာစင်္ကမ စေတီ

ထို့နောင်မှ ပလ္လင်၏ လည်းကောင်း၊ ရပ်တော်မူရာအရပ်၏ လည်းကောင်း အကြား၌၊ အရှေ့၊ အနောက် အလျားရှည်သော ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် ၇ ရက်ကို လွန်စေ၏။ ထိုအရပ်သည် 'ရတနာစင်္ကမ စေတီ' မည်၏။

### ရတနာဃရ စေတီ

ထို့နောင်မှ အနောက်အဖို့၌ နတ်တို့သည် ရတနာအတိပြီးသောအိမ်ကို ဖန်ဆင်းကြကုန်၏။ ထိုရတနာဃရရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ အဘိဓမ္မာ ၇ ကျမ်းကို ဆင်ခြင်တော်မူ၏။ ထို ၇ ကျမ်းတို့တွင်

၁- ၈ ရက်ပတ်လုံး။

www.burmeseclassic.com

www.burmeseclassic.com



'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ' အစရှိသည်တို့ဖြင့် ဓမ္မသင်္ဂဏီကျမ်းကို ရှေးဦးစွာ ဆင်ခြင်တော်မူ၏။ ထိုဓမ္မသင်္ဂဏီကျမ်းကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်မှ ၆ ပါးသော ရောင်ခြည်တော်တို့သည် မထွက်ကုန်။

ထို့နောင်မှ ဝိဘင်းကျမ်းကို ဆင်ခြင်တော်မူ၏။ ထို့နောင်မှ ဓာတုကထာကျမ်းကို ဆင်ခြင်တော်မူ၏။ ထို့နောင်မှ ပုဂ္ဂလပညတ်ကျမ်းကို ဆင်ခြင်တော်မူ၏။ ထို့နောင်မှ ကထာဝတ္ထုကျမ်းကို ဆင်ခြင်တော်မူ၏။ ထို့နောင်မှ 'ယေ ကေစိ ကုသလာဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ' အစရှိသော ယမိုက် ၁၀ ကျမ်းကို ဆင်ခြင်တော်မူ၏။ ယမိုက်အဆုံးရှိသော ၆ ကျမ်းသောအဘိဓမ္မာတို့ကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်မှ ၆ ပါးသောရောင်ခြည်တော်တို့သည် မထွက်ကုန်သေး။

ထို့နောင်မှ 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော' အစရှိသော ၂၄ ပစ္စည်းတို့ဖြင့် တန်ဆာဆင်အပ်သော ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူ၏။ ထိုသို့ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း အစရှိသော ပဋ္ဌာန်း ၂၄ ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူသော မြတ်စွာဘုရားအား စင်စစ်အားဖြင့် သဗ္ဗညုတဉာဏ်တော်သည် ပဋ္ဌာန်းကျမ်း၌ သာလျှင် အခွင့်ရတော်မူ၏။ ဥပမာဆိုသော်ကား-တိမိရ၊ တိမိင်္ဂလငါးကြီးတို့သည် ၈ သောင်း ၄ ထောင် ယူဇနာအနက်ရှိသော မဟာသမုဒ္ဒရာ၌သာလျှင် ကွန့်မြူးခြင်းအခွင့်ကို ရသကဲ့သို့၊ ထို့အတူ သဗ္ဗညုတဉာဏ်တော်သည်လည်း ကေန်စင်စစ်အားဖြင့် ပဋ္ဌာန်းကျမ်း၌သာလျှင် ကွန့်မြူးရာ၊ ကျက်စားရာ အခွင့်ရ၏။

ဤသို့ ရအပ်သောအခွင့်ရှိသော သဗ္ဗညုတဉာဏ်တော်ဖြင့် အလွန်သိမ်မွေ့လှစွာသော တရားအလိုတော်အတိုင်း သုံးသပ်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်မှ 'ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက်သောရောင်ခြည်တော်' တည်းဟူသော ၆ ပါးသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။

ထို ၆ ပါးသော ရောင်ခြည်တော်တို့တွင်-

၁- ဆံတော်၊ မုတ်ဆိတ်တော်၊ မျက်လုံးတော်တို့၏ ညိုသောအရပ်တို့မှ ညိုသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ ညိုသောရောင်ခြည်တော်တို့ဖြင့် အရပ်မျက်နှာတို့၌ အောင်မဲညိုပွင့်မျက်စဉ်းမှုန့်တို့ကဲ့သို့လည်းကောင်း၊ တလွှဲလွှဲခတ်အပ်သော ပတ္တမြားညိုယပ်ဝန်းကဲ့သို့ လည်းကောင်း၊ ကောင်းစွာ ဖြန့်အပ်သော ကျီးဥပုဆိုးကဲ့သို့ လည်းကောင်း ညိုသောအဆင်း ဖြစ်ကုန်၏။

၂- ရွှေသောအဆင်းရှိသော မျက်လုံးတော်အရေတို့မှ ရွှေသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ရွှေသောရောင်ခြည်တော်တို့ဖြင့် အရပ်မျက်နှာတို့သည် ရွှေရည်အတိ လွှမ်းဘိသကဲ့သို့ လည်းကောင်း၊ ရွှေပြားပုဆိုးကို ကောင်းစွာဖြန့်ဘိသကဲ့သို့ လည်းကောင်း၊ မာလာကျိုကျူမှုန့်ဖြင့် ပြွမ်းဘိသကဲ့သို့ လည်းကောင်း၊ မဟာလေ့ကားပန်းပွင့်တို့ကဲ့သို့ လည်းကောင်း အရပ်မျက်နှာတို့သည် ထင်ကုန်၏။

၃- အသားတော်၊ အသွေးတော်၊ နီသောအဆင်းရှိသော မျက်လုံးတော်တို့မှ နီသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ အရပ် ၄ မျက်နှာတို့သည် ကောင်းစွာနီမြန်းသော ကမ္ဗလာကဲ့သို့ လည်းကောင်း၊ လယ်ခေါင်ရန့်းပွင့်၊ ပေါက်ပွင့်၊ မိုးစွေပွင့်တို့ဖြင့် ပြွမ်းကုန်ဘိသကဲ့သို့ လည်းကောင်း၊ ကောင်းစွာနီမြန်းသော ချိပ်ရည်တို့ဖြင့် သွန်းဘိသကဲ့သို့ လည်းကောင်း ထင်ကုန်၏။

၄- သွားတော်၊ အရိုးတော်၊ ဖြူသောအဆင်းရှိသော မျက်လုံးတော်တို့မှ ဖြူသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ အရပ်မျက်နှာတို့သည် တလွှဲလွှဲခတ်အပ်သော ဖြူစင်စွာသော ငွေယပ်ဝန်းကဲ့သို့ လည်းကောင်း၊ သင်းခွေ၊ ကြာဖြူ၊ ရေညနှဲ၊ မုလေး၊ ကြက်ရုံး အစရှိသော ပန်းဆိုင်းကဲ့သို့ လည်းကောင်း ထင်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



၅- ခြေသည်းတော်, လက်သည်းတော်, ခြေဖဝါးတော်, လက်ဖဝါးတော် အစရှိသော ကိုယ်တော်အစိတ်မှ မောင်းသောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထိုအခါ အရပ်မျက်နှာတို့သည် အထူးထူးသော ပတ္တမြားနီ စသော နီမောင်းသောရတနာတို့ဖြင့် ပြွမ်းဘိသကဲ့သို့ လည်းကောင်း၊ ကောင်းစွာနီမောင်းသော ကြာနီ, လယ်ခေါင်ရန်းစသော ပန်းတို့၏ဝတ်မှုန်တို့ဖြင့် ပြွမ်းဘိသကဲ့သို့ လည်းကောင်း၊ တလွှဲလွှဲ ခတ်အပ်သော ပတ္တမြားနီယပ်ဝန်းကဲ့သို့ လည်းကောင်း အလွန်နီမောင်းသော ချိပ်ရည်တို့ဖြင့် သွန်းဘိသကဲ့ သို့ လည်းကောင်း ထင်ကုန်၏။

၆- နဖူးသင်းကျစ်တော် အစရှိသောအရပ်တို့မှ ပြိုးပြိုးပြက်သောရောင်ခြည်တော်တို့သည် ထွက်ကုန်၏။ ထို အခါ အရပ်မျက်နှာတို့သည် လျှပ်စစ်နွယ်တို့ဖြင့် ကောင်းစွာပြွမ်းဘိသကဲ့သို့ လည်းကောင်း၊ နေရောင် ကျောက်သော မှန်ရောင်, ဖန်ရောင်တို့ကဲ့သို့ လည်းကောင်း၊ နေရောင်ကျောက်သော ဇမ္ဗူရာဇ်ရွှေရောင် တို့ကဲ့သို့ လည်းကောင်း ထင်ကုန်၏။

ဤသို့ ၆ ပါးသောရောင်ခြည်တော်တို့သည် ထွက်ကုန်၍ တစ်ခဲနက်သောမြေကို စွဲလှမ်းကုန်၏။

၂ သိန်း ၄ သောင်းအထုရှိသော ဤမြေကြီးသည် လော်ပြီး, ဦးပြီးသော ရွှေစိုင်တုံးကဲ့သို့ ဖြစ်၏။ ထိုအခါ ဤမြေကြီးကိုခွဲ၍ မြေအောက်ကခံသော ရေကို စွဲလှမ်းကုန်၏။ ထိုအခါ မြေကြီးကိုခံသော ၄ သိန်း ၈ သောင်းအထု ရှိသော ရေသည် ရွှေညွန့်ပျောင်းတို့ဖြင့် သွန်းဘိသကဲ့သို့ ဖြစ်၏။ ထိုအခါ ရေအထုကိုခွဲ၍ ရေအောက်ကခံ သော လေကို စွဲလှမ်းကုန်၏။ ၉ သိန်း ၆ သောင်း အထုရှိသောလေသည် ကောင်းစွာဆောက်အပ် သော ရွှေတုံးကဲ့သို့ဖြစ်၏။ ထိုသို့ ၉ သိန်း ၆ သောင်းအထုရှိသော လေကို ထုတ်ချင်းလျှိုသွား၍ အောက်အဇဋာ ကာသ ဟင်းလင်းအပြင်သို့ ပြေးလေကုန်၏။

အထက်အဖို့ဖြင့်ကား ထို ၆ ပါးသောရောင်ခြည်တော်တို့သည် တက်ကုန်၍ စတုမဟာရာဇ်နတ်ပြည် တို့သို့ စွဲလှမ်းလေကုန်၏။ ထိုစတုမဟာ ာဇ်နတ်ပြည်တို့ကို ထုတ်ချင်းလျှို သွား၍ တာဝတိံသာနတ်ပြည်တို့ကို စွဲလှမ်းကုန်၏။ ထိုနောင်မှ ယာမာ၊ ထိုနောင်မှ တုသိတာ၊ ထိုနောင်မှ နိမ္မာနရတိ၊ ထိုနောင်မှ ပရနိမ္မိတဝသ ဝတ္တီနတ်ပြည်ကို စွဲလှမ်းကုန်၏။ ထိုနောင်မှ ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ အစရှိသော ၉ ဘုံသော ဗြဟ္မာ့ပြည်တို့ကို စွဲလှမ်းကုန်၏။ ထို့နောင် ဝေဟပ္ဖိုလ်၊ ထို့နောင် သုဒ္ဓါဝါသ ၅ ဘုံတို့ကို စွဲလှမ်းကုန်၏။ သုဒ္ဓါဝါသ ၅ ဘုံတို့ကို ထုတ်ချင်းလျှိုသွား၍ အာကာသာနဉ္စာယတန, ဝိညာနဉ္စာယတန အစရှိသော အရူပ ၄ ဘုံတို့ကို စွဲလှမ်းကုန်၏။ ထိုအရူပ ၄ ဘုံတို့ကို ထုတ်ချင်းလျှိုသွား၍ အထက်အဇဋာကာသကောင်းကင် ပြင်သို့ ပြေးလေကုန်၏။

ဖီလာဖြစ်သော အဖို့အားဖြင့်ကား အတိုင်းမသိ အဆုံးမရှိသောလောကဓာတ်တို့ကို ပြေးလေကုန်၏။ ရောင်ခြည်တော်ထွန်းလင်းရာ အရပ်တို့၌ လဗိမာန်တို့သည် အရောင်အဝါ မရှိကုန်။ နေဗိမာန်တို့သည် အရောင် မရှိကုန်။ နက္ခတ်, တာရာ, ကြယ်တကာတို့၏အရောင်တို့သည် မထွန်းပနိုင်ကုန်။ နတ်၏ ဥယျာဉ်, ဗိမာန်, ပဒေသာ တန်ဆာရောင်တို့သည်လည်း မရှိကုန်။ စကြဝဠာ ကုဋေ ၁ သိန်းတိုင်တိုင် ကိုယ်ရောင်ဖြင့် ထွန်း လင်းတောက်ပနိုင်သော ဗြဟ္မာကြီးတို့သည်လည်း နေထွက်သောအခါ ပိုးစုန်းကြူးကဲ့သို့ ဖြစ်၏။ လ, နေ, နက္ခတ်, တာရာ, နတ်တို့၏ဥယျာဉ်, ဗိမာန်, ပဒေသာတို့သည် အပိုင်းအခြားမျှသာ ထင်ကုန်၏။ ဤမျှလောက် သော အရပ်ဌာနတိုင်တိုင် ဘုရားရောင်ခြည်တော်တို့ဖြင့်သာလျှင် လွှမ်းမိုးအပ်သည်ဖြစ်၏။

ဤသို့သော ရောင်ခြည်တော်တို့၏ ထွန်းလင်းတောက်ပခြင်းတို့သည် ဘုရားသဗ္ဗညုတို့အား မိဋ္ဌာန် တော်မူသော တန်ခိုးတော်တို့၏ အရာလည်း မဟုတ်။ ဘာဝနာဖြင့်ပြီးသော တန်ခိုးတော်၏အရာလည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်သိမ်မွေ့လှစွာသော ရတနာကို သုံးသပ်ဆင်ခြင်တော်မူသော ဘုရားသခင်၏ အသွေးတော်သည် ကြည်၏။ ဟဒယဝတ္ထုရုပ်သည်လည်း ကြည်၏။ အရေအဆင်းတော်သည်လည်း ကြည်၏။ ထိုသို့ ကြည်ခြင်းကြောင့် ထွန်းပလေသတည်း။

ဤသို့ မဓွသင်္ဂဟထိအစ ပဋ္ဌာန်းကျမ်းအဆုံးရှိသော အဘိဓမ္မာ ၇ ကျမ်းကို ဆင်ခြင်တော်မူလျက် ၇ ရက်ကို လွန်စေ၏။ ထိုအရပ်သည် 'ရတနာဃရစေတီ' မည်၏။

ဤသို့ ဗောဓိပင်၏အနီး၌ ၄ သတ္တာဟကို လွန်စေပြီး၍၊ ၅ သတ္တာဟမြောက်၌ ဗောဓိပင်မှ အရှေ့မျက်နှာအဖို့၌ 'အဇပါလ'အမည်ရှိသော ဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကပ်တော်မူ၍ ၇ ရက်ပတ်လုံး ဝိမုတ္တိရသာကို ခံစားတော်မူလျက် တစ်ထက်ဝယ်တည်းဖြင့် နေတော်မူ၏။

ထိုအဇပါလ၌ နေတော်မူသောအခါ ယုတ်မာသောနှလုံးရှိသော မာရ်နတ်သားသည်

'ဤမျှလောက်သော ကာလပတ်လုံး အစဉ်တစိုက်လိုက်၍ ယုတ်မာသောအဖြစ်ကို ကြည့်ရှုပါသော်လည်း ဤရဟန်းကြီး၌ တစ်စုံတစ်ခုမျှ ချော်ချွတ်သောအရာကို ငါ မမြင်ချေ။ ဤရဟန်းကြီးသည် ငါ၏နိုင်ငံကို လွန်ရလေ၏' ဟု နှလုံးမသာခြင်းသို့ ရောက်သည်ဖြစ်၍၊ ခရီးမ၌ ဆောင့်ကြောင့်ထိုင်၍၊ ၁၆ ပါးသော အကြောင်းတို့ကို ကြံအောက်မေ့၍ မြေ၌ ၁၆ ကြောင်းသော အရေးအကြောင်းတို့ကို ငင်၏။ ငင်ဟန်ကား -

'ဤရဟန်းကြီးကဲ့သို့ ဒါနပါရမီ[၁]ကို ငါ မဖြည့်ချေ။ ထိုသို့မဖြည့်ချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ 'ငါ မဖြစ်ရ'ဟု အရေးအကြောင်းကို ငင်၏။ ထို့အတူ 'ဤရဟန်းကြီးကဲ့သို့ သီလပါရမီ[၂], နိက္ခမပါရမီ[၃], ပညာပါရမီ[၄], ဝီရိယပါရမီ[၅], ခန္တီပါရမီ[၆], သစ္စာပါရမီ[၇], အဓိဋ္ဌာန်ပါရမီ[၈], မေတ္တာပါရမီ[၉], ဥပေက္ခာပါရမီ[၁၀] တို့ကို ငါ မဖြည့်ရချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါ မဖြစ်ရ'ဟု ၁၀ ခုမြောက်သော* အရေးအကြောင်းကို ငင်၏။

ထို့အတူ 'ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့် မဆက်ဆံသော၊ သူတစ်ပါးတို့၏ ဣန္ဒြေရင့်ခြင်းကို သိတတ်သော၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကိုရခြင်း၏ အထောက်အပံ့ဖြစ်သော ၁၀ ပါးသောပါရမီတို့ကို ငါ မဖြည့်ချေ။ ထိုသို့ မဖြည့်ချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါ မဖြစ်ရ'ဟု ၁၁ ခုမြောက်သော အရေးအကြောင်းကို ငင်၏။

ထို့အတူ 'ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့်မဆက်ဆံသော၊ အကြောင်းဟုတ်သည်, မဟုတ်သည်ကို သိတတ်သော၊ အာသယာနုသယဉာဏ်ကို ရခြင်း၏ အထောက်အပံ့ဖြစ်သော ပါရမီ ၁၀ ပါး တရားတို့ကို ငါ မဖြည့်ချေ။ ထိုသို့မဖြည့်ချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါ မဖြစ်ရ'ဟု ၁၂ ခုမြောက်သော အရေးအကြောင်းကို ငင်၏။

ထိုမှတစ်ပါး 'ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့်မဆက်ဆံသော၊ ဝဋ်၌ကျင်လည်သော ဒုက္ခိတသတ္တဝါအပေါင်းကိုအာရုံပြု၍ အလွန်သနားတတ်သော မဟာကရုဏာသမာပတ်တည်းဟူသော ဉာဏ်ကိုရခြင်း၏ အထောက်အပံ့ဖြစ်သော ပါရမီ ၁၀ ပါး တရားတို့ကို ငါ မဖြည့်ချေ။ ထိုသို့ မဖြည့်ချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါ မဖြစ်ရ'ဟု ၁၃ ကြောင်းမြောက်သော အရေးကို ငင်၏။

ထိုမှတစ်ပါး 'ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့်မဆက်ဆံသော ပါရမီ, အစုံအစုံသော တန်ခိုးပြာဋိဟာကို ဖြစ်စေနိုင်သော ယမကပါဋိဟာရိယဉာဏ်ကို ရခြင်း၏ အထောက်အပံ့ဖြစ်သော ပါရမီ ၁၀ ပါး တရားတို့ကို ငါ မဖြည့်ရချေ။ ထိုသို့ မဖြည့်ရချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါ မဖြစ်ရ'ဟု ၁၄ ကြောင်းမြောက်သော အရေးကို ငင်၏။

* ၄ ခုမြောက်သော။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ပါး 'ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့်မဆက်ဆံသော မြေ၊ တောင်၊ တိုက်၊ နံရံ အစ ရှိသည်တို့သည် ဆီးတားပိတ်ပင်ခြင်းငှာ မတတ်နိုင်သော အနာဝရဏဉာဏ်ကို ရခြင်း၏ အထောက်အပံ့ဖြစ်သော ပါရမီ ၁၀ ပါးတရားတို့ကို ငါ မဖြည့်ရချေ။ ထိုသို့ မဖြည့်ရချေသောကြောင့် ဤရဟန်းကြီးနှင့်တူစွာ ငါ မဖြစ်ရ'ဟု ၁၅ ကြောင်းမြောက်သော အရေးကို ငင်၏။

ထိုမှတစ်ပါး 'ဤရဟန်းကြီးကဲ့သို့ သူတစ်ပါးတို့နှင့်မဆက်ဆံသော၊ အလုံးစုံသောတရားတို့ကို အကြွင်း မရှိမြင်သိနိုင်သော၊ မဟာကိရိယာ သောမနဿစိတ်နှင့်ယှဉ်သော သဗ္ဗညုတဉာဏ်ကိုရခြင်း၏ အထောက်အပံ့ ဖြစ်သော ပါရမီ ၁၀ ပါးတရားတို့ကို ငါ မဖြည့်ရချေ။ ထိုသို့မဖြည့်ရချေသောကြောင့် ဤရဟန်းကြီးနှင့် တူစွာ ငါ မဖြစ်ရ'ဟု ၁၆ ကြောင်းမြောက်သောအရေးကို ငင်လေ၏။

## ၂- မာရ်မင်းသမီးတို့ ဘုရားသခင်ကို ဖြားယောင်းခြင်း

ဤသို့ မာရ်နတ်သားသည် ဤ ၁၆ ကြောင်းသောအရေးတို့ကို ခရီးမဲ့ ငင်၍နေလေ၏။

ထိုအခါ 'တဏှာ'မည်သော သမီးတစ်ယောက်၊ 'အရတီ'မည်သော သမီးတစ်ယောက်၊ 'ရာဂါ'မည်သော သမီးတစ်ယောက်၊ ဤ ၃ ယောက်သော မာရ်မင်း၏သမီးတို့သည် အဖမာရ်မင်းကို မမြင်ရကား "ယခု အဘယ်မှာ နေသနည်း" ဟု ကြည့်ရှုကုန်သော် ၊နှလုံးမသာခြင်းသို့ ရောက်သည်ဖြစ်၍၊ မြေကို အရေးအကြောင်း သားလျက်နေလေသော အခြင်းအရာကို မြင်၍၊ အဖနေရာသို့ သွားကုန်၍၊ "ဖခင်။ အဘယ့်ကြောင့် ဖခင်သည် ဆင်းရဲငြိုငြင်စွာ နှလုံးမသာ ရှိဘိသနည်း" ဟု မေးကုန်၏။

"ချစ်သမီးတို့။ ဤရဟန်းကြီးသည် ငါ၏နိုင်ငံကို လွန်လေ၏။ ဤမျှလောက်သော အခါပတ်လုံး၏ ယုတ်မာသောအပြစ်ကို ကြည့်ပါသော်လည်း၊ ထိုရဟန်းကြီး၏ ယုတ်မာသောအပြစ်ကို မမြင်နိုင်။ ထို့ကြောင့် ဆင်းရဲငြိုငြင်စွာ နှလုံးမသာ ရှိသည်" ဟု ဆို၏။

"ဖခင်။ ယုတ်မာသောအပြစ်ကို မမြင်နိုင်သည်ဖြစ်တုံအံ့။ အထူးမကြံလင့်။ ငါတို့ ထိုရဟန်းကြီးကို ဖခင်နိုင်ငံသို့ လိုက်ပါအောင်ပြု၍ ခေါ်ခဲ့ကုန်အံ့" ဟု ဆိုကုန်၏။

"ချစ်သမီးတို့။ ဤရဟန်းကြီးကို တစ်စုံတစ်ယောက်သောသူသည် ငါ၏နိုင်ငံသို့ လိုက်ပါအောင် မတတ် နိုင်ကြ၍၊ ရဟန်းကြီးသည် မတုန်မလှုပ်သော သဒ္ဓါခြင်း၌တည်သော ယောကျ်ားမြတ်ပေတည်း" ဟု ဆို၏။

"ဖခင်။ ငါတို့ မိန်းမတို့မည်သည် ယခုပင်လျှင် ထိုရဟန်းကြီးကို ရာဂကျော့ကွင်း အစရှိသည်တို့ဖြင့် ဆောင်ခဲ့ကုန်အံ့။ ဖခင် မကြံကုန်လင့်" ဟုဆို၍၊ မြတ်စွာဘုရားထံသို့ ကပ်လေကုန်၍၊ "အရှင်ရဟန်း။ အရှင်ရဟန်း၏ခြေတော်ရင်း၌ နေ၍ ငါတို့ လုပ်ကျွေးကုန်အံ့" ဟု ဆိုကုန်၏။

မြတ်စွာဘုရားလည်း ထိုမာရ်မင်းသမီးတို့၏စကားကို နှလုံး မသွင်း၊ မျက်စိကိုဖွင့်၍ မကြည့်၊ အတု မရှိသော ကိလေသာ၏ကုန်ရာ နိဗ္ဗာန်ကိုသာနှလုံးသွင်းသဖြင့် ဝိဝေကသုခကိုသာလျှင် ခံစားတော်မူလျက် နေတော်မူ၏။

တစ်ဖန် မာရ်မင်း၏သမီးတို့သည် "ယောကျ်ားတို့၏အလိုမည်သည် ကြီးကြီးငယ်ငယ်ကို အလိုရှိတတ် ကုန်သည်သာတည်း။ အချို့သောယောကျ်ားတို့ကား နုနယ်သောသတို့သမီး၌ ချစ်ခင်ခြင်း ဖြစ်၏။ အချို့သော ယောကျ်ားတို့သည်ကား ပထမအရွယ်၌တည်သော မိန်းမတို့၌ ချစ်ခြင်း ဖြစ်၏။ အချို့သောယောကျ်ားတို့ကား မဇ္ဈိမအရွယ်၌တည်သော မိန်းမတို့၌ ချစ်ခင်ခြင်း ဖြစ်၏။ အချို့သောယောကျ်ားတို့ကား ပစ္ဆိမအရွယ်၌တည်သော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့၌ ချစ်ခင်ခြင်း ဖြစ်၏။ ငါတို့သည် အထူးထူးအပြားပြားသောအရွယ်တို့ဖြင့် ဖြားယောင်းရမူကား ကောင်းလေစွ" ဟု တစ်ယောက်တခြားစီ ငယ်နသောသတို့သမီးအသွင် အစရှိသဖြင့် မိမိ မိမိတို့၏ကိုယ်ကို ဖန်ဆင်းကုန်၍ သတို့သမီး၏အသွင်, သားမဖွားသေးသောမိန်းမတို့၏အသွင်, ၁ ကြိမ် သားဖွားပြီးသော မိန်းမတို့၏အသွင်, ၂ ကြိမ် သားဖွားပြီးသော မိန်းမတို့၏အသွင်, မဇ္ဈိမအရွယ်သို့ရောက်သော မိန်းမတို့၏အသွင်, ကြီးသောအရွယ်သို့ရောက်သော မိန်းမတို့၏အသွင် ဖြစ်ကုန်၍၊ ၆ ကြိမ်မြောက် မြတ်စွာဘုရားသို့ ကပ်၍၊ "အရှင်ဘုရား၏ခြေတော်ရင်း၌ နေကုန်၍ ငါတို့ လုပ်ကျွေးကုန်အံ့" ဟု ဆိုကုန်၏။

ထိုနတ်သမီးတို့ဆိုသော စကားကိုလည်း မြတ်စွာဘုရားသည် နှလုံးသွင်းတော် မမူ။ ကိလေသာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်ကိုသာလျှင် နှလုံးသွင်းတော်မူ၏။

[ဤအရာ၌ အချို့သောဆရာတို့က 'မာရ်မင်း၏သမီးတို့သည် တန်ခိုးဖန်ဆင်းသောအဖြစ်ဖြင့် ကပ်လာသည်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် 'ထိုမိန်းမတို့သည် သွားကျိုးခြင်း, ဆံဖြူခြင်းတို့သည် ဖြစ်စေကုန်' ဟု မိဋ္ဌာန်တော်မူသည်' ဟု ဆိုကုန်၏။ ထိုစကားကို မယူအပ်။ အဘယ့်ကြောင့် မယူအပ်သနည်းဟူမူကား- မြတ်စွာဘုရားသည် ဤကဲ့သို့မိဋ္ဌာန်ခြင်းကို ပြုတော်မမူသောကြောင့် မယူအပ်သတည်း။]

မြတ်စွာဘုရားသည် "သင်တို့ သွားလေကုန်လော့။ သင်တို့ အဘယ်အကျိုးကိုမြင်ကုန်၍ ဤသို့ လုံ့လပြုကုန်သနည်း။ ဤသို့သဘောရှိသော အမူအရာမည်သည်ကို ရာဂ, ဒေါသ, မောဟ အစရှိသော ကိလေသာမကင်းသော သူတို့၏ ရှေ့မှာသာလျှင် ပြုခြင်းငှာသင့်၏။ 'ဝိပဿီ' အစရှိသော ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်းရှိသော ငါဘုရားသည်ကား ရာဂကို ပယ်ပြီး၊ ဒေါသကို ပယ်ပြီး၊ မောဟကို ပယ်ပြီး" ဟု၊ ကိုယ်တော်၏ ကိလေသာကို ပယ်တော်မူပြီးသည်ကို အကြောင်းကိုပြု၍-

'ယဿ ဇိတံ နာဝဇီယတိ၊ ဇိတ မဿ နော ယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓ အနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။
'ယဿ ဇာလိနီ ဝိသတ္တိကာ၊ တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓ အနန္တ ဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။' ဟူ၍ မိန့်တော်မူ၏။

ဤ၌အနက်ကား-

"မာရဓီတရော၊ မာရ်မင်း၏သမီးတို့။ ယဿယေနတထာဂတေန၊ အကြင်မြတ်စွာဘုရားသည်။ ဇိတံ၊ အောင်အပ်သောရာဂ အစရှိသောကိလေသာကို။ နာဝဇီယတိ၊ တစ်ဖန် မအောင်အပ်ပြီ။။ အဿအနေန တထာဂတေန၊ ထိုမြတ်စွာဘုရားသည်။ ဇိတံ၊ အောင်အပ်ပြီးသောရာဂ အစရှိသောကိလေသာကို။ လောကေ၊ လူ၌။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ နောယာတိ၊ လိုက်အောင် မတတ်နိုင်ပြီ။ အနန္တဂေါ စရံ၊ အဆုံးမရှိသော သဗ္ဗညုတဉာဏ်၏ အာရုံရှိတော်မူထသော။ အပဒံ၊ ရာဂ အစရှိသောအကြောင်းမှလည်း ကင်းပြီးထသော။ တံဗုဒ္ဓံ၊ ထို သဗ္ဗညုတဘုရားကို။ ကေနပဒေန၊ အဘယ်သို့သော အကြောင်းကြောင့်။ တုမှေ၊ သင်နတ်သမီးတို့သည် နေဿထ၊ ဆောင်နိုင်ကုန်လတ္တံ့နည်း။ နနေဿထဇဝ၊ မဆောင်နိုင်ကုန် သည်သာတည်း။

"မာရဓီတရော၊ မာရ်မင်း၏သမီးတို့။ ယဿ-တထာဂတဿ၊ အကြင်မြတ်စွာဘုရားအား။ ဇာလိနီ၊ ဖွဲ့ယှက်တတ်သော ကွန်ရက်နှင့်လည်း တူထသော။ ဝိသတ္တိကာ၊ ရူပါရုံ စသည်၌လည်း ပြန့်တတ်ထသော။ တဏှာ၊ တဏှာသည်။ နတ္ထိ၊ မရှိပြီ။ တဿ-တထာဂတဿ၊ ထိုမြတ်စွာဘုရားအား။ ကုဟိဉ္စိ၊ တစ်စုံတစ်ခုသော ဘဝသို့။



www.burmeseclassic.com

www.burmeseclassic.com



နေတဝေ-နေတုံ၊ ဆောင်အံ့သောငှါ။ သက္ကာ၊ တတ်နိုင်ကုန်သည်။ နတ္ထိ၊ မရှိကုန်။ အနန္တဂေါစရံ၊ အဆုံးမရှိသော ဉာဏ်တော်၏အာရုံလည်း ဖြစ်ထသော။ အပဒံ၊ 'တဏှာ' တည်းဟူသော အကြောင်းလည်း ကင်းပြီးထသော။ တံဗုဒ္ဓံ၊ ထို သဗ္ဗညုတဘုရားကို။ ကေနပဒေန၊ အဘယ်အကြောင်းဖြင့်။ တုမှေ၊ သင်နတ်သမီးတို့သည်။ နေဿထ၊ ဆောင်နိုင်ကုန်အံ့နည်း။ နနေဿထဝေ၊ မဆောင်နိုင်ကုန် သည်သာတည်း။"

ဤသို့ ဘုရားသခင်မိန့်တော်မူလတ်သော်၊ ထိုမာရ်မင်း၏ သမီး ၃ ယောက်တို့သည် "အဖမာရ်မင်းသည် အမှန် ဖွင့်ဆိုလိုက်ပေသည်။ လူ, နတ်တို့၏ ပူဇော်သက္ကာအထူးကို ခံထိုက်ပေ၏။ ကောင်းသောအလားရှိပေ၏။ လူအပေါင်းတို့သည် တပ်အပ်သောအရာတို့၌ ဆုံးမတော်မူပေ၏။"

ဤသို့အစရှိသော စကားတို့ကိုဆိုကုန်၍ အဖဖြစ်သောမာရ်မင်း၏အထံသို့ ပြန်လေကုန်၏။

## ၃- "ဗြဟ္မဏ"ဟူသည်ကို ပြတော်မူခြင်း

ထိုအခါ မာန်အမျက်အားဖြင့် တဟုန်းဟုန်းပြုတတ်သော အလေ့ရှိသော, အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားတစ်ယောက်သည် ဘုရားရှိတော်မူရာ ကပ်ပြီး၍၊ ဘုရားသခင်နှင့် နှစ်လိုဝမ်းသာပြောဟော၍၊ နှစ်လိုအပ်သော, အသက်ထက်ဆုံးအောက်မေ့အပ်သော စကားကို ပြောဟောပြီး၍ ဘုရားမြတ်စွာကို-

"အရှင်ဂေါတမ။ အဘယ်မည်သော အတိုင်းအရှည်ဖြင့် 'ဗြာဟ္မဏ' မည်သနည်း။ 'ဗြာဟ္မဏ' ၏အဖြစ်ကို ပြုတတ်ကုန်သော အကြောင်းတရားတို့သည် အဘယ်တရားတို့နည်း" ဟု မေးလျှောက်လေ၏။

ထိုအခါ ဘုရားသခင်သည် 'ဗြာဟ္မဏ' သဒ္ဒါ၏အနက်ကို သိတော်မူ၍-

"အကြင်ရဟန္တာသည် အပပြုအပ်ပြီးသောမကောင်းမှုလည်း ရှိ၏။ တဟုန်းဟုန်းမူတတ်သော မာန်အမျက်လည်း မရှိ။ 'ကိလေသာ' ဟူသောဖန်ရည်လည်း မရှိ။ 'ဘာဝနာ'ဟူသော စီးဖြန်းခြင်းနှင့်လည်း ယှဉ်၏။ မဂ်ဉာဏ် ၄ ပါးတို့ဖြင့် 'နိဗ္ဗာန်'ဟူသော အဆုံးသို့လည်း ရောက်၏။ သုံးအပ်ပြီးသော 'မဂ်'ဟူသော သီတင်းလည်း ရှိ၏။ ထိုမကောင်းမှုကို အပပြုပြီးသောရဟန္တာသည် ဟုတ်မှန်သောသဘောဖြင့် 'ငါ ဗြာဟ္မဏ' ဟူသောစကားဖြင့် ဆို၏။ အကြင်ရဟန္တာအား လူအပေါင်း၌ တစ်ခုခုသောအာရုံ၌ ရာဂ အစရှိသောကိလေသာတို့၏ ဖြစ်ခြင်းသည် မရှိ" ဤသို့ မိန့်မြွက်တော်မူ၏။

## ၄- မုစလိန္ဒာအိုင် ကျည်းပင်ရင်း၌ ၇ ရက် စံတော်မူခြင်း

ထိုနောင်မှ မြတ်စွာဘုရားသည် ၇ ရက်လွန်သဖြင့် ထိုသမာဓိမှ ထတော်မူ၍၊ ဗောဓိပင်၏အရှေ့တောင် အရပ်၌တည်သော မုစလိန္ဒာအိုင်သို့ ကပ်တော်မူ၍၊ ကျည်းပင်ရင်း၌ ၇ ရက်ပတ်လုံး တစ်ထက်ဝယ်တည်းဖြင့် နေတော်မူလျက် ဝိမုတ္တိရသချမ်းသာကို ခံစားတော်မူ၏။

ထိုအခါ အခါမဲ့ သည်းထန်စွာရွာသောမိုးကြီးသည် ၇ ရက်ပတ်လုံး ရွာ၏။ မိုးဖွဲ, လေကြမ်းတို့ဖြင့် နှိပ်စက်သောနေ့ ရှိ၏။ ထိုအခါ မုစလိန္ဒာနဂါးမင်းသည် မိမိနေရာ နဂါးပြည်မှ ထွက်ခဲ့၍၊ မြတ်စွာဘုရား၏ ကိုယ်တော်ကို ၇ ပတ်သောအခွေတို့ဖြင့် ပတ်၍၊ ဦးခေါင်းတော်အထက်၌ ကြီးစွာသောပါးပျဉ်းကို ဖြန့်၍၊ 'မြတ်စွာဘုရားကို အချမ်း,အပူသည်လည်း မညှဉ်းဆဲစေလင့်။ ဖြုတ်, ခြင်, ယင်ရဲ, လေ, နေပူ, တံလျှပ်, မြွေ, ကင်း, သန်း အတွေ့တို့သည်လည်း မညှဉ်းဆဲစေလင့်' ဟု တည်၏။

ထိုနဂါးမင်းကား ရတနာအတိပြီးသော ပြာသာဒ်ကို ဖန်ဆင်းအံ့သောငှာ တတ်နိုင်လျက်မူလည်း မိမိ၏ကိုယ်ဖြင့် ကောင်းမှုကိုပြုလိုရကား ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍၊ ဦးခေါင်းတော်၏အထက်၌ ပါးပျဉ်းဖြန့်၍



www.burmeseclassic.com

www.burmeseclassic.com



နေသတည်း။ ထိုနဂါးမင်း၏အခွေတွင်းကား လောဟပါသာဒပြာသာဒ်၏ အောက်အပြင်နှင့် တူသတတ်။ အလယ်၌ ရတနာပလ္လင်ကိုလည်း ခင်းသတတ်။ နံပါး ၄ ထောင့်တို့၌လည်း ဆီ, နံ့သာတို့ဖြင့် မီးထွန်းလျက် အရပ် ၄ မျက်နှာတို့၌ စန္ဒကူးကြုတ်တို့ကို ထားသတတ်။

ထိုအခါ မုစလိန္ဒနဂါးမင်းသည် ၇ ရက်လွန်သဖြင့် အညစ်အကြေးကင်းသောတိမ်တိုက် ရှိသော ကောင်းကင်ကို မြင်၍၊ မြတ်စွာဘုရား၏ကိုယ်တော်မှ အခွေတို့ကို ဖြေ၍၊ မိမိအသွင်ကို ဖျောက်၍၊ လုလင်၏ အသွင်ကို ဖန်ဆင်း၍၊ မြတ်စွာဘုရား၏ရှေ့တော်၌ လက်အုပ်မိုးလျက်၊ မြတ်စွာဘုရားကိုရှိခိုးလျက် တည်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍-

'သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော။' ဤသို့အစရှိသော ဥဒါန်းစကားကို မြွက်တော်မူ၏။ ထိုဥဒါန်းစကားတော်၌ အဓိပ္ပာယ်ကား-

"၄ ပါးသော မဂ်ဉာဏ် တည်းဟူသော ရောင့်ရဲခြင်းဖြင့် ရောင့်ရဲထသော၊ ထင်ပြီးသော သစ္စာ ၄ ပါး တရားလည်း ရှိထသော၊ ဉာဏ်မျက်စိဖြင့် ခပ်သိမ်းသောတရားတို့ကို မြင်ပြီးထသော၊ ရဟန္တာအား 'နိဗ္ဗာန်'ဟု ဆိုအပ်သော ဝိဝေကသည် ချမ်းသာ၏။ လူအပေါင်း၌ အမျက်မရှိသောအဖြစ်သည်လည်း ချမ်းသာ၏။ သတ္တဝါ အပေါင်းတို့၌ မညှဉ်းဆဲသောအဖြစ်သည်လည်း ချမ်းသာ၏။ လူအပေါင်း၌ 'ငါကား ကာမဂုဏ် ၅ ပါးတို့ကို လွန်ခြင်းတည်း'ဟူသော ရာဂကင်းသောအဖြစ်သည်လည်း ချမ်းသာ၏။ 'ငါ' ဟူသော မာန်ကိုလည်း အကြွင်း ဆုံးမခြင်းသည် ရှိ၏။ ထိုသို့ ဆုံးမခြင်း, သည်းခံခြင်းသည်လျှင် စင်စစ် မြတ်သောချမ်းသာတည်း"

ဤသို့ ဥဒါန်းစကားကို မြွက်တော်မူ၏။

## ၅- တပုဿ, ဘလ္လိကညီနောင်အား ဆံတော်ဓာတ် သနားခြင်း

ထိုနောင်မှ မြတ်စွာဘုရားသည် ၇ ရက်လွန်သဖြင့် ထိုသမာဓိမှ ထတော်မူ၍၊ မုစလိန္ဒာမှသည် ဗောဓိပင်၏ တောင်အဖို့၌တည်သော လင်းလွန်းပင်ရင်းသို့ ကပ်တော်မူ၍၊ လင်းလွန်းပင်ရင်း၌ ၇ ရက်ပတ်လုံး တစ်ထက်ဝယ် တည်းဖြင့် နေတော်မူ၍ ဝိမုတ္တိရသချမ်းသာကို ခံစားတော်မူ၏။

ထိုသမာဓိမှ ထတော်မူသောနေ့ အရုဏ်တက်သောအခါ၌လျှင် 'ဆွမ်းစားခြင်းကိစ္စသည် ဖြစ်ရာ၏' ဟု သိကြားမင်းသည် သျှိသျှားသီးကို ကပ်၏။ ဘုရားသခင်သည်လည်း သုံးဆောင်တော်မူ၏။ သုံးဆောင်တော် မူကာမျှသာ သရီရကိစ္စ ဖြစ်၍ သိကြားမင်းသည် မျက်သစ်ရေကို လှူ၏။ မြတ်စွာဘုရားသည်လည်း မျက်နှာသစ် တော်မူ၍ ထိုလင်းလွန်းပင်ရင်း၌သာ နေတော်မူ၏။

ထိုရေအခါ 'တပုဿ, ဘလ္လိက' အမည်ရှိသော ကုန်သည်ညီနောင်တို့သည် 'ဥက္ကလာပ' အမည်ရှိ သောဇနပုဒ်မှ ဘုရားရှိရာ မဇ္ဈိမတိုက်အရပ်သို့ အခွန့်ရှည်သောခရီးကို သွားကုန်၏။

ထိုအခါ၌ 'တပုဿ, ဘလ္လိက'အမည်ရှိသောကုန်သည်တို့၏ မိဆွေဖမျိုးဖြစ်ဖူးသော နတ်သားတစ်ယောက် သည် ထိုကုန်သည်တို့၏ လှည်းဘီးစက်ကို မလည်စေနိုင်အောင် ပြု၏။ ထိုသို့ပြုသောကြောင့် ထိုကုန်သည်တို့၏ လှည်းဘီးစက် မလည်ရှိခဲ့သော်၊ ထိုကုန်သည်တို့သည် "ဤအမှုသည် အဘယ့်ကြောင့်နည်း"ဟု ခရီးစောင့်နတ် တို့အား ဗလိနတ်စာကို ပြုကုန်၏။

ထိုအခါ၌ ထိုနတ်သားသည် ကိုယ်ထင်ပြ၍ ထိုကုန်သည်တို့ကို ဤသို့ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"အချင်းတို့။ မြတ်စွာဘုရားသခင်သည် လင်းလွန်းပင်ရင်း၌ နေတော်မူ၏။ ရှေးဦးစွာ သစ္စာ ၄ ပါးတရားကို သိတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ သွားချေကုန်။ ထိုမြတ်စွာဘုရားကို မုန့်ကြွက်ကျစ်ဖြင့်လည်းကောင်း၊ ပျားမုန့်ဆုပ်ဖြင့် လည်းကောင်း လုပ်ကျွေးလေကုန်။ ထိုသို့လုပ်ကျွေးခြင်းသည် သင်တို့အား ရှည်ကြာစွာသော နေ့ညဥ့်တို့ပတ်လုံး အစီးအပွားများလတ္တံ့" ဤသို့သောစကားကို ဆို၏။

ထိုအခါ၌ ကုန်သည်တို့သည် မုန့်ကြွက်ကျစ်ကို လည်းကောင်း၊ ပျားမုန့်ဆုပ်ကို လည်းကောင်း ယူ၍ ဘုရားရှိရာသို့ကပ်ပြီးသော်၊ မြတ်စွာဘုရားကိုရှိခိုး၍ လျောက်ပတ်သောအရပ်၌ ရပ်ပြီးသော်၊ ဤသို့ လျှောက်ကုန်၏။

"ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား။ အကျွန်ုပ်တို့၏မုန့်ကြွက်ကျစ်ကို လည်းကောင်း၊ ပျားမုန့်ဆုပ်ကို လည်းကောင်း ခံတော်မူစေချင်၏။ ဤသို့ခံတော်မူခြင်းသည် အကျွန်ုပ်တို့အား ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး စီးပွားချမ်းသာဖြစ်ပါလတ္တံ့" ဟု လျှောက်ကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားအား ဃဋိကာရဗြဟ္မာ ကပ်သောသပိတ်တော်သည် သုဓာတာ၏ နို့ဃနာဆွမ်း လှူခါနီး၌ ကွယ်လေ၏။ ခံတော်မူစရာသပိတ်တော်၊ မရှိလျှင် ဤသို့ အကြံတော်ဖြစ်၏။ 'ရှေးဘုရားတို့သည် လက်တော်တို့ဖြင့် ခံဖူးလေကုန်သလော။ သပိတ်တော်ဖြင့် ခံဖူးလေကုန်သလော။ အဘယ်ဖြင့် ငါသည် ဤသူတို့၏မုန့်ကြွက်ကျစ်ကို လည်းကောင်း၊ ပျားမုန့်ဆုပ်ကို လည်းကောင်း ခံရအံ့နည်း' ဟု အကြံတော် ဖြစ်၏။

ထိုသို့ကြံတော်မူသောခဏ၌ စတုမဟာရာဇ်နတ်သား ၄ ယောက်တို့သည် မြတ်စွာဘုရား၏နှလုံးတော်အကြံကို သိ၍ ၄ ပါးသောအရပ်မျက်နှာတို့မှ ဣန္ဒနီလာကျောက်ဖြင့်ပြီးကုန်သော ၄ လုံးသောသပိတ်ကို ကပ်ကုန်၏။ ထိုသပိတ်တို့ကို မြတ်စွာဘုရား ခံတော်မမူလျှင် ထို့နောင်မှ ပဲနောက်အဆင်းရှိသော ကျောက်ဖြင့်ပြီးကုန်သော ၄ လုံးသောသပိတ်တို့ကို မြတ်စွာဘုရားအား ကပ်ကုန်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤသပိတ်တော်ကို ခံတော်မူ၍ ဤသပိတ်တော်ဖြင့် မုန့်ကြွက်ကျစ်ကို လည်းကောင်း၊ ပျားမုန့်ဆုပ်ကို လည်းကောင်း ခံတော်မူပါ" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် ထိုသပိတ်တို့ကို ခံတော်မူ၏။ ထိုသို့ခံတော်မူခြင်းသည် အလိုကြီးသောကြောင့် ခံတော်မူသည် မဟုတ်။ ထိုနတ်သားတို့၏ကြည်ညိုခြင်းကို စောင့်အံ့သောငှာသာ ခံတော်မူသည်။

ဤသို့ခံတော်မူ၍၊ ၄ လုံးသောသပိတ်တို့ကို တစ်လုံးတည်းဖြစ်အောင် ဓိဋ္ဌာန်တော်မူ၍ နှိပ်လျှင် အနား ၄ ရစ်နှင့်တကွ တစ်လုံးတည်း ဖြစ်လေ၏။ ၄ ယောက်သော နတ်သားတို့အားလည်း တူသောကောင်းမှု ၏ အကျိုးသည် ဖြစ်၏။

ဤသို့ တစ်လုံးတည်းပြု၍ မြတ်စွာဘုရားသည် အသစ်စက်စက်သောကျောက်သပိတ်ဖြင့် မုန့်ကြွက်ကျစ်ကို လည်းကောင်း၊ ပျားမုန့်ဆုပ်ကို လည်းကောင်း ခံတော်မူ၍ သုံးဆောင်တော်မူ၏။

ထိုအခါ၌ တပုဿ၊ ဘလ္လိကညီနောင်တို့သည် မြတ်စွာဘုရားကို ဤသို့လျှောက်ကုန်၏။

"အရှင်ဘုရား။ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို 'ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ကုန်၏။ တရားတော်ကိုလည်း 'ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ကုန်၏။ ယနေ့ကို အစပြု၍ အသက်ရှည်သောကာလပတ်လုံး အကျွန်ုပ်တို့ကို 'ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ကုန်သော ဒါယကာတို့' ဟူ၍ မှတ်တော်မူပါလော့" ဟု လျှောက်ကုန်၏။

ထိုညီနောင် ၂ ယောက်တို့သည်လည်း လောက၌ ရှေးဦးစွာ ၂ ခွန်းသောဆောက်တည်ခြင်း ရှိသော ဒွေဝါစိကဥပါသကာအဖြစ်သို့ ရောက်ကုန်၏။

ဤသို့ ဥပါသကာအဖြစ်ကို ကြားပြီး၍ မြတ်စွာဘုရားကို ဤသို့လျှောက်ကုန်၏။ "အရှင်ဘုရား။ အကျွန်ုပ်တို့သည် အဘယ်သူအား ရှိခိုးခြင်း၊ လက်အုပ်ချီခြင်းကို ပြုပါရမည်နည်း" ဟု လျှောက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးသပ်တော်မူသော် ဆံတော်တို့သည် လက်တော်၌ ငြိကုန်၏။ ထိုဆံတော်တို့ကို ကုန်သည်တို့အား "သင်တို့သည် ဤဆံတော်တို့ကို ဆောင်လေကုန်" ဟု ပေးတော်မူ၏။ ထိုကုန်သည်တို့သည်လည်း ဆံတော်ဓာတ်တို့ကို ရ၍၊ အလွန်ဝမ်းမြောက်ကုန်သည် ဖြစ်၍၊ မြတ်စွာဘုရားအား ရှိခိုး၍ သွားလေကုန်၏။

## ၆- တရားဟောရန် သဟမ္ပတိဗြဟ္မာ တောင်းပန်ခြင်း

ထို့နောင်မှ မြတ်စွာဘုရားသည် ထိုသမာဓိမှ ထတော်မူ၍ လင်းလွန်းပင်မှသည် အဇပါလအရပ်သို့ တစ်ဖန်ကပ်တော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားအား ဤသို့အကြံတော်သည် ဖြစ်၏။

'ငါသိတော်မူအပ်သော သစ္စာ ၄ ပါးသည် နက်နဲ၏။ မြင်နိုင်ခဲ၏။ သိနိုင်ခဲ၏။ ငြိမ်သက်၏။ မြတ်၏။ ကြံဆ၍ သိနိုင်ခဲကုန်၏။ သိမ်မွေ့လှ၏။ ပညာရှိတို့သာ သိအပ်၏။ ဤသတ္တဝါအပေါင်းသည် စင်စစ်လျှင် ကာမဂုဏ် ၅ ပါးတို့၌ မွေ့လျော်၏။ စင်စစ် ကာမဂုဏ် ၅ ပါးတို့ဖြင့် နှစ်သက်မွေ့လျော်သော သတ္တဝါ၌ အကြင် သင်္ခါရ အစရှိသည်တို့၏အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားသည် ရှိ၏။ ဤပဋိစ္စသမုပ္ပါဒ်တရားသည် မြင်နိုင်ခဲ၏။ အလုံးစုံသော သင်္ခါရတရားတို့၏ ငြိမ်းရာဖြစ်သော အကြင်နိဗ္ဗာန်သည် ရှိ၏။ ဤ'နိဗ္ဗာန်' ဟူသောတရားသည်လည်း စင်စစ် မြင်နိုင်ခဲလှသည်။ ငါသည် စင်စစ်သဖြင့် တရားဟောအံ့။ တစ်ပါးသော သတ္တဝါသည်လည်း ငါ၏တရားကို မသိနိုင်ရာ။ ထိုသို့ မသိနိုင်သောသူတို့အား ဟောခြင်းသည် ငါ့အား ဆင်းရဲပင်ပန်းကာသာ ဖြစ်၏။' ဤသို့ အကြံတော်ဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် ကြံစည်ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏စိတ်တော်သည် တရားဟောခြင်း၌ မညွတ်သည်ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားစိတ်တော်ကို သိ၍ သဟမ္ပတိဗြဟ္မာမင်းသည် ဤသို့ကြံ၏။

'အချင်းတို့။ လူအပေါင်းသည် ပျော်-ပျက်ခဲ့၏တကား။ ဤလူ့ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်သော ခပ်သိမ်းကုန်သောတရားတို့ကို အလိုလိုသိတော်မူသော ဘုရားသခင်၏စိတ်တော်သည် တရားဟောခြင်း၌ ညွတ်တော်မမူ။'

ဤသို့ အကြံဖြစ်ပြီးသည့်နောက်မှ သဟမ္ပတိဗြဟ္မာမင်းသည် ဗြဟ္မာ့ပြည်မှကွယ်ခဲ့၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ထင်ရှားစွာ ဖြစ်၏။ ထိုအခါ သဟမ္ပတိဗြဟ္မာမင်းသည် ကိုယ်ဝတ်စုလျားကို ပခုံးတစ်ဖက်၌ စမွယ်တင်သည်ကိုပြု၍၊ လက်ယာပုဆစ်ကို မြေဝယ်တုပ်၍၊ ဘုရားရှိရာ လက်အုပ်ညွတ်၍ ဤသို့လျှောက်၏။

"ဘုန်းတော် ၆ ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အမြိုက်တရား ဟောကြားတော်မူပါ။ ပညာမျက်စိ၌ 'ကိလေသာ'ဟူသော မြူနည်းသောသတ္တဝါတို့သည် ရှိပါကုန်၏။ တရားတော်ကို မကြားရချေလျှင် ယုတ်ချေကုန်၏။ တရားတော်ကိုသိလွယ်သော ဝေနေယျသတ္တဝါတို့သည် ဖြစ်ပါကုန်လတ္တံ့။ အရှင်ဘုရား။ မဂဓရစ်တိုင်း၌ ရာဂ အစရှိသော အညစ်အကြေးနှင့် တကွဖြစ်သော ဆသတ္ထာရတို့သည် ကြံဆအပ်သော စင်ကြယ်ခြင်းမရှိသော မိစ္ဆာဒိဋ္ဌိတရားသည် ထက်ဝန်းကျင်မှပျံ့နှံ့သဖြင့် ထင်ရှားဖြစ်၏။ အမြိုက်ဘုရား နိဗ္ဗာန်၏တံခါးဖြစ်သော အရိယမဂ်ကို ဖွင့်လှစ်တော်မူပါ"

ဤသို့စသော များစွာသော အကြောင်းတို့ဖြင့် တောင်းပန်လတ်သော်၊ သဟမ္ပတိဗြဟ္မာကား ကဿပဘုရား သာသနာတော်၌ 'သဟသက'[၁] အမည်ရှိသော ပထမဈာနလာဘီ ရဟန်းဖြစ်၍ ပထမဈာန်ဘုံ၌ ၁ ကမ္ဘာ အသက်ရှည်သောဗြဟ္မာ ဖြစ်လေသတတ်။

၁- သဘာဂအမည်ရှိသော။

www.burmeseclassic.com

www.burmeseclassic.com



## ၇- ဥပကတက္ကတွန်းနှင့် တွေ့ခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာမင်း၏တောင်းပန်ခြင်းကို သိတော်မူ၍၊ သတ္တဝါတို့အား သနားတော်မူသောအဖြစ်ကို စွဲ၍၊ 'ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်' ဟု ဆိုအပ်သော ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော်၊ ပညာမျက်စိ၌ 'ကိလေသာ'တည်းဟူသော များသောမြူရှိသော သတ္တဝါတို့ကိုလည်းကောင်း၊ ထက်သောမျက်စိ၌ 'ကိလေသာ'တည်းဟူသော နည်းသောမြူရှိသော သတ္တဝါတို့ကို လည်းကောင်း၊ ထက်သောဣန္ဒြေ, နုံ့သောဣန္ဒြေ ရှိသော သတ္တဝါတို့ကို လည်းကောင်း၊ ဤသို့စသော သတ္တဝါတို့ကို မြင်တော်မူလေ၏။

ထို့နောင် 'ဗြဟ္မာမင်းအား တရားဟောတော်မူအံ့'ဟု ပဋိညာဉ်ကို ပေးတော်မူ၏။ ဗြဟ္မာကြီးသည်လည်း 'မြတ်စွာဘုရားသည် တရားဟောအံ့ ဟု ခွင့်ပြုတော်မူပြီ' ဟု မြတ်စွာဘုရားကို လက်ယာရစ်လည်၍၊ ရှေ့တော်မှကွယ်ခဲ့၍ မိမိနေရာသို့ သွားလေ၏။

ထိုအခါ၌ ဘုရားသခင်၏အကြံတော်သည် ဤသို့ဖြစ်၏။ 'အဘယ်သူအား ငါဘုရားသည် ရှေးဦးစွာ ဟောတော်မူရအံ့နည်း။ တရားတော်ကို အဘယ်သူသည်လျှင် သိလတ္တံ့နည်း' ဤသို့ အကြံတော်ဖြစ်၏။

ထိုသို့ ကြံတော်မူသောအခါ၌ မြတ်စွာဘုရားသည် ဤသို့သောအကြံတော် ဖြစ်ပြန်၏။ 'ကာလာမအမျိုးဖြစ်သော ဤ အာဠာရရသေ့သည် ပညာအဆင်အခြင် လျင်မြန်၏။ ပညာမျက်စိ၌ 'ကိလေသာ'ဟူသော မြူ နည်း၏။ ကာလာမအမျိုးဖြစ်သော အာဠာရရသေ့အား ရှေးဦးစွာ တရားဟောရမူကား ထိုရသေ့သည် ငါ ဟောသောတရားကို လျင်စွာသိလတ္တံ့.' ဤသို့သောအကြံတော်သည် ဖြစ်၏။

ထိုအခါ၌ နတ်သားတစ်ယောက်သည် ကိုယ်ထင် မပြမူ၍ မြတ်စွာဘုရားအား "အရှင်ဘုရား။ ကာလာမမျိုးဖြစ်သော အာဠာရရသေ့သည် သေသည်မှာ ၇ ရက် ရှိချေပြီ" ဟုလျှောက်၏။

မြတ်စွာဘုရားအားလည်း အာဠာရ ... သေ့ သေသည် ၇ ရက် ရှိပြီ။ အာကိဉ္စညာယတနဘုံ၌ ဖြစ်လေသည်ကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍၊ 'အာဠာရရသေ့သည် ရှုံးခြင်းကြီး ရှုံးလေစွ။ ငါ၏တရားကို နာရသည်ဖြစ်အံ့။ လျင်စွာသိဖွယ်ရာ ရှိလေ၏' ဟု အကြံတော်မူဖြစ်၏။

ထိုအခါ ဘုရားသခင်သည် ဤသို့အကြံတော် ဖြစ်ပြန်၏။ 'အဘယ်သူအား ရှေးဦးစွာ ဟောရအံ့နည်း။ အဘယ်သူသည် လျင်စွာသိလတ္တံ့နည်း' ဟု အကြံတော်ဖြစ်ပြန်၏။ 'ရာမမင်း၏သားဖြစ်သော ဥဒကရသေ့သည် လျင်မြန်သောဉာဏ် ရှိ၏။ ငါ ဟောရမူကား လျင်စွာသိရာ၏။ ထိုရသေ့အားဟောရသော် ကောင်း၏' ဟု ကြံတော်မူသော်၊ ထိုနတ်သားသည် "အရှင်ဘုရား။ ဥဒကရသေ့သည် ယမန်နေ့ သန်းခေါင်ယံတွင် သေခဲ့ပြီ" ဟု လျှောက်၏။

မြတ်စွာဘုရားအားလည်း ဒိဗ္ဗစက္ခုဉာဏ်တော်သည် ထင်ရှားဖြစ်တော်မူ၏။ 'ဥဒကရသေ့သည် ဤလူ့ပြည်မှ စုတေ၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်လေပြီ' ဟု မြင်တော်မူ၏။ 'ဥဒကရသေ့သည် ငါ၏တရားကို နာရမူကား လျင်စွာသိလေရာ၏။ ရှုံးခြင်းကြီး ရှုံးလေစွတကား' ဟု အကြံတော်ဖြစ်၏။

ထို့နောင်မှ 'အဘယ်သူအား ရှေးဦးစွာဟောရအံ့နည်း။ အဘယ်သူ လျင်စွာသိလတ္တံ့နည်း'ဟု အကြံတော်ဖြစ်ပြန်၏။

'ထိုပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ့အား များစွာ ကျေးဇူးရှိကုန်၏။ ထို ပဉ္စဝဂ္ဂီရဟန်းတို့အား ဟောရအံ့။ ယခု အဘယ်အရပ်၌ နေကုန်သနည်း' ဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်တော်မူလေသော်၊ မိဂဒါဝုန်တော၌ နေကြသည်ကို မြင်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောင်မှ အဓပါလအရပ်၌ မွေ့လျော်တော်မူသရွေ့နေတော်မူပြီးမှ အစဉ်အတိုင်းကြွတော်မူခဲ့၍ ဗာရာဏသီပြည်သို့ ရှေးရှုကြွတော်မူလေသော်၊ ဗောဓိပင်၏ လည်းကောင်း၊ ဂယာသီသ၏ လည်းကောင်း အကြား၌ ဥပကတက္ကတွန်းသည် မြတ်စွာဘုရားကို မြင်၏။

ဗောဓိပင်နှင့် ဂယာသီသကား ၃ ဂါဝုတ် ရှိ၏။ ဗောဓိပင်နှင့် ဗာရာဏသီကား ၁၂ ယူဇနာ ရှိ၏။ ခပ်သိမ်းသော ရှေးဘုရားတို့ကား 'ဓမ္မစကြာတရား ဟောအံ့'ဟု မိဂဒါဝုန်တောသို့ ကောင်းကင်ဖြင့် ကြွတော်မူကုန်၏။ ငါတို့ဘုရားရှင်မူကား ဥပကကို အကြောင်းပြု၍ ခြေဖြင့်ကြွတော်မူသည်။ ဥပကကား နောက်မှရဟန်းပြု၍ အနာဂါမ် ဖြစ်လတ္တံ့သတည်း။

"ငါ့ရှင်။ သင်၏ဣန္ဒြေတို့ကား ကြည်ညိုဖွယ်ရှိကုန်၏။ စင်ကြယ်သောအရေအဆင်း ရှိ၏။ ပြိုးပြိုး ပြက်ပြက်ရှိ၏။ သင်ကား အဘယ်သူကိုရည်၍ ရဟန်းပြုသနည်း။သင်၏ဆရာကား အဘယ်သူနည်း။ အဘယ်တရားကို သင် နှစ်သက်သနည်း"

ဤသို့လျှောက်သည်ရှိသော်၊ ဘုရားသခင်သည်-

"ဥပက။ ငါကား ခပ်သိမ်းသောတရားတို့ကို နှိပ်စက်၍ တည်၏။ ခပ်သိမ်းသော ဘုံ ၄ ပါး[၁]၌ ဖြစ်သော တရားတို့ကို သိတော်မူ၏။ တေဘုမ္မကတရားတို့၌ ရာဂ အစရှိသော ကိလေသာဖြင့်လိမ်းကျံခြင်း မရှိ" ဤသို့အစရှိသည်ဖြင့် လည်းကောင်း၊

"ဥပက။ ငါ့အား ဆရာ မရှိ။ နတ်နှင့်တကွသော လူတို့၌ ငါနှင့်တူသူ မရှိ" ဤသို့ အစရှိသည်ဖြင့် လည်းကောင်း၊

"ငါသည် ယုတ်မာကုန်သောအကုသိုလ်တရားတို့ကို အောင်အပ်သောကြောင့် 'ဇိန'မည်၏။ ဓမ္မစကြာ တရားကို ဟောအံ့သောငှာ ဗာရာဏသီပြည်သို့ ငါသွားအံ့" ဤသို့ အစရှိသည်ဖြင့် လည်းကောင်း မိန့်တော်မူသော်၊

"အရှင်ဂေါတမ။ ဟုတ်ပေရာ၏" ဟုဆို၍ ဦးခေါင်းကိုလှုပ်၍၊ ခရီးကိုလွှဲလျက် 'ဝင်္က' မည်သော ရွာသို့ သွားလေ၏။

## ၈- ပဥ္စဝဂ္ဂီတို့အား တရားဦးကို ဟောခြင်း

မြတ်စွာဘုရားသည် အစဉ်အတိုင်း ကြွတော်မူလေသည်ရှိသော် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တော ပဥ္စဝဂ္ဂီရဟန်းတို့၏နေရာသို့ ကြွတော်မူလေ၏။

ထိုအခါ ပဥ္စဝဂ္ဂီရဟန်းတို့သည် အဝေးမှကြွတော်မူလာသည်ကို မြင်ကုန်၍၊ အချင်းချင်း ကတိကဝတ်ကို ပြုကြကုန်၏။

"ငါ့ရှင်တို့။ ဤရဟန်းဂေါတမသည် လာလတ်ပြီ။ ဒုက္ကရစရိယာအကျင့်မှ ထွက်၍ သက်န်းပစ္စည်း များခြင်းငှာ ကျင့်၏။ ထိုသို့ ဒုက္ကရစရိယာအကျင့်မှ ထွက်၍ သင်္ကန်း၊ပစ္စည်းများခြင်းငှာကျင့်သော အရှင်ဂေါတမ ကို ရှိမခိုးအပ်။ ထိုအရှင်ဂေါတမ၏ သပိတ်၊သင်္ကန်းကို မလှမ်းလင့်။ ခင်းစရာမှုကား နေရာမှ မထလင့်။ အကယ်၍ အလိုရှိသည်ဖြစ်အံ့။ ထိုင်လတ္တံ့" ဤသို့ ကတိကဝတ်ကို ပြုလင့်ကုန်၏။

မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီရဟန်းတို့သို့ ကပ်တော်မူ၏။ ထိုအခါ ပဥ္စဝဂ္ဂီရဟန်းတို့သည် ကတိကဝတ် ကို မတည်နိုင်ကုန်။ မြတ်စွာဘုရားကို ခရီးဦးကြိုပြု၍ တစ်ဦးကား သင်္ကန်းကို လှမ်းလင့်၏။ တစ်ဦးကား

[၁]- ဘုံ ၃ ပါး၌

www.burmeseclassic.com

www.burmeseclassic.com



နေရာကို ခင်းလင့်၏။ တစ်ဦးကား ခြေဆေးရေကို လည်းကောင်း၊ ခြေဆေးအင်းပျဉ်ကို လည်းကောင်း၊ ခြေပွတ်အိုးခြမ်းကို လည်းကောင်း အနီး၌ ထားလင့်၏။

မြတ်စွာဘုရားသည် ခပ်သိမ်းသောနေရာ၌ နေတော်မူပြီးလျှင် ခြေတော်ကို ဆေး၏။

ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားကို အမည်ဖြင့် လည်းကောင်း၊ 'အာဝုသော' ဟူသော ခေါ်ဝေါ်ခြင်းဖြင့် လည်းကောင်း ဆိုကုန်၏။ ဤသို့ဆိုသော် မြတ်စွာဘုရားသည်လည်း ''ရဟန်းတို့။ ငါဘုရားကို အမည်ဖြင့် လည်းကောင်း၊ 'အာဝုသော'ခေါ်ဝေါ်ခြင်းဖြင့် လည်းကောင်း မဆိုကုန်လင့်။ ငါဘုရားသည် သစ္စာ ၄ ပါးတရားတို့ကို အလိုလိုသိတော်မူပြီ။ ဝိပဿီ အစရှိသော ရှေးဘုရားတို့၏လာခြင်းကဲ့သို့ ကောင်းသော လာခြင်းရှိသော ငါဘုရားကို အမည်အားဖြင့် လည်းကောင်း၊ 'အာဝုသော' ဟူသော ခေါ်ဝေါ်ခြင်းဖြင့် လည်း ကောင်း မဆိုလင့်''

ဤသို့ အစရှိသည်ဖြင့် မိန့်တော်မူပြီး၍၊ ''ရဟန်းတို့။ နားထောင်ကြကုန်လော့။ အမြိုက်တရားကို ငါ ရပြီ။ ဆုံးမပေအံ့။ တရားကို ဟောပေအံ့။ ဆုံးမတိုင်း ကျင့်သောသူတို့သည် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်၏ အကျိုးငှာ အမျိုးသားတို့သည် ကောင်းစွာသာလျှင် လူ၏ဘောင်မှ ရဟန်း၏ဘောင်၌ ရဟန်းပြုကုန်အံ့။ အတု မရှိသောမဂ်၏ အဆုံးဖြစ်သောထိုအရဟတ္တဖိုလ်ကို မျက်မှောက်သောကိုယ်အဖြစ်၌လျှင် မိမိဉာဏ်ဖြင့် မျက် မှောက်ပြု၍ နေကုန်လော့''

ဤသို့မိန့်တော်မူသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားကို ဤသို့လျှောက်ကုန်၏။

''အရှင်ဂေါတမ။ သင်သည် ထိုသို့ပြုခဲ့စွာသော ဒုက္ကရိယာပုထ်ကို ဖြစ်စေသဖြင့် လည်းကောင်း၊ ထိုသို့ ပြုခဲ့စွာသောအကျင့်ကို ကျင့်သဖြင့် လည်းကောင်း၊ ထိုသို့ပြုခဲ့စွာသော တစ်လက်ဆွန်းသောအာဟာရကို ဘုဉ်း ပေး၍ ကျင့်သဖြင့် လည်းကောင်း လူတို့ကုသိုလ်တရားထက် မြတ်လှစွာသော အရိယာ၏အဖြစ်ကို ပြုစွမ်းနိုင် သော သဗ္ဗညုတဉာဏ် (အမြင်အထူးကို မရတုံသေး၏ရှင့်။ ယခုမူကား သင်္ကန်း စသည်တို့ဖြင့် များခြင်းငှာ ကျင့်ခဲ့ပြီ။ ဒုက္ကရစရိယာအကျင့်မှ ထွက်ခဲ့ပြီ။ ပစ္စည်းတို့၏ များခြင်းငှာလည်း လာခဲ့ပြီ။ လူတို့၏ကုသိုလ်ထက် လွန်သော မြတ်လှစွာသော အရိယာ၏အဖြစ်ကို) အမြင်အထူးကို အဘယ်မှာရှိလတ္တံ့နည်း'' ဤသို့ဆိုသည်ရှိသော်၊

''ရဟန်းတို့။ ငါဘုရားသည် သင်္ကန်း စသည်ဖြင့် များခြင်းငှာမကျင့်။ ဒုက္ကရစရိယာအကျင့်မှလည်း ငါ မထွက်။ ငါဘုရားသည် ဝိပဿီ အစရှိသော ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူ၏။ သစ္စာ ၄ ပါးတရားတို့ကို အလိုလို သိတော်မူ၏။ ရဟန်းတို့။ နားထောင်ကုန်လော့။ အမြိုက်တရားကို ဟောပေအံ့''

ဤသို့ အစရှိသည်ဖြင့် မိန့်တော်မူသော်၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် ရှေးအတူလျှင် တစ်ဖန်လျှောက်ကုန်၏။

ဘုရားသခင်သည်လည်း ပဉ္စဝဂ္ဂီရဟန်းတို့အား ၃ ကြိမ် မိန့်တော်မူပြီးသော်၊ ''ရဟန်းတို့။ ဤအခါမှ ရှေး ဒုက္ကရစရိယာကျင့်သောအခါ၌ 'ငါ ရဟန္တာတည်း။ ဘုရားအဖြစ်သို့ ရောက်ပြီ'ဟူသောစကားကို ငါ နှုတ်မြွက်ဖူးသည်ကို သင်တို့ သိကုန်၏လော'' ဟု မေးတော်မူသော်၊ ''အရှင်ဘုရား။ ထိုသို့ ဆိုဖူးသည်ကို အကျွန်ုပ်တို့ မသိပေကုန်'' ဟု လျှောက်ကြကုန်၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား ဘုရားအဖြစ်ကို သိစိမ့်သောငှာ တတ်နိုင်တော်မူ၏။ ထိုအခါ ပဉ္စဝဂ္ဂီရဟန်းသည် မြတ်စွာဘုရားစကားတော်ကို နာကုန်၏။ အရဟတ္တဖိုလ်ကို ဖြစ်စိမ့်သောငှာ စိတ် ကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည်လည်း ပဉ္စဝဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍-

'ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။' အစရှိသော ဓမ္မစက္ကသုတ်ကို ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေသနာတော်၏အဆုံး၌ အရှင်ကောဏ္ဍညသည် 'ကင်းသောကိလေသာ' တည်းဟူသော မြူရှိသည် ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ဟောတော်မူသော ဓမ္မစကြာတရားတော်ကို ကြားနာရကုန်သော ဘုမ္မစိုးနတ်တို့သည် ""ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ တစ်စုံတစ်ယောက်သော ရဟန်း၊ ပုဏ္ဏား၊ သိကြား၊ ဗြဟ္မာတို့သည် ဟောကြား ဖော်ပြခြင်းငှာ မတတ်ကောင်းရာသော ဓမ္မစကြာတရားတော်ကို ဟောတော်မူပေသည်"" ဟု အဆင့်ဆင့် ကြွေးကြော် ကုန်၏။ ဘုမ္မစိုးနတ်တို့၏အသံကို အဆင့်ဆင့်ကြား၍ စတုမဟာရာဇ်နတ်တို့သည်လည်း အဆင့်ဆင့်ကြွေးကြော် ကုန်၏။ ဤအတူ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ၊ ဗြဟ္မာ့ပြည်တိုင် အောင် အဆင့်ဆင့်ကြွေးကြော်ကုန်၏။ တစ်ခဏချင်းနှင့် ဘုမ္မစိုးနတ်တို့မှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် ကြွေးကြော် သံသည် နှံ၍ တက်လေသည်။ ၁ သောင်းသောလောကဓာတ်သည်လည်း တုန်လှုပ်လေ၏။

ဘုရားသခင်သည်လည်း- 'အညာသိ ဝတ ဘော ကောဏ္ဍညော။' အစရှိသည်ဖြင့် ဥဒါန်းကျူးတော်မူ၏။

'ဘော၊ အချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိဝတ၊ သိလေပြီတကား။ ဘော၊ အချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ အညာသိဝတ၊ သိလေပြီတကား။' ဤသို့ ဥဒါန်းကျူးတော်မူ ၏။ ဤသို့သော ဥဒါန်းစကားကြောင့် 'အညာတကောဏ္ဍည' ဟူ၍ အမည်တွင်သတည်း။

ထိုအခါ၌ အညာတကောဏ္ဍညသည် မြင်အပ်ပြီးသောတရား ရှိသည်။ ရောက်အပ်ပြီးသောတရား ရှိသည်။ ဉာဏ်ဖြင့်သက်ပြီးသော တရား ရှိသည်။ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာ ရှိသည်။ 'သို့လော၊ သို့လော'ဟု ယုံမှားခြင်းကင်းသည် ဖြစ်၍၊ ဘုရားသခင့်သာသနာတော်၌ ရဲရင့်သောဉာဏ်သို့ ရောက်သည်ဖြစ်၍၊ ဘုရားမှ တစ်ပါး ယုံကြည်အပ်သော သူ မရှိသည်ဖြစ်၍ မြတ်စွာဘုရားကို ဤသို့လျှောက်၏။

""အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရား၏အထံတော်၌ ရဟန်းအဖြစ်ကို ရချင်ပါ၏"" ဟု လျှောက်လေသော် ဘုရားသခင်သည်လည်း- 'ဧဟိ ဘိက္ခု သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။' ဟု ဧဟိ ဘိက္ခု ခေါ်တော်မူ၏။

ဤ၌ အဓိပ္ပါယ်ကား-

'ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူ အပ်ပြီ။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ သာသနာတော်ကို။ စရ၊ ကျင့်လှည့်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော် မူ၏။'

[ဤကား အနက်တည်း။ အရှင်ကောဏ္ဍည၏ ပဉ္စင်းခံခြင်းသည်ကား ဧဟိဘိက္ခုဉပသမ္ပဒတည်း။]

ဤသို့ ဝါဆိုလပြည့်နေ့ ဓမ္မစကြာတရားတော်ကို နာရသည်၏အဆုံး၌ ၁ သောင်းသောလောကဓာတ်မှ ၁၈ ကုဋေသော နတ်၊ဗြဟ္မာတို့သည် အကျွတ်တရားကို ရလေကုန်၏။

လပြည့်ကျော် ၁ ရက်နေ့၌ အရှင်ဝပ္ပသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ၂ ရက်နေ့၌ အရှင် ဘဒ္ဒိယသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ၃ ရက်နေ့၌ အရှင်မဟာနာမ်သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ၄ ရက်နေ့၌ အရှင်အဿဇိသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကျော် ၅ ရက်နေ့၌ ၅ ဦးသောရဟန်းတို့ကို တပေါင်းတည်းစည်းဝေးစေ၍၊ 'ရူပံ ဘိက္ခဝေ အနတ္တာ' အစရှိသည်ဖြင့် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူ၏။

ဟောတော်မူသည်၏အဆုံး၌ ၅ ဦး သောရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ ဤသို့ ကောဏ္ဍညအစ အသဿဇိအဆုံးရှိသော ၅ ဦးသော အရှင်တို့သည် ပေဉ္စဝဂ္ဂီချည်း ဖြစ်ကုန်၏။

ဆုံးမဩဝါဒ ပေးတော်မူသောအခါ၌ အညာတကောဏ္ဍည စသော အရှင် ၃ ဦးတို့ ဆွမ်းခံချေ၍၊ ၆ ဦးသော အရှင်သခင်တို့ မျှ၍ သုံးဆောင်တော်မူကုန်သည်။ ထိုအခါ၌ ဘုရားသခင်နှင့်တကွ လောက၌ ၆ ဦး သောရဟန္တာတို့သည် ထင်ရှားဖြစ်တော်မူကုန်၏။

## ၉- ယသသူဌေးသားအပေါင်းနှင့်တကွ အပေါင်းအဖော်တို့ ရဟန်းပြုကြခြင်း

ထိုအခါ၌ ဗာရာဏသီပြည်တွင် 'ယသ'အမည်ရှိသော သူဌေးသားသည် ရှိ၏။ နူးညံ့သိမ်မွေ့၏။ ထို သူဌေးသားအား ဟေမန္တဆောင်းဥတု၌ စံသောပြာသာဒ် ၁ ဆောင်၊ ဂိမှန္တနွေဥတု၌စံသော ပြာသာဒ် ၁ ဆောင်၊ ဝဿန္တမိုးဥတု၌ စံသောပြာသာဒ် ၁ ဆောင်၊ ဤ ၃ ဆောင်သော နန်းပြာသာဒ်တို့သည် ရှိကုန်၏။ ယောကျ်ားမရှိဘဲ မိန်းမတို့သာ တီးမှုတ်အပ်သော တူရိယာမျိုးတို့ဖြင့် တီးမှုတ်လျက်၊ မိုး ၄ လစံသော ပြာသာဒ်မှ အောက်ပြာသာဒ်သို့ သက်လေ၏။

ထိုအခါ၌ ယသသူဌေးသားသည် ၅ ပါးသော ကာမဂုဏ်တို့ဖြင့် စံပယ်ပျော်ပါးလျက် စောစောလျှင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။ အခြွေအရံတို့သည်လည်း အိပ်ပျော်ခြင်းသို့ ရောက်ကုန်၏။ တစ်ညဉ့်ပတ်လုံး ဆီမီးတို့သည် ထွန်းလင်းကုန်၏။

ယသသူဌေးသားသည် စောစောကနိုးလတ်၍၊ တစ်ယောက်သောမိန်းမကား လက်ကတီးကြား၌ စောင်းကို ပိုက်လျက်၊ တစ်ယောက်သော မိန်းမကား လည်ပင်း၌ မုရိုးစည်ကို လွယ်လျက်၊ တစ်ယောက်သော မိန်းမကား 'အာလမ္ဗရ' မည်သောစည်ကို ပိုက်လျက်၊ ယောင်ယမ်းကုန်လျက်၊ ဖရိုဖရဲပြေသောဆံ ရှိကုန်လျက် အယုက်အတင် မြင်၍မကောင်းအောင် အိပ်ပျော်ကြသည်ကို မြင်လေ၏။

ထိုသို့မြင်သောအခါ၌ ယသသူဌေးသားသည်- 'ဣဒံ ဥပဒ္ဒုတံ ဝတ ဘော၊ ဣဒံ ဥပဿဋ္ဌံ ဝတ ဘော။' ဟူသော ဥဒါန်းစကားကို ကျူးလေ၏။

ဤ၌ အတ္ထကား-

'ဘော၊ အို-အချင်းတို့။ ဣဒံသဗ္ဗကာယဓာတံ၊ ဤအလုံးစုံသော ကိုယ်၏ အဖြစ်သည်ကား။ ဥပဒ္ဒုတံဝတ၊ ဧကန်-နှိပ်စက်စွတကား။ ဘော၊ အို-အချင်းတို့။ ဣဒံသဗ္ဗကာယဓာတံ၊ ဤ အလုံးစုံသော ကိုယ်၏အဖြစ်သည်။ ဥပဿဋ္ဌံဝတ၊ ဧကန်-ညှဉ်းဆဲအပ်စွတကား'

ဤသို့ ဥဒါန်းစကားကို ဆိုပြီးသောနောင်မှ ယသသူဌေးသားသည် ရွှေခြေနင်းတို့ကို စီး၍ သွားလေသော် မိမိအိမ်တံခါးသို့ ရောက်လေ၏။ ထိုအခါ နတ်တို့သည် "သူဌေးသားအား တစ်စုံတစ်ယောက်သောသူသည် ရဟန်းပြုခြင်း၌ အန္တရာယ်မပြုစေလင့်" ဟု တံခါးကို ဖွင့်ကုန်၏။

သူဌေးသားသည်လည်း သွားလေသော် မြို့တံခါးသို့ ရောက်ပြန်လေ၏။ ထိုအခါ၌လည်း နတ်တို့သည် "သူဌေးသား ရဟန်းပြုခြင်း၌ တစ်စုံတစ်ယောက်သောသူသည် အန္တရာယ် မပြုစေလင့်" ဟု တံခါးကို ဖွင့် ကုန်၏။

သူဌေးသားသည်လည်း အစဉ်အတိုင်း သွားလေသော် ဣသိပတနမိဂဒါဝုန်တောသို့ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားသခင်သည် ထိုညဦးမိုးသောက်ထ၌ စောစောထ၍ လွင်ပြင်၌ စင်္ကြံကြွ၍ နေတော်မူသဖြင့်၊ အဝေးကလာသော သူဌေးသားကို မြင်တော်မူလေလျှင် စင်္ကြံမှသက်၍ ခင်းအပ်သော ဘုရားနေရာတော်၌ နေတော်မူ၏။

ထိုသို့ နေတော်မူသောအခါ သူဌေးသားသည် ဘုရားသခင်၏အနီး၌- 'ဥပဒ္ဒုတံ ဝတ ဘော' စသည်ဖြင့် 'ဤအလုံးစုံသောကိုယ်၏အဖြစ်သည် နှိပ်စက်ညှဉ်းဆဲဖွ'ဟူသော ဥဒါန်းစကားကို ဆို၏။

ဘုရားသခင်သည်လည်း-

'ဣဒံ ခေါ ယသ အနုပဒ္ဒုတံ၊ ဣဒံ အနုပသဋ္ဌံ၊

ဧဟိ ယသ နိသီဒ၊ ဓမ္မံ တေ ဒေသေဿာမီတိ။' ဟု ခေါ်တော်မူ၏။

ဤ၌ အဋ္ဌကား-

'ယသ၊ အို-ယသ။ ဣဒံ-အမတံ၊ ဤနိဗ္ဗာန်တရားသည်။ ခေါ၊ အဟုတ်လျှင်။အနုပဒ္ဒုတံ၊ မနှိပ်စက်အပ်။ ဣဒံ-အမတံ၊ ဤနိဗ္ဗာန်တရားသည်။ အနုပသဋ္ဌံ၊ မရှုံရှာအပ်။ ယသ၊ အို-ယသ။ ဧဟိ၊ လာလှည့်။ နိသီဒ၊ နေလော့။ တေ၊ သင့်အား။ ဓမ္မံ၊ တရားကို။ ဒေသေဿာမိ၊ ဟောပေအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။'

ဤသို့ ဘုရားသခင် ခေါ်တော်မူသောအခါ၌ ယသသူဌေးသားသည် ဤ'နိဗ္ဗာန်' မည်သည်ကား မညှဉ်းဆဲသတတ်။ မရှုံရှာအပ် ဆိုချေသည်' ဟု ရွှင်လန်းဝမ်းမြောက်သည် ဖြစ်၍၊ ရွှေခြေနင်းတို့ကို ချွတ်၍ ဘုရားရှိရာသို့ ရှိသေစွာကပ်ပြီးသော် ရှိခိုးလျက် သင့်တင့်လျောက်ပတ်ရာအရပ်၌ နေလေ၏။

ဘုရားသခင်သည်လည်း အလှူ၏အကျိုး, သီလ၏အကျိုး, အိမ်ရာထောင်သော လူတို့ဘောင်၌ များစွာသောအပြစ်, ကာမဘောင်မှ ထွက်မြောက်ခြင်းအကျိုးတို့ကို ပြတော်မူ၏။ သူဌေးသား၏စိတ်သည် နူးညံ့သည်။ နီဝရဏကင်းသောစိတ် ရှိသည်။ ဝမ်းမြောက်ကြည်ညိုသောစိတ် ရှိသည်ကို ဘုရားသခင် သိတော်မူလေသော်၊ ဒုက္ခသစ္စာကို လည်းကောင်း, သမုဒယသစ္စာကို လည်းကောင်း, နိရောဓသစ္စာကို လည်းကောင်း, မဂ္ဂသစ္စာကို လည်းကောင်း ပြတော်မူ၏။ ဒေသနာတော်၏အဆုံး၌ သူဌေးသားသည် ဥပမာအားဖြင့် အညစ်အမည်းကင်း၍ ဖြူစင်စွာသောပုဆိုးသည် အနီ, အရွှေ စသောဆိုးရည်ကို ခံရာသကဲ့သို့၊ ထိုဇာ၌ ကင်းသောကိလေသာမြူ ရှိသည်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ထိုအခါ အရှင်ယသ၏အမိသည် ပြာသာဒ်သို့တက်လေသော် သူဌေးသားကို မမြင်၍၊ အဖသူဌေးရှိရာသို့ သွားပြီးသော်၊ "အရှင်။ သူဌေးသားကို မမြင်ပါ။ အဘယ်မှာနည်း" ဟုဆိုပေလျှင်၊ အဖသူဌေးသည်လည်း ၄ မျက်နှာသောအရပ်တို့ကို မြင်းသည်တမန်တို့ကို စေလွှတ်လိုက်၍ မိမိကိုယ်တိုင် မိဂဒါဝုန်တောသို့ သွားလေ၏။ ထိုအခါ သား၏ ရွှေခြေနင်းရာကို မြင်၍၊ ခြေရာကို အစဉ်မှီးလျက် လိုက်လေ၏။

ဘုရားသခင်သည်လည်း အဝေးမှလာသော သူဌေးကို မြင်၍၊ 'ငါ၏အနီး၌နေသော ယသကို မမြင်အောင် တန်ခိုးဖန်ဆင်းရသော် ကောင်း၏' ဟု ကြံတော်မူသည်ဖြစ်၍ တန်ခိုးဖန်ဆင်းတော်မူ၏။

သူဌေးသည်လည်း ဘုရားရှိရာသို့ကပ်၍၊ "အရှင်ဘုရား။ ယသကို မြင်ပါသလော" ဟု လျှောက်လေသော်၊ ဘုရားသခင်လည်း "သူဌေး။ ထိုင်ဦးလော့။ ဤအရပ်၌ သူဌေးသားယသကို မြင်ရအံ့" ဟု ဆိုတော်မူ၏။

သူဌေးသည်လည်း 'သားကို မြင်ရအံ့ ဆိုလေသည် တကား' ဟု ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ဘုရားသခင်ကိုရှိခိုးလျက် သင့်တင့်လျောက်ပတ်ရာအရပ်၌ နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်လည်း သူဌေးအား အစဉ်သောတရားစကားကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ သူဌေးသည် သောတာပတ္တိဖိုလ်သို့ ရောက်၍၊ သာသနာတော်၌ မဆုတ်မနစ် ကြည်ညိုသောစိတ် ရှိသဖြင့်

"အရှင်ဘုရား။ အလွန်ကောင်းစွတကား။ ဥပမာကား-မှောက်၍ထားသောအိုးကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်းအပ်သောဝတ္ထုကိုမူလည်း ဖွင့်ဘိသကဲ့သို့၊ ခရီးမှားသောသူတို့အား ခရီး ကြားပေးသကဲ့သို့၊ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ထွန်းဘိသကဲ့သို့၊ မျက်စိအမြင်နှင့် ပြည့်စုံသောသူသည် ရူပါရုံကိုမြင်ဘိသကဲ့သို့၊ ထို့အတူလျှင် အရှင်ဘုရားသည် များစွာသောအကြောင်းတို့ဖြင့် တရားတော်ကို ဟောတော်မူပေသည်။

အရှင်ဘုရား။ အကျွန်ုပ်သည် 'ဘုရားသခင်ကို ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ပါ၏။ 'တရားတော်ကို ကိုးကွယ်ရာ' ဟူ၍ ဆည်းကပ်ပါ၏။ 'သံဃာတော်ကို ကိုးကွယ်ရာ'ဟူ၍ ဆည်းကပ်ပါ၏။ ယနေ့ကို အစပြု၍ အသက် ရှည်သရွေ့ကာလပတ်လုံး 'ကိုးကွယ်ရာ' ဟူ၍ ဆည်းကပ်သောဒါယကာ'ဟု အကျွန်ုပ်အား မှတ်တော်မူ စေချင်ပါသည်" ဟု လျှောက်လေ၏။

[ထိုသူဌေးသည် လောက၌ ရှေးဦးစွာ တေဝါစိကသရဏဂုံတည်းသော ဒါယကာတည်း။]

ထိုခဏ၌ အဖသူဌေးအား တရားတော်ကို ဟောတော်မူစဉ် မြင်တိုင်း, သိတိုင်းသောအရာဖြင့် သိမြင်သောတရားကို ဆင်ခြင်သော ရှင်ယသအား တဏှာ, ဒိဋ္ဌိအားဖြင့် တစ်စုံတစ်ခုသောအာရုံကို မယူမူ၍ အာသဝေါတရားတို့မှ စိတ်သည် လွတ်၏။ ယသသူဌေးသားကား သင်္ကန်း မဝတ်သေးဘဲလျှင် လူရဟန္တာ ဖြစ်လင့်သတည်း။

ထိုအခါ၌ ဘုရားသခင်သည် ဤသို့ အကြံတော်ဖြစ်သတည်း။ 'အဖသူဌေးအား တရားဟောခိုက် မြင်တိုင်း, သိတိုင်းသောတရားကို ဆင်ခြင်သော ယသသည် အာသဝေါကုန်၍ ရဟန္တာဖြစ်ပြီ။ ယသသည် လူထွက်၍ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းငှာ မထိုက်ပြီ။ တန်ခိုးတော်ကို ငြိမ်းစေရသော် ကောင်း၏'ဟု အကြံတော် ဖြစ်ပြီး၍ တန်ခိုးတော်ကို ရုပ်၏။

သူဌေးသည်လည်း အနီး၌နေသောသား ရှင်ယသကိုမြင်၍၊ "ချစ်သား။ သင်၏အမိသည် စိုးရိမ်ခြင်း, ငိုကြွေးခြင်းကြီးစွာ ဖြစ်သည်။ အမိအား အသက်ရှည်ခြင်းကို ပေးလော့" ဟု ဆို၏။ ထိုအခါ ရှင်ယသသည် ဘုရားသခင်ကို မော်ကြည့်၍ ဘုရားသခင်သည်လည်း သူဌေးကို ဤသို့ မိန့်တော်မူ၏။

"သူကြွယ်။ ငါ မေးလတ္တံ့သည်ကို အဘယ်သို့ အောက်မေ့သနည်း။ သင်မြင်သကဲ့သို့ ယသသည် သေက္ခဉာဏ်အမြင်ဖြင့် သစ္စာတရားကိုမြင်ပြီ။ မြင်တိုင်း,သိတိုင်း တရားကိုဆင်ခြင်သော ယသအား တဏှာ,ဒိဋ္ဌိ အားဖြင့် တစ်စုံတစ်ခုသောအာရုံကို မယူမူ၍ အာသဝေါတရားမှ လွတ်ပြီ။ သူကြွယ်။ ယသသည် လူဖြစ်၍ ရှေးလူဖြစ်သောအခါကဲ့သို့ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းငှာ ထိုက်မည်လော" ဟု မေးတော်မူသော်

"အရှင်ဘုရား။ ဤစကားကို ဆိုခြင်းငှာ မသင့်ပေ။ မလျှောက်ပတ်ချေ။ အရှင်ဘုရား။ ယသသူဌေးသား၏ ရအပ်သောကျေးဇူးတို့သည် ရတော်ပေစွ။ အရှင်ဘုရား။ အကြင်ကျေးဇူးတို့ဖြင့် သားယသ၏ အရဟတ္တဖိုလ်စိတ်သည် အာသဝေါတရားမှ လွတ်၏။ ထို 'သီလ, သမာဓိ, ပညာ' ဟူသောကျေးဇူးတို့ကို ရှင်ယသ၏ရခြင်းတို့သည် ရတော်ပေစွ။ အရှင်ဘုရား။ ယနေ့ ကောင်းမှုအကျိုးငှာ သားရှင်ယသကို နောက်လိုက်ရဟန်းပြု၍ အကျွန်ုပ်ဆွမ်းကို ခံတော်မူပါ" ဟု လျှောက်၏။ ဘုရားသခင်သည်လည်း ဆိတ်ဆိတ်ဖြင့် သည်းခံတော်မူ၏။ သူဌေးသည်လည်း ဘုရားသခင်၏သည်းခံတော်မူခြင်းကို သိ၍၊ နေရာမှထပြီးသော် ရှိခိုး၍၊ လက်ယာရစ် လှည့်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသွား၍ မကြာမြင့်မီ ''အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားအထံတော်၌ ရှင်၏အဖြစ်, ရဟန်း၏အဖြစ်ကို ရလိုပါသည်'' ဟု လျှောက်၏။

ဘုရားသခင်သည်လည်း 'ဧဟိ ဘိက္ခု၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ' ဟု 'ဧဟိ ဘိက္ခု'ခေါ်တော်မူ၏။ ထိုအခါ အရှင်ယသ၏ ရဟန္တာအဖြစ်သည် ပြည့်စုံသတည်း။ ထိုအခါ လောက၌ ၇ ဦး သော ရဟန္တာတို့သည် ဖြစ်ကုန်၏။

ဘုရားသခင်သည်လည်း နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍၊ သပိတ်,သင်္ကန်းကို ယူ၍၊ အရှင်ယသ သည် ပစ္ဆာသမဏဖြစ်၍ သူဌေးအိမ်သို့ ကြွတော်မူပြီးသော်၊ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ အရှင်ယသ၏အမိသည် လည်းကောင်း, အရှင်ယသ၏မယားသည် လည်း ကောင်း ဘုရားရှိရာသို့ ကပ်ပြီးသော် ရှိသေစွာရှိခိုး၍ လျှောက်ပတ်စွာနေကုန်၏။

ဘုရားသခင်သည်လည်း ထိုမိန်းမတို့အား ဒါနကထာ, သီလကထာ, သဂ္ဂကထာ စသော ဟောမြဲသော ဒေသနာတော်ကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကင်းသည်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

ဤသို့ရောက်အပ်ပြီးသော်၊ ထူးသောတရား[၁]ရှိကုန်သော ထိုဒါယိကာမတို့သည် ''အရှင်ဘုရား။ အလွန်ကောင်းစွ။ အကျွန်ုပ်တို့သည် 'ဘုရားကို ကိုးကွယ်ရာ'ဟု ဆည်းကပ်ပါကုန်၏။ 'တရားတော်ကို လည်းကောင်း, သံဃာတော်ကို လည်းကောင်း ကိုးကွယ်ရာ'ဟု ဆည်းကပ်ပါကုန်၏။ ယနေ့ကို အစပြု၍ အကျွန်ုပ်တို့ကို 'ရတနာ ၃ ပါးအား ဆည်းကပ်ကိုးကွယ်သူ'ဟု မှတ်တော်မူပါ'' ဟု လျှောက်ကုန်၏။

[ထိုဒါယိကာမတို့သည် လောက၌ ရှေးဦးစွာ တေဝါစိကသရဏဂုံ တည်ကုန်၏။]

ထိုအခါ အရှင်ယသ၏ အမိ, အဖ, မယားတို့သည် ဘုရားသခင်ကို လည်းကောင်း၊ အရှင်ယသကို လည်းကောင်း မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်လုပ်ကျွေးကုန်၏။ ဆွမ်းဘုဉ်းပေးပြီးသော် သင့်တင့် ရာအရပ်၌ နေကုန်၏။ ဘုရားသခင်သည်လည်း ထိုသူတို့အား တရားဒေသနာကို ဟောတော်မူ၍ ကြွတော်မူလေ၏။

## ၁၀- သူဌေးသားယသ၏ အပေါင်းအဖော် ၄ ဦး ရဟန်းပြုကြခြင်း

ထိုအခါ အရှင်ယသ၏ လူက အပေါင်းအဖော်ဖြစ်ကုန်သော၊ ဗာရာဏသီပြည်၌ သူဌေးအဆက်ဆက် တို့၏သား ဖြစ်ကုန်သော၊ 'ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ' ဟူသော ၄ ယောက်ကုန်သော သူဌေးသား တို့သည်လည်း 'ယသသူဌေးသားသည် ဆံ,မုတ်ဆိတ်ကို ချ၍၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍ ရဟန်းပြုသည်' ဟု ကြားကုန်၏။ ထိုသို့ကြားကုန်ပြီးသော် သူဌေးသားတို့အား ဤသို့ အကြံဖြစ်ကုန်၏။ ''ဤသုတ်, အဘိဓမ္မာ, ဝိနည်း၌ ရှင်ယသသည် အိမ်ရာထောင်သော လူ၏ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထို ဝိနည်းတရား, ရဟန်းပြုခြင်း၏အဖြစ်တို့သည် စင်စစ်အားဖြင့် ယုတ်သည် မဖြစ်ရာ'' ဟု ဤသို့သောအကြံဖြစ် ကုန်၏။ ထို ၄ ယောက်သော သူဌေးသားတို့သည် အရှင်ယသရှိရာသို့ ကပ်ကုန်ပြီးသော် ရှိသေစွာရှိခိုး၍ သင့်တင့်ရာ၌ ရပ် ကုန်၏။

၁- တူသောတရား

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ အရှင်ယသသည် ၄ ယောက်သောသူဌေးသားတို့ကို ယူ၍၊ ဘုရားရှိရာ ကပ်ပြီးသော် ရှိသေစွာရှိခိုး၍ သင့်တင့်ရာ၌နေ၏။ ထိုသို့နေပြီးသော် ရှင်ယသသည် မြတ်စွာဘုရားကို-

"အရှင်ဘုရား။ 'ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ' ဟူသော ဗာရာဏသီပြည်၌ သူဌေးအဆက်ဆက်တို့၏ သားဖြစ်ကုန်သော ဤ ၄ ယောက်သောသူတို့သည် အကျွန်ုပ်၏ ရှေးလူဖြစ်စဉ်ကာလက အဆွေခင်ပွန်း အကျွမ်းတဝင် ချစ်ခင်ကြသောသူတို့တည်း။ ဤ ၄ ယောက်သောသူတို့ကို အရှင်ဘုရားသည် ဆုံးမသြဝါဒ ပေးတော်မူပါလော့" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ထိုသူဌေးသားတို့အား ဒါနကထာ, သီလကထာ, သဂ္ဂကထာ, မဂ္ဂကထာ အစရှိသော ဒေသနာတို့ကို ပြတော်မူ၏။ ထိုသူတို့သည် သိမ်မွေ့နူးညံ့သောစိတ်ရှိသည် ဖြစ်၍ နိဝရဏ ကင်းပြီးသော် သစ္စာ ၄ ပါးတရားကို ပြတော်မူပေ၏။ သစ္စာ ၄ ပါးတရားတို့ကို ပြတော်မူသည်၏ အဆုံး၌ ၄ ယောက်သော သူဌေးသားတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်၏။

ထိုအခါ၌ ၄ ယောက်သော သူဌေးသားတို့သည် မြတ်စွာဘုရားကို "အရှင်ဘုရား။ အကျွန်ုပ်တို့သည် အရှင်ဘုရားအထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု လျှောက်ကြကုန်၏။ ဘုရားသခင်သည်လည်း-

'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ' ဟု ဟောတော်မူ၏။ ထို ၄ ယောက်သောသူဌေးသားတို့သည် ဧဟိဘိက္ခုရဟန်းချည်း ဖြစ်ကြကုန်၏။

ထိုအခါ၌ ဘုရားသခင်သည် ထိုရဟန်းတို့ကို တရားနှင့်လျော်သော ဆုံးမသြဝါဒကို ပေးတော်မူ၏။ ထိုရဟန်းတို့သည် လည်း အာသဝေါတရား ကင်းကုန်သည်ဖြစ်၍ ရဟန္တာချည်း ဖြစ်ကြလေကုန်၏။ ထိုအခါ လောကဝယ် ၁ ကျိပ် ၁ ယောက်သော ရဟန္တာတို့သာ ဖြစ်ကုန်၏။

ထို့နောင်မှ ဇနပုဒ်၌နေကုန်သော ၅ ကျိပ် အတိုင်းအရှည်ရှိကုန်သော၊ အရှင်ယသ၏ အချစ်အခင်ဖြစ်ကုန်သော လူစဉ်ကာလက အပေါင်းအဖော်ဖြစ်ကုန်သော အမျိုးသားတို့သည် 'အရှင်ယသသည် ဆံ,မုတ်ဆိတ်ကိုချ၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက်၊ အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်မြောက်၍ ရဟန်းပြုပြီ' ဟု ကြားကုန်၍၊ ထို ၅ ကျိပ်သောအမျိုးသားတို့အား "ရှင်ယသသည် အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်မြောက်၍ ရဟန်းပြု၏။ ထိုဝိနည်းတရားသည်လည်း ယုတ်သည် မဖြစ်ရာ။ ရဟန်းအဖြစ်သည်လည်း ယုတ်သည် မဖြစ်ရာ" ဤသို့ အကြံ ဖြစ်ကြကုန်၏။

ထိုအခါ၌ ၅ ကျိပ်သော အမျိုးသားတို့သည် ရှင်ယသရှိရာသို့ ကပ်ကုန်၍ ရှိသေစွာရှိခိုးလျက် သင့်တင့်ရာ၌ ရပ်ကုန်၏။ ရှင်ယသသည်လည်း ထို ၅ ကျိပ်သောအမျိုးသားတို့ကို ယူ၍ ဘုရားရှိရာ ကပ်လေပြီးသော်၊ ရှိသေစွာ ရှိခိုး၍၊ "အရှင်ဘုရား။ ဤ ၅ ကျိပ်သောသူတို့သည် အကျွန်ုပ် လူဖြစ်စဉ်ကာလက အဆွေခင်ပွန်းတို့တည်း။ ဤသူတို့အား ဆုံးမသြဝါဒ ပေးတော်မူပါ" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ထိုသူတို့အား ဒါန, သီလအစ သစ္စာ ၄ ပါးအဆုံးရှိသော ဟောမြဲသော ဒေသနာတော်ကို ပြတော်မူသည်၏ အဆုံး၌၊ ၅ ကျိပ် သောအမျိုးသားတို့သည် ထိုနေရာ၌ ကင်းသောမြူရှိသည် ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသော်၊ "အရှင်ဘုရား။ အကျွန်ုပ်တို့သည် အရှင်ဘုရားအထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါကုန်၏" ဟု တောင်းပန်လတ်သော်- 'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တ ကိရိယာယ' ဟု ခေါ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ၅ ကျိပ်သောအမျိုးသားတို့သည် ပေဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ကုန်၏။ ဘုရားသခင်သည်လည်း အမျိုးသားတို့အား တရားနှင့်လျော်စွာ ဩဝါဒပေးတော်မူရာ၌ အမျိုးသားတို့လည်း ရဟန္တာချည်း ဖြစ်ကုန်၏။ ထိုအခါ၌ လောကဝယ် ၆ ကျိပ် ၁ ယောက်သော ရဟန္တာတို့သည် ဖြစ်ကြကုန်၏။

## ၁၁- ၆ ကျိပ် ၁ ယောက်သောရဟန္တာတို့ ဒေသစာရီ သွားတော်မူကြခြင်း

ထိုအခါ၌ ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍၊ ''ငါ၏ ချစ်သားတို့။ နတ်တို့၏ ကာမဂုဏ် ၅ ပါး၌ ဖြစ်ကုန်သော အကြင်'လောဘ'တည်းဟူသော ကျော့ကွင်းတို့သည် လည်းကောင်း၊ လူတို့၏ကာမဂုဏ် ၅ ပါးတို့၌ ဖြစ်ကုန်သော အကြင်'လောဘ'တည်းဟူသော ကျော့ကွင်းတို့သည် လည်းကောင်း ရှိကုန်၏။ ထိုခပ်သိမ်းသော'လောဘ'တည်းဟူသော ကျော့ကွင်းတို့မှ ငါဘုရားသည် လွတ်တော်မူပြီ။ ချစ်သားရဟန်းတို့။ သင်တို့သည်လည်း ထို'လောဘ'တည်းဟူသော ခပ်သိမ်းကုန်သောကျော့ကွင်းတို့မှ လွတ်မြောက်ကုန်ပြီ။ ချစ်သားရဟန်းတို့။ များစွာကုန်သော လူတို့၏စီးပွားချမ်းသာကို ပြုခြင်းငှာ လည်းကောင်း၊ နတ်တို့၏ စီးပွားချမ်းသာကို ပြုခြင်းငှာ လည်းကောင်း ဒေသစာရီ သွားလေကုန်။ ခရီးတစ်ကြောင်းတည်းဖြင့် ၂ ဦးသော ရဟန်းတို့သည် မသွားကြလေကုန်လင့်။

''ချစ်သားရဟန်းတို့။ အစ၊ အလယ်၊ အဆုံး ၃ ပါးသောကောင်းခြင်း နှင့်ပြည့်စုံသော၊ အနက် သဒ္ဒါနှင့်လည်း ပြည့်စုံသော၊ အလုံးစုံသောကောင်းခြင်းနှင့် ပြည့်စုံသော၊ တရားတော်ကို ဟောလေကုန်။ စင်ကြယ်သန့်ရှင်းသော မြတ်သောအကျင့်ကိုလည်း ပြလေကုန်။

'ပညာ'တည်းဟူသောမျက်စိ၌ ရာဂ အစရှိသော ကိလေသာမြူ နည်းသောသဘောရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ တရားတော်ကို မကြားရသောကြောင့် ယုတ်ကုန်၏။ တရားတော်ကို သိလွယ်သောသူတို့သည် ရှိသည်ဖြစ်ကုန်လတ္တံ့။ ချစ်သားရဟန်းတို့။ ငါလည်း ဥရုဝေလတောအနီး 'သေန'အမည်ရှိသောနိဂုံးရွာသို့ ကပ်တော်မူလတ္တံ့'' ဤသို့ မိန့်တော်မူလေ၏။

ထိုအခါ၌ ယုတ်မာလှစွာသောမာရ်နတ်သားသည် 'ဗဒ္ဓေါသိ သဗ္ဗပါ သေဟိ' အစရှိသောဂါထာဖြင့် ဤသို့ လျှောက်လေ၏။

''အို-ရှင်ရဟန်း။ နတ်တို့၏ကာမဂုဏ် ၅ ပါးတို့၌ ဖြစ်ကုန်သော အကြင်'လောဘ'တည်း ဟူသော ကျော့ကွင်းတို့သည် လည်းကောင်း၊ လူတို့၏ ကာမဂုဏ် ၅ ပါးတို့၌ဖြစ်ကုန်သော အကြင်'လောဘ'တည်းဟူသော ကျော့ကွင်းတို့သည် လည်းကောင်း ရှိကုန်၏။ ထို ခပ်သိမ်းသော လောဘတည်းဟူသော ကျော့ကွင်းတို့ဖြင့် ဖွဲ့အပ်သည် ဖြစ်၏။ ကြီးစွာသော 'ကိလေသာ'တည်းဟူသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့အပ်၏။ ရှင်ရဟန်းသည် ငါ၏နိုင်ငံမှ မလွတ်'' ဟု ဤသို့လျှောက်၏။

ဘုရားသခင်သည်လည်း 'မုတ္တောဟံ သဗ္ဗပါသေဟိ' အစရှိသောဂါထာဖြင့် ''ဟယ်-မာရ်ယုတ်။ ငါကား နတ်တို့၏ ကာမဂုဏ် ၅ ပါးတို့၌ ဖြစ်ကုန်သော အကြင်'ကိလေသာ' တည်းဟူသော ကျော့ကွင်းတို့သည် လည်းကောင်း၊ လူတို့၏ကာမဂုဏ် ၅ ပါးတို့၌ဖြစ်ကုန်သော အကြင်'ကိလေသာ'တည်းဟူသော ကျော့ကွင်းတို့သည်လည်းကောင်း ရှိကုန်၏။ ထိုခပ်သိမ်းသော 'ကိလေသာ' တည်းဟူသော ကျော့ကွင်းတို့မှ လွတ်မြောက်ပြီ။ ဟယ်-မာရ်ယုတ်။ သင်ကား ရှုံးပြီ'' ဤသို့ မိန့်တော်မူ၏။

ထိုနောင်မှ မာရ်မင်းသည် 'အန္တလိက္ခစရော ပါသော' အစရှိသောဂါထာဖြင့် ''ရှင်ရဟန်း။ ကောင်းကင်၌သွားသောသူက မလွတ် ဖွဲ့ယှက်တတ်သော၊ နှလုံး၌ဖြစ်သော အကြင် 'ကိလေသာ'တည်းဟူသော ကျော့ကွင်းသည် ရှိ၏။ ထိုကျော့ကွင်းဖြင့် သင့်ကို ညှဉ်းဆဲအံ့။ သင်ကား ငါ၏နိုင်ငံမှ လွတ်ရသည် မရှိ'' ဟု လျှောက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်သည်လည်း 'ရူပါ သဒ္ဒါ ရသာ ဂန္ဓာ ဖောဋ္ဌဗ္ဗာ' အစရှိသောဂါထာဖြင့် ''ဟယ်-မာရ်ယုတ်။ ပုထုဇဉ်တို့အား နှလုံးမွေ့လျော် ပျော်ဖွယ်ရှိကုန်သော 'အဆင်း၊ အသံ၊ အနံ့၊ အရသာနှင့် အတွေ့' ဟူသော ကာမဂုဏ် ၅ ပါးတို့သည် ရှိကုန်၏။ ထိုကာမဂုဏ် ၅ ပါးတို့၌ တပ်ခြင်းရာဂ ကင်းကုန်ပြီ။ ဟယ်-မာရ်ယုတ်။ သင်ကား ရှုံးလေပြီ'' ဤသို့ မိန့်တော်မူ၏။

ထိုအခါ၌ မကောင်းသောသူတို့အောက် မကောင်းစွာသောမာရ်နတ်သည် 'မြတ်စွာဘုရားသည်ကား ငါ့ကို သိတော်မူလေ၏' ဟု နှလုံးဆင်းရဲခြင်းကြီးစွာဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်လေ၏။

## ၁၂- ရှင်ရဟန်းပြုခွင့်ကို ဘုရားသခင်ပေးတော်မူခြင်း

ထိုအခါ ရဟန်းတို့သည် အထူးထူးသော အရပ်မျက်နှာတို့မှ လည်းကောင်း၊ အထူးထူးသော ဇနပုဒ်တို့မှ လည်းကောင်း ရှင်ရဟန်း ပြုလိုကုန်သောသူတို့ကို ''ဘုရားသခင်သည် ရှင်ရဟန်း ပြုလတ္တံ့'' ဟု ဆောင်ခဲ့ကုန်၏။

ထိုသို့ ဆောင်ခဲ့ကုန်သည်ရှိသော်၊ 'ချစ်သားရဟန်းတို့သည်လည်း ပင်ပန်းကုန်လတ္တံ့။ ရှင်ရဟန်းအဖြစ်ကို ငဲ့သောသူတို့သည်လည်း ပင်ပန်းကုန်လတ္တံ့။ ယခုအခါ၌ သင်တို့အလိုလိုလျှင် ထိုထိုသို့သောအရပ်မျက်နှာ ဇနပုဒ်တို့၌ ရဟန်းပဉ္စင်း ပြုလေကုန်မှ ခွင့်ပြုတော်မူရသော် ကောင်း၏' ဟု အကြံတော်ဖြစ်၏။

ထိုသို့ အကြံတော် ဖြစ်ပြီးသည်၏နောက်မှ ဘုရားသခင်သည် ညချမ်းသောအခါ ကိုယ်တော်အထီးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူ၍၊ ထိုနိဒါန်း၌ တရားစကားကို ဖြစ်စေ၍ ရဟန်းတို့ကို ခေါ်တော်မူ၏။

''ချစ်သား ရဟန်းတို့။ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်တော်မူသည်ဖြစ်၍ တစ်ယောက်အထီးတည်း ကိန်းအောင်းတော်မူသော ငါဘုရားအား ဤသို့ စိတ်အကြံတော် ဖြစ်၏။ ရဟန်းတို့သည် အထူးထူးသော အရပ်မျက်နှာဇနပုဒ်တို့မှ ရဟန်းပဉ္စင်းအဖြစ်ကို ငဲ့ကုန်သော အမျိုးသားတို့ကို 'ဘုရားသခင်သည် ရဟန်းပြုပါလတ္တံ့' ဟု ဆောင်ခဲ့ကုန်သည်ရှိသော ချစ်သားရဟန်းတို့လည်း ပင်ပန်းရှိရှားကုန်လတ္တံ့။ အမျိုးသားတို့သည်လည်း ဆင်းရဲငြိုငြင်စွာဖြစ်ကုန်လတ္တံ့။ သင်တို့ကိုယ်တိုင်သာလျှင် ထိုထိုသောအရပ်မျက်နှာဇနပုဒ်တို့၌ ရဟန်းပဉ္စင်းပြုလေကုန်မှ ခွင့်ပြုတော်မူရသော် ကောင်း၏'' ဟု အကြံတော်ဖြစ်၏။ ဤသို့ မိန့်တော်မူပြီး၍-

'အနုဇာနာမိ ဘိက္ခဝေ တုမှေဝ ဒါနိ တာသု တာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ။' ဤသို့ အစရှိသည်ဖြင့်-

''ချစ်သားရဟန်းတို့။ ယခုအခါ၌ သင်တို့အလိုလိုသာလျှင် ထိုထိုသောအရပ်မျက်နှာတို့၌ လည်းကောင်း၊ ထိုထိုသောဇနပုဒ်တို့၌ လည်းကောင်း ရဟန်းပြုလေကုန်။ ပဉ္စင်း ခံလေကုန်။ ချစ်သားရဟန်းတို့။ ဤသို့ ရဟန်းပဉ္စင်း ပြုအပ်၏။ ရှေးဦးစွာ ဆံ၊မုတ်ဆိတ်ကို ချ၍၊ ဖန်ရည်စွန်းသောသင်္ကန်းတို့ကို ဝတ်စေ၍၊ ရဟန်းတို့၏ခြေတော်တို့ကို ရှိခိုးစေ၍၊ ဆောင့်ကြောင့်နေစေ၍၊ လက်အုပ်ချီစေ၍-

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ။ ပ။ ဂစ္ဆာမိ။ တတိယမ္ပိ။ ပ။ ဂစ္ဆာမိ။' ဟု ဆိုအပ်၏။ ချစ်သားရဟန်းတို့။ ဤ သရဏဂုံ ၃ ပါးတို့ဖြင့် ရဟန်းပဉ္စင်းကို ပြုစိမ့်သောငှာ ငါဘုရား ခွင့်ပြုတော်မူ၏''

ဤသို့ဘုရားသခင်သည် တပည့်သားသံဃာတော်တို့အား ၃ ပါးသောသရဏဂုံတို့ဖြင့် ရဟန်းပဉ္စင်း ဖြစ်စိမ့်သောငှာ ခွင့်ပြုတော်မူလေ၏။

ဘုရားသခင်သည် ရှေးဦးစွာ သရဏဂုံတို့ဖြင့် ရဟန်းပဉ္စင်းခံခြင်းကို ခွင့်ပြုတော်မူသည်၏နောက်မှ ဥတ္တိစတုတ္ထကံကို ခွင့်ပြုတော်မူပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်သည် ဝါကျွတ်ပြီးသော် ရဟန်းတို့ကို ခေါ်တော်မူ၍၊ "ချစ်သားရဟန်းတို့။ ငါ၏ပညာဖြင့် နှလုံးသွင်းခြင်းကြောင့် လည်းကောင်း၊ အသင့်အားဖြင့် ကောင်းသောလုံ့လကြောင့် လည်းကောင်း၊ အတုမရှိသော အရဟတ္တဖိုလ်သို့ ငါဘုရားသည် ရောက်အပ်ပြီ။ အတုမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်ပြီ။ ချစ်သားရဟန်းတို့သည်လည်း အတုမရှိသောအရဟတ္တဖိုလ်သို့ ငါကဲ့သို့ ရောက်ကုန်လော့။ အတုမရှိသော အရဟတ္တဖိုလ်ကို ငါကဲ့သို့ မျက်မှောက် ပြုကုန်လော့" ဤကဲ့သို့ မိန့်တော်မူ၏။

## ၁၃- ဘဒ္ဒဝဂ္ဂီမင်းသား ၃၀ တို့ ရဟန်းဖြစ်ခြင်း။

ထိုအခါ၌ ယုတ်မာစွာသောမာရ်နတ်သည် ဘုရားရှိရာသို့ ကပ်ပြီးသော်၊ 'ဗဒ္ဓေါသိ မာရ ပါသေန' အစရှိသောဂါထာဖြင့် ရှေးအတူလည်းကောင်း လျှောက်၏။ ဘုရားသခင်သည်လည်း 'မုတ္တောဟံ မာရပါသေန' အစရှိသောဂါထာဖြင့် မိန့်တော်မူ၏။ ထိုအခါ မာရ်နတ်သည်လည်း 'ငါ့ကို ဘုရားသခင် သိလေပြီ' ဟု ထိုအရပ်၌ပင်လျှင် ကွယ်လေ၏။

ထိုအခါ၌ ဘုရားသခင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပထမဝါ ကျွတ်တော်မူပြီးလျှင်၊ ထိုအရပ်၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးလျှင် ဥရုဝေလတောသို့ ဒေသစာရီ ကြွတော်မူလေ၏။ ထိုအခါ ခရီးမှ ဖဲ၍၊ တစ်ခုသောတောအုပ်သို့ ကပ်တော်မူလေ၍ ထိုတောအုပ်အတွင်းသို့ ဝင်ပြီးသော် တစ်ခုသောသစ်ပင်ရင်း၌ နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ၌ ၃ ကျိပ် အတိုင်းအရှည်ရှိကုန်သော, အဆွေခင်ပွန်း ဖွဲ့ကုန်သော, အတူတကွ ချမ်းသာဆင်းရဲဖက် ဖြစ်ကုန်သော, ကောသလမင်းကြီး၏သား ဖြစ်ကုန်သော, လှပသောအရောင်အဆင်း ရှိကုန်သော, ကောင်းသောစိတ်နှလုံးရှိကုန်သော ဘဒ္ဒဝဂ္ဂီမင်းသား ၃ ကျိပ်တို့သည် မယားနှင့်တကွချည်း ထိုတောအုပ်၌ မွေ့လျော်စံပျော်၍ နေကုန်သတတ်။

တစ်ယောက်သောမင်းသားအား မယားမရှိ၍ ထိုမင်းသား၏အကျိုးငှာ ပြည့်တန်ဆာမကို ဆောင်ကြကုန်၏။ ထိုအခါ၌ ထိုပြည့်တန်ဆာမသည် ထိုမင်းသားတို့ မွေ့လျော်စံပယ်ကုန်စဉ် အိပ်ပျော်ကုန်စဉ်ပင်လျှင် ဥစ္စာကိုယူ၍ ပြေးလေ၏။ ထိုသို့ပြေးသောအခါ၌ အချစ်အခင် အဆွေခင်ပွန်းဖြစ်ကုန်သောမင်းသားတို့သည် ထိုမင်းသား မယားကို လိုက်ရှာလှည့်ပတ်ကုန်သည်ရှိသော်၊ တစ်ခုသော သစ်ပင်ရင်း၌ နေတော်မူလင့်သော ဘုရားသခင်ကို မြင်လေ၍၊ ဘုရားသခင်ရှိရာသို့ ကပ်ပြီးသော် "ရှင်ပင်ဘုရား။ မိန်းမတစ်ယောက်ကို မြင်ပါသလော"ဟု မေးလျှောက်ကုန်၏။

"မင်းသားတို့။ သင်တို့သည် မိန်းမကို အဘယ့်ကြောင့် ရှာကုန်သနည်း" ဟု မေးတော်မူသော်၊ "ရှင်ပင်ဘုရား။ ဤတောအုပ်၌ 'ဘဒ္ဒဝဂ္ဂီ'အမည်ရှိကုန်သော အပေါင်းအဖော်ဖြစ်ကုန်သော အကျွန်ုပ်တို့ မင်းသား ၃ ကျိပ်တို့သည် မယားနှင့်တကွ မွေ့လျော်စံပယ်ကုန်၏။ တစ်ယောက်သောမင်းသားအား မယား မရှိ၍ ထိုသူဖို့ ပြည့်တန်ဆာမကို ဆောင်ပါကုန်သည်။ ထိုမိန်းမသည် အကျွန်ုပ်တို့အိပ်ပျော်ကြခိုက် ဥစ္စာဘဏ္ဍာကို ယူ၍ ပြေးခဲ့သည်။ ထို့ကြောင့် အကျွန်ုပ်တို့သည် အဆွေခင်ပွန်းဝတ်ကိုပြုလျက် ထိုမိန်းမကို ရှာလို၍ ဤတောအုပ်သို့ လှည့်ပတ်သွားလာပါကုန်သည်" ဟု လျှောက်ကုန်၏။

"မင်းသားတို့။ ငါ မေးမည်။ ထိုမိန်းမကိုရှာခြင်းသည် မြတ်သလော။ မိမိကိုယ်ကိုရှာခြင်းသည် မြတ်သလော" ဟု မေးတော်မူသော်၊ "အရှင်ဘုရား။ အကျွန်ုပ်တို့ကိုယ်ကို ရှာခြင်းသာလျှင် မြတ်၏" ဟု လျှောက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားတို့။ ထိုသို့တပြီးကား သင်တို့ နေကုန်ဦးလော့။ သင်တို့အား တရားဟောပေအံ့" ဟု မိန့်တော်မူလတ်သော်၊ "အရှင်ဘုရား။ ကောင်းပါပြီ" ဟု ဝန်ခံကုန်၏။

ထိုအခါ၌ ဘုရားသခင်သည်လည်း ထိုမင်းသားတို့အား တရားဒေသနာကို ဟောတော်မူပေ၏။ ဒေသနာတော်၏အဆုံး၌ အချို့ သောတာပန်, အချို့ သကဒါဂါမ်, အချို့ အနာဂါမ်အဖြစ် တည်၍ ပေဟိဘိက္ခု ဖြစ်ကုန်၏။

[ထိုမင်းသား ၃ ကျိပ်တို့သည် တုဏ္ဍိလဇာတ်*၌ သေသောက်ကြူး ၃ ကျိပ် ဖြစ်ကုန်၍၊ ဘုရားအလောင်း တုဏ္ဍိလအဆုံးအမ၌ တည်၍ ပဥ္စသီ သီတင်းကို စောင့်ကုန်၏။ ဤသည်ကား ရှေးအခါမင်းသားတို့၏ ကောင်းမှုတည်း။]

## ၁၄- ကဿပညီနောင် ၃ ဦးအား တန်ခိုးပြာဋိဟာပြခြင်း။

ထို့နောင်မှ ဘုရားသခင်သည် အစဉ်သဖြင့် ဒေသစာရီကြွတော်မူလေသော် ဥရုဝေလအရပ်သို့ရောက်တော်မူ၏။

ထိုအခါ ဥရုဝေလတော၌ 'ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ' ဟု ရသေ့ညီနောင် ၃ ယောက်တို့သည် နေကုန်၏။ ဥရုဝေလကဿပကား ၅၀၀ သောရသေ့တို့၏ အမှူး ဖြစ်၏။ နဒီကဿပကား ၃၀၀ သော ရသေ့တို့၏ အမှူး ဖြစ်၏။ ဂယာကဿပသည်ကား ၂၀၀ သော ရသေ့တို့၏ အမှူး ဖြစ်၏။

ထိုအခါ၌ ဘုရားသခင်သည် ဥရုဝေလကဿပရသေ့၏ သခ်မ်းသို့ကပ်၍ ဤသို့ မိန့်တော်မူလေ၏။

"ကဿပ။ သင်သည် အကယ်၍ ဝန်မလေးမူကား တစ်ညဉ့်မျှ မီးတင်းကုပ်၌ နေလိုပါ၏" ဟု မိန့်တော်မူ၏။

"ရဟန်းကြီး။ ငါ့အား ဝန်မလေး။ ဤမီးတင်းကုပ်၌ နဂါးမင်းသည် ခက်ထန်စွ။ တန်ခိုးကြီး၏။ လျှင်သောအဆိပ် ရှိ၏။ ကြမ်းသောအဆိပ် ရှိ၏။ ထိုနဂါးမင်းသည် သင့်ကို ညှဉ်းဆဲလေအံ့။ မညှဉ်းဆဲစေနှင့်" ဟု လျှောက်၏။

"ကဿပ။ ငါ့ကို စင်စစ်မညှဉ်းဆဲရာ။ သင်သည် မီးတင်းကုပ်ကိုသာ ခွင့်ပြုပါ" ဟု မိန့်တော်မူလေသော်၊ "ရဟန်းကြီး။ ချမ်းသာစွာနေလော့" ဟု ခွင့်ပြုလေ၏။

ထိုအခါ၌ ဘုရားသခင်သည် မီးတင်းကုပ်သို့ ဝင်တော်မူ၍၊ မြက်အခင်းကို ခင်း၍၊ ထက်ဝယ်ဖွဲ့၍၊ ဖြောင့်စွာသောကိုယ်တော်ကို တည်စေ၍၊ ကမ္မဋ္ဌာန်းသို့ ရှေးရှုသောသတိကို ဖြစ်စေ၍ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ၌ နဂါးမင်းသည် ဘုရားသခင် ဝင်တော်မူသည်ကို မြင်၍ နှလုံးမသာဖြစ်ရကား အခိုးလွှတ်၏။

ထိုအခါ၌ ဘုရားသခင်၏အကြံတော်သည် ဤသို့ ဖြစ်သတတ်။ 'ငါသည် နဂါးအပေါ်ရေကို လည်းကောင်း, အတွင်းရေကို လည်းကောင်း, အသားကို လည်းကောင်း, အကြောကို လည်းကောင်း, အရိုးကို လည်းကောင်း, ရိုးတွင်းခြင်ဆီကို လည်းကောင်း မပျက်စေမူ၍၊ ငါ၏တန်ခိုးအားဖြင့် နဂါးတန်ခိုးကို အကယ်၍ ခန်းစေရသော် ကောင်း၏' ဟု အကြံတော်ဖြစ်၏။

ထိုနောင်မှ ဘုရားသခင်သည်လည်း ထိုသို့ ကြံတော်မူတိုင်းသော တန်ခိုးဖန်ဆင်းခြင်းကို ဖန်ဆင်းတော်မူ၍ အခိုးလွှတ်၏။ ထိုသို့လွှတ်သော် နဂါးသည် ကျေးဇူးချေခြင်းကို သည်းမခံနိုင်ရကား အလျှံလွှတ်၏။ ဘုရားသခင်သည်လည်း တေဇောကသိုဏ်းစျာန်ကို ဝင်စားတော်မူ၍ အလျှံလွှတ်၏။ နဂါးအလျှံ, ဘုရားအလျှံ ၂ ပါး တောက်ကုန်လတ်သော် မီးတင်းကုပ်သည် မီးတောက်အလျှံနှင့်တကွ လောင်သကဲ့သို့ဖြစ်၏။

ထိုအခါ၌ ထိုရသေ့တို့သည် မီးတင်းကုပ်ကို ဝန်းရံ၍ ဤသို့ ဆိုကြကုန်၏။ "အချင်းတို့။ ဤရဟန်းကြီးသည် အလွန်အဆင်းလှလေစွ။ နဂါး ညှဉ်းဆဲလေတော့သည်" ဟု ဆိုကုန်၏။

* ၅၅၀ ဇာတ်တော်စဉ် ၃၈၈ ၌။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ဘုရားသခင်သည် ထိုညဥ့်ကုန်သဖြင့်[၁] ထိုနဂါး၏အပေါ်ရေ၊အတွင်းရေစသည်တို့ကို မပျက်စေမူ၍၊ တန်ခိုးတော်ဖြင့် ထိုနဂါး၏အပေါ် တန်ခိုးကို ကုန်စေ၍၊ သပိတ်တော်၌ ထည့်၍ ဥရုဝေလကဿပအား ပြတော်မူ၏။

"ကဿပ။ ဤသည်ကား သင်၏ နဂါးပင်တည်း။ နဂါး၏တန်ခိုးကို ငါ၏တန်ခိုးဖြင့် ကုန်စေပြီ" ဟု ပြတော်မူလေ၏။

ထိုအခါ၌ ဥရုဝေလကဿပ အကြံသည်ကား ဤသို့ဖြစ်၏။ 'ဤရဟန်းကြီးကား အဟုတ်အဟတ် တန်ခိုးအာနုဘော် ရှိ၏။ ကြမ်းတမ်းခက်ထန်သော နဂါးမင်း၏တန်ခိုးကိုလျက် မိမိ၏တန်ခိုးဖြင့် ကုန်စေနိုင်ပေ၏။ ငါကဲ့သို့ ရဟန္တာ မဟုတ်ပါသည်သာ' ဟု အကြံဖြစ်၏။

ထိုအခါ၌ ဥရုဝေလကဿပရသေ့သည် ဘုရားသခင်၏ ဤသို့သောတန်ခိုးတော်ကို မြင်၍ အလွန်ကြည်ညိုရကား ဘုရားသခင်အား ဤသို့လျှောက်၏။ "ရဟန်းကြီး။ ဤအရပ်၌သာလျှင် နေပါလော့။ အကျွန်ုပ်သည် ရှင်ရဟန်းကြီးအား အမြဲ ဆွမ်းလုပ်ကျွေးပါမည်" ဟု လျှောက်၏။ [ပဌမပါဋိဟာရိယ]

ထိုအခါ၌ ဘုရားသခင်သည် ဥရုဝေလကဿပ၏သခ်မ်းနှင့် မနီးမဝေးသော တောအုပ်အရပ်၌နေတော်မူ၏။ ထိုသို့နေတော်မူသောအခါ စတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်တို့သည် ညဥ့်ဦးယံအလွန် သန်းခေါင်ယံ၌ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ အလုံးစုံထက်ဝန်းကျင်သော တောအုပ်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေလျက်၊ ဘုရားရှိတော်မူရာသို့ ကပ်ကုန်ပြီး၍ ရှိခိုးလျက် ၄ မျက်နှာသောအရပ်တို့မှ မီးပုံကြီးကဲ့သို့ ရပ်ကုန်၏။

ဥရုဝေလကဿပသည်လည်း ထိုညဥ့်ကုန်မြောက် မိုးသောက်ကာလ၌ ဘုရားသခင့်အထံသို့ ကပ်ပြီးသော်၊ "ရဟန်းကြီး။ ဆွမ်းချိန် တန်ပြီ။ ဆွမ်းပြင်၍ ပြီးပြီ။ ကြွလော့။ ရဟန်းကြီး။ ညဥ့်ဦးယံအလွန် သန်းခေါင်ယံ၌ အလုံးစုံသော ထက်ဝန်းကျင်တောအုပ်ကို ထွန်းလင်းစေလျက် အရပ် ၄ မျက်နှာမှ မီးပုံကြီးတို့ကဲ့သို့ ရပ်ကုန်သည်ကား အဘယ်အကြောင်းနည်း" ဟု လျှောက်၏။

"ကဿပ။ ထို ၄ ယောက်ကုန်သောသူတို့ကား စတုမဟာရာဇ်နတ်မင်းကြီးတို့တည်း။ တရားနာအံ့သောငှာ ငါဘုရားရှိရာသို့ ဆည်းကပ်လာကုန်သတည်း" ဟု မိန့်တော်မူ၏။

ထိုအခါ ဥရုဝေလကဿပသည် ဤသို့ ကြံ၏။ 'ဤရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေစွ။ စတုမဟာရာဇ်နတ်မင်းကြီးတို့သည်လည်း ဆည်းကပ်ကုန်သည်။ ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု အကြံဖြစ်၏။ ထိုအခါ၌ ဘုရားသခင်သည် ဥရုဝေလကဿပရသေ့၏ ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင်လျှင် နေတော်မူ၏။ [ဒုတိယပါဋိဟာရိယ။]

ထို့နောင်မှသိကြားမင်းသည် ညဥ့်ဦးယံအလွန် သန်းခေါင်ယံ၌ အလွန်နှစ်လိုဖွယ်သောအဆင်း ရှိသည်ဖြစ်၍ အလုံးစုံထက်ဝန်းကျင်သော တောအုပ်ကို မီးပုံကြီးကဲ့သို့ ရှေး၌တောက်ပသောအရောင်တို့ထက် အလွန်အကျူးတောက်ပစေလျက် ရပ်၏။

ဥရုဝေလကဿပသည်လည်း ထိုညဥ့်ကုန်မြောက် မိုးလင်းသောက်၌ ဘုရားရှိတော်မူရာသို့ ရှိသေစွာကပ်ပြီး၍၊ "ကြွလော့ ရဟန်းကြီး။ ဆွမ်းချိန် တန်ပြီ။ ဆွမ်းပြင်၍ ပြီးပြီ။ ရဟန်းကြီး။ သန်းခေါင်ယံ၌ မီးပုံကြီးကဲ့သို့ ရှေး၌ထွန်းလင်းသော အရောင်တို့ထက် လွန်ကျူး၍ထွန်းလင်းလျက် ဆည်းကပ်လာသည်ကား အဘယ်သူနည်း" ဟု လျှောက်၏။

၁- ထိုသို့ညဉ်းဆဲကုန်သဖြင့်။

www.burmeseclassic.com

www.burmeseclassic.com



''ကဿပ။ ထိုသူကား သိကြားမင်းတည်း။ တရားနာလို၍ ငါဘုရားရှိရာသို့ ဆည်းကပ်လာသတည်း'' ဟု မိန့်တော်မူ၏။

ကဿပရသေ့သည် 'ဤရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေစွ။ သိကြားမင်းသည်လည်း ဆည်းကပ်ရချေသည်။ ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု စိတ်အကြံဖြစ်၏။ ဘုရားသခင်သည်လည်း ကဿပရသေ့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌သာလျှင် နေတော်မူ၏။ [တတိယပါဋိဟာရိယ။]

ထို့နောက် သဟမ္ပတိဗြဟ္မာသည် သန်းခေါင်ယံ၌ အလုံးစုံသောတောအုပ်ကို မီးပုံကြီးကဲ့သို့ ရှေး ၂ ကြိမ် ထက်လွန်သော ကိုယ်ရောင်ဖြင့်ထွန်းလင်းစေ၍ ဘုရားရှိရာသို့ဆည်းကပ်ပြီးသော် ရှိခိုးလျက် လျှောက်ပတ်ရာ၌ ရပ်လာ၏။

ကဿပသည်လည်း ထိုနေ့မိုးသောက်ထ၌ ဘုရားသခင်ရှိရာသို့ ကပ်ပြီးသော်၊ ''ရဟန်းကြီး။ ဆွမ်း ဘုဉ်းပေးချိန် တန်ပြီ။ ဆွမ်းပြင်၍ ပြီးပြီ။ ကြွတော်မူလော့။ ရဟန်းကြီး။ သန်းခေါင်ယံ၌ ရှေး ၂ ကြိမ်ထက် လွန်၍ ထွန်းတောက်ပသောအရောင်အဝါတို့ဖြင့် ဆည်းကပ်လာသည်ကား အဘယ်သူနည်း'' ဟု လျှောက်၏။

''ကဿပ။ သဟမ္ပတိဗြဟ္မာမင်းတည်း။ တရားနာလို၍ ငါဘုရားရှိရာသို့ ဆည်းကပ်လာသတည်း'' ဟု မိန့်တော်မူ၏။

ကဿပရသေ့သည်လည်း 'ဤရဟန်းကြီးကား တန်ခိုးအာနုဘော်ကြီးပေ၏။ ဗြဟ္မာမင်းလည်း ဆည်း ကပ်လာချေသည်။ သို့ရာတွင် တန်ခိုးကြီးသော်လည်း ငါကဲ့သို့ရဟန္တာ မဟုတ်သည်သာ' ဟု စိတ်အကြံ ဖြစ်၏။ ဘုရားသခင်သည်လည်း ကဿပရသေ့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌သာလျှင် နေတော် မူ၏။ [စတုတ္ထပါဋိဟာရိယ။]

(ထိုအခါ၌ ဥရုဝေလကဿပရသေ့အား ကြီးစွာသော ပူဇော်သက္ကာကို စီရင်၏။ အလုံးစုံသော အင်္ဂတိုင်း၊ မဂဓတိုင်း၌ နေကုန်သောသူတို့သည်) များစွာသောခဲဖွယ်ကို လည်းကောင်း၊ ဘောဇဉ်ကို လည်းကောင်း ယူခဲ့၍ လာခြင်းကို အလိုရှိကုန်၏။

ထိုအခါ၌ ကဿပရသေ့အား ဤသို့ အကြံဖြစ်၏။ 'ယခုအခါ၌ ငါ့အား ကြီးစွာသော ပူဇော်သက္ကာကို စီရင်၏။ အလုံးစုံသော အင်္ဂတိုင်း၊ မဂဓတိုင်း၌နေကုန်သော သူတို့သည်လည်း များစွာသော ခဲဖွယ်၊ဘောဇဉ်တို့ကို ယူ၍လာကုန်အံ့။ ရဟန်းကြီးသည် များစွာသောလူတို့အလယ်၌ တန်ခိုးပြာဋိဟာကို ပြလတ္တံ့။ ရဟန်းကြီးအား လာဘ်ပူဇော်သက္ကာ ပြန့်ပွားလတ္တံ့။ ငါ့အား လာဘ်ပူဇော်သက္ကာ ဆုတ်ယုတ်လတ္တံ့။ နက်ဖြန်၌ ရဟန်းကြီး မလာဘဲနေပါသော်ကား ကောင်း၏' ဟု အကြံဖြစ်၏။

ထိုအခါ၌ ဘုရားသခင်သည် ကဿပရသေ့၏အကြံကို သိတော်မူ၍၊ ဥတ္တရကုရုကျွန်းသို့ ကြွတော် မူ၍၊ ထိုကျွန်းမှ ဆွမ်းကိုဆောင်တော်မူလျက် အနောတတ်အိုင်နား၌ ဘုဉ်းပေးတော်မူ၍၊ ထိုအရပ်၌ပင်လျှင် နေ့နေခြင်းကို ပြုတော်မူ၍ နေရာမြဲသို့ ရောက်၏။

ကဿပရသေ့သည် ထိုနေ့လွန်သဖြင့် ဘုရားရှိရာကပ်ပြီးသော် ''ရဟန်းကြီး။ ကြွတော်မူလော့။ ဆွမ်း ဘုဉ်းပေးချိန် တန်ပြီ။ ဆွမ်းပြင်၍ ပြီးပြီ။ ရဟန်းကြီး။ ယမန်နေ့က အဘယ့်ကြောင့် မလာနေဘိသနည်း။ ငါတို့ကား သင့်ကို 'ရဟန်းကြီးသည် အဘယ့်ကြောင့် မလာဘဲနေသနည်း' ဟု အောက်မေ့ကြသည်။ ခဲဖွယ်၊ ဘောဇဉ်ကိုလည်း သင့်ဖို့ ထားလင့်သည်'' ဟု လျှောက်ပေသော်၊



www.burmeseclassic.com

www.burmeseclassic.com



"ကဿပ။ သင်သည် ဤသို့ကြံသည် မဟုတ်လော။ 'ယခုနေ့ ငါ့အား ကြီးစွာသောပူဇော်သက္ကာကို စီရင်အံ့။ အလုံးစုံသော အင်္ဂတိုင်း, မဂဓတိုင်း၌ နေကုန်သောသူတို့သည် များစွာသောခဲဖွယ်ဘောဇဉ်တို့ကို ယူ၍ လာကုန်လတ္တံ့။ ရဟန်းကြီးသည် များစွာသောလူတို့၏အလယ်၌ တန်ခိုးပြာဋိဟာကို ပြချေလျှင် ရဟန်းကြီးအား လာဘ်ပူဇော်သက္ကာ များချေအံ့။ ငါ့အား လာဘ်ပူဇော်သက္ကာ ဆုတ်ယုတ်ချေအံ့။ နက်ဖြန်ကာလ၌ ရဟန်းကြီး မလာပါမူကား ကောင်းလေစွ'ဟု သင် ကြံအောက်မေ့သည် မဟုတ်လော။ ကဿပ။ ငါသည် သင်၏စိတ်အကြံကို သိတော်မူ၍၊ ဥတ္တရကုရုကျွန်းသို့ သွားချေ၍ ထိုကျွန်းမှ ဆွမ်းကို ဆောင်ချေလျက် အနဝတတ်အိုင်နား၌ ဘုဉ်းပေးပြီးသော် ထို၌ပင်လျှင် နေ့နေခဲ့သည်" ဟု မိန့်တော်မူ၏။

ထိုအခါ ကဿပရသေ့လည်း 'ရဟန်းကြီးသည် အလွန်တန်ခိုးကြီး၏။ ငါ ကြံသည်ကိုပင် သိပေသည်။ အာနုဘော် ရှိပေ၏။ ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု စိတ်အကြံ ဖြစ်၏။ ဘုရားသခင်သည်လည်း ကဿပရသေ့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုအရပ်၌ပင်လျှင် နေတော်မူ၏။ [ပဌမပါဋိဟာရိယ။]

ထိုအခါ၌ ဘုရားသခင်အား ပံ့သကူသင်္ကန်းသည် ရတော်မူ၏။ ထိုသို့ရတော်မူသောအခါ၌ 'ငါဘုရားသခင် ပံ့သကူသင်္ကန်းကို ဘယ်အရပ်၌ ဖွပ်ရအံ့နည်း' ဟု အကြံတော် ဖြစ်၏။ ထိုအကြံတော်ကို သိကြားမင်း သိ၍၊ မိမိလက်ဖြင့် ၄ ထောင့်ကန်ကို တူး၍၊ "အရှင်ဘုရား။ ဤရေကန်၌ ပံ့သကူသင်္ကန်းကို ဖွပ်တော်မူပါလော့" ဟုလျှောက်၏။

ထို့နောင်မှ "ငါဘုရားသည် ပံ့သကူသင်္ကန်းကို အဘယ်အရပ်၌ နယ်ရအံ့နည်း'ဟု အကြံတော်ဖြစ်ပြန်၏။ သိကြားမင်းသည်လည်း စိတ်အကြံတော်ကို သိ၍၊ ကျောက်ဖျာကြီးကို အနီး၌ ထား၍၊ "အရှင်ဘုရား။ ပံ့သကူသင်္ကန်းကို ဤကျောက်ဖျာ၌ နယ်တော်မူပါ" ဟုလျှောက်၏။

ထို့နောင်မှ 'ငါဘုရားသည် ဤသင်္ကန်းကို အဘယ်မှာ တန်းဆွဲ၍ ရအံ့နည်း' ဟု အကြံတော် ဖြစ်၏။ ထိုအခါ၌ ရေခံတက်ပင်စောင့်နတ် သိ၍ ရေခံတက်ကိုင်းကို ညွတ်စေပြီးသော်၊ "အရှင်ဘုရား။ ဤရေခံတက်ကိုင်း၌ ဆွဲ၍ တန်းတော်မူပါ" ဟု လျှောက်၏။

ထို့နောင်မှ 'ငါဘုရားသည် ဤသင်္ကန်းကို အဘယ်အရပ်၌ ဖြန့်ရအံ့နည်း' ဟု အကြံတော် ဖြစ်၏။ ထိုအခါ၌ သိကြားမင်းသည် အကြံတော်ကို သိ၍ ကြီးစွာသောကျောက်ဖျာ အနီး၌ထားပြီးသော်၊ "အရှင်ဘုရား။ ဤကျောက်ဖျာ၌ ဖြန့်တော်မူပါ"ဟု လျှောက်၏။

ထိုအခါ၌ ဥရုဝေလကဿပရသေ့သည်လည်း ထိုညဉ့်ကုန်မြောက် မိုးသောက်ထ၌ ဘုရားရှိသို့ကပ်ပြီးသော်၊ "ရဟန်းကြီး။ ကြွတော်မူလော့။ ဆွမ်းဘုဉ်းပေးချိန် သင့်ပြီ။ ဆွမ်းပြင်၍ ပြီးပါပြီ" ဟု လျှောက်၏။

"ရဟန်းကြီး။ ရှေးကာလက ဤအရပ်တွင် ရေကန် မရှိ။ ယခု ရှိချေသည်။ ကျောက်ဖျာလည်း ဤအရပ်တွင် မရှိ။ ယခု ရှိချေသည်။ အဘယ်သူသည် ဤရေကန်ကို တူးလာသနည်း။ အဘယ်သူသည် ဤကျောက်ဖျာကို ထားလာသနည်း။ ရှေးအထက်ကာလ၌ ဤရေခံတက်ပင်၏ အကိုင်းသည် မညွတ်စဖူး။ ယခု ညွတ်ခြင်းအကြောင်းသည် အသို့တုံနည်း" ဟု လျှောက်ပေသော်၊

"ကဿပ။ ပံ့သကူသင်္ကန်းကို ရ၍၊ 'ဤသင်္ကန်းကို အဘယ်အရပ်၌ ဖွပ်လျှော်ရအံ့နည်း' စိတ်အကြံ ဖြစ်လျှင် သိကြားမင်းသိ၍ မိမိလက်ဖြင့် ရေကန်တူးပြီးသော် 'အရှင်ဘုရား။ ဤရေကန်၌ ဖွပ်တော်မူပါ'ဟု လျှောက်သည်။ ဤရေကန်ကို သိကြား တူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဿပ။ 'အဘယ်၌ ဤသင်္ကန်းကို နယ်ရအံ့နည်း' ဟု ကြံတော်မူလျှင် သိကြားမင်းသည် သိ၍ ကျောက်ဖျာကြီးကို အနီး၌ထားပြီးသော်၊ 'အရှင်ဘုရား။ ဤကျောက်ဖျာ၌ နယ်တော်မူပါ' ဟု လျှောက်သည်။ ဤ ကျောက်ဖျာကိုလည်း သိကြားမင်း ထားလာသည်။

ကဿပ။ 'ငါ့အား အဘယ်၌ တန်း၍ ဆွဲရအံ့နည်း' ဟု အကြံတော်ဖြစ်လေသော်၊ ရေခံတက်ပင်စောင့်နတ်သည် ရေခံတက်ကိုင်းကို ညွတ်စေပြီးသော်၊ 'အရှင်ဘုရား။ ဤရေခံတက်ကိုင်း၌ ဆွဲ၍ တန်းတော်မူပါ' ဟု လျှောက်၏။

ကဿပ။ ထို့နောင်မှ ငါ့အား ဤသို့ ကြံပြန် သတည်း။ 'ဤသင်္ကန်းကို အဘယ်မှာ ဖြန့်ရအံ့နည်း' ဟု အကြံတော်ဖြစ်လတ်သော် ကျောက်ဖျာကြီးကိုအနီး၌ ထား၍၊ 'အရှင်ဘုရား။ ဤကျောက်ဖျာကြီး၌ ဖြန့်တော်မူပါ' ဟု လျှောက်၏။ ဤ ကျောက်ဖျာလည်း သိကြားထားသော ကျောက်ဖျာပင်တည်း'' ဟုမိန့်တော်မူပေသော်၊

ဥရုဝေလကဿပသည်လည်း ဤသို့ ကြံလေ၏။ 'ဤရဟန်းကြီးသည် တန်ခိုးအာနုဘော် ကြီးလှပေသည်။ သိကြားမင်းသည်ပင်လျှင် အမှုကြီးငယ်ကို ဆောင်ရွက်ရသည်။ သို့ရာတွင် တန်ခိုးအာနုဘော်ကြီးသော်လည်း ငါကဲ့သို့ ရဟန္တာ မဟုတ်' ဟု အကြံ ဖြစ်လေ၏။

ဘုရားသခင်သည်လည်း ဥရုဝေလကဿပ၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင်လျှင် နေတော်မူ၏။

ဥရုဝေလကဿပသည်လည်း ထိုညဉ့်ကိုလွန်သဖြင့် ဘုရားရှိတော်မူရာ အရပ်သို့ကပ်ပြီး၍၊ ''ရဟန်းကြီး။ ကြွလော့။ ဆွမ်းစားချိန်တန်ပြီ။ ဆွမ်းပြင်၍ပြီးပြီ'' ဟု အခါကို ကြားပေ၏။

''ကဿပ။ သွားလော့။ ငါသည်လည်း လာအံ့'' ဟု ဥရုဝေလကဿပ ရသေ့ကို လွှတ်လိုက်၍၊ ကျွန်းဦးဇမ္ဗူသပြေသီးကို ယူခဲ့၍၊ ရှေးဦးစွာ ကြွတော်မူလာ၍ မီးတင်းကုပ်၌ နေတော်မူလင့်၏။

ကဿပရသေ့သည် နေတော်မူ[illegible]သော မြတ်စွာဘုရားသခင်ကို မြင်၍၊ ''ရဟန်းကြီး။ အဘယ်ခရီးဖြင့် ကြွခဲ့သနည်း။ အကျွန်ုပ်သည် ရှေးဦးစွာ လာခဲ့သည်။ ရဟန်းကြီးကား နောက်မှလာ၍ အလျင်ရောက်နှင့်သည် တကား'' ဟု လျှောက်၏။

''ကဿပ။ ယခုအခါ၌ သင့်ကိုလွှတ်လိုက်၍၊ ဇမ္ဗူသပြေပင်မှ အသီးကိုယူခဲ့ပြီးသော် ရှေးဦးစွာရောက်၍ မီးတင်းကုပ်၌ နေ၏။ ကဿပ။ ဇမ္ဗူသပြေသီးသည် အနံ့ အရသာနှင့် ပြည့်စုံ၏။ အလိုရှိလျှင် သုံးဆောင်လော့'' ဟု မိန့်တော်မူ၏။ ''ရဟန်းကြီး။ ဤဇမ္ဗူသပြေသီးသည် အကျွန်ုပ်တို့နှင့် မထိုက်ပေ။ အရှင်ရဟန်းကြီးသာ သုံးဆောင်တော်မူပါလော့'' ဟု လျှောက်၏။

ထိုအခါ၌ ကဿပရသေ့၏အကြံသည် ဖြစ်သတတ်။ 'ရဟန်းကြီးသည် တန်ခိုးအာနုဘော် ကြီးပေ၏။ ငါ့ကိုမူကား ရှေးဦးစွာလွှတ်လိုက်၍ ဇမ္ဗူသပြေပင်မှ သပြေသီးကို ဆောင်ယူခဲ့ပြီးသော် ရှေးဦးစွာ ဤမီးတင်းကုပ်သို့ ရောက်နှင့်ပေသည်။ တန်ခိုးကြီးပေစွ။ သို့ရာတွင် ငါကဲ့သို့ရဟန္တာ မဟုတ်သည်သာ' ဟု အကြံဖြစ်၏။

ထိုအခါ ဘုရားသခင်သည် ကဿပရသေ့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင်လျှင် နေတော်မူ၏။

ဥရုဝေလကဿပရသေ့သည် ထိုညဉ့်ကို လွန်၍ မိုးသောက်သောအခါ၌ ဘုရားရှိရာ ကပ်ပြီးသော် ရှေးအတူ ဆွမ်းဘုဉ်းပေးရန် ပင့်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဿပ။ သွားလော့။ ငါသည် ကြွအံ့" ဟု ကဿပကို လွှတ်လိုက်၍ ကျွန်းဦးသပြေပင်၏အနီး၌ သရက်ပင်သည် ရှိ၏။ ထိုသရက်ပင်မှအသီးကို ဆောင်တော်မူခဲ့၍ ရှေးနည်းအတူ နေတော်မူလင့်၏။

တစ်နေ့သ၌လည်း ဇမ္ဗူသပြေပင်၏အနီး၌ သျှိသျှားပင်သည် ရှိ၏။ ထိုသျှိသျှားပင်မှ အသီးကို ဆောင်တော်မူခဲ့၍ ရှေးနည်းအတူ နေတော်မူလင့်၏။

တစ်နေ့သ၌လည်း ဇမ္ဗူသပြေပင်၏အနီး၌ရှိသော သဖန်းခါးပင်မှ အသီးကို ဆောင်တော်မူခဲ့၍ ရှေးနည်းအတူ နေတော်မူလင့်၏။

တစ်နေ့သ၌လည်း တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ ပင်လယ်ကသစ်ပွင့်ကို ဆောင်တော်မူခဲ့၍၊ ရှေးဦးစွာကြွလာ၍ မီးတင်းကုပ်၌ နေတော်မူလင့်လျက် "ကဿပ။ ဤပင်လယ်ကသစ်ပွင့်သည် အဆင်း၊ အနံ့နှင့် ပြည့်စုံ၏" ဟု မိန့်တော်မူ၏။

ကဿပသည်လည်း ဤသို့ အကြံ ဖြစ်သတည်း။ 'ဤရဟန်းကြီးသည် ငါ့ကို ရှေးဦးစွာလွှတ်လိုက်ပြီးသော် တာဝတိံသာနတ်ပြည်ဝယ် ပင်လယ်ကသစ်ပွင့်ကို ဆောင်ချေပြီးမှ အလျင်ရောက်လာပေသည်။ တန်ခိုးအာနုဘော် ကြီးပေစွ။ သို့ရာတွင် ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု အကြံဖြစ်၏။

ဘုရားသခင်သည်လည်း ကဿပရသေ့၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုတောအုပ်၌ပင်လျှင် နေတော်မူ၏။

ထိုအခါ ရသေ့တို့သည် မီးကို လုပ်ကျွေးလိုကုန်သည်ရှိသော် ထင်းခွဲခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ ထိုအခါ ကဿပရသေ့သည် ဤသို့ ကြံ၏။ 'ဤရဟန်းကြီးသည် တန်ခိုးကြီးလေစွ။ ငါတို့မူကား ဤထင်းကို ခွဲနိုင်ခြင်းငှာ မတတ်နိုင်ကုန်' ဟု အကြံဖြစ်သတတ်။

ဘုရားသခင်သည်လည်း "ကဿပရသေ့။ ထင်းခွဲပါလော့" ဟု မိန့်တော်မူပေသော်၊ "ရဟန်းကြီး။ ခွဲပါလော့" ဟု လျှောက်လျှင်၊ တစ်ကြိမ်တည်းဖြင့် ၅၀၀ သော ထင်းတို့ကို ကွဲစေ၏။

ထိုအခါ ကဿပရသေ့သည်လည်း ဤသို့ကြံပြန်၏။ 'ရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေစွ။ ၅၀၀ သောထင်းတို့ကို တစ်ကြိမ်တည်းဖြင့် ကွဲစေနိုင်ပေသည်။ သို့ရာတွင် ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု အကြံဖြစ်၏။

ထိုအခါ ရသေ့တို့သည် မီးကို လုပ်ကျွေးလိုကုန်ပါသော် မီးကိုတောက်စေခြင်းငှာ မတတ်နိုင် ရှိကုန်၏။ ထိုအခါ၌ရသေ့တို့အား ဤသို့ကြံကုန်၏။ "ဤရဟန်းကြီးသည် စင်စစ် တန်ခိုးကြီးလေ၏။ ငါတို့မူကား မီးကိုမျှ တောက်စေအောင် မတတ်နိုင်ကြကုန်" ဟု အကြံဖြစ်ကုန်၏။

ဘုရားသခင်သည်လည်း "ကဿပရသေ့ မီးညှိပါလော့" ဟု မိန့်တော်မူလေသော်၊ "ရဟန်းကြီး။ ညှိပါလော့" ဟု လျှောက်လေလျှင်၊ တစ်ကြိမ်တည်း ဖြင့် ၅၀၀ သော မီးတို့ကို တောက်စေကုန်၏။

ထိုအခါ ကဿပရသေ့သည်လည်း 'ဤရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေစွ။ ၅၀၀ သော မီးတို့ကို တစ်ကြိမ်တည်းဖြင့် တောက်စေနိုင်သည်။ သို့ရာတွင် ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု အကြံဖြစ်၏။

ထိုအခါ၌ ရသေ့တို့သည် မီးကိုငြိမ်းအံ့သောငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ ရှေးအတူလျှင် ဘုရားသခင်၏တန်ခိုးတော်ကို တောင့်တကုန်၏။ ဘုရားသခင်သည်လည်း တစ်ကြိမ်တည်းဖြင့် ၅၀၀ သောမီးတို့ကို ငြိမ်းစေ၏။ ကဿပရသေ့လည်း 'ငါကဲ့သို့ ရဟန္တာ မဟုတ်'ဟူသောအကြံကို ကြံမြဲ ကြံ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ရသေ့တို့သည် ရှေးကာလကပင် တပို့တွဲလ၊ တပေါင်းလတို့၏အကြားဖြစ်ကုန်သော၊ ဆောင်းဥတုဖြစ်ကုန်သော ဆီးနှင်းကျသောအခါ၌ နေရဩရာမြစ်၌ ငုပ်ခြင်း၊ ပေါ်ခြင်းကို ပြုကုန်၏။

ထိုအခါ၌ ဘုရားသခင်သည် ၅၀၀ သော မီးမယ်ဖျူးတို့ကို ဖန်ဆင်းတော်မူ၏။ ထိုရသေ့တို့သည် ရေမှတက်ကုန်၍ မီးလှုံကြကုန်၏။

ထိုအခါ ထိုရသေ့တို့အား ဤသို့အကြံ ဖြစ်ကုန်၏။ "ရဟန်းကြီးကား စင်စစ် တန်ခိုးကြီးပေ၏။ ၅၀၀ သော မီးမယ်ဖျူးတို့ကို ဖန်ဆင်းနိုင်ပေသည်" ဟု အကြံဖြစ်ကုန်၏။

ကဿပရသေ့သည်ကား ဤသို့ ကြံ၏။ 'ရဟန်းကြီးကား အဟုတ်အဟုတ် တန်ခိုးကြီးပေ၏။ ၅၀၀ သော မီးမယ်ဖျူးတို့ကို[1] ဖန်ဆင်းနိုင်ပေသည်။ သို့ရာတွင် ငါကဲ့သို့ ရဟန္တာ မဟုတ်သည်သာ' ဟု အကြံဖြစ်၏။

ထိုအခါ အခါမဲ့ သည်းထန်စွာရွာသော မိုးကြီးသည် ရွာလတ်သည်နှင့် သည်းထန်စွာသောရေအဟုန်တို့သည် ဖြစ်ကုန်၏။ ဘုရားသခင်နေတော်မူရာ အရပ်ကိုမူကား ရေမလွှမ်းနိုင်။ ထိုအခါ ဘုရားသခင်သည်လည်း ဤသို့ကြံတော်မူ၏။ 'ထက်ဝန်းကျင်မှရေကို ရှားပယ်စေ၍၊ အလယ်၌ မြူမှုန့်တထောင်းထောင်းလွင့်အောင်ပြု၍ စင်္ကြံသွားရမူကား ကောင်း၏' ဟု ကြံတော်မူတိုင်း၊ ထက်ဝန်းကျင်မှ ရေအယဉ်ကို ရှားစေ၍ အလယ်၌ မြူမှုန့်တထောင်းထောင်းလွင့်သောမြေဝယ် စင်္ကြံကြွတော်မူ၏။

ဥရုဝေလကဿပရသေ့သည် "ရဟန်းကြီးကို ရေ၌ မမျောပါစေလင့်" ဟု လှေဖြင့် များစွာကုန်သော ရသေ့တို့နှင့်တကွ ဘုရားရှိတော်မူရာသို့ သွားလေသော်၊ ကဿပရသေ့သည် ထက်ဝန်းကျင်မှရေကို ရှားစေလျက် အလယ်၌ မြူမှုန့်တထောင်းထောင်းလွင့်သော မြေဝယ် စင်္ကြံကြွတော်မူသော ဘုရားသခင်ကို မြင်၍၊ "ရဟန်းကြီး။ ဤအရပ်၌ရပ်သည်ကား ရဟန်းကြီးပင်လော" ဟု လျှောက်၏။ ဘုရားသခင်သည်လည်း "ဤအရပ်၌ရပ်သည်ကား ငါပင် ဟုတ်၏" ဟု မိန့်တော်မူ၍၊ ဘုရားသခင်သည် ကောင်းကင်သို့ ပျံတက်တော်မူပြီး၍ လှေ၏အထက်၌[2] တည်တော်မူလေ၏။

ကဿပရသေ့သည်လည်း 'ရဟန်းကြီးကား တန်ခိုးအာနုဘော် ကြီးပေ၏။ ရေသည်လည်း မညှဉ်းဆဲနိုင်ချေ။ သို့ရာတွင် ငါကဲ့သို့ ရဟန္တာမဟုတ်သည်သာ' ဟု အကြံဖြစ်၏။

ထိုအခါ၌ ဘုရားသခင်သည်လည်း ဤသို့ ကြံတော်မူ၏။ 'ကဿပရသေ့သည် မိမိကိုယ်ကိုသာ 'ရဟန္တာ' ဟုထင်မှတ်၍၊ 'ရဟန်းကြီးကား တန်ခိုးကြီး၏။ ငါကဲ့သို့ ရဟန္တာ မဟုတ်'ဟူသော စိတ်အကြံရှိသည်ကား ကြာမြင့်ပြီ။ ယခု ဤရသေ့ကို ထိတ်လန့်စေရမူကား ကောင်း၏' ဟု အကြံတော်ဖြစ်၏။ ထိုသို့ ကြံပြီးသည့်နောက်မှ ကဿပရသေ့ကို ဤသို့ မိန့်တော်မူ၏။

"ကဿပ။ သင်ကား ရဟန္တာ မဟုတ်တကား။ အရဟတ္တဖိုလ်သို့ ရောက်သူလည်း သင် မဟုတ်။ ရဟန္တာဖြစ်ရာ အရဟတ္တဖိုလ်သို့ ရောက်ရာအကျင့်လည်း သင့်မှာ မရှိ"

ဤသို့ မိန့်တော်မူပေသော် ကဿပရသေ့သည် ဘုရားသခင်၏ခြေတော်ရင်း၌ ဦးခေါင်းပျပ်ဝပ်၍ ဤသို့ လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရား၏အထံတော်၌ ရှင်ရဟန်းအဖြစ်ကို ရလိုပါသည်" ဟု လျှောက်၏။

"ကဿပ။ သင်သည် ၅၀၀ သောရသေ့တို့ကို ဆုံးမပေတတ်သော၊ ရသေ့တကာတို့ထက် မြတ်သော၊ ရသေ့တကာတို့၏ ရှေ့သွားအကြီးဖြစ်သော ဆရာပေတည်း။ ထိုရသေ့တို့ကိုမူလည်း ပန်ကြားချေဦးလော့။

၁- အထွေးထွေးအပြားပြားသော အလိုရှိရာခပ်သိမ်းတို့ကို။

၂- လှေ၏အထက်၌။

www.burmeseclassic.com

www.burmeseclassic.com



အကြင်အခြင်းဖြင့်မူလည်း အောက်မေ့ကုန်လတ္တံ့။ ထိုအခြင်းဖြင့် ပြုကုန်လတ္တံ့" ဟု မိန့်တော်မူပေသော်၊ ကဿပရသေ့သည်လည်း တပည့်ရသေ့တို့နေရာသို့ ကပ်လေ၍၊ "အချင်းတို့။ ငါသည် ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်လိုသည်။ အကြင်အခြင်းဖြင့် ဘုရားသခင်ကို အောက်မေ့၏။ ထိုအခြင်းဖြင့် ပြုစေတော့" ဟု ဆိုပေသော်၊ "အို-ဆရာရသေ့။ ကြာမြင့်စွာကျင့်သော ရဟန်းကြီး၌ အလွန် ငါတို့ ကြည်ညိုကုန်၏။ အကယ်၍ ဆရာသည် ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်လိုအံ့။ ငါတို့အလုံးလည်း ရဟန်းကြီးထံ၌ မြတ်သောအကျင့်ကို ကျင့်လိုကုန်၏[၁]" ဟု ဆိုကုန်၏။

ထိုသို့ဆိုကုန်ပြီးသော် နောင်မှ ထိုရသေ့တို့သည် ဆံကျစ်၊ ပြာစစ်၊ ထမ်းပိုး၊ မီးမွှေယောက်မတို့နှင့်ရောသော ရသေ့တို့၏အသုံးအဆောင်ကို ရေ၌မျှောလိုက်၍ ဘုရားရှိရာ ကပ်ကုန်ပြီးသော် ဘုရားသခင်၏ခြေတော်ရင်း၌ ဦးတိုက်ကုန်လျက် "အရှင်ဘုရား။ အကျွန်ုပ်တို့သည် အရှင်ဘုရား၏အထံတော်၌ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုပါကုန်သည်" ဟု လျှောက်ကုန်၏။

ဘုရားသခင်သည်လည်း 'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ' ဟူ၍ ဧဟိဘိက္ခု ခေါ်တော်မူ၏။ ဥရုဝေလကဿပ အစရှိသော ၅၀၀ သော ရသေ့တို့သည် ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။

နဒီကဿပသည်လည်း ဆံကျစ်၊ ပြာစစ်၊ ထမ်းပိုး၊ မီးမွှေယောက်မ အစရှိသော ရသေ့တို့၏ အသုံးအဆောင်များကို မြစ်ဝယ်မျှောလာသည်ကို မြင်၍ 'ငါ၏နောင်တော် ဘေးရန် မရှိပါစေလင့်' ဟု အကြံဖြစ်၍ ရသေ့တို့ကို လွှတ်၏။ "သွားချေကုန်။ ငါ၏နောင်တော်ကို သိအောင်ပြုချေကုန်" ဟု စေလိုက်၏။

မိမိကိုယ်တိုင်လည်း ၃၀၀ သော ရသေ့တို့နှင့်တကွ ဥရုဝေလကဿပ ရှိရာသို့ကပ်၍၊ ဥရုဝေလကဿပကို ဤသို့ ဆို၏။

"နောင်တော် ကဿပ။ ဤအကျင့်သည် မြတ်သလော" ဟု ဆိုပေသော်၊ "ဤအကျင့်သည် မြတ်ပေသည်" ဟု ဆို၏။

ထိုသို့ဆိုလတ်သော်၊ ထိုရသေ့တို့သည်လည်း ရသေ့ပရိက္ခရာ ပြာစစ်၊ ထမ်းပိုး အစရှိသည်တို့ကို မျှောလိုက်၍၊ ဘုရားရှိရာ ကပ်ပြီးသော် ဘုရားခြေရင်းတော်၌ ဦးဖြင့်ခိုက်၍၊ "အရှင်ဘုရား။ အကျွန်ုပ်တို့သည် အရှင်ဘုရား၏အထံတော်၌ ရှင်၏အဖြစ်၊ ရဟန်း၏အဖြစ်ကို ရလိုပါကုန်သည်" ဟု လျှောက်ကုန်သော်၊ 'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ' ဟူ၍ ဧဟိဘိက္ခု ခေါ်တော်မူ၏။ နဒီကဿပ အစရှိသော ၃၀၀ သောရသေ့တို့သည် ရဟန်းအဖြစ်သို့ ရောက်ကြလေကုန်၏။

ဂယာကဿပရသေ့သည်လည်း ရေဝယ်မျှောလာသော အရေရေသော ပရိက္ခရာများစွာကို မြင်၍၊ ရသေ့ ၂၀၀ နှင့်တကွ ရှေးအတူ လာရောက်ကြသော်၊ ဥရုဝေလကဿပရှိရာသို့ ချဉ်းကပ်၍၊ "နောင်တော် ကဿပ။ ဤအကျင့်သည် သင့်တင့်လျောက်ပတ် မြတ်ပေသလော" ဟု မေးလတ်သော်၊ "မြတ်သော အကျင့်ပေတည်း" ဟု ဆို၏။

ထိုအခါ၌ ထိုရသေ့တို့သည်လည်း ရသေ့ပရိက္ခရာတို့ကို မြစ်ရေဝယ် မျှောလိုက်၍၊ ဘုရားရှိရာကပ်ပြီးသော် ခြေတော်ရင်း၌ ဦးဖြင့်ခိုက်၍၊ "အရှင်ဘုရား။ အကျွန်ုပ်တို့သည် အရှင်ဘုရားအထံတော်၌ ရှင်၏အဖြစ်၊ ရဟန်း၏အဖြစ်ကို ရလိုပါသည်" ဟု လျှောက်ကုန်လတ်သော်၊ 'ဧထ ဘိက္ခဝေါ' စသောနည်းဖြင့် ခေါ်တော်မူက ရဟန်းအဖြစ်သို့ချည်း ရောက်လေကုန်၏။

၁- လိုက်ပါကုန်အံ့။

www.burmeseclassic.com

www.burmeseclassic.com



[ဘုရားသခင် အစီအရင်ဖြင့် ဧ၀၀ သော ထင်းတို့သည် မကွဲနိုင်ကုန်။ ၅၀၀ သော ထင်းတို့သည် ကွဲနိုင်ပြန်ကုန်သည်။ ၅၀၀ သော မီးတို့သည် မတောက်နိုင်ကုန်။ ၅၀၀ သော မီးသည် တောက်နိုင်ပြန်ကုန်သည်။ ၅၀၀ သော မီးတို့သည် မငြိမ်းနိုင်ကုန်။ ၅၀၀ သော မီးတို့သည် ငြိမ်းနိုင်ပြန်ကုန်သည်။ ၅၀၀ သော မီးမယ်ဖျူးတို့ကို ဖန်ဆင်းတော်မူသည်။ ဤနည်းဖြင့် ၃၅၀၀ ကုန်သော ပြာဋိဟာတို့သည် ဖြစ်ကုန်၏။ နဂါးကို ဆုံးမတော်မူသည်မှစ၍ ၁၆ ပါးသော ပြာဋိဟာကိုကား ဤ၌ မဆို။ ထိုပြာဋိဟာနှင့်တကွသော်ကား ၃၅၁၆ ပါးတည်း။]

## ၁၅- ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ကိုဟောတော်မူခြင်း

ထိုအခါ၌ ဘုရားသခင်သည် ဥရုဝေလတောင်၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးလျှင် ဥရုဝေလစသော ၁၀၀၀ သောရဟန်းတို့နှင့်တကွ ဂယာသီသရွာသို့ ကြွတော်မူ၍ ထိုရွာ၌ ၁၀၀၀ သောရဟန်းတို့နှင့်တကွ နေတော်မူ၏။

[ထိုရွာကား ဂယာမြစ်နား၌[၁] တည်ရကား 'ဂယာ'မည်၏။ ထိုရွာ၏ အနီးဖြစ်သောတောင်ကား ဆင်ဦးကင်းနှင့်တူသော၊ ကြီးစွာသောကျောက်ဖျာ ရှိသောကြောင့် 'ဂယာသီသ' တွင်သတည်း။ ထိုကျောက်ဖျာကား ရသေ့ ၁၀၀၀ ဆံ့သတတ်။]

ထိုသို့နေတော်မူသောအခါ၌ ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍-

၁- သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ၊ စက္ခု အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခု သမ္ဖဿော အာဒိတ္တော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တံပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

၂- သောတံ အာဒိတ္တံ၊ သဒ္ဒါ အာဒိတ္တာ၊ သောတဝိညာဏံ အာဒိတ္တံ၊ သောတသမ္ဖဿော အာဒိတ္တော၊ ယမိဒံ သောတသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တံပိ အာဒိတ္တံ။ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

၃- ဃာနံ အာဒိတ္တံ၊ ဂန္ဓာ အာဒိတ္တာ၊ ဃာနဝိညာဏံ အာဒိတ္တံ၊ ဃာနသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ဃာနသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တံပိ အာဒိတ္တံ။ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

၄- ဇိဝှာ အာဒိတ္တာ၊ ရသာ အာဒိတ္တာ၊ ဇိဝှာဝိညာဏံ အာဒိတ္တံ၊ ဇိဝှာသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ဇိဝှာသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ၊ အဒုက္ခမသုခံ ဝါ၊ တံပိ အာဒိတ္တံ။ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

၅- ကာယော အာဒိတ္တော၊ ဖောဋ္ဌဗ္ဗာ အာဒိတ္တာ၊ ကာယဝိညာဏံ အာဒိတ္တံ၊ ကာယသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ကာယသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တံပိ အာဒိတ္တံ။ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

၁- ဂယာသီမြစ်နား၌။

www.burmeseclassic.com

www.burmeseclassic.com



၆- မနော အာဒိတ္တော၊ ဓမ္မာ အာဒိတ္တာ၊ မနောဝိညာဏံ အာဒိတ္တံ၊ မနောသမ္ဖဿော အာဒိတ္တော၊ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တံပိ အာဒိတ္တံ။ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒောသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

၇- ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော စက္ခုသ္မိံ ပိ နိဗ္ဗိန္ဒတိ၊ ရူပေသုပိ နိဗ္ဗိန္ဒတိ၊ စက္ခုဝိညာဏေ ပိ နိဗ္ဗိန္ဒတိ၊ စက္ခုသမ္ဖဿေပိ နိဗ္ဗိန္ဒတိ၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တသ္မိံပိ နိဗ္ဗိန္ဒတိ၊ သောတသ္မိံပိ နိဗ္ဗိန္ဒတိ၊ သဒ္ဒေသုပိ နိဗ္ဗိန္ဒတိ။ ပ။ ဃာနသ္မိံ ပိ နိဗ္ဗိန္ဒတိ၊ ဂန္ဓေသုပိ နိဗ္ဗိန္ဒတိ။ ပ။ ဇိဝှာယပိ နိဗ္ဗိန္ဒတိ၊ ရသေသုပိ နိဗ္ဗိန္ဒတိ။ ပ။ ကာယသ္မိံ ပိ နိဗ္ဗိန္ဒတိ၊ ဖောဋ္ဌဗ္ဗေသုပိ နိဗ္ဗိန္ဒတိ။ ပ။ မနသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဓမ္မေသုပိ နိဗ္ဗိန္ဒတိ၊ မနောဝိညာဏေပိ နိဗ္ဗိန္ဒတိ၊ မနောသမ္ဖဿေပိ နိဗ္ဗိန္ဒတိ၊ ယမ္ပိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ။

၈- ဣမသ္မိံပန ဝေယျာကရဏသ္မိံ ဘညမာနေ တဿ ဘိက္ခုသဟဿဿ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံ သု။

ဤသို့ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူ၏။

ဤ၌ အတ္ထကား-

'ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ ခပ်သိမ်းသော ဘုံ ၃ ပါး၌ဖြစ်သော သင်္ခါရတရားသည်[၁]။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စသဗ္ဗံ၊ အဘယ်ခပ်သိမ်းသော တေဘုမ္မကသင်္ခါရတရားသည်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်သနည်း။ စက္ခု၊ ပသာဒစက္ခုသည်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ရူပါ၊ ရူပါရုံတို့သည်။ အာဒိတ္တာ၊ ပြောင်ပြောင်လောင်ကုန်၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ အာဒိတ္တော၊ ပြောင်ပြောင်လောင်၏။ စက္ခုသမ္ဖဿပစ္စယာ၊ စက္ခုသမ္ဖဿကြောင့်။ သုခံ ဝါ၊ သုခကို လည်းကောင်း။ ဒုက္ခံ ဝါ၊ ဒုက္ခကို လည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမ သုခကို လည်းကောင်း။ ယမ္ပိဒံ-ယံဣဒံ ဝေဒယိတံ၊ အကြင် ခံစားအပ်သော ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိ ဝေဒယိတံ၊ ထို ခံစားအပ်သော ဝေဒနာသည်လည်း။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်သနည်း။ ရာဂဂ္ဂိနာ၊ 'ရာဂ' ဟူသော မီးဖြင့်။ ဒေါသဂ္ဂိနာ၊ 'ဒေါသ' ဟူသောမီးဖြင့်။ မောဟဂ္ဂိနာ၊ 'မောဟ' ဟူသောမီးဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ဇာတိယာ၊ ဇာတိဟူသောမီးဖြင့်။ ဇရာယ၊ အိုခြင်းဟူသောမီးဖြင့်။ မရဏေန၊ 'သေခြင်း' ဟူသောမီးဖြင့်။ သောကေဟိ၊ 'စိုးရိမ်ခြင်း' ဟူသောမီးဖြင့်။ ပရိဒေဝေဟိ၊ 'ငိုကြွေးခြင်း' ဟူသော မီးတို့ဖြင့်။ ဒုက္ခေဟိ၊ 'ဆင်းရဲခြင်း' ဟူသောမီးတို့ဖြင့်။ ဒေါမနဿေဟိ၊ 'နှလုံး မသာယာခြင်း' ဟူသောမီးတို့ဖြင့်။ ဥပါယာသေဟိ၊ 'သက်ကြီးရှိုက်တငင် ပင်ပန်းခြင်း' ဟူသော မီးတို့ဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။

'သောတံ၊ ပသာဒသောတသည်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ သဒ္ဒါ၊ သဒ္ဒါရုံတို့သည်။ အာဒိတ္တာ၊ ပြောင်ပြောင်လောင်ကုန်၏။ သောတဝိညာဏံ၊ သောတဝိညာဉ်သည်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။

၁- ၃ပါးမီးတရားသည်။

သောတသမ္ဖဿော၊ သောတသမ္ဖဿသည်။ အာဒိတ္တော၊ ပြောင်ပြောင်လောင်၏။ သောတသမ္ဖဿ ပစ္စယာ၊ သောတသမ္ဖဿကြောင့်။ သုခံ ဝါ၊ သုခကို လည်းကောင်း။ ဒုက္ခံ ဝါ၊ ဒုက္ခကိုလည်းကောင်း။ အဒုက္ခ,မသုခံ ဝါ၊ အဒုက္ခမ သုခကို လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ ဝေဒယိတံ၊ အကြင် ခံစားအပ်သော ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိ ဝေဒယိတံ၊ ထို ခံစားအပ်သော ဝေဒနာသည်လည်း။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်သနည်း။ ရာဂဂ္ဂိနာ၊ 'ရာဂ' ဟူသောမီးဖြင့်၊ ဒေါသဂ္ဂိနာ၊ 'ဒေါသ' ဟူသောမီးဖြင့်။ မောဟဂ္ဂိနာ၊ 'မောဟ' ဟူသောမီးဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ဇာတိယာ၊ 'ဇာတိ' ဟူသောမီးဖြင့်။ ဇရာယ၊ 'အိုခြင်း' ဟူသောမီးဖြင့်။ မရဏေန၊ 'သေခြင်း' ဟူသောမီးဖြင့်။ သောကေဟိ၊ 'စိုးရိမ်ခြင်း' ဟူသောမီးဖြင့်။ ပရိဒေဝေဟိ၊ 'ငိုကြွေးခြင်း' ဟူသောမီးတို့ဖြင့်။ ဒုက္ခေဟိ၊ 'ဆင်းရဲခြင်း' ဟူသော မီးတို့ဖြင့်။ ဒေါမနဿေဟိ၊ 'နှလုံး မသာယာခြင်း' ဟူသော မီးတို့ဖြင့်။ ဥပါယာသေဟိ၊ 'သက်ကြီးရှိုက်တငင် ပင်ပန်းခြင်း' ဟူသော မီးတို့ဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။

'ဃာနံ၊ ပသာဒဃာနသည်။ အာဒိတ္တံ၊ ၏။ ဂန္ဓာ၊ တို့သည်။ အာဒိတ္တာ၊ ကုန်၏။ ဃာနဝိညာဏံ၊ သည်။ အာဒိတ္တံ၊ ၏။ ဃာနသမ္ဖဿော၊ သည်။ အာဒိတ္တော၊ ၏။ ဃာနသမ္ဖဿပစ္စယာ၊ ကြောင့်။ သုခံ ဝါ၊ သုခကို လည်းကောင်း။ ဒုက္ခံ ဝါ၊ ဒုက္ခကို လည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမ သုခကိုလည်းကောင်း။ ယဒိဒံ-ယံဣဒံ ဝေဒယိတံ၊ အကြင် ခံစားအပ်သော ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိ ဝေဒယိတံ၊ ထို ခံစားအပ်သော ဝေဒနာသည်လည်း။ အာဒိတ္တံ၊ ၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ နည်း။ ရာဂဂ္ဂိနာ၊ 'ရာဂ'ဟူသောမီးဖြင့်။ ဒေါသဂ္ဂိနာ၊ 'ဒေါသ'ဟူသောမီးဖြင့်။ မောဟဂ္ဂိနာ၊ 'မောဟ'ဟူသောမီးဖြင့်။ အာဒိတ္တံ၊ ၏။ ဇာတိယာ၊ ဖြင့်။ ဇရာယ၊ ဖြင့်။ မရဏေန၊ ဖြင့်။ သောကေဟိ၊ တို့ဖြင့်။ ပရိဒေဝေဟိ၊ တို့ဖြင့်။ ဒုက္ခေဟိ၊ တို့ဖြင့်။ ဒေါမနဿေဟိ၊ တို့ဖြင့်။ ဥပါယာသေဟိ၊ တို့ဖြင့်။ အာဒိတ္တံ၊ ၏။ ဣတိ၊ သို့။ ဝဒါမိ၊ ဟောတော်မူ၏။

'ဇိဝှာ၊ ပသာဒဇိဝှာသည်။ အာဒိတ္တာ၊ ၏။ ရသာ၊ တို့သည်။ အာဒိတ္တာ၊ ကုန်၏။ ဇိဝှာဝိညာဏံ၊ သည်။ အာဒိတ္တံ၊ ၏။ ဇိဝှာသမ္ဖဿော၊ သည်။ အာဒိတ္တော၊ ၏။ ဇိဝှာသမ္ဖဿပစ္စယာ၊ ဇိဝှာယသမ္ဖဿကြောင့်။ သုခံ ဝါ၊ သုခကို လည်းကောင်း။ ဒုက္ခံ ဝါ၊ ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမ သုခကို လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ ဝေဒယိတံ၊ အကြင် ခံစားအပ်သောဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိဝေဒယိတံ၊ ထိုခံစားအပ်သော ဝေဒနာသည်လည်း။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်သနည်း။ ရာဂဂ္ဂိနာ၊ ဖြင့်။ ဒေါသဂ္ဂိနာ၊ ဖြင့်။ မောဟဂ္ဂိနာ၊ ဖြင့်။ အာဒိတ္တံ၊ ၏။ ဇာတိယာ၊ ဖြင့်။ ဇရာယ၊ ဖြင့်။ မရဏေန၊ ဖြင့်။ သောကေဟိ၊ တို့ဖြင့်။ ပရိဒေဝေဟိ၊ တို့ဖြင့်။ ဒုက္ခေဟိ၊ တို့ဖြင့်။ ဒေါမနဿေဟိ၊ တို့ဖြင့်။ ဥပါယာသေဟိ၊ တို့ဖြင့်။ အာဒိတ္တံ၊ ၏။ ဣတိ၊ သို့။ ဝဒါမိ၊ ဟောတော်မူ၏။

'ကာယော၊ ပသာဒကာယသည်။ အာဒိတ္တော၊ ၏။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်။ အာဒိတ္တာ၊ ပြောင်ပြောင်လောင်ကုန်၏။ ကာယ ဝိညာဏံ၊ ကာယဝိညာဉ်သည်။ အာဒိတ္တံ၊ ၍။ ကာယသမ္ဖဿော၊ သည်။ အာဒိတ္တော၊ ၏။ ကာယသမ္ဖဿ၊ ကြောင့်။ သုခံ ဝါ၊ သုခကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ဒုက္ခကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမ သုခကို လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ ဝေဒယိတံ၊ အကြင် ခံစားအပ်သောဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိ ဝေဒယိတံ၊ သည်လည်း။ အာဒိတ္တံ၊ ၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ သနည်း။ ရာဂဂ္ဂိနာ၊ ဖြင့်။ ဒေါသဂ္ဂိနာ၊ ဖြင့်။ မောဟဂ္ဂိနာ၊ ဖြင့်။ အာဒိတ္တံ၊ ၏။ ဇာတိယာ၊ ဖြင့်။ ဇရာယ၊ ဖြင့်။

www.burmeseclassic.com



မရဏေန၊ ဖြင့်။ သောကေဟိ၊ တို့ဖြင့်။ ပရိဒေဝေဟိ၊ တို့ဖြင့်။ ဒုက္ခေဟိ၊ တို့ဖြင့်။ ဒေါမနဿေဟိ၊ တို့ဖြင့်။ ဥပါယာသေဟိ၊ တို့ဖြင့်။ အာဒိတ္တံ၊ ၏။ ဣတိ၊ သို့။ ဝဒါမိ၊ ဟောတော်မူ၏။

'မနော၊ မနသည်။ အာဒိတ္တော၊ ပြောင်ပြောင်လောင်၏။ ဓမ္မာ၊ ဓမ္မာရုံတို့သည်။ အာဒိတ္တာ၊ ပြောင်ပြောင်လောင်ကုန်၏။ မနောဝိညာဏံ၊ မနောဝိညာဉ်သည်။ အာဒိတ္တံ၊ ၏။ မနောသမ္ဖဿော၊ မနောသမ္ဖဿသည်။ အာဒိတ္တော၊ ပြောင်ပြောင်လောင်ကုန်၏။ မနောသမ္ဖဿပစ္စယာ၊ ကြောင့်။ သုခံ ဝါ၊ ကိုလည်းကောင်း။ ဒုက္ခံ ဝါ၊ ကိုလည်းကောင်း။ အဒုက္ခမသုခံ ဝါ၊ ကိုလည်းကောင်း။ ယဒိဒံ-ယံ ဣဒံ ဝေဒယိတံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံပိဝေဒယိတံ၊ ထိုခံစားအပ်သော ဝေဒနာသည်လည်း။ အာဒိတ္တံ၊ ပြောင်ပြောင်လောင်၏။ ကေန၊ ဖြင့်။ အာဒိတ္တံ၊ သနည်း။ ရာဂဂ္ဂိနာ၊ ဖြင့်။ ဒေါသဂ္ဂိနာ၊ ဖြင့်။ မောဟဂ္ဂိနာ၊ ဖြင့်။ အာဒိတ္တံ၊ ၏။ ဇာတိယာ၊ ဖြင့်။ ဇရာယ၊ ဖြင့်။ မရဏေန၊ ဖြင့်။ သောကေဟိ၊ တို့ဖြင့်။ ပရိဒေဝေဟိ၊ တို့ဖြင့်။ ဒုက္ခေဟိ၊ တို့ဖြင့်။ ဒေါမနဿေဟိ၊ တို့ဖြင့်။ ဥပါယာသေဟိ၊ တို့ဖြင့်။ အာဒိတ္တံ၊ ၏။ ဣတိ၊ သို့။ ဝဒါမိ၊ ဟောတော်မူ၏။

'ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ ယထာဝုတ္တနယေန၊ ဤ ငါဟောသောနည်းဖြင့်။ ပဿံ-ပဿန္တော၊ ရှုသော။ သုတဝါ၊ အကြားအမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သားဖြစ်သောသူသည်။ စက္ခုသ္မိံ ပိ၊ ပသာဒစက္ခု၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ရူပေသုပိ၊ ရူပါရုံတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ စက္ခုဝိညာဏေပိ၊ ၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ စက္ခုသမ္ဖဿေပိ၊ ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ စက္ခုသမ္ဖဿပစ္စယာ၊ စက္ခုသမ္ဖဿကြောင့်။ ယဒိဒံ-ယံ ဣဒံ သုခံ ဝါ၊ အကြင် သုခဝေဒနာသည် လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ ဒုက္ခံဝါ၊ အကြင်ဒုက္ခဝေဒနာသည် လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ အဒုက္ခမသုခံ ဝါ၊ အကြင် အဒုက္ခမသုခဝေဒနာသည် လည်းကောင်း၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံပိ၊ ထိုဝေဒနာသည်လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သောတသ္မိံပိ၊ ပသာဒသောတ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သဒ္ဒေသုပိ၊ သဒ္ဒါရုံတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဃာန သ္မိံပိ၊ ပသာဒဃာန၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ ဂန္ဓေသုပိ၊ တို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ ဇိဝှာယပိ၊ ပသာဒဇိဝှာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ ရသေသုပိ၊ ရသာရုံတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ ကာယသ္မိံပိ၊ ပသာဒကာယ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဖောဋ္ဌဗ္ဗေသုပိ၊ ဖောဋ္ဌဗ္ဗာရုံတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ မနသ္မိံပိ၊ မန၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ ဓမ္မေသုပိ၊ ဓမ္မာရုံတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ မနောဝိညာဏေပိ၊ မနောဝိညာဉ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ မနောသမ္ဖဿပိ၊ မနောသမ္ဖဿ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ယဒိဒံ-ယံ ဣဒံ သုခံ ဝါ၊ အကြင် သုခဝေဒနာသည် လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ ဒုက္ခံဝါ၊ ဒုက္ခဝေဒနာသည် လည်းကောင်း။ ယဒိဒံ-ယံ ဣဒံ အဒုက္ခမသုခံ ဝါ၊ အဒုက္ခမသုခဝေဒနာသည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံပိ၊ ထိုဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့သောစိတ်သည်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ မတပ်ခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာမှ လွတ်၏။ ဝိမုတ္တသ္မိံ၊ လွတ်သော အရဟတ္တဖိုလ်စိတ်၌။ ဝိမုတ္တံဣတိ၊ လွတ်ပြီး မှုရှု၍။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ 'မဂ်'တည်းဟူသော သီတင်းကို။ ဝုသိတံ၊ သုံးအပ်ပြီ။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ ကတံ၊ ပြီးပြီ။ အပရံ၊ တစ်ပါးသော။ ဣတ္ထတ္တာယ၊ ၁၆ ပါးသော ကိစ္စအကျိုးငှာ။ နအတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

'ဣမသ္မိံပန ဝေယျာကရဏသ္မိံ၊ ဤသို့ ဂါထာမရှိ စုဏ္ဏိယသက်သက်ဖြစ်သော ဝေယျာကရိုဏ်းကို။ ဘညမာနေ၊ ဟောတော်မူသည်ရှိသော်။ တဿ ဘိက္ခုသဟဿဿ၊ ထို ၁၀၀၀ သောရဟန်းအား။ အနုပါဒါသ၊



www.burmeseclassic.com

www.burmeseclassic.com



တဏှာ၊ ဒိဋ္ဌိအားဖြင့် တစ်စုံတစ်ခုသောအာရုံကို မယူမူ၍။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ စိတ္တာနိ၊ စိတ်တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်၏။"

ဤသို့ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ၁၀၀၀ သော ရသေ့ဟောင်းဖြစ်ကုန်သော ရဟန်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။

ဤသို့ အဘိဓမ္မာ ၇ ကျမ်းကို သုံးသပ်တော်မူသဖြင့် ရောင်ခြည်တော်ထွန်းလင်းလာသည်မှစ၍ ဂယာသီသသို့ ကြွတော်မူပြီး၊ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူပြီးသည်တိုင်အောင် ပြဆိုအပ်သော မာလာလင်္ကာရကျမ်း၏ ဒုတိယပိုင်းကား ဤတွင်ရွှေပြီး၏။

မာလာလင်္ကာရ ဝတ္ထုတော်ကြီး ဒုတိယပိုင်း ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာလင်္ကာရ ဝတ္ထုတော်ကြီး

## တတိယပိုင်း

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

[illegible]

# [illegible]

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



၁- လူအများ ယုံမှားပျောက်ရန် ဥရုဝေလကဿပနှင့် အမေး,အဖြေပြုခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဂယာသီသအရပ်၌[၁] မွေ့လျော်တော်မူသရွေ့ နေတော်မူ၍ ဘုရားလောင်းဖြစ်စဉ်ကာလ ပဏ္ဍဝတောင်၌ ''နောင် ဘုရားအဖြစ်သို့ရောက်တော်မူလျှင် အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ'' ဟု ဗိမ္ဗိသာရမင်း တောင်းပန်ဖူးသောကြောင့်၊ ရာဇဂြိုဟ်ပြည်သို့ ဥရုဝေလကဿပ စသော ညီနောင် ၃ ဦး အမှူးရှိသော ၁၀၀၀ သော ရဟန္တာတို့နှင့်တကွ ကြွတော်မူ၍၊ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလျှင် ထန်းတောဥယျာဉ်ဝယ် ကောင်းစွာဝေသော အခက်အလက် အရွက်ပြည့်ဖြိုးသော သစ်ပင်ရင်း၌ နေတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည်လည်း ဤသို့ သတင်းကြားလင့်၏။ ''အချင်းတို့။ သာကီဝင်မင်းသားဖြစ်သော၊ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော အရှင်ဂေါတမသည် ရာဇဂြိုဟ်ပြည်သို့ ယခုရောက်၍ ထန်းတောဥယျာဉ်ဖြစ်သော လဋ္ဌိဝနအရပ်၌ နေတော်မူသတတ်''

ထိုအရှင်ဂေါတမ၏ ဤသို့ ကျော်စောသတင်းပျံ့နှံ့ခြင်းသည် နှံ့၍တက်၏။

'ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။' ဟူ၍ ပျံ့နှံ့သောကျော်စောခြင်းရှိ၏။

''ထိုအရှင်ဂေါတမသည် နတ်ပြည် ၅ ထပ်နှင့်တကွသော၊ ဝသဝတ္တီနတ်ပြည်နှင့် တကွသော၊ ဗြဟ္မာပြည်နှင့် တကွသော၊ ဤသြကာသလောကကို[၂] ရဟန်း,ပုဏ္ဏားနှင့် တကွသော၊ နတ်,လူနှင့် တကွသော သတ္တဝါအပေါင်းကို မြတ်သောဉာဏ်တော်ဖြင့် မျက်မှောက်ပြုတော်မူ၍ သိတော်မူသတတ်။ ထိုအရှင်ဂေါတမသည် အစ၏ကောင်းခြင်းနှင့်လည်း ပြည့်စုံသော၊ အလယ်၏ကောင်းခြင်းနှင့်လည်း ပြည့်စုံသော၊ အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံသော၊ အနက်သဒ္ဒါနှင့်လည်း ပြည့်စုံသော တရားတော်ကို ဟောတော်မူသတတ်။ အလုံးစုံပြည့်စုံသော၊ ခရုသင်းပွတ်သစ်ကဲ့သို့ စင်ကြယ်လှစွာသော၊ မြတ်သောအကျင့်ကို ပြတော်မူသတတ်။ ထိုသို့သဘောရှိသော ကျေးဇူးတို့နှင့်လည်း ပြည့်စုံကုန်သော၊ ရဟန္တာဖြစ်သော ဘုရားတို့အား မျက်စိဖွင့်၍ ကြည့်ရကာမျှဖြင့်လည်း ကောင်းကျိုးချမ်းသာကို ဆောင်တတ်သည်သာတည်း'' ဟု မြတ်သောဆန္ဒ ရှိသည်ဖြစ်၍-

မဂဓရာဇ်တိုင်းကို အစိုးရသော များသောစစ်သည်ဗိုလ်ပါရှိသော ဗိမ္ဗိသာရမင်းသည် ၁ သိန်း ၂ သောင်း အရေအတွက်ရှိသော မဂဓရာဇ်တိုင်းသား ပုဏ္ဏားသူကြွယ်တို့ဖြင့် ခြံရံလျက်၊ ဘုရားရှိတော်မူရာ လဋ္ဌိဝနဥယျာဉ်သို့ သွားလေ၍၊ ဘုရားသခင်ကို ရှိခိုးပြီးသော် လျောက်ပတ်ရာအရပ်၌ နေလေ၏။ ၁ သိန်း ၂ သောင်းသော မဂဓရာဇ်တိုင်းသား ပုဏ္ဏားသူကြွယ်တို့သည်လည်း အချို့ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ နေကြကုန်၏။ အချို့ကား ဘုရားသခင်နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောကုန်ပြီး၍၊ အသက်ထက်ဆုံး မှတ်အပ်သောစကားကို ဆို၍ လျောက်ပတ်ရာအရပ်၌ နေကြကုန်၏။ အချို့ကား ဘုရားရှိရာအရပ်သို့ 'လက်အုပ်ညွတ်စေ၍ သင့်တင့်

၁- ဗာရာဏသီပြည်၌။ ၂- လောက ၃ ပါးကို

www.burmeseclassic.com

www.burmeseclassic.com



ရာ၌ နေကြကုန်၏။ အချို့ကား ဘုရားသခင်အထံတော်၌ အမျိုးအနွယ်ကိုကြား၍ လျှောက်ပတ်ရာတွင် နေကြကုန်၏။ အချို့ကား ဆိတ်ဆိတ်နေကြကုန်၏။

ထိုအခါ၌ ၁ သိန်း ၂ သောင်းသော မဂဓရာဇ်တိုင်းသား ပုဏ္ဏားသူကြွယ်တို့အား "အသို့တုံအုံ့နည်း။ ရဟန်းကြီးသည်တည်း ဥရုဝေလကဿပ၏အထံ၌ မြတ်သောအကျင့်ကို ကျင့်ရသလော။ သို့မဟုတ် ဥရုဝေလကဿပသည်တည်း ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်ရသလော" ဟု အကြံဖြစ်ကုန်၏။

ထိုအခါ၌ ဘုရားသခင်သည် ၁ သိန်း ၂ သောင်းသော မဂဓရာဇ်တိုင်းသား ပုဏ္ဏားသူကြွယ်တို့၏ အကြံကို သိတော်မူ၍ ဥရုဝေလကဿပကို ဂါထာဖြင့် မေးတော်မူ၏။ မေးဟန်ကား-

'ကိမေဝ ဒိသွာ ဥရုဝေလဝါသိ၊ ပဟာသိ အဂ္ဂိံ ကိသကောဝဒါနော။

ပုစ္ဆာမိ တံ ကဿပ ဧတမတ္ထံ၊ ကထံ ပဟီနံ တဝ အဂ္ဂိဟုတ္တံ။' ဟူသည်တည်း။

ဤ၌အနက်ကား-

"ဥရုဝေလဝါသိ၊ ဥရုဝေလအရပ်၌နေသော။ ကဿပ၊ ကဿပ။ တွံ၊ သင်သည်။ ကိသကောဝဒါနော၊ အကျင့်ဖြင့် ကြုံလှီသောကိုယ်ရှိသော ရသေ့တို့ကို ဆုံးမတတ်သော ဆရာဖြစ်လျက်။ ကိမေဝ၊ အဘယ်သို့သာလျှင်။ ဒိသွာ၊ မြင်၍။ အဂ္ဂိံ၊ မီးပူဇော်ခြင်းကို။ ပဟာသိ၊ စွန့်သနည်း။ ကဿပ၊ ကဿပ။ တံ သင့်ကို။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆာမိ၊ မေးတော်မူ၏။ ကထံ၊ အဘယ်ကြောင့်။ တဝ၊ သင်၏။ အဂ္ဂိဟုတ္တံ၊ မီးပူဇော်ခြင်းကို။ ပဟီနံ၊ စွန့်သနည်း"

ဤသို့ ဘုရားသခင် မေးတော်မူလျှင် ဥရုဝေလကဿပသည်လည်း ဂါထာဖြင့် ဤသို့လျှောက်၏။ လျှောက်ဟန်ကား-

'ရူပေ စ သဒ္ဒေ စ အထော ရသေ စ၊ ကာမိတ္ထိယော စာဘိဝဒန္တိ ယညာ။

ဧတံ မလန္တိ ဥပဓီသု ဉတွာ၊ တသ္မာ န ယိဋ္ဌေ န ဟုတေ အရဉ္ဇိ'၊ ဟူသည်တည်း။

ဤ၌အနက်ကား-

"ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ရူပေစ၊ အဆင်းတို့ကို လည်းကောင်း။ သဒ္ဒေစ၊ အသံတို့လည်းကောင်း။ အထော၊ ထိုမြို့။ ရသေ စ၊ အရသာတို့ကိုလည်းကောင်း။ ကာမိတ္ထိယောစ၊ မိန်းမတို့ကို လည်းကောင်း။ ဧတေ ကာမေ၊ ထိုကာမဂုဏ်တို့ကို။ ယညာ-ရာဂယောတု၊ ယဇ်ပူဇော်ခြင်းကြောင့်။ ဣဇ္ဈန္တီတိ၊ ပြည့်စုံကုန်၏ဟု။ အဘိဝဒန္တိ၊ ဆိုကုန်၏။ ဧတံသဗ္ဗံ၊ ထိုအလုံးစုံကို။ ဥပဓီသု၊ 'ခန္ဓာ' ဟူသော ဥပဓိတို့၌။ မလန္တိ၊ အညစ်အကြေးဖြစ်သည်ဟု။ ယသ္မာ၊ အကြင်ကြောင့်။ ဉတွာ-ဉာတိ၊ သိ၏။ တသ္မာ၊ ထို့ကြောင့်။ ယိဋ္ဌေ၊ ယဇ်ကြီးပူဇော်ခြင်း၌လည်း။ နအရဉ္ဇိ၊ မမွေ့လျော်။ ဟုတေ၊ နေ့တိုင်း ယဇ်ပူဇော်ခြင်း၌လည်း။ နအရဉ္ဇိ၊ မမွေ့လျော်သတည်း"

ဥရုဝေလကဿပသည် ဘုရားသခင်အား ရိုသေစွာရှိခိုး၍ ဤသို့လျှောက်ကြား ဖြေဆိုသော်၊ ဘုရားသခင်လည်း တစ်ဖန် ဂါထာဖြင့် မေးတော် မူလိုပြန်ရကား-

'ဧတ္ထေဝ တေ မနော န ရမိတ္ထ ကဿပါတိ ဘဂဝါ၊ ရူပေသု ဘဒ္ဒေသု အထော ရသေသု။

အထ ကောစရဟိ ဒေဝမနုဿလောကေ၊ ရတော မနော ကဿပ ဗြူဟိ မေတံ။' ဟူသည်တည်း။

ဤ၌ အနက်ကား-

"ကဿပ၊ ကဿပ။ ရူပေသုစ၊ အဆင်းတို့၌ လည်းကောင်း။ သဒ္ဒေသုစ၊ အသံတို့၌လည်းကောင်း၊ အထော၊ ထိုမြို့။ ရသေသုစ၊ အရသာတို့၌ လည်းကောင်း။ ဧတ္ထေဝ ကာမေသု၊ ထိုကာမဂုဏ်တို့၌။ နရမိတ္ထ၊



www.burmeseclassic.com

www.burmeseclassic.com



မမွေ့လျော်အံ့။ အထ၊ ထိုသို့ မမွေ့လျော်သည်ရှိသော်။ ကောစရဟိဒေဝမနုဿလောကေ၊ အဘယ် လူ့ပြည်၊ နတ်ပြည်၌။ တေ၊ သင်၏။ မနော၊ နှလုံးသည်။ ရတော၊ မွေ့လျော်သနည်း။ ကဿပ၊ ကဿပ။ မေ၊ ငါ့အား။ ဧတံကာရဏံ၊ ထိုအကြောင်းကို။ ဗြူဟိ၊ ဖြေဘိလော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပုစ္ဆိ၊ မေးတော်မူ၏။''

ဘုရားသခင် မေးတော်မူသည်ကို ဥရုဝေလကဿပသည်လည်း ဤဂါထာဖြင့် ရိုသေစွာရှိခိုး၍ ဤသို့ လျှောက်ပြန်၏။ လျှောက်ဟန်ကား-

'ဒိသွာ ပဒံ သန္တ မနူပဓိကံ၊ အကိဉ္စနံ ကာမဘဝေ အသတ္တံ။

အနညထာဘာဝိ မနညနေယျံ၊ တသ္မာ န ယိဋ္ဌေ န ဟုတေ အရဉ္ဇိံ။' ဟူသည်တည်း။

ဤ၌အနက်ကား-

''ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ယံပဒံ၊ အကြင်နိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ အနူပဓိကံ၊ ခန္ဓာ စသော ဥပဓိသည် မရှိ။ အကိဉ္စနံ၊ ရာဂ အစရှိသော ကြောင့်ကြခြင်းလည်း မရှိ။ ကာမဘဝေ၊ ကာမဘဝ၌။ အသတ္တံ၊ မငြိ။ အနညထာဘာဝိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းလည်း မရှိ။ အနညနေယျံ၊ မဂ်,ဖိုလ်မှ တစ်ပါးသောဥစ္စာဖြင့်လည်း မရောက်အပ်။ တံပဒံ၊ ထိုနိဗ္ဗာန်ကို။ ယသ္မာ၊ အကြင့်ကြောင့်။ အဒ္ဒသံ၊ မြင်၏။ တသ္မာ၊ ထိုသို့မြင်သောကြောင့်။ ယိဋ္ဌေ၊ ကြီးသောယဇ်ပူဇော်ခြင်း၌လည်း။ နအရဉ္ဇိံ၊ မမွေ့လျော်။ ဟုတေ၊ နေ့တိုင်းပူဇော်သော ယဇ်ငယ်၌လည်း။ နအရဉ္ဇိ၊ မမွေ့လျော်။''

ဤသို့ ဥရုဝေလကဿပသည် ဘုရားသခင်အားလျှောက်ပြီးသော် နေရာမှ ထ၍၊ ကိုယ်ဝတ် စမွယ် တင်သည်ကို ပြု၍၊ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးဖြင့် တိုက်၍ ဘုရားသခင်အား ဤသို့ လျှောက်၏။ ''ရှင်ပင်ဘုရား။ သဗ္ဗညုမြတ်စွာဘုရားကား ဆရာ, အကျွန်ုပ်ကား တပည့်တည်း။ အရှင်ဘုရား။ သဗ္ဗညု မြတ်စွာဘုရားကား အကျွန်ုပ်၏ဆရာ, အကျွန်ုပ်ကား တပည့်'' ဟု လျှောက်၏။

ထိုအခါ ၁ သိန်း ၂ သောင်းသော ပုဏ္ဏားသူကြွယ်တို့သည် 'ဥရုဝေလကဿပကား ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်သတည်း' ဟု သိကုန်၏။

ထို့နောင်မှ ဘုရားသခင်သည် ၁ သိန်း ၂ သောင်းသော ပုဏ္ဏားသူကြွယ်တို့၏စိတ်အကြံကို သိတော်မူ၍ အစဉ်ဖြစ်သောစကားကို ပြတော်မူ၏။ စကားအစဉ် ဟူသည်ကား- ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမတို့၌အပြစ်, တောထွက်ခြင်း၌ အကျိုးတည်း။ ။ ထိုစကားအစဉ်ကို ပြတော်မူ၏။

ထိုပရိသတ်တို့သည် နူးညံ့သော, နီဝရဏကင်းသော, တက်ကြွသော, ကြည်ညိုသောစိတ် ရှိပြီးသော်၊ ဘုရားသခင်သည် ကိုယ်တော်မှ အသီးထုတ်အပ်သော မွေဒေသနာကို ပြတော်မူ၏။ ပြတော်မူသော ဒေသနာကား- 'ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ' ဟူသော သစ္စာ ၄ ပါးတည်း။ ။ ထိုတရားတို့ကို ပြတော်မူ၏။

ဤဒေသနာကို ပြတော်မူသောအဆုံး၌ ဥပမာအားဖြင့် ဖြူစင်သန့်ရှင်း မဲ့မည်းကင်းသောပုဆိုးကို ကောင်းစွာ ဆိုးရည်၌နှစ်ဘိသကဲ့သို့၊ ဗိမ္ဗိသာရမင်း အမှူးရှိသော ၁ သိန်း ၂ သောင်းသောပရိသတ်တို့သည် နေရာ၌ပင်လျှင် 'ကင်းသောကိလေသာ'တည်းဟူသော မြူ ရှိသည်[၁]၊ အညစ်အကြေးကင်းသည် ဖြစ်၍ သောတာပန်အဖြစ်သို့ ရောက်လေကုန်၏။ ၁ သောင်းသော ပရိသတ်တို့သည် ရတနာ ၃ ပါးသို့ ဆည်းကပ်သော ဥပါသကာအဖြစ်သို့ ရောက်လေကုန်၏။

၁- ကင်းသောကိလေသာတည်းဟူသော မြူမရှိသော။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ များစွာသော စစ်သည်ဗိုလ်ပါ ရှိကုန်သော, မဂဓရာဇ်တိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်အဖြစ်သို့ ရောက်ပြီးသော်၊ ဘုရားသခင်ကို ဤသို့လျှောက်၏။

"ရှင်ပင်ဘုရား။ ရှေးကာလ အိမ်ရှေ့မင်းဖြစ်သောအခါ အကျွန်ုပ်အား ၅ ပါးသောတောင့်တခြင်းတို့သည် ဖြစ်ကုန်သည်။ ထို ၅ ပါးသောတောင့်တခြင်းတို့သည် ယခု ပြည့်စုံပြီ။ ။ ရှင်ပင်ဘုရား။ အိမ်ရှေ့မင်းဖြစ်သည်ကာလ 'ငါ့ကို မင်းစည်းစိမ်၌ ဘိသိက်သွန်းပါမူ ကောင်းလေစွ' ဟု ရှေးဦးစွာ တောင့်တသည်။ ထိုတောင့်တခြင်းသည် ယခု ပြည့်စုံလေပြီ။ ။ 'ငါ၏ နိုင်ငံသို့မြတ်သော ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားသည် ကြွလာတော်မူပါသော်ကား ကောင်းလေစွ' ဟု ၂ ကြိမ်မြောက်သောတောင့်တခြင်း ဖြစ်ပါသည်။ ထိုတောင့်တခြင်းလည်း ယခု ပြည့်စုံလေပြီ။ ။ 'ဘုရားသခင်ကို ဆည်းကပ်ရပါမူကား ကောင်းလေစွ' ဟု ၃ ကြိမ်မြောက်သောတောင့်တခြင်း ဖြစ်ပါသည်။ ထိုတောင့်တခြင်းလည်း ယခု ပြည့်စုံလေပြီ။ ။ 'သဗ္ဗညု မြတ်စွာဘုရားသည် ငါ့အား တရားတော်ကို ဟောပါမူကား ကောင်းလေစွ' ဟု ၄ ကြိမ်မြောက် သောတောင့်တခြင်း ဖြစ်ပါသည်။ ထိုတောင့်တခြင်းလည်း ယခု ပြည့်စုံပေပြီ။ ။ 'ထိုမြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို သိရပါမူကား ကောင်းလေစွ' ဟု ၅ ကြိမ်မြောက်သောတောင့်တခြင်း ဖြစ်ပါသည်။ ထိုတောင့်တခြင်းလည်း ယခု ပြည့်စုံလေပြီ။

"ရှင်ပင်ဘုရား။ မင်းသားလက်ထက် ဤ ၅ ချက်သောတောင့်တခြင်းတို့သည် ဖြစ်ကုန်သည်။ ထို ၅ ချက်သောတောင့်တခြင်းတို့သည် ယခု ပြည့်စုံပေပြီ။ ရှင်ပင်ဘုရား ဟောတော်မူသော တရားတော်သည် အလွန်ကောင်းလေစွ။ ဥပမာမည်သည်ကား မှောက်၍ထားသောအိုးကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်း၍ထားသော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့၊ ခရီးမှားသောသူအား 'သည်မှာခရီး' ဟု ညွှန်ပြဘိသကဲ့သို့၊ အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ညှိထောင် ထွန်းဘိသကဲ့သို့၊ မျက်စိအမြင်ရှိသောသူသည် အနီ,အဖြူစသော ရူပါရုံတို့ကို မြင်ဘိသကဲ့သို့၊ ထို့အတူသာလျှင် ရှင်ပင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ဟောကြား ညွှန်ပြတော်မူပေသည်။

"ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ဘုရားသခင်ကို ဆည်းကပ်ခြင်းသို့ ရောက်ပါ၏။ တရားတော်ကို ဆည်းကပ်ခြင်းသို့ ရောက်ပါ၏။ သံဃာတော်ကို ဆည်းကပ်ခြင်းသို့ ရောက်ပါ၏။ ရှင်ပင်ဘုရား။ ယနေ့မှစ၍ အသက်ထက်ဆုံး အကျွန်ုပ်ကို ရတနာ ၃ ပါးသို့ ဆည်းကပ်ရှိသေ ကိုးကွယ်သောဥပါသကာ ဟု မှတ်တော်မူပါ။ နက်ဖြန်လည်း သံဃာတော်နှင့်တကွ အကျွန်ုပ်ဆွမ်းကို ခံတော်မူပါ" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း ဘုရားသခင်၏ သည်းခံခြင်းကိုသိ၍ နေရာမှထပြီးသော် မြတ်စွာဘုရားကို ရှိခိုး၍၊ လက်ယာရစ်လှည့်သည်ကို ပြု၍ သွားလေ၏။

## ၂- သိကြားမင်းရွှတ်ဆိုသောသီချင်းကို ပြုခြင်း

ထိုအခါ၌ ဗိမ္ဗိသာရမင်းကြီးသည် ထိုညဉ့်လွန်မြောက် မိုးသောက်သောကာလ၌ မွန်မြတ်သောဘောဇဉ် ခဲဖွယ်တို့ကို ပြည့်စုံစေ၍၊ မြတ်စွာဘုရားအား "ရှင်ပင်ဘုရား။ အချိန် တန်ပါပြီ။ ဆွမ်းပြင်၍ ပြီးပါပြီ" ဟု ကြားလျှောက်စေ၏။

ဘုရားသခင်သည်လည်း နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍၊ သပိတ်,သင်္ကန်းကို ယူ၍ ၁၀၀၀ သော ရဟန်းသံဃာနှင့်တကွ ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်တော်မူလေ၏။ ထိုသို့ဝင်တော်မူသောအခါ၌ သိကြား



www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းသည် လုလင်ငယ်အသွင် ဖန်ဆင်း၍၊ ဘုရား အမှူးရှိသော သံဃာတော်၏ရှေ့မှ သွား၍ ဤဂါထာတို့ကို သီချင်း သီ၏။

'ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။
'မုတ္တော မုတ္တေဟိ သဟ ပုရာဏဇဋိလေဟိ၊ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။
'တိဏ္ဏော တိဏ္ဏေဟိ သဟ ပုရာဏဇဋိလေဟိ၊ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။
'ဒသဝါသော ဒသဗလော၊ ဒသဓမ္မဝိဒူ ဒသဘိ စုပေတော။
သော ဒသသတပရိဝါရကော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။'

ဤ၌အဓိပ္ပါယ်-

"ဒန္တော၊ ယဉ်ကျေးသောနှလုံး ရှိတော်မူထသော။ ဝိပ္ပမုတ္တော၊ ကိလေသာမှ လွတ်မြောက်ပြီးထသော။ သိင်္ဂီနိက္ခသဝဏ္ဏော၊ သိင်္ဂီနိက္ခရွှေစင်၏အဆင်းနှင့် တူသောအဆင်း ရှိထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒန္တေဟိ၊ ယဉ်ကျေးသောနှလုံး ရှိကုန်ထသော။ ဝိပ္ပမုတ္တေဟိ၊ ကိလေသာမှ လွတ်မြောက်ကုန်ပြီးထသော။ ပုရာဏဇဋိလေဟိ၊ ရှေး၌ ရသေ့ဖြစ်ဖူးသော ၁၀၀၀ သောရဟန္တာတို့နှင့်။ သဟ၊ တကွ။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပါဝိသိ၊ ဝင်တော်မူ၏။"

"မုတ္တော၊ သံသရာဝဋ်ဆင်းရဲ ရေအယဉ်မှ လွတ်ပြီးထသော။ ဝိပ္ပမုတ္တော၊ ကိလေသာမှ လွတ်ပြီးထသော။ သိင်္ဂီနိက္ခသဝဏ္ဏော၊ သိင်္ဂီနိက္ခရွှေစင်၏အဆင်းနှင့် တူသောအဆင်းရှိထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မုတ္တေဟိ၊ သံသရာဝဋ်ဆင်းရဲရေအယဉ်မှ လွတ်ကုန်ပြီးထသော။ ဝိပ္ပမုတ္တေဟိ၊ ကိလေသာမှလွတ်ကုန်ပြီးထသော။ ပုရာဏဇဋိလေဟိ၊ ရှေး၌ ရသေ့ဖြစ်ဖူးသော ၁၀၀၀ သောရဟန္တာတို့နှင့်။ သဟ၊ တကွ။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပါဝိသိ၊ ဝင်တော်မူ၏။"

"တိဏ္ဏော၊ သံသရာရေအယဉ်မှ ကူးမြောက်ပြီးထသော။ ဝိပ္ပမုတ္တော၊ ကိလေသာမှ လွတ်မြောက်ပြီးထသော။ သိင်္ဂီနိက္ခသဝဏ္ဏော၊ သိင်္ဂီနိက္ခရွှေစင်၏အဆင်းနှင့် တူသောအဆင်းလည်းရှိထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တိဏ္ဏေဟိ၊ သံသရာရေအယဉ်မှ ကူးမြောက်ကုန်ပြီးထသော။ ဝိပ္ပမုတ္တေဟိ၊ ကိလေသာမှ လွတ်ကုန်ပြီးထသော။ ပုရာဏဇဋိလေဟိ၊ ရှေး၌ ရသေ့ဖြစ်ဖူးသော ၁၀၀၀ သောရဟန္တာတို့နှင့်။ သဟ၊ တကွ။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပါဝိသိ၊ ဝင်တော်မူ၏။"

"ဒသဝါသော၊ အရိယာတို့၏နေခြင်းလည်း ရှိတော်မူထသော။ ဒသဗလော၊ ၁၀ပါးသော ကိုယ်တော်၏အား၊ ဉာဏ်တော်၏အား နှင့်လည်း ပြည့်စုံတော်မူထသော။ ဒသဓမ္မဝိဒူ၊ ၁၀ ပါးသော ကုသိုလ်ကမ္မပထ တရားကိုလည်း သိတော်မူပြီးထသော။ ဒသဘိစ၊ ၁၀ ပါးသော (အသေခ) အင်္ဂါတို့နှင့်လည်း။ ဥပေတော၊ ပြည့်စုံတော်မူထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒသသတပရိဝါရတော၊ ၁၀၀၀ သော ရဟန္တာတို့ဖြင့် ခြံရံကုန်လျက်။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပါဝိသိ၊ ဝင်တော်မူ၏။"

ထိုအခါ၌ လူတို့သည် သိကြားနတ်မင်းကို မြင်၍ "ဤလုလင်ငယ်ကား အလွန် အဆင်းလှစွ။ ရှုချင်ဖွယ် ရှိစွ။ ကြည်ညိုဖွယ်ရှိစွ။ လုလင်ငယ်သည် အဘယ်သူ့သားမြေး ဖြစ်သနည်း" ဟု ဆိုကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သိကြားနတ်မင်းလည်း ထိုသူတို့ကို ဂါထာဖြင့် ဖြေကြားလိုရကား-
'ယော ဓီရော သဗ္ဗဓိ ဒန္တော၊ သုဒ္ဓေါ အပ္ပဋိပုဂ္ဂလော။
အရဟံ သုဂတော လောကေ၊ တဿာဟံ ပရိစာရကော။' ဟူသောဂါထာဖြင့် ဖြေကြား၏။

ဤဂါထာ၌ အနက်မြန်မာကား-

"သောဗ္ဗော၊ အို-လူအများတို့။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဓီရော၊ မြဲမြံတည်ကြည်သော လုံ့လပညာတော်နှင့်လည်း ပြည့်စုံတော်မူ၏။ သဗ္ဗဓိ၊ ခပ်သိမ်းသော ဣန္ဒြေတို့၌။ ဒန္တော၊ ယဉ်ကျေးတော်မူ၏။ သုဒ္ဓေါ၊ ခပ်သိမ်းသော ကိလေသာတို့မှ စင်တော်မူ၏။ အပ္ပဋိပုဂ္ဂလော၊ တုဖက်ပုဂ္ဂိုလ် မရှိ။ အရဟံ၊ လူ,နတ်တို့၏ ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်၏။ သုဂတော၊ သန့်ကြယ်သောတရားစကားကိုလည်း ဟောကြားတော်မူတတ်၏။ အဟံ၊ ငါကား။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ ပရိစာရကော၊ အလုပ်အကျွေးတည်း။ ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ ဖြေကြား၏။"

## ၃- ဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူခြင်း

ဘုရားသခင်သည် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်သို့ သံဃာတော်နှင့်တကွ ကြွတော်မူ၍ ခင်းအပ်သော မြတ်စွာဘုရား၏နေရာတော်၌ နေ၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို မြတ်သော ဘောဇဉ်ခဲဖွယ်တို့ဖြင့် မိမိကိုယ်တိုင် လုပ်ကျွေး၍၊ ဆွမ်းဘုဉ်းပေးပြီးသော်, သပိတ်တော်မှဖဲသော လက်တော်ရှိပြီးသော် လျောက်ပတ်ရာ၌ ရှိခိုးလျက်နေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးအား ဤသို့အကြံ ဖြစ်၏။ 'ဘုရားသခင်သည် အဘယ်အရပ်၌ ကိန်းဝပ်တော်မူ၍ သင့်မည်နည်း။ အကြင်အရပ်သည် မြို့ရွာမှ မနီးမဝေးသော အလားအလာနှင့် ပြည့်စုံ၏။ ဖူးတွေ့လိုကုန်သော သူတို့သည်လည်း သွားလွယ်,ရောက်လွယ်၏။ နေ့အခါ၌ လူတို့နှင့် မပြွမ်း။ ညဉ့်အခါ၌ အသံမတိတ်ဆိတ်လွန်း။ ထွက်ဝင်သွားလာသောသူတို့၏ အငွေ့လည်း ကင်း၏။ လူတို့၏ လျှို့ဝှက်သောအမှုကိုပြုရာ ဆိတ်ငြိမ်ခြင်းအား လျောက်ပတ်သည် ဖြစ်ရာ၏။ ထိုအရပ်၌ ဘုရားသခင် ကိန်းဝပ်တော်မူထိုက်၏' ဟု အကြံဖြစ်၏။

ထို့နောင်မှ ဤသို့ ကြံပြန်၏။ 'ငါတို့၏ ဝေဠုဝန်ဥယျာဉ်သည် ရွာမှ မဝေးလွန်း,မနီးလွန်း အလားအလာနှင့်ပြည့်စုံ၏။ ဘုရားသခင်ကို ဖူးတွေ့လိုသော လူတို့သည်လည်း သွားလွယ် ရောက်လွယ်၏။ နေ့အခါ၌လည်း လူတို့နှင့် မပြွမ်း။ ညဉ့်အခါ၌လည်း အသံ မတိတ်ဆိတ်လွန်း။ ထွက်ဝင်သွားလာသောလူတို့၏ အငွေ့လည်း ကင်း၏။ လူတို့၏လျှို့ဝှက်သောအမှုကိုပြုရာ၌ ဆိတ်ငြိမ်ခြင်းအား လျောက်ပတ်၏။ ငါသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝေဠုဝန်ဥယျာဉ်ကို လှူရသော် ကောင်း၏' ဟု အကြံဖြစ်လေ၏။

ထိုသို့ကြံပြီးမှ ရွှေကရားကို ကိုင်၍ "ဘုရားအမှူးရှိသော သံဃာတော်တို့အား ဝေဠုဝန်ဥယျာဉ်ကို လှူပါ၏" ဟု မြတ်စွာဘုရားကို လျှောက်ကြား၍ လှူလေ၏။ ဘုရားသခင်သည်လည်း ခံတော်မူ၏။ ထို့နောင်မှ ဘုရားသခင်သည် ဗိမ္ဗိသာရမင်းကြီးအား တရားဓမ္မပြတော်မူ၍ နန်းတော်မှကြွတော်မူလေ၏။

ထိုအခါ၌ ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့။ အာရာမ်ကို အလှူခံစိမ့်သောငှာ ငါဘုရား ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၄- ဥပတိဿ, ကောလိတတို့ အမြိုက်တရားကို ရှာကြခြင်း

ရာဇဂြိုဟ်ပြည်၌ 'သိဉ္စည်း'အမည်ရှိသော ပရိဗိုဇ်ရဟန်းသည် ၂ ရာ ၅ ကျိပ် (၂၅၀) သော ပရိဗိုဇ်ရဟန်းတို့နှင့်တကွ နေလင့်သည် ဖြစ်၏။ ထိုအခါ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့သည် သိဉ္စည်းပရိဗိုဇ်အထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။

ထို ၂ ဦးသော အရှင်တို့သည်လည်း ရှေးလူဖြစ်စဉ်ကာလက 'ဥပတိဿ, ကောလိတ' ဟူ၍ တွင်၏။ တစ်ယောက်-တစ်ယောက်၌ ၂ ရာ ၅ ကျိပ်သောလုလင်တို့ဖြင့် ခြံရံလျက် တောင်ထွတ်သဘင်ကို ကြည့်ရှုအံ့သောငှာ သွားကြလေသော်၊ များစွာသောလူတို့ကို မြင်၍ ဤသို့ အကြံဖြစ်၏။ "ဤ များစွာသောလူအပေါင်းသည် အနှစ် ၁၀၀ မပြည့်မီ သေမင်း၏ခံတွင်း၌ ကျလတ္တံ့" ဟု အကြံဖြစ်၏။ ထို့နောင်မှ ၂ ဦးသောသူတို့သည် ပရိသတ်တို့ ထသွားပြီးသော် အချင်းချင်း မေးမြန်းကြ၍၊ အလိုဆန္ဒ တူကြသဖြင့် ရှေးရှုထင်သော 'သေခြင်း'တည်းဟူသော အမှတ် ရှိကြသည်ဖြစ်၍ တိုင်ပင်ကြကုန်၏။

"အဆွေ။ သေခြင်းသဘောသည် ထင်ရှားရှိသည် ဖြစ်သော်၊ မသေသော သဘောသည်လည်း ရှိရာ၏။ ယခု ငါတို့သည်လည်း မသေသောသဘောရှိသော အမြိုက်တရားကို ရှာကြကုန်အံ့" ဟု သိဉ္စည်းပရိဗိုဇ်ထံ ပရိသတ်နှင့်တကွ ရဟန်းပြု၍၊ ၂ ရက်-၃ ရက်လွန်သဖြင့်၊ 'သိဉ္စည်းပရိဗိုဇ်၏ ဉာဏ်အမြင်သည် ဤမျှပင်'ဟု အဆုံးတိုင်အောင်သိ၍၊ အမြိုက်တရားကို မမြင်သောကြောင့် "ဆရာ။ အသို့တုံနည်း။ ဤမှတစ်ပါး အနှစ်သာရရှိသော တရားသည် ရှိပါသေးသလော" ဟု မေးကြကုန်၏။

"ငါ့ရှင်တို့။ မရှိပြီ။ ဤမျှပင်တည်း" ဟု ဆိုသောစကားကို ကြားကုန်၍၊ "ငါ့ရှင်။ ဤအကျင့်သည် အနှစ်သာရ မရှိချေ။ ယခု ငါတို့ ၂ ဦးတွင် အကြင်သူသည် အမြိုက်တရားကို အလျင်ရသည် ဖြစ်အံ့။ ထိုသူသည် တစ်ဦးအား ကြားစေသတည်း" ဟု ကတိကဝတ်ကို ပြုကြကုန်၏။

ထိုအခါ၌ အဿဇိသည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍၊ သပိတ်,သင်္ကန်းကို ယူ၍၊ ကြည်ညိုဖွယ်သော ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း, ခွေခြင်း, ဆန့်ခြင်းဖြင့် အောက်သို့ချသောမျက်လွှာ ရှိသည်ဖြစ်၍ ငြိမ်သက်သော ဣရိယာပုထ်နှင့်ပြည့်စုံလျက် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံ ဝင်တော်မူ၏။

## ၅- အရှင်သာရိပုတ္တရာ သောတာပန်ဖြစ်ခြင်း

အရှင်သာရိပုတ္တရာအလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်ရဟန်းသည် ကြည်ညိုဖွယ်သောဣရိယာပုထ်နှင့် ပြည့်စုံသော အရှင်အဿဇိကို မြင်၍ ဤသို့ အကြံဖြစ်၏။ 'ဤလောက၌ အကြင်သူတို့သည် မြတ်သောပုဂ္ဂိုလ်သတ္တာကို ခံထိုက်ကုန်၏။ အရဟတ္တမဂ်သို့ ရောက်ကုန်၏။ ဤပုဂ္ဂိုလ်လည်း ထိုသူတို့တွင် တစ်ဦးပေတည်း။ ငါသည် ဤရဟန်းသို့ ကပ်၍၊ 'ငါ့ရှင်ကား အဘယ်သူကိုရည်မှတ်၍ ရဟန်းပြုသနည်း။ အဘယ်သူ၏ တပည့်နည်း။ သင်၏ဆရာကား အဘယ်သူနည်း။ သင်သည် အဘယ်သူ၏တရားကို နှစ်သက်သနည်း'ဟု မေးရမူ ကောင်းလေစွ' ဟု အကြံရှိလေ၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာအလောင်းပရိဗိုဇ်သည် ဤသို့ ကြံပြန်၏။ 'ယခုအခါ ရွာတွင်းသို့ ဆွမ်းခံဝင်စဉ် မေးမြန်းရခြင်းသည် အကြောင်းမသင့် အခွင့်မဟုတ်။ ဤရဟန်း၏နောက်သို့ အစဉ်တစိုက်လိုက်ရသော် ကောင်း၏' ဟု အကြံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်အဿဇိသည်လည်း ရာဇဂြိုဟ်ပြည်တွင်း၌ ဆွမ်းခံသွား၍ ဆွမ်းကိုဆောင်ယူလျက် ကြွတော်မူလေ၏။ တစ်ခုသောနံရံ၏အခြေကို မှီလျက် နေတော်မူလေ၏။

အရှင်သာရိပုတ္တရာအလောင်း ပရိဗိုဇ်သည်လည်း အရှင်အဿဇိရှိတော်မူရာသို့ ကပ်၍ ရပ်ပြီးသော်၊ ဝတ်ကြီး,ဝတ်ငယ်ကို ပြု၍၊ အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီးလျှင် မိမိ၏ရေကရားမှရေကို ပေး၍ လက်ဆေးပြီးသော် အရှင်အဿဇိနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောပြီးလျှင်၊ လျောက်ပတ်ရာ၌ နေပြီးသော် အရှင်အဿဇိကို ဤသို့ ဆို၏။

"ငါ့ရှင်။ သင်၏ဣန္ဒြေတို့သည် အထူးသဖြင့်ကြည်ညိုဖွယ် ရှိ၏။ သန့်ရှင်းစင်ကြယ်သော အရေအသား, အဆင်း ရှိ၏။ ငါ့ရှင်။ သင်သည် အဘယ်သူကိုရည်၍ ရဟန်း ပြုသနည်း။ သင်၏ဆရာကား အဘယ်သူနည်း။ အဘယ်သူ၏တရားစကားကို သင် နှစ်သက်သနည်း" ဟု ဆိုလေ၏။

အရှင်အဿဇိလည်း "ငါ့ရှင်။ သာကီဝင်မင်းသားဖြစ်သော, သာကီဝင်မင်းမျိုးမှ ရဟန်းဖြစ်သော, မြတ်သောရဟန်းသည် ရှိ၏။ ထို သာကီဝင်မင်းသား ဘုရားကို ရည်၍ ငါ ရဟန်းပြုသည်။ ထိုဘုရားသခင်သည် ငါ၏ဆရာ။ ထိုဘုရား ဟောတော်မူသောတရားကို ငါ နှစ်သက်သည်" ဟု ဆိုပေသော်၊ "ငါ့ရှင်၏ ဆရာကား အသို့အယူ ရှိသနည်း။ အသို့ ဟောသနည်း" ဟု မေးပြန်၏။

"ငါ့ရှင်။ ငါသည် ဤသာသနာတော်၌ ရဟန်းပြုသောအဖြစ်သည် မကြာမြင့်သေးသည်နှင့် သင့်အား အကျယ်ဟောခြင်းငှာ မတတ်နိုင်။ စိုးစဉ်းသာလျှင် သင့်အား အကျဉ်းဟောအံ့" ဟု ဆိုပေသော်၊ အရှင်သာရိပုတ္တရာအလောင်းပရိဗိုဇ်သည် အရှင်အဿဇိကို ဤသို့ ဆို၏။ "ငါ့ရှင်။ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ ဟောပါလော့။ အနက်ကိုသာလျှင် ငါ့အား ဟောပါလော့။ အနက်ကိုပင် ငါ အလိုရှိ၏။ သဒ္ဒါကို များစွာပြု၍ အဘယ်မူအံ့နည်း" ဟု ဆိုပေသော်၊ အရှင်အဿဇိသည် အရှင်သာရိပုတ္တရာအလောင်းပရိဗိုဇ်အား ဤသို့ ဓမ္မဒေသနာကို ဟောတော်မူပေ၏။

'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။'

အနက်ကား-

"ယေဓမ္မာ၊ အကြင်တရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာလျှင် အမွန်ရှိကုန်၏။ တေသံ-ဓမ္မာနံ၊ ထို ခန္ဓာ ၅ ပါး စသောတရားတို့၏။ ဟေတုံစ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ-အဝေါစ၊ ဟောတော်မူ၏။ တေသံဓမ္မာနံ၊ ထို သစ္စာ ၂ ပါးတို့သည်။ ယောနိရောဓော၊ အကြင် ချုပ်ရာဖြစ်သော နိရောဓသစ္စာသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထို နိရောဓသစ္စာကိုလည်း။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ-အဝေါစ၊ မိန့်တော်မူ၏။ မဟာသမဏော၊ ရဟန်းကြီးဖြစ်သော ဘုရားသခင်သည်။ ဧဝံဝါဒီ၊ ဤသို့သောအယူတော် ရှိ၏။ ဣတိ၊ ဤသို့။ အဘာသိ၊ ဟောတော်မူ၏။'

ဤသို့ ဟောတော်မူသောအဆုံး၌ အရှင်သာရိပုတ္တရာအလောင်းတော် ပရိဗိုဇ်ရဟန်းသည် ဤတရားဒေသနာတော်ကို ကြား၍၊ 'ရာဂ'ဟူသောမြူ ကင်းထသော, 'ကိလေသာ'ဟူသောအညစ်အကြေး ကင်းထသော, တရားဖြင့်ပြီးသော 'သောတာပတ္တိမဂ်ဉာဏ်'တည်း ဟူသော မျက်စိသည် ထင်ရှားဖြစ်၏။ 'ခပ်သိမ်းသောတရားသည် ဖြစ်တတ်သောသဘော ရှိ၏။ ထိုအလုံးစုံသည် ချုပ်တတ်သောသဘော ရှိ၏' ဟု သိသောဉာဏ်အမြင်သည် ထင်ရှားဖြစ်၏။ အကျဉ်းအားဖြင့်ဆိုမူ 'သောတာပန်အဖြစ်သို့ ရောက်၏'ဟူလို သတည်း။



www.burmeseclassic.com

www.burmeseclassic.com



[အရှင်အဿဇိသည် 'ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာဂတောအာဟ' ဟူသော ၂ ပါဒ တိုင်ရုံဟောတော်မူ၍ နာရလျှင်၊ ဂါထာမဆုံးခင် သောတာပန်အဖြစ်သို့ ရောက်သည်ကိုရည်၍၊ အရှင်မဟာရဋ္ဌ သာရသည် ဘူရိဒတ်ဇာတ်ပေါင်းပျို့၌-

'ကင်းကြဲ့ရမ္မက် ပဋ္ဌဝင်တွင် တွက်ကျုံးဝင်သား ထေရ်ရှင်အဿဇိ ပါဠိတွတ်တွတ် ရွတ်သားဂါထာ ယေဓမ္မာက အာဟာတိုင်ရုံ နှစ်စုံပါဒ ကြားကာမျှလျှင် နယတစ်ထောင် ကျယ်ဝန်းဆောင်လျက် တွေးမှောင်ကစ်ါ ဒိဋ္ဌိခွာသော် သောတာပတ္တိ သိရိလာဘ[1] မျှီဦးရ၍ ဗုဒ္ဓရတနာ ငါနှင့်ယှဉ်ပူး လခွဲကျူးသော် တထူးသူ့အား[2] ခူးပြီး ထားသား ဖြူထွားဘတ္တ စားလင့်ရသို့ ဒီဃခန မာထဝကို ဟောထတရား ကြားသောအားဖြင့် ရှစ်ပါးကျုံ့ကြွင်း ထဲရန့်လင်းမှ ဉာဏ်ဝင်းရောင်နွယ် သေဖွယ်လျှင်[3] ပွဲလယ်ပြိုင်ညို[4] ဖက်မရှိသည် သာရိပုတ္တ မည်ထင်ရသည်။ ။ သားလုလက်ယာ နေအံ့တည်း။'' ဟု စပ်တော်မူသတည်း။

ပါရမီခန်း၌ကား-

'ဂါထာစိတ်ဝင် ဟောမြွက်သက်က ဘဝင်တက်ဆို့ လျှံစီးမို့သား[5] ဖြစ်သို့သဘော အာသဝေါကို ကျလျှော့ဖျားရေ မှုန် ဆန်ဖြေ၍[6] မမွေစေရ မင်ဖြင့်ချ၍'ဟု အရှင်မဟာသီလဝံသအကျော် စပ်တော်မူသတည်း။]

ထိုအခါ အရှင်သာရိပုတ္တရာသည် သောတာပတ္တိမျှ ရောက်ချေသေးသည်။ ထိုသို့ဖြစ်လျှင်မူလည်း ''ဤတရားမျှပင်လျှင် ငါတို့ရှာသော တရားတည်း။ အကြင်နိဗ္ဗာန်တရားကို ငါတို့ရှာကုန်လျက် သွားလာလှည့် ပတ်ကုန်ပြီ။ စိုးရိမ်ခြင်း မရှိသော အမြိုက်တရားတို့ကို ရှင်ရဟန်းတို့သည် သိလေကုန်ပြီ။ ငါတို့မူကား အမြိုက် နိဗ္ဗာန်တရားတို့ကို မမြင်ဘဲ များစွာကုန်သော နဟုတသင်္ချာတို့ဖြင့် ရေတွက်အပ်သောကမ္ဘာတို့ဖြင့် လွန်လေကုန်ပြီ'' ဟူ၍ ဆိုပြီးလျှင်၊ အရှင်သာရိပုတ္တရာသည် အရှင်မောဂ္ဂလာန်အလောင်းဖြစ်သော ပရိဗိုဇ်ရဟန်းရှိရာသို့ သွားလေ၏။

အရှင်မောဂ္ဂလာန်အလောင်း ပရိဗိုဇ်ရဟန်းလည်း အရှင်သာရိပုတ္တရာလာသည်ကို အဝေးက မြင်၍၊ ''ငါ့ရှင်။ သင်၏ဣန္ဒြေတို့သည် ကြည်ညိုဖွယ် ရှိ၏။ သန့်ရှင်းစင်ကြယ်သောအရေအဆင်း ရှိ၏။ ထန်းမှည့်အညှာကဲ့သို့ မျက်နှာအဆင်းလှပခြင်း ရှိစွ။ ငါ့ရှင်။ အသို့တုံနည်း။ အမြိုက်နိဗ္ဗာန်ကို ရခဲ့ပြီလော'' ဟု မေး၏။

''ငါ့ရှင်။ ရခဲ့ပြီ'' ဟုဆိုသော်၊ ''အဘယ်သို့ ရသနည်း'' ဟု မေးပြန်၏။ အရှင်အဿဇိကို ဖူးတွေ့ရသည်မှ စ၍၊ အလုံးစုံကိုပြန်ပြော၍ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' စသော ဓမ္မဒေသနာကို ဟောပေသော်၊ အရှင်မောဂ္ဂလာန် လည်း ထိုဒေသနာကို ကြားနာရပြီးသည်၏အဆုံး၌ သောတာပန်အဖြစ်သို့ ရောက်လေ၏။

ဤသို့သောတာပန်အဖြစ် ရောက်လေဟန်ကို အရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်-

'ထိုသူသိဋ္ဌည်း တစ်ယောက်တည်းဝယ် ကပ်ဆည်းလျက်ပင် ဝါဒသင်၍ ဖြူစင်ဓမ္မ အမြိုက်ရသည် ဉာဏဝေခွဲ ကြားစပွဲဟူ အမြဲကတိက ဆိုပြီးမှတည့် ဥပတိဿ ဆည်းထတရား နားပါးသွင်းလာ တစ်ဂါထာဖြင့် သောတာပန္န ဘဝတိုင် မြောက်' ဟု စပ်တော်မူသည်။

ထိုအခါ၌ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာကို ဤသို့ဆို၏။ ''ငါ့ရှင်။ ဘုရားရှိရာ ငါတို့ သွားကုန်အံ့။ ဘုရားသခင်သည်သာ ငါတို့ဆရာတည်း'' ဟု ဆို၏။ အရှင်သာရိပုတ္တရာသည်လည်း ''ငါ့ရှင်။ ဤ ၂ ရာ ၅ ကျိပ်သောပရိဗိုဇ်တို့သည် ငါတို့ကို မှီ၍၊ ငါတို့မျက်နှာကို ရှု၍ ဤသို့ဋ္ဌည်းအထံ၌ နေကုန်သည်။ ထိုသူတို့ကိုလည်း အကြောင်းစကား ပန်ကြားဦးအံ့။ အကြင်အခြင်းဖြင့် အောက်မေ့ကြံစည်ကုန်၏။ ထိုအခြင်း အရာဖြင့် ပြုကုန်လတ္တံ့'' ဟု ဆို၏။

၁- သိရိရသ။ ၂- အထူးသူ့အား။ ၃- ဆောင်ဖွယ်အလျှင်။
၄- ပွဲခွင်ပြိုင်ညို။ ၅- လျှမ်းစီးပို့သည်။ ၆- မှုန်ဆန်ဖြေသို့။

www.burmeseclassic.com



ထိုအခါ၌ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် ထိုပရိဗိုဇ်တို့၏အထံသို့ သွား၍၊ "ငါ့ရှင်တို့။ ငါတို့သည် ဘုရားသခင်အထံသို့ သွားကုန်အံ့။ ဘုရားမြတ်စွာသည် ငါတို့ဆရာတည်း" ဟု ဆိုကုန်သော်၊ "ငါတို့သည် အရှင်တို့ကိုမှီ၍ နေပါကုန်သည်။ အကယ်၍ ရှင်ရဟန်းကြီးအထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်အံ့။ ငါတို့အလုံးစုံလည်း လိုက်၍ကျင့်ပါကုန်အံ့" ဟု ဆိုကုန်၏။

ထို့နောင်မှ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် သိဉ္စည်းပရိဗိုဇ်ရှိရာသို့ သွား၍၊ "ငါ့ရှင်တို့။ ဘုရားသဗ္ဗညုတအထံသို့ သွားကြကုန်အံ့။ ဘုရားသဗ္ဗညုသည် ငါတို့ဆရာတည်း" ဟု ဆိုကုန်၏။ "ငါ့ရှင်တို့ မသင့်။ မသွားကုန်လင့်။ အလုံးစုံသော ငါတို့ ၃ ဦးသည် ဤဂိုဏ်းကို အညီအညွတ်ဆောင်ရွက်ကုန်အံ့" ဟု ဆို၏။

၂ ကြိမ်မြောက်လည်း အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် သိဉ္စည်းပရိဗိုဇ်အား အခွင့်ပန်ကုန်၏။ သိဉ္စည်းပရိဗိုဇ်လည်း ၂ ကြိမ်မြောက် တားမြစ်၏။ ထို့နောင် ၃ ကြိမ်မြောက်လည်း တောင်းပန်၏။ ၃ ကြိမ်မြောက်လည်း တားမြစ်၏။

၃ ကြိမ်စေအောင် တောင်းပန်ပြီးသော် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် ၂ ရာ ၅ ကျိပ်သော ပရိဗိုဇ်ရဟန်းတို့ကို ယူ၍ ဝေဠုဝန်ကျောင်းတော်သို့ သွားလေကုန်၏။ သိဉ္စည်းပရိဗိုဇ်သည်ကား ထိုအရပ်တွင်ပင် ခံတွင်းမှ သွေးအန်၏။

## ၆- အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ ရဟန္တာဖြစ်ကုန်ကြသည်ကို ပြခြင်း

ဘုရားသခင်သည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ လာကုန်သည်ကို အဝေးကပင် မြင်တော်မူ၍ ရဟန်းအပေါင်းကို ခေါ်တော်မူ၏။

"ချစ်သားရဟန်းတို့။ ဤ ၂ ယောက်သောအဆွေခင်ပွန်းတို့သည် လာကုန်၏။ ဥပတိဿ ၁ ယောက်၊ ကောလိတ ၁ ယောက်၊ ဤ ၂ ယောက်သည် ငါဘုရား၏ တပည့် ၂ ယောက်အစုံ ဖြစ်လတ္တံ့။ မြတ်သော တပည့်ကောင်းအစုံသည် ဖြစ်လတ္တံ့သတည်း" ဟု ဘုရားသခင်သည် သာဝက ပါရမီဉာဏ်၏အရာ၌ ကြားတော်မူလေ၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် ဘုရားရှိရာသို့ ကပ်ပြီးသော်၊ ဘုရားသခင်၏ ခြေတော်တို့၌ ဦးဖြင့်တိုက်၍ ဘုရားသခင်ကို ဤသို့ လျှောက်ကုန်၏။ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ အကျွန်ုပ်တို့သည် ဘုရားသခင်၏အထံတော်၌ ရှင်၏အဖြစ်၊ ပဉ္စင်း၏အဖြစ်ကို ရလိုပါ၏" ဟု လျှောက်ကုန်၏။

ဘုရားသခင်သည်လည်း- 'ဧထ ဘိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿအန္တကိရိယာယ' ဟု ခေါ် တော်မူ၏။ ထိုပါဠိ၏အနက်ကား

"ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကုန်လော့။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောအပ်ပြီ။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ သမ္မာ၊ ကောင်းစွာ။ စရထ၊ ကျင့်ကုန်လော့။"

ဤသို့ 'ဧဟိဘိက္ခု'ခေါ်တော်မူ၍၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့သည် ဘုန်းတန်ခိုးတော်ဖြင့် ပြီးသော သပိတ်၊သင်္ကန်းရှိသည် ဖြစ်၍ အဝါ ၆၀ ရှိသော မထေရ်ကြီးကဲ့သို့ ရဟန်းအဖြစ်ကို ရလေကုန်၏။ ထို ၂ ရာ ၅ ကျိပ်သော အခြံအရံပရိဗိုဇ်တို့သည်လည်း ဧဟိဘိက္ခုချည်း ဖြစ်လေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းအဖြစ်ကို ရ၍ ၇ ရက်ရှိပြီးမှ အရှင်မောဂ္ဂလာန် ရဟန္တာအဖြစ်သို့ ရောက်သည်။ အရှင်သာရိပုတ္တရာ ၁၅ ရက်ရှိမှ ရဟန္တာအဖြစ်သို့ ရောက်သည်။

ထို ၂ ပါးသော အရှင်မြတ်တို့သည်ကား အနောမဒဿီဘုရားလက်ထက် ဗျာဒိတ်ခံကြသော အတ္ထုပ္ပတ္တိကို ထေရအပဒါန်ကျမ်းတို့၌ အကျယ်လာ၏။ ဤ၌ ကျယ်အံ့စိုး၍ ဤမျှသာ ဆိုလိုက်သည်။ အလိုရှိက ၄င်းကျမ်းမှာ ယူပါကုန်။

## ၇- ဘုရားသခင်ကို မဂဓတိုင်းသားတို့ ကဲ့ရဲ့သည်ကို ပြခြင်း

ထိုအခါ၌ အလွန်ထင်ရှားသော မဂဓတိုင်း၌နေကုန်သော အမျိုးသားတို့သည် ဘုရားသခင်အထံတော်၌ ရဟန်းပြုကုန်၏။

လူတို့သည် "အရှင်ဂေါတမကား သား မရှိစိမ့်သောငှာ ကျင့်သည်။ မုဆိုးမ ဖြစ်စိမ့်သောငှာ ကျင့်သည်။ အမျိုးပြတ်စိမ့်သောငှာ ကျင့်သည်။ ယခုအခါ၌ ဤအရှင်ဂေါတမသည် ရသေ့ ၁၀၀၀ ကိုလည်း ရဟန်းပြုစေပြီ။ သိဉ္စည်း၏တပည့်ဖြစ်ကုန်သော ၂ ရာ ၅ ကျိပ်သော ပရိဗိုဇ်တို့ကိုလည်း ရဟန်း ပြုစေပြီ။ မဂဓတိုင်းသား ထင်ရှားသောအမျိုးသားတို့ကိုလည်း ရဟန်း ပြုစေပြီ" ဟု ကဲ့ရဲ့ကုန်၏။ ရှုတ်ချ ကုန်၏။ ဖရိဖရဲ ပြုန့်စေကုန်၏။ ရဟန်းတို့ကိုလည်း မြင်ကုန်၍ ဤဂါထာဖြင့် အပြစ်တင်ကုန်၏ -

'အာဂတော ခေါ မဟာသမဏော၊ မဂဓာနံ ဂိရိဗ္ဗဇံ။
သဗ္ဗေ သဉ္စယေ နေတွာန၊ ကံသု ဒါနိ နယိဿတီတိ။'

ဤ၌ အနက်ကား

"မဂဓာနံ၊ မဂဓတိုင်းသားတို့၏။ ဂိရိဗ္ဗဇံ၊ နွားခြံကဲ့သို့ တောင် ၅ လုံးရံသော ရာဇဂြိုဟ်ပြည်သို့။ အာဂတော၊ လာသော။ မဟာသမဏော၊ ရဟန်းကြီးသည်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သဉ္စယေ၊ သိဉ္စည်း တပည့်တို့ကို။ နေတွာ၊ ဆောင်ဦး၍။ ဒါနိ၊ ယခု။ ကံ၊ အဘယ်သူကို။ နယိဿတိ၊ ဆောင်လတ္တံ့နည်း။ ဣတိ၊ ဤသို့။ စောဒန္တိ၊ အပြစ်တင်ကုန်၏။"

ရဟန်းတို့လည်း ထိုသူတို့၏ ကဲ့ရဲ့ရှုတ်ချ ဖရိဖရဲဆိုကြသောစကားကို ကြား၍ ဘုရားသခင်အား ကြားလျှောက်ကုန်၏။

ဘုရားသခင်သည်လည်း "ချစ်သားရဟန်းတို့။ ဤကဲ့သို့ ရှုတ်ချဆိုမြည်ကြသော စကားသည် အရှည် တည်မည် မဟုတ်။ ၇ ရက်သာ တည်အံ့။ ၇ ရက်လွန်လျှင် ကွယ်ပျောက်လတ္တံ့။ ချစ်သားရဟန်းတို့။ ထိုသို့ တပြီးကား အကြင်သူတို့သည် 'အာဂတော ခေါမဟာ သမဏော' အစရှိသောဂါထာဖြင့် ပြစ်တင်ရှုတ်ချကုန်၏။ ထိုသူတို့ကို သင်တို့သည်လည်း ဤဂါထာဖြင့် အပြစ်တင်လေကုန်" ဟု-

'နယန္တိ ဝေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ။
ဓမ္မေန နယမာနာနံ၊ ကာ ဥသုယာ ဝိဇာနတန္တိ။' ဟူသော ဂါထာကို မိန့်တော်မူ၏။

ဤ၌ အနက်ကား-

"ဝေ၊ စင်စစ်။ မဟာဝီရာ၊ ကြီးသောလုံ့လ ရှိကုန်သော။ တထာဂထာ၊ မြတ်စွာဘုရားတို့သည်။ သဒ္ဓမ္မေန၊ သူတော်ကောင်းတရားဖြင့်။ နယန္တိ၊ ဆောင်ကုန်၏။ ဓမ္မေန၊ တရားသဖြင့်။ နယမာနာနံ-နယမာနသု၊



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကုန်သည်ရှိသော်။ ဝိဇာနတံ-ဝိဇာနန္တေသု၊ ပညာရှိတော်မူသောဘုရားတို့၌။ ဥသုယာ၊ ငြူစူသဖြင့်။ ကာ၊ အဘယ်အကျိုး ရှိအံ့နည်း"

ထိုအခါ လူတို့သည် ရဟန်းတို့ကိုမြင်၍၊ 'အာဂတော ခေါ မဟာသဏော' အစရှိသောဂါထာတို့ဖြင့် "မဂဓတိုင်းသားတို့၏နေရာ နွားခြံကဲ့သို့ တောင် ၅ လုံးရံအပ်သော ရာဇဂြိုဟ်ပြည်သို့လာသော ရဟန်းကြီးသည် အလုံးစုံကုန်သော သိဉ္စည်းတို့၏တပည့်ကို ဆောင်ယူ၍ ယခု အဘယ်သူတို့ကို ဆောင်ယူလတ္တံ့နည်း" ဟု ဆိုကုန်၏။

ရဟန်းတို့လည်း ထိုလူတို့ကို 'နယန္တိ ဝေ မဟာဝီရာ' စသောဂါထာဖြင့် "စင်စစ် ကြီးသောလုံ့လရှိကုန်သော ဘုရားရှင်တို့သည် သူတော်ကောင်းတရားဖြင့် ဆောင်ကုန်သည်။ တရားသဖြင့်ဆောင်ကုန်သော, ပညာတော် ရှိကုန်သော ဘုရားတို့၌ ငြူစူသဖြင့် အဘယ်အကျိုး ရှိပါသနည်း" ဟုဆိုကုန်၏။

လူတို့သည် ထိုစကားကို ကြား၍၊ "သာကီဝင်မင်းသား ဘုရားတို့သည် မတရားသည်ကို မပြု။ တရားသဖြင့်သာ ဆောင်ကုန်သတတ်" ဟု ၇ ရက်လွန်သောကာလ ကဲ့ရဲ့ရှုတ်ချကြသော အသံသည် ပျောက်ကွယ်လေ၏။

## ၈- သားတော်ဘုရားကို ပင့်ရန် ခမည်းတော်စေသည်ကို ပြခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဘုရားလောင်း တောထွက်သည့်နေ့မှ စ၍ သတင်းစကားကို နားထောင်လျက် နေလေသောကြောင့်၊ ၆ နှစ် ဒုက္ကရစရိယာ ကျင့်တော်မူ၍၊ မြတ်သောသဗ္ဗညုတအဖြစ်သို့ ရောက်တော်မူ၍၊ မြတ်သောဓမ္မစကြာတရားတော်ကို ဟောတော်မူပြီး၍၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူကြောင်းကို ကြားသဖြင့် အမတ်တစ်ယောက်ကို ခေါ်၍၊ "အချင်းအမတ်။ သင်သည် ယောကျ်ား ၁၀၀၀ အခြံအရံနှင့်တကွ ရာဇဂြိုဟ်ပြည်သို့သွား၍ ငါ၏စကားဖြင့် 'ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အိုမင်းသောအရွယ်သို့ ရောက်ချေပြီ။ သားတော်ဘုရားကို မတွေ့မမြင်ရသည် ကာလရှည်ကြာလှ၍ ဖူးတွေ့ချင်လှပါသည်။ မသေခင် ဖူးမြင်လိုလှပါသည်'ဟု လျှောက်၍ ငါ့သားကို ဆောင်ယူပါချေ" ဟု စေလိုက်၏။

ထိုအမတ်သည်လည်း "ကောင်းပါပြီ အရှင်မင်းကြီး" ဟု ဝန်ခံ၍၊ ၁၀၀၀ သော ဗိုလ်ပါအခြံအရံနှင့်တကွ အဆောတလျင် ရာဇဂြိုဟ်ပြည်သို့ သွား၍ ဘုရားသခင်သည် ပရိသတ် ၄ ပါးအလယ်၌ နေတော်မူလျက် တရားဒေသနာကို ဟောတော်မူသောအခါ၌ ဝေဠုဝန်ကျောင်းတော်သို့ ဝင်လေ၏။ ထိုအမတ်သည် 'မင်းကြီး စေအပ်သော သတင်းစကားကို ရှိစေဦးတော့'ဟု ပရိသတ်အစွန်၌နေလျက် ဘုရားသခင်ဟောတော်မူသော တရားဒေသနာကို ကြားနာ၍ ရပ်လျက်သာလျှင်၊ အခြွေအရံနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လျှင် ရဟန်းအဖြစ်ကို တောင်းပန်၏။ ဘုရားသခင်သည်လည်း 'ဧထဘိက္ခဝေါ' ဟု မိန့်တော်မူ၍ လက်ယာလက်တော်ကို ဆန့်တော်မူလျှင် အလုံးစုံသော သူတို့သည် တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်း ရှိကုန်သည်ဖြစ်၍ အဝါ ၆၀ ရှိသော မထေရ်ကြီးကဲ့သို့ ဖြစ်လေကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်ပြီးသောအခါမှစ၍ ဤအရိယာပုဂ္ဂိုလ်တို့ မည်သည်ကား လျစ်လျူရှုကုန်သည် ဖြစ်၍ သုဒ္ဓေါဒနမင်းကြီးသည်စေအပ်သော သတင်းစကားကို ဘုရားမြတ်စွာအား မလျှောက်မထားဘဲ နေလေကုန်၏။

သုဒ္ဓေါဒနမင်းကြီးလည်း "သွားလေသောသူတို့သည် ပြန်လည်း မပြန်လာ။ သတင်းစကားလည်း မကြားလာ" ဟု အမတ်တစ်ယောက်ကို ခေါ်ပြန်၍ ရှေးနည်းအတူ စေပြန်၏။ ထိုအမတ်သည်လည်း ရာဇဂြိုဟ်ပြည်သို့ သွားလေသော် ရှေးနည်းအတူ ပရိသတ်နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၍ တိတ်ဆိတ်ပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သုဒ္ဓေါဒန မင်းကြီးသည် ရှေးနည်းတူ ၇ ယောက်သော အမတ်တို့ကို စေပြန်၏။ ထိုအမတ်တို့သည်လည်း ဘုရားသခင်ထံ ရောက်ကြလေက ရှေးနည်းအတူပင် အခြွေအရံနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၍ တိတ်ဆိတ်လေကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည် သတင်းစကားမျှ ကြားလာမည့်သူကို မရ၍ 'ငါ၏နန်းတော်၌ လူ အပေါင်းတို့သည် ငါ၌ ချစ်ခြင်းမရှိသောကြောင့် သတင်းစကားကိုမျှ တစ်ဖန် မကြားလာချေ။ အဘယ်သူသည် ငါ့အား သတင်းစကားကိုကြားအောင် ပြုပါအံ့နည်း'' ဟု အကြံဖြစ်၍ အလုံးစုံသော မင်း၏မိုလ်ပါကို ကြည့်လတ်သော် ဘုရားသခင်နှင့် တစ်ချိန်တည်းဖွားဖက်ဖြစ်သော ကာဠုဒါယီအမတ်ကို မြင်လေ၏။

ထို ကာဠုဒါယီအမတ်သည် အလုံးစုံသော အမှုကိစ္စကို ပြီးအောင် ဆောင်ရွက်နိုင်လှသည် ဖြစ်၏။ ဘုရားသခင်နှင့်လည်း အကျွမ်းဝင်လှသည် ဖြစ်၏။ ဘုရားသခင်နှင့် ငယ်စဉ်ကာလ မြေမှုန့်ကစားဖက်ဖြစ်သော အဆွေခင်ပွန်း ဖြစ်၏။

ထို့နောင်မှ မင်းကြီးသည် ''အချင်း ကာဠုဒါယီအမတ်။ ငါသည် သားကို ဖူးမြင်လိုသည်ဖြစ်၍ ၉၀၀၀ သော မိုလ်ပါနှင့်တကွ ၉ ယောက်သောအမတ်တို့ကို စေလိုက်ပါသည်။ ထိုသူတို့တွင် တစ်ယောက်မျှ လာ၍ သတင်းစကား ပြန်ကြားမည့်သူ မရှိချေ။ ငါ၏ အသက်အန္တရာယ်ကိုလည်း သိနိုင်ခဲသည်။ အသက်ရှိစဉ်ကာလ ငါ့သားဘုရားကို ဖူးမြင်လိုသည်။ သင်သည် ငါ့သားကိုပင့်၍ ငါ့အား ပြနိုင်ပါမည်လော'' ဟုဆိုသော်၊ ''အရှင်မင်းကြီး။ အကယ်၍ ရဟန်းပြုရသည် ဖြစ်အံ့။ တတ်နိုင်ပါ၏'' ဟု လျှောက်ပေ၏။

''အချင်းအမတ်။ သင် ရဟန်းပြုသည် ဖြစ်စေ၊ ရဟန်း မပြုသည်ဖြစ်စေ၊ ငါ့သားကိုသာ ပြလော့'' ဟု ဆို၏။

''အရှင်မင်းကြီး။ ကောင်းပါပြီ'' ဟု ဝန်ခံ၍ မင်းကြီးမှာတိုင်းသော သတင်းစကားကို ဆောင်ယူ၍ ရာဇဂြိုဟ်ပြည်သို့သွားလေသော်၊ ဘုရားသခင် တရားဟောတော်မူချိန် ပရိသတ်အစွန်၌တည်လျက် တရားတော်ကို နာရသဖြင့်၊ အခြွေအရံနှင့်တကွ ရဟန္တာဖြစ်သို့ ရောက်၍ ဧဟိဘိက္ခုအဖြစ်ဖြင့် နေလေ၏။

[ဘုရားသခင်သည် ဘုရားဖြစ်တော်မူ၍ ရှေးဦးစွာသောဝါသည် မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၍၊ ဝါမှထပြီးသော် ပဝါရဏာ ပြုပြီး၍ ဥရုဝေလအရပ်သို့ ကြွတော်မူပြီးလျှင်၊ ထိုဥရုဝေလအရပ်၌ ၃ လ နေတော်မူလျက် ညီနောင် ၃ ဦး အမျိုးရှိသော ၁၀၀၀ သောရသေ့တို့ကို ဆောင်ယူ၍၊ ရဟန်း ၁၀၀၀ ခြံရံလျက် ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ၂ လ နေတော်မူ၏။ ဤမျှသောအစဉ်ဖြင့် ဗာရာဏသီပြည်မှ ထွက်တော်မူသော ဘုရားသခင်အား ၅ လ အရေအတွက် ရှိသည် ဖြစ်ကုန်၏။]

## ၉- ကာဠုဒါယီပင့်၍ ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

ဆောင်းကာလကိုလွန်ပြီးသော် ကာဠုဒါယီမထေရ်သည် လာသောနေ့မှစ၍ ၇ ရက်- ၈ ရက် လွန်ကုန်၏။ ကာဠုဒါယီမထေရ်သည်လည်း တပေါင်းလပြည့်နေ့၌ ဤသို့လျှောက်၏။

''ယခုအခါသည် ဆောင်းကာလ ကုန်ပြီ။ နွေကာလ ရောက်ပြီ။ လူတို့သည် ကောက်ပဲကိုလုပ်၍ ရှေးရှုရာအရပ်တို့ဖြင့် သွားရကုန်ပြီ။ မြေကြီးတို့သည်လည်း စိမ်းသောမြက်တို့ဖြင့် ဖုံးလွှမ်းကုန်ပြီ။ တောအုပ်တို့သည် ကောင်းစွာပွင့်ကုန်ပြီ။ လမ်းခရီးလည်း သွားချင်ဖွယ် ရှိပြီ။ အထူးထူးသော ပန်းသစ်ပင်တို့သည်လည်း ပွင့်ကုန်ပြီ။ အထူးထူးသော အသီးကိုဆောင်ကုန်ပြီ။ ဥဒေါင်း ကျေးငှက်တို့သည်လည်း တွန်မြူးထူးသောကာလသို့ ရောက်ကုန်ပြီ။ ချမ်းလည်း မချမ်းလွန်း၊ ပူလည်း မပူလွန်း၊ ထူးဆန်းသာယာ ကြွရာခရီး သင့်တင့်လှပါပြီ'' ဟု ဤသို့



www.burmeseclassic.com

www.burmeseclassic.com



သော ထောမနာဂါထာ ၆၀ တို့ဖြင့် ဘုရားသခင်အား "ဆွေတော်မျိုးတော်(ရှိရာ)အရပ် ကပိလဝတ်ပြည်တော်သို့ ကြွတော်မူပါ" ဟု လျှောက်၏။

ထိုအခါ ဘုရားသခင်သည် "ဥဒါယီ။ သာယာသောအသံဖြင့် ချီးမွမ်းထောမနာပြုသည်ကား အသို့တုံနည်း" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ အရှင်ဘုရား၏ခမည်းတော်ဖြစ်သော သုဒ္ဓေါဒနမင်းကြီးသည် အရှင်ဘုရားကို ဖူးမြင်လိုပါသည်။ ဆွေတော်မျိုးတော်တို့အား သနားကယ်မ သင်္ဂဟတရားကို ပြုတော်မူပါ" ဟု လျှောက်သော်၊ "ကောင်းပြီ ဥဒါယီ။ ဆွေတော်မျိုးတော်တို့အား သင်္ဂဟတရားကို ပြုတော်မူအံ့။ ရဟန်းသံဃာတို့အား ကြားဘိလော့။ ဂမိယဝတ်ကို ဖြည့်ကြကုန်လတ္တံ့"ဟုမိန့်တော်မူ၏။ "ကောင်းပါပြီ။ အရှင်ဘုရား" ဟု အရှင်ဥဒါယီသည် ရဟန်းတို့အားကြားပေ၏။

ဘုရားသခင်သည် အင်္ဂတိုင်း၊ မဂဓတိုင်း၌ နေကုန်သော အမျိုးသား ၁ သောင်း၊ ကပိလဝတ်တိုင်းသား ၁ သောင်း၊ ၂ သောင်းသော ရဟန္တာတို့ဖြင့် ခြံရံလျက် ရာဇဂြိုဟ်ပြည်မှထွက်၍၊ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည် ယူဇနာ ၆ဝကွာသည်ကို '၂ လနှင့် ရောက်စေတော့' ဟု တစ်နေ့ တစ်ယူဇနာ-တစ်နေ့ တစ်ယူဇနာ မလျင်လွန်းသော ဒေသစာရီဖြင့် ကြွတော်မူ၏။

ဤသို့ ကာဠုဒါယီထေရ်လျှောက်၍ ကြွတော်မူဟန်ကို-

'ကာဠုဒါယီ ပြည်ကပ်ိသို့ အညီဘုရား တပည့်သားနှင့် သွားစချင့်ဖွယ် ရတုနွယ်၍ ခြောက်ဆယ်မျှလောက် ချီးမွမ်းမြောက်သား ပြန်လျှောက်ဂါထာ ကြားသောခါလျှင် ရဟန္တာရှင်ကျော် နှစ်သောင်းခေါ်၍ ကျောင်းတော်ဗိမာန် ဝေဠုဝန်မှ ကပိလမည်ရှောင်း ပြည်တော်ဟောင်းသို့ ချမ်းဆောင်းလပြယ် တပေါင်းဝယ်၌ ခြောက်ဆယ်ယူဇနာ ဝေးစွာခရီး သွားလေပြီးသော်' ဟု ဆုတောင်းခန်းပျို့၌ စပ်တော်မူ၏။

ကာဠုဒါယီမထေရ်သည်လည်း 'ဘုရားသခင် ထွက်တော်မူသောအဖြစ်ကို ကြားအံ့' ဟု ကောင်းကင်သို့ တက်၍ သွားလေသော် သုဒ္ဓေါဒနမင်းကြီးရှေ့ဝယ် ထင်ရှားဖြစ်တော်မူ၏။ မင်းကြီးသည်လည်း ကာဠုဒါယီကို မြင်၍၊ ဝမ်းမြောက်ဝမ်းသာ မြတ်သောသူတို့အား ထိုက်သောနေရာ၌ နေစေ၍၊ မင်းကြီးစားတော်ဖို့ စီရင်အပ်သော အထူးထူးသော အရသာရှိသော ဘောဇဉ်တို့ဖြင့် သပိတ်တော်ကိုပြည့်စေ၍ ကပ်လှူပေ၏။

မထေရ်သည် ကြွအံ့သောအခြင်းအရာကို ပြပေ၏။ "အရှင်ဘုရား။ ထိုင်၍ ဘုဉ်းပေးသုံးဆောင်တော်မူပါ" ဟုလျှောက်ပေသော်၊ "မင်းကြီး။ ဘုရားသခင်အထံသို့ သွား၍စားအံ့" ဟုဆိုပေ၏။

"ချစ်သား။ ဘုရားသဗ္ဗညူ အဘယ်အရပ်မှာနည်း" ဟု မေးလျှောက်လေသော်၊ "မင်းကြီး။ ဘုရားသခင်သည် ရဟန္တာအပေါင်း ၂ သောင်းခြံရံလျက် သင်ဒါယကာမင်းကြီးတို့ကို ဖူးမြင်စေအံ့သောငှာ ရာဇဂြိုဟ်ပြည်မှ ယနေ့ ကြွတော်မူပြီ" ဟု ဆိုပေ၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍၊ "ချစ်သားသည်လည်း ဤဆွမ်းကို ဘုဉ်းပေးလော့။ အကျွန်ုပ်သားတော် ဘုရားသခင် ဤမြို့သို့ရောက်သည်တိုင်အောင် နေ့တိုင်း နန်းတော်ကဆွမ်းကို ဆောင်တော်မူပါ" ဟု လျှောက်လေသော်၊ မထေရ်သည်လည်း "ကောင်းပြီ" ဟု ဝန်ခံတော်မူ၏။

သုဒ္ဓေါဒနမင်းကြီးသည်လည်း ကာဠုဒါယီမထေရ်ကို ဆွမ်းကျွေး၍၊ သပိတ်ကို နံ့သာမှုန်တို့ဖြင့် ဆေးကြောပွတ်သပ်၍၊ မွန်မြတ်သော ဘောဇဉ်ဖြင့် ပြည့်စေ၍၊ "ဘုရားသခင်အား ကပ်လှူပါလေ" ဟု မထေရ်၏ လက်၌ သပိတ်ကိုကပ်လေ၏။ ကာဠုဒါယီမထေရ်သည်လည်း အလုံးစုံသောလူတို့၏ မြင်စဉ်ပင်လျှင်၊ သပိတ်ကို ဆောင်ယူ၍ ကောင်းကင်သို့ ကြွတော်မူပြီးလျှင် ဘုရားသခင်အား ကပ်၏။ ဘုရားသခင်သည်လည်း ဘုဉ်းပေးတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့်သာလျှင် ကာဠုဒါယီမထေရ် နေ့တိုင်းနေ့တိုင်း ဆွမ်းဆောင်တော်မူ၍၊ ဘုရားသခင်သည်လည်း ခရီးအကြား၌ တစ်ပါးသောဆွမ်းကို မဘုဉ်းပေးဘဲ ခမည်းတော်မင်းကြီး ဆွမ်းကိုသာလျှင် ဘုဉ်းပေးတော်မူ၏။

ကာဠုဒါယီမထေရ်သည်လည်း ဆွမ်းစားပြီးသောအဆုံး၌ နေ့တိုင်းနေ့တိုင်း "ယနေ့ ဘုရားသခင် ဤမျှ ရောက်ပြီ" ဟု ဘုရားကျေးဇူးတော်နှင့်စပ်သော စကားဖြင့် နန်းတွင်း၌နေကုန်သော သူတို့အား ဘုရားသခင်ကို မမြင်ဘဲလျက် ဘုရားသခင်၌ ကြည်ညိုခြင်းကို ဖြစ်စေ၏။

ထို့ကြောင့်သာလျှင် အရှင်ကာဠုဒါယီကို- 'ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ကုလပ္ပသာဒကာနံ ယဒိဒံ ကာဠုဒါယီ' ဟု ဘုရားသခင်သည် ဧတဒဂ် ထားတော်မူ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ ကုလပ္ပသာဒကာနံ၊ ဒါယကာတို့၏ကြည်ညိုခြင်းကို ဖြစ်စေတတ်ကုန်သော။ မမ၊ ငါ၏။ သာဝကာနံ၊ တပည့်သားတို့တွင်။ ယဒိဒံ-ယောအယံကာဠုဒါယီ၊ အကြင်ကာဠုဒါယီသည်။ အတ္ထိ၊ ရှိ၏။ ဧသော-ထို ကာဠုဒါယီ၊ ထိုကာဠုဒါယီသည်။ အဂ္ဂံ-အဂ္ဂေါ၊ မြတ်၏။"

## ၁၀- နိဂြောဓာရုံဥယျာဉ်၌ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

သာကီဝင်မင်းတို့သည်လည်း ဆွေတော်မျိုးတော်အပေါင်းတို့အား ဖူးမြင်စေလို၍ ဘုရားသခင် ကြွတော်မူလာသည်ကို ကြားလျှင် စည်းဝေးလျက် ဘုရားသခင် ကိန်းဝပ်တော်မူရာကို တိုင်ပင်မေးမြန်း စုံစမ်းဆင်ခြင်ကြသော်၊ "နိဂြောဓ သာကီဝင်၏ဥယျာဉ်သည် မွေ့လျော်ဖွယ်ရှိ၏" ဟု အမှတ်ပြုကုန်၍၊ အလုံးစုံသောဥယျာဉ်ကို သုတ်သင်ပြင်ဆင်၍၊ ခရီးလမ်းတို့ကိုလည်း အကြောင်းသင့်အောင် ပြုစေ၍၊ နံ့သာပန်း လက်စွဲကုန်လျက် ခရီးဦး ကြိုဆိုခြင်းကို ပြုကြကုန်သော၊ အလုံးစုံသော တန်ဆာဆင်ခြင်းနှင့်စပ်သော မြို့သူသမီးငယ်, သားငယ်တို့ကို ရှေးဦးစွာ စေလိုက်ကုန်၏။ ထို့နောင်မှ မင်းသမီးငယ်, မင်းသားငယ်တို့ကို စေလိုက်ကုန်၏။ ထို့နောင်မှ မိမိတို့သည် နံ့သာပန်းလက်စွဲကုန်လျက် ပူဇော်အံ့သောငှာ နိဂြောဓာရုံဥယျာဉ်သို့ သွားလေကုန်၏။

ထို နိဂြောဓာရုံဥယျာဉ်၌ မြတ်စွာဘုရားသည် ရဟန္တာအပေါင်း ၂ သောင်း ခြံရံလျက် ခင်းအပ်သော, မြတ်သောနေရာ၌ နေတော်မူ၏။

သာကီဝင်မင်းတို့သည် မာန်မာနခက်ထန်သောကြောင့် 'သိဒ္ဓတ်မင်းသားသည် ငါတို့အောက် ငယ်လှ၏။ ငါတို့ တူသာတည်း။ ငါတို့ သားသာတည်း။ ငါတို့ မြေးသာတည်း' ဟု စိတ်အကြံ ရှိ၍၊ ငယ်ကုန်သော မင်းသား, မင်းသမီးတို့ကို "သင်တို့ ရှိခိုးကုန်လော့။ ငါတို့မူကား သင်တို့နောက်မှ ထိုင်ကုန်အံ့" ဟု ဆိုကုန်၏။

ထိုသာကီဝင်မင်းသားတို့သည် ရှိမခိုးဘဲ နေကုန်လတ်သော် ဘုရားသခင်သည် ထိုသူတို့၏ အဇ္ဈာသယဆန္ဒကို ကြည့်တော်မူ၍၊ 'ဆွေတော်မျိုးတော်တို့သည် ငါဘုရားအား ရှိမခိုးကြ။ ယခု ရှိခိုးစေအံ့' ဟု အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စားတော်မူ၍ ကောင်းကင်သို့တက်ပြီးလျှင်၊ သာကီဝင်မင်းတို့၏ဦးခေါင်း၌ ဖဝါးမြေမှုန့်ကို ကြဲသကဲ့သို့၊ 'ကဏ္ဍမ္ဗ'မည်သော သရက်ပင်ရင်း၌ပြုအပ်သော ရေ, မီးအစုံစုံနှင့် တူသောတန်ခိုးပြာဋိဟာကို ပြတော်မူပေ၏။ သုဒ္ဓေါဒနမင်းကြီးသည် အံ့ဖွယ်သရဲသော တန်ခိုးတော်ကိုမြင်၍-

- "အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားကို ဖွားတော်မူသောနေ့၌ ကာဠဒေဝီလအား ရှိခိုးစိမ့်သောငှာ အနီးသို့ဆောင်ပါလျှင်၊ ခြေတော်အစုံကို ရသေ့၏ထိပ်ထက်၌ တင်တော်မူသည်ကိုမြင်၍ ခမည်းတော် ရှိခိုးပါပြီ။ ဤသို့ရှိခိုးခြင်းသည် အကျွန်ုပ်အား ရှေးဦးစွာရှိခိုးခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



- ''လယ်ထွန်မင်္ဂလာ ထွက်တော်မူသောနေ့၌ ဇမ္ဗုသပြေပင်ရိပ်ဝယ် သိပ်၍ထားသော် သပြေပင်ရိပ်သည် မပြောင်းမရွေ့ ပြကတေ့တည်သည်ကို မြင်၍လည်း ခမည်းတော် ရှိခိုးပါပြီ။ ဤသို့ရှိခိုးခြင်းသည် ၂ ကြိမ်မြောက်သောရှိခိုးခြင်း ဖြစ်ပါသည်။
- ''ယခုမူကား မမြင်စဖူး အထူးထူးအသွယ်သွယ် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော တန်ခိုးပြာဋိဟာကို မြင်ရ၍ အရှင်ဘုရား၏ခြေတော်တို့ကို ရှိခိုးပါပြီ။ ဤသို့ရှိခိုးခြင်းသည် ၃ ကြိမ်မြောက်သော ရှိခိုးခြင်း ဖြစ်ပါသည်'' ဟု လျှောက်၏။

သုဒ္ဓေါဒနမင်းကြီး ရှိခိုးလျှင် ရှိမခိုးဘဲနေနိုင်သူ မရှိ။ အလုံးစုံသောသာကီဝင်မင်းတို့သည် ရှိခိုးကုန်၏။

ဤသို့ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ကို ရှိခိုးစေပြီးလျှင် ကောင်းကင်မှသက်တော်မူ၍ ခင်းအပ်သော မြတ်သောဘုရားနေရာတော်၌ နေတော်မူ၏။ ထိုသို့နေတော်မူသောအခါ ဆွေတော်မျိုးတော်အပေါင်းတို့သည် တစ်စုတည်း ညီညွတ်ကြကုန်လျက် လျှောက်ပတ်ကြည်စွာ သာယာသောနှလုံး ရှိသဖြင့် နေကြကုန်၏။

ထို့နောင်မှ ပေါက္ခရဝဿမိုးကို ရွာစေ၍ နီသောအဆင်းရှိသောရေသည် အောက်၌ ဟင်းလင်းစီးစေ၏။ စွတ်စေလိုသောသူတို့ကိုသာ စွတ်စေ၏။ မစွတ်စေလိုသောသူတို့၏ကိုယ်၌ ရေတစ်စက်မျှ မစွတ်စေရ။ ရေတစ်ပေါက်မျှ မကျစေရ။ ထိုအခြင်းအရာကိုမြင်ကုန်လျှင် အလုံးစုံသော သာကီဝင်မင်းတို့သည် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသောစိတ် ဖြစ်ကုန်၏။ ''အံ့ဖွယ်ရှိစွ။ မဖြစ်စဘူး ဖြစ်ပေသည်''ဟု ပြောပေကုန်၏။

ဘုရားသခင်လည်း ''ယခုသာလျှင် ဆွေတော်မျိုးတော်တို့၏အောင်၌ ပေါက္ခရဝဿမိုးကို ရွာစေသည် မဟုတ်။ လွန်လေပြီးသောအခါ၌လည်း ရွာစေဖူးပြီ'' ဟု ရှေးအတ္တုပ္ပတ္တိကိုဖော်ပြ၍၊ ဝေဿန္တရာဇာတ်*ကို ဟောတော်မူပေ၏။

တရားစကားကို ရိုသေစွာ နာကြကုန်ပြီး၍၊ အလုံးစုံသော သာကီဝင်မင်းတို့သည် နေရာမှထကုန်ပြီးသော် ရှိခိုး၍ သွားလေကုန်၏။ မင်းကြီးသည် လည်းကောင်း, မှူးမတ်ဗိုလ်ပါတို့သည် လည်းကောင်း တစ်ယောက်ယောက်သောသူတို့ကမျှ ''ဆွမ်းခံတော်မူပါ'' ဟု ပင့်ဖိတ်၍ သွားသူမည်သည် မရှိ။ အမှတ်မဲ့ သွားကြလေကုန်၏။

## ၁၁- မြတ်စွာဘုရား ဆွမ်းခံကြွတော်မူသည်ကို ပြခြင်း

မြတ်စွာဘုရားသည် နံနက်မိုးသောက်ကာလ၌ ၂ သောင်းသော ရဟန္တာခြံရံလျက် ကပိလဝတ်ပြည်သို့ ဆွမ်းခံအံ့သောငှာ ဝင်တော်မူလေ၏။ တစ်စုံတစ်ယောက်သူမျှ ဖိတ်သည် မရှိ။ သပိတ်တော်ကို လှမ်းယူသူလည်း မရှိ။

ဘုရားသခင်သည် တံခါးခုံတွင် ရပ်တော်မူ၍၊ 'ရှေးရှေးသောဘုရားတို့သည် ချက်ကြွေရာဌာနဖြစ်သော ပြည်တော်အောင်၌ ဆွမ်းခံကြွကုန်သလော။ အသို့တုံနည်း။ ရွှေနန်းတော်သို့သာကြွ၍ ဆွမ်းဘုဉ်းပေးကုန်သလော။ ထိုသို့မဟုတ် အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူကြကုန်သလော' ဟု ကြည့်ရှုဆင်ခြင်တော်မူလေသော်၊ နောင်တော် အများ ရှေးဘုရားတို့သည် တစ်ဆူဆူမျှ အစဉ်မဟုတ်ဘဲ ရွှေနန်းတော်သို့ကြွတော်မူသည်ကို မြင်တော်မမူ၍၊ 'ငါသည်လည်း ယခု နောင်တော်ဘုရားတို့၏ အနွယ်အစဉ်ကို ချီးမြှင့်အပ်ပေသည်။ နောင်အခါ ငါ၏တပည့်သားတော်တို့လည်း ငါသို့သာလျှင် လိုက်၍ကျင့်ကုန်လျက် ပိဏ္ဍစာရိကဝတ်ကို ဖြည့်ကုန်လတ္တံ့' ဟု အစွန်းဖြစ်သောအိမ်မှ စ၍ အစဉ်အတိုင်း ဆွမ်းခံဝင်တော်မူလေ၏။

၁- ဇာတ်တော်ကြီး ၁၀ ဘွဲ့ ရှု။ ၅၅၀ ဇာတ်တော်စဉ် ၅၄၇။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပြည်သူပြည်သား ယောကျ်ား,မိန်းမတို့သည် ''သခင်သိဒ္ဓတ်မင်းသား ဆွမ်းခံသွားသည်'' ဟု ဘုံ ၂ ဆင့်-၃ ဆင့် အစရှိသည်တို့၌ လေသွန်ပြတင်းကို ဖွင့်လျက် ကြည့်ကုန်၏။

ရာဟုလာမင်းသားမယ်တော် ယသောဓရာမိဖုရားသည်လည်း ''အရှင့်သားလည်း ဤကပိလဝတ်ပြည်၌ ကြီးစွာသောမင်း၏အခနဲ့ာ်ဖြင့် ရွှေထမ်းစင် အစရှိသည်တို့ဖြင့် စီးလျက်သာ သွားလာလှည့်ပတ်သည်။ ယခုမူကား ဆံ, မုတ်ဆိတ်တို့ကို ဖြတ်၍၊ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လျက် ခွက်လက်စွဲ၍ ဆွမ်းခံခြင်းသည် တင့်တယ်သလော'' ဟု လေသွန်ပြတင်းကို ဖွင့်၍ ကြည့်သည်ရှိသော်၊ အထူးထူးသောအဆင်းတော်ဖြင့် ထွန်းလျက် တောက်ပသော ကိုယ်တော်၏အသွင်ဖြင့် မြို့၏ခရီးလမ်းမကို ထွန်းလင်းစေ၍ ဘုရား၏အသရေဖြင့် တင့်တယ်သော ဘုရားသခင်ကိုယ်တော်ကို မြင်လျှင်၊ နဖူးသင်းကျစ်တော်မှစ၍ ခြေဖဝါးတော်အပြင်တိုင်အောင်၊ 'နရသီဟ' အမည်ရှိသော ၈ ဂါထာတို့ဖြင့် ချီးမွမ်း၍ သုဒ္ဓေါဒနမင်းကြီးထံသို့ သွားပြီးလျှင်-

''အရှင်မင်းကြီး။ သားတော်သည် ဝမ်းစာရှာအံ့သောငှာ အိမ်စဉ်အတိုင်း လှည့်ပတ်သွားလာသည်'' ဟု လျှောက်ပေသော်၊ သုဒ္ဓေါဒနမင်းကြီးသည်လည်း ထိတ်လန့်သောနှလုံး ရှိသည်ဖြစ်၍၊ ပုဆိုးစကို လက်ဖြင့် မလျက် အဆောတလျင် နန်းတော်ကထွက်၍ လျင်စွာသွားလေလျှင်၊ ဘုရားသခင်၏ရှေ့တော်၌ ရပ်၍၊ ''အရှင်ဘုရား။ အဘယ်ကြောင့် အကျွန်ုပ်တို့ကို အရှက်ခွဲဘိသနည်း။ အဘယ်အကျိုးထင်၍ တစ်အိမ် တစ်လုတ် ဝမ်းစာကို ရှာဘိသနည်း။ ဤမျှသော ရဟန်းသံဃာတော်တို့အား ဆွမ်းကို မရနိုင် ဟု အမှတ်ထားတော် မူဘိသလော'' ဟု လျှောက်၏။

''ခမည်းတော်မင်းကြီး။ ဤသို့ဆွမ်းခံသည့် အနွယ်အဆက်အားဖြင့် အသင့်လျှောက်ပတ် ချီးမွမ်းအပ်သောအမှုတည်း'' ဟု မိန့်တော်မူပေသော်၊ ''အရှင်ဘုရား။ 'မဟာသမ္မတ' မည်သောမင်း၏ အနွယ်သာလျှင် အကျွန်ုပ်တို့၏အနွယ် မဟုတ်တုံလော။ ထို မဟာသမ္မတမင်း၏ အနွယ်အဆက်၌လည်း တစ်ယောက်ယောက်သောမင်းမျှ အိမ်စဉ်အတိုင်းလှည့်ပတ်၍ ဝမ်းစာရှာသည် မရှိ'' ဟု လျှောက်၏။

''ခမည်းတော်မင်းကြီး။ ဤ မဟာသမ္မတမင်း၏ အနွယ်မူကား သင်ခမည်းတော်မင်းကြီး၏ အနွယ်တည်း။ ငါဘုရားတို့၏ အနွယ်မူကား ရှေးဘုရားတို့၏အနွယ် မည်၏။ ခပ်သိမ်းသောဘုရားတို့မည်သည် ဆွမ်းခံသွားကုန်သည်သာ ဖြစ်ကုန်၏'' ဟု ခရီးလမ်းမ၏အလယ်၌ ရပ်တော်မူလျက်ပင်-

'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။' ဟူသောဂါထာကို ဟောတော်မူ၏။

ထိုဂါထာ၏အနက်ကား-

''မဟာရာဇ၊ ခမည်းတော်မင်းကြီး။ ဥတ္တိဋ္ဌေ၊ ဆွမ်းခံဝတ်၌။ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ တရားနှင့်လျော်သော ဆွမ်းခံသွားခြင်းကို။ စရေ-စရေယျ၊ ဆွမ်းခံသွားရာ၏။ ဓမ္မစာရီ၊ တရားနှင့်လျော်စွာ ဆွမ်းခံသွားလေ့ ရှိသောသူသည်။ အသ္မိံ လောကေစ၊ ဤပစ္စုပ္ပန်လောက၌ လည်းကောင်း။ ပရမှိစ၊ တမလွန်လောက၌ လည်းကောင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ-ဝိဟရတိ၊ နေရ၏''

ဤဂါထာကို ဟောတော်မူသောအဆုံး၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သောတာပန်အဖြစ်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဓမ္မဥ္စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။' ဤဂါထာကို ဟောတော်မူသော အဆုံး၌လည်း သကဒါဂါမိအဖြစ်သို့ ရောက်လေ၏။

ဤဂါထာ၏ အနက်ကား-

"မဟာရာဇ၊ ခမည်းတော်မင်းကြီး။ သုစရိတံ၊ ကောင်းစွာသွားအပ်သော။ ဓမ္မံ၊ တရားနှင့်လျော်သော ဆွမ်းခံခြင်းကို။ စရေ-စရေယျ၊ သွားရာ၏။ ဒုစ္စရိတံ၊ မကောင်းသောဆွမ်းခံသွားခြင်းရှိသော။ နံအဓမ္မံ၊ ထို တရားနှင့်မလျော်သော ဆွမ်းခံသွားခြင်းကို။ နစရေ-နစရေယျ၊ မသွားရာ။ ဓမ္မစာရီ၊ တရားသဖြင့် ဆွမ်းခံသွား သောသူသည်။ အသ္မိံ လောကေစ၊ ဤပစ္စုပ္ပန်လောက၌ လည်းကောင်း။ ပရမှိစ၊ တမလွန်လောက၌ လည်း ကောင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ-ဝိဟရတိ၊ နေရ၏။"

ဤဒုတိယဂါထာကို နန်းတော်သို့ရောက်မှ ဟောတော်မူသည်။ ထိုဒုတိယဂါထာကို ကြား၍ မိထွေးတော် ဂေါတမီလည်း သောတာပန်အဖြစ်သို့ ရောက်လေ၏။ သုဒ္ဓေါဒနမင်းကြီးကား သကဒါဂါမိအဖြစ်သို့ ရောက်လေ သတည်း။

[ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဓမ္မပါလဇာတ်ကို ဟောတော်မူသောအဆုံး၌ အနာဂါမ်အဖြစ်သို့ရောက်လေ ၏။ ဘဝပြောင်းခါနီး ထီးဖြူအောက်၌ အသရေရှိသောအိပ်ရာ၌ လျောင်းလျက်ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ တော၌နေသဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းခြင်း(ကိစ္စ) မရှိပြီ။ ဤစကားသည် ရှေ့ကို အကျဉ်းလှမ်း၍ စစ်လိုက်သည်။]

## ၁၂- ယသောဓရာမိဖုရားကို ရှိခိုးခွင့်ပြုခြင်း

သုဒ္ဓေါဒနမင်းကြီးသည် သောတာပန်အဖြစ်သို့ ရောက်၍၊ ဘုရားသခင်၏သပိတ်တော်ကို လှမ်းယူ၍၊ သံဃာတော်နှင့်တကွ ဘုရားသခင်ကို ပြာသာဒ်ထက်သို့ ပင့်၍ မွန်မြတ်သော ဘောဇဉ်ခဲဖွယ်တို့ဖြင့် ကျွေးမွေး၏။ ဘုဉ်းပေးတော်မူသောအဆုံး၌ အလုံးစုံသော မောင်းမအပေါင်းသည် လာလတ်၍ ဘုရားသခင်ကို ရှိခိုးကုန်၏။ ယသောဓရာမိဖုရားသည်ကား မောင်းမတို့က "သခင်မ။ ကြွတော်မူ၍ ဘုရားသခင်ကို ရှိခိုးပါလော့" ဟု တိုက်တွန်းနှိုးဆော်ကြသော်လည်း၊ "အကယ်၍ ငါ၏ကျေးဇူး ရှိသည်ဖြစ်အံ့။ ကိုယ်တော်တိုင် ကြွတော်မူ လာလတ္တံ့။ ကြွလာမှ ရှိခိုးမည်" ဟုဆို၍ မသွားဘဲနေလေ၏။

ဘုရားသခင်သည်လည်း သုဒ္ဓေါဒနမင်းကြီးအား သပိတ်တော်ကို ကမ်း၍ ၂ ဦးသော အဂ္ဂသာဝကတို့နှင့် ယသောဓရာမင်းသမီး နေရာခန်းတိုက်သို့ ကြွတော်မူလေ၏။

"ယသောဓရာမင်းသမီးကို အလိုရှိတိုင်း ရှိခိုးစေ။ တစ်ခွန်းသောစကားကိုမျှ မဆိုကုန်လင့်" ဟု မိန့် တော်မူ၍ ခင်းအပ်သော မြတ်သောနေရာ၌ နေတော်မူ၏။

ယသောဓရာမင်းသမီးသည်လည်း လျင်သောအဟုန်ဖြင့် လာလတ်၍၊ ခြေဖမျက်တော်ကို လက်ဖြင့်ကိုင်၍၊ ခြေဖမိုးတော်၌ ဦးခေါင်းဆိုက်၍ တပြောင်းပြန်ပြန်ပွတ်သပ်လျက် အလိုရှိတိုင်း ရှိခိုး၏။

သုဒ္ဓေါဒနမင်းကြီးလည်း ယသောဓရာမင်းသမီးသည် ဘုရားသခင်၌ အလွန်ချစ်ခြင်း ကျေးဇူးအစရှိသော စကားကို လျှောက်၏။

"အရှင်ဘုရား။ အရှင်ဘုရားတို့သည် 'ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်တော်မူပြီ'ဟု ကြားသည့်နေ့မှ စ၍ အကျွန်ုပ်သမီးယသောဓရာသည် ဖန်ရည်စွန်းသောသင်္ကန်းအဝတ်ကိုသာ ဝတ်ပေသည်။ အရှင်ဘုရားတို့သည်



www.burmeseclassic.com

www.burmeseclassic.com



'တစ်ထပ်သာစားသည်'ဟု ကြားသည့်နေ့မှစ၍ အကျွန်ုပ်သမီးလည်း တစ်ထပ်သာ စားပေသည်။ အရှင်ဘုရားတို့သည် 'မြင့်သောအခင်းနေရာကို ပယ်တော်မူသည်'ဟု ကြားသည့်နေ့မှစ၍ နိမ့်သော ညောင်စောင်းငယ်၌သာ အိပ်ပေသည်။ အရှင်ဘုရားတို့သည် 'ပန်းနံ့သာတို့၌ တပ်မက်ခြင်းမရှိ'ဟု ကြားသည့် နေ့မှစ၍ ပန်းနံ့သာတို့၌ တပ်မက်မောခြင်း ကင်းပေသည်။ မိမိဆွေမျိုးတို့သည် 'စောင်မလုပ်ကျွေး မွေးမြူအံ့'ဟု သတင်းစကားကြားလာသော်လည်း တစ်ယောက်ကိုမျှ ပြန်၍မကြည့်ပေ။ ဤသို့ အကျွန်ုပ်သမီးသည် စောင့်စည်းထိန်းသိမ်းပေသည်" ဟု လျှောက်၏။

"ခမည်းတော်မင်းကြီး။ (ခမည်းတော်မင်းကြီး) စောင့်ရှောက်ထိန်းသိမ်းအပ်သော ယသောရောမင်းသမီး၏ တည်ကြည်ဖြောင့်မတ်ခြင်းသည်ကား ယခုအခါ အံ့ဖွယ်မရှိသေး။ ရှေးသရောအခါ သူတစ်ပါးမစောင့်ရှောက်ဘဲလျက် နသောပါရမီဉာဏ် ရှိစဉ်ကပင် တောင်ခြေရင်း၌ လှည့်ပတ်သွားလာသောအခါ မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ဖူးပြီ" ဟု စန္ဒကိန္နရီဇာတ်¹ကို ဟောတော်မူသည်။

## ၁၃- ညီတော်နန္ဒကို ရဟန်းပြုပေးခြင်း

ထိုနေ့၌ပင်လျှင် ညီတော်နန္ဒမင်းသား၏ ဦးသျှောင်ထုံးသောမင်္ဂလာ၊ သကြိန်ဆောင်သောမင်္ဂလာ၊ အိမ်တက်သောမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အိမ်ရှေ့မင်း၏ထီးဆောင်းမင်္ဂလာ ဤ ၅ ပါးသောမင်္ဂလာတို့သည် ဖြစ်ကုန်၏။

ထိုအခါ ဘုရားသခင်သည် ညီတော်နန္ဒမင်းသားအား သပိတ်တော်ကို လွယ်စေ၍ ကြွတော်မူလေ၏။ ဇနပဒကလျာဏီမင်းသမီးသည်လည်း နန္ဒမင်းသားသွားသည်ကို မြင်လျှင်၊ "အရှင့်သား။ လျင်လျင်ပြန်ခဲ့ပါ" ဟုဆို၍ လည်ကိုဆန့်လျက် မျှော်ကြည့်လိုက်၏။ ညီတော်နန္ဒမင်းသားသည်လည်း ဘုရားသခင်အား "သပိတ်တော်ကို ယူပါ" ဟု မလျှောက်ဝံ့၍ ကျောင်းတော်သို့တိုင်အောင် လိုက်ရလေ၏။ ကျောင်းတော်သို့ရောက်လျှင် ရဟန်း မပြုလိုဘဲလျက်ပင် နန္ဒမင်းသားကို ရဟန်းပြုစေ၏။

[ဤသို့ ဘုရားသခင်သည် ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ ၂ ရက်မြောက်၌ နန္ဒမင်းသားကို ရဟန်း ပြုတော်မူ၏။ အပဒါန်အဋ္ဌကထာ၌ကား '၃ ရက်မြောက်သောနေ့၌ နန္ဒမင်းသားကို ရဟန်းပြုတော်မူသည်' ဟု လာ၏။]

## ၁၄- သားတော်ရာဟုလာကို ရှင်ပြုပေးခြင်း

၇ ရက်မြောက်သောနေ့၌ ရာဟုလာမင်းသား၏မယ်တော် ယသောရောမင်းသမီးသည် သားတော်ကို တန်ဆာဆင်စေ၍ ဘုရားသခင်၏အထံတော်သို့ စေလိုက်၏။

"ချစ်သား။ ရဟန္တာအပေါင်း ၂ သောင်းတို့ဖြင့်ခြံရံလျက် ရွှေအဆင်းနှင့်တူသော(အဆင်းရှိသော၊ ဗြဟ္မာမင်း၏ကိုယ်နှင့် တူသော) တင့်တယ်လျောက်ပတ် ဖြောင့်မတ်သောကိုယ်တော် ရှိသော ထိုရဟန်းကြီးကို ရှုပါလော့။ ဤရဟန်းကြီးသည် သင်ချစ်သား၏ အဖပင်တည်း။ သင်ချစ်သား၏အဖအား ရွှေအိုးကြီး ၄ လုံးတို့သည် ရှိကုန်သည်။ ထိုရွှေအိုးကြီး ၄ လုံးတို့ကား သင်ချစ်သားဖခင် တောထွက်သည့်နေ့မှစ၍ မမြင် ကွယ်ပျောက်လေသည်။ ချစ်သား၏ဖခင်အထံသို့ ကပ်၍၊ 'အကျွန်ုပ်သည် အိမ်ရှေ့မင်း ဖြစ်ပါသည်။ ထီးဖြူဆောင်း၍ စကြဝတေး ဖြစ်ရပါမည်။ အကျွန်ုပ်အား ဥစ္စာကို လိုပါသည်။ ဥစ္စာ ပေးတော်မူပါ။ သား ဟူသမျှသည် အဖ၏အမွေကို ခံထိုက်ပါသည်'ဟု တောင်းချေ" စေလိုက်၏။

¹- ၅၅၀ ဇာတ်တော်စဉ် ၄၈၅ ရှု။

www.burmeseclassic.com

www.burmeseclassic.com



ရာဟုလာမင်းသားသည် ဘုရားသခင်အထံတော်သို့ သွားကတည်းကလျှင် အဖ၏ချစ်ခြင်းကို ရ၍၊ ရွှင်သောစိတ်ရှိသည် ဖြစ်၍၊ ‘‘ရှင်ရဟန်း၏အရိပ်သည် ချမ်းငြိမ်းလှပေသည်’’ ဟုဆို၍ ထိုမှတစ်ပါး မိမိကိုယ်နှင့်လျောက်ပတ်သော များစွာသောစကားကို ဆိုလျက် ရပ်၏။

ဘုရားသခင်သည် ဆွမ်းဘုဉ်းပေးပြီးသော် ဆွမ်းအနုမောဒနာ ပြု၍၊ နေရာမှ ထ၍ ကြွတော်မူလေ၏။ ရာဟုလာမင်းသားသည်လည်း ‘‘ရှင်ရဟန်း။ အကျွန်ုပ်အား အမွေပေးပါလော့’’ ဟု ဘုရားသခင်၏နောက်တော်သို့ အစဉ်လိုက်လေ၏။ ဘုရားသခင်လည်း ရာဟုလာမင်းသားကို ‘ပြန်လေတော့’ ဟူ၍လည်း အမိန့်တော် မရှိ။ အခြွေအရံများလည်း ဘုရားသခင်နောက်တော်သို့လိုက်သော မင်းသားကို ‘ပြန်ပါ’ ဟု မဆိုဝံ့ကြ၍ ကျောင်းတော်သို့ ရောက်လျှင်၊ ’’ဤရာဟုလာမင်းသားသည် အဖဥစ္စာအမွေကို အလိုရှိ၏။ ထို လောကီဥစ္စာသည် ဝဋ်တရား၌ အကျုံးဝင်သောကြောင့် ဆင်းရဲခြင်းနှင့် တကွသာဖြစ်သည်။ ယခုမူကား ရာဟုလာမင်းသားအား ဗောဓိပင်ရင်း၌ ရတော်မူအပ်သော ၇ ပါးအပြားရှိသော သူတော်ကောင်းဥစ္စာကို ပေးအံ့။ ‘လောကုတ္တရာ’ တည်းဟူသော အမွေ၏အရှင် ဖြစ်စေအံ့’’ ဟု အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍၊ ‘‘ချစ်သားသာရိပုတ္တရာ။ ဤရာဟုလာမင်းသားသည် အမွေကို တောင်းလာသည်။ လောကီဥစ္စာဖြစ်သော အမွေကိုပေးသဖြင့် အကျိုးမရှိ။ လောကုတ္တရာအမွေကို ပေးအံ့။ လောကုတ္တရာဥစ္စာကို ရပါစိမ့်သောငှာ ရာဟုလာသားတော်ကို ရှင်ပြုလော့’’ ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် ရာဟုလာမင်းသားကို ဆံရိတ်၍ သင်္ကန်း ဝတ်ပေး၏။ အရှင်သာရိပုတ္တရာသည် သရဏဂုံ ပေး၏။ ဥပဇ္ဈာယ်လည်း ဖြစ်၏။ အရှင်မဟာကဿပသည် အဆုံးအမဩဝါဒပေးသောဆရာ ဖြစ်သည်။

(အခြွေအရံတို့ ဝတ်လဲတန်ဆာတို့ကို ဆောင်ယူ၍ပြန်လေသော် မယ်တော်အား ကြားလေကုန်၏။ မယ်တော်လည်း သုဒ္ဓေါဒနမင်းကြီးအား ကြားလျှောက်၏။)

## ၁၅- မိဘခွင့်မပြုသောသားကို ရှင်,ရဟန်းမပြုရန် ပညတ်ခြင်း

သုဒ္ဓေါဒနမင်းကြီးသည် ‘‘သားတော်သိဒ္ဓတ်မင်းသားကို တောမထွက်စေဦးဘဲ စကြာမင်း၏အသရေကို ရှုမြင်လို၍ ရဟန်းတို့၏အသွင်ကိုမျှ မမြင်စေရ။ ‘သူနာ, သူအို, သူသေ’ ဟူသော နိမိတ်တို့ကို မမြင်စေရ။ မြို့တံခါးတို့ကိုလည်း ယောက်ျားတွက်ရေ ဗိုလ်ခြေ ၁၀၀၀ ဖွင့်မှ ပွင့်နိုင်အောင်လုပ်၍ အားထုတ်ပါသော်လည်း စည်းစိမ်မြားမြောင် ၃ ဆောင်သောနန်းပြာသာဒ်တို့ကို စွန့်ပစ်၍ တောထွက်တော်မူလေလျှင်၊ သားတော်နန္ဒမင်းသားကိုလည်း ‘စကြာမင်း၏ စက်လက္ခဏာပါသည်။ စကြာမင်း ဖြစ်မည်’ဟု အထင်အမြင် ဗေဒင်ဆရာတို့ နိမိတ်လက္ခဏာဖတ်သောကြောင့် ‘သားတော်ငယ်မင်းနန်၏ စကြာမင်းအသရေကို ကြည့်ရှုရမည်’ ထင်မှတ်၍၊ ကိုးစားဖြေဆည်လျက် နေပါသည်ကိုလည်း ကျောင်းတော်သို့ခေါ်၍ ရဟန်းပြုခဲ့ပြီ။ သားကြီး, သားငယ်ပင် ရဟန်းအဖြစ်၌ တည်စေကာမူ ‘မြေးငယ်ရာဟုလာမင်း၏ စကြာအသရေကို မြင်ရအံ့’ဟု အားထုတ်ပါသော်လည်း ‘ရာဟုလာမင်းသားကို ရှင်ပြုချေပြီ’ဟု ကြားလျှင်၊ သားကြီးနှင့်ကွေကွင်းခြင်း ဆင်းရဲကိုလည်း သည်းမခံနိုင်အောင် ရှိသည်တွင် သားငယ် ရဟန်းပြုပြန်၍ ဆင်းရဲတစ်ချက်၊ သားရင်း, မြေးရင်းတို့နှင့် ကွေကွင်းရခြင်းဟူသော ဆင်းရဲကိုတွေ့၍၊ ‘ယခုမှာ ငါ၌အမျိုးအနွယ်ပင် ပြတ်လေပြီ။ အဘယ်မှာ စကြာမင်း၏အဖြစ်ကို ရတော့အံ့နည်း’ ဟု ပင်ပန်းဆင်းရဲခြင်း ကြီးစွာဖြစ်လေ၏။

[သုဒ္ဓေါဒနမင်းကြီးသည် သားတော်, မြေးတော်တို့ကို ရဟန်းပြုသောအခါ သကဒါဂါမ်သာ ဖြစ်သေးသည်။ နောက်မှ အနာဂါမ် ဖြစ်သည်။ ထို့ကြောင့် ဆင်းရဲကြီးစွာဖြစ်လေသည်။]



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဆင်းရဲခြင်းကြီးစွာဖြစ်သည်နှင့် ဤသို့ ကြံ၏။ 'ငါသည် ဘုရားကို မြတ်နိုးသောသူ, တရားတော်ကို မြတ်နိုးသောသူ, သံဃာတော်ကို မြတ်နိုးသောသူ ဖြစ်ပါလျက် ကိုယ်၌ အလွန်ချစ်အပ်သော သား,မြေးတို့ကို ရဟန်းပြုသည်ရှိသော် သား,မြေးတို့နှင့် ကွေကွင်းရခြင်းဆင်းရဲကို သည်းမခံနိုင်အောင် ရှိခဲ့သည်။ တစ်ပါးသော သူတို့မှာမူကား သား,မြေးတို့ကို ရဟန်းပြုသည်ရှိသော် အဘယ်မှာ သည်းခံနိုင်ပေလိမ့်မည်နည်း' ဟု အကြံရှိ၍၊ ဘုရားသခင်ရှိရာသို့ လာခဲ့ပြီးသော် လျောက်ပတ်သောနေရာ၌ ရှိခိုးလျက်နေ၍၊ "အရှင်ဘုရား။ အကြင်ဆုသည် ပေးလည်း ပေးအပ်၏။ ပေးသည် ဟူ၍လည်း အပြစ်မရှိ။ ပေးခြင်းကြောင့်လည်း မကဲ့ရဲ့အပ်။ ထိုဆုကို လိုပါသည်။ ပေးတော်မူပါ" ဟု လျှောက်သော်၊ "ကောင်းပြီ။ ခမည်းတော်မင်းကြီး။ ဆိုလော့" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ အရှင်ဘုရား ရဟန်းပြုသည်ရှိသော် အကျွန်ုပ်အား အတိုင်းထက်အလွန် ပူပန်ဆင်းရဲကြေကွဲသောနှလုံး ရှိပါသည်။ ထို့အတူပင် ညီတော်မင်းနန္ဒ ရဟန်းပြုပြန်လျှင် ပူပန်ဆင်းရဲရပါသည်။ ထို့အတူပင် မြေးငယ် ရာဟုလာမင်းသားကို ရှင်ပြုသည်ကြားပြန်လျှင် များစွာဆင်းရဲပူပန်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။ သား,မြေးတို့၌ ချစ်ခြင်းသည် အပေါ်ရေ, အတွင်းရေ, အသား, အကြော, အရိုးတို့ကိုဖြတ်၍၊ ရိုးတွင်းခြင်ဆီကို ထိ၍ တည်ပါသည်။ အကျွန်ုပ် တောင်းပန်ပါသည် အရှင်ဘုရား။ အမိအဖတို့ ခွင့်မပြုသော သားကို ရှင်ရဟန်း မပြုပါလင့်" ဟု လျှောက်၏။

ထိုအခါ ဘုရားသခင်သည်လည်း "ဤသာသနာတော်၌ ဝဋ်တရားမှ ထွက်မြောက်ရာထွက်မြောက်ကြောင်းဖြစ်သောစကားကို ခမည်းတော်မင်းကြီး ဆိုပေသည်" ဟု ခမည်းတော်မင်းကြီးအား တရားစကား ဟောကြားတော်မူ၏။ ခမည်းတော်မင်းကြီးလည်း တရားစကား ကြားနာရသည်၏အဆုံး၌ နေရာမှ ထ၍၊ ဘုရားသခင်ကို ရှိခိုး၍၊ လက်ယာရစ်လှည့်သည်ကို ပြု၍ သွားလေ၏။

ထိုအခါ ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍-

'န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေ တဗ္ဗော၊ ယော ပဗ္ဗာဇေယျ အာပတ္တိ ဒုက္ကဋဿ' ဟု ပညတ်တော်မူ၏။

ဤအတ္ထကား-

"ဘိက္ခဝေ၊ ရဟန်းတို့။ မာတာပိတူဟိ၊ အမိအဖတို့သည်။ အနနုညာတော၊ ခွင့်မပြုအပ်သော။ ပုတ္တော၊ သားကို။ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းမပြုအပ်။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပဗ္ဗာဇေယျ၊ ရှင်ရဟန်းပြုငြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။"

## ၁၆- သုဒ္ဓေါဒနမင်းကြီး အနာဂါမ်ဖြစ်ခြင်း

တစ်နေ့သ၌ ဘုရားသခင်သည် နန်းတော်တွင်းသို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူ၍၊ ဆွမ်းဘုဉ်းပေးပြီးသော် သုဒ္ဓေါဒနမင်းကြီးသည် "အရှင်ဘုရား။ အရှင်ဘုရားတို့၏ ဒုက္ကရစရိယာကျင့်တော်မူသောအခါ နတ်သားတစ်ဦးသည် လာလတ်၍ အကျွန်ုပ်ကို 'မင်းကြီး။ သင်မင်းကြီး၏သား သေချေပြီ' ဟု ဆိုသည်။ ထိုစကားကို အကျွန်ုပ် မယုံ။ 'ငါ့သား ဘုရား မဖြစ်ဘဲကို မသေနိုင်'ဟု ထိုနတ်သား၏စကားကို ပယ်လိုက်ပါသည်" ဟု လျှောက်ပေသော်၊ "ခမည်းတော်မင်းကြီး။ ယခုဘဝ၌ ပါရမီရင့်ပြီးကို အဘယ်မှာ ယုံကြည် အံ့နည်း။ ရှေးရှေးသော ဘဝ ပါရမီနုစဉ်ကပင်သော်လည်း 'သင့်သား သေပြီ'ဟု အရိုးကိုပြ၍ ယုံကြောင်း ယုံဖွယ် အသွယ်သွယ် ပြောဆိုသော်လည်း မယုံဘူးလေ" ဟု အတ္ထုပ္ပတ္တိကို ထုတ်ဖော်၍ မဟာဓမ္မပါလ ဇာတ်[၁]ကို ဟောတော်မူပေ၏။ ဒေသနာတော်၏အဆုံး၌ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမ်အဖြစ်၌ တည်လေ၏။

၁- ၅၁၀ ဇာတ်တော်စဉ် ၄၄၇ ရှု။

www.burmeseclassic.com

www.burmeseclassic.com



## ၁၇- အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်ကို လှူခြင်း

ဤသို့ ဘုရားသခင်သည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား ၃ ပါးသောဖိုလ်၌ တည်စေပြီးမှ သံဃာတော်အပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ တစ်ဖန်ကြွတော်မူ၍ ယင်းတိုက်တော၌ နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် လှည်း ၅၀၀ တို့ဖြင့် ကုန်ဝယ်ဥစ္စာဘဏ္ဍာ တင်၍ ရာဇဂြိုဟ်ပြည်သို့ လာပြီးသော်၊ မိမိ၏ အဆွေခင်ပွန်းသူဌေးအိမ်၌ တည်းနေ၍၊ ဘုရားဖြစ်မှန်းကို ကြားသိ၍ နံနက်စောစောက နတ်တို့၏အာနုဘော်ကြောင့် တံခါးပွင့်လျက် ရှိ၏။ ဘုရားသခင်ထံသို့ ကပ်၍၊ တရားတော်ကို နာရသည်၏အဆုံး၌ သောတာပန်အဖြစ်၌ တည်လေ၏။ ၂ ရက်မြောက်သောအဆုံးနေ့၌ ဘုရား အမှူးရှိသော သံဃာတော်တို့အား အလှူကြီး ပေး၍၊ 'သာဝတ္ထိပြည်သို့ ကြွတော်မူပါမည့်အကြောင်း' ကို ပင့်ဖိတ်၍၊ အခွင့်ရလျှင် ခရီးအကြား ၄၅ ယူဇနာ ရှိသောအရပ်၌ ၁ သိန်းသောဥစ္စာကို ပေး၍၊ ၁ယူဇနာလျှင် ကျောင်း ၁ ဆောင်စီ ဆောက်စေ၍၊ ဇေတမင်းသား၏ဥယျာဉ်ကို ၁၈ ကုဋေသောဥစ္စာဖြင့် ဝယ်၍ ကျောင်းရာ သုတ်သင်ပြီးသော် အလယ်၌ မြတ်စွာဘုရား၏ဂန္ဓကုဋီတိုက်ကို ဆောက်လုပ်စေ၏။

ထိုဂန္ဓကုဋီတိုက်ကို ရံ၍ ၈ ကျိပ်သောမထေရ်တို့အား အသီးသော တပေါင်းတည်းစုဝေးရာ၊ ကုဋီတစ်ခုနှင့်တစ်ခု ဟင်္သာတောင်ကဲ့သို့ ဝန်းလဲည်လျက် အရှည်အတိုသော မဏ္ဍပ်၊ ဇရပ် အစရှိသည်၏ အစွမ်းဖြင့် လည်းကောင်း၊ ကြွင်းသော ကျောင်းဆောင်၊ ဇိမာန်၊ ရေကန်၊ စင်္ကြံ၊ နေ့သန့်ရာ၊ ညဥ့်သန့်ရာတို့ကို လည်းကောင်း ၁၈ ကုဋေသောဥစ္စာတို့ကို စွန့်၍ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖို့၌ ကျောင်းတော်ကို ဆောက်စေပြီးမှ ဘုရားသခင်အား ကြွတော်မူစိမ့်သောငှာ တမန်တို့ကို စေလိုက်၏။

ဘုရားသခင်သည်လည်း တမန်တို့၏သတင်းစကားကို ကြားတော်မူ၍၊ များစွာသော ရဟန်းအပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်၍ အစဉ်အတိုင်း သာဝတ္ထိပြည်သို့ ရောက်တော်မူလေ၏။

အနာထပိဏ်သူဌေးသည်လည်း 'ကျောင်းလှူအံ့'ဟု စီရင်ခင်းကျင်း၍၊ ဘုရားသခင် ဇေတဝန်ကျောင်းတော်သို့ ဝင်သည့်နေ့၌ သားကို ဝတ်စားတန်ဆာ၊ ရတနာရွှေငွေ ဆင်ယင်စေ၍ ၅၀၀ သောအခြွေအရံတို့နှင့်တကွ စေလွှတ်လိုက်၏။

သူဌေးသားသည်လည်း ၅၀၀ သော သူငယ်အခြံအရံနှင့်တကွ ဘုရားသခင်ရှိတော်မူရာ အရပ်ကို ရှိသေစွာ ဦးဖြင့် ခိုက်၍၊ ၅ ပါးသော အလွန်ဆန်းကြယ်သောအဆင်းရှိသော တံခွန် ၅၀၀ တို့ကို ကိုင်စေ၍ ဘုရားသခင်ရှေ့တော်သို့ ဆိုက်ရောက်လေ၏။ ထိုသူတို့၏နောက်မှ 'မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ' ဟူသော သမီး ၂ ယောက်တို့သည် ၅၀၀ သော သတို့သမီးအခြံအရံနှင့် ရေပြည့်အိုးကိုရွက်၍ ထွက်လေကုန်၏။ ထိုသူဌေးသမီးတို့နောက်မှ သူဌေးမယားသည် တန်ဆာဆင်ခြင်းနှင့်စပ်သော မာတုဂါမ ၅၀၀ တို့နှင့်တကွ ရေဖြင့်ပြည့်သော ဖလားတို့ကို ရွက်ကုန်၍ ထွက်လေကုန်၏။ အလုံးစုံတို့၏နောက်မှ အနာထပိဏ်သူဌေးသည် အစာမချေသောပုဆိုးကို ဝတ်လျက်၊ အစာမချေသောပုဆိုးကို ဝတ်သော သူဌေး ၅၀၀ တို့နှင့်တကွ ဘုရားသခင်ထံတော်သို့ ရောက်လေ၏။

ဘုရားသခင်သည် ဥပါသကာပရိသတ်ကို ရှေ့ထား၍ များစွာသောသံဃာတော်အပေါင်းခြံရံလျက် ကိုယ်တော်ရောင်ဖြင့် ရွှေရည်သွန်းအပ်သော ဥဒေါင်းမြီးရှည်ကဲ့သို့ တောအုပ်တို့ကိုပြုတော်မူလျက်၊ အဆုံးမရှိသော၊ ဘုရား၏တင့်တယ်ခြင်းဖြင့်၊ အတုမရှိသော ဘုရား၏အသရေတော်ဖြင့် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူလေ၏။

အနာထပိဏ်သူဌေးသည်လည်း "အရှင်ဘုရား။ ဤကျောင်း၌ အသို့ကျင့်အပ်ပါမည်နည်း" ဟု ဘုရားသခင်ကိုလျှောက်သော်၊ "သူဌေး။ ဤကျောင်းကို ဘုရား အမှူးရှိသော၊ အရပ် ၄ မျက်နှာ၌ တည်သော၊ ရောက်ဆဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်လတ္တံ့သော သံဃာတော်အား လှူလော့''ဟု မိန့်တော်မူပေ၏။ အနာထပိဏ်သူဌေးသည်လည်း ''ကောင်းပါပြီ အရှင်ဘုရား'' ဟု ရွှေကရားကို ယူ၍၊ မြတ်စွာဘုရား၏လက်တော်၌ ရေစက်သွန်းလောင်း၍-

'ဣမံ ဇေတဝနဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ' ဟု ဇေတဝန်ကျောင်းတော်ကို လှူလေ၏။

ဤ၌ အဓိပ္ပါယ်ကား-

''ဣမံ ဇေတဝနဝိဟာရံ၊ ဤဇေတဝန်ကျောင်းတော်ကို။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ စာတုဒ္ဒိသဿ၊ အရပ် ၄ မျက်နှာ၌တည်သော။ အာဂတာနာဂတဿ၊ ရောက်ဆဲ, ရောက်လတ္တံ့သော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒမ္မိ၊ လှူပါ၏။''

ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်ကို ခံတော်မူ၍၊ ကျောင်းအနုမောဒနာ ပြုလိုရကား- 'သီတံ ဥဏှံ ပဋိဟန္တိ' အစရှိသော မင်္ဂလာဒေသနာကို ဟောတော်မူ၏။ အနာထပိဏ်သူဌေးသည်လည်း ၂ ရက်မြောက်သော နေ့မှ စ၍ ကျောင်းပူဇော်ခြင်းကို အားထုတ်၏။

[ဝိသာခါဒါယိကာမ၏ ကျောင်းပူဇော်သဘင်ပွဲသည် ၄ လရှိမှ ပြီးသည်။ အနာထပိဏ်သူဌေး၏ ကျောင်းပူဇော်ပွဲသည်ကား ၉ လ ရှိမှ ပြီးသည်။ ကျောင်းပူဇော်ပွဲ၌လည်း ၁၈ ကုဋေသောဥစ္စာကို စွန့်ကြဲ ပေးကမ်း၏။ ဤသို့ ကျောင်း ၁ ဆောင် တည်း၌ ဤ ၅၄ ကုဋေသောဥစ္စာတို့ကို စွန့်ပေ၏။]

- လွန်လေပြီးသောအခါ ဝိပဿီဘုရားလက်ထက်တော်၌ 'သုမိတ္တာ'မည်သော သူဌေးသည် ရွှေအုတ်အခင်း ဖြင့်ဝယ်၍ ထိုဇေတဝန်ကျောင်းတော်ရာတွင်ပင် ၁ ယူဇနာမျှလောက်သော သံဃာ့အာရာမ်ကို ပြု၏။
- သိခီဘုရားလက်ထက်တော်၌ 'သိရိဝဍ္ဎ'မည်သောသူဌေးသည် ရွှေဖန်းအခင်းဖြင့်ဝယ်၍ ထိုဇေတဝန်ကျောင်း တော်ရာတွင်ပင် ၃ ဂါဝုတ်ရှိသော သံဃာ့အာရာမ်ကို ပြု၏။
- ဝေဿဘူဘုရားလက်ထက်တော်၌ 'သောတ္ထိယ[၁]'မည်သောသူဌေးသည် ရွှေဆင်ခြေအခင်းဖြင့် ဝယ်၍ ထိုဇေတဝန်ကျောင်းတော်ရာတွင်ပင် ယူဇနာခွဲပမာဏရှိသော သံဃာ့အာရာမ်ကို ပြု၏။
- ကကုသန်ဘုရားလက်ထက်တော်၌ 'အစ္စုတ'မည်သော သူဌေးသည် ရွှေအုတ်အခင်းဖြင့်ဝယ်၍ ထိုဇေတဝန် ကျောင်းတော်ရာတွင်ပင် ၁ ဂါဝုတ်ပမာဏရှိသော သံဃာ့အာရာမ်ကိုပြု၏။
- ကောဏာဂုံဘုရားလက်ထက်၌ 'ဥဂ္ဂ'မည်သောသူဌေးသည် ရွှေလိပ်အခင်းဖြင့် ဝယ်၍ ထိုဇေတဝန်ကျောင်း တော်ရာတွင်ပင် ၈ ဂါဝုတ်ပမာဏရှိသော သံဃာ့အာရာမ်ကို ပြု၏။
- ကဿပဘုရားလက်ထက်တော်၌ 'သုမင်္ဂလ'မည်သော သူဌေးသည် ရွှေလုံးတံအခင်းဖြင့်ဝယ်၍ ထိုဇေတဝန် ကျောင်းတော်ရာတွင်ပင် ၁၆ မင်းပယ်စာ အခင်းပမာဏရှိသော သံဃာ့အာရာမ်ကို ပြု၏။
- ငါတို့ဘုရားလက်ထက်တော်ကား အနာထပိဏ်သူဌေးသည် အသပြာ ၁၈ကုဋေ အခင်းဖြင့်ဝယ်၍ ၈ မင်း ပယ်စာ အခင်းပမာဏရှိသော သံဃာ့အာရာမ်ကို ပြု၏။

ဤဇေတဝန်ကျောင်းတော်ရာသည်ကား ဘုရားရှင်တကာတို့ မစွန့်ရာသော အရပ်တည်း။

## ၁၈- သာလဝတီကို ပြည့်တန်ဆာအရာ ထားခြင်း

သဗ္ဗညုဘုရားသခင်သည် တစ်ရံရောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏။ ထိုအခါ ဝေသာလီပြည်သည် ကြွယ်ဝပြန့်ပြော များသောလူတို့ဖြင့် ပြွမ်းသည်။ ရိက္ခာထမင်း ဝပြောခြင်းရှိသည် ဖြစ်၏။

[၁]- သောတ္ထိယ

www.burmeseclassic.com

www.burmeseclassic.com



၇၇၀၇ ဆောင်သော ပြာသာဒ် ရှိ၏။ ၇၇၀၇ ဆူသော စုလစ်မွမ်းချွန် ရှိ၏။ ၇၇၀၇ ဆူသော အာရာမ် ရှိ၏။ ၇၇၀၇ ခုသော ရေကန် ရှိ၏။

'အမ္ဗပါလိကာ'မည်သော ပြည့်တန်ဆာမသည် အလွန် အဆင်းလှ၏။ ရှုချင်နှစ်သက်ဖွယ် စင်ကြယ်သန့်ရှင်းသောအဆင်း ရှိ၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၌ လိမ္မာ၏။ သွားလာရောက်ပေါက်ခြင်းကို အလိုရှိကုန်သော လူတို့သည် အသပြာ ၅၀ ပေး၍ တစ်ညဉ့်တွက်၌ ပျော်ပါးသွားလာရကုန်၏။ ထို အမ္ဗပါလိကာရှိသည်၏ အကြောင်းကြောင့်လည်း ဝေသာလီပြည်သည် အတိုင်းထက်အလွန် တင့်တယ်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌နေသော သူကြွယ်တစ်ယောက်သည် တစ်စုံတစ်ခုပြုဖွယ်ကိစ္စကြောင့် ဝေသာလီပြည်သို့ သွားလေ၏။ ရာဇဂြိုဟ်သူဌေးသည် ဝေသာလီပြည်၏ ပြည့်စုံကြွယ်ဝလှသော၊ လူတို့ဖြင့်ပြွမ်းသော အကြင်အခြင်းအရာကိုလည်း မြင်လေ၏။ ၇၇၀၇ ဆောင်သော ပြာသာဒ်၊ ၇၇၀၇ ဆူသော စုလစ်မွမ်းချွန်၊ ၇၇၀၇ ဆူသော အာရာမ်၊ ၇၇၀၇ ခုသော ရေကန်တို့ကိုလည်း မြင်လေ၏။ အမ္ဗပါလိကာ ပြည့်တန်ဆာမ၏ လျောက်ပတ်တင့်တယ် ရှုဖွယ်ဘနန်း ဆန်းကြယ်သောအဖြစ်ကိုလည်း မြင်လေ၏။ အမ္ဗပါလိကာ ပြည့်တန်ဆာမကြောင့် ဝေသာလီပြည်သည် ထူးခြားကဲလွန်၍ စည်ပင်သာယာသောအဖြစ်ကိုလည်း မြင်သိလေ၏။

ထိုအခါ၌ ရာဇဂြိုဟ်ပြည်သူဌေးသည် ဝေသာလီပြည်၌ ပြုဖွယ်ကိစ္စကို ပြီးစေ၍၊ ရာဇဂြိုဟ်ပြည်သို့ တစ်ဖန်ပြန်လာ၍၊ ဗိမ္ဗိသာရမင်းကြီး၏အထံ ချဉ်းကပ်၍၊

"အရှင်မင်းကြီး။ အကျွန်ုပ်သည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စရှိ၍ ဝေသာလီပြည်သို့ ရောက်ချေသည်။ ဝေသာလီပြည်သည် ပြန့်ပြောကြွယ်ဝစွာ ရှိ၏။ များစွာသောလူတို့ဖြင့် ပြွမ်း၏။ ထမင်း၊ အဖျော်တို့ဖြင့်လည်း ပြည့်စုံ၏။ ၇၇၀၇ ဆောင်သော ပြာသာဒ်တို့သည်လည်း ရှိ၏။ ၇၇၀၇ ဆူသော စုလစ်မွမ်းချွန်တို့သည်လည်း ရှိ၏။ ၇၇၀၇ ဆူသော အာရာမ်လည်း ရှိ၏။ ၇၇၀၇ ခုသော ရေကန်တို့သည်လည်း ရှိ၏။ အလွန်အဆင်းလှသော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၌လိမ္မာသော 'အမ္ဗပါလိကာ' မည်သော ပြည့်တန်ဆာမသည်လည်း ရှိ၏။ ထိုပြည့်တန်ဆာမအား ပျော်ပါးလို၍ လာရောက်ကြကုန်သော သူတို့သည် တစ်ညဉ့်၏အတွက်၌ အသပြာ ၅၀ ပေး၍ သွားလာရကုန်၏။ ထိုအမ္ဗပါလိကာ ရှိသောကြောင့်လည်း ဝေသာလီပြည်သည် ထူး၍ စည်ပင်ပြန့်ပြောသည်။ အရှင်မင်းကြီး။ အကျွန်ုပ်တို့ ရာဇဂြိုဟ်ပြည်၌လည်း လျောက်ပတ်တင့်တယ်သော ပြည့်တန်ဆာမကို ထားရပါမူကား ကောင်းလေစွ" ဟု ဗိမ္ဗိသာရမင်းကြီးအား လျှောက်လေ၏။ မင်းကြီးလည်း "ကောင်းပြီ သူကြွယ်။ အကြောင်းသင့်ရာ သတို့သမီးကို သိအောင်ပြုလော့" ဟုဆို၏။

ထိုအခါ၌ ရာဇဂြိုဟ်ပြည်ဝယ် 'သာလဝတီ'အမည်ရှိသော သတို့သမီးသည် အလွန်အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏။ နှစ်သက်ဖွယ် တင့်တယ်လျောက်ပတ် မြတ်သောအသရေအဆင်း ရှိ၏။ ရာဇဂြိုဟ်ပြည်၌ သူကြွယ်တို့သည် သာလဝတီသတို့သမီးကို ပြည့်တန်ဆာအရာ၌ ထားကြကုန်၏။ ထားခြင်းကား- ပြည်သူပြည်သားတို့က ၂ သိန်းသော အသပြာ၊ မင်းတို့က ၁ သိန်းသောအသပြာ၊ ဤ ၃ သိန်းသောအသပြာတို့မှတစ်ပါး အာရာမ်၊ ဥယျာဉ်၊ လှည်း၊ နွား စသည်တို့ကိုပေး၍ ပြည့်တန်ဆာအရာ၌ ထားကြကုန်၏။ တစ်ညဉ့်တစ်ညဉ့်၌ အသပြာ ၁၀၀ ပေး၍ ပျော်ပါးကြရကုန်၏။

သာလဝတီ ပြည့်တန်ဆာဖြစ်၍ များမကြာမီ ဗိမ္ဗိသာရမင်း၏သားတော်ဖြစ်သော အဘယမင်းသားသည် သွားလာရာတွင် ကိုယ်ဝန် ရှိလေ၏။ ထိုအခါ သာလဝတီသည် 'ကိုယ်ဝန်ဆောင်သော မိန်းမတို့ကို ယောကျ်ားတို့သည် မနှစ်သက်ကုန်။ ငါ့ကို တစ်စုံတစ်ယောက်သောသူတို့သည် ကိုယ်ဝန်ရှိသည်ဟု သိချေအံ့။ ငါ့အား အလုံးစုံသော လာဘ်ပူဇော်တို့သည် ပျက်ကုန်လတ္တံ့။ မကျန်းမမာဟု ဆို၍၊ အခန်းတွင်းမှမထွက်ဘဲ နေရသော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၏’ ဟု အကြံရှိ၍၊ တံခါးစောင့်ကို ခေါ်ပြီးသော်၊ “အချင်းတံခါးစောင့်။ တစ်စုံတစ်ယောက်သော ယောကျ်ားသည် ငါ့ကိုမေးသည် ဖြစ်အံ့။ ‘မကျန်းမမာ’ ဟူ၍ ပြောလော့” ဟု ဆိုပေသော်၊ “ကောင်းပြီ အရှင်မ” ဟု တံခါးစောင့်သည် သာလဝတီ၏စကားကို ဝန်ခံ၍၊ လာလာသမျှသောသူတို့အား သာလဝတီ ဆိုတိုင်း ပြောပေ၏။

သာလဝတီသည်လည်း ကိုယ်ဝန်ရှိ၍ အချိန်စေ့လျှင် သားယောကျ်ားကို ဖွား၏။ သာလဝတီသည် ကျွန်မကို ခေါ်၍၊ “ဟယ်-ကျွန်မ။ ဤသူငယ်ကို မန်းဆိုးဖြင့်ထည့်၍ အပြင်သို့ထုတ်ပြီးလျှင် တံမြက်ချေး စုဌ် စွန့်ပစ်ချေလော့” ဟု စေလိုက်၏။ [‘မန်း’-ဟူသည်ကား ‘ဆန်ကော’-ပင်တည်း။] ထိုကျွန်မသည်လည်း “ကောင်းပြီ အရှင်မ” ဟု သူငယ်ကို မန်းဆိုးတွင်ထည့်၍ ပြင်သို့ထုတ်ပြီးလျှင် တံမြက်ချေးစုဌ် စွန့်ပစ်လေ၏။

ထိုအခါ၌ အဘယမင်းသားသည် စောစောကလျှင် ‘မင်းခစားအံ့သောငှာ နန်းတော်သို့ဝင်အံ့’ဟု သွားလေသော်၊ ကျီးတို့သည်ဝန်းရံအပ်သော သူငယ်ကိုမြင်လျှင် လူတို့ကို ခေါ်၍၊ “အချင်းတို့။ ကျီးတို့သည် ဝန်းရံလတ်သည်ကား အဘယ်အကြောင်းအရာနည်း” ဟု မေးသော်၊ “အရှင်မင်းသား။ သူငယ်တည်း” ဟု ဆိုပေကုန်၏။

“အချင်းတို့။ အသက် ရှိသေး၏လော” ဟုမေး၍၊ “အရှင်မင်းသား။ အသက်ရှိသေး၏” ဟုဆိုကုန်သော်၊ “အချင်းတို့။ သူငယ်ကို ငါတို့နန်းတွင်းသို့ ဆောင်ယူ၍၊ နို့ထိန်းပေး၍ မွေးရသော် ကောင်း၏” ဟုဆိုသော်၊ “ကောင်းပြီ။ အရှင့်သား” ဟု အချင်းအရင်းတို့သည် ထိုသူငယ်ကို အဘယမင်းသား၏ နန်းတွင်းသို့ ဆောင်ယူ၍ နို့ထိန်းတို့အား “ဤသူငယ်ကို ထိန်းသိမ်းမွေးကျွေးကုန်” ဟု ပေး၏။

[ထိုသူငယ်ကို ‘အသက် ရှိသေး၏လော’မေးသော်၊ ‘အသက် ရှိသေး၏’ဟု ဆိုသောစကားကို လိုက်၍ ‘ဇီဝက’ ဟု အမည် မှည့်ကုန်၏။ အဘယမင်းသားမွေးသောကြောင့်လည်း ‘ကောမာရဘစ္စ’ ဟုတွင်၏။]

## ၁၉- ပြည့်တန်ဆာသား ဇီဝကအကြောင်းကို ပြခြင်း

ထိုအခါ၌ ဇီဝကသတို့သားသည် မကြာမြင့်မီလျှင် သိကြားလိမ္မာသောအဖြစ်သို့ ရောက်လေ၏။ ထိုဇီဝက သတို့သားသည် တစ်ပါးသောသူငယ်တို့နှင့် ကစားကြ၍ ငြင်းခုံခြင်းဖြစ်လတ်သော်၊ “အမိမဲ့သား၊ အဖမဲ့ သား” ဟု သူငယ်တို့ ဆိုကုန်၏။

တစ်ပါးသောသူငယ်တို့အား ကစားရာပွဲလမ်းသဘင်တို့၌ မိထွေး၊မိကြီး အစရှိသောသူတို့သည် ခဲဖွယ်၊ စားဖွယ်၊ လက်ဆောင်ပဏ္ဏာ ပေးလာကြကုန်၏။ ဇီဝကသတို့သားအားကား တစ်စုံတစ်ယောက်သောသူမျှ ပေးလာမည့်သူ မရှိဖြစ်၍၊ အလုံးစုံကို ကြံစည်ဆင်ခြင်၍၊ အဘယမင်းသားအထံသို့ ချဉ်းကပ်၍၊ “အရှင်မင်းသား။ အကျွန်ုပ်တို့၏ မိခင်ဖခင်ကား အသူတုံနည်း” ဟုမေး၏။

အဘယမင်းသား သည်လည်း “သင်၏အမိကို ငါ မသိ။ ငါမူကား ချစ်သားကို မွေးကျွေးရသည့် ဖခင်တည်း” ဟု ဆိုပေ၏။

ထိုအခါ ဇီဝကသည် ဤသို့ ကြံ၏။ ‘ဤမင်းသားအိမ်၌ အတတ်ပညာမရှိဘဲလျက် အသက်မွေး ခက်လှ ချေသည်။ တစ်စုံတစ်ခုသော အသက်မွေးရာအတတ်ကို သင်ရမှုကား ကောင်း၏။ ဆင်အတတ်၊ မြင်းအတတ် အစရှိသည်တို့ကို သင်ရပါမည်လည်း သူတစ်ပါးတို့အား ညှဉ်းဆဲခြင်းနှင့်သာ စပ်သောအတတ် ဖြစ်၏။ ဆေး အတတ်သည်ကား သူတစ်ပါးတို့အား မေတ္တာကိုရှေ့ထား၍ အကျိုးစီးပွားနှင့် စပ်၏။ ထို့ကြောင့် ဆေးအတတ် ကိုသာ သင်ရမှု ကောင်း၏’ ဟု ကြံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



[ဇီဝကသတို့သားသည် ကမ္ဘာ ၁ သိန်းအထက်၌ ပဒုမုတ္တရမြတ်စွာဘုရားအား ဆေးဖြင့် လုပ်ကျွေးသော သူကို မြင်၍၊ "ငါသည်လည်း ဤသူကဲ့သို့ အရာအထူးကိုရောက်၍ သဗ္ဗညုမြတ်စွာဘုရားသခင်တို့အား ဆေးဖြင့်လုပ်ကျွေးရသော အဖြစ်သို့ ရောက်ပါလို၏" ဟု ကြံစည်တောင့်တ၍၊ ၇ ရက်ပတ်လုံး ဘုရားအမှူး ရှိသောသံဃာတော်တို့အား အလှူကြီးကို ပေး၍၊ ဘုရားသခင်ကို ရှိခိုးလျက်၊ "အရှင်ဘုရား။ ဤသူသည် အရှင်ဘုရားတို့အား ဆေးဖြင့်လုပ်ကျွေးသကဲ့သို့ အကျွန်ုပ်သည်လည်း နောင်သောအခါ၌ ဘုရားသခင်ထံ ထို့ အတူ ဆေးဖြင့် လုပ်ကျွေးရပါလို၏"ဟု ဆုတောင်းခြင်းပါရမီသည် တိုက်တွန်းနှိုးဆော်၍၊ 'ဆေးအတတ်ကို သင်ရသော် ကောင်း၏' ဟု ကြံမိလေသတည်း။]

ထိုအခါ၌ တက္ကသိုလ်ပြည်မှ ကုန်သည်တို့သည် အဘယမင်းသားကို ဖူးမြင်အံ့သောငှာ လာကြကုန်၏။ ဇီဝကသည်လည်း ထိုကုန်သည်တို့ကို "သင်တို့ အဘယ်အရပ်မှ လာကြကုန်သနည်း" ဟုမေး၍၊ တက္ကသိုလ်ပြည်မှ လာကြောင်း'ကို ပြန်ပြောကြကုန်လေသော်၊ "တက္ကသိုလ်ပြည်၌ ဆေးအတတ်ကို တတ်သောသူသည် ရှိပါသလော" ဟု မေး၏။ "ရှိ၏ ဇီဝက။ အရပ် ၄ မျက်နှာတို့၌ ကျော်စောထင်ရှားသော ဒိသာပါမောက္ခ ဆရာဖြစ်သော ဆေးသမားကြီးသည် ရှိ၏" ဟု ဆိုကြသောစကားကို ကြား၍၊ "ထိုသို့တပြီးကား သင်တို့သွား သောအခါ ငါ့အား ကြားပါကုန်" ဟု ဆို၏။ ထိုကုန်သည်တို့သည်လည်း သွားခါနီးကာလ၌ အကြောင်းစကား ကို ကြားကုန်၏။

ဇီဝကသည်လည်း အဖဖြစ်သောအဘယမင်းသားကို မပန်ကြားခဲ့ဘဲ ကုန်သည်တို့နှင့်အတူတကွ တက္ကသိုလ်ပြည်သို့ သွားလေ၍၊ အစဉ်အတိုင်း တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံသို့ ရောက်လေသော် အရိုအသေပြု၍ ချဉ်းကပ်လေ၏။

အနီးသို့ရောက်သော ဇီဝကကို မြင်၍ ဒိသာပါမောက္ခဆရာကြီးသည် "ချစ်သား။ သင်ကား အဘယ် တုံနည်း" ဟု မေး၏။ ဇီဝကသည် "ဆရာ။ အကျွန်ုပ်ကား ဗိမ္ဗိသာရမင်းကြီး၏မြေး၊ အဘယမင်းသား၏ သား" ဟု ဆိုပေ၏။

"ချစ်သား။ သင်သည် အဘယ်ကြောင့် ငါ၏အိမ်သို့ လာခဲ့သနည်း" ဟု မေး၏။ "ဆရာတို့အထံ၌ အတတ်ပညာကို သင်လိုပါ၍ ရောက်ပါသည်" ဟု ဆို၏။

"ထိုသို့တပြီးကား ချစ်သား- သင်လော့" ဟု ဆိုပေ၏။

ဇီဝကသည် အတတ်သင်ခွင့် ကိုရ၍၊ လုံ့လကြိုးစား များများလျင်လျင် ဆေးအတတ်ကို သင်လေ၏။ တစ်ပါးသောမင်းသားတို့သည်ကား ဆရာအား ဥစ္စာခမ်းနား ဆရာစားပေး၍၊ တစ်စုံတစ်ခုသော အမှုကိုမျှ မလုပ်ဆောင်ရဘဲ အတတ်ကိုသာ သင်ကြရကုန်၏။ ဇီဝကမှုကား စိုးစဉ်းမျှ ဆရာစား မပေးရမှု၍ ဓမ္မန္တေဝါ သိက ဖြစ်လျက်၊ အချို့သောကာလ ဆရာအမှုကို ပြုလုပ်ရွက်ဆောင်ရသည်။ အချို့သောကာလသာ အတတ် ပညာကို သင်ရသည်။ ဤသို့သင်ရသော်လည်း ဆုတောင်းပါရမီ ပြည့်သောသူဖြစ်၍၊ မိမိသည်လည်း ထိုးထွင်းသောဉာဏ်ပညာ ရှိသောကြောင့် များများလည်း သင်နိုင်သည်။ အလျင်အလျား များများလည်း မှတ်နိုင်သည်။ သင်တိုင်းသင်တိုင်းလည်း မမေ့မလျော့ မှတ်မိသည်။ သူတစ်ပါးတို့ ၁၆ နှစ် သင်ရသည့်အတတ် ကို ဇီဝက ၇ လ နှင့် ကုန်အောင်သင်နိုင်၏။

သိကြားမင်းသည်လည်း 'ဤသူသည် ဘုရားသဗ္ဗညု၏ အလုပ်အကျွေး မြတ်သောအကျွမ်းဝင် ဖြစ် လတ္တံ့။ ယခု ထိုဇီဝကကို ဆေးအတတ်၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်အောင် စောင်မကြည့်ရှု ပြုစု



www.burmeseclassic.com

www.burmeseclassic.com



သင့်လှပေသည်' ဟု အကြံဖြစ်၍၊ ဆရာ့ကိုယ်၌ ပူးကပ်၍၊ ကံကြောင့်ဖြစ်သော အနာကိုသာ ခြွင်းချန်၍၊ ကြွင်းသောအနာတို့ကို တစ်ကြိမ် ဆေးပေးကာမျှဖြင့် ပျောက်ကင်းနိုင်သောဆေးအတတ်ကို သင်စေ၏။

ဇီဝကသည် ၇ နှစ်အတွင်း၌သာလျှင် ဆေးအတတ်ကို တတ်အောင် သင်လေ၍ ဤသို့အကြံ ဖြစ်လေ၏။ 'ငါသည် ဆေးအတတ်ကို အလျင်အလျှား များများသင်မှတ်ပါသည်။ သင်လေသမျှလည်း မေ့ရသည် မရှိ။ သတိသမ္ပဇဉ် ပြုပါသည်။ ယခု ၇ နှစ် ရှိပြီ။ အဆုံးတိုင်မည်ပင် မထင်နိုင်' ဟု အကြံဖြစ်၏။

[ဤသို့အကြံဖြစ်သည်လည်း သိကြားမင်းသည် 'ဤသူကား ဆေးအတတ်၌ လေ့လာနိုင်ပြီ' ဟု ဆရာ့ကို ပူးရာက လွှတ်လျှင်ပင် ကြံမိလေသတည်း။]

ထိုသို့ကြံပြီး၍ ဇီဝကသည် ဆရာ့ထံသို့ကပ်ပြီးသော်၊ "ဆရာ။ အကျွန်ုပ်သည် သူတစ်ပါးထက် ဆတက်တိုးပွား၍ များများလည်း မှတ်ပါ၊ သင်ပါသည်။ သင်သမျှလည်း မေ့လျော့ရသည် မရှိ။ မှတ်မိပါသည် ချည်း။ ဆေးအတတ်ကို သင်သည်လည်း ၇ နှစ် ရှိပါပြီ။ အဆုံးတိုင်နိုင်မည်ဟု မထင်ပါ။ ဘယ်အခါမှ အဆုံးတိုင်အံ့နည်း" ဟုဆို၏။ ဆရာသည်လည်း 'ဤသူသည် ငါ၏အာနုဘော်ကြောင့် ဆေးတတ်သည် မဟုတ်။ နတ်တို့၏အာနုဘော်ကြောင့် တတ်သည်'ဟု သိ၏။

"ထိုသို့တပြီးကား အချင်း ဇီဝက။ တူးရွင်းကို ယူ၍၊ တစ်နေ့လျှင် တံခါးတစ်ပေါက်က ထွက်၍ ၄ ရက်စေ့အောင် တက္ကသိုလ်ပြည်၏ထက်ဝန်းကျင် ၁ ယူဇနာအတွင်း၌ ဆေးမဝင်သောသစ်မြစ်ကို လှည့်လည်တူး ချေလော့" ဟု စေလိုက်၏။

ဇီဝကသည်လည်း "ကောင်းပြီ" ဟုဆို၍၊ တူးရွင်းကို ယူ၍၊ တစ်နေ့လျှင် တံခါးတစ်ပေါက်မှ ထွက်၍ ၄ ရက်စေ့အောင် တက္ကသိုလ်ပြည်၏ထက်ဝန်းကျင် ၁ ယူဇနာအတွင်း၌ ရှာဖွေလှည့်ပတ်လေသော်၊ ဆေးမဝင်သော သစ်ပင်ကို မမြင်၍ ဆေးဆရာကြီးထံ ပြန်ခဲ့ပြီးသော်၊ "ဆရာဆိုတိုင်း ၄ ရက်စေ့အောင် ၄ မျက်နှာအရပ်တို့၌ ၁ ယူဇနာတိုင်တိုင် ရှာဖွေလှည့်လည်လာပါသည်။ 'ဆေးမဝင်သောသစ်မြစ်'ဟူ၍ တစ်စုံတစ်ခုမျှ မတွေ့ပါ" ဟုဆိုလေသော်၊ "အချင်းဇီဝက။ သင်သည် ဆေးအတတ်ကို တတ်မြောက်ပြီ။ အသက်မွေးလောက်ပြီ" ဟု အနည်းငယ်သောရိက္ခာကို ပေး၏။

['အဘယ့်ကြောင့် အနည်းငယ်သာ ပေးလေသနည်း'ဟူမူ 'ဤသူကား မြင့်မြတ်သောသူ၏ သားတည်း။ ရောက်လျှင် အဖ၊ အမိုးတို့၏ထံမှ များစွာသောလာဘ်ပူဇော်ကို ရလတ္တံ့။ ထိုသို့ရလျှင် ငါ၏ကျေးဇူး၊ အတတ်၏ကျေးဇူးကို မသိဘဲ ရှိလတ္တံ့။ ခရီးအကြား၌ ရိက္ခာကုန်လတ်မူကား ဆေးကု၍ ရသည်ရှိသော်၊ ငါ၏ကျေးဇူး၊ အတတ်၏ကျေးဇူးကို သိလတ္တံ့' ဟု အကြံဖြစ်၍ အနည်းငယ်သာ ရိက္ခာပေးလိုက်သတည်း။]

## ၂၀- ဇီဝက၏ ဆေးအတတ်များကို ပြခြင်း

ဇီဝကသည်လည်း အနည်းငယ်သောရိက္ခာကို ယူ၍ ရာဇဂြိုဟ်ပြည်သို့လာခဲ့လေသော် လမ်းခရီးအကြား သာကေတပြည်တွင် ရိက္ခာကုန်ချေ၏။ ထိုအခါ ဇီဝကဆေးဆရာသည် ဤသို့ အကြံဖြစ်၏။ 'လမ်းခရီးလည်း တောကန္တာရ။ စားရာသောက်ရာလည်း မရှိ။ ရိက္ခာမပါဘဲ သွား၍ မဖြစ်ရာ။ ရိက္ခာရှာရသော် ကောင်း၏' ဟု အကြံဖြစ်၏။

ထိုအခါ သာကေတပြည်၌ သူဌေးမယား၏ ၇ နှစ်ရှိလေပြီးသော ခေါင်းခဲနာသည် ရှိ၏။ ဒိသာပါမောက္ခ ဖြစ်သော ဆေးဆရာတို့သည် လာ၍ကုသပါသော်လည်း မပျောက်နိုင်။ ဆေးခ၊ဝါးခ၊ရွှေ၊ငွေ၊အသပြာတို့ကိုသာ အများယူ၍သွားကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇီဝကဆေးဆရာသည်လည်း သာကေတပြည်သို့ဝင်၍ လူတို့ကို မေးမြန်း၏။ ''အချင်းတို့။ အဘယ်သူသည် ရောဂါအနာ ရှိလေသနည်း။ အဘယ်သူကို ဆေးကုရမည်နည်း'' ဟု မေး၏။ ''ဆရာ။ ဤအမည်ရှိသော သူဌေး၏မယား၌ ကြီးစွာသောခေါင်းခဲနာသည် ၇ နှစ် ရှိပါပြီ။ ထိုအိမ်သို့ သွားပါ။ သူဌေးမယားကို ဆေးကုပါ'' ဟု ဆိုကြကုန်၏။

ဇီဝကဆေးဆရာသည်လည်း သူဌေးအိမ်သို့သွား၍၊ တံခါးစောင့်ကို ''အချင်းတံခါးစောင့်။ သူဌေးမကို ဆိုချေ။ 'အရှင်မ။ ဆေးသမား လာသည်။ အရှင်မကို ကြည့်ရှုလိုသည်'ဟု ဆိုချေ'' စေလိုက်၏။ တံခါးစောင့်သည်လည်း ''ကောင်းပြီ ဆရာ'' ဟု ဇီဝကဆေးဆရာ၏စကားကို မှတ်သား၍ သူဌေးမရှိရာသို့ သွားလေပြီးသော်၊ သူဌေးမကို ဤသို့ ပြောလေ၏။

''အရှင်မ။ ဆေးသမားတစ်ဦးသည် လာ၏။ ထိုဆေးသမားသည် အရှင်မကို ကြည့်ရှုလိုပါသည်'' ဟုပြောဆိုလေလျှင်၊ ''အချင်းတံခါးစောင့်။ ဆေးသမားသည် အဘယ်သို့ သဘောရှိသနည်း'' ဟု မေး၏။

တံခါးစောင့်လည်း ''အရှင်မ။ ဆေးသမားသည် ငယ်သေး၏'' ဟုဆိုလျှင်၊ ''အချင်းတံခါးစောင့်။ ဆေးသမားငယ်ကို အဘယ်သို့ပြုရမည်နည်း။ ဒိသာပါမောက္ခဖြစ်သော ဆေးသမားကြီးအများတို့ပင် ကုသ၍ မတတ်နိုင်ကုန်။ ရွှေ၊ငွေတို့ကိုသာ များစွာယူ၍ သွားလေကုန်သည်'' ဟု ဆိုလိုက်၏။

တံခါးစောင့်သည်လည်း ပြန်ခဲ့၍ ဇီဝကဆေးဆရာထံသို့ ရောက်လတ်သော်၊ ''ဆရာ။ သူဌေးမသည် ဤသို့ဆိုလိုက်သည်။ 'ဆေးသမား ငယ်လှသည်။ ဆေးသမားငယ်ဖြင့် အဘယ်ပြုရမည်နည်း။ ဒိသာပါမောက္ခဆရာဖြစ်သော ဆေးသမားကြီးအများတို့ပင် ကုသ၍ မတတ်နိုင်ကုန်။ ရွှေ၊ ငွေကိုသာ များစွာယူ၍ သွားလေကုန်သည်'ဟု ဆိုလိုက်သည်'' ဆို၏။

''အချင်းတံခါးစောင့်။ သွားချေဦး။ သူဌေးမကို ဤသို့ဆိုချေ။ 'အရှင်မ။ ဆေးသမားက ဤသို့ဆိုသည်။ အနာမပျောက်ခင်ကို တစ်စုံတစ်ရာမျှ မပေးလင့်။ အနာပျောက်မှ ဆေးခပေးတော့'ဟု ဆိုချေ'' စေလိုက်၏။ တံခါးစောင့်သည်လည်း ''ကောင်းပြီ ဆရာ'' ဟု မှာလိုက်သောစကားကို မှတ်သား၍ သူဌေးမ ရှိရာသို့ သွားပြီးသော်၊ ''အရှင်မ။ ဆေးသမားက ဤသို့ဆိုပြန်ချေသည်။ 'အနာမပျောက်ခင်ကို ဆေးခ မပေးလင့်။ အနာပျောက်ပြီးမှ ဆေးခကို ပေးတော့'ဟု ဆိုချေသည်'' ဟု ဆိုလေ၏။

''ဤသို့ဆိုသည် ဖြစ်လျှင်မူကား အချင်းတံခါးစောင့်- လာပါစေတော့'' ဟုဆိုလိုက်၍၊ တံခါးစောင့်သည် ပြန်လာ၍၊ ဇီဝကဆေးဆရာ၏အထံ ကပ်ပြီးသော်၊ ''ဆရာ- ကြွခဲ့ပါတော့'' ဟုခေါ်၏။

ဇီဝကဆေးဆရာသည်လည်း သူဌေးမ ရှိရာသို့သွား၍ ကြည့်ရှုဆင်ခြင်ပြီးသော်၊ ''အရှင်မ။ တစ်လက်ဆွန်းမျှလောက်သော ထောပတ်ကို ရလိုသည်'' ဟုဆို၏။ သူဌေးမသည်လည်း တစ်လက်ဆွန်းမျှသော ထောပတ်ကို ဇီဝကဆေးဆရာအား ပေး၏။ ဇီဝကဆေးဆရာသည်လည်း ထို တစ်လက်ဆွန်းမျှသော ထောပတ်ကို အထူးထူးသော ဆေးတို့ဖြင့်ချက်၍၊ သူဌေးမကို ညောင်စောင်းငယ်၌ ပက်လက်အိပ်စေ၍ နှာနှပ်၏။ ထိုသို့နှပ်သောနှာသည် နှာခေါင်းတွင်းမှဝင်၍ ခံတွင်းဖြင့် အန်၏။ သူဌေးမသည်လည်း ထွေးခံအင်ဖြင့် ခံ၍၊ ကျွန်မကို ခေါ်၍ ''ဟယ်-ကျွန်မ။ ဤထောပတ်ကို ဝါဂွမ်းဖြင့်တို့၍ ယူလော့'' ဟုဆို၏။

ထိုအခါ ဇီဝကဆေးဆရာအား ဤသို့သောအကြံ ဖြစ်၏။ 'အံ့ဖွယ်ရှိစွတကား။ ဤအိမ်ရှင်သူဌေးမကား အလွန် ဝန်တိုစွတကား။ သူဌေးမဖြစ်လျက်လည်း စွန့်အပ်သောသဘောရှိသော ဤထောပတ်ကိုပင်လည်း ဝါဂွမ်းဖြင့်တို့၍ ယူစေဘိသည်တကား။ ငါသည် အဖိုးများစွာထိုက်သော ဆေးကို ဖော်ရသည်။ ဤသူဌေးမသည် တစ်စုံတစ်ရာပေးကမ်းဖွယ်တို့ကို ငါ့အား အတိမ်မှာလျှင် ပေးလတ္တံ့နည်း' ဟု အကြံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူဌေးမသည် ဇီဝကဆေးဆရာ၏ မရွှင်လန်းသောမျက်နှာအမူအရာကို မြင်၍၊ "ဆရာ- အဘယ်ကြောင့် နှလုံးမသာ ရှိဘိသနည်း။ ဆရာ- အကျွန်ုပ်တို့၏ အိမ်ထောင်သူမည်သည်ကား ဆေးဝါးကုပေးသော ကျေးဇူး၊ အနာလွတ်ပေသော ကျေးဇူးကို သိပါ၏။ 'ဤထောပတ်သည် အကျွန်ုပ်တို့အား လည်းကောင်း၊ အမှုလုပ်တို့အား လည်းကောင်း၊ ခြေသုတ်စရာ လည်းကောင်း၊ ဆီမီးညှိစရာ မီးစာ၌ လည်းကောင်း၊ ထည့်စရာ၌ လည်းကောင်း ကောင်း၏'ဟု သဘောထား၍ ယူစေပါသည်။ ဆရာ- နှလုံးမသာ မရှိပါလင့်။ ဆရာ့အား ပေးအပ်သောဝတ္ထုသည် မယုတ်စေအံ့သတည်း" ဟုဆို၏။

ထိုအခါ ဆရာဇီဝကသည် သူဌေးမ၏ ခေါင်းခဲဦးယဉ်းနာကို တစ်ကြိမ်နှာနှပ်သဖြင့် ထုတ်၏။

ထိုအခါ၌ သူဌေးမသည် ရောဂါကင်းလွတ်သည်ဖြစ်၍ ဇီဝကဆေးဆရာအား ၄၀၀၀ သောအသပြာတို့ကို ပေး၏။ သူဌေးသားသည်လည်း "ငါ၏မိခင်၌ အနာကင်းလွတ်ပေသည်" ဟု အသပြာ ၄၀၀၀ ပေး၏။ ချွေးမသည်လည်း "ငါ၏ယောက္ခမ၌ အနာ ကင်းလွတ်ပေသည်" ဟု အသပြာ ၄၀၀၀ ပေး၏။ သူဌေးသည်လည်း "ငါ၏မယား၌ အနာကင်းလွတ်ပေသည်" ဟု အသပြာ ၄၀၀၀ ပေး၏။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်း၊ ရထားတို့လည်း ပေး၏။

ထိုအခါ၌ ဇီဝကဆေးဆရာသည် ၁ သောင်း ၆ ထောင်သောအသပြာတို့ကို လည်းကောင်း၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့ကို လည်းကောင်း ယူခဲ့၍ ရာဇဂြိုဟ်ပြည်သို့ သွားလေ၏။ အစဉ်သဖြင့် ရာဇဂြိုဟ်ပြည် အဘယမင်းသားထံ ရောက်၍ ဤသို့ပြောဆိုလေ၏။

"အရှင်မင်းသား။ အကျွန်ုပ်အား ဤအမှုသည် ရှေးဦးစွာ ဆေးကု၍ ရပါသောအမှုတည်း။ ၁ သောင်း ၆ ထောင်သော အသပြာဥစ္စာ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်း၊ ရထားတို့ကို ယူတော်မူပါ။ အရှင်မင်းသားသည် အကျွန်ုပ်ကို မွေးသောသူတည်း" ဟုဆို၏။ "အချင်းဇီဝက။ သင့်ဥစ္စာပင် ဖြစ်စေတော့။ ငါတို့နန်းတော်တွင်းသို့ သွင်းလော့" ဟုဆို၏။

"ကောင်းပါပြီ အရှင်မင်းသား" ဟု ဇီဝကဆေးဆရာလည်း အဘယမင်း၏စကားကို ဝန်ခံ၍၊ အဘယမင်းသား၏နန်းတော်တွင်းသို့ ရတနာများစွာတို့ကို သွင်းလေ၏။

* * *

ထိုအခါ ဗိမ္ဗိသာရမင်းကြီး၌ မင်သရိုက်နာ[၁]သည် ဖြစ်၏။ ဝတ်လဲတော်တို့သည် သွေးဖြင့် အလိမ်းလိမ်း ရှိကုန်၏။ မိဖုရား၊ မောင်းမမိဿံတို့သည် "အရှင်မင်းကြီး။ ဥတု လာပြီ။ ယခုခါ သားဖွားလိမ့်သတည်း" ဟု ပြက်ရယ်မှု ပြုကြကုန်၏။ ဤသို့ ပြက်ရယ်ပြုသောစကားကြောင့် ဗိမ္ဗိသာရမင်းကြီးလည်း ရှက်စနိုး၍ မျက်နှာမသာ ဖြစ်၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် အဘယမင်းသားကို ဤသို့ဆို၏။ "ချစ်သားအဘယ။ ငါ့အား ဤသို့သဘောရှိသော အနာသည် ကပ်ရောက်သဖြင့် ဝတ်လဲတော်တို့သည် သွေးဖြင့် အလိမ်းလိမ်းကပ်ကုန်၏။ မိဖုရား၊ မောင်းမမိဿံတို့သည် ငါ့ကို 'မင်းကြီး။ ဥတု လာပြီ။ ယခုအခါ မကြာခင် သားဖွားလတ္တံ့' ဟု ပြက်ရယ်ပြုကြ၍ ငါသည် မျက်နှာထားရာ မရှိ။ ချစ်သား ဆေးသမား အကြောင်းသင့်ရာ ရှာဖွေမေးမြန်း စုံစမ်း၍ ငါ့ကို ဆေးကုပါစေလော့" ဟုဆိုပေသော်၊ "အရှင်မင်းကြီး။ အကျွန်ုပ်တို့၏သားဖြစ်သော ဇီဝကသည် အရွယ်ပင် ငယ်နုသေးသော်လည်း ကောင်းသောသဘော ရှိ၏။ ဇီဝကကိုပင် ကုစေရအံ့" ဟု ဆို၏။

"အချင်းအဘယ။ ထိုသို့တပြီးကား ဇီဝကဆေးသမားကို ခေါ်ပါလော့" ဟုဆို၏။

[၁] မြင်းသရိုက်နာ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဘယမင်းသားသည် "ချစ်သားဇီဝက။ လာခဲ့လော့။ မင်းကြီးကို ဆေးကုရအံ့သည်" ဟု ခေါ်၏။ ဇီဝကသည်လည်း "ကောင်းပါပြီ အရှင့်သား" ဟု အဘယမင်းသား၏ စကားအချက်ကို ဦးထိပ်ရွက်၍၊ လက်သည်းကြားဖြင့် ဆေးကိုယူခဲ့၍ ဗိမ္ဗိသာရမင်းကြီးရှိရာသို့ ချဉ်းကပ်ပြီးသော်၊ "အရှင်မင်းကြီး။ ရောဂါအနာကို မြင်ရပါပြီ" ဟု ဆို၍၊ တစ်ကြိမ် ဆေးကိုလိမ်းကာမျှဖြင့် အနာကို ထုတ်၏။

ဗိမ္ဗိသာရမင်းကြီးသည် အနာလွတ်ငြိမ်း၍ ၅၀၀ သော မောင်းမတို့ကို တန်ဆာဆင်စေပြီးသော်၊ တန်ဆာတို့ကို စုပုံစေ၍၊ "အချင်းဇီဝက။ မောင်းမ ၅၀၀ တို့၏တန်ဆာအစုတို့ကို သင်ယူလော့" ဟု ဆို၏။

[မင်းကြီးသည်လည်း 'ဤဥစ္စာတို့ကို အကယ်၍ ယူသည်ဖြစ်အံ့။ ပမာဏနှင့်ယှဉ်ရာ၌ ထားအံ့။ မယူသည်ဖြစ်အံ့။ အတွင်းတော်၌ အကျွမ်းတဝင်ပြု၍ သုံးအံ့'ဟုကြံ၍၊ "ယူလော့ အချင်းဇီဝက" ဟု ဆို၏။]

အဘယမင်းသားနှင့် မောင်းမမိဿံတို့၏စိတ်ထားကား 'ယခုပေးသမျှ ဥစ္စာကို ဇီဝကဆေးဆရာ မယူပါလျှင် ကောင်းလေစွ' ဟု စိတ်ထဲ၌ ကြံစည်အောက်မေ့လေကြကုန်၏။

ဇီဝကသည်လည်း ထိုသူတို့၏ စိတ်အကြံကို သိလေသကဲ့သို့ဖြစ်၍၊ "အရှင်မင်းကြီး။ ဤဥစ္စာစုသည် အဖွားအေတို့၏ ဥစ္စာပေတကား။ အကျွန်ုပ်နှင့် မတန်မလျောက်ပတ်ချေ။ အကျွန်ုပ် မလိုပါ။ ကျေးဇူးကိုသာ အောက်မေ့ပါလော့" ဟု ဆို၏။

ဗိမ္ဗိသာရမင်းကြီးသည်လည်း ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍၊ အလုံးစုံတန်ဆာဆင်ခြင်းနှင့် ပြည့်စုံသော အိမ်ကို လည်းကောင်း၊ သရက်ဥယျာဉ်ကို လည်းကောင်း၊ နှစ်တိုင်းနှစ်တိုင်း ၁ သိန်း- ၁ သိန်း အခွန်ထွက်သော ရွာကို လည်းကောင်း၊ များစွာသော ပူဇော်သက္ကာကို လည်းကောင်း ပေး၍၊ "ထိုသို့တပြီးကား အချင်းဇီဝက။ ငါ့ကိုလည်း လုပ်ကျွေးလော့။ မောင်းမမိဿံကိုလည်း လုပ်ကျွေးလော့။ ဘုရားအမှူးရှိသော သံဃာတော်တို့ကိုလည်း လုပ်ကျွေးလော့" ဟုဆိုလေ၏။ ဇီဝကလည်း "ကောင်းပါပြီ အရှင်မင်းကြီး" ဟုဆို၍ ဗိမ္ဗိသာရမင်းကြီး၏စကားကို ဝန်ခံလေ၏။

* * *

ထိုအခါ ရာဇဂြိုဟ်ပြည်သူဌေး၌ ၇ နှစ်ရှိသော ခေါင်းခဲဦးယဉ်းနာသည် ဖြစ်၏။ ဆေးသမားကြီးအများ ထင်ရှားကုန်သောသူတို့သည် လာကြကုန်၍ ဆေးကုသပါကုန်သော်လည်း မလွတ်မကင်းနိုင်ကုန်။ ရွှေငွေဥစ္စာကိုသာ များစွာယူ၍သွားကုန်၏။ စင်စစ်မူကား အချို့သောဆေးသမားတို့သည် "၅ ရက်မြောက်သောနေ့၌ သူဌေးသေလိမ့်သတည်း"ဟု ဆိုကုန်၏။ အချို့သောဆေးသမားတို့ကား "၇ ရက်မြောက်သောနေ့၌ သူဌေး သေလိမ့်သတည်း" ဟုဆိုကုန်၏။ ဤသို့ ဆေးသမားတို့သည် ထင်မြင်ကုန်၏။

ထိုအခါ ရာဇဂြိုဟ်ပြည်၌နေသော နိဂုံးသူကြွယ်သည် ဤသို့အကြံ ဖြစ်ပေ၏။ "ဦးယဉ်းနာစွဲသော သူဌေးသည် မင်းကြီးအားလည်း ကျေးဇူးများလေသည်။ နိဂုံး၌နေသော သူတို့အားလည်း ကျေးဇူးများပေသည်။ ဆေးသမားအချို့တို့သည် '၅ ရက်သာ အသက်ရှည်မည်' အချို့ကလည်း '၇ ရက်သာ အသက်ရှည်မည်' ဆိုကြသည်။ ၇ ရက်ရှိလျှင် သူဌေးသေလိမ့်မည်။ မင်းကြီး၏ဆေးသမား ဇီဝကသည် ငယ်နုသေးသော်လည်း ဆေးတတ်လှသည်။ မင်းကြီးမှာ သံတော်ဦးတင်၍ ဇီဝကဆေးသမားတော်ကို ကုစေရမူ ကောင်း၏" ဟု အကြံဖြစ်၏။

ထို့နောင်မှ ရာဇဂြိုဟ်ပြည်၌နေသော နိဂုံးသူကြွယ်သည် ဗိမ္ဗိသာရမင်းကြီးထံသို့သွားလေ၍၊ "အရှင်မင်းကြီး။ ဤမည်သောသူဌေးသည် အရှင်မင်းကြီးတို့အားလည်း ကျေးဇူးများပါသည်။ နိဂုံး၊ ဇနပုဒ်သားတို့အားလည်း ကျေးဇူးများပါသည်။ ဆေးသမားတို့ကို ကြည့်ရှုစေလျှင် အချို့က '၅ ရက်သာခံမည်' အချို့က '၇ ရက်သာခံမည်' ဆိုကုန်သည်။ ၇ ရက်ရှိလျှင် သူဌေး သေလိမ့်မည်။ အရှင်မင်းကြီး ဇီဝကဆေးဆရာကို စေခိုင်းတော်မူပါ၍ ဆေးကုပါစေ" ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည်လည်း ဇီဝကဆေးဆရာကို ခေါ်၍၊ "အချင်းဇီဝက။ သူဌေးကို ဆေးကုချေလော့" ဟု စေလိုက်၏။ ဇီဝကသည်လည်း "ကောင်းပြီ- မင်းကြီး" ဟုဆို၍၊ သူဌေးရှိရာသို့ သွား၍၊ သူဌေး၏ဖောက်ပြန်ခြင်းကို ကြည့်ရှုမှတ်သား၍၊ "သူဌေး။ သင့်အနာကို ပျောက်စိမ့်မည်။ ငါ့အား အဘယ်မျှ ဆုလာဘ်ချမည်နည်း" ဟု ဆို၏။ "ဆရာ- အလုံးစုံသောဥစ္စာသည်လည်း ဆရာ့ဥစ္စာ ဖြစ်ပါစေတော့။ ငါသည်လည်း ဆရာ့ကျွန် ဖြစ်စေတော့" ဟု ဆို၏။

"သူဌေး။ သင်သည် တစ်ဖက်သောနံပါးဖြင့် ၇ လပတ်လုံးအိပ်ခြင်းငှာ တတ်နိုင်ပါလတ္တံ့လော" ဟု မေး၏။ "ဆရာ။ ငါသည် တစ်ဖက်သောနံပါးဖြင့် ၇ လပတ်လုံးအိပ်ခြင်းငှာ တတ်နိုင်ပါမည်" ဟု ဆို၏။

"သူဌေး။ သင်သည် ၂ ဖက်သောနံပါးဖြင့် ၇ လပတ်လုံးအိပ်ခြင်းငှာ တတ်နိုင်ပါမည်လော" ဟု မေး၏။ "ဆရာ။ ငါသည် ၂ ဖက်သောနံပါးဖြင့် ၇ လပတ်လုံးအိပ်ခြင်းငှာ တတ်နိုင်ပါ၏" ဟု ဆို၏။

"သူဌေး။ သင်သည် ပက်လက် ၇ လပတ်လုံးအိပ်ခြင်းငှာ တတ်နိုင်ပါမည်လော"ဟု မေးပြန်၏။ "ဆရာ။ ၇ လပတ်လုံး ပက်လက်အိပ်နိုင်ပါ၏" ဟု ဆို၏။

ထို့နောင်မှ ဇီဝကဆေးဆရာသည် သူဌေးကို ညောင်စောင်းငယ်၌ အိပ်စေပြီးသော်၊ ဖွဲ့ချည်ကာ ဦးခေါင်းရေကိုခွာလျက် ဦးဆက်ခွာ၍၊ ဦးခေါင်းခွံကိုဖွင့်ပြီးမှ ပိုးငယ် ၂ ကောင်တို့ကို ထုတ်၍၊

လူအများတို့အား "အို- အရှင်တို့။ ပိုးငယ်တစ်ခု, ပိုးကြီးတစ်ခု ၂ ခုသောပိုးတို့ကို ကြည့်ကုန်လော့။ အချို့သောဆရာတို့သည် '၅ ရက်လွန်သဖြင့် သူဌေး သေလတ္တံ့' ဟု ဆိုကုန်သည်ကား ဤပိုးကြီးကို မြင်၍ ဆိုပေသည်။ ဤပိုးကြီးကား ဦးနှောက်ကိုစား၍ ၅ ရက်နှင့် ကုန်လတ္တံ့။ ကုန်လျှင် သူဌေး သေရလတ္တံ့သည်ကို မြင်၍ ဆိုပေသည်။ မြင်ပေနိုင်စွ" ဟု ဆိုပြီးမှ၊

တစ်ဖန် "အချို့သောဆရာတို့က '၇ ရက်လွန်လျှင် သူဌေး သေလတ္တံ့'ဟု ဆိုကုန်သည်ကား ဤပိုးငယ်ကိုမြင်၍ ဆိုပေသည်။ ဤပိုးငယ်သည် ဦးနှောက်ကိုစား၍ ၇ ရက်နှင့်ကုန်လတ္တံ့။ ကုန်လျှင် သူဌေး သေလတ္တံ့။ ဤကိုမြင်၍ ဆိုပေသည်။ မြင်နိုင်ပေစွ" ဟုဆို၍၊ ဦးခေါင်းခွံကိုစပ်မြဲစပ်လျက် ဦးခေါင်းခွံရေကို ချေဖြန့်၍ ဆေးလိမ်းခြင်းကို ပြု၏။

သူဌေးသည်လည်း ၇ ရက်လွန်သဖြင့် ဇီဝကဆေးဆရာကို "ဆရာ။ ငါသည် တစ်ဖက်သော နံပါးဖြင့် ၇ လအိပ်ခြင်းငှာ မတတ်နိုင်ချေ" ဟုဆို၏။

"သူဌေး။ သင်သည် 'နံပါးတစ်ဖက်ဖြင့် ၇ လအိပ်နိုင်၏' ဟု ဝန်ခံသည် မဟုတ်တုံလော" ဟုဆိုပေသော်၊ "ဆရာ။ ဝန်ခံသည် မှန်ပေ၏။ စင်စစ်မူကား နံပါးတစ်ဖက်ဖြင့် မအိပ်နိုင်ပြီ။ သေရလတ္တံ့သည်" ဟု ဆို၏။

"ထိုသို့တပြီးကား သူဌေး။ သင်သည် ၂ ဖက်မြောက်သော နံပါးဖြင့် ၇ လ ပတ်လုံး အိပ်လော့" ဟု ဆို၏။

ထိုအခါ သူဌေးသည် ၇ ရက်လွန်သဖြင့် ဇီဝကဆေးဆရာကို ဤသို့ ဆို၏။ "ဆရာ။ ငါသည် ၇ လပတ်လုံး ၂ ဖက်သောနံပါးဖြင့် မအိပ်နိုင်ပါ" ဟုဆို၏။

"သူဌေး။ သင်သည် ၇ လပတ်လုံး ၂ ဖက် မြောက်သောနံပါးဖြင့် အိပ်နိုင်၏ဟု ဝန်ခံမည် မဟုတ်တုံလော" ဟု ဆိုပေသော်၊ "ဆရာ။ ၂ ဖက်မြောက်သောနံပါးဖြင့် ၇ လပတ်လုံး အိပ်နိုင်၏ဟု ဝန်ခံပေသည်မှာ မှန်ပေ၏။ စင်စစ်မူကား သေရတော့မည်။ မအိပ်နိုင်ပါ" ဟု ဆို၏။

"ထိုသို့တပြီးကား သူဌေး။ ပက်လက် ၇ လ အိပ်လော့" ဟု ဆို၏။ "ဆရာ။ ငါသည် ၇ လ ပက်လက်မအိပ်နိုင်ပါ"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့တပြီးကား သူဌေး။ သင်သည် ဆရာ 'ငါ ၇ လ ပက်လက်အိပ်နိုင်၏' ဟု ဝန်ခံသည် မဟုတ်တုံလော" ဟု ဆို၏။ "ဆရာ။ ဝန်ခံသည် မှန်ပေသည်။ သေရတော့မည်။ မအိပ်နိုင်ပါ" ဟု ဆို၏။

"သူဌေး။ ငါသည် အကယ်၍ ထိုစကားကို မဆိုမူကား ဤမျှ ၇ ရက်ကိုသော်လည်း မအိပ်ပေရာ။ စင်စစ်သော်တစ်မူကား မဆွကပင်သော်လည်း '၇ ရက် ၃ လီလွန်သဖြင့် သူဌေးအနာ ပျောက်လိမ့်မည်'ဟု ငါ သိ၏။ ထလော့ သူဌေး။ အနာပျောက်ပြီ။ ဆေးခပေးမည်ကိုသာ ကြံစည်အောက်မေ့လော့" ဟု ဆိုပေသော်၊ "ဆရာ။ အလုံးစုံသော ဥစ္စာ ရွှေ၊ ငွေ၊ ကျွဲ၊ နွား လယ်ယာ၊ မြင်း၊ ဆင် အတွင်းအပရှိသမျှ ဆရာ့ဥစ္စာ ဖြစ်စေ။ ငါလည်း ဆရာ့ကျွန်ပင် ဖြစ်စေ။ ယူပါ" ဟုဆို၏။

"သူဌေး။ အလုံးစုံသော ဥစ္စာ၊ ရွှေ၊ ငွေ၊ ကျွဲ၊ နွား လယ်ယာ၊ မြင်း၊ ဆင် အတွင်းအပရှိသမျှကိုလည်း မပေးလင့်။ သင်သည်လည်း ငါ၏ အစေအပါး မခံလင့်။ သင့်ထိုက်ရာကိုသာ ဆိုမည်။ ဗိမ္ဗိသာရမင်းကြီးအားလည်း ၁ သိန်းသောဥစ္စာကို ပေးလော့။ ငါ့အားလည်း ၁ သိန်းသောဥစ္စာကို ပေးလော့" ဟုဆိုပေသော်၊ သူဌေးလည်း ရောဂါမရှိ ပကတိဖြစ်၍၊ ဗိမ္ဗိသာရမင်းကြီးအားလည်း ၁ သိန်းသောဥစ္စာကို ပေး၏။ ဇီဝကဆေးဆရာအားလည်း ၁ သိန်းသောဥစ္စာကို ပေးလေ၏။

* * *

ထိုအခါ၌ ဗာရာဏသီသူဌေးသားသည် ဦးစောက်ဆောက်၍ ကစားရာတွင် အူထုံးသောအနာ ဖြစ်၍ စားသောက်သော ယာဂု၊ထမင်းတို့သည်လည်း မကျေနိုင်။ ကျင်ကြီး၊ကျင်ငယ်တို့သည်လည်း မဖြောင့်ဖြစ်၍ ကြုံလှီဖျော့တော့သော၊ အကြောပြိုင်းပြိုင်းထသောကိုယ် ရှိ၏။

[ဦးစောက်ဆောက်၍ ကစားခြင်းသည်ကား ယခုအခါ၌ အုန်းပင်စိုက်၍ ကစားသည်ကို ဆိုဟန်ရှိသည် ဟု ထင်၏။ တုံးတန်းခုန်၍ ကစားရာတွင် အူထုံးနာဖြစ်သည်လည်း ဆို၏။]

ထိုအခါ ဗာရာဏသီသူဌေးသည် 'ငါ့သားမှာ ဤကဲ့သို့အနာ ရှိချေ၍ စားသောက်သော အစာမကျေ။ အစာဟောင်း၊ရေဟောင်းတို့သည်လည်း မဖြောင့် ရှိချေသည်။ အနာကြောင့် ကြုံလှီဖျော့တော့သော အကြော ပြိုင်းပြိုင်းထသောကိုယ် ရှိသည်။ ရာဇဂြိုဟ်ပြည်သို့ သွားလေ၍ ဗိမ္ဗိသာရမင်းကြီးမှာ ဆေးဆရာဇီဝကကို အကျွန်ုပ်သားအား ဆေးကုပါစေဟု တောင်းရတော့မည်' ဟု ကြံစည်၍၊ ရာဇဂြိုဟ်ပြည် သွားလေ၍၊ ဗိမ္ဗိသာရ မင်းကြီးရှိရာသို့ ချဉ်းကပ်၍၊ "အရှင်မင်းကြီး။ အကျွန်ုပ်သားသည် ယာဂု၊ ထမင်း စားသောက်သော်လည်း အစာမကျေ။ ကျင်ကြီး၊ ကျင်ငယ်လည်း မဖြောင့်။ ကြုံလှီဖျော့တော့သော၊ အကြောပြိုင်းပြိုင်းထသောကိုယ် ရှိခဲ့သည်။ အရှင်မင်းကြီး၏ ဇီဝကဆေးဆရာကို စေတော်မူ၍ အကျွန်ုပ်သားကို ဆေးကုပါလော့" ဟု ဆိုပေ၏။

ဗိမ္ဗိသာရမင်းကြီးသည်လည်း ဇီဝကဆေးဆရာကို ခေါ်၍၊ "အချင်းဇီဝက။ ဗာရာဏသီပြည်သို့ သွား၍ ဗာရဏသီသူဌေးသားကို ဆေးကုပါချေလော့" ဟု စေ၏။

ဇီဝကဆေးဆရာလည်း "ကောင်းပါပြီ အရှင်မင်းကြီး" ဟုဝန်ခံ၍၊ ဗာရာဏသီပြည်သို့ သွားလေ၍၊ သူဌေးသားနေရာသို့ ချဉ်းကပ်၍၊ သူဌေးသား၏ ဖောက်ပြန်ခြင်းကို တွေးတောဆင်ခြင်ပြီးသော် လူအများတို့ကို ပယ်ရှားစေ၍၊ တင်းထိမ်အရံကို ရံစေပြီးမှ တိုင်၌ သူဌေးသားကို ဖွဲ့ချည်လျက် သူဌေးသား၏မယားကိုလည်း ရှေ့တွင် ထား၍၊ ဝမ်းရေကိုခွဲပြီးသော် အူထုံးကို နုတ်ပြီးလျှင်၊ သူဌေးသား၏မယားအား "သင့်လင်၏အနာကို ကြည့်လော့။ ဤ အူထုံးသောအနာကြောင့် အစာအာဟာရ မကျေ။ အသွားအလာ မဖြောင့်။ ကိုယ်လက်ကြုံလှီ ဖျော့တော့သည်" ဟု အူထုံးကိုဖြေကာ ဝမ်းတွင်း၌သွင်းလျက် ဝမ်းရေကို ချုပ်၍[၁] ဆေးလိမ်း၏။

၁- ဝမ်းရေကိုနုတ်၍

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဗာရာဏသီသူဌေးသားသည် မကြာမြင့်မီလျှင် အနာ ပျောက်လေ၏။ အနာပျောက်ပြီးလျှင် ဗာရာဏသီသူဌေးသားသည် "ငါ့ကိုယ်၌ ရောဂါဝေဒနာ ပျောက်သည်" ဟု ဆေးဆရာအား ၁ သောင်း ၆ ထောင်သောဥစ္စာတို့ကို ပေးလေ၏။ ဇီဝကဆေးဆရာသည်လည်း ၁ သောင်း ၆ ထောင်သောဥစ္စာတို့ကို ယူ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လေ၏။

* * *

ထိုအခါ ဥဇ္ဇေနီပြည်၌ စန္ဒပဇ္ဇောတမင်းအား ဖျော့တော့သောဝေဒနာသည်ဖြစ်၍၊ များစွာသော ထင်ထင်ရှားရှား ဆေးသမားကြီးတို့ကို ခေါ်၍ ကုစေသော်လည်း ထိုအနာပျောက်အောင် မတတ်နိုင်ကုန်။ ရွှေ, ငွေကိုသာ များစွာယူ၍ သွားချေကုန်၏။

စန္ဒပဇ္ဇောတမင်းသည် ဗိမ္ဗိသာရမင်းကြီးထံသို့ တမန်ကို စေလိုက်၏။ "မင်းကြီး။ အကျွန်ုပ်ကိုယ်တိုင် ဤကဲ့သို့သောရောဂါ ရှိချေသည်။ ဇီဝကဆေးဆရာကို စေလွှတ်၍ ဆေးကုသပါစေ" ဟု စေလိုက်၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဇီဝကဆေးဆရာကို ခေါ်၍၊ "အချင်းဇီဝက။ ဥဇ္ဇေနီပြည်သို့ သွား၍၊ စန္ဒပဇ္ဇောတမင်းကို ဆေးကုပါချေ" ဟု စေလိုက်၏။ ဇီဝကသည်လည်း "ကောင်းပါပြီ။ အရှင်မင်းကြီး" ဟုဝန်ခံလျက် ဥဇ္ဇေနီပြည်သို့ သွားလေ၍၊ စန္ဒပဇ္ဇောတမင်း၏အထံသို့ ချဉ်းကပ်ပြီးသော် ကိုယ်,လက်၏ ဖောက်ပြန်ခြင်းကို ကြည့်ရှုဆင်ခြင်၍၊ "အရှင်မင်းကြီး။ ထောပတ်နှင့် ဆေးကို ချက်ရမည်။ ထိုဆေးကို သောက်ရချိမ့်မည်" ဟု ဆိုပေ၏။

စန္ဒပဇ္ဇောတမင်းသည်လည်း "အချင်းဆရာဇီဝက။ အကြောင်းမသင့်။ ထောပတ်နှင့်ကင်း၍ အနာပျောက်စေနိုင်သောဆေးကို သင် တတ်နိုင်သည်ဖြစ်လျှင် ကုသလော့။ ထောပတ်ကို ငါ စက်ဆုပ်ရွံရှာသည်" ဟု ဆိုလေ၏။

[ဤမင်းသည်ကား ကင်းမြီးကောက်နှင့်စပ်၍ ဖွားမြင်ခြင်းကြောင့်၊ 'ကင်းမြီးကောက်၏အဆိပ်တို့ကို ထောပတ်နိုင်သည်'ဟု ဆို၏။ ထို့ကြောင့် ဤစကားကို ဆိုလိုသတည်း။]

ထိုအခါ ဇီဝကဆေးဆရာသည် ဤသို့ ကြံ၏။ 'ဤမင်းကြီး၏အနာကို ထောပတ်နှင့်ကင်း၍ ကုစားခြင်းငှာ မတတ်နိုင်ရာ။ ထောပတ်ကို ဖန်ရည်အဆင်း, ဖန်ရည်အနံ့, ဖန်ရည်အရသာကဲ့သို့ ဖြစ်အောင် ချက်ရသော် ကောင်း၏' ဟုကြံ၍ အထူးထူးသောဆေးတို့ဖြင့် ထောပတ်ကို ချက်လေ၏။ ထိုဆေး၏ အနံ့,အရသာတို့သည် ဖန်ရည်အဆင်း, ဖန်ရည်အနံ့, ဖန်ရည်အရသာကဲ့သို့ ဖြစ်လေ၏။

ဇီဝကဆေးဆရာသည် 'ဤမင်းကြီးအား ထောပတ်ကိုသောက်သော် အစာကျေလျှင် လေကြို့တက်၍ အရိပ်အခြည်ပြလတ္တံ့။ ဤမင်းသည်လည်း အလွန်ကြမ်းတမ်း ရုန့်ရင်းလှသည်။ ငါ့အား အမျက်ထွက်သဖြင့် ရာဇဝတ်အပြစ် ကြီးစွာပြု၍ တစ်သက်တွင် အရှက်တရသော်လည်း ပြုလတ္တံ့။ ထိုသို့မဟုတ် အသက်ကိုပင် ကွပ်မျက်လိုက ကွပ်မျက်လတ္တံ့။ သို့ဖြစ်၍ မဆွကပင်ပန်ကြားရသော် ကောင်း၏' ဟု ဇီဝကဆေးဆရာသည် စန္ဒပဇ္ဇောတမင်းရှိရာသို့ ကပ်၍၊

"အရှင်မင်းကြီး။ အကျွန်ုပ်တို့ ဆေးသမားမည်သည်ကား တစ်ခဏချင်းဖြင့် ဆေးမြစ်တို့ကို တူးရချေသည်။ ဆေးကိုလည်း လျင်မြန်စွာ ခဏချင်း ဖော်ရချေသည်။ သို့ဖြစ်၍ ဆင်တင်းကုပ်, မြင်းတင်းကုပ်တို့၌ လည်းကောင်း, မြို့တံခါး၌ လည်းကောင်း 'အကျွန်ုပ်အလိုရှိသည့် ဆင်ယာဉ်, မြင်းယာဉ်တို့ကို ယူစေ။ အလိုရှိသည့်တံခါးကို ထွက်စေ,ဝင်စေ' ဟု အမိန့်တော်ကို ကယ်မတော်မူပါလော့" ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒပဇ္ဇောတမင်းကြီးသည်လည်း ဆင်ထိန်း, မြင်းထိန်း, တံခါးစောင့်တို့ကို ခေါ်စေ၍၊ "အချင်းတို့။ ဤဇီဝကဆေးဆရာ အလိုရှိသည်ဆိုလျှင် အလိုရှိသမျှ ဆင်ယာဉ်, မြင်းယာဉ်တို့ကို စီးစေ။ အခါမလင့် ထွက်လို, ဝင်လိုလျှင် အလိုရှိသည့်တံခါးကို ထွက်စေ, ဝင်စေ" ဟု ဆို၏။

ထိုအခါ စန္ဒပဇ္ဇောတမင်းကြီး၌ 'ဘဒ္ဒဝတီ' မည်သောဆင်မသည် တစ်နေ့လျှင် ယူဇနာ ၅၀ တိုင်တိုင်သွားနိုင်၏။ ဘဒ္ဒဝတီဆင်မသာမဟုတ်။ 'နာဠာဂိရိ' အမည်ရှိသောဆင်သည်လည်း တစ်နေ့လျှင် ယူဇနာ ၁၀၀ တိုင်တိုင်[၁] သွားနိုင်၏။ စေလကဏ္ဍမြင်း[၂], မုဉ္စကေသိမြင်း ၂ စီးတို့သည်ကား ယူဇနာ ၁၀၀ တိုင်တိုင် သွားနိုင်၏။ 'ကာက'မည်သောကျွန်သည် တစ်နေ့လျှင် ယူဇနာ ၆၀ တိုင်တိုင် သွားနိုင်၏။

[စန္ဒပဇ္ဇောတမင်းကား ငါတို့ ဘုရားမပွင့်မီ ရှေးဘဝတွင် တစ်ဦးသောအမျိုးသားဖြစ်၍၊ တစ်နေ့သ၌ တစ်ဦးသောအိမ်ရှင်တစ်ယောက်သည် 'ထမင်း စားအုံ့'ဟု အသင့်ပြင်ဆင်၍ နေစဉ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အိမ်တံခါး၌ရပ်၍ ကြွတော် မူလေ၏။ ထိုသူ့အား တစ်ယောက်သောလူသည် "အရှင်ပစ္စေကဗုဒ္ဓါ အိမ်တံခါး၌ရပ်၍ ကြွလေသည်" ဟုဆိုလတ်သော်၊ "အချင်း။ လျင်သောအဟုန်ဖြင့် သွားချေ။ သပိတ်တော်ကို တောင်း၍ ဆောင်ချေ" ဟု ဆို၏။ ထိုသူသည် အဆောတလျင် သွား၍ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကိုတောင်းပြီးလျှင် ဆောင်ခဲ့၏။

ထမင်းစားအုံ့ဟု စီရင်သောယောကျ်ားသည် မိမိတို့၏ထမင်းကို လက်သုပ်ဟင်းလျာနှင့်တကွ သပိတ်တော်၌ထည့်၍ ပို့စေ၏။ ထိုသူသည်လည်း အဆောတလျင်လိုက်၍၊ အရှင်ပစ္စေကဗုဒ္ဓါအား သပိတ်တော်ကိုကပ်၍၊ "အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားတို့အား ဝေယျာဝစ္စအမှုကို ဆောင်ရသောကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတို့၌ ဆင်ယာဉ်, မြင်းယာဉ်နှင့် ပြည့်စုံရပါလို၏" ဟု ဆုတောင်းခြင်းကို ပြု၏။ ထိုယောကျ်ားသည် ယခုအခါ၌ စန္ဒပဇ္ဇောတမင်း ဖြစ်လာ၍၊ ဆိုအပ်ခဲ့ပြီးသော ဆင်ယာဉ်, မြင်းယာဉ်, ခြေလျင်ယောကျ်ားတို့နှင့် ပြည့်စုံလေသတည်း။]

ဇီဝကဆေးဆရာသည်လည်း ဆေးကို ချက်ပြီး၍၊ စန္ဒပဇ္ဇောတမင်းကြီးအား "အရှင်မင်းကြီး။ ဤဖန်ရည်ကို သောက်တော်မူလော့" ဟု စန္ဒပဇ္ဇောတမင်းကြီးကို ဆေးတိုက်ခဲ့၍၊ ဆင်တင်းကုပ်သို့ သွား၍၊ ဘဒ္ဒဝတီဆင်မကို စီး၍၊ မြို့မှ ထွက်၍ ပြေးလေ၏။

ထိုအခါ၌ စန္ဒပဇ္ဇောတမင်းကြီးသောက်သော ဆေးသည် ဆေးကြို့တက်သဖြင့် ထောပတ်နံ့ကို သိလေသတည်း။ ထိုသို့သိသောခဏ၌ စန္ဒပဇ္ဇောတမင်းသည် အချင်းအရင်းတို့ကို ခေါ်၍၊ "အချင်းတို့။ မကောင်းစွာသောဆေးသမားသည် ငါ့အား ထောပတ်ကို တိုက်ခဲ့ပြီ။ အချင်းတို့။ ဆေးသမားဇီဝကကို ရှာကုန်လော့" ဟုဆို၏။ "အရှင်မင်းကြီး။ ဘဒ္ဒဝတီဆင်မကိုစီး၍ မြို့တော်မှ ထွက်ပြေးလေပြီ" ဟု ဆိုကုန်၏။

စန္ဒပဇ္ဇောတ မင်းကြီး၌ 'ကာက'မည်သောကျွန်သည် တစ်နေ့ချင်း ယူဇနာ ၆၀ တိုင်တိုင်သောခရီးကို သွားနိုင်၏။ [ထို ကာကသည် ဘီလူးနှင့်စပ်၍ ပဋိသန္ဓေနေသည် ဟူ၏]

"အချင်းကာက။ ဇီဝကဆေးသမားကို လိုက်၍ ခေါ်ချေ။ 'စန္ဒပဇ္ဇောတမင်းက လိုက်၍ခေါ်ချေ' စေလိုက်၍ လိုက်လာရသည်'ဆို၍ ရအောင်ခေါ်ခဲ့။ သို့ရာတွင် အချင်းကာက။ ဆေးသမားတို့မည်သည် ဆန်းဆန်းပြားပြား ပရိယာယ်မာယာ များ၏။ တစ်စုံတစ်ခုပင် ပေးကမ်းသော်လည်း မစားမသောက်လေလင့်" ဟု မှာလိုက်၍ အဆောတလျင်စေလိုက်၏။

၁- ယူဇနာ ၁၂၀တိုင်တိုင်။ ၂- စေလကဏ္ဍမြင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ ကာကကျွန်သည် ဇီဝကဆေးသမားကို ကောသမ္ဗီပြည်၌ 'နံနက်စာ စားအံ့' ဟု ပြင်ဆင်၍ နေခိုက်တွင် မီလေသော်၊ "ဇီဝက ဆေးဆရာ။ သင့်ထံ ယခု လိုက်လာရသည်။ ပြန်ပါဦးလော့" ဟုဆိုသတည်း။

"အချင်းကာက။ တစ်ခဏ ထမင်း စားဦးအံ့။ ငုံ့ပါဦးလော့။ သင်လည်း ထမင်း စားပါဦးလော့" ဟု ဆို၏။

"ဆရာ။ ငါ မစားလို။ ငါ့ကို မင်းကြီးကလည်း 'တစ်စုံတစ်ခုပေးလျှင် မယူလေလင့်။ ဆေးသမားတို့ မည်သည်ကား ပရိယာယ်မာယာ များလှသည်'ဟု မှာလိုက်သည်။ ငါ မစား" ဟုဆို၏။

ထိုအခါ ဇီဝကဆေးဆရာသည် လက်သည်းကြား၌ ဆေးကိုထည့်၍၊ သျှိသျှားသီးကို စား၍ ရေသောက်၏။ ကာကကိုလည်း ထက်ဝက်ရှိသောသျှိသျှားသီးကို ပေး၍၊ "အချင်းကာက။ ထမင်းကိုပင် မစားသော်လည်း သျှိသျှားသီးကို စား၍ ရေမိုးသောက်ပါဦးလော့" ဟု ဆို၏။

ကာကသည်လည်း 'ဤသူစား၍မျှ တစ်စုံတစ်ခု အန္တရာယ်မရှိ။ ငါစားသော်လည်း အန္တရာယ် ရှိတော့မည်လော' ဟု ထက်ဝက်မျှသော သျှိသျှားသီးကို စား၍ ရေသောက်လေလျှင်၊ ထိုနေရာတွင်ပင် သည်းထန်ပြင်းပြသော ရောဂါဖြစ်၍ ဝမ်းသွန်လေ၏။

ကာကလည်း ကြောက်လန့်သောကြောင့် "ဆရာ။ ငါသည် အသက်ရှည်ပါဦးမည်လော" ဟု ဆိုပေသော်၊ "အချင်းကာက။ မကြောက်လင့်။ ယခုပင် ရောဂါငြိမ်းလတ္တံ့။ စန္ဒပဇ္ဇောတမင်းသည် အလွန် ကြမ်းကြုတ်သည်။ ငါလိုက်လျှင် ငါ့ကို ညှဉ်းဆဲသတ်ပုတ်အံ့သည်။ ထို့ကြောင့် ငါ မပြန်ပြီ။ ဘဒ္ဒဝတီဆင်မကို ယူ၍ သင်သာ ပြန်လေတော့" ဟု ကာကအား ဘဒ္ဒဝတီဆင်မကို ပေးလိုက်၍ ပြန်စေ၏။

ဇီဝကဆေးဆရာလည်း ရာဇဂြိုဟ်ပြည်သို့ သွား၍၊ ဗိမ္ဗိသာရမင်းကြီးအထံသို့ ချဉ်းကပ်၍၊ ထိုအကြောင်းကို ကြားလျှောက်လေ၏။ ဗိမ္ဗိသာရမင်းသည်လည်း "ကောင်းလှပြီ အချင်းဇီဝက။ မပြန်ဘဲလာသည်ပင် ကောင်းလှပြီ။ အကယ်၍ သင်ပြန်ချေလျှင် ကြမ်းတမ်းရန့်ရင်းသော ထိုမင်းသည် သင့်ကို သတ်ပစ်လိမ့်သတည်း" ဟု ဆိုပေ၏။

စန္ဒပဇ္ဇောတမင်းသည် ရောဂါငြိမ်း၍ ပကတိရှိပြီးသော်၊ "ဆရာ- လာခဲ့လော့။ ဆရာအား ထိုက်သော ဆုလာဘ်ကို ပေးပါမည်။ လာခဲ့လော့" ဟု တမန်ကို စေလိုက်၏။ ဇီဝကဆေးသမားလည်း "အရှင်မင်းကြီး။ ကျေးဇူးကိုသာ အောက်မေ့တော်မူပါ။ အကျွန်ုပ် မလာနိုင်ပြီ" ဟု သတင်းစကားကို ပြန်လိုက်လေ၏။

စန္ဒပဇ္ဇောတမင်းလည်း သိဝရာဇ်တိုင်း၌ဖြစ်သော ပုဆိုးကောင်း ရာစု, ထောင်စု, သိန်းစုတွင် အထွတ် အမြတ်အဦးဖြစ်သော၊ အဖိုးများစွာထိုက်သော ပုဆိုးအစုံသည် ရှိသတတ်။ ထိုပုဆိုးအစုံကို ဇီဝကဆေးသမားအား ပို့လာစေ၏။

ဇီဝကဆေးဆရာလည်း 'စန္ဒပဇ္ဇောတမင်းသည် ငါ့အား ပုဆိုးကောင်းအစုံကို ပို့လာပေသည်။ ဤပုဆိုး ကောင်းအစုံသည် ဗိမ္ဗိသာရမင်း, သဗ္ဗညုတဘုရားတို့မှတစ်ပါး အခြားသူတို့အား မထိုက်တန်' ဟု အကြံ ဖြစ်လေ၏။

* * *

ထိုအခါ၌ ဘုရားသခင်ကိုယ်တော်သည် ပြောသောစမြင်းဒေါသဓာတ် ရှိ၍၊ အရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင်၊ "ချစ်သား အာနန္ဒာ။ ငါဘုရားကိုယ်တော်သည် ပြောသောစမြင်းဒေါသဓာတ် ရှိသည်။ ဝမ်းလျှော့သော



www.burmeseclassic.com

www.burmeseclassic.com



ဆေးကို သုံးတော်မူလိုသည်'' ဟု မိန့်တော်မူ၏။ ''အရှင်ဘုရား- ကောင်းပါပြီ'' ဟု အရှင်အာနန္ဒာလည်း ဇီဝကဆေးဆရာရှိရာသို့ သွား၍ ဇီဝကဆေးဆရာကို ဤသို့ ဆိုလေ၏။

''ဇီဝက။ သဗ္ဗညုမြတ်စွာဘုရားသည် ပြောသောစမြင်းဒေါသဓာတ် ရှိ၍ လျှောက်ပတ်သောဆေးအစာကို သုံးဆောင်တော်မူလိုသည်'' ဟု ဆိုလေသော်၊ ဇီဝကဆေးဆရာသည်လည်း ''အရှင်အာနန္ဒာ။ ဘုရားသခင်ကိုယ်တော်ကို ဆီနှင့် နှူးပါစေဦး။ ၂ ရက်-၃ ရက် ဘုဉ်းပေးတော်မူ၍ ဓာတ်တို့ နှူးပါစေဦး'' ဟု လျှောက်လိုက်၏။

အရှင်အာနန္ဒာလည်း ဘုရားသခင်ကိုယ်တော်ကို ၂ ရက်-၃ ရက် ဆီဖြင့် နှူးစေ၍ ဇီဝကရှိရာသို့ သွားပြီးသော်၊ ''ဇီဝက။ ဘုရားသခင်ကိုယ်တော်သည် ဆီဖြင့် နှူး၍ပြီးပြီ။ ဆေးကုရမည်ကိုသာ အောက်မေ့လော့'' ဟု မိန့်တော်မူ၏။

[၂ ရက်-၃ ရက် ဆီဖြင့် နှူးသည်မှာကား ဘုရားသခင် ဘုဉ်းပေးတော်မူလျှင် ဆွမ်းလုတ်တိုင်း နတ်တို့ သြဇာထည့်ကုန်သည်။ ဆီမည်သည်ကား အလုံးစုံသောဒေါသကို နှံ၍ စွတ်နိုင်သည်။ ထို့ကြောင့် ဆီဖြင့် ၂ ရက် - ၃ ရက် နှူးပါစေဦး'' ဟု လျှောက်လေသတည်း။]

ဇီဝကဆေးဆရာသည် 'ဘုရားသခင်အား ရှန့်ရှင်းသောဆေးဖြင့် ဝမ်းသက်လျှောစေခြင်းငှာ မသင့်ချေ' ဟု ကြံစည်ဆင်ခြင်၍ ကြာလက် ၃ လက်တို့ကို အထူးထူးသောဆေးတို့၏ အနံ့ဖြင့် ထုံစေ၍၊ ဘုရားသခင် ရှိရာသို့ ချဉ်းကပ်လေ၍ ရှေးဦးစွာသော ပထမကြာလက်ကို ကပ်၍၊ ''အရှင်ဘုရား။ ဤကြာလက်ကို နမ်းတော်မူပါ။ ဤကြာလက်ကို နမ်းတော်မူလျှင် ရှန့်ရှင်းသောစမြင်းဒေါသ ၁၀ ကြိမ် သက်ပါလိမ့်မည်'' ဟု ကပ်၏။

ထို့နောင်မှ ဒုတိယကြာလက်ကို ကပ်၍၊ ''အရှင်ဘုရား။ ဤကြာလက်ကို နမ်းတော်မူပါ။ ဤကြာလက်ကို နမ်းတော်မူပါလျှင် အလတ်ဖြစ်သော စမြင်းဒေါသတို့သည် ၁၀ ကြိမ် သက်ပါလိမ့်မည်'' ဟု လျှောက်၍ ကပ်၏။

ထို့နောင်မှ တတိယဖြစ်သောကြာလက်ကို ကပ်၍၊ ''အရှင်ဘုရား။ ဤတတိယကြာလက်ကို နမ်းတော်မူပါ။ ဤတတိယကြာလက်ကို နမ်းတော်မူလျှင် သိမ်မွေ့သောစမြင်းဒေါသတို့သည် ၁၀ ကြိမ် သက်ပါလိမ့်မည်'' ဟု လျှောက်၍ကပ်၏။

ဤသို့ ဘုရားသခင်အား 'အကြိမ် ၃၀ သက်ပါလိမ့်မည်' ဟု ကြာလက် ၃ လက်ကို ကပ်ခဲ့၍၊ ဇီဝက ဆေးဆရာသည် ဘုရားသခင်အား ရှိခိုး၍ လက်ယာရစ်လှည့်ပြီးသော် ကျောင်းတော်မှ ထွက်ခဲ့၏။

ကျောင်းတော်တံခါးခုံသို့ရောက်သော် ဤသို့ ကြံပြန်၏။ 'ငါသည် ဘုရားသခင်အား အကြိမ် ၃၀ ဝမ်းသက်စိမ့်သောငှာ ဆေးကပ်ခဲ့သည်။ ဘုရားကိုယ်တော်မြတ်သည် များသောဒေါသ ရှိ၍ အကြိမ် ၃၀ မပြည့်။ တစ်ကြိမ်ကြွင်း လတ္တံ့။ စင်စစ်မူကား ဝမ်းသက်ပြီးလျှင် ရေသပ္ပာယ်တော်မူလိမ့်မည်။ ရေသပ္ပာယ်တော်မူလျှင် တစ်ကြိမ်သက်ပါလတ္တံ့' ဟု အကြံဖြစ်၍ သွားလေ၏။

ဘုရားသခင်သည်လည်း ဇီဝကဆေးဆရာ၏စိတ်အကြံကို သိတော်မူ၍၊ ၃ ခုသောကြာလက်ကို နမ်း၍ ၂၉ ကြိမ် ဝမ်းသက်ပြီးသော်၊ အရှင်အာနန္ဒာကို ခေါ်၍၊ ''အာနန္ဒာ။ ဇီဝကသည် တံခါးမုခ်တွင် ဤသို့ အကြံဖြစ်သည်။ 'ဘုရားသခင်ကိုယ်တော်မြတ်သည် များသောစမြင်းဒေါသရှိ၍ အကြိမ် ၃၀ တွင် တစ်ကြိမ် လျော့လိမ့်မည်။ ထိုသို့လျော့သော်လည်း ရေသပ္ပာယ်တော်မူပါလျှင် တစ်ကြိမ် ဝမ်းသက်သဖြင့် အမျှ ၃၀ စေ့ပါလိမ့်မည်'ဟု စိတ်အကြံ ရှိသည်။ အာနန္ဒာ။ ရေနွေး စီရင်လော့'' ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ''ကောင်းပါပြီ အရှင်ဘုရား'' ဟု ရေနွေးစီရင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဇီဝကဆေးဆရာသည် ကျောင်းတော်သို့သွား၍ ဘုရားသခင်ရှိရာသို့ ချဉ်းကပ်ပြီးသော်၊ ရှိသေစွာ ရှိခိုး၍၊ ''အရှင်ဘုရား၊ ဝမ်းတော်သက်ပါပြီလော'' ဟု လျှောက်၏။ ''ဇီဝက- သက်ပြီ'' ဟု မိန့်တော်မူ၏။

''အရှင်ဘုရား။ အကျွန်ုပ်သည် ကျောင်းတော်မှထွက်ခဲ့၍ တံခါးခုံသို့ရောက်လျှင် ဤသို့ အကြံဖြစ်ပါသည်။ 'ငါသည် ဘုရားသခင်အား အကြိမ် ၃၀ ဝမ်းသက်စိမ့်သောငှာ ကြာ ၃ လက်ကို ကပ်ခဲ့ပါသည်။ ဘုရားသခင်သည် များသောဒေါသရှိ၍ ၃၀ တွင် တစ်ကြိမ် လျော့ချိမ့်မည်။ ထိုသို့လျော့သော်လည်း ရေနွေးကို သပ္ပာယ်တော်မူပါလျှင် တစ်ကြိမ်ဝမ်းသက်၍ အကြိမ် ၃၀ စေ့ပါလိမ့်မည်'ဟူ၍ အကြံ ဖြစ်ပါသည်'' ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ''ဇီဝက။ သင်ကြံသည်အတိုင်း ငါ သိတော်မူ၍၊ ရေနွေးကို သပ္ပာယ်တော်မူ၍ တစ်ကြိမ် ဝမ်းသက်သဖြင့် အကြိမ် ၃၀ စေ့လေပြီ'' ဟု မိန့်တော်မူ၏။

ဇီဝကဆေးဆရာသည်လည်း ''အရှင်ဘုရား။ ယခုကိုယ်တော်သည် ပကတိရှိသည် ကာလသို့တိုင်အောင် ဆေးရည်ယှဉ်သောဆွမ်းနှင့် သင့်၏[၁]'' ဟု လျှောက်၏။ ထိုအခါ၌ ဘုရားသခင်သည်လည်း မကြာမြင့်မီပင် ကျန်းမာပကတိရှိတော်မူလေ၏။

## ၂၁- ဘုရားရှင်သည် ဇိမ္ဗိသာရမင်းအား ဆွမ်းအနည်းငယ် ပေးခြင်း

ဤသို့ ကျန်းမာပကတိရှိတော်မူပြီးသော် ပြည်သူပြည်သားတို့သည်လည်း အလှူဝတ္ထုကို စီရင်ကုန်၏။

ဇီဝကဆေးဆရာသည် ဘုရားသခင်ရှိရာသို့ တစ်ဖန်လာ၍ ''အရှင်ဘုရား။ ယနေ့ ပြည်သူတို့သည် အရှင်ဘုရားတို့အား အလှူပေးလိုပါကုန်သည်။ ရွာတွင်းသို့ ဝင်တော်မူပါကုန်လော့'' ဟု လျှောက်၏။

အရှင်မဟာမောဂ္ဂလာန်လည်း ဤသို့ ကြံတော်မူ၏။ 'ယနေ့ ဘုရားသခင်အား အဘယ်မှာ ရေးဦးစွာသောဆွမ်းကို ရသော် သင့်မြတ်မည်နည်း' ဟု ကြံစည်လေ၏။

ထို့နောင်မှ ဤသို့ ကြံပြန်လေ၏။ 'သောဏသူဌေးသားသည် လယ်ထွန်သောအခါမှစ၍ တစ်ပါးသော ရေနှင့်မဆက်ဆံဘဲ နို့ရည်ဖြင့်သာသွန်းလောင်း၍ ကောင်းစွာမွေးသော နံ့သာသလေးထမင်းကို စားလတ္တံ့။ ထိုထမင်းကို ဘုရားသခင်၏အထံသို့ ပို့ဆောင်ချေသော် ကောင်း၏' ဟု ကြံ၍၊ တန်ခိုးဖြင့် သွား၍ သောဏသူဌေးသား၏ ပြာသာဒ်အပြင်၌ ကိုယ်တော်ကို ပြပေ၏။ သောဏသူဌေးသားသည်လည်း အရှင်မောဂ္ဂလာန်၏ သပိတ်တော်ကို လှမ်းယူ၍ မွန်မြတ်သောဆွမ်းကို လှူ၏။ အရှင်မောဂ္ဂလာန်လည်း ဆွမ်းရပြီးသော် သွားအံ့သောငှာ အမူအရာကို ပြုပေ၏။

သူဌေးသားလည်း သွားအံ့သောအမူအရာကို မြင်၍၊ ''အရှင်ဘုရား။ ဘုဉ်းပေးတော်မူပါလော့'' ဟု တောင်းပန်၏။ အရှင်မဟာမောဂ္ဂလာန်လည်း ''သူဌေးသား။ ငါသည် ဘုရားသခင်အဖို့ ဆွမ်းရပ်လာသည်'' ဟု မိန့်တော်မူ၏။

''အရှင်ဘုရား။ ဘုဉ်းပေးတော်မူပါဦးလော့။ ဘုရားသခင်ကိုလည်း အခြားပင် လှူပါမည်'' ဟု လျှောက်ထားတောင်းပန်၍၊ အရှင်မောဂ္ဂလာန်အား လုပ်ကျွေး၍ သပိတ်တော်ကိုဆေးကြောပြီးလျှင်၊ နံ့သာမှုန့်တို့ဖြင့် ပွတ်သပ်၍ ဘုရားသခင်အဖို့ ဆွမ်းကို လှူပြန်၏။ ထိုဆွမ်းကို အရှင်မောဂ္ဂလာန်သည် ဆောင်ယူခဲ့၍ ဘုရားသခင်အား ကပ်လေ၏။

၁- ဆွမ်းနှင့်မသင့်။

www.burmeseclassic.com

www.burmeseclassic.com



ဗိမ္ဗိသာရမင်းကြီးလည်း "ယနေ့ ဘုရားသခင်သည် အဘယ်ဆွမ်းကို ဘုဉ်းပေးတော်မူလိမ့်မည်နည်း" ဟု ကျောင်းတော်သို့သွားလေသော် ကျောင်းတော်အပကပင် ထိုဆွမ်း၏အနံ့ မွှေး၍ စားချင်သောစိတ် ဖြစ်၏။

ဘုရားသခင်လည်း ၂ ပါးသောဆွမ်းတို့၌သာလျှင် မဘုဉ်းပေးမီ ခွက်ထဲ၌ နတ်တို့ဩဇာထည့်ကုန်သည်။

[၂ ပါးသောဆွမ်းဟူသည်ကား ဘုရားဖြစ်သည့်နေ့၌ သုဇာတာလှူသော နို့ဆွမ်း၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့၌ စုန္ဒပန်းထိမ်သည်လှူသော သားပြွမ်းဆွမ်းတည်း။ ထို ၂ ပါး မှကြွင်းသောဆွမ်းတို့၌ကား ဆွမ်းလုတ်ထဲ၌ နတ်တို့ ဩဇာ ထည့်ကုန်သတည်း။]

ထို့ကြောင့် ဘုရားသခင်သည် ဗိမ္ဗိသာရမင်းကြီး၏အလိုကို သိတော်မူ၍ အတန်ငယ်သောထမင်းကို မင်းကြီးအား ပေးပေ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ထိုထမင်းကို စားပြီးလျှင်၊ "အရှင်ဘုရား။ ဥတ္တရကုရုကျွန်းမှ ဆောင်ခဲ့သော ဆွမ်းပေလော" ဟုလျှောက်၏။ "မင်းကြီး။ ဥတ္တရကုရုကျွန်းမှဆောင်ခဲ့သော ဆွမ်း မဟုတ်။ မင်းကြီးတို့၏ တိုင်းနိုင်ငံအတွင်း၌နေသော သောဏသူဌေးသား၏ ဆွမ်းတည်း" ဟု သောဏသူဌေးသား၏ စည်းစိမ်ချမ်းသာကို မိန့်တော်မူ၏။ ထိုစကားကိုကြားလျှင် မင်းကြီးသည် သောဏသူဌေးသားအား တွေ့မြင်လို၍၊ ၈ သောင်းမျှသော အမျိုးသားတို့နှင့်တကွ သောဏသူဌေးသားကို ခေါ်စေ၏။

ထိုအမျိုးသားတို့သည် ဘုရားသခင့်အထံတော်သို့ ရောက်၍ တရားတော်ကို နာရသဖြင့် သောတာပန်အဖြစ်သို့ ရောက်လေကုန်၏။ သောဏသူဌေးသားကား ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်လေ၏။

[ဘုရားသခင်သည် သောဏသူဌေးသား၏အကျိုးကို မြင်တော်မူ၍ မင်းကြီးအား ထိုထမင်းကို ပေးလေသတည်း။]

## ၂၂- သံဃာတော်တို့အား သင်္ကန်းအလှူခံခွင့် ပြုခြင်း

ဘုရားသခင် ဆွမ်းဘုဉ်းပေးပြီးသော် ဇီဝကဆေးဆရာသည် သိဝရာဇ်တိုင်း၌ဖြစ်သော ပုဆိုးစုံကိုယူ၍၊ ဘုရားရှိရာသို့ကပ်ပြီးသော် ရှိခိုးလျက် လျှောက်ပတ်သောနေရာ၌ နေ၍၊ "အရှင်ဘုရား။ အကျွန်ုပ်သည် တစ်ပါးသော ဆုကို ပန်လိုပါသည်" ဟု လျှောက်၏။

"ဇီဝက။ ဘုရားတို့ နှစ်သက်အပ်သောဆုလော" ဟု မေးတော်မူသော်၊ "အရှင်ဘုရား။ အပြစ်မရှိသော ဆုပင် ဖြစ်ပါသည်" ဟု လျှောက်ပေ၏။

"ဇီဝက။ ထိုသို့တပြီးကား ဆိုလော့" ဟု မိန့်တော်မူ၏။ ဇီဝကဆေးဆရာလည်း "အရှင်ဘုရား။ ရဟန်းသံဃာတော်မှာလည်း ပံ့သကူသင်္ကန်းကိုသာ ဆောင်ကြရခဲ့သည်။ ဤပုဆိုးစုံသည်ကား အကျွန်ုပ်မှာ စန္ဒပဇ္ဇောတမင်း ပုဆိုး ရာစု၊ ထောင်စု၊ သိန်းစုတွင် အထွတ်အမြတ်ဖြစ်သည်ဟု ယုံကြည်လေးမြတ်သဖြင့် ပေး၍ ရပါသည်။ ဤပုဆိုးကိုလည်း ခံတော်မူပါ။ သံဃာတော်တို့အားလည်း ခံတော်မူပါစေ။ သံဃာတော်တို့အားလည်း ဒါယကာတို့က လှူသောသင်္ကန်းကို အခွင့်ပြုပါ"ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ထိုပုဆိုးစုံကို ခံတော်မူ၍ ဇီဝကအား တရားဒေသနာကို ဟောတော်မူပေ၏။ တရားတော်ကို နာရသည်၏အဆုံး၌ ဇီဝကဆေးဆရာသည် သောတာပန်အဖြစ်၌ တည်လေပြီးသော် ဘုရားသခင်ကို ရှိခိုး၍၊ လက်ယာရစ်လှည့်၍ သွားလေ၏။

ထိုအခါ ဘုရားသခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍- 'အနုဇာနာမိ ဘိက္ခဝေ ဂဟပတိစီဝရံ။' အစရှိသည်ကို ပညတ်တော်မူ၏။

"ဘိက္ခဝေ။ ရဟန်းတို့။ ဂဟပတိစီဝရံ၊ ဒါယကာတို့လှူသောသင်္ကန်းကို အနုဇာမိ၊ ခွင့်ပြုတော်မူ၏။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ပံ့သကူလံ၊ ပံ့သကူသင်္ကန်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ သောဘိက္ခု၊ ထိုရဟန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုံသကူလိကော၊ ပုံသကူဆောင်သည်။ ဟောတု၊ ဖြစ်စေ။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဂဟာတိစီဝရံ၊ ဒါယကာတို့လှူသောသင်္ကန်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဂဟပတိစီဝရံ၊ ဒါယကာတို့လှူသော သင်္ကန်းကို။ သာဒိယတု၊ သာယာစေလော့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတရီတရေန၊ ရတိုင်းသောသင်္ကန်းဖြင့်။ သန္တုဋ္ဌိ၊ ရောင့်ရဲသည်ကို။ ဝဏ္ဏေတိ၊ ငါ ချီးမွမ်းတော်မူ၏။

ဤသို့ ဆေးဆရာဇီဝက တောင်းပန်၍၊ သိဝရာဇ်ပုဆိုးစုံကို ဘုရားသခင် ခံတော်မူ၍ သံဃာတော်တို့အား ဒါယကာတို့လှူသော သင်္ကန်းကို ခွင့်ပြုတော်မူသတည်း။

ရှေးအထက်ကမှာ သံဃာတော်တို့သည် ပုံသကူသင်္ကန်းကိုသာ ဆောင်တော်မူကုန်သတည်း။

ရာဇဂြိုဟ်ပြည်၌နေကုန်သော သူတို့သည်လည်း "သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းသံဃာတော်တို့အား ဒါယကာတို့လှူသော သင်္ကန်းကို ခွင့်ပြုတော်မူသတတ်" ဟု ကြားကုန်၏။ ထိုသို့ကြားကုန်သော သူတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းသောစိတ် ရှိသည်ဖြစ်ကြကုန်၍၊ "ယခုငါတို့သည် အလှူကောင်းမှုကို ပြုရတော့မည်" ဟု တစ်ရက်တည်းဖြင့် ရာဇဂြိုဟ်ပြည်၌ အသိန်းမကများလှစွာသော သင်္ကန်းလျာပုဆိုးတို့ကို စုရုံးကြကုန်၏။

ဇနပုဒ်၌ နေကုန်သောသူတို့သည်လည်း "ဘုရားသခင်သည် ရဟန်းသံဃာတော်တို့အား ဒါယကာတို့လှူသော သင်္ကန်းကို ခွင့်ပြုတော်မူသတည်း" ဟု ကြားကုန်၍၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၍၊ "ယခုငါတို့သည် အလှူကောင်းမှု ပြုကြကုန် အံ့" ဟု စုရုံးတိုင်ပင်ကြ၍၊ တစ်နေ့ချင်းဖြင့်လျှင် အသိန်းမကများစွာသော သင်္ကန်းလျာပုဆိုးတို့ကို စုရုံးကုန်၍ အလှူကောင်းမှုကို ပြုကြလေကုန်၏။

## ၂၃- ရဟန်းတို့အား တန်ခိုးမပြုရန် ပညတ်ခြင်း

ထို့နောက် သဗ္ဗညုမြတ်စွာဘုရားသည် ပထမဝါ မိဂဒါဝုန်တော၌ ဗာရာဏသီပြည်သို့အမှီပြု၍ ဝါကပ်တော်မူ၏။ ထို့နောက် ဒုတိယဝါ, တတိယဝါ, စတုတ္ထဝါ၌ ရာဇဂြိုဟ်ပြည်တွင် ဝါကပ်တော်မူ၏။ ထို့နောက် ပဉ္စမဝါ၌ ဝေသာလီပြည် ကူဋာဂါရ၌ ဝါကပ်တော်မူ၏။ ထို့နောက် ဆဋ္ဌမဖြစ်သော ၆ ဝါမြောက်၌ မကုလတောင်၌ ဝါကပ်တော်မူ၏။

ထိုနှစ်၌ ရာဇဂြိုဟ်သူဌေးသည် အခြံအရံနှင့်တကွ ဂင်္ဂါမြစ်သို့ ရေချိုးသွား၍၊ ထိုအခါ၌ ဟိမဝန္တာမှ ဂင်္ဂါရေအယဉ်ဖြင့်မျောလာသော အဖိုးများစွာထိုက်သော စန္ဒကူးနှစ်ကို ရ၍၊ ထိုစန္ဒကူးတုံးမှ စန္ဒကူးသပိတ်ကို ပွတ်၍၊ ဆိုင်း၌ ထည့်၍ ဝါးအဆက်ဆက်ဖြင့် အတောင် ၆၀ ရှိသောကောင်းကင်၌ ဆွဲ၍၊ "ဤလောက၌ ရဟန္တာတို့သည် ကောင်းကင်ဖြင့် လာ၍ ဤသပိတ်ကို ယူစေကုန်သတည်း။ အကြင်သူသည် ထိုစန္ဒကူးသပိတ်ကို ယူနိုင်၏။ ထိုသူအား သားမယားနှင့်တကွ ကိုးကွယ်အံ့" ဟု အကြံပြု၍၊ အကြံရှိတိုင်း သပိတ်ကို အမှတ်ရေး၍ ဝါးအဆက်ဆက်ဖြင့် စိုက်ထူ၏။

အတောင် ၆၀ ရှိသော ဝါးဖျား၌ ထား၍၊ "အကြင်သူသည် ဤလောက၌ ရဟန္တာဖြစ်၏။ ထိုသူသည် ကောင်းကင်ဖြင့်လာ၍ ဤစန္ဒကူးသပိတ်ကို ယူစေသတည်း" ဟုဆို၏။

ဆသတ္ထာရဖြစ်ကုန်သော တိတ္ထိတဏ္ဍတွန်းတို့သည် "ငါတို့အား ဤသပိတ်ကို ထိုက်တန်လျောက်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သည်။ ငါတို့အားသာ ပေးကုန်လော့'' ဟု ဆိုကုန်၏။ ရာဇဂြိုဟ်သူဌေးသည်လည်း ''ကောင်းကင်ဖြင့်လာ၍ ယူနိုင်လျှင် ယူလော့'' ဟုဆို၏။

ထို့နောင်မှ ၆ ရက်မြောက်သောနေ့၌ 'နာဋပုတ္တ'မည်သော တက္ကတွန်းသည် မိမိတပည့်တို့ကို စေလိုက်၏။ ''သွားချေကုန်။ သူဌေးကို ဤသို့ ဆိုချေကုန်။ ဤသပိတ်သည် ငါတို့ဆရာကြီးအားသာ လျောက်ပတ်ထိုက်တန်သည်။ အနည်းငယ်မျှလောက်သော သပိတ်၏အကြောင်းကြောင့် ကောင်းကင်ဖြင့်သွားခြင်းကို မပြုလင့်။ ဤစန္ဒကူးသပိတ်ကို ငါတို့ဆရာအား ပေးလော့ဟု ဆိုချေကုန်လော့'' ဟု စေလိုက်၏။

တက္ကတွန်း၏ တပည့်တို့သည် သွားလေကုန်၍ သူဌေးကို ဆရာမှာတိုင်း ဆိုကုန်၏။ သူဌေးလည်း ''ကောင်းကင်ဖြင့်လာ၍ ယူနိုင်လျှင် ယူလော့'' ဟု ဆိုလိုက်၏။

နာဋပုတ္တသည် မိမိကိုယ်တိုင် သွားလိုသည်ဖြစ်၍ တပည့်တို့အား အမှတ်သညာကို ပေး၏။ ပေးဟန်ကား- ''တပည့်တို့။ ငါသည် ခြေတစ်ဖက်, လက်တစ်ဖက်ကိုချီ၍ ပျံအံ့သကဲ့သို့ ပြုမည်။ ထိုအခါ သင်တို့က ငါ့ကို 'ဆရာ။ သစ်သားသပိတ်ကြောင့် ဖုံးလွှမ်းလျှို့ဝှက်အပ်သော အရဟတ္တဖိုလ်ကျေးဇူးကို လူများတို့အား မပြပါလင့်'ဟုဆို၍၊ ငါ၏ခြေလက်တို့ကို ဆွဲငင်ကုန်၍ မြေ၌ချကုန်လော့'' ဟု အမှတ်သညာပေး၍၊ နာဋပုတ္တသည် သူဌေးအိမ်သို့ သွား၍ သူဌေးကို ဤသို့ဆို၏။

''သူဌေးကြီး။ ဤသပိတ်သည် ငါ့အား ထိုက်တန်လျောက်ပတ်၏။ သူတစ်ပါးတို့နှင့် မထိုက်တန်ချေ။ သင်သည် အနည်းငယ်မျှသောအကြောင်းကြောင့် ကောင်းကင်သို့ပျံခြင်းကို အလိုမရှိလင့်။ မနှစ်သက်လင့်။ ငါ့အား ဤသပိတ်ကို ပေးလော့'' ဟုဆို၏။ သူဌေးလည်း ''ကောင်းကင်သို့ ပျံနိုင်လျှင် ယူလော့'' ဟုဆို၏။

ထိုသို့ဆိုသော နောင်မှ 'နာဋပုတ္တ'အမည်ရှိသော တက္ကတွန်းသည် ''ထိုသို့တပြီးကား ဖဲကုန်လော့။ ဖဲကုန်လော့'' ဟု မိမိတပည့်တို့ကို ပယ်ရှား၍၊ 'ကောင်းကင်သို့ပျံအံ့'ဟု ခြေတစ်ဖက် လက်တစ်ဖက်တို့ကို ချီကြွ၏။ ထိုခဏ၌ တပည့်တို့သည် ''ဆရာ။ အသို့ပြုဘိသနည်း။ အနည်းငယ်မျှသော သစ်သားသပိတ်၏ အကြောင်းကြောင့် ဖုံးလွှမ်းလျှို့ဝှက်အပ်သော အရဟတ္တဖိုလ် ကျေးဇူးတို့ကို လူများတို့အား မပြပါလင့်။ ထိုသို့ ပြသဖြင့် အဘယ်မျှသော ကျေးဇူး ရှိပါသနည်း'' ဟု ခြေလက် တို့ကိုဆွဲငင်၍ မြေ၌ချလေကုန်၏။

နာဋပုတ္တတက္ကတွန်းသည် သူဌေးကို ဤသို့ ဆို၏။ ''သူဌေးကြီး။ ဤတပည့်တို့သည် ကောင်းကင်သို့ ပျံခွင့်ကို မပေးကုန်၍ ဤသပိတ်ကို ငါ့အား ပေးလော့'' ဟုဆို၏။ သူဌေးလည်း ''ကောင်းကင်သို့ပျံနိုင်လျှင် ယူလော့'' ဟု ဆိုပြန်၏။ ဤသို့သောနည်းဖြင့် တိတ္ထိတို့သည် ၆ ရက်ပတ်လုံး လုံ့လပြုကုန်သော်လည်း သပိတ်ကို မရကြသတည်း။

၇ ရက်မြောက်သောနေ့၌ အရှင်မောဂ္ဂလာန်, အရှင်ပိဏ္ဍောလဘာရဒ္ဒါဇတို့သည် ''ရာဇဂြိုဟ်သို့ ဆွမ်းခံသွားအံ့'' ဟု တစ်ခုသောကျောက်ဖျာ အပြင်၌ရပ်၍ သင်္ကန်းကိုရုံသောအခါ၌ သေသောက်ကြူးတို့သည် ဤသို့ စကားပြောဟော ကြကုန်၏။ ''အချင်းတို့။ ရှေးကာလ၌ ဆသတ္ထာရတို့သည် လောက၌ 'ငါတို့ ရဟန္တာ'ဟု လှည့်ပတ်သွားလာကုန်သည်။ ရာဇဂြိုဟ် ပြည်သူဌေး၏သပိတ်သည် ဝါးအဆက်ဆက်ဖြင့် ထားသည်။ ယနေ့ ၇ ရက် ရှိပြီ။ 'အကယ်၍ ရဟန္တာဖြစ်မူကား ကောင်းကင်ဖြင့်လာ၍ ယူလော့'ဟု ဆိုသည်။ တစ်ယောက်မျှ ရဟန္တာမဟုတ်၍ ကောင်းကင်ဖြင့် ပျံနိုင်သောသူ မရှိ။ ယခုအခါ ဤလောက၌ ရဟန္တာတို့၏ မရှိသောအဖြစ်ကို သိရတော့သည်'' ဟု ဆိုကြကုန်သော သေသောက်ကြူးတို့၏စကားကို ကြား၍၊ အရှင်မဟာမောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလဘာရဒ္ဒါဇကို ဤသို့ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



''ငါ့ရှင်ပိဏ္ဍောလဘာရဒွါဇ။ ဤသူတို့သည် ဘုရားသာသနာတော်ကို ဆွဲငင်ချုပ်ချယ်၍ ဤသို့ ဆိုကုန်သည်ကို ကြားရသည်။ သင်သည်လည်း ကြီးသောတန်ခိုးအာနုဘော် ရှိသည်နှင့် သွားချေ။ ထိုသပိတ်ကို ကောင်းကင်ဖြင့် သွား၍ယူချေလော့'' ဟု ဆို၏။

''ငါ့ရှင်မောဂ္ဂလာန်။ သင်သည် တန်ခိုးအာနုဘော် ကြီးပါသည်။ တန်ခိုးကြီးသောသူတို့ထက် သာလွန်ပါသည်။ ထိုသပိတ်ကို ယူပါလော့။ သင်မယူလိုမှ ငါယူအံ့'' ဟုဆို၏။

အရှင်မဟာမောဂ္ဂလာန်လည်း ''ငါ့ရှင်ပင် ယူလော့'' ဟု ဆိုပေသော်၊ အရှင်ပိဏ္ဍောလဘာရဒွါဇသည် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စား၍၊ ခြေမဖြင့် ၃ ဂါဝုတ်ရှိသော ကျောက်ဖျာကြီးကို ခြေဖျားဖြင့် ဝါဂွမ်းဆိုင်ကဲ့သို့ ကောင်းကင်ဖြစ်၌စေ၍ ရာဇဂြိုဟ်ပြည်၏အထက် ၇ ကြိမ် တလူးလာလာသွားစေ၏။ ထိုကျောက်ဖျာကြီးသည် တစ်မြို့လုံးကို ပိအုံ့သကဲ့သို့ ထင်၏။ ပြည်သူပြည်သားတို့လည်း ''ကျောက်ဖျာကြီး ပိ၍ အသက်သေကုန်အံ့'' ဟု ကြောက်လန့်ကုန်လျက် မန်း-စသည်တို့ကို ထိပ်ထက်၌အုပ်၍ ထိုအရပ်၊ ဤအရပ်၌ ပုန်းကွယ်ကုန်၏။

၇ ရက်မြောက်သောနေ့၌ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ကျောက်ဖျာကိုခွဲ၍ ကိုယ်ကို ပြပေ၏။ လူများသည် ပိဏ္ဍောလဘာရဒွါဇမထေရ်ကို မြင်၍၊ ''အရှင်ပိဏ္ဍောလဘာရဒွါဇ။ သခင်၏ကျောက်ဖျာကို မြဲမြဲစွာ ဆွဲကိုင်လော့။ အကျွန်ုပ်တို့အလုံးစုံကို မပျက်စီးပါစေလင့်'' ဟု ဆိုကုန်၏။ ပိဏ္ဍောလမထေရ်လည်း ကျောက်ဖျာကို ခြေမစွန်းဖြင့် ကျောက်ကန်၍ စွန့်ပစ်လိုက်၏။ ထိုကျောက်ဖျာသည် လိမ့်၍ တည်မြဲတိုင်းသောအရပ်၌ တည်လေ၏။

ပိဏ္ဍောလမထေရ်သည် သူဌေး၏အိမ်ထက်၌ ရပ်လျက်နေ၏။ ပိဏ္ဍောလမထေရ်ကို မြင်၍ သူဌေးသည် ရင်ဖြင့်ဝပ်၍၊ ''အရှင်ဘုရား။ ဆင်းသက်တော်မူပါလော့'' ဟု ဆို၍၊ ကောင်းကင်မှ ဆင်းသက်လာသော ပိဏ္ဍောလမထေရ်ကို ခင်းအပ်သော မြတ်သောနေရာ၌ နေစေ၍၊ စန္ဒကူးသပိတ်ကို ချစေ၍၊ 'ထောပတ်၊ ဆီ၊ ပျား၊ သကာ' ဟူသော စတုမဓုအရသာဖြင့် ပြည့်စေ၍ အရှင်ပိဏ္ဍောလအား လှူပေ၏။ ပိဏ္ဍောလမထေရ်သည်လည်း သပိတ်ကို ဆောင်ယူ၍ ကျောင်းသို့ ရှေးရှုကြွတော်မူလေ၏။

ထိုအခါ တောကျောင်း၌နေကုန်သော ရဟန်းတို့သည်လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ကပ်ကုန်သော ရဟန်းတို့သည်လည်းကောင်း ထိုတန်ခိုးပြာဋိဟာကို မမြင်လိုက်ကုန်။ ထိုရဟန်းတို့သည် အညီအညွတ် စည်းဝေးကုန်၍၊ ''အရှင်ဘုရား။ ငါတို့အားလည်း တန်ခိုးပြာဋိဟာကို ပြပါလော့'' ဟု မထေရ်၏နောက်သို့ အစဉ်လိုက်ကုန်၏။ ပိဏ္ဍောလမထေရ်လည်း တန်ခိုးပြာဋိဟာကိုပြ၍ ကျောင်းတော်သို့ ကြွတော်မူလေ၏။

မြတ်စွာဘုရားသည် အရှင်ပိဏ္ဍောလမထေရ်သို့ အစဉ်လိုက်ကြသော ပွဲတင်ထပ်မျှကြွေးကြော်ကြသော လူများ၏အသံကို ကြား၍၊ ''အာနန္ဒာ။ ဤအသံသည် အဘယ်အသံနည်း'' ဟု မေးတော်မူသော်၊ ''အရှင်ဘုရား။ ပိဏ္ဍောလဘာရဒွါဇသည် ကောင်းကင်သို့ပျံ၍ စန္ဒကူးသပိတ်ကို ယူ၏။ ထိုပိဏ္ဍောလ၏အထံ၌ အုတ်အုတ်ကျက်ကျက်ဖြစ်သော အသံတည်း'' ဟု လျှောက်သောစကားကို ကြားတော်မူ၍၊ အရှင်ပိဏ္ဍောလကို ခေါ်တော်မူ၍၊ ''သင်သည် ဤသို့သောအမှုကို ပြုသည်မှန်သလော'' ဟု မေးတော်မူလျှင်၊ ''ဘုန်းတော်ကြီးသောဘုရား။ မှန်ပေ၏'' ဟု လျှောက်ပေသော်၊ ''ပိဏ္ဍောလ။ အဘယ့်ကြောင့် သင်သည် ဤသို့ပြုဘိသနည်း'' ဟု ကဲ့ရဲ့တော်မူ၍၊ စန္ဒကူးသပိတ်ကို အပိုင်းအပိုင်း ခွဲစေ၍၊ ရဟန်းတို့အား မျက်စဉ်းမှုန့် ကြိတ်စေခြင်းငှာ ပေး၍၊ ''တန်ခိုးပြာဋိဟာကို မပြလင့်'' ဟု ပညတ်တော်မူ၏။

ထိုအခါ၌ တိတ္ထိတို့သည် ''ရဟန်းဂေါတမသည်ကား ထိုသပိတ်ကို ခွဲစေ၍ တန်ခိုးပြာဋိဟာကို မပြစိမ့်သောငှာ တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်သတတ်'' ဟု ကြားကုန်၍၊ ''ယခုအခါ ရဟန်းအရှင်ဂေါတမ



www.burmeseclassic.com

www.burmeseclassic.com



သည် ပညတ်ပြီးသော သိက္ခာပုဒ်ကို အသက်ပင်သေသော်လည်း သေစေ၊ မစွန့်။ မလွန်ကျူးကုန်။ ရဟန်းဂေါတမသည် ထိုသိက္ခာပုဒ်ကို စောင့်ရှောက်သည်သာတည်း။ ယခုအခါ၌ ငါတို့သည် အခွင့်ရပြီ'' ဟု တိတ္ထိတို့သည် မြို့ ၄ မျက်နှာလမ်းခရီး၌ ပြောဟောကုန်လျက် လှည့်ပတ်သွားလာကုန်၏။

''ငါတို့ကား မိမိဂုဏ်ကျေးဇူးကို စောင့်ကုန်လျက် သစ်သားဖြင့်ပြီးသော သပိတ်၏အကြောင်းကြောင့် မိမိဂုဏ်ကျေးဇူးကို လူအပေါင်းတို့အား မပြရကုန်။ ရဟန်းဂေါတမ၏တပည့်တို့သည် ဤမျှသာဖြစ်သော သပိတ်၏အကြောင်းကြောင့် မိမိဂုဏ်ကျေးဇူးတို့ လူအပေါင်းတို့အား ပြကုန်၏။ ရဟန်းဂေါတမသည် မိမိ ပညာရှိသည်၏အဖြစ်ကြောင့် သပိတ်ကိုခွဲ၍ တပည့်သားတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ယခုအခါ၌ ငါတို့သည် ထိုရဟန်းဂေါတမနှင့်တကွ တန်ခိုးပြာဋိဟာကို ပြကုန်အံ့'' ဟု ဆိုကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးလည်း တိတ္ထိတို့ဆိုသောစကားကို ကြား၍၊ မြတ်စွာဘုရား၏အထံတော်သို့ သွား၍၊ ''အရှင်ဘုရား။ အရှင်ဘုရားတို့သည် တန်ခိုးပြာဋိဟာကို မပြစေခြင်းငှာ သာဝကတို့၌ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းသည် မှန်ချေသလော'' ဟု လျှောက်၏။

''မင်းကြီး။ မှန်၏'' ဟု မိန့်တော်မူသော်၊ ''အရှင်ဘုရား။ ယခု တိတ္ထိတို့သည် 'အရှင်ဘုရားတို့နှင့် တန်ခိုးပြာဋိဟာကို ပြိုင်ကုန်အံ့'ဟု ဆိုကြသည်။ အဘယ်သို့ ပြုပါမည်နည်း'' ဟု လျှောက်၏။

''မင်းကြီး။ တိတ္ထိတို့က တန်ခိုးပြလိုလျှင် ငါပြပေအံ့'' ဟု မိန့်တော်မူ၏။

''အရှင်ဘုရားတို့မှာ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးပြီ မဟုတ်တုံလော'' ဟု လျှောက်ပေသော်၊ ''မင်းကြီး။ ငါသည် ငါ၏သိက္ခာပုဒ်ကို မပညတ်။ တပည့်တို့အကျိုးငှာသာ ပညတ်တော်မူသည်'' ဟု မိန့်တော်မူ၏။

''အရှင်ဘုရား။ အရှင်ဘုရားကိုထား၍ တစ်ပါးသောအရာ၌ သိက္ခာပုဒ်ကို ပညတ် မည်သည် ရှိပါအံ့လော'' ဟု လျှောက်၏။

''မင်းကြီး။ ထိုသို့တပြီးကား ဤအရာ၌ သင့်ကိုပင်လျှင် တစ်ဖန် မေးဦးအံ့။ မင်းကြီး။ သင်မင်းကြီး၏ နိုင်ငံ၌ ဥယျာဉ် ရှိသလော'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ ရှိပါ၏။'' ဟု လျှောက်၏။

''မင်းကြီး။ မင်းကြီး၏ဥယျာဉ်၌ သူတစ်ပါးတို့သည် သရက်သီး အစရှိသည်တို့ကို အကယ်၍ ဆွတ်ယူစားငြားအံ့။ ထိုစားသောသူအား အဘယ်သို့ ပြုမည်နည်း'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ မင်းဒဏ် ပေးရပါသည်'' ဟု လျှောက်၏။

''ထိုသို့သော်ကား သင်မင်းကြီးစားခြင်းငှာ ထိုက်ပါမည်လော'' ဟု မေးတော်မူပြန်၏။

''အရှင်ဘုရား။ အကျွန်ုပ် စားထိုက်ပါ၏။ အကျွန်ုပ်အား ဒဏ် မရှိ။ အကျွန်ုပ်သည် အကျွန်ုပ်ဥစ္စာကို စားထိုက်လေတော့သည်သာ'' ဟု လျှောက်ပေ၏။

''မင်းကြီး။ သင်မင်းကြီးအား ယူဇနာ ၃၀၀ ရှိသောနိုင်ငံ၌ အာဏာ ဖြစ်သကဲ့သို့၊ မိမိဥယျာဉ်၌ သရက်သီး စသည်တို့ကိုစားသောသူအား ဒဏ် ရှိသကဲ့သို့၊ မိမိဥယျာဉ်၌ မိမိစားလျှင် ဒဏ် မရှိသကဲ့သို့၊ ထိုစကြဝဠာ ကုဋေ ၁ သိန်း၌ ငါဘုရား၏အာဏာတော် နှံ့၏။ မိမိ၏သိက္ခာပုဒ်ကို မိမိပညတ်ခြင်းကြောင့် မလွန်ကျူးရသောမည်သည် မရှိ။ သာဝကတို့သာ မလွန်ကျူး ရသည်။ ငါသည် တန်ခိုးပြာဋိဟာကို ပြအံ့''ဟု မိန့်တော်မူ၏။

တိတ္ထိတက္ကတွန်းတို့သည်လည်း ထိုသို့မိန့်တော်မူသောစကားကို ကြား၍၊ ''ယခုအခါ၌ ရဟန်းဂေါတမ



www.burmeseclassic.com

www.burmeseclassic.com



ကို ငါတို့ ဖျက်အပ်ကုန်၏။ သာဝကတို့အကျိုးငှာသာလျှင် သိက္ခာပုဒ်ကို ပညတ်သည်။ မိမိ၏အကျိုးငှာ မပညတ်။ ကိုယ်တိုင်သာလျှင် တန်ခိုးပြာဋိဟာကို ပြလိုယောင် ထင်၏။ အဘယ်သို့သောအကြောင်းဖြင့် ငါတို့ ပြုရအံ့နည်း" ဟု တိုင်ပင်ကြကုန်၏။

မိဿီသာရမင်းကြီးလည်း "အရှင်ဘုရား။ အဘယ်နေ့သောအခါ၌ တန်ခိုးပြာဋိဟာကို ပြတော်မူမည်နည်း" ဟုလျှောက်၏။ "မင်းကြီး။ ဤနေ့မှ ၄ လလွန်သဖြင့် ဝါဆိုလပြည့်နေ့၌ ပြကုန်အံ့" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ အဘယ်အရပ်၌ တန်ခိုးပြာဋိဟာကို ပြတော်မူမည်နည်း" ဟု လျှောက်ပြန်သော်၊ "မင်းကြီး။ သာဝတ္ထိပြည်ကို အမှီပြု၍ တန်ခိုးပြာဋိဟာကို ပြအံ့" ဟု မိန့်တော်မူလေ၏။

[အဘယ်ကြောင့် ဘုရားသခင်သည် ဝေးရာအရပ်ကို ညွှန်တော်မူသနည်းဟူမူကား သာဝတ္ထိပြည်သည် ဘုရားတကာတို့၏ မြတ်သောပြာဋိဟာကို ပြုရာဖြစ်သတည်း။ ထို့ကြောင့် ညွှန်တော်မူသတည်း။]

## ၂၄- ယမိုက်ပြာဋိဟာကို ပြတော်မူခြင်း

တိတ္ထိတို့သည် ထိုစကားကို ကြား၍၊ "ဤနေ့မှ ၄ လလွန်သဖြင့် ရဟန်းဂေါတမသည် သာဝတ္ထိပြည်၌ ယမိုက်ပြာဋိဟာကို ပြပေလိမ့်မည် ထင်၏။ ယခုအခါ၌ ရဟန်းဂေါတမကိုမလွှတ်ဘဲ အစဉ်အတိုင်း လိုက်ကုန်အံ့။ လူအပေါင်းတို့သည် ငါတို့ကိုမြင်၍၊ 'ဤသို့လာခြင်းသည် အဘယ်အကြောင်း ရှိသနည်း' ဟု မေးလတ္တံ့။ ထိုသို့မေးသောအခါ ထိုလူအပေါင်းတို့အား ဆိုကုန်အံ့။ 'ငါတို့သည် ရဟန်းဂေါတမနှင့် တန်ခိုးပြာဋိဟာကို ပြိုင်ကုန်အံ့' ဟုဆိုသည်ရှိသော် ထိုရဟန်းဂေါတမသည် ပြေးလတ္တံ့။ 'ငါတို့သည် ရဟန်းဂေါတမကို ပြေးမည်စိုးသောကြောင့် အစဉ်အတိုင်း လိုက်ကုန်သည်'ဟု ဆိုကုန်အံ့"ဟု ကြံကုန်၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံကြွတော်မူ၍ ထွက်၏။ တိတ္ထိတို့သည်လည်း မြတ်စွာဘုရား၏နောက်ကသာလျှင် ထွက်ကုန်၏။ ဆွမ်းဘုဉ်းပေးခြင်းကို ပြုတော်မူရာအရပ်၌ နေကုန်၏။ နေပြီးသော အရပ်တွင် မိုးသောက်သောအခါ နံနက်စာစားခြင်းကို ပြု၏။

တိတ္ထိတို့လည်း လူတို့က "အဘယ့်ကြောင့် နောက်တော်သို့လိုက်သနည်း" ဟု မေးကြသော်၊ ရှေး၌ ကြံစည်သည့်အတိုင်း ပြောဟောကြကုန်၏။ လူများအပေါင်းလည်း "တန်ခိုးပြာဋိဟာကို ဖူးမြင်ကုန်အံ့" ဟု နှလုံးသွင်း၍ အစဉ်အတိုင်း လိုက်ကုန်၏။

မြတ်စွာဘုရားသည် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ရောက်၏။ တိတ္ထိတို့သည်လည်း ဘုရားသခင်နှင့် တကွသာလျှင် သွားကုန်လျက် အလုပ်အကျွေးတို့ကို နှိုးဆော်၍၊ ၁ သိန်းသောမျိုးရိက္ခာကို ရ၍၊ ရှားသည်တိုင်တို့ဖြင့် မဏ္ဍပ်ကိုဆောက်၍၊ ကြာညိုပန်းတို့ဖြင့် မိုးစေ၍၊ "မဏ္ဍပ်တွင်း၌ တန်ခိုးပြာဋိဟာကို ပြကုန်အံ့" ဟု နေကြကုန်၏။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် ဘုရားသခင်ထံသို့ ကပ်၍၊ "အရှင်ဘုရား။ တိတ္ထိတို့သည် မဏ္ဍပ် ဆောက်ချေပြီ။ အကျွန်ုပ်သည် အရှင်ဘုရားတို့၏မဏ္ဍပ်ကို ဆောက်လုပ်ပါအံ့" ဟု လျှောက်၏။ "မင်းကြီး။ မဏ္ဍပ်ဆောက်လုပ်၍ မသင့်။ ငါ့အား မဏ္ဍပ်ဆောက်လုပ်နိုင်မည့်သူ မရှိပြီ" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ အကျွန်ုပ်ကိုထား၍ တစ်ပါးသောဒါယကာသည် ဆောက်လုပ်ခြင်းငှာ တတ်နိုင်အံ့လော" ဟု လျှောက်၏။ "မင်းကြီး။ သိကြားမင်းသည် စွမ်းနိုင်လတ္တံ့" ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား။ အရှင်ဘုရားသည် အဘယ်အရပ်၌ ယမိုက်ပြာဋိဟာကို ပြတော်မူလတ္တံ့နည်း"ဟု လျှောက်၏။ "မင်းကြီး။ 'ကဏ္ဍမ္ဗ[၁]'အမည်ရှိသော သရက်ပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြအံ့" ဟု မိန့်တော်မူ၏။

တိတ္ထိတို့လည်း 'သရက်ပင်အနီး၌ ယမိုက်ပြာဋိဟာကို ပြတော်မူမည်' ဟူသောစကားကို ကြား၍၊ မိမိတို့၏အလုပ်အကျွေးဖြစ်သော ဒါယကာတို့ကို ကြား၍၊ ၁ ယူဇနာအတွင်း၌ အယုတ်သဖြင့် ထိုနေ့၌ပေါက်သော သရက်ပင်ကိုသော်လည်း နုတ်ဖြတ်စေ၍ တော၌ သရက်ပင်တို့ကို ကုန်စေ၏။

မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည်တွင်းသို့ ဝင်တော်မူ၏။

ကောသလမင်း၏ ဥယျာဉ်တော်စောင့်ဖြစ်သော 'ကဏ္ဍက[၂]'အမည်ရှိသောသူသည် ခါချဉ်အုံ၏အတွင်း၌ အလုံးကြီးသော တစ်လုံးသောသရက်သီးမှည့်ကို မြင်၍၊ ထိုသရက်သီး၏ အနံ့, အရသာ၌ တပ်မက်မောသဖြင့် ကောင်းစွာ ခြေချ၍ လုံ့လပြုပြီးသော်၊ အဆောတလျင် လာလတ်၍၊ မင်းကြီး၏အကျိုးငှာ ယူ၍ သွားသည် ရှိသော် ခရီးအကြား၌ မြတ်စွာဘုရားကိုမြင်၍ ဤသို့ကြံ၏။

'မင်းကြီးသည် ဤသရက်သီးကို စား၍ ငါ့အား ၈ သပြာ- ၁၆ သပြာတို့ကို ပေးတော်မူအံ့။ ထိုပေးသော ဆုလာဘ်သည် ငါ့အား တစ်ခုသောအတ္တဘော၌ အသက်မွေးရခြင်းငှာသာ ထိုက်သည်။ ဘုရားသခင်အား ဤသရက်သီးကို လှူရသည် ဖြစ်တုံအံ့။ ငါ့အား အဆုံးမရှိသော သံသရာဘဝအဆက်ဆက်တို့၌ အကျိုးစီးပွား ကို ရွက်ဆောင်လတ္တံ့' ဟု ကြံစည်၍၊ ထိုသရက်သီးမှည့်ကို မြတ်စွာဘုရားသခင်အား ကပ်လှူလေ၏။

မြတ်စွာဘုရားသခင်သည်လည်း အရှင်အာနန္ဒာကို ကြည့်တော်မူ၏။ ထိုသို့ကြည့်တော်မူသောအခါ၌ မြတ်စွာဘုရားအား အရှင်အာနန္ဒာမထေရ်သည် စတုမဟာရာဇ်နတ် ၄ ယောက်တို့ လှူအပ်သော ကျောက်သပိတ် ကို သပိတ်အိတ်မှ ထုတ်၍ လက်တော်၌ထားပေ၏။ မြတ်စွာဘုရားသခင်လည်း သပိတ်တော်ကို စောင်း၍ သရက်သီးကိုခံလျက် ထိုအရပ်၌ပင်လျှင် နေတော်မူလိုသော အခြင်းအရာကို ပြ၏။ အရှင်အာနန္ဒာသည် သင်္ကန်းကို ခင်း၏။ ထို ခင်းအပ်သောနေရာ၌ နေတော်မူသောမြတ်ဘုရားအား အရှင်အာနန္ဒာသည် ရေကိုစစ်၍၊ ထိုသရက်သီးမှည့်ကိုနယ်လျက် အဖျော်ပြု၍ ကပ်၏။

မြတ်စွာဘုရားသခင်သည်လည်း သရက်အဖျော်ကို ဘုဉ်းပေး၍ ကဏ္ဍအမည်ရှိသောဥယျာဉ်စောင့်အား "ဤသရက်စေ့ကို ဤအရပ်၌ပင်လျှင် မြေမှုန့်ကိုယက်၍ စိုက်လော့" ဟု မိန့်တော်မူ၏။ ထိုဥယျာဉ်စောင့်သည် လည်း ဘုရားသခင်အမိန့်တော်အတိုင်း စိုက်၏။

ဘုရားသခင်သည် ထိုသရက်စေ့၏အထက်၌ လက်ဆေးတော်မူ၏။ လက်ဆေးတော်မူကာမျှဖြင့်လျှင် ထွန်တုံးမျှလောက်သော အညွှန့်, ပင်စည် ရှိသည်ဖြစ်၍၊ အစောက်အားဖြင့် အတောင် ၅၀ ရှိသော သရက်ပင် ပေါက်လေ၏။ အရပ် ၄ မျက်နှာတို့၌ တစ်ကိုင်း-တစ်ကိုင်းစီ ဖြစ်၏။ အထက်သို့လည်း တစ်ကိုင်း အဖြောင့်အမတ် တက်၏။ ဤသို့ခက်မ ၅ ခုတို့သည် အတောင် ၅၀ စီ ရှိကြလေကုန်၏။ ထိုသရက်ပင်သည် ထိုခဏ၌ပင်လျှင် အပွင့်အသီးတို့ဖြင့် တင့်တယ်စွာဖုံးလွှမ်း၏။ တစ်ခုတစ်ခုသောအရပ်က မှည့်သောသရက်သီးအခိုင်ကို ဆောင် ကုန်၏။ ဘုရားသခင့်နောက်တော်မှ လိုက်လာကြကုန်သောရဟန်းတို့သည် သရက်သီးမှည့်ကို စားရကုန်၏။

ကောသလမင်းကြီးသည် 'ဤသို့သဘောရှိသော သရက်ပင်ပေါက်သတည်း" ဟု ကြား၍၊ "တစ်စုံ တစ်ယောက်သောသူမျှ ထိုသရက်ပင်ကို မဖျက်စေလင့်"ဟု အစောင့်အရှောက်ကို ထားပေ၏။

ထိုသရက်ပင်သည်ကား 'ကဏ္ဍ'အမည်ရှိသော ဥယျာဉ်စောင့်ကို စိုက်စေသည်၏အဖြစ်ကြောင့် 'ကဏ္ဍမ္ဗ' ဟူသောအမည် တွင်၏။

၁- ကဏ္ဍမ္ဗ-မူကွဲ။ ၂- ကဏ္ဍ-မူကွဲ။

www.burmeseclassic.com

www.burmeseclassic.com



သေသောက်ကြူးတို့သည်လည်း သရက်သီးမှည့်ကို စား၍ "ဟယ်-ယုတ်မာလှစွာသော တိတ္ထိတို့။ ရဟန်းဂေါတမသည် 'ကဏ္ဍမ္ဗ'အမည်ရှိသောသရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာကို ပြလတ္တံ့ဟု ဆို၍၊ သင်တို့သည် ၁ ယူဇနာအတွင်းတွင် ထိုနေ့၌ပေါက်သော သရက်ပင်ငယ်ကိုသော်လည်း နုတ်စေပြီ။ ဤသရက်ပင်သည်ကား 'ကဏ္ဍမ္ဗ'အမည် ရှိ၏" ဟုဆို၏။ ထိုသေသောက်ကြူးတို့သည် စားဖတ်ဖြစ်သောသရက်စေ့တို့ဖြင့် ပစ်ခတ်ကုန်၏။

ထိုအခါ သိကြားမင်းသည် လေနတ်သားကိုခေါ်၍၊ "တိတ္ထိတို့၏မဏ္ဍပ်ကို လေဖြင့်လာစေလျက် လေဖြင့်နုတ်၍ မသန့်မပြန့်ရာ၌ ပစ်ချေလော့" ဟု စေလိုက်၏။ သိကြားမင်းစေအပ်သော လေနတ်သားသည်လည်း သိကြားမင်းမှာလိုက်တိုင်း ပစ်လေ၏။

တစ်ဖန် နေနတ်သားကို ခေါ်၍၊ "တိတ္ထိတို့အပေါ်၌ နေအဝန်းကို နှိပ်လျက်ပူစေလော့" ဟု စေလိုက်ပြန်၏။ ထိုနေနတ်သားလည်း သိကြားမင်းအမိန့်အတိုင်း ပူစေ၏။

တစ်ဖန် လေနတ်သားကို "လေပွေ ထစေလော့" ဟု စေလိုက်၏။ ထိုလေနတ်သားလည်း သိကြားမင်းအမိန့်အတိုင်း လေပွေကြီးကို ထစေသည်ရှိသော်၊ တိတ္ထိတို့ကိုယ်သည် ချွေးယို၍ရှိရာတွင် မြေမှုန့်အလိမ်းလိမ်းဖြစ်၏။ ဥပမာကား နီသောတောင်ပို့ကဲ့သို့ ဖြစ်လေကုန်၏။

ထို့နောင် တစ်ဖန် မိုးနတ်သားအား "မိုးရေပေါက် ကြီးကြီး ရွာစေကျစေလော့" ဟု စေလိုက်ပြန်လေ၏။ ထိုမိုးနတ်သားသည်လည်း သိကြားမင်းအမိန့်တော်အတိုင်း မိုးပေါက်ကြီးစွာ ရွာသွန်းလေ၏။ ထိုအခါ တိတ္ထိတို့၏ကိုယ်သည် ပြောက်ကျားသောနွားနှင့် အလားတူကုန်၏။ တိတ္ထိတို့သည် နှိမ်နင်းအပ်ကုန်သည်ရှိသော် ရှက်ကုန်ကြသည်ဖြစ်၍ ရှေးရှုရာအရပ်တို့သို့ ပြေးလေကုန်၏။

ဤသို့ပြေးလေကုန်သည်ရှိသော် 'ပူရဏကဿပ'အမည်ရှိသောတိတ္ထိတို့၏ အလုပ်အကျွေးဖြစ်သော လယ်ထွန်ယောကျ်ားတစ်ယောက်သည် "ယခုအခါ၌ ငါတို့အရှင်သခင်တို့၏ တန်ခိုးပြာဋိဟာကို ဖူးမြင်အံ့" ဟု နွားတို့ကို လွှတ်လိုက်၍၊ စောစောကလျှင်ဆောင်အပ်သော ယာဂုအိုး, ထွန်ပိုးကြိုး, လက်ကိုင်ကြိုးတို့ကို ယူ၍သွားသည်ရှိသော်၊ ပရိသတ်အပြင်၌ ရှက်လှ၍၊ ပြေးလာသော ပူရဏကဿပတိတ္ထိကို တွေ့မြင်၍၊ "အရှင်ဘုရား။ ယခု အရှင်သခင်တို့၏ တန်ခိုးပြာဋိဟာကို ဖူးမြင်လို၍ အဆောတလျင်လာခဲ့ပါသည်။ အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ သွားကုန်အံ့နည်း" ဟု မေး၏။

ထိုအခါ ပူရဏကဿပလည်း ဤသို့ဆို၏။ "သင့်အား တန်ခိုးပြာဋိဟာဖြင့် ဘယ်အကျိုးရှိအံ့နည်း။ ငါ့အား ဤအိုးနှင့် ကြိုးကိုသာ ပေးလော့" ဟု ဆို၏။ ထိုအခါ ပူရဏကဿပသည် ထိုလယ်ထွန်သမားပေးအပ်သော အိုး, ကြိုးတို့ကိုယူပြီးလျှင် မြစ်နားသို့သွားလေ၍၊ အိုးကို ကြိုးဖြင့် မိမိလည်၌ဖွဲ့လျက် ရေဝဲအထဲကျ၍၊ ရေပွက်ကြီးစွာရှိသော လှိုင်းတံပိုး၌ ကျ၍ သေလေသော် အဝီစိငရဲ၌ ဖြစ်လေ၏။

## ၂၅- တပည့်သာဝကတို့ တန်ခိုးအာနုဘော် ပြလိုကြခြင်း

ဘုရားသခင်သည် ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၏။ ထိုစင်္ကြံ၏ တစ်ခုသောအစွန်းသည် အရှေ့စကြဝဠာနားသို့ ဆိုက်လေ၏။ တစ်ခုသောအစွန်းကား အနောက်စကြဝဠာနားသို့ ဆိုက်၏။ မြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



သည် အညီအညွတ်စည်းဝေးကြသော ၃၆ ယူဇနာရှိသောပရိသတ်ဝယ် နေမွန်းယိမ်းချိန်ကာလ၌ "ယခုအခါ ယမိုက်ပြာဋိဟာကို ပြတော်မူရအံ့သော အခါတည်း" ဟု ဂန္ဓကုဋီတိုက်တော်မှ ထွက်၍ ကျောင်းဦး၌ရပ်တော်မူ၏။

ထိုသို့ ရပ်တော်မူသောအခါ၌ 'ဃရဏီ'အမည်ရှိသော တန်ခိုးအာနုဘော်ကြီးသော, အနာဂါမ်ဖြစ်သော ဥပါသိကာမသည် ဘုရားသခင်ထံသို့ ကပ်၍၊ "အရှင်ဘုရား။ အကျွန်ုပ်ကဲ့သို့သော သမီးကောင်းရှိပါလျက် အရှင်ဘုရားတို့၏ ပင်ပန်းခြင်းကိစ္စ မရှိသင့်ပါ။ အကျွန်ုပ်တန်ခိုးပြာဋိဟာကို ပြတော်မူပါအံ့" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း "ချစ်သမီးဃရဏီ။ သင်သည် အသို့သောတန်ခိုးကို ပြမည်နည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ တစ်ခုသောစကြဝဠာတိုက်၌ မြေအပြင်ကို ရေဖြင့်ပြည့်စေ၍၊ ရေကြက်မငယ်ကဲ့သို့ အနောက်စကြဝဠာနားက ငုပ်၍ အရှေ့စကြဝဠာနား၌ ကိုယ်ကို ပြပါအံ့။ အရှေ့စကြဝဠာနားက ငုပ်၍ မြောက်စကြဝဠာနား၌ ပေါ်၍ ပြပါအံ့။ မြောက်စကြဝဠာနားက ငုပ်၍ တောင်စကြဝဠာနား၌ ပေါ်ပါအံ့။ 'ဤသူကား အသူနည်း' ဟု မေးကြသော်၊ 'ဤရေကြက်မကား ဘုရားသခင့်သမီးတော် ဃရဏီတည်း' ဟု ဆိုကြပါလတ္တံ့။ 'ဤသို့ တန်ခိုးပြခြင်းသည် ရှေးဦးစွာ 'ဃရဏီ' မည်သောသီတင်းသည်မ၏ တန်ခိုးအာနုဘော်သာတည်း။ ဘုရားသခင်၏တန်ခိုးတော်ကား အဘယ်မှာ ဤမျှလောက် က,တော့မည်နည်း" ဟုဆို၍ တိတ္ထိတို့သည် အရှင်ဘုရားကို မမြင်ခင်ပင် ပြေးလေပါလိမ့်မည်" ဟု လျှောက်၏။

ထိုသို့လျှောက်သောအခါ မြတ်စွာဘုရားသည် 'ဃရဏီ'မည်သောသီတင်းသည်မကို ဤသို့မိန့်တော်မူ၏။

"ဃရဏီ။ သင်သည် ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာကိုပြခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကိုကား ငါ သိတော်မူ၏။ သို့ရာတွင် ဤသို့သောအစည်းအဝေးအပေါင်းကို သင်၏အကျိုးငှာ ဖွဲ့တော်မူပေသည် မဟုတ်" ဟု မိန့်တော်မူ၍ ပယ်တော်မူ၏။ ထိုအခါ ဃရဏီသည်လည်း 'ငါ့အား ဘုရားသခင် ခွင့်ပြုတော် မမူချေ။ စင်စစ်လျှင် ငါ့ထက် လွန်စွာသော တန်ခိုးပြာဋိဟာကိုပြခြင်း၌ စွမ်းနိုင်သောတစ်ပါးသောသူ ရှိပေသေးသည်' ဟု လျှောက်ပတ်သောအရပ်၌ နေလေ၏။

မြတ်စွာဘုရားသည် ဤနည်းအတူပင် 'ထိုသူတို့၏ဂုဏ်ကျေးဇူး အထူးထင်ရှားစွာ ဖြစ်လတ္တံ့' ဟု ၃၆ ယူဇနာအတိုင်းအရှည်ရှိသော ပရိသတ်၏အလယ်၌ ဤသူတို့သည် ခြင်္သေ့မင်း၏အသံကဲ့သို့ မကြောက်မရွံ့ သောအသံကို မြွက်ကုန်လတ္တံ့ ဟု အောက်မေ့တော်မူ၍၊ တစ်ပါးသောသူတို့ကိုလည်း "သင်တို့သည် အဘယ်သို့သော တန်ခိုးပြာဋိဟာကို ပြကုန်အံ့နည်း" ဟု မေးတော်မူ၏။ ထိုသူတို့သည် "အရှင်ဘုရား။ ဤသို့လျှင် တန်ခိုးပြပါအံ့" ဟု ဘုရားသခင်ရှေ့တော်မှ ရပ်၍၊ ခြင်္သေ့မင်း၏အသံနှင့်တူကုန်သော ရဲရင့်သောအသံကို ပြု၍ လျှောက်ကြကုန်၏။

ထိုသူအပေါင်းတို့တွင် စူဠအနာထပိဏ်သူဌေးသည် "ငါကဲ့သို့သောသဘောရှိကုန်သော အနာဂါမ် ဥပါသကာရှိပါလျက် ဘုရားသခင်သည် ပင်ပန်းခြင်းကိစ္စ ရှိရတော့မည် မဟုတ်" ဟု ကြံ၍၊ "အရှင်ဘုရား။ အကျွန်ုပ်သည် တန်ခိုးပြာဋိဟာကို ပြပါအံ့" ဟု လျှောက်ပေသော် "အဘယ်သို့ ပြအံ့နည်း" ဟု မေးတော်မူ၏။

"အကျွန်ုပ်သည် ၁၂ ယူဇနာရှိသော ဗြဟ္မာမင်း၏ကိုယ်ကို ဖန်ဆင်း၍ ဤပရိသတ်၏အလယ်၌ မိုးကြိုးခြိမ်းစွာမြည်သည်နှင့် တူသောအသံဖြင့် 'ဗြဟ္မာမင်း၏လက်ပမ်းပေါက်ခတ်ခြင်း'မည်သည်ကို ခတ်အံ့။ လူများ



www.burmeseclassic.com

www.burmeseclassic.com



သည် ထိုအသံကိုကြား၍၊ 'ဤအသံကား အဘယ်အသံနည်း' ဟု မေးကြသော်၊ 'စူဠအနာထပိဏ်သူဌေး၏ လက်ပမ်းပေါက်ခတ်သောအသံတည်း' ဟု ဆိုကုန်လတ္တံ့။ ထိုအခါ တိတ္ထိတို့သည် 'သူကြွယ်အား ဤသို့သောအာနုဘော် ရှိ၏။ ဘုရား၏အာနုဘော်ကား အဘယ်မှာ ဆိုဖွယ်ရာရှိတော့မည်နည်း'' ဟု အရှင်ဘုရားတို့ကို မမြင်ဝံ့၍သာလျှင် ပြေးကုန်လတ္တံ့.'' ဟု လျှောက်လေလျှင်၊ မြတ်စွာဘုရားလည်း ''သူကြွယ်အား ဤသို့သောတန်ခိုးအာနုဘော် ရှိသောအဖြစ်ကို ငါဘုရား သိတော်မူ၏'' ဟု စူဠအနာထပိဏ်ကိုလည်း ဃရဏီသီတင်းသည်မကဲ့သို့ မိန့်တော်မူ၏။

ဤသို့ တန်ခိုးပြာဋိဟာပြခြင်းကို ခွင့်ပြုတော်မမူသော နောင်မှပဋိသမ္ဘိဒါသို့ ရောက်သော၊ အသက် ၇ နှစ်သာ ရှိသေးသော၊ 'စီရ'အမည်ရှိသော သာမဏေမိန်းမ[၁]သည် ဘုရားသခင်ကို ရှိခိုး၍၊ ''အရှင်ဘုရား။ အကျွန်ုပ်သည် တန်ခိုးပြာဋိဟာကို ပြပါမည်'' ဟုလျှောက်၏။ ''ချစ်သမီး- 'စီရ'မည်သောသာမဏေမ။ အဘယ်သို့ တန်ခိုးပြမည်နည်း'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ ဟိမဝန္တာတောင်တို့ကို ဆောင်ယူချေ၍၊ ဤအရပ်၌ အစဉ်အတိုင်းထား၍၊ အကျွန်ုပ်သည် ဟင်္သာမကဲ့သို့ ထိုထိုအရပ်မှထွက်၍ မငြိမကပ် ပျံသွားပါအံ့။ လူများအပေါင်းတို့သည် အကျွန်ုပ်ကိုမြင်လျှင်၊ 'ဤသူ အဘယ်သူတုံနည်း' ဟု မေး၍၊ 'စီရ အမည်ရှိသော သာမဏေမတည်း' ဟုဆိုကြကုန်လတ္တံ့။ တိတ္ထိတို့သည် '၇ နှစ်အရွယ်သာရှိသော သာမဏေမ၏တန်ခိုး အာနုဘော်ပင်သော်လည်း ဤမျှလောက်သောအံ့ဖွယ်သရဲ ရှိသည်။ ဘုရားသခင်၏အာနုဘော် တန်ခိုးတော်ကား အဘယ်မှာ ဆိုဖွယ်ရှိတော့အံ့နည်း'ဟု အရှင်ဘုရားကိုယ်တော်ကို မမြင်ဝံ့ဘဲပင်လျှင် ပြေးကုန်လတ္တံ့.'' ဟု လျှောက်၏။

ထိုစီရသာမဏေမအားလည်း ဘုရားသခင်သည် ''သင်၏အာနုဘော်ကို ငါ သိ၏'' ဟု မိန့်တော်မူ၍၊ တန်ခိုးပြာဋိဟာပြခြင်းကို ခွင့်ပေးတော်မမူဘဲ ပယ်ရှားလေ၏။

ထို့နောင်မှ ပဋိသမ္ဘိဒါသို့ရောက်ပြီးသော၊ အာသဝေါမရှိသော၊ ၇ နှစ်အရွယ်သာရှိသော၊ 'စုန္ဒ'အမည်ရှိသော သာမဏေသည် ဘုရားသခင်ကိုကပ်၍ ရှိခိုးလျက်၊ ''အရှင်ဘုရား။ အကျွန်ုပ် တန်ခိုးပြာဋိဟာကို ပြပါမည်'' ဟု လျှောက်ပေသော်၊ ''သင်သည် အဘယ်သို့ပြအံ့နည်း'' ဟုမေးတော်မူ၍၊ စုန္ဒသာမဏေသည် ''အရှင်ဘုရား။ အကျွန်ုပ်သည် ဇမ္ဗူဒီပါကျွန်း၏ တံခွန်သဖွယ်ဖြစ်သော ဇမ္ဗူသပြေပင်ကို ပခုံး၌ထမ်းလှုပ်၍ ကြီးသောအလုံးရှိသော ဇမ္ဗူသပြေသီးတို့ကို ကြွေစေ၍၊ ဤပရိသတ်အပေါင်းကို စားစေအံ့။ ပင်လယ်ကသစ်ပွင့်တို့ကိုလည်း ဆောင်ချေအံ့'' ဟု လျှောက်၏။ မြတ်စွာဘုရားသည် ''သင်၏အာနုဘော်ကို ငါသိ၏'' ဟု မိန့်တော်မူ၍၊ စုန္ဒသာမဏေကိုလည်း တန်ခိုးပြာဋိဟာပြခြင်း၌ ပယ်တော်မူ၏။

ထို့နောင်မှ 'ဥပ္ပလဝဏ်'အမည်ရှိသော ဘိက္ခုနီမသည် ဘုရားသခင်ကို ရှိခိုး၍၊ ''အရှင်ဘုရား။ အကျွန်ုပ်သည် တန်ခိုးပြာဋိဟာကို ပြပါအံ့'' ဟု လျှောက်၏။

''ချစ်သမီး ဥပ္ပလဝဏ်။ သင်သည် အသို့ တန်ခိုးပြလတ္တံ့နည်း'' ဟု မေးတော်မူသော်၊ ''အရှင်ဘုရား။ အကျွန်ုပ်သည် ထက်ဝန်းကျင် ၁၂ ယူဇနာရှိသော ပရိသတ်ကိုပြု၍လည်စေလျက်၊ ၃၆ ယူဇနာရှိသော ပရိသတ် ဖြင့်ခြံရံလျက် စကြဝတေးမင်းဖြစ်၍၊ အရှင်ဘုရားတို့ကို ရှိခိုးလာပါအံ့'' ဟု လျှောက်၏။

မြတ်စွာဘုရား သည်လည်း ''ချစ်သမီး ဥပ္ပလဝဏ်။ သင်၏အာနုဘော်ကို ငါ ဘုရားသိတော်မူ၏'' ဟု ထိုဥပ္ပလဝဏ်၏ တန်ခိုးပြာဋိဟာကိုလည်း ပယ်တော်မူ၏။

၁- စီရအမည်ရှိသော မိန်းမ။

www.burmeseclassic.com

ထို့နောင်မှ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်ဘုရား။ အကျွန်ုပ်သည် တန်ခိုးပြာဋိဟာကို ပြပါအံ့" ဟု လျှောက်၏။

"ချစ်သားမောဂ္ဂလာန်။ သင်သည် အသို့ပြလတ္တံ့နည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား။ အကျွန်ုပ်သည် မြင်းမိုရ်တောင်မင်းကို သွားကြား၌ ထား၍၊ ပဲနောက်စေ့, မုန်ညင်းစေ့တို့ကဲ့သို့ ကျေညက်အောင် ဝါးပါအံ့။ ဤမြေကြီးကိုလည်း သင်ဖြူးကဲ့သို့လိပ်၍ လက်ညှိုးကြား၌ ထားပါအံ့" ဟု လျှောက်၏။

"ချစ်သား။ ဤမှတစ်ပါး အသို့ပြုပါအံ့နည်း" ဟု မေးတော်မူပြန်သော်၊ "အရှင်ဘုရား။ ဤမြေကြီးကို အိုးထိန်းစက်ကဲ့သို့ လည်စေ၍ လူအပေါင်းကို မြေဆီ, မြေလွှာ, မြေဩဇာကို စားပါစေမည်" ဟု လျှောက်၏။

"ချစ်သား။ ထိုမှတစ်ပါး အသို့ပြုတုံအံ့နည်း" ဟု မေးတော်မူပြန်သော်၊ "အရှင်ဘုရား။ လက်ဝဲလက်ကို မြေပြင်ပြု၍၊ ဤသတ္တဝါတို့ကို လက်ယာလက်ဖြင့် ယူ၍ ဇမ္ဗူဒီပါကျွန်းအပြင်နှင့်တူစွာ လက်ဝဲလက်အပြင်၌ ထားပါမည်" ဟု လျှောက်၏။

"ထိုမှတစ်ပါး တန်ခိုးပြာဋိဟာကို အသို့ပြုမည်နည်း" ဟု မေးတော်မူပြန်၏။ "အရှင်ဘုရား။ မြင်းမိုရ်တောင်ကို ထီးရိုးပြု၍၊ မြေကြီးအပြင်ကို ချီ၍၊ ထိုထီးရိုး၏အထက်၌ တင်ထား၍၊ ထီးလက်စွဲသောရဟန်းကဲ့သို့ လက်တစ်ဖက်ဖြင့်ကိုင်၍ ကောင်းကင်၌စင်္ကြံသွားပါမည်" ဟု လျှောက်၏။

ဘုရားသခင်လည်း "ချစ်သားမောဂ္ဂလာန်။ သင်ချစ်သား၏ တန်ခိုးအာနုဘော်ကို ငါဘုရား သိတော်မူ၏" ဟု မိန့်တော်မူ၍၊ ထိုအရှင်မောဂ္ဂလာန်အား တန်ခိုးပြခြင်းကိုလည်း ပယ်တော်မူ၍ အရှင်မောဂ္ဂလာန်လည်း 'မြတ်စွာဘုရားသည် ငါ့ထက်လွန်ကဲသော တန်ခိုးပြာဋိဟာကိုပြခြင်းငှာ စွမ်းနိုင်သောသူကို သိတော်မူသည်ထင်၏' ဟု လျှောက်ပတ်ရာအရပ်၌ နေလေ၏။

ထို့နောင်မှ အရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရားသည် "ချစ်သားမောဂ္ဂလာန်။ ဤသို့ ၃၆ ယူဇနာရှိသော အစည်းအဝေးကို သင်၏အကျိုးငှာ ငါ ပြပွဲကြီးသဘင် ပြုတော်မူသည်မဟုတ်။ ဤသို့ တန်ခိုးပြာဋိဟာသည် အတုမရှိသော ဝိပဿီဘုရား အစရှိသော ရှေးရှေးသောဘုရားတို့နှင့် တူတော်မူသော ငါဘုရား၏ ဝန်တည်း။ ငါဘုရား၏ဝန်ကို သူတစ်ပါးတို့ရွက်ဆောင်ခြင်းငှာ စွမ်းနိုင်မည် မဟုတ်။ ယခုအခါ၌ ငါဘုရား၏ဝန်ကို ရွက်ဆောင်နိုင်အံ့သောသူပင် ဖြစ်ငြားသော်လည်း အံ့ဖွယ်မရှိသည်သာတည်း။ အဟိတ် ပဋိသန္ဓေနေခြင်းရှိသော တိရစ္ဆာန်အမျိုး၌ဖြစ်သော ကာလ၌လည်း ငါဘုရား၏ဝန်ကို သူတစ်ပါးတို့ရွက်ဆောင်ခြင်းငှာ မစွမ်းနိုင်ဖူးသည်သာတည်း" ဟု မိန့်တော်မူ၍၊ "အရှင်ဘုရား။ အဘယ်အခါ၌ ဖြစ်ဖူးလေသနည်း" ဟု အရှင်မောဂ္ဂလာန် မေးလျှောက်သည်ဖြစ်၍ မြတ်စွာဘုရားသည် လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍-

'ယတော ယတော ဂရုဓုရံ၊ ယတော ဂမ္ဘီရဝတ္တနီ။

တဒါဿု ကဏှံ ယုဉ္ဇန္တိ၊ သွာဿု တံ ဝဟိတေ ဓုရန္တိ။' အစရှိသည်ဖြင့် ဤကဏှဥသဘဇာတ်[၁]ကို ဟောတော်မူ၏။ အနက်ကား-

"ယတော-ယသ္မိံကာလေ၊ အကြင်အခါ၌။ ယတော၊ အကြင်အရပ်မှ။ ဂရုဓုရံ၊ လေးစွာသောဝန်ကို။ ဝဟိတံ၊ ရွက်ဆောင်အပ်၏။ ယတော၊ အကြင်အရပ်မှ။ ဂမ္ဘီရဝတ္တနီ၊ နက်သောရေညွန်ရှိ၏။ တဒါ၊ ထိုအခါ၌။ ကဏှံ၊ 'ကဏှ'အမည်ရှိသောနွားကို။ မနုဿာ၊ လူတို့သည်။ အဿုယုဉ္ဇန္တိ၊ ကောင်းစွာကကုန်၏။ သော၊ ထို'ကဏှ'အမည်ရှိသောနွားသည်။ တံဓုရံ၊ ထိုလှည်းဦးကို။ ဝဟတေ၊ ရွက်ဆောင်၏။"

တစ်ဖန်လည်း ထိုအကြောင်းကို အထူးပြတော်မူလိုသော မြတ်စွာဘုရားသည်-

၁- ၅၅၀ ဇာတ်တော်စဉ် ၂၉ ရှု။ 'ကဏှဇာတ်'လည်း ခေါ်။

www.burmeseclassic.com



'မနာပမေဝ ဘာသေယျ၊ နာမနာပံ ကုဒါစနံ။
မနာပံ ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဗ္ဗဟိ။
ဓနဉ္စနံ အလာဘေသိ၊ တေန စတ္တမနော အဟု။' ဤဂါထာဖြင့် နန္ဒိဝိသာလဇာတ်¹ကို ဟောတော်မူ၏။ အနက်ကား-

"မနာပမေဝ၊ နှစ်လိုဖွယ်သော စကားကိုသာလျှင်။ ဘာသေယျ၊ ဆိုရာ၏။ ကုဒါစနံ၊ တရံတစ်ဆစ်မျှ။ အမနာပံ၊ နှစ်လိုဖွယ်မရှိသောစကားကို။ နာဘာသေယျ၊ မဆိုရာ။ မနာပံ၊ နှစ်လိုဖွယ်သောစကားကို။ ဘာသမာနဿ၊ ဆိုသောသူ၏။ ဂရုံဘာရံ၊ လေးစွာသောဝန်ကို။ ဥဒဗ္ဗဟိ၊ ဆောင်၏။ နံ၊ ထိုပုဏ္ဏားအား။ ဓနဉ္စ၊ ဥစ္စာကိုလည်း။ အလာဘေသိ၊ ရစေ၏။ တေန၊ ထိုဥစ္စာရသောကြောင့်။ အတ္တမနော၊ ဝမ်းမြောက်သည်။ အဟု၊ ဖြစ်၏။

## ၂၆- မြတ်စွာဘုရား တန်ခိုးပြာဋိဟာကို ပြတော်မူခြင်း

ဘုရားသခင်သည် ရာဇာနာစကြံသို့ တက်တော်မူ၍၊ ရှေ့မှ ၁၂ ယူဇနာရှိသောပရိသတ် ရှိ၏။ ထို့အတူ နောက်မှလည်း ၁၂ ယူဇနာ ရှိ၏။ မြောက်အရပ်မှလည်း ၁၂ ယူဇနာ ရှိ၏။ တောင်အရပ်မှလည်း ၁၂ ယူဇနာ ရှိ၏။ အဖြောင့်အားဖြင့် ၂၄ ယူဇနာရှိသော ပရိသတ်၏အလယ်၌ မြတ်စွာဘုရားသခင်သည် တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထိုတန်ခိုးပြာဋိဟာကို အစဉ်အတိုင်း ဤသို့သိအပ်၏။

၁- မြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာကိုပြတော်မူခြင်း၌ ဉာဏ်တော် ဖြစ်သတည်း။ ဤဉာဏ်တော်ဖြစ်ရာ၌ မြတ်စွာဘုရားသည် သာဝကတို့နှင့်မဆက်ဆံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။
၂- အထက်အဖို့ဖြစ်သောကိုယ်တော်မှ မီးအလျှံ ဖြစ်စေ၏။ အောက်အဖို့ဖြစ်သောကိုယ်တော်မှ ရေအယဉ်ဖြစ်စေ၏။
၃- အောက်အဖို့ဖြစ်သောကိုယ်တော်မှ မီးအလျှံ ဖြစ်စေ၏။ အထက်အဖို့ဖြစ်သောကိုယ်တော်မှ ရေအယဉ် ဖြစ်စေ၏။
၄- ရှေ့အဖို့ဖြစ်သောကိုယ်တော်မှ မီးအလျှံ ဖြစ်စေ၏။ နောက်အဖို့ဖြစ်သောကိုယ်တော်မှ ရေအယဉ် ဖြစ်စေ၏။
၅- နောက်အဖို့ဖြစ်သောကိုယ်တော်မှ မီးအလျှံ ဖြစ်စေ၏။ ရှေ့အဖို့ဖြစ်သောကိုယ်တော်မှ ရေအယဉ်ဖြစ်စေ၏။
၆- လက်ယာမျက်စိတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ဝဲမျက်စိတော်မှ ရေအယဉ် ဖြစ်စေ၏။
၇- လက်ဝဲမျက်စိတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ယာမျက်စိတော်မှ ရေအယဉ် ဖြစ်စေ၏။
၈- လက်ယာနားတွင်းတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ဝဲနားတွင်းတော်မှ ရေအယဉ် ဖြစ်စေ၏။
၉- လက်ဝဲနားတွင်းတော်မှ မီးအလျှံ ဖြစ်သည်ရှိသော်၊ လက်ယာနားတွင်းတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၀- လက်ယာနှာခေါင်းတော်မှ မီးအလျှံ ဖြစ်လျှင်၊ လက်ဝဲနှာခေါင်းတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၁- လက်ဝဲနှာခေါင်းတော်မှ မီးအလျှံ ဖြစ်လျှင်၊ လက်ယာနှာခေါင်းတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၂- လက်ယာပခုံးတော်မှ မီးအလျှံ ဖြစ်လျှင်၊ လက်ဝဲပခုံးတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၃- လက်ဝဲပခုံးတော်မှ မီးအလျှံ ဖြစ်လျှင်၊ လက်ယာပခုံးတော်မှ ရေအယဉ် ဖြစ်စေ၏။

၁- ၅၅၀ ဇာတ်တော်စဉ် ၂၈ ရှု။

www.burmeseclassic.com

www.burmeseclassic.com



၁၄- လက်ယာလက်တော်မှ မီးအလျှံ ဖြစ်လျှင်၊ လက်ဝဲလက်တော်မှ ရေအယဉ် ဖြစ်စေ၏။
၁၅- လက်ဝဲလက်တော်မှ မီးအလျှံ ဖြစ်လျှင်၊ လက်ယာလက်တော်မှ ရေအယဉ် ဖြစ်စေ၏။
၁၆- လက်ယာနံပါးတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ဝဲနံပါးတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၇- လက်ဝဲနံပါးတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ယာနံပါးတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၈- လက်ယာခြေတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ဝဲခြေတော်မှ ရေအယဉ် ဖြစ်စေ၏။
၁၉- လက်ဝဲခြေတော်မှ မီးအလျှံ ဖြစ်စေသည်ရှိသော်၊ လက်ယာခြေတော်မှ ရေအယဉ် ဖြစ်စေ၏။
၂၀- လက်မ, ခြေမတော်၌ မီးအလျှံကို ဖြစ်စေသည်ရှိသော်၊ လက်မ, ခြေမတော်တို့ကြားမှ ရေအယဉ် ဖြစ်စေ၏။
၂၁- လက်မကြား, ခြေမကြားတို့မှ မီးအလျှံကို ဖြစ်စေသည်ရှိသော်၊ လက်မတော်, ခြေမတော်တို့ကြားမှ ရေအယဉ် ဖြစ်စေ၏။
၂၂- တစ်ခုတစ်ခုသော မွေးတွင်းတော်မှ မီးအလျှံကို ဖြစ်စေသည်ရှိသော်၊ တစ်ခုတစ်ခုသော မွေးတွင်းတော်တို့မှ ရေအယဉ် ဖြစ်စေ၏။
၂၃- ညိုသောရောင်ခြည်တော်, ရွှေသောရောင်ခြည်တော်, နီသောရောင်ခြည်တော်, ဖြူသောရောင်ခြည်တော်, မောင်းသောရောင်ခြည်တော်, ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့ဖြင့် ပကတိသောကိုယ်တော်အဖြစ်ဖြင့် စင်္ကြံကြွတော်မူ၏။
၂၄- နိမ္မိတဖြစ်သော ဖန်ဆင်းအပ်သောဘုရားသည် ရပ်မူလည်း ရပ်၏။ ထိုင်မူလည်း ထိုင်၏။ ကိန်းမူလည်း ကိန်း၏။
၂၅- နိမ္မိတဘုရားသည် ကိန်းခြင်းကိုပြုသည်ရှိသော်၊ ပကတိဘုရားသည် စင်္ကြံကြွမူလည်း ကြွ၏။ ရပ်မူလည်း ရပ်၏။ ထိုင်မူလည်း ထိုင်၏။

ဤသည်လျှင် မြတ်စွာဘုရား၏ 'ယမိုက်ပြာဋိဟာဉာဏ်' မည်၏။ ဤသို့ တန်ခိုးပြာဋိဟာကို မြတ်စွာဘုရားသည် ရတနာစင်္ကြံ၌ စင်္ကြံကြွ၍ ပြတော်မူ၏။ ထိုသို့ပြတော်မူသောမြတ်စွာဘုရားအား တေဇောကသိုဏ်းကိုအာရုံပြုသော သမာပတ်၏အစွမ်းဖြင့် အထက်အဖို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံ ဖြစ်စေ၏။ အာပေါကသိုဏ်းကို အာရုံပြုသောသမာပတ်၏အစွမ်းဖြင့် အောက်အဖို့ဖြစ်သောကိုယ်တော်မှ ရေအယဉ် ဖြစ်၏။ တစ်ဖန် ရေအယဉ်ဖြစ်ရာအရပ်မှ မီးအလျှံ ဖြစ်၏။ မီးအလျှံဖြစ်ရာအရပ်မှ ရေအယဉ် ဖြစ်၏။

ဤသို့ ရေ, မီး အစုံကိုပြတော်မူရာ၌ မီးအလျှံသည် ရေအယဉ်နှင့် ရောယှက်ခြင်း မရှိ။ ရေအယဉ်သည် မီးအလျှံနှင့် ရောယှက်ခြင်း မရှိ။ ထို ၂ ပါးသော ရေ,မီးအယဉ်သည် ဗြဟ္မာ့ပြည်တိုင်အောင် တက်၍၊ စကြဝဠာအနားရေးကို ဆိုက်၍ တည်သတတ်။ မြတ်စွာဘုရား၏ ၆ ပါးသောရောင်ခြည်တော်တို့သည် အိုးတို့ဖြင့် သွန်းအပ်သော လော်ပြီးသော ရွှေကဲ့သို့ လည်းကောင်း၊ ကွမ်းစားမှထွက်သော ရွှေရည်အယဉ်ကဲ့သို့ လည်းကောင်း တစ်ခုသောစကြဝဠာတိုက်ဘက်မှ တက်၍၊ ဗြဟ္မာ့ပြည်ကိုထိခိုက်လျက် လည်၍လည်၍ စကြဝဠာအနားရေးကို ထိခိုက်လေကုန်၏။ တစ်ခုသောစကြဝဠာတိုက်သည် ကောက်သောအိမ်မိုး, အိမ်ခြင်တို့ဖြင့် ပိတ်သကဲ့သို့ လည်းကောင်း, ဇောမိအိမ်ကဲ့သို့ လည်းကောင်း ဖြစ်လေ၏။ တစ်ပြိုင်နက်သောအလင်း ဖြစ်၏။

ထိုနေ့၌ မြတ်စွာဘုရားသည် စင်္ကြံကြွတော်မူ၍ တန်ခိုးပြာဋိဟာကိုပြတော်မူလျက် အကြားအကြား၌ လူများအား တရားဟောတော်မူ၏။ တရားဟောတော်မူသော်လည်း လူအပေါင်းတို့အား သက်သာရာအလှည့်ကိုပေး၍ ဟောတော်မူပေ၏။ ထိုခဏ၌ လူအပေါင်းတို့သည် ကောင်းချီးပေးခြင်းကို ဖြစ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူအပေါင်းတို့ ကောင်းချီးပေးခြင်းကို ဖြစ်စေသောအခါ၌ မြတ်စွာဘုရားသည် ရှေးဦးစွာ ကြီးစွာသောပရိသတ်၏စိတ်ကို ကြည့်တော်မူလျက် တစ်ယောက်သောသူအား ၁၆ ပါးသောအခြင်းအရာတို့ဖြင့် စိတ်၏ကျက်စားရာ အာရုံကို သိတော်မူ၏။ ဤသို့ လျင်သောအပြန်ရှိသော မြတ်စွာဘုရားတို့၏ စိတ်တော်သည် ဖြစ်၏။

အကြင်အကြင်သော ပုဂ္ဂိုလ်သည် အကြင်အကြင်သော တရား၌ လည်းကောင်း၊ အကြင်အကြင်သော တန်ခိုးပြာဋိဟာ၌ လည်းကောင်း ကြည်ညိုခြင်း ရှိ၏။ ထိုထိုသောပုဂ္ဂိုလ်၏ အလိုဆန္ဒ၊ အဇ္ဈာသယအစွမ်းဖြင့် တရားဒေသနာကို ဟောတော်မူ၏။ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူ၏။ ဤသို့ တရားတော်ကိုလည်း ဟောတော်မူသည်ရှိသော်၊ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူသည်ရှိသော် လူများအပေါင်းတို့သည် သစ္စာ ၄ ပါးတရားကို ရကုန်၏။

မြတ်စွာဘုရားသခင်လည်း ဤအစည်းအဝေး၌ ကိုယ်တော်၏စိတ်ကို ယူကျုံး၍ တစ်ပါးသောသူကို ပြဿနာမေးခြင်းငှာ စွမ်းနိုင်သူကို မမြင်သောကြောင့် နိမ္မိတဘုရားကို ဖန်ဆင်းတော်မူ၏။

ထိုနိမ္မိတဘုရားသည် မေး၏။ ထိုမေးသောပြဿနာကို ပကတိဘုရား ဖြေတော်မူ၏။ မြတ်စွာဘုရားသည်မေးသော ပြဿနာကို ထိုနိမ္မိတဘုရား ဖြေတော်မူ၏။

ပကတိဘုရား စင်္ကြံကြွတော်မူသောကာလ၌ နိမ္မိတဘုရားသည် ရပ်ခြင်းအစရှိသော ဣရိယာပုထ် တို့တွင် တစ်ပါးပါးသောဣရိယာပုထ်ကို ပြ၏။ နိမ္မိတဘုရား စင်္ကြံကြွတော်မူသောကာလ၌ ပကတိဘုရား သည် ရပ်ခြင်းအစရှိသော ဣရိယာပုထ်တို့တွင် တစ်ပါးပါးသောဣရိယာပုထ်ကို ပြ၏။

ဤသို့ပြတော်မူသော မြတ်စွာဘုရား၏တန်ခိုးပြာဋိဟာကို မြင်၍၊ တရားတော်ကိုနာရ၍ ထိုအစည်းအဝေး၌ ကုဋေ ၂၀ သောသတ္တဝါတို့သည် သစ္စာ ၄ ပါးတရားကို သိလေကုန်၏။

## ၂၇- အဘိဓမ္မာတရား ဟောကြားတော်မူသည်ကို ပြခြင်း

မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာကို ပြတော်မူပြီး၍၊ 'အဘယ်အရပ်၌ ရှေးရှေးသောဘုရားတို့သည် တန်ခိုးပြာဋိဟာကို ပြပြီးသောအဆုံး၌ ဝါကပ်တော်မူသနည်း' ဟု ကြည့်ရှုဆင်ခြင်သော်၊ 'တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၍ မယ်တော်နတ်သားအား အဘိဓမ္မာပိဋကတ်ကို ဟောတော်မူကုန်သည်' ဟု မြင်တော်မူ၍၊ လက်ယာခြေတော်ကို ချီတော်မူ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ ထားတော်မူ၏။ လက်ဝဲခြေတော်ကို ချီတော်မူ၍ မြင်းမိုရ်တောင်ထိပ်၌ ထားတော်မူ၏။ ဤသို့ ယူဇနာ ၁ သိန်း ၆ သောင်း ၈ ထောင်ရှိသောအရပ်၌ ၃ ဖဝါး ၂ လှမ်းတို့သည် ဖြစ်ကုန်၏။

[မြတ်စွာဘုရားသည် 'ခြေတော်ကိုဆန့်တော်မူ၍ နင်းတော်မူသည်'ဟု မမှတ်အပ်။ ဘုရားသခင်၏ ခြေတော်ချီလျှင် တောင်ထိပ်တို့သည် ခြေတော်ရင်း၌ လာ၍ ခံရကုန်၏။ မြတ်စွာဘုရား နင်းတော်မူသောအခါ၌ ထိုတောင်ထိပ်တို့သည် ကိုင်းညွတ်ရာက ထ၍ မိမိတည်ရာအရပ်၌သာလျှင် တည်လေကုန်၏။]

သိကြားမင်းသည် မြတ်စွာဘုရားကိုမြင်၍၊ 'မြတ်စွာဘုရားသည် များစွာသောနတ်တို့အားလည်း များစွာသောကျေးဇူးရှိလတ္တံ့။ မြတ်စွာဘုရားသည် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဝါကပ်တော်မူယောင်တကား။ ဘုရားသည် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူသည်ရှိသော် တစ်ပါးသောနတ်တို့သည် ဤကျောက်ဖျာ၌ လက်ကိုမျှ ထားခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့။ ဤပဏ္ဍုကမ္ဗလာကျောက်နေရာသည် အလျားအားဖြင့် ယူဇနာ



www.burmeseclassic.com

www.burmeseclassic.com



၆၀ ရှိ၏။ အနံအားဖြင့် ယူဇနာ ၅၀ ရှိ၏။ အထုအားဖြင့် ၁၅ ယူဇနာ ရှိ၏။ မြတ်စွာဘုရားသည် နေတော်မူသော်လည်း အချည်းနှီးကဲ့သို့ ဖြစ်လတ္တံ့ ဟု ကြံလေ၏။

မြတ်စွာဘုရားသည် သိကြားမင်း၏စိတ်အကြံကို သိတော်မူ၍၊ ဒုကုဋ်တော်ကို ပဏ္ဍုကမ္ဗလာကျောက်နေရာကို ဖုံးလွှမ်းလျက် ဖြန့်လွှားတော်မူ၏။

သိကြားမင်းသည် 'သင်္ကန်းတော်ကို ဖုံးလွှမ်းစေလျက် ဖြန့်လွှားတော်မူနိုင်သော်လည်း ကိုယ်တော်သည်ကား အနည်းငယ်သောအရပ်၌ နေရလတ္တံ့' ဟု ကြံစည်ပြန်၏။

မြတ်စွာဘုရားသည် သိကြားမင်း၏အကြံကို သိတော်မူ၍၊ နိမ့်သောအင်းပျဉ်ငယ်ကို ကြီးစွာသော ပံ့သကူသင်္ကန်းဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ ပဏ္ဍုကမ္ဗလာကျောက်နေရာကို သင်္ကန်းအခွေအတွင်း၌ပြု၍သာ ထိုင်တော်မူလေ၏။

လူအများတို့သည်လည်း ထိုခဏ၌ မြတ်စွာဘုရားကို ကြည့်ကုန်သည်ရှိသော် မမြင်ကုန်သဖြင့် လမင်းဝင်သော အခါကဲ့သို့လည်းကောင်း၊ နေမင်းဝင်သော အခါကဲ့သို့ လည်းကောင်း ဖြစ်လေ၏။ လူများအပေါင်းသည် ဤသို့သောငိုကြွေးသံကို ငိုကြွေးလျက် ဆိုကြကုန်၏။

"အို-အချင်းတို့။ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ထွတ်သို့ ကြွသွားတော်မူလေသလော။ ကေလာသတောင်ထွတ်သို့ ကြွသွားတော်မူလေသလော။ ယုဂန္ဓိုရ်တောင်ထွတ်သို့မူလည်း ကြွသွားတော်မူလေသလော။ လူ၊ နတ်တို့ထက် လွန်မြတ်တော်မူသော လောက ၃ ပါး၏အကြီးဖြစ်တော်မူသော မြတ်စွာဘုရားကို ငါတို့မမြင်ရကုန်" ဟု ငိုကြွေးမြည်တမ်းကြကုန်၏။

အချို့သောသူတို့ကား "ဘုရားမည်သည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်တော်မူ၏။ မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ပရိသတ်၌ ဤသို့သောတန်ခိုးပြာဋိဟာကို ပြဘိသည်ဟု ရှက်နိုး၍ တိုင်းတစ်ပါး၊ ဇနပုဒ်တစ်ပါးသို့ ကြွလေသည် ဖြစ်လတ္တံ့။ ယခုအခါ၌ မြတ်စွာဘုရားကို ငါတို့ ဖူးမြင်ရမည် မဟုတ်တံ့လော" ဟု ငိုကြွေးမြည်တမ်းကြကုန်၏။

အချို့သောသူတို့ကား ဤသို့ဆို၍ ငိုကြွေးကြကုန်၏။ "ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်သော၊ မြဲမြံသော သမာဓိ ရှိတော်မူသော၊ ဤလူအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ယူကယ်တင်တော်မူသော၊ လူ၊ နတ်တို့ထက် မြတ်တော်မူသော၊ သတ္တလောက၏ အကြီးဖြစ်တော်မူသော မြတ်စွာဘုရားကို ငါတို့ မမြင်ရကုန်" ဟု ငိုကြွေးမြည်တမ်းကြကုန်၏။

ထိုအခါ လူအပေါင်းတို့သည် အရှင်မောဂ္ဂလာန်ကို "အရှင်ဘုရား။ မြတ်စွာဘုရားသည် အဘယ်အရပ်မှာ ရှိလေသနည်း" ဟု မေးကြကုန်၏။ အရှင်မောဂ္ဂလာန်သည် ကိုယ်တိုင်သိတော်မူလျက်ပင် သူတစ်ပါးတို့၏ ဂုဏ်ကျေးဇူးကို ထင်ရှားစွာပြတော်မူလို၍၊ "အနုရုဒ္ဓါမထေရ်ကို မေးလေကုန်" ဟု မိန့်တော်မူ၏။

ထိုသူတို့သည် အနုရုဒ္ဓါမထေရ်ကို "အရှင်ဘုရား။ ဘုရားသခင်သည် အဘယ်အရပ်မှာ ရှိလေသနည်း" ဟု မေးလျှောက်ကြကုန်၏။ "တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဝါကပ်တော်မူ၍ မယ်တော်အား အဘိဓမ္မာပိဋကတ်ကို ဟောခြင်းငှာ ကြွတော်မူသည်" ဟု မိန့်တော်မူ၏။

"အဘယ်ကာလမှ ပြန်ကြွလာပါမည်နည်း" ဟု မေးလျှောက်ပြန်သော် "၃ လပတ်လုံး အဘိဓမ္မာတရားကို ဟောပြီး၍ သီတင်းကျွတ်လပြည့်နေ့၌ ကြွတော်မူလာလတ္တံ့" ဟု မိန့်တော်မူသည်ရှိသော်၊ လူတို့သည် "မြတ်စွာဘုရားအား မဖူးမြင်ရဘဲကို နေရပ်သို့မပြန်ကုန်အံ့" ဟု နှလုံးသွင်းလျက် ဤသာဝတ္ထိပြည်၌ သစ်ခက်တဲအုံကိုပြု၍ နေကြကုန်၏။

www.burmeseclassic.com



ထိုတဲအုံ၏အမိုးသည် ကောင်းကင်ဟင်းလင်းသာလျှင် ဖြစ်ကုန်၏။ များစွာသောပရိသတ်တို့သည် ကိုယ်လက်ထိပါးခြင်း စဉ်းငယ်မထင်။ မြေကြီးသည်လည်း ကျယ်သောအပြင် လွင်အတိသာဖြစ်၏။ အလုံးစုံသောအရပ်၌ မြေအပြင်သည် စင်ကြယ်သန့်ရှင်း၏။

မြတ်စွာဘုရားသည် ရှေးဦးစွာကပင် အရှင်မောဂ္ဂလာန်ကို "ချစ်သားမောဂ္ဂလာန်။ ဤပရိသတ်၌ တရားဟောရစ်လော့။ စူဠအနာထပိဏ်သည် ဆွမ်းအာဟာရကို လှူလတ္တံ့" ဟု မိန့်တော်မူ၏။ ထို့ကြောင့် အရှင်မောဂ္ဂလာန်ကို ဝါတွင်း ၃ လပတ်လုံး စူဠအနာထပိဏ်သူဌေးသည် ထို ၄ ပါးသောပရိသတ်အား နံနက်စာစားအံ့သောအခါ ယာဂု၊ ဆွမ်း၊ ခဲဖွယ်၊ ကွမ်းသီး၊ နံ့သာ၊ ပန်းတို့ကို ပေး၏။ အရှင်မောဂ္ဂလာန်လည်း တရားဟောတော်မူပေ၏။ တန်ခိုးပြာဋိဟာကို ဖူးမြင်ခြင်းငှာ လာကုန်သောသူတို့သည် မေးအပ်သောပြဿနာကိုလည်း ဖြေတော်မူပေ၏။

## ၂၈- ဝါတွင်း ၃ လပတ်လုံး အဘိဓမ္မာတရား ဟောကြားခြင်း

မယ်တော်အား အဘိဓမ္မာတရားကိုဟောခြင်းငှာ တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဝါကပ်တော်မူသော မြတ်စွာဘုရားကိုလည်း ၁ သောင်းသောစကြဝဠာတိုက်၌နေသော နတ်တို့သည် ခြံရံလျက်၊ မြတ်စွာဘုရား၏ အဆင်းတော်ကြောင့် တစ်စုံတစ်ယောက်သော နတ်၏အဆင်းသည် မတောက်ပနိုင်ချေ။ ဘုရားသခင်၏အဆင်းတော်သည်သာလျှင် နတ်တို့၏အဆင်းကို ဖုံးလွှမ်း၍ တင့်တယ်လေ၏။ ဤသို့ အလုံးစုံသောနတ်တို့ကို ဘုရားကိုယ်တော်မြတ်၏ကိုယ်ရောင်ဖြင့် နှိပ်နင်း၍ နေတော်မူ၏။ မယ်တော်နတ်သားသည်လည်း တုသိတာနတ်ပြည်မှလာ၍ လက်ယာနံပါး၌ နေ၏။

ဣန္ဒကနတ်သားသည်လည်း လက်ယာနံပါး၌သာလျှင် နေရ၏။ အင်္ကုရနတ်သားသည်လည်း လက်ဝဲနံပါး၌ နေ၏။ ထိုအင်္ကုရနတ်သားသည် တန်ခိုးကြီးသောနတ်တို့ စည်းဝေးကုန်သည်ရှိသော် နောက်သို့ဆုတ်၍ ၁၂ ယူဇနာကွာသောအရပ်၌ နေရ၏။ ဣန္ဒကနတ်သားသည် ထိုလက်ယာနံပါး၌သာလျှင် နေရ၏။

ဘုရားသခင်သည် ထို ၂ ယောက်သော နတ်သားတို့ကို ကြည့်တော်မူ၍၊ ဤသာသနာတော်၌ မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ်တို့အား ပေးအပ်သော အလှူ၏အကျိုးကြီးမြတ်သောအဖြစ်ကို သိစေလို၍၊ "အင်္ကုရနတ်သား။ သင်သည် ရှည်ကြာသောအသက်အပိုင်းအခြားရှိသော အနှစ် ၁ သိန်းကာလပတ်လုံး ၁၂ ယူဇနာရှိသော ခုံလောက်အစဉ်ကိုပြု၍ အလှူကြီးကို ပေးသည် မဟုတ်တုံလော။ သင်သည် ယခုအခါ၌ အစည်းအဝေးသို့ရောက်၍ အဘယ့်ကြောင့် ၁၂ ယူဇနာ အတိုင်းအရှည်ရှိသောအရပ်၌ နေခွင့်ကို ရဘိသနည်း။ ဤအရာ၌ အကြောင်းကား အဘယ်သို့နည်း"

ထိုသို့မေးတော်မူသောအသံသည် မြေအပြင်သို့ ရောက်၏။ ထိုမေးတော်မူသောအသံကို အလုံးစုံသောပရိသတ်တို့ ကြားကုန်၏။

ဤသို့မေးတော်မူသည်ရှိသော် အင်္ကုရနတ်သားသည် "အရှင်ဘုရား။ အကျွန်ုပ်သည် အလှူကြီးကို ပေးပါသော်လည်း မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ်တို့အား မလှူရပါ။ သာသနာအပဖြစ်ချေ၍ အနည်းငယ်မျှသောအကျိုးကိုသာ ရပါသည်" ဟု လျှောက်၏။

ဤသို့ အင်္ကုရနတ်သားလျှောက်သည်ရှိသော် မြတ်စွာဘုရားသည် ဣန္ဒကနတ်သားကို "ဣန္ဒက နတ်သား။ သင်သည် ငါ၏လက်ယာနံပါး၌ နေပြီးသည်ဖြစ်၍ အဘယ့်ကြောင့် မပြောင်းမရွှေ့နေရသနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် ကောင်းသောလယ်၌ အနည်းငယ်သောမျိုးစေ့ကိုစိုက်ပျိုးသော လယ်ထွန်သမားကဲ့သို့ မြတ်သောအလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကို ရပေသည်။ ကျတ်တီးပြင်ဖြစ်သောလယ်၌ များစွာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးစေ့ကို စိုက်ပျိုးသော်လည်း များသောအသီး မဖြစ်သကဲ့သို့၊ လယ်သမားကို မနှစ်သက်စေသကဲ့သို့ ထို့အတူ သီလမရှိသောပုဂ္ဂိုလ်တို့၌ များစွာတည်ထား လှူဒြားပါသော်လည်း ပြန့်ပြောသောအကျိုးကို မရ။ အလှူရှင်ကို မနှစ်သက်စေတတ်။ ကောင်းသောလယ်၌ အနည်းငယ်မျှ စိုက်ပျိုးသောမျိုးစေ့သည် အလျဉ်သည်းထန်စွာ မိုးရွာသည်ရှိသော် အသီးအနှံတို့သည် လယ်ထွန်သမားကို နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေသကဲ့သို့၊ ထို့အတူလျှင် သီလဝန်, ဂုဏဝန်ဖြစ်ကြကုန်သော၊ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံကုန်သောပုဂ္ဂိုလ်တို့၌ ပြုအပ်သော အနည်းငယ်ပင်ဖြစ်သော အလှူကောင်းမှုသည် များသောအကျိုး ရှိပါသည်'' ဟု ဣန္ဒကနတ်သား လျှောက်၏။

ဤအရာ၌ ဣန္ဒကနတ်သား၏ရှေးကောင်းမှုကား-ထိုဣန္ဒကနတ်သားသည် ရွာတွင်းသို့ ဆွမ်းခံကြွတော်မူလာသော အနုရုဒ္ဓါမထေရ်အား မိမိဖို့ဆောင်ခဲ့သော ၁ စလောင်းမျှသောဆွမ်းကို လှူခဲ့ဖူးသတတ်။ ထိုဣန္ဒကနတ်သား၏ကောင်းမှုသည် အနှစ် ၁ သိန်းပတ်လုံး ၁၂ ယူဇနာတိုင်တိုင် ခုံလောက်အစဉ်ကိုပြု၍ ပေးလှူအပ်သော အင်္ကုရနတ်သား၏ကောင်းမှုထက် အကျိုး ကြီးမြတ်၏။ ထို့ကြောင့် ဣန္ဒကနတ်သားသည် ဘုရားသခင်အား ဤသို့လျှောက်လေသတည်း။

ဤသို့လျှောက်သည်ရှိသော် မြတ်စွာဘုရားသည် 'အင်္ကုရနတ်သား။ 'အလှူ'မည်သည်ကား ရွေးချယ်စိစစ်၍လှူခြင်းငှာ သင့်၏။ ဤသို့ရွေးချယ်စိစစ်၍ ပေးအပ်သောအလှူမည်သည် ကောင်းသောလယ်တို့၌ စိုက်ပျိုးအပ်သောမျိုးစေ့ကဲ့သို့ များမြတ်သောအကျိုး ရှိသည်ဖြစ်၏။ သင်သည်ကား ထိုအခြင်းအရာဖြင့် ကုသိုလ်ကောင်းမှုကို မပြု။ ထို့ကြောင့် သင့်၏အလှူသည် များသောအကျိုး မရှိ' ဟု ဖော်ပြ၍ ဟောတော်မူလိုရကား-

'ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။

ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။' ဤသို့သော တရားဒေသနာကို ဟောတော်မူ၏။

ဤ၌ အနက်ကား-

''ဝိစေယျ၊ ရွေးချယ်စိစစ်၍။ ဒါတဗ္ဗံ၊ ပေးအပ်သော။ ဒါနံ၊ အလှူကို လည်းကောင်း။ ယတ္ထ၊ အကြင် ပုဂ္ဂိုလ်၌။ ဝိစေယျ၊ ရွေးချယ်စိစစ်၍၊ ဒိန္နံ၊ လှူအပ်သော။ မဟပ္ဖလံ၊ များသောအကျိုးရှိသော။ ဒါနံ၊ အလှူကို လည်းကောင်း။ သုဂတပ္ပသတ္ထံ၊ မြတ်စွာဘုရားတို့သည် ချီးမွမ်းအပ်၏။ ဣဓဇီဝလောကေ၊ ဤသတ္တလောက၌ ယေဒက္ခိဏေယျာ၊ အကြင် အလှူခံပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေသု၊ ထို မြတ်စွာဘုရားစသော အလှူခံပုဂ္ဂိုလ်တို့၌။ သုခေတ္တေ၊ လယ်ကောင်း၌။ ဝုတ္တာနိ၊ စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိယထာ၊ မျိုးစေ့တို့ကဲ့သို့။ တထာ၊ ထို့အတူ။ ဒိန္နာနိ၊ ပေးအပ်သောအလှူတို့သည်။ မဟပ္ဖလာနိ၊ များသောအကျိုး ရှိကုန်၏။''

ဤသို့ မိန့်တော်မူပြီးသောအထုံကိ်၌ တရားဒေသနာကို ဟောတော်မူသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို ဟောတော်မူ၏။

'တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။

တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

'တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။

တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

'တိဏဒေါသာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ။

တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။



www.burmeseclassic.com

www.burmeseclassic.com



'တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။'
ဤ၌ အဓိပ္ပာယ်-

''ခေတ္တာနိ၊ လယ်တို့ကို။ တိဏဒေါသာနိ၊ မြက်သည် ဖျက်ဆီးအပ်ကုန်၏။ အယံပဇာ၊ ဤသတ္တဝါကို။ ရာဂဒေါသာ၊ ရာဂသည် ဖျက်ဆီးအပ်၏။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ဝီတရာဂေသု၊ ရာဂကင်းကုန်သော ရဟန္တာတို့၌။ ဒိန္နံ၊ ပေးလှူရခြင်းသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

''ခေတ္တာနိ၊ လယ်တို့ကို။ တိဏဒေါသာနိ၊ မြက်သည် ဖျက်ဆီးအပ်ကုန်၏။ အယံပဇာ၊ ဤသတ္တဝါကို။ ဒေါသဒေါသာ၊ ဒေါသသည် ဖျက်ဆီးအပ်၏။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ဝီတဒေါသေသု၊ ဒေါသကင်းကုန်သော ရဟန္တာတို့၌။ ဒိန္နံ၊ ပေးလှူရခြင်းသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

''ခေတ္တာနိ၊ လယ်တို့ကို။ တိဏဒေါသာနိ၊ မြက်သည် ဖျက်ဆီးအပ်ကုန်၏။ အယံပဇာ၊ ဤသတ္တဝါကို။ မောဟဒေါသာ၊ အဝိဇ္ဇာသည် ဖျက်ဆီးအပ်၏။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ဝီတမောဟေသု၊ မောဟကင်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊ ပေးလှူရခြင်းသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

''ခေတ္တာနိ၊ လယ်တို့ကို။ တိဏဒေါသာနိ၊ မြက်သည် ဖျက်ဆီးအပ်ကုန်၏။ အယံပဇာ၊ ဤသတ္တဝါကို။ ဣစ္ဆာဒေါသာ၊ မကောင်းသောအလိုရမ္မက်သည် ဖျက်ဆီးအပ်၏။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ဝိဂတိစ္ဆေသု၊ ကင်းသောအလိုရမ္မက် ရှိကုန်သော ရဟန္တာတို့၌။ ဒိန္နံ၊ ပေးလှူရခြင်းသည်။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။''

ဤဂါထာတို့ကို ဟောတော်မူသောအဆုံး၌ အင်္ကုရနတ်သား၊ ဣန္ဒကနတ်သားတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

တာဝတိံသာနတ်ပြည်၌ ဟောတော်မူသော ဤဒေသနာတော်သည် လူအပေါင်းတို့အား အကျိုးရှိသော တရားဟောခြင်းတည်း။

ထို့နောင်မှ မြတ်စွာဘုရားသည် နတ်ပရိသတ်၏အလယ်၌နေတော်မူလျက် မယ်တော်ကို အကြောင်းပြု၍၊ 'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ' အစရှိသော အဘိဓမ္မာပိဋကတ်ကို ဟောတော်မူ၏။ ဤသို့ ၃ လပတ်လုံး မပြတ်ဟောတော်မူသော်လည်း ဆွမ်းခံအံ့သောအခါ၌ ''ငါဘုရား ကြွလာသည်တိုင်အောင် ဤမျှသော အဘိဓမ္မာဒေသနာကို ဟောစေသတည်း''ဟု နိမ္မိတဘုရားကို ဖန်ဆင်းတော်မူခဲ့၍၊ ဟိမဝန္တာသို့ ကြွတော်မူသဖြင့် 'နာဂလတာ'မည်သော ကွမ်းရိုးတံပူကို ဘုဉ်းပေးတော်မူ၍ အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူပြီးလျှင်၊ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၍ ဆွမ်းခံခဲ့ပြီးသော် အင်ကြင်းတောအပြင်၌ နေတော်မူလျက် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှိတော်မူရာ အနဝတတ်အိုင်၏အနီး အင်ကြင်းတောသို့သွား၍ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ် ပြု၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးပြီးသော် ''ချစ်သား သာရိပုတ္တရာ။ ယနေ့ငါဘုရားသည် ဤမျှလောက်သော အဘိဓမ္မာတရားတော်ကို ဟောအပ်ပြီ။ သင်သည် အန္တေဝါသိကဖြစ်ကုန်သော ၅၀၀ သော တပည့်ရဟန်းတို့အား ပို့ချသင်ကြားလေလော့'' ဟု အရှင်သာရိပုတ္တရာ မထေရ်အား ဟောတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



[ထို ၅၀၀ သောရဟန်းတို့ကား- ဘုရားသခင်သည် ရေ့မီးအစုံ တန်ခိုးပြာဋိဟာကိုပြတော်မူရာ၌ ကြည်ညို၍ အရှင်သာရိပုတ္တရာ၏ထံ၌ ရဟန်းပြုလေကုန်သတတ်။ ထို ၅၀၀ သောရဟန်းတို့ကို ရည်၍ ဘုရားသခင်သည် အရှင်သာရိပုတ္တရာအား မိန့်တော်မူသတည်း။]

ဤသို့ မိန့်တော်မူပြီး၍ကား တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးသော် နိမ္မိတဘုရား ဟောရာမှစ၍ ကိုယ်တော်တိုင် အဘိဓမ္မာတရားကို ဟောတော်မူ၏။

အရှင်သာရိပုတ္တရာသည်လည်း ကြွတော်မူ၍ ထို ၅၀၀ သောရဟန်းတို့အား အဘိဓမ္မာတရားကို ဟောတော်မူ၏။ ထို ၅၀၀ သောရဟန်းတို့သည်လည်း ဘုရားသခင်သည် တာဝတိံသာနတ်ပြည်၌ နေတော်မူစဉ်ပင်လျှင် အဘိဓမ္မာ ၇ ကျမ်းကို ဆောင်ကုန်၏။

ထို ၅၀၀ သော ရဟန်းတို့ကား- ကဿပဘုရားသခင်လက်ထက်တော်၌ လင်းနို့ငယ်တို့ ဖြစ်ကြကုန်၍ တစ်ခုသော ဥမင်လိုဏ်ခေါင်း၌ တွဲလျားဆွဲလျက်နေကုန်သော်၊ စင်္ကြံသွား၍ အဘိဓမ္မာကို သရဇ္ဈာယ်ကြကုန်သော ရဟန်း ၂ ဦးတို့၏အသံ၌ အာရုံကိုယူကုန်သတတ်။ ထိုလင်းနို့ငယ်တို့သည် 'ဤသည်တို့ကား ခန္ဓာ မည်ကုန်၏။ ဤသည်တို့ကား ဓာတ် မည်ကုန်၏' ဤသို့အစရှိသည်တို့ကို မသိကုန်ဘဲလျက် အသံ၌ အာရုံကိုယူကာမျှဖြင့်သာလျှင် ထိုလင်းနို့ဘဝမှ စုတေကုန်သည်ရှိသော် နတ်ပြည်၌ဖြစ်လေကုန်၏။ ထိုနတ်သားတို့သည် ဘုရား ၂ ဆူတို့၏ အကြားကာလပတ်လုံး နတ်စည်းစိမ်ကို အစဉ်အတိုင်းခံစားသဖြင့် ထိုနတ်ပြည်မှစုတေ၍ သာဝတ္ထိပြည်ဝယ် အမျိုးကောင်းအိမ်တို့၌ ဖြစ်ကြလေကုန်သည်ရှိသော်၊ ယမိုက်ပြာဋိဟာကို ပြတော်မူရာ၌ ကြည်ညိုခြင်း ရှိကုန်၍၊ အရှင်သာရိပုတ္တရာ၏အထံ၌ ရဟန်းပြု၍ အလုံးစုံသောသူတို့၏ရှေ့ဦးစွာ အဘိဓမ္မာ ၇ ကျမ်းကို ဆောင်ကုန်၏။

## ၂၉- မြတ်စွာဘုရားသည် သင်္ကာသနဂိုရ်ပြည်၌ ဆင်းသက်သည်ကို ပြခြင်း

မြတ်စွာဘုရားသည်လည်း ထိုသို့သောနည်းဖြင့် ဝါတွင်း ၃ လပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ကုဋေ ၈ သန်း[၁]ကုန်သော နတ်တို့သည် သစ္စာ ၄ ပါးတရားကို ရလေကုန်၏။ မယ်တော်နတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထို ၃၆ ယူဇနာရှိသော ပရိသတ်သည်လည်း 'ယခုအခါ၌ ၇ ရက်မြောက်လျှင် သီတင်းကျွတ်လပြည့် ဖြစ်လတ္တံ့' ဟု နှလုံးသွင်းကုန်သဖြင့် အရှင်မဟာမောဂ္ဂလာန်သို့ ကပ်၍၊ "အရှင်ဘုရား။ မြတ်စွာဘုရား၏ ဆင်းသက်တော်မူအံ့သောနေ့ကို သိအပ်လှပေသည်။ အကျွန်ုပ်တို့သည် ဘုရားသခင်အား မမြင်ရဘဲနှင့် မပြန်ကုန်အံ့" ဟု လျှောက်ကြကုန်၏။

အရှင်မောဂ္ဂလာန်လည်း ထိုစကားကိုကြားလျှင် "ကောင်း၏" ဟု မိန့်တော်မူ၍၊ ထိုသာဝတ္ထိပြည်၏ အနီး မြေကြီး၌လျှင်ငုပ်လျှိုးလေ၍ မြင်းမိုရ်တောင်ခြေရင်းသို့ ရောက်လေသော် "တာဝတိံသာသို့တက်သော ငါ့ကို ပရိသတ်တို့သည် မြင်စေသတည်း" ဟု ဓိဋ္ဌာန်တော်မူ၍၊ ပတ္တမြားရတနာတို့ကို သီအပ်သော ကမ္ဗလာနီ ကြိုးကဲ့သို့ ထင်ရှားသောအဆင်း ရှိသည်ဖြစ်၍လျှင် မြင်းမိုရ်တောင်၏အလယ်ဖြင့် တက်တော်မူလေ၏။

လူတို့သည်လည်း ထိုအရှင်မောဂ္ဂလာန်ကို "၁ ယူဇနာ တက်၍ ရောက်ပြီ။ ၂ ယူဇနာ တက်၍ ရောက်ပြီ" ဟု ကြည့်ကြကုန်၏။

အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့်ရွက်၍၊ "အရှင်ဘုရား။ ပရိသတ်တို့သည် အရှင်ဘုရားကို ဖူးမြင်ရမှသာလျှင် သွားလိုကြကုန်သည်။ အဘယ်အခါ၌ ဆင်းသက်တော်မူအံ့နည်း" ဟု လျှောက်လေ၏။

၁- 'ကုဋေ ၂ သိန်း'-မူကွဲရှိ။

www.burmeseclassic.com

www.burmeseclassic.com



“ချစ်သားမောဂ္ဂလာန်။ သင်၏အစ်ကိုဖြစ်သော သာရိပုတ္တရာသည် အဘယ်အရပ်၌ ဝါကပ်သနည်း” ဟု မေးတော်မူ၏။

“အရှင်ဘုရား။ သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်ပါသည်” ဟု လျှောက်၏။

“ချစ်သားမောဂ္ဂလာန် ငါသည် ဤနေ့မှ ၇ ရက်မြောက်သော သီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿနဂိုရ်ပြည်၏တံခါးသို့ ဆင်းသက်တော်မူအံ့။ ငါဘုရားကို ဖူးမြင်လိုကုန်သောသူတို့သည် သင်္ကဿနဂိုရ်ပြည်[၁]သို့ လာစေကုန်လော့” ဟု မိန့်တော်မူ၏။

“ဤမျှ အတိုင်းအရှည်ရှိသောလမ်းခရီး၌ တစ်စုံတစ်ယောက်သောသူတို့မျှ ရိက္ခာဆန်ရေ ဆောင်ခြင်းကိစ္စမရှိရပြီ။ ဥပုသ်သီတင်းသုံးကုန်လျက်သာ အမြဲသွားအပ်သောကျောင်းသို့ တရားနာသွားကုန်သကဲ့သို့ သွားစေကုန်လော့။ ဤသို့သောစကားကို ပရိသတ်တို့အား ကြားလော့” ဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်လည်း ‘အရှင်ဘုရား။ ကောင်းပါပြီ” ဟု ဝန်ခံ၍ မြင်းမိုရ်တောင်မှ သာဝတ္ထိပြည်သို့ လာခဲ့၍ ဘုရားသခင် မိန့်တော်မူသည့်အတိုင်း ပရိသတ်တို့အား ကြားပေ၏။

## ၃၀- တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူခြင်း

မြတ်စွာဘုရားသည် ဝါကျွတ်ပြီးသည်ရှိသော် ပဝါရဏာပြု၍ သိကြားမင်းအား “သိကြားမင်း။ လူ့ပြည်ခရီးသို့ ငါဘုရား ကြွတော်မူအံ့” ဟု မိန့်ကြားတော်မူ၏။ သိကြားမင်းလည်း ရွှေဖြင့် ပြီးသောစောင်းတန်း၊ ပတ္တမြားဖြင့်ပြီးသောစောင်းတန်း၊ ငွေဖြင့်ပြီးသောစောင်းတန်း၊ ဤ ၂ သွယ်သောစောင်းတန်းတို့ကို ဖန်ဆင်း၏။ ထို ၃ သွယ်သောစောင်းတန်း၏ အခြေတို့သည် သင်္ကဿနဂိုရ်ပြည်၏တံခါး၌ တည်ကုန်၏။ စောင်းတန်းဖျားတို့သည်ကား မြင်းမိုရ်တောင်ထိပ်၌တည်ကုန်၏။ ထို ၃ သွယ်သော စောင်းတန်းတို့တွင် လက်ယာနံပါး၌ ရွှေဖြင့်ပြီးသောစောင်းတန်းသည်ကား နတ်တို့၏ဆင်းသက်ရာဖြစ်၏။ လက်ဝဲနံပါး၌ ငွေဖြင့်ပြီးသောစောင်းတန်းသည်ကား ဗြဟ္မာတို့ဆင်းသက်ရာဖြစ်၏။ အလယ်၌ ပတ္တမြားဖြင့်ပြီးသောစောင်းတန်းသည်ကား မြတ်စွာဘုရား၏ဆင်းသက်တော်မူရာ ဖြစ်၏။

မြတ်စွာဘုရားသခင်သည်လည်း မြင်းမိုရ်တောင်ထိပ်၌ ရပ်၍ နတ်ပြည်မှ ဆင်းသက်ကြွတော်မူအံ့သောအခါ၌ ယမိုက်ပြာဋိဟာကို ပြုလိုသောကြောင့် အထက်သို့ ကြည့်တော်မူ၏။ ဗြဟ္မာ့ပြည်တိုင်အောင် တစ်ပြိုင်နက်သော အပြင်တို့သည်ဖြစ်ကုန်၏။ အောက်သို့ကြည့်တော်မူပြန်လျှင် အဝီစိတိုင်အောင် တစ်ပြိုင်နက်သော အပြင်တို့သည် ဖြစ်ကုန်၏။ ထိုထိုသို့သောအရပ်တို့ကို ကြည့်တော်မူပြန်လျှင်လည်း စကြဝဠာ ၁ သိန်းတိုင်အောင် တစ်ပြိုင်နက်သောဟင်း[illegible]ပြင်တို့သည် ဖြစ်ကုန်၏။ နတ်တို့သည်လည်း လူတို့ကို မြင်ရကုန်၏။ လူတို့သည်လည်း နတ်တို့ကို မြင်ရ[illegible]၏။ အလုံးစုံသောနတ်လူတို့သည် မျက်မှောက်ကဲ့သို့ ထင်မြင်ကြကုန်၏။ မြတ်စွာဘုရား သည် ၆ သွယ်သောရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

[ထိုနေ့၌ ဘုရားသခင်၏ တင့်တယ်ခြင်းကျက်သရေတော်တို့ကို ဖူးမြင်ကြည့်ရှုရကုန်၍ ၃၆ ယူဇနာအတွင်း၌ရှိသော ပရိသတ်၌ တစ်ယောက်သောသူမျှလည်း ဘုရားဆုကို မတောင်းသောသူမည်သည် မရှိ။ ဘုရားဆုကို တောင်းကြလေသည်ချည်း။]

[၁] - သင်္ကဿနဂိုရ်ပြည်ကား သာဝတ္ထိပြည်မှ ယူဇနာ ၃၀ ကွာ၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်တို့သည် ရွှေစောင်းတန်းဖြင့် သက်ကုန်၏။ ဗြဟ္မာတို့သည် ငွေစောင်းတန်းဖြင့် သက်ကုန်၏။ ဘုရား သခင်သည်ကား ပတ္တမြားစောင်းတန်းဖြင့် သက်တော်မူ၏။ 'ပဉ္စသိခ'မည်သော စောင်းတီးတတ်သော နတ်သားသည် ဥသျှစ်သီးမှည့်အဆင်းနှင့် တူသောနတ်စောင်းကိုပိုက်လျက် လက်ယာနံပါး၌ရပ်၍ မြတ်စွာဘုရားအား ဂန္ဓဗ္ဗနတ်ပြည်ဝယ် သာယာစွာသောအသံတို့ကို ဖြစ်စေတတ်သော နတ်စောင်းသံဖြင့် ပူဇော်ခြင်းကို ပြုလျက် ဆင်းသက်၏။ မာတလိနတ်သားသည် လက်ဝဲနံပါး၌ စာမရီသားမြီးယပ်ကို တလွှဲလွှဲယပ်ခတ်သည်ဖြစ်၍ ကိုင်စွဲလျက် ဆင်းသက်၏။ ဗြဟ္မာကြီးသည် ထီးကို မိုး၏။ သုယာမနတ်သားသည် သားမြီးယပ်ဖြင့် ယပ်ခတ်၏။ မြတ်စွာဘုရားသည် ဤသို့သောအခြံအရံတော်နှင့်တကွ ဆင်းသက်တော်မူ၍ သင်္ကဿနဂိုရ်ပြည်၌ တည်တော်မူလေ၏။

အရှင်သာရိပုတ္တရာသည်လည်း လာ၍ မြတ်စွာဘုရားကိုရှိခိုးလျက်၊ "ထိုသို့သဘောရှိသော ဘုရား၏ အသရေတော်ဖြင့် ဆင်းသက်တော်မူသော၊ ကရဝိက်ငှက်မင်း၊ ဗြဟ္မာမင်း၏အသံနှင့်တူသော၊ အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော၊ သာယာစွာသောအသံတော်ဖြင့် စကားကောင်းကို မိန့်ဆိုတော်မူတတ်သော၊ လူ၊နတ်တို့၏ ဆရာ ဖြစ်တော်မူသော ဘုရားသခင်သည် နတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်တံခါး၏အနီး မြေသို့ ကြွတော်မူလာသည်ကို ဤနေ့မှ ရှေ့အဖို့၌ ငါ မမြင်စဖူး။ ထိုမှတစ်ပါး တစ်စုံတစ်ယောက်သောသူတို့၏ထံမှ မကြားစဘူး" ဟူ၍ ဤသို့သော စကားတို့ဖြင့် မိမိ၏ နှစ်သက်ဝမ်းမြောက်ခြင်းကို ပြု၍၊ "အရှင်ဘုရား။ ယနေ့ အလုံးစုံသော နတ်တို့သည် အရှင်ဘုရားကို ချစ်မြတ်နိုးကုန်၏" ဟု လျှောက်၏။

ထိုအခါ အရှင်သာရိပုတ္တရာကို မြတ်စွာဘုရားသခင်သည် "ချစ်သား သာရိပုတ္တရာ။ ဤသို့သဘော ရှိကုန်သော ဂုဏ်ကျေးဇူးဖြင့် ပြည့်စုံခြင်းသို့ရောက်ကုန်သော ဘုရားတို့ကို လူ၊နတ်တို့သည် ချစ်မြတ်နိုးကုန် သည်သာတည်း" ဟု မိန့်တော်မူ၍ ဤဂါထာကိုဟောတော်မူ၏။

'ယေ ဈာနပသုတာ ဓီရာ၊ နိက္ခမုပသမေ ရတာ။
ဒေဝါပိ တေသံ ပိယာယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။'

ဤ၌ အနက်ကား

"ယေဓီရာ၊ အကြင်ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ ဈာနပသုတာ၊ လက္ခဏူပဈာန်၊ အာရမ္မဏူပဈာန်တို့၌ အာဝဇ္ဇနစသော ၅ ပါးသော ဝသီဘော်တို့ဖြင့် လေ့လာခြင်းရှိကုန်၏။ နိက္ခမုပသမေ၊ ကိလေသာတို့၏ ငြိမ်းရာနိဗ္ဗာန်ဟု ဆိုအပ်သော နိက္ခမ၌။ ရတာ၊ မွေ့လျော်ကုန်၏။ တေသံ၊ ထိုဈာန်သမာပတ် စသော ကျေးဇူးနှင့်ပြည့်စုံကုန်သော။ သတီမတံ၊ သတိရှိကုန်သော။ သမ္ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိယာယန္တိ၊ ချစ်မြတ်နိုးကုန်၏"

ဤဒေသနာတော်၏အဆုံး၌ ၃ ကုဋေ အတိုင်းအရှည်ရှိကုန်သောသတ္တဝါတို့သည် သစ္စာ ၄ ပါးတရား ကို ရကြလေကုန်၏။ အရှင်သာရိပုတ္တရာ၏ သိဒ္ဓိဝိဟာရိကဖြစ်သော ၅၀၀ သောရဟန်းတို့သည်လည်း အရဟတ္တဖိုလ်၌ တည်လေကုန်၏။

အလုံးစုံသောဘုရားသခင်တို့ မစွန့်သည်သာဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူပြီး၍ တာဝတိံသာ နတ်ပြည်၌ ဝါဆိုပြီးလျှင် သင်္ကဿနဂိုရ်ပြည်တံခါးသို့ ဆင်းသက်တော်မူခြင်းသည် လည်းကောင်း၊ ထိုသင်္ကဿန ဂိုရ်ပြည်၌ လက်ယာခြေတော်၏ တည်ရာအရပ်သည် လည်းကောင်း 'အစလစေတီ တည်ရာအရပ်'မည်၏။



www.burmeseclassic.com

www.burmeseclassic.com



## ၃၁- သေက္ခ, အသေက္ခတရားကို ရှင်သာရိပုတ္တရာအား မေးတော်မူပြီ

မြတ်စွာဘုရားသည် ထိုသက်သေနဂိုရ်ပြည်၌ တည်တော်မူ၍ ပုထုဇဉ် အစရှိသည်တို့၏အရာ၌ ပြဿနာကို မေးတော်မူ၏။ ပုထုဇဉ်တို့သည် မိမိအရာ၌ ပြဿနာကို ဖြေ၏။ သောတာပန်ပုဂ္ဂိုလ်တို့၏အရာ၌ ပြဿနာကို ဖြေခြင်းငှာမတတ်နိုင်ကုန်။ ထို့အတူ သကဒါဂါမ် အစရှိသောပုဂ္ဂိုလ်တို့၏အရာ၌ သောတာပန်စသော ပုဂ္ဂိုလ်တို့သည် မတတ်နိုင်ကုန်။ အရှင်မောဂ္ဂလာန်၏အရာ၌ ကြွင်းကုန်သော မဟာသာဝကတို့သည် မတတ်နိုင်ကုန်။ ရှင်သာရိပုတ္တရာမထေရ်၏အရာ၌ အရှင်မောဂ္ဂလာန် မတတ်နိုင်။ ဘုရား၏အရာ၌လည်း အရှင်သာရိပုတ္တရာသည် ဖြေခြင်းငှာ မတတ်နိုင်သည်သာလျှင်တည်း။

မြတ်စွာဘုရားသည် အရှေ့မျက်နှာကို အစပြု၍ အလုံးစုံသော အရပ်တို့ကိုကြည့်တော်မူ၏။ အလုံးစုံသောအရပ်၌ တစ်ခုတည်းသော ဟင်းလင်းအပြင်သည်သာလျှင် ဖြစ်၏။

အရပ် ၈ မျက်နှာတို့၌ နတ်,လူ တို့သည် လည်းကောင်း၊ အထက်၌ ဗြဟ္မာတို့သည် လည်းကောင်း၊ အောက်မြေ၌တည်ကုန်သော ဘီလူး, နဂါး, ဂဠုန်တို့သည် လည်းကောင်း လက်အုပ်ချီ၍ "အရှင်ဘုရား။ ဤလောက၌ ပြဿနာကို ဖြေနိုင်သောသူ မရှိပါ။ ဤအရပ်၌သာလျှင် စုံစမ်းရှာဖွေတော်မူပါကုန်လော့" ဟု လျှောက်ကုန်၏။

ဘုရားသခင်သည်လည်း "အရှင်သာရိပုတ္တရာကား ဤပြဿနာကိုဖြေခြင်း၌ အကယ်၍ကား ပင်ပန်း၏ရှင့်။ ထိုသို့ပင်ပန်းငြားသော်လည်း ဤလောက၌ သေက္ခဖြစ်ကုန်သော အကြင်တရားတို့သည် လည်းကောင်း၊ အသေက္ခဖြစ်ကုန်သော အကြင်တရားတို့သည် လည်းကောင်း ရှိကုန်၏။ ထိုတရားတို့၏ဖြစ်ခြင်း၌ ရင့်ပြီးသောပညာရှိသော ချစ်သား သာရိပုတ္တရာသည်ကား ဖြေကြားဘိလော့" ဟု မေးတော်မူ၏။

ဘုရားသခင်၏အရာသာဖြစ်သော ဤပြဿနာကို ကြား၍ အရှင်သာရိပုတ္တရာသည် "ငါ့ကို သေက္ခ, အသေက္ခ ပုဂ္ဂိုလ်တို့၏ မဂ်ဖိုလ်ရောက်ကြောင်းအကျင့်ကို ဘုရားသခင် မေးတော်မူသည်။ ဤပြဿနာ၌ ယုံမှားခြင်းမရှိဘဲ ခန္ဓာ စသည်တို့တွင် အဘယ်သို့သောအကြောင်းကို အဦးပြုသဖြင့် ဤအကျင့်ကို ဟောသည်ရှိသော် ငါသည် မြတ်စွာဘုရား၏ အလိုတော်ကိုသိခြင်းငှာ မတတ်နိုင်အံ့" ဟု ဘုရားသခင်၏အလိုတော်၌ ယုံမှားခြင်း ရှိ၏။ ထို့ကြောင့် သာရိပုတ္တရာသည် ငါဘုရား နည်းမပေးချေသော် မဖြေနိုင်ချေ။ ထိုသာရိပုတ္တရာအား နည်းကို ပေးအံ့ ဟူ၍ နည်းနာနယပြတော်မူသည်ရှိသော် သာရိပုတ္တရာသည် ဟုတ်မှန်သောသဘောကို မြင်လတ္တံ့။ ငါဘုရား၏ အလိုတော်ကိုယူ၍ ဟောသည်ရှိသော်ကား ခန္ဓာအစရှိသည်၏အစွမ်းဖြင့် ဟောနိုင်လတ္တံ့" ဟု အကြံတော် ဖြစ်၏။ အရှင်သာရိပုတ္တရာအား ကောင်းမွန်စွာနည်းပေးခြင်းဖြင့် ထိုပြဿနာသည် နည်းအရာ, နည်းအထောင်, နည်းအသိန်းတို့ဖြင့် ထင်၏။ အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားသခင် ပေးတော်မူအပ်သောနည်း၌ တည်၍ ပြဿနာကို ဖြေ၏။ မြတ်စွာဘုရားကို ထား၍ တစ်ပါးသောသူသည် အရှင်သာရိပုတ္တရာ၏ပြဿနာကို ဖြေခြင်းငှာ စွမ်းနိုင်သူ မရှိသတတ်။ ထို့ကြောင့်လျှင် အရှင်သာရိပုတ္တရာသည် ဘုရားသခင်ရှေ့တော်မှရပ်၍၊ ရဲရင့်သောအသံကို ဆိုသတတ်။

"အရှင်ဘုရား။ အကျွန်ုပ်သည် တစ်ကမ္ဘာလုံးလည်း မိုးရွာသည်ရှိသော်၊ 'ဤမျှလောက်ကုန်သော မိုးရေပေါက်တို့သည် မဟာသမုဒ္ဒရာ၌ ကျလေကုန်၏။ ဤမျှလောက်ကုန်သော မိုးရေပေါက်တို့သည် မြေ၌ ကျလေကုန်၏။ ဤမျှလောက်ကုန်သော မိုးရေပေါက်တို့သည် တောင်၌ ကျလေကုန်၏' ဤသို့ရေတွက်၍ ဂဏန်းသင်္ချာရေးခြင်းငှာ စွမ်းနိုင်ပါ၏" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း အရှင်သာရိပုတ္တရာကို "ချစ်သား သာရိပုတ္တရာ။ သင်သည် ရေတွက်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကို ငါ သိ၏" ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှည်သောအသက်ရှိသော ရှင်သာရိပုတ္တရာ၏ပညာကား ဥပမာမည်သည် မရှိ။ အရှင်သာရိပုတ္တရာသည် တစ်ခုသောပြဿနာကို ဖြေသည်ရှိသော် သဲတစ်လုံးကို လည်းကောင်း, ရေတစ်ပေါက်ကို လည်းကောင်း, မြေမှုန့်တစ်ပိုင်းကို လည်းကောင်း မကုန်စေမူ၍၊ ပြဿနာတို့ကို အရာဖြင့်လည်းကောင်း, အထောင်ဖြင့် လည်းကောင်း, အသိန်းဖြင့် လည်းကောင်း ဖြေသည်ရှိသော်။ ဂင်္ဂါသဲ အစရှိသည်တို့တွင် တစ်လုံးတစ်လုံးသော သဲအစရှိသည်ကို လျောက်ပတ်ရာ၌ အကယ်၍ ပစ်ချပြားအံ့။ ဂင်္ဂါ အစရှိသည်တို့၌ သဲ အစရှိသည်တို့သည် လျင်စွာကုန်ခြင်းသို့ ရောက်လေကုန်ရာ၏။ ပြဿနာကိုဖြေခြင်းသည်ကား ကုန်ခြင်းသို့ မရောက်ရာ။

ဤသို့ကြီးမားသော ပညာရှိသောရဟန်းသည် ဘုရားအရာ၌ မေးအပ်သောပြဿနာ၏ အဆုံးကို လည်းကောင်း, အစကို လည်းကောင်း မမြင်သောကြောင့် မြတ်စွာဘုရားသည် မေးအပ်သောနည်း၌တည်၍ သာလျှင် ပြဿနာကို ဖြေရ၏။

ရဟန်းတို့သည် "အကြင်ပြဿနာကို မေးသည်ရှိသော် အလုံးစုံသောသူသည် ဖြေခြင်းငှာ မတတ်နိုင်။ ထိုပြဿနာကို တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည်သာ ဖြေနိုင်ပေ၏" ဟု စကားပြောပဟောခြင်းကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည်လည်း ထိုစကားကိုကြားတော်မူ၍၊ "ယခုသာလျှင် သာရိပုတ္တရာသည် သူတစ်ပါးတို့ဖြေခြင်းငှာ မတတ်နိုင်သော ပြဿနာကိုဖြေနိုင်သည် မဟုတ်သေး။ ရှေးကာလ၌လည်း ဤသာရိပုတ္တရာသည် ဖြေနိုင်ဖူးပြီ" ဟု မိန့်တော်မူ၍၊ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍-

'ပရောသဟဿံပိ သမာဂတာနံ၊ ကန္ဒေယျုံ တေ ဝဿသတံ အပညာ။

ဧကောဝ သေယျော ပုရိသော သပညော၊ ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ'။ ။ ဤဂါထာဖြင့် တန်ဆာဆင်အပ်သောဇာတ်တော်ကို ဟောတော်မူ၏။

ဤ၌ အနက်ကား

"သမာဂတာနံ၊ အညီအညွတ် စည်းဝေးကုန်သောသူတို့တွင်။ ယေ၊ အကြင်သူတို့သည်။ ပရောသဟဿံပိ၊ အထောင်အလွန်လည်း။ ကန္ဒေယျုံ၊ ဆိုမြည်တမ်းကုန်၏။ အပညာ၊ ပညာမရှိကုန်သော။ တေ၊ ထိုသူတို့သည်။ ဝဿသတံ၊ အနှစ် ၁၀၀ ပတ်လုံး အသက်ရှည်သော်လည်း။ နသေယျော၊ မမြတ်။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ ဘာသိတဿ၊ ဟောအပ်သောတရားတော်၏။ အတ္ထံ၊ အနက်ကို။ ဝိဇာနာတိ၊ သိ၏။ သပညော၊ ပညာရှိသော။ သောပုရိသော၊ ထိုယောကျ်ားသည်။ ဧကာဝ၊ ၁ ရက်မျှအသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ဤသို့ မြတ်စွာဘုရားသည် ၆ ဝါအလွန် ၇ ဝါမြောက်သောအခါ၌၊ တန်ခိုးပြာဋိဟာကို ပြပြီးသည်၏ အဆုံး၌ တာဝတိံသာနတ်ပြည်ဝယ် ဝါကပ်တော်မူ၍ ဝါတွင်း ၃ လပတ်လုံး အဘိဓမ္မာ ၇ ကျမ်းကို ဟောတော်မူသည်တိုင်အောင် ပြဆိုအပ်သော မာလာလင်္ကာရကျမ်း၏ တတိယတွဲကား ဤတွင်ရွေ့ ပြီးပြည့်စုံ၏။

**မာလာလင်္ကာရ ဝတ္ထုတော်ကြီး တတိယတွဲ ပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာလင်္ကာရ ဝတ္ထုတော်ကြီး

## စတုတ္ထပိုင်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



၁- မြတ်စွာဘုရား ဝါဆိုတော်မူအစဉ်ကိုပြခြင်း

- သဗ္ဗညုမြတ်စွာဘုရားသည် ၇ ဝါမြောက်သောအခါ တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူ၍၊ အဘိဓမ္မာ ၇ ကျမ်းကို ဟောတော်မူ၍၊
  ၈ ဝါမြောက်သောအခါ၌ ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့၌ ဘိသကဠာဝနမိဂဒါယဝယ်[1] ဝါကပ်တော်မူ၍ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့အား တရားအမြိုက်ရေအေးကို တိုက်ကျွေးတော်မူ၏။
- ၉ ဝါမြောက်သောအခါ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဝါကပ်တော်မူ၍၊ ရသေ့ ၅၀၀ မှစ၍ ကျွတ်ထိုက်သမျှသော ဝေနေယျတို့အား တရားအမြိုက်ရေအေးကို တိုက်ကျွေးတော်မူ၏။
- ၁၀ ဝါမြောက်သောအခါ ပလလည်းတော၌ ဝါကပ်တော်မူ၍၊ ပလလည်းဆင်မင်းသည် ဘုရားသခင်အား ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်ကိုပြုခြင်း, ကြည်ညိုလေးမြတ်ခြင်းကို များစွာဖြစ်စေ၏။
- ၁၁ ဝါမြောက်သောအခါ 'နာဠ'မည်သောပုဏ္ဏားရွာ ဒက္ခိဏာဂိရိကျောင်းတော်၌ ဝါကပ်တော်မူ၍၊ ကသိဘာရဒွါဇလယ်လုပ်ပုဏ္ဏား အစရှိသောသူတို့အား တရားအမြိုက်ရေကို သောက်စေတော်မူ၏။
- ၁၂ ဝါမြောက်သောအခါ ဝေရဉ္စပြည်၌ ဝါကပ်တော်မူ၏။
  ၁၃ ဝါမြောက်သောအခါ စာလိယတောင်၌ ဝါကပ်တော်မူ၏။
  ၁၄ ဝါမြောက်သောအခါ ဇေတဝန်ကျောင်းတော်၌ ဝါကပ်တော်မူ၏။
  ၁၅ ဝါမြောက်သောအခါ ကပိလဝတ်ပြည်၌ နိဂြောဓာရုံကျောင်းတော်၌ ဝါကပ်တော်မူ၏။
  ၁၆ ဝါမြောက်သောအခါ အာဠဝီပြည် အဂ္ဂါဠဝစေတီ၌ ဝါကပ်တော်မူ၍၊ အာဠာဝကဘီလူးအား တရားအမြိုက်ရေအေးကို တိုက်ကျွေးတော်မူ၏။
  ၁၇ ဝါမြောက်သောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါကပ်တော်မူ၏။
  ၁၈ ဝါမြောက်သောအခါ, ၁၉ ဝါ မြောက်သောအခါတို့၌ကား စာလိယမြို့, စာလိယတောင်၌ ဝါကပ်တော်မူ၏။
  ဝါ ၂၀ မြောက်သောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါကပ်တော်မူ၏။
  ကြွင်းသော ၂၅ ဝါတို့၌ကား သာဝတ္ထိပြည်ကို အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ ၁၉ ဝါ, ပုဗ္ဗာရုံကျောင်းတော်၌[2] ၆ ဝါ ကပ်တော်မူ၏။

[ဗုဒ္ဓဝင်အဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ, ဇိနာလင်္ကာရဋီကာကျမ်းတို့၌ အကြွင်း ၂၅ ဝါကို သာဝတ္ထိပြည်တွင်သာ ဆိုကုန်၏။ တထာဂတုပ္ပတ္တိကျမ်း၌ကား အဆုံးစွန်သောဝါကို ဝေဠုဝဂါမ၌ ဆို၏။ ဒီဃနိကာယ်၌လည်း အဆုံးစွန်သောဝါကို ဝေဠုဝရွာ၌ပင် ဝါကပ်တော်မူကြောင်းကို ဆို၏။]

၁- ဘေသကဠာဝနမိဂဒါယ၌။ ၂- ပုဗ္ဗာရုံကျောင်းတော်၌။

www.burmeseclassic.com

www.burmeseclassic.com



## ၂- အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့အား စစ်ထိုးလိုခြင်း

ဤသို့ကျွတ်ထိုက်သမျှ ဝေနေယျတို့အား တရားအမြိုက်ရေ သောက်စေခြင်းငှာ ဝါကျွတ်သောအခါ ဒေသစာရီ ကြွချီတော်မူခြင်းဖြင့် ၄၅ ဝါ-သက်တော် ၈၀ အရွယ်တော်ရှိလတ်သော် တရံရောအခါ ရာဇဂြိုဟ် ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ၌ မဂဓရာဇ်တိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သား အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကိုနှိပ်စက်ခြင်းငှာ သွားလိုသည်ဖြစ်၍၊ "ဝဇ္ဇီမင်းတို့သည် ကြီးသောမင်းတို့၏ တန်ခိုး ရှိကုန်၏။ ကြီးသော အတတ်ပညာနှင့်လည်း ပြည့်စုံကုန်၏။ ငါသည် ဤသို့ကြီးသော တန်ခိုးရှိကုန်သော ဤသို့အာနုဘော်နှင့် ပြည့်စုံ ကုန်သော ဝဇ္ဇီမင်းတို့ကို ဖြတ်အံ့။ ဝဇ္ဇီမင်းတို့ကို ဖျက်ဆီးအံ့။ အစီးအပွားမရှိခြင်းသို့ ရောက်စေအံ့"ဟု ဆို၏။

ထိုအခါ မဂဓရာဇ်တိုင်းကိုအစိုးရသော အဇာတသတ်မင်းသည် မိမိ၏အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားကို ခေါ်၍ ဤသို့ဆို၏။

"ပုဏ္ဏား။ လာခဲ့လော့။ သင်သည် ဘုရားသခင်ရှိရာသို့ ကပ်၍၊ ငါ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်ကို ဦးဖြင့်တိုက်၍ ရှိခိုးချေ။ အနာမရှိခြင်း, ဆင်းရဲမရှိခြင်း, လျင်စွာထကြွနိုင်ခြင်း, ခွန်အားနှင့် ပြည့်စုံလျက် ချမ်းသာစွာနေရခြင်းကို မေးလျှောက်ချေလော့။ 'မဂဓရာဇ်တိုင်းကိုအစိုးရသော အဇာတသတ်မင်း သည် မြတ်စွာဘုရား၏ ခြေတော်ကို ဦးဖြင့်ညွတ်၍ ရှိခိုးပါသည်။ အနာမရှိခြင်း, ဆင်းရဲမရှိခြင်း, လျင်စွာ ထကြွနိုင်ခြင်း, ခွန်အားနှင့် ပြည့်စုံခြင်း, ချမ်းသာစွာနေတော်မူရခြင်းကို မေးလျှောက်ပါသည်' ဟု လျှောက်ချေလော့။

"ဤသို့လည်း လျှောက်လေ။ 'အရှင်ဘုရား။ မဂဓရာဇ်တိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိပ်နင်းခြင်းငှာ သွားလိုသည်ဖြစ်၍ ဤသို့ဆိုပါသည်။ ငါသည် ကြီးသော တန်ခိုးအာနုဘော် အတတ်ပညာနှင့်လည်း ပြည့်စုံကုန်သော ဝဇ္ဇီမင်းတို့ကိုဖျက်ဆီး၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်စေအံ့ဆိုပါသည်'ဟု လျှောက်လေ၏။ ဘုရားသခင်သည် သင့်အား တစ်စုံတစ်ခုသော စကားဖြင့် ဖြေတော်မူလိမ့်မည်။ ထိုစကားတော်ကို ရှိသေစွာမှတ်သား၍ လာခဲ့လေ' ဟု စေလိုက်၏။

အဘယ့်ကြောင့် စေလိုသနည်းဟူမူကား-'ဂင်္ဂါမြစ်၌ တစ်ခုသောရွာဆိပ်ကို အမှီပြု၍ ယူဇနာခွဲတိုင်အောင် အဇာတသတ်မင်း၏အာဏာစက် တည်ရာဖြစ်၏။ လိစ္ဆဝီမင်းတို့အာဏာစက် တည်ရာလည်း ယူဇနာခွဲ ဖြစ်၏။ 'ထိုရွာဆိပ်တောင်ခြေရင်း၌ အဖိုးများစွာသောဥစ္စာသည် ကျ၏'ဟုဆိုသော စကားကိုကြား၍၊ 'ယနေ့ နက်ဖြန် သွားအံ့'ဟု အဇာတသတ်မင်းကြီး၏ ကြံစည်တိုင်ပင်ခိုက်တွင် လိစ္ဆဝီမင်းတို့သည် အညီအညွတ် ရှေးဦးစွာသွား ကုန်၍ အလုံးစုံသောဥစ္စာတို့ကို ယူကုန်၏။ အဇာတသတ်မင်းသည် နောက်မှလာလတ်၍ ထိုအကြောင်းကို ကြားသိလျှင်၊ အမျက်ထွက်၍ သွား၏။ လိစ္ဆဝီမင်းတို့သည်လည်း နောက်တစ်ဖန် ၁ နှစ်ရှိသောအခါ ထို့အတူ ပြုကြကုန်၏။ ထိုအခါ၌ အဇာတသတ်မင်းသည် ပြင်းစွာရန်ငြိုးဖွဲ့သည် ဖြစ်၍ စစ်မက်ပြုလိုသောအကြံအစည် ကိုသာ ပြု၏။ ထို့နောက်မှ 'ရဲမက်ဗိုလ်ခြေအပေါင်းနှင့်တကွ စစ်ထိုးခြင်းမည်သည် အလွန်ဝန်လေးလှ၏။ အဖော်မရှိဘဲ တစ်ယောက်တည်းလည်း စစ်ထိုးခြင်းမည်သည် မရှိ။ ပညာရှိနှင့် တိုင်ပင်၍ပြုသောသူသည် အပြစ်ကင်းလွတ်သည်။ ဘုရားနှင့်တူသောပညာရှိသည် လောကတွင် မရှိပြီ။ ငါ သွား၍ အကျိုးရှိလျှင် ဆိတ်ဆိတ်နေတော်မူလတ္တံ့။ အကျိုးမရှိလျှင် 'အဘယ်အကျိုး ရှိသနည်း' ဟူ၍ မိန့်တော်မူလတ္တံ့' ဟု စေ လိုက်သတည်း။

ဝဿကာရပုဏ္ဏားသည်လည်း "ကောင်းပါပြီ။ အရှင်မင်းကြီး" ဟု ဝန်ခံ၍၊ ကောင်းမွန်ယဉ်ကျေးသော ယာဉ်တို့ကိုစီး၍ ရာဇဂြိုဟ်ပြည်မှ ထွက်လေ၍၊ ဂိဇ္ဈကုဋ်တောင်သို့ သွားလေ၍ ဆင်ယာဉ်, မြင်းယာဉ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



သင့်တင့်လျောက်ပတ်ရာအရပ်၌ ထားခဲ့၍၊ ခြေကျင်[၁]သာလျှင် ဘုရားရှိရာသို့ ချဉ်းကပ်၍၊ ဘုရားသခင်နှင့်တကွ ဝမ်းမြောက်ဝမ်းသာပြောဟော၍၊ အသက်ထက်ဆုံး မှတ်အပ်သော စကားကို ဆိုစေ၍၊ သင့်တင့်လျောက်ပတ်ရာ အရပ်၌နေပြီးသော်၊ မြတ်စွာဘုရားကို ဤသို့လျှောက်၏။

''အရှင်ဂေါတမ။ ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းသည် အရှင်ဂေါတမ၏ခြေတော်ကို ဦးညွှတ်၍ ရှိခိုးပါသည်။ ကိုယ်တော်ဘုရား၏ အနာမရှိခြင်း၊ ဆင်းရဲမရှိခြင်း၊ လျင်စွာထကြွနိုင်ခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ချမ်းသာစွာနေရခြင်းကိုလည်း မေးလျှောက်ပါသည်။ ဤသို့လည်း လျှောက်ချေသည်။ 'အကျွန်ုပ်သည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းချိုးဖွဲ့ အကျိုးမဲ့ကိုပြုအံ့'ဟု လျှောက်လိုက်ပါသည် အရှင်ဘုရား'' ဟု ဝဿကာရပုဏ္ဏားသည် ဘုရားသခင်ကို လျှောက်၏။

ထိုသို့သောအခါ၌ အရှင်အာနန္ဒာသည် အလုပ်အကျွေးအရာ၌ တည်၍ ဘုရားသခင်အား အချမ်းအပူ မရှိသော်လည်း မြတ်စွာဘုရား၏နောက်တော်၌ မြတ်စွာဘုရားကို ယပ်လေခတ်နေ၏။ ထိုအခါ မြတ်စွာဘုရား သည် ဝဿကာရပုဏ္ဏားနှင့် စကားမတိုင်ပင်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၏။

၁။ ''အာနန္ဒာ။ သင်သည် အသို့လျှင် ကြားဖူးသနည်း။ 'ဝဇ္ဇီမင်းတို့သည် အညီအညွတ်'စည်းဝေးကုန်၏။ အညီအညွတ်စည်းဝေးခြင်းသည် များကုန်၏ဟု ကြားဖူးလေသလော'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ ဝဇ္ဇီမင်းတို့သည် မပြတ် အညီအညွတ်စည်းဝေးကုန်၏။ အညီအညွတ်စည်းဝေးကြသည် များ၏။ အကျွန်ုပ် ကြားဖူးပါသည်'' ဟု လျှောက်၏။

''အာနန္ဒာ။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေးကုန်လတ္တံ့။ အညီအညွတ်စည်းဝေးခြင်း များကုန်လတ္တံ့။ ထိုမျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့၏ ကြီးပွားခြင်းကိုသာ အလိုရှိအပ်၏။

၂။ ''အာနန္ဒာ။ သင်သည် အသို့ ကြားဖူးသနည်း။ 'ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးကုန်၏။ အညီအညွတ် နေကုန်၏။ အညီအညွတ်ပြုဖွယ်ကိစ္စတို့ကို ပြုကုန်၏'ဟု ကြားဖူးလေသလော'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ 'ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်သည်။ အညီအညွတ်နေကုန်သည်။ မင်းတို့ပြုဖွယ်ကိစ္စကို အညီအညွတ်ပြုကုန်သည်'ဟု အကျွန်ုပ် ကြားဖူးပါသည်'' ဟု လျှောက်၏။

''အာနန္ဒာ။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် အညီအညွတ်စည်းဝေးနေထိုင်၍ မင်းတို့ပြုဖွယ်ကိစ္စကို ပြုကုန်လတ္တံ့။ ထိုမျှ လောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့၏ ကြီးပွားခြင်းကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းမည်သည် မရှိ။

၃။ ''အာနန္ဒာ။ အသို့ ကြားဖူးသနည်း။ 'ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့ မပညတ်အပ်သောအရာကို မပညတ်ကုန်။ ရှေးမင်းတို့သည် ပညတ်အပ်ပြီးသောအရာကို မဖျက်ဆီးကုန်။ ရှေးမင်းတို့ ပညတ်တိုင်းသော တရားတို့ကို ဆောက်တည်၍ ကျင့်ကုန်၏'ဟု သင် ကြားဖူးသလော'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ 'ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့ မပညတ်အပ်သောအရာကို မပညတ်ကုန်။ ရှေးမင်းတို့ သည် ပညတ်အပ်ပြီးသောအရာကို မဖျက်ဆီးကုန်။ ရှေးမင်းတို့ ပညတ်တိုင်းသော တရားတို့ကိုဆောက်တည်၍ ကျင့်ကုန်၏'ဟု အကျွန်ုပ် ကြားဖူးပါသည်'' ဟု လျှောက်၏။

၁- ခြေချဉ်သာလျှင်။

www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ။ အကြင်မျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ရှေးမင်းတို့ မပညတ်အပ်သော အရာကို မပညက်ကုန်။ ရှေးမင်းတို့ ပညတ်အပ်ပြီးသောအရာကို မဖျက်ဆီးကုန်။ ရှေးမင်းတို့ ပညတ်တိုင်း သောတရားတို့ကို ဆောက်တည်၍ကျင့်ကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့၏ ကြီးပွားခြင်း ကိုသာ အလိုရှိအပ်၏။ ယုတ်ခြင်းမည်သည် မရှိ။

၄။ "အာနန္ဒာ။ အသို့ကြားဖူးသနည်း။ 'အကြင်ဝဇ္ဇီမင်းတို့သည် ကြီးကုန်၏။ ထိုကြီးကုန်သော သူတို့ကို ရိုခိုး၍ အရိုအသေပြုကုန်၏။ အလေးအမြတ် ပြုကုန်၏။ မြတ်နိုးကုန်၏။ ကြီးသောသူတို့စကားကိုလည်း နားထောင်ကုန်၏'ဟု သင် ကြားဖူးလေသလော" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ 'ဝဇ္ဇီမင်းတို့သည် ကြီးသောသူတို့ကို ရိုသေမြတ်နိုးကုန်သည်။ ကြီးသောသူတို့၏ စကားကို နားထောင်ကုန်သည်'ဟု အကျွန်ုပ် ကြားဖူးပါသည်" ဟု လျှောက်၏။

"အာနန္ဒာ။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ကြီးကုန်သောသူတို့အား ရိုသေ မြတ်နိုးခြင်း၊ ပူဇော်ခြင်းကို ပြုကုန်လတ္တံ့။ ကြီးသောသူတို့၏စကားကို နားထောင်ကုန်လတ္တံ့။ ထိုမျှလောက် သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွားခြင်းသည်သာ ဖြစ်ကုန်၏။ ယုတ်ခြင်းမည်သည် မရှိ။

၅။ "အာနန္ဒာ။ အသို့ ကြားဖူးသနည်း။ ဝဇ္ဇီမင်းတို့သည် အကြင်အမျိုးနှင့်ပြည့်စုံသော မိန်းမကြီးတို့သည် လည်းကောင်း၊ အကြင်အမျိုးနှင့် ပြည့်စုံကုန်သော မိန်းမငယ်တို့သည် လည်းကောင်း ရှိကုန်၏။ ထိုမိန်းမကြီး၊ မိန်းမငယ်တို့ကိုယူ၍ အနိုင်အထက် နှိပ်စက်ညှဉ်းဆဲလျက် သံဝါသကို မပြုစေရကုန်'ဟု သင် ကြားဖူးသလော" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ 'ဝဇ္ဇီမင်းတို့သည် အမျိုးနှင့်ပြည့်စုံသော မိန်းမကြီး၊ မိန်းမငယ်တို့ကို အနိုင်အထက် နှိပ်စက်ညှဉ်းဆဲလျက် ပေါင်းဖော်နေထိုင်ခြင်းကို မပြုစေကုန်'ဟု အကျွန်ုပ် ကြားဖူးပါသည်" ဟု လျှောက်၏။

"အာနန္ဒာ။ အကြင်မျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် အမျိုးအနွယ်၊ အရွယ်အဆင်းနှင့် ပြည့်စုံကုန်သောမိန်းမတို့အား အနိုင်အထက် နှိပ်စက်ညှဉ်းဆဲခြင်းကို မပြုကုန်လတ္တံ့။ ထိုမျှလောက်သော ကာလ ပတ်လုံး ဝဇ္ဇီမင်းတို့သည် ယုတ်သည်မရှိ။ ကြီးပွားကုန်သည်သာတည်း။

၆။ "အာနန္ဒာ။ အသို့ သင် ကြားဖူးသနည်း။ 'ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်၌ တည်ကုန်သော အကြင်ဝဇ္ဇီတိုင်း၌ဖြစ်ကုန်သော နတ်တို့၏နေရာအရပ်စေတီတို့သည် ရှိကုန်၏။ ထိုစေတီတို့ကို အရိုအသေ ပြု ကုန်၏။ အလေးအမြတ် ပြုကုန်၏။ မြတ်နိုးခြင်း၊ ပူဇော်ခြင်းကို ပြုကုန်၏။ ထိုနတ်တို့အား ရှေး၌ ပြုဖူးပေး ဖူးသော၊ မဖောက်မပြန် မှန်သောသဘောရှိသော အခွန်အတုတ်ကို မယုတ်မည့်စေကုန်'ဟု သင် ကြားဖူးလေ သလော" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ 'ဝဇ္ဇီမင်းတို့သည် မြို့တွင်း၊မြို့ပြင်၌တည်ကုန်သော၊ ဝဇ္ဇီတိုင်း၌ ဖြစ်ကုန်သော နတ်တို့၏ နေရာ စေတီတို့သည် ရှိကုန်၏။ ထိုနေရာစေတီတို့ကို အရိုအသေပြုကုန်၏။ အလေးအမြတ် ပြုကုန်၏။ မြတ်နိုးခြင်း၊ ပူဇော်ခြင်းကို ပြုကုန်၏။ ထိုနတ်တို့အား ရှေး၌ ပြုဖူးပေးဖူးသော မဖောက်မပြန် မှန်သောသဘော ရှိသော အခွန်အတုတ်ကို မယုတ်မည့်စေကုန်သည်'ဟု အကျွန်ုပ် ကြားဖူးပါ၏" ဟုလျှောက်၏။

"အာနန္ဒာ။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် မြို့တွင်း၊မြို့ပြင်၌ နေကုန်သော ဝဇ္ဇီတိုင်း၌ ဖြစ်ကုန်သော နတ်တို့၏နေရာ စေတီတို့သည် ရှိကုန်၏။ ထိုနေရာ စေတီတို့ကို အရိုအသေ၊



www.burmeseclassic.com

www.burmeseclassic.com



အလေးအမြတ် ပူဇော်သက္ကာ ပြုကုန်လတ္တံ့။ ထိုနတ်တို့အား ရှေး၌ နေဖူးပြုဖူးသော မဖောက်မပြန် မှန်သော အခွန်အတုတ်ကို မယုတ်မညှိ ပေးကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် မဆုတ်မယုတ် တိုးပွားသည်သာ ဖြစ်ကုန်လတ္တံ့။

၇။ "အာနန္ဒာ။ သင်သည် အသို့ ကြားဖူးသနည်း။ 'ဝဇ္ဇီမင်းတို့သည် မလာမရောက်ကုန်သေးသော ရဟန္တာ အရှင်မြတ်တို့သည် ငါတို့နိုင်ငံသို့ လာပါကုန်အံ့နည်း။ လာရောက်ကုန်ပြီးသော ရဟန္တာအရှင်မြတ်တို့ သည်လည်း ငါတို့နိုင်ငံ၌ ချမ်းသာစွာ နေကုန်အံ့နည်း'ဟု ရဟန္တာတို့၌ တရားနှင့်လျော်သော စောင့်ရှောက်လုံခြုံ စေခြင်းကို ကောင်းစွာစီရင်အပ်၏'ဟု သင် ကြားဖူးသလော" ဟု မေးတော်မူ၏။ "အရှင်ဘုရား။ ဝဇ္ဇီမင်းတို့သည် ရဟန္တာ အရှင်မြတ်တို့အား တရားနှင့်လျော်စွာ စောင့်ရှောက်လုံခြုံစေခြင်း၌ ကောင်းစွာစီရင်ကြောင်းကို ကြားဖူး ပါ၏" ဟု လျှောက်ပေ၏။

"အာနန္ဒာ။ အကြင်မျှလောက်သော ကာလပတ်လုံး ဝဇ္ဇီမင်းတို့သည် ရောက်လာသော ရဟန္တာတို့အား တရားနှင့်လျော်စွာ စောင့်ရှောက်ကုန်လတ္တံ့။ ထိုမျှလောက်သောကာလပတ်လုံး ဝဇ္ဇီမင်းတို့အား ကြီးပွားခြင်း သည်သာ ဖြစ်ကုန်လတ္တံ့." ဟု မိန့်တော်မူပြီး၍၊

ထို့နောင်မှ မြတ်စွာဘုရားသည် ဝဿကာရပုဏ္ဏားကို ခေါ်တော်မူ၍၊ "ဝဿကာရပုဏ္ဏား။ ငါဘုရား သည် အခါတစ်ပါး၌ ဝေသာလီပြည် 'သာရန္ဒဒ' အမည်ရှိသော နတ်ကြီးနေရာ၌ နေတော်မူ၏။ ထိုအရပ်၌ ငါဘုရားသည် ဝဇ္ဇီမင်းတို့အား ၇ ပါးသော အပရိဟာနိယ တရားတို့ကို ဟောကြားတော်မူ၏။ ဝဿကာရပုဏ္ဏား။ အကြင်မျှလောက်သော ကာလပတ်လုံး ၇ ပါးသော အပရိဟာနိယတရားတို့ ဝဇ္ဇီမင်းတို့၌ တည်ကုန်လတ္တံ့။ ၇ ပါးသော အပရိယာနိယတရားတို့၌ ဝဇ္ဇီမင်းတို့သည် ထင်ကုန်လတ္တံ့။ ထိုမျှလောက်ကုန်သော ကာလ ပတ်လုံး ဝဇ္ဇီမင်းတို့အား ဆုတ်ယုတ်ခြင်းမရှိ။ တိုးပွားပြီးစီးကြီးမြင့်သည်သာ ဖြစ်ရာ၏" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် ဝဿကာရပုဏ္ဏားသည် ဘုရားသခင်အား "အရှင်ဂေါတမ။ တစ်ပါးပါး သော အပရိဟာနိယတရားနှင့် ပြည့်စုံကုန်သော ဝဇ္ဇီမင်းတို့အား ဆုတ်ယုတ်ခြင်းမည်သည် မရှိ။ ကြီးမားခြင်း သည်သာ ဖြစ်ကုန်၏။ ၇ ပါးသော အပရိဟာနိယတရားတို့နှင့် ပြည့်စုံသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ အရှင်ဂေါတမ။ ဝဇ္ဇီမင်းတို့ကို အဇာတသတ်မင်းသည် ဖြားယောင်း၍ အချင်းချင်းဖျက်ဆီးခြင်းကို ထား၍၊ စစ် ထိုး၍ ယူခြင်းငှာ မတတ်နိုင်ချေ" ဟု လျှောက်၏။

[မြတ်စွာဘုရားသည် ဝဿကာရပုဏ္ဏား၏ ဤမျှလောက်သောစကားတို့ဖြင့် နည်းရခြင်းကို သိတော်မူလျက် အဘယ့် ကြောင့် မိန့်တော်မူလေသနည်း ဟူမူကား မြတ်စွာဘုရားအား ဤသို့သောအကြံတော်သည် ဖြစ်သတတ်။ "ငါဘုရားသည် ဤသို့မဆိုသော် တစ်ရက်တည်းဖြင့်သာလျှင် ခပ်သိမ်းသောဝဇ္ဇီမင်းတို့ကို ဖမ်းလတ္တံ့။ ဤစကားကို ဆိုတော်မူသည်ရှိသော် ကား ညီညွတ်ခြင်းကို ဖျက်ဆီးလျက် ၃ နှစ်လွန်မှ ဖမ်းယူလတ္တံ့။ ဤမျှလောက်သော ကာလပတ်လုံး အသက်ရှည်သရွေ့ မိမိတို့၏ ကိုးကွယ်ရာဆောက်တည်ရာဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုရကုန်လတ္တံ့." ဟု မိန့်တော်မူသတည်း။]

ဝဿကာရပုဏ္ဏားလည်း နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍၊ "အရှင်ဂေါတမ။ အကျွန်ုပ်တို့သည် ဗဟုကိစ္စ, ဗဟုကရဏီယ များသောအမှုပြုဖွယ်ရှိကုန်သည်ဖြစ်၍ သွားခွင့်ကို ပန်ပါသည်" ဟု လျှောက်၍ အဇာတသတ်မင်းကြီးထံသို့ သွားလေ၏။

အဇာတသတ်မင်းကြီးလည်း ဝဿကာရပုဏ္ဏားကို "ဆရာ။ ဘုရား အဘယ်သို့ မိန့်တော်မူသနည်း" ဟု မေး၏။ ဝဿကာရပုဏ္ဏားလည်း "အရှင်မင်းကြီး။ အရှင်ဂေါတမ၏စကားမှာ ဝဇ္ဇီမင်းတို့ကို တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သောသူသည် ဖမ်းအံ့သောငှာ မတတ်ကောင်းရာ။ စင်စစ်သော်ကား လှည့်ပတ်ဖြားယောင်းသဖြင့် လည်းကောင်း၊ အချင်းချင်း ဖျက်သဖြင့် လည်းကောင်း ဖမ်းယူအံ့သောငှာ တတ်ကောင်းရာ၏။ အရိပ်မျှသာ ရှိချေသည်'' ဟု ဝဿကာရပုဏ္ဏား ဆို၏။

အဇာတသတ်မင်းကြီးလည်း ဝဿကာရပုဏ္ဏားကို ''ဆရာပင် လှည့်ပတ်ဖြားယောင်းသဖြင့် ဖျက်ဆီး၍ ဖမ်းယူခြင်းငှာ ထိုဝဇ္ဇီမင်းတို့ကို အဘယ်သို့ ပြုရကုန်အံ့နည်း'' ဟု မေး၏။

''ထိုသို့တပြီးကား အရှင်မင်းကြီး။ အရှင်မင်းကြီးသည် ဝဇ္ဇီမင်းတို့ကို အကြောင်းပြု၍ ပရိသတ်အလယ်၌ စကားပြောဟောခြင်းကို ဖြစ်စေကုန်လော့။ ထို စကားပြောဟောခြင်းကို ပြုပြီးသောနောင်မှ အကျွန်ုပ်သည် အရှင်မင်းကြီး။ အရှင်မင်းကြီးဥစ္စာတို့ဖြင့် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းကို ပြု၍ ထိုလိစ္ဆဝီမင်းတို့ အသက်မွေးကုန်သလော'ဟု ဆို၍ ထ၍သွားပါမည်။ ထိုသို့သွားသောအခါ၌ အရှင်မင်းကြီးသည် အကျွန်ုပ်၏အပြစ်ကို ဆိုလော့။ 'အချင်းတို့။ အသို့တုံနည်း။ ဤပုဏ္ဏားသည် ဝဇ္ဇီမင်းတို့ကိုအကြောင်းပြု၍ ဖြစ်သောစကားကို တားမြစ်သလော' ဟု ဆိုကုန်လော့။ 'နောင်အဖို့၌လည်း ဝဇ္ဇီမင်းတို့အား လက်ဆောင်လက်နက်ကို ဆက်သစေအံ့'ဟု 'ထို လက်ဆောင်ကိုလည်း ယူ' ဟူ၍၊ အရှင်မင်းကြီးတို့သည် အကျွန်ုပ်၌အပြစ်ကို တင်၍၊ နှောင်ဖွဲ့ခြင်း အစရှိသည် တို့ကို မပြုဘဲ၊ ဦးခေါင်းရိတ်ခြင်း အစရှိသည်တို့ကို ပြု၍ မြို့မှ နှင်ထုတ်ကုန်လော့။ ထိုအခါ အကျွန်ုပ်သည် လိစ္ဆဝီမင်းတို့၏ မြို့၌ မြို့၊ တံတိုင်း၊ ကျုံး၊ မြောင်းတို့ကို အားရှိရာအားနည်းရာ အရပ်၊ နက်ရာတိမ်ရာ အရပ်တို့ကို အကျွန်ုပ် သိရပြီးနောက် များမကြာမီ ဝဇ္ဇီမင်းတို့၏ ညီညွတ်ခြင်းကို ဖျက်ဆီး၍၊ အရှင်မင်းကြီးအား ကြားလျှောက်စေသည် ကာလ ကိုယ်တော်တိုင် ချီလာ၍ မခဲယဉ်းရဘဲ အလွယ်တကူ သိမ်းယူဖမ်းဆီးခြင်းကို ပြုတော်မူပါ'' ဟု ဆို၏။

အဇာတသတ်မင်းလည်း ထိုအလုံးစုံကို ပြုပေ၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် ဝဿကာရပုဏ္ဏား ရာဇဂြိုဟ်မှထွက်၍ လာကြောင်းကိုကြားလျှင်၊ ''ဝဿကာရပုဏ္ဏားအား ဂင်္ဂါမြစ်ကိုကူး၍ မလာစေလင့်။ ဆီးတားကြလေကုန်''ဟု မြို့တွင်း၌ စည်လည်စေ၏။

ထိုအရပ်၌ အချို့သောသူတို့သည် ''ဤပုဏ္ဏားကား ငါတို့၏မင်းတို့ကို အကြောင်းပြု၍ စကားဆိုရာတွင် ထို ပုဏ္ဏားကို မြို့မှနှင်ထုတ်လိုက်လေသည်တကား'' ဟု ဆိုကုန်သော်၊ ''ထိုသို့တပြီးကား အချင်းတို့။ လာစေလော့'' ဟု ဆိုကုန်၏။

ဝဿကာရပုဏ္ဏားလည်း လာလတ်၍ လိစ္ဆဝီမင်းတို့ထံ အရှိအသေခစားလေသော် လိစ္ဆဝီမင်းတို့သည် ''ဆရာ။ အဘယ်အရပ်သို့ သွားမည်လာသနည်း'' ဟု မေးကြသော်၊ 'နှင်ထုတ်၍ လာခဲ့ရကြောင်း' အလုံးစုံကို ပြန်ကြားလေ၏။

လိစ္ဆဝီမင်းတို့သည် ''မမေ့မလျော့ခြင်းမည်သည် ဤသို့ ဝန်လေးသောဒဏ်ကို ပြုအံ့သောငှာ မသင့်တကား'' ဟုဆို၍၊ ''ဆရာ။ သင့်အား ရာဇဂြိုဟ်ပြည်ဝယ် အဘယ်အရာ၌ တည်သနည်း'' ဟု မေးကုန်၏။ ''ငါသည် တရားဆုံးဖြတ်တတ်သော အမတ်ပင်တည်း'' ဟု ဆို၏။

''ဆရာ။ သင့်အား ထို တရားဆုံးဖြတ်သောအရာကို ပေးကုန်၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် ပုဏ္ဏား၏ အထံ၌ အတတ်ပညာ သင်ကြကုန်၏။

ဝဿကာရပုဏ္ဏားသည် တည်သောကျေးဇူးဂုဏ် ရှိသည်ဖြစ်၍၊ တစ်နေ့သ၌ တစ်ယောက်သော လိစ္ဆဝီမင်းသားကို ခေါ်၍၊ တင့်အပ်သောအရပ်သို့ သွား၍၊ ''သူငယ်တို့သည် လယ်ထွန်ကုန်သလော'' ဟု



www.burmeseclassic.com

www.burmeseclassic.com



မေး၏။ "လယ်ထွန်ကုန်၏" ဟု ဆိုပေသော်၊ "နွား ၂ ခုတို့ကို ကချ၍ ထွန်ကုန်သလော" ဟု မေးပြန်၏။ "နွား ၂ ခုတို့ကို ကချ၍ထွန်ကုန်၏" ဟု ဤမျှသောစကားဖြင့် ပြန်လည်ခဲ့၏။ ထို့နောင်မှ တစ်ပါးသောသူတို့သည် "သင့်ကို ဆရာ အဘယ်စကားကို ပြောဆိုသနည်း" ဟု မေးကုန်၏။ ထိုလိစ္ဆဝီမင်းသားတို့သည်လည်း "ဤမျှသောစကားကို ဆိုသည်" ဟု ပြောဆိုသော် မယုံမကြည်ဖြစ်၍၊ "ဤသူသည် ဟုတ်မှန်တိုင်းကို မဆိုချေ" ဟု ထိုသူနှင့် ကွဲ၏။

ပုဏ္ဏားသည် တစ်နေ့သ၌ တစ်ယောက်သော လိစ္ဆဝီမင်းကို ဆောင်လေ၍ "အဘယ်အမဲဟင်းလျာဖြင့် စားသနည်း" ဟုမေး၍ ပြန်ခဲ့၏။ ထိုလိစ္ဆဝီမင်းကို တစ်ပါးသောသူတို့သည် မေး၍၊ မယုံမကြည်ကုန်သဖြင့် ထို့အတူပင် ကွဲပြန်လေ၏။

ဝဿကာရပုဏ္ဏားသည် တစ်နေ့သ၌လည်း တစ်ယောက်သောလိစ္ဆဝီမင်းကို တင့်အပ်လျောက်ပတ်သော အရပ်သို့ဆောင်၍၊ "အလွန်ဆင်းရဲသလော" ဟု မေးအပ်သော်၊ လိစ္ဆဝီမင်းသည် (ဤမည်သော လိစ္ဆဝီမင်းသည်) "အလွန်ဆင်းရဲ၏" ဟု ဆို၏။

ထို့နောင် တစ်ပါးသောလိစ္ဆဝီမင်းကို ဆောင်ယူခဲ့၍၊ "သင်သည် ကြောက်တတ်သောသဘောရှိ သလော" ဟု မေးအပ်သည်ရှိသော်၊ ဤအမည်ရှိသော လိစ္ဆဝီမင်းသည် "ကြောက်တတ်သောသဘော ရှိ၏" ဟု တစ်ပါးသောမင်းသည် မဆိုဘဲလျက်၊ တစ်ပါးသောသူအား ဆိုချေ၍၊ ၃ နှစ်တို့ဖြင့် လိစ္ဆဝီမင်းတို့သည် အချင်းချင်း ကွဲ၍၊ ၂ ယောက်သောသူတို့သည် ခရီးတစ်ကြောင်းတည်း မသွားသကဲ့သို့ ကွဲပြားခြင်းကိုပြု၍၊ စည်းဝေးစိမ့်သောငှာ စည်လည်စေသော် မစည်းဝေးလေကုန်။

ထိုအခါ ဝဿကာရပုဏ္ဏားသည် အဇာတသတ်မင်းကြီးထံသို့ တမန်လွှတ်၍၊ "အရှင်မင်းကြီး။ ယခုအခါ၌ ဤသို့ ကွဲပြားခြင်း ကြီးစွာဖြစ်သည်နှင့် အခါတန်ပြီဖြစ်၍ လျင်မြန်စွာ ချီလာတော်မူပါ" ဟု သတင်းစကားကို စေလိုက်လေ၏။ အဇာတသတ်မင်းသည်း ထိုစကားကိုကြားလျှင်ပင် ရဲတင်းစည်ကြီးကို လည်စေ၍ ထွက်လေ၏။

ဝေသာလီမင်းတို့သည်လည်း အဇာတသတ်မင်းကြီး ချီလာသောသတင်းကိုကြား၍ "အဇာတသတ်မင်းအား ဂင်္ဂါမြစ်ကို ကူးခွင့်မပေးကုန်လင့်" ဟု စည်ကြီးကို လည်စေကုန်၏။ ထိုသို့ စည်လည်ကုန်သော်လည်း မစည်းဝေးလေကုန်။

"မြို့ကိုမဝင်ရအောင် တံခါးပိတ်ကုန်" ဟု စည်လည်ပါသော်လည်း တစ်ယောက်သောသူမျှ မစည်းဝေး။ ဟင်းလင်းပွင့်တိုင်းသော တံခါးအတိုင်းသာ ဖြစ်ကုန်၏။ အဇာတသတ်မင်းလည်း ထိုအခါ မခဲမယဉ်း လွယ်လင့်တကူ များစွာသောလိစ္ဆဝီမင်းတို့ကို ဖမ်းယူ၍ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်စေလျက် သွားစေ၏။

[ဝဿကာရပုဏ္ဏားသည် ဘုရားသခင်အထံတော်က ပြန်သည့်နောက် ၃ နှစ်မြောက်ကြာမှ ဝဇ္ဇီမင်းတို့ ကွဲပြားပျက်စီးခြင်းသို့ ရောက်သည်။ သို့သော်လည်း စကားစပ်ဖြစ်၍ အပြီးသတ်အောင် ဆိုလိုက်သည်။]

## ၃- ရဟန်းတို့ အပရိဟာနိယသုတ်ကို ဟောတော်မူခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဝဿကာရပုဏ္ဏားသွား၍ မကြာမြင့်မီ အရှင်အာနန္ဒာကိုခေါ်တော်မူ၍၊ "အာနန္ဒာ။ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍နေသော အလုံးစုံကုန်သောရဟန်းတို့ကို စည်းဝေးရာဇရပ်၌ စည်းဝေး ကုန်လော့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍၊ အလုံးစုံကုန်သောရဟန်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို စည်းဝေးရာဇရပ်၌ စည်းဝေးစေပြီးသော်၊ ဘုရားရှိရာသို့ ကပ်၍၊ "အရှင်ဘုရား။ အလုံးစုံကုန်သော ရဟန်းတို့သည် စည်းဝေးရာဇရပ်၌ စည်းဝေးကုန်ပြီ။ ကြွတော်မူအံ့သောအခါကို သိတော်မူပါလော့" ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ထိုစည်းဝေးရာအရပ်သို့ ကြွတော်မူ၍ ခင်းအပ်သော မြတ်သောနေရာ၌ နေတော်မူပြီးသော်၊ အပရိယာနိယသုတ်ကို ဟောတော်မူ၏။

၁။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၂။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၃။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညာပေဿန္တိ၊ ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၄။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ ယေ တေ ဘိက္ခူ ထေရာ ရတ္တညူ ပဗ္ဗဇိတာ သံဃပိတရော သံဃပရိဏာယကာ၊ တေ သက္ကရိဿန္တိဂရုံ ကရိဿန္တိ မာနေဿန္တိ ပူဇေဿန္တိ၊ တေသဉ္စသောတဗ္ဗံ မညိဿန္တ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၅။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ ဥပ္ပန္နာယ တဏှာယ ပေါနောဗ္ဘဝိကာယ န ဝသံ ဂစ္ဆိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၆။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ အာရညကေသု သေနာသနေသု သာပေက္ခာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

၇။ ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ ပစ္စတ္တညေဝ သတိံ ဥပဋ္ဌာပေဿန္တိ "ကိန္တိ အနာဂတာစ ပေသလာ သဗြဟ္မစာရီ အာဂစ္ဆေယျုံ၊ အာဂတာစ ပေသလာသဗြဟ္မစာရီ ဖာသု ဝိဟရေယျုံ" န္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဥ္စ ဘိက္ခဝေ ဣမေ သတ္တ အပရိဟာနိယာ ဓမ္မာဘိက္ခူ သု ဌဿန္တိ၊ ဣမေသု သတ္တသု အပရိဟာနိယေသု ဓမ္မေသု ဘိက္ခူ သန္ဒိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ဤ၌ အဓ္ဓကား-

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည် အဘိဏှံ၊ မပြတ်။ သန္နိပါတာ၊ စည်းဝေးကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သန္နိပါတဗဟုလာ၊ စည်းဝေးခြင်းများကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ သမဂ္ဂါ၊ အညီအညွတ်။ သန္နိပတိဿန္တိ၊ စည်းဝေးကုန်လတ္တံ့။ သမဂ္ဂါ၊ အညီအညွတ်။ ဝုဋ္ဌဟိဿန္တိ၊ ထကုန်လတ္တံ့။ သမဂ္ဂါ၊ အညီအညွတ်။ သံဃကရဏီယာနိ၊ သံဃာအား ပြုအပ်သောကိစ္စတို့ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။



www.burmeseclassic.com

www.burmeseclassic.com



၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ အပညတ္တံ၊ မပညတ်အပ်သည်ကို။ န ပညာပေဿန္တိ၊ မပညတ်ကုန်လတ္တံ့။ ပညတ္တံ၊ ပညတ်ပြီးသည်ကို။ န သမုစ္ဆိန္ဒိဿန္တိ၊ မဖြတ်ကုန်လတ္တံ့။ ယထာပညတ္တေသု၊ ပညတ်တော်မူတိုင်း ဖြစ်ကုန်သော။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌။ သမာဒါယ၊ ကောင်းစွာဆောက်တည်၍။ ဝတ္တိဿန္တိ၊ ကျင့်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သောကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ ထေရာ၊ မထေရ်ဖြစ်ကုန်သော။ ယေတေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ ရတ္တညူ၊ ညဥ့်အပိုင်းအခြားကို သိကုန်၏။ စိရပဗ္ဗဇိတာ၊ ရဟန်းပြု၍ ကြာကုန်၏။ သံဃပိတရော၊ သံဃာတို့၏ဖခင် ဖြစ်ကုန်၏။ သံဃပရိဏာယကာ၊ သံဃာတို့၏အကြီးဖြစ်ကုန်၏။ တေ၊ ထိုမဟာထေရ်ကြီးတို့ကို။ သက္ကရိဿန္တိ၊ အရိုအသေပြုကုန်လတ္တံ့။ ဂရုံကရိဿန္တိ၊ အလေးအမြတ်ပြုကုန်လတ္တံ့။ မာနေဿန္တိ၊ မြတ်နိုးကုန်လတ္တံ့။ ပူဇေဿန္တိ၊ ပူဇော်ကုန်လတ္တံ့။ တေသံ၊ ထိုမထေရ်ကြီးတို့၏။ ဝစနံ၊ စကားကို။ သောတဗ္ဗံ၊ နာအပ်သည်ကို မညိဿန္တိ၊ အောက်မေ့ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပ္ပန္နာယ၊ မိမိသန္တာန်၌ဖြစ်သော။ ပေါနောဗ္ဘဝိကာယ၊ ဘဝသစ်ကို ဖြစ်စေတတ်သော သဘောရှိသော။ တဏှာယ၊ တဏှာ၏။ ဝသံ၊ နိုင်ငံသို့။ နဂစ္ဆိဿန္တိ၊ မလိုက်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာရညကေသု၊ တောကျောင်းဖြစ်ကုန်သော။ သေနာသနေသု၊ ကျောင်းတို့၌။ သာပေက္ခာ၊ ငဲ့သောစိတ်ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပစ္စတ္တညေဝ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌သာလျှင်။ သတိံ၊ သတိကို။ ဥပဋ္ဌာပေဿန္တိ၊ ဖြစ်စေကုန်လတ္တံ့။ ကိန္တိ၊ အသို့နည်း။ အနာဂတာ၊ မလာကုန်သေးသော။ ပေသလာ၊ သီလကိုချစ်မြတ်နိုးကုန်သော။ သဗြဟ္မစာရီစ၊ သီတင်းသုံးဖော်တို့သည်လည်း။ အာဂစ္ဆေယျုံ၊ လာပါကုန်အံ့နည်း။ အာဂတာ၊ လာကုန်ပြီးသော။ ပေသလာ၊ သီလကိုချစ်မြတ်နိုးကုန်သော။ သဗြဟ္မစာရီစ၊ သီတင်းသုံးဖော်တို့သည်လည်း။ ဖာသု၊ ချမ်းသာစွာ။ ဝိဟရေယျုံ၊ နေပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သတိံ၊ သတိကို။ ဥပဋ္ဌာပေဿန္တိ၊ ဖြစ်စေကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဉ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သတ္တ၊ ၇ ပါးကုန်သော။ အပရိဟာနိယာ၊ မယုတ်ကုန်သော။ ဓမ္မာ၊ ဤတရားတို့သည်။ ဘိက္ခူသု၊ ရဟန်းတို့၌။ ဌဿန္တိ၊ တည်ကုန်



www.burmeseclassic.com

www.burmeseclassic.com



လတ္တံ့။ သတ္တသု၊ ၇ ပါးကုန်သော။ အပရိဟာနိယေသု၊ မယုတ်ကုန်သော။ ဓမ္မေသု၊ ဓမ္မေသု၊ ဤတရားတို့၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သန္ဒိဿန္တိ၊ ထင်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝကီဝဥ္စ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝုဒ္ဓိယေဝ၊ ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။

ထို့နောင်မှ 'အပရေပိ ဘိက္ခဝေ သတ္တ အပရိဟာနိယေ ဓမ္မေ ဒေသိဿာမိ' အစရှိသည်ဖြင့် အပရိဟာနိယတရား တို့ကို ဟောတော်မူပေ၏။

## ၄- အမ္ဗလဋ္ဌိကအရပ်, နာဠန္ဒအရပ်သို့ ကြွတော်မူခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးမှ "အာနန္ဒာ။ အမ္ဗလဋ္ဌိက အရပ်သို့ သွားကြကုန်အံ့" ဟု ခေါ်တော်မူ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံ တော်မူ၏။ အရှင်အာနန္ဒာသည် အနီး၌နေသောသူဖြစ်၍ ခေါ်တော်မူသတည်း။ အရှင်အာနန္ဒာက တစ်ဖန် သံဃာ တော်တို့အား အကြောင်းကြားပြန်ပေ၏။

['မွေ့လျော်တော်မူသရွေ့' ဟူရာ၌ ဘုရားသခင်တို့အား 'မွေ့လျော်ခြင်း, တောင့်တခြင်း မရှိ။ အလိုတော်ရှိသမျှ နေတော်မူသည်'ကို ဆိုလိုသည်။]

ထိုအခါ၌ များစွာသောရဟန်းသံဃာတို့နှင့် တကွကြွတော်မူ၍ အမ္ဗလဋ္ဌိကဝယ် မင်းတို့၏စည်းဝေးရာ အရပ်၌ နေတော်မူ၏။ ထိုအမ္ဗလဋ္ဌိက၌လည်း ကြီးပွားခြင်းအကြောင်းဖြစ်သော တရားဒေသနာကိုသာလျှင် ရဟန်းတို့အား ဟောကြားတော်မူ၏။

သဗ္ဗညုမြတ်စွာဘုရားသည် အမ္ဗလဋ္ဌိက၌ မွေ့လျော်တော်မူသရွေ့ နေပြီးသော်၊ အရှင်အာနန္ဒာကို "နာဠန္ဒ အရပ်သို့ သွားကြကုန်အံ့" ဟု ခေါ်တော်မူ၏။ "အရှင်ဘုရား။ ကောင်းပါပြီ" ဟု ဝန်ခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းသံဃာနှင့်တကွ နာဠန္ဒအရပ်သို့ ကြွတော်မူ၍၊ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌နေတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှိရာသို့ ချဉ်းကပ်၍ လျောက်ပတ်သောအရပ်၌ ရှိခိုးလျက်နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် မြတ်စွာဘုရားအား ဤသို့သောအကြောင်းကြောင့် ကြည်ညိုခြင်းရှိ၏။ အဘယ်ကြောင့် ကြည်ညိုခြင်းရှိသနည်း ဟူမူကား- အလုံးစုံသောတရားကို သိခြင်း၌ မြတ်စွာဘုရားထက်လွန် သော ဉာဏ်ရှိသောသူ, (တူမျှသောသူ) ရှေး၌လည်း မဖြင်စဘူး။ နောက်ကာလ၌လည်း မဖြစ်လတ္တံ့။ ယခု ပစ္စုပ္ပန်၌လည်း မရှိ။ ထို့ကြောင့် အကျွန်ုပ်သည် မြတ်စွာဘုရားအား ကြည်ညိုခြင်းရှိ၏" ဟု လျှောက်ပေ၏။

ဘုရားသခင်လည်း "သာရိပုတ္တရာ။ သင်သည် မြတ်သော, ယုံမှားခြင်းကင်းသော စကားကို ဆိုအပ်၏။ အပိုင်းအခြားမရှိသော စကားကို ဆိုအပ်၏။ သာရိပုတ္တရာ။ အသို့တုံနည်း။ လွန်လေပြီးသော ကာလ၌လည်း မြတ်သောအလျှုကို ခံထိုက်ကုန်သော၊ ဘုန်း ၆ ပါးနှင့် ပြည့်စုံကုန်သော အကြင်မြတ်စွာဘုရားတို့သည် ဖြစ်လေ ကုန်ပြီ။ ထိုမြတ်စွာဘုရားတို့သည် ဤသို့ အလေ့အကျက် ရှိကုန်ပြီ။ ဤသို့ သဘောရှိကုန်ပြီ။ ဤသို့ပညာ နှင့် ပြည့်စုံကုန်ပြီ။ ဤသို့ သမာပတ်ချမ်းသာကို ခံစားခြင်း ရှိကုန်ပြီ။ ဤသို့ ကိလေသာမှလွတ်တော်မူ ကုန်ပြီ။ ဤသို့ သင်ချစ်သား သာရိပုတ္တရာ၏စိတ်ဖြင့် ထိုဘုရားတို့၏စိတ်ကို ပိုင်းခြား၍ ထိုမြတ်စွာဘုရား တို့ကို သင် သိအပ်သလော" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ဤသို့သိခြင်းသည် မရှိ" ဟု လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သာရိပုတ္တရာ။ လာလတ္တံ့သောကာလ၌ ပစ္စည်း ၄ ပါးကိုခံထိုက်ကုန်သော၊ ဘုန်း ၆ ပါးနှင့်ပြည့်စုံကုန်သော ထိုမြတ်စွာဘုရားတို့သည် ဖြစ်ကုန်လတ္တံ့။ ထိုမြတ်စွာဘုရားတို့သည် ဤသို့ အလေ့အကျက် ရှိကုန်လတ္တံ့။ ဤသို့ သဘောရှိကုန်လတ္တံ့။ ဤသို့ ပညာနှင့် ပြည့်စုံကုန်လတ္တံ့။ ဤသို့ သမာပတ်ချမ်းသာကို ခံစားခြင်း ရှိကုန်လတ္တံ့။ ဤသို့သော ကိလေသာမှလွတ်တော်မူကုန်လတ္တံ့ဟု သင်ချစ်သားစိတ်ဖြင့် ထိုဘုရားတို့၏စိတ်ကို ပိုင်းခြား၍ သိအပ်သလော" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ဤသို့သိခြင်းသည် မရှိ" ဟု လျှောက်၏။

"သာရိပုတ္တရာ။ ယခု ပစ္စုပ္ပန်၌ ပစ္စည်း ၄ ပါးကို ခံထိုက်သော၊ မဖောက်မပြန် အလုံးစုံသောတရားတို့ကို အလိုလိုသာလျှင် သယမ္ဘူဉာဏ်ဖြင့်သိပြီးသော ငါဘုရားကို 'ဤသို့သဘော အလေ့အကျက် ရှိကုန်၏။ ဤသို့ပညာနှင့် ပြည့်စုံကုန်၏။ ဤသို့သမာပတ်ချမ်းသာကို ခံစားခြင်း ရှိကုန်၏။ ဤသို့ကိလေသာမှ လွတ်တော်မူကုန်၏'ဟု သင်၏စိတ်ဖြင့် ငါဘုရား၏စိတ်တော်ကို ပိုင်းခြား၍သိသလော" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ ဤသို့သိခြင်းသည် မရှိ" ဟု လျှောက်၏။

"သာရိပုတ္တရာ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ ဖြစ်ကုန်သော ပစ္စည်း ၄ ပါးကို ခံထိုက်ကုန်သော၊ ထိုဘုရားတို့၏စိတ်ကို ပိုင်းခြား၍သိသော သင်၏ဉာဏ်သည် မရှိ။ ထိုသို့မရှိဘဲလျက် အဘယ်ကြောင့်လျှင် 'အရှင်ဘုရား။ ခပ်သိမ်းသော တရားတို့ကိုသိခြင်း၌ မြတ်စွာဘုရားထက် လွန်သောဉာဏ်ရှိသော ရဟန်း၊ ပုဏ္ဏားတစ်ပါးပါးသည် ရှေးကာလ၌လည်း မဖြစ်စဘူး။ နောင်ကာလ၌လည်း မဖြစ်လတ္တံ့။ ယခုပစ္စုပ္ပန်၌လည်း မရှိ။ ဤသို့သောအကြောင်းကြောင့် အကျွန်ုပ်သည် မြတ်စွာဘုရား၌ ကြည်ညို၏'ဟု သာရိပုတ္တရာ။ 'သင်သည် မကြောက်မရွံ့ မြတ်သောစကားကို ဆိုဘိသနည်း" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ အကျွန်ုပ်အား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၌ဖြစ်ကုန်သော၊ ပစ္စည်း ၄ ပါးကို ခံထိုက်ကုန်သောဘုရားတို့၌ မြတ်စွာဘုရား၏ စိတ်တော်ကို ပိုင်းခြား၍သိသော ဉာဏ်ပင် မရှိငြားသော်လည်း အကျွန်ုပ်သည် တရားအစဉ်ကို သိအပ်၏။

"အရှင်ဘုရား။ ဉပမာ အဘယ်ကဲ့သို့နည်းဟူမူကား- မင်း၏ အဆုံးစွန်ဖြစ်သောမြို့သည် မြဲမြံခိုင်ခံ့သော တံခါးတိုင်၊ တံခါးရွက် တစ်ခုတည်းသောတံခါး ရှိသည်။ ထိုမြို့၌ ပစ္စုပ္ပန်၊ သံသရာအကျိုးကို သိနိုင်သောပညာနှင့် ပြည့်စုံသော၊ အထူးထူးသောအရာတို့၌ လိမ္မာသော၊ ထက်မြက်လျင်လျားသောပညာနှင့် ပြည့်စုံသော မသိသောသူတို့ကို တားမြစ်တတ်သော၊ သိသောသူတို့ကိုသာ ဝင်စေသော တံခါးစောင့်သည် ရှိသည် ဖြစ်ရာ၏။ ထိုတံခါးစောင့်သည် ထိုမြို့၏ထက်ဝန်းကျင်မှ လည်၍ သွားသောခရီးကို ကြည့်ရှုဆင်ခြင်သော် မြို့တံတိုင်း၏ အပေါက်အပြတ်တို့ကို မမြင်။ အယုတ်သဖြင့် ကြောင် ထွက်လောက်ရုံမျှသော အပေါက်ကိုမျှလည်း မမြင်ရာ။ ထိုတံခါးစောင့်၏ ဤသို့သော နှလုံးသွင်းအကြံသည် ဖြစ်ရာ၏။ 'အလုံးစုံသော ကြီးသောကိုယ်ရှိသော သတ္တဝါတို့သည် ဤမြို့သို့ ဝင်လည်းဝင်ကုန်၏။ ဤမြို့မှ ထွက်လည်းထွက်ကုန်၏'ဟု နှလုံးသွင်းနိုင်သကဲ့သို့ ထို့အတူလျှင် အကျွန်ုပ်သည် တရားအစဉ်ကို သိ၏။

"အရှင်ဘုရား။ လွန်လေပြီးသောကာလ၌ ပစ္စည်း ၄ ပါးကို ခံထိုက်ကုန်သောဘုန်းတန်ခိုးနှင့် ပြည့်စုံကုန်သော မြတ်စွာဘုရားတို့သည် ဖြစ်ကုန်ပြီ။ ထိုမြတ်စွာဘုရားတို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော၊ ပညာ၏အားနည်းခြင်းကို ပြုမူတတ်ကုန်သော နီဝရဏ ၅ ပါးတို့ကို စွန့်ကုန်၍၊ ၄ ပါးကုန်သော သတိပဋ္ဌာန်တို့၌ အမြဲတည်သောစိတ် ရှိကုန်သည်ဖြစ်၍၊ ဗောဇ္ဈင် ၇ ပါးတို့ကို ပွားစေ၍ မိမိထက် လွန်မြတ်သော တရားမရှိသော သဗ္ဗညုတဉာဏ်ကို သိတော်မူကုန်ပြီ။ အနာဂတ်ကာလ၌လည်း အလုံးစုံသောဘုရားသခင်တို့သည် သဗ္ဗညုတဉာဏ်ကို သိတော်မူကုန်လတ္တံ့။ ပစ္စုပ္ပန်၌လည်း သိတော်မူကုန်၏။ ဤသို့ တရားအစဉ်ကို အကျွန်ုပ်သိ၏" ဟု လျှောက်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗညုမြတ်စွာဘုရားသည် နာဋ္ဌနှပြည်၌ အလိုတော်ရှိသရွေ့ နေတော်မူပြီးသော် အရှင်အာနန္ဒာကို "အာနန္ဒာ။ ပါဋလိရွာသို့ သွားကြကုန်အံ့" ဟု ခေါ်တော်မူ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းတို့နှင့်တကွ ပါဋလိရွာသို့ ကြွတော်မူ၏။

ထိုအခါ ပါဋလိရွာ၌နေကုန်သော ဥပါသကာတို့သည် "ဘုရားသဗ္ဗညုသည် ယခုအခါ ပါဋလိရွာသို့ ရောက်တော်မူပြီ" ဟု ကြားကုန်၍ ဘုရားရှိရာသို့ကပ်ကုန်ပြီးသော် မြတ်စွာဘုရားကို အရိုအသေရှိခိုး၍ လျှောက်ပတ်ရာအရပ်၌ နေကုန်ပြီးသော်၊ မြတ်စွာဘုရားကို "အရှင်ဘုရား။ ညည့်သည်တို့ တည်းစရာဇရပ်၌ သီတင်းသုံးနေတော်မူစေချင်၏" ဟု လျှောက်၏။

[ထိုပါဋလိရွာသားတို့သည် ဘုရားကြွတော်မူကြောင်းကို ကြားကုန်၍၊ "ဘုရားသခင်သည် အလိုလိုကြွတော်မူပေသည်။ ညည့်သည်တို့၏ တည်းခိုရာအိမ်၌ မင်္ဂလာစကားကို ဟောကြားတော်မူစေရသော်ကား ကောင်း၏" ဟု တည်းခိုရန် လျှောက်သတည်း။]

## ၅- သီလနှင့် မပြည့်စုံခြင်း၏အပြစ်, ပြည့်စုံခြင်း၏အကျိုးကို ဟောပြခြင်း

မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်ဖြစ်၍ သည်းခံတော်မူပေ၏။ ထိုအခါ၌ ပါဋလိရွာသား သီတင်းသည် ဥပါသကာတို့သည် မြတ်စွာဘုရား၏ သည်းခံတော်မူခြင်းကို သိ၍ နေရာမှထပြီးသော်၊ မြတ်စွာဘုရားကို ရှိခိုး၍၊ လက်ယာရစ်လှည့်သည်ကို ပြု၍၊ ညည့်သည်တို့၏ တည်းစရာအိမ်သို့ သွားကုန်ပြီးသော် အလုံးစုံသော ခင်းနှီးတို့ဖြင့် ခင်း၍၊ ရေအိုးတို့ကို တည်ထားကုန်၍၊ ဆီမီးထွန်း၍၊ ဘုရားရှိရာသို့ ချဉ်းကပ်ကုန်၍၊ "အရှင်ဘုရား။ ညည့်သည်တို့၏ တည်းခိုရာအိမ်ကို အကျွန်ုပ်တို့သည် အလုံးစုံသော ခင်းနှီးပြောက်တို့ဖြင့် ခင်းအပ်ပြီးသော အသီးသီးဖြစ်သောနေရာကို ခင်း၍ ရေအိုးကြီးတို့ကိုလည်း တည်ထားပါကုန်ပြီ။ ဆီမီးတိုင်ထက်၌ ဆီမီးကို တင်ညှိကုန်ပြီ။ ယခုအခါ၌ ကြွတော်မူအံ့သောကာလကို သိတော်မူပါလော့" ဟု လျှောက်ကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ရဟန်းသံဃာနှင့်တကွ ညည့်သည်တို့၏တည်းခိုရာဇရပ်သို့ ဝင်၍ အလယ်သည်တိုင်ကိုမှီလျက် အရှေ့မျက်နှာသို့ ရှေးရှုနေတော်မူ၏။ ရဟန်းသံဃာတော်တို့သည်လည်း အနောက်သည်တိုင်ကို မှီ၍ အရှေ့သို့မျက်နှာပြုလျက် မြတ်စွာဘုရားကိုသာလျှင် ရှေးရှုနေကုန်၏။ ပါဋလိရွာသား ဥပါသကာတို့သည် ညည့်သည်တို့၏တည်းစရာဇရပ်သို့ ဝင်ကုန်၏။ အရှေ့သည်တိုင်ကိုမှီကုန်၍ အနောက်သို့ မျက်နှာပြုကုန်လျက် ဘုရားသို့ ရှေးရှုနေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို ခေါ်တော်မူ၍ တရားဒေသနာကို ဟောတော်မူ၏။

'ပဉ္စိမေ ဂဟပတယော အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ။ ကတ မေ ပဉ္စ-

- ဣဓ ဂဟပတယော ဒုဿီလော သီလဝိပန္နော ပမာဒါဓိကရဏံ မဟတိံ ဘောဂဇာနိံ နိဂစ္ဆတိ၊ အယံ ပဌမော အာဒီနဝေါ ဒုဿီလဿ သီလဝိပတ္တိယာ။
- ပုန စ ပရံ ဂဟပတယော ဒုဿီလဿ သီလဝိပန္နဿပါပကော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယံ ဒုတိယော အာဒီနဝေါ ဒုဿီလဿ သီလဝိပတ္တိယာ။



www.burmeseclassic.com

www.burmeseclassic.com



- ပုန စ ပရံ ဂဟပတယော ဒုဿီလော သီလဝိပန္နော ယညု ဒေ၀ ပရိသံ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယပရိသံ၊ ယဒိ ဗြာဟ္မဏ ပရိသံ၊ ယဒိ ဂဟပတိပရိသံ၊ ယဒိ သမဏပရိသံ အဝိသာရဒေါ ဥပသင်္ကမတိ မင်္ကုဘူတော၊ အယံ တတိယော အာဒီနဝေါ ဒုဿီလဿ သီလဝိပတ္တိယာ။
- ပုန စ ပရံ ဂဟပတယော ဒုဿီလော သီလဝိပန္နော သမ္မူဠှော ကာလင်္ကရောတိ၊ အယံ စတုတ္ထော အာဒီနဝေါ ဒုဿီလဿ သီလဝိပတ္တိယာ။
- ပုန စ ပရံ ဂဟပတယော ဒုဿီလော သီလဝိပန္နော ကာယဿဘေဒါ ပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ အယံ ပဉ္စမော အာဒီနဝေါ ဒုဿီလဿ သီလဝိပတ္တိယာ။

ဣမေခေါ ဂဟပတယော ပဉ္စ အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ။ ဤသို့ ဟောတော်မူ၏။

ဤ၌ အဓိပ္ပာယ်ကား-

- 'ဂဟပတယော၊ ဒါယကာတို့။ ဣဓလောကေ၊ ဤလူ့ရွာ၌။ သီလဝိပန္နော၊ သီလပျက်သော။ ဒုဿီလော၊ ဒုဿီလဖြစ်သောလူသည်။ ပမာဒါဓိကရဏံ၊ သီလ၌ မေ့လျော့ခြင်းကြောင့်။ မဟတိံ၊ များသော။ ဘောဂဇာနိံ၊ စည်းစိမ်ဥစ္စာ ယုတ်ခြင်းသို့။ နိဂစ္ဆတိ၊ ရောက်၏။ အယံ၊ ဤသည်လျှင်။ ဒုဿီလဿ၊ သီလမရှိသော သူ၏။ သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့်။ ပဌမော၊ ရှေးဦးစွာသော။ အာဒီနဝေါ၊ အပြစ်တည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ ဒုဿီလဿ၊ သီလမရှိသော။ သီလဝိပန္နဿ၊ သီလပျက်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ပါပကော၊ ယုတ်မာသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။ အယံ၊ ဤသည်လျှင်။ ဒုဿီလဿ၊ သီလမရှိသော သူ၏။ သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့်။ ဒုတိယော၊ ၂ ခုမြောက်သော။ အာဒီနဝေါ၊ အပြစ်တည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ သီလဝိပန္နော၊ သီလပျက်သော။ ဒုဿီလော၊ သီလမရှိသောသူသည်။ ယညု ဒေဝပရိသံ၊ အကြင်အကြင် ပရိသတ်တို့။ ဥပသင်္ကမတိ၊ ကပ်၏။ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊ အကယ်၍ ကပ်အံ့။ ဗြာဟ္မဏပရိသံ၊ ပုဏ္ဏားပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊ အကယ်၍ ကပ်အံ့။ ဂဟပတိပရိသံ၊ သူကြွယ်ပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊ အကယ်၍ ကပ်အံ့။ သမဏပရိသံ၊ ရဟန်းပရိသတ်သို့။ ယဒိဥပသင်္ကမတိ၊ အကယ်၍ ကပ်အံ့။ ဧဝံ၊ ဤသို့ ကပ်သည်။ သတိ၊ ရှိသော်။ အဝိသာရဒေါ၊ ရွံ့ရှာကြောက်လန့်သည်ဖြစ်၍။ ဥပသင်္ကမတိ၊ ကပ်ရ၏။ မင်္ကုဘူတော၊ မျက်နှာမသာသည်ဖြစ်၍။ ဥပသင်္ကမတိ၊ ကပ်ရ၏။ အယံ၊ ဤသည်လျှင်။ ဒုဿီလဿ၊ သီလမရှိသော သူ၏။ သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့်။ တတိယော၊ ၃ ခုမြောက်သော။ အာဒီနဝေါ၊ အပြစ်တည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ သီလဝိပန္နော၊ သီလပျက်သော။ ဒုဿီလော၊ သီလမရှိသောသူသည်။ သမ္မူဠှော၊ တွေဝေသည်ဖြစ်၍။ ကာလံ၊ စုတေခြင်းကို။ ကရောတိ၊ ပြုရ၏။ အယံ၊ ဤသည်လျှင်။ ဒုဿီလဿ၊ သီလမရှိသော သူ၏။ သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့်။ စတုတ္ထော၊ ၄ ခုမြောက်သော။ အာဒီနဝေါ၊ အပြစ်တည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ သီလဝိပန္နော၊ သီလပျက်သော။ ဒုဿီလော၊ သီလမရှိသောသူသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံမရဏာ၊ စုတိစိတ်၏နောက်၌။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသောအလားး ဖြစ်ထသော။ ဝိနိပါတံ၊ စည်းစိမ်ဥစ္စာမှချို့ထသော။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ-ဥပဂစ္ဆတိ၊ ရောက်၏။ အယံ၊ ဤသည်လျှင်။ ဒုဿီလဿ၊ သီလမရှိသော သူ၏။ သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့်။ ပဉ္စမော၊ ၅ ခုမြောက်သော။ အာဒီနဝေါ၊ အပြစ်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဂဟပတယော၊ ဒါယကာတို့။ ဒုဿီလဿ၊ သီလမရှိသောသူသည်။ သီလဝိပတ္တိယာ၊ သီလပျက်ခြင်းကြောင့်။ အာဒီနဝါ၊ အပြစ်တို့သည်။ ပဉ္စိမေ၊ ဤ ၅ ပါးတို့တည်း။

ဤသို့ သီလမရှိသောသူတို့၏အပြစ်ကို ဟောတော်မူပြီး၍ သီလနှင့်ပြည့်စုံသောသူတို့၏အကျိုးကို ဟောတော်မူလိုရကား-

ပဉ္စိမေ ဂဟပတယော အာနိသံသာ သီလဝတော သီလသမ္ပဒါယ၊ ကတမေပဉ္စ-

- ဣဓ ဂဟပတယော သီလဝါ သီလသမ္ပန္နော အပ္ပမာဒါ ဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ၊ အယံပဌမော အာနိသံသော သီလဝတော သီလသမ္ပဒါယ။
- ပုနစ ပရံ ဂဟပတယော သီလဝတော သီလသမ္ပန္နော ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ အယံ ဒုတိယော အာနိသံသော သီလဝတော သီလသမ္ပဒါယ။
- ပုနစ ပရံ ဂဟပတယော သီလဝါ သီလသမ္ပန္နော ယံယဒေဝ ပရိသံ ယဒိ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယပရိသံ၊ ယဒိ ဗြာဟ္မဏ ပရိသံ၊ ယဒိ ဂဟပတိပရိသံ၊ ယဒိ သမဏပရိသံ၊ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော၊ အယံ တတိယော အာနိသံသော သီလဝတော သီလသမ္ပဒါယ။
- ပုနစ ပရံ ဂဟပတယော သီလဝါ သီလသမ္ပန္နော အသံမူဠှော ကာလံကရောတိ၊ အယံ စတုတ္ထော အာနိသံသော သီလဝတော သီလသမ္ပဒါယ။
- ပုနစ ပရံ ဂဟပတယော သီလဝါ သီလသမ္ပန္နော ကာယဿဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ အယံ ပဉ္စမော အာနိသံသော သီလဝတော သီလသမ္ပဒါယ။

ဣမေ ခေါ ဂဟပတယော အာနိသံသာ သီလဝတော သီလသမ္ပဒါယ။' ဤသို့ဟောတော်မူ၏။

ဤ၌ အနက်ကား-

'ဂဟပတယော၊ ဒါယကာတို့။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေပဉ္စ၊ ဤ ၅ ပါးတို့တည်း။ ပဉ္စ၊ ၅ ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား-

- 'ဂဟပတယော၊ ဒါယကာတို့။ ဣဓ၊ ဤလောက၌။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အပ္ပမာဒါ ဓိကရဏံ၊ သီလ၌မမေ့မလျော့ပြုခြင်းကြောင့်။ မဟန္တံ၊ ကြီးစွာသော။ ဘောဂက္ခန္ဓံ၊ စည်းစိမ်အစုကို။ အဓိဂစ္ဆတိ၊ ရ၏။ အယံ၊ ဤသည်လျှင်။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ ပဌမော၊ ရှေးဦးစွာသော။ အာနိသံသော၊ အကျိုးတည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ သီလဝတော၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ချီးမွမ်းသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နံ့၍တတ်၏။ အယံ၊ ဤသည်လျှင်။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ ဒုတိယော၊ ၂ ခုမြောက်သော။ အာနိသံသော၊ အကျိုးတည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ ဣဓ၊ ဤလောက၌။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ယံယဒေဝ ပရိသံ၊ အကြင်ပရိသတ်သို့။ ဥပသင်္ကမတိ၊ ကပ်၏။ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍

www.burmeseclassic.com



ကပ်ငြားအံ့။ ဗြာဟ္မဏပရိသ်၊ ပုဏ္ဏားပရိသတ် သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်ငြားအံ့။ ဂဟပတိပရိသ်၊ သူကြွယ်ပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်ငြားအံ့။ သမဏပရိသ်၊ ရဟန်းပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်ငြားအံ့။ဝိသာရဒေါ၊ ရဲရင့်သည်ဖြစ်၍။ ဥပသင်္ကမတိ၊ ကပ်ရ၏။ အမင်္ကုဘူတော၊ ရှင်သောမျက်နှာရှိသည်ဖြစ်၍။ ဥပသင်္ကမတိ၊ ကပ်ရ၏။ အယံ၊ ဤသည်လျှင်။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ တတိယော၊ ၃ ခုမြောက်သော။ အာနိသံသော၊ အကျိုးတည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အသံမူဠော၊ မတွေဝေသည်ဖြစ်၍။ ကာလံ၊ စုတေခြင်းကို။ ကရောတိ၊ ပြုရ၏။ အယံ၊ ဤသည်လျှင်။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ စတုတ္ထော၊ ၄ ခုမြောက်သော။ အာနိသံသော၊ အကျိုးတည်း။

- 'ပုန၊ တစ်ဖန်။ ပရံစ၊ တစ်ပါးလည်း။ ဂဟပတယော၊ ဒါယကာတို့။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရမ္မရဏာ၊ စုတိစိတ်၏ နောက်၌။ သုဂတိံ၊ ကောင်းမှုရှိသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ၊ မြတ်သော ရူပါရုံ အစရှိသည်တို့၏ တည်ရာဖြစ်သော။ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ-ဥပဂစ္ဆတိ၊ ရောက်၏။ အယံ၊ ဤသည်လျှင်။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ ပဉ္စမော၊ ၅ ခုမြောက်သော။ အာနိသံသော၊ အကျိုးတည်း။

ဂဟပတယော၊ ဒါယကာတို့။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံခြင်းကြောင့်။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေပဉ္စ၊ ဤ ၅ ပါးတို့တည်း။

ဤသို့ မြတ်စွာဘုရားသည် ပါဋလိရွာသားဥပါသကာတို့အား တရားအမြိုက်ရေကို ဟောကြားတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာ၌နေကုန်သော ဥပါသကာတို့ကို များစွာသောညဉ့်ပတ်လုံး သီလနှင့်စပ်သောစကားဖြင့် ကောင်းမွန်စွာ ညွှန်ပြတော်မူ၍၊ "ဒါယကာတို့။ ညဉ့်ဦးယံလွန်သည်ရှိသော် ယခုအခါ၌ သင်ဒါယကာတို့သည် သွားရာအံ့သော အခါကာလကို သိကုန်လော့" ဟု တိုက်တွန်းတော်မူ၏။

ပါဋလိရွာသား ဥပါသကာတို့သည်လည်း "အရှင်ဘုရား။ ကောင်းပါပြီ"ဟု ဘုရားသခင်၏ စကားတော်ကို ဝန်ခံ၍၊ နေရာမှထပြီးသော် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ လက်ယာရစ်လှည့်ပြီးသည်ကို ပြု၍ သွားလေကုန်၏။

## ၆- ပါဋလိမြို့တည်သည်ကို ပြခြင်း

ထိုသို့ သွားလေသောအခါ၌ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့သွား၍ မကြာမြင့်မီ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်တော်မူလေ၏။

ထိုအခါ၌ မဂဓရာဇ်မင်း၏အမတ် ပုရောဟိတ်ဖြစ်ကုန်သော သုနိဓ ပုဏ္ဏား၊ ဝဿကာရပုဏ္ဏား ၂ ယောက်တို့သည် ပါဋလိရွာ၌ ဝဇ္ဇီမင်းတို့ကို တားမြစ်ခြင်းငှာ မြို့ကိုဖန်ဆင်းစီရင် ကုန်၏။ ထိုအခါ၌ များသောနတ်တို့သည် ၁၀၀၀ အစရှိကုန်သည် ဖြစ်၍ ဤပါဋလိရွာ၌ အိမ်ရာတို့ကိုယူကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



- အကြင်အရပ်၌ တန်ခိုးကြီးကုန်သောနတ်တို့သည် အိမ်ရာကို ယူကုန်၏။ ထိုအရပ်၌ ကြီးသောတန်ခိုးရှိကုန်သောမင်း၏ အမတ်အစရှိကုန်သော သူတို့သည် အိမ်တို့ကို ဖန်ဆင်းလုပ်ဆောင်အံ့သောငှာ စိတ်ညွတ်ကုန်၏။
- အကြင်အရပ်၌ အလတ်ဖြစ်ကုန်သောနတ်တို့သည် အိမ်ရာတို့ကို ယူကုန်၏။ ထိုအရပ်၌ အလတ်ဖြစ်ကုန်သောမင်းတို့၏ လည်းကောင်း, မင်း၏အမတ်ကြီးတို့၏ လည်းကောင်း အိမ်ရာတို့ကို ဖန်ဆင်းခြင်းငှာ စိတ်ညွတ်ကုန်၏။
- အကြင်အရပ်၌ အငယ်ဖြစ်ကုန်သောနတ်တို့သည် အိမ်ရာတို့ကို ယူကုန်၏။ ထိုအရပ်၌ ငယ်ကုန်သောမင်းတို့၏ လည်းကောင်း, မင်း၏အမတ်ကြီးတို့၏ လည်းကောင်း အိမ်တို့ကို ဖန်ဆင်းလုပ်ဆောင်အံ့သောငှာ စိတ်ညွတ်ကုန်၏။

မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ၁၀၀၀ အစုရှိသည်ဖြစ်၍ အိမ်ရာတို့ကိုယူကုန်သောနတ်တို့ကို မြင်တော်မူလေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုညဉ့်မိုးသောက်ထ၍ စောစောထတော်မူ၍ အရှင်အာနန္ဒာကို "အာနန္ဒာ။ အဘယ်သူသည် ပါဋလိရွာ၌ မြို့ကိုဖန်ဆင်းသနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ မဂဓရာဇ်မင်းကြီး၏အမတ် ပုရောဟိတ်ဖြစ်ကုန်သော သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏားတို့သည် ပါဋလိရွာ၌ ဝဇ္ဇီမင်းတို့ကို တားမြစ်ခြင်းငှာ မြို့ကို ဖန်ဆင်းကုန်သည်" ဟု လျှောက်၏။

"အာနန္ဒာ။ သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏားတို့သည် တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ ဖန်ဆင်းကုန်သကဲ့သို့၊ ပါဋလိရွာ၌ ဝဇ္ဇီမင်းတို့ကို တားမြစ်ခြင်းငှာ ဖန်ဆင်းကုန်၏။

"အာနန္ဒာ။ ငါဘုရားသည် ဤအရပ်၌ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ၁၀၀၀-၁၀၀၀ အစုပြု၍ ပါဋလိရွာ၌ အိမ်ရာယူကုန်သော နတ်တို့ကို မြင်တော်မူ၏။

"အာနန္ဒာ။ အကြင်အရပ်၌ အကြီး, အလတ်, အငယ် ဖြစ်ကုန် သောနတ်တို့သည် အိမ်ရာကို ယူကုန်၏။ ထိုအရပ်၌တန်ခိုးဖြင့် အကြီး, အလတ်, အငယ်ဖြစ်ကုန်သော မင်း, မင်း၏အမတ်တို့၏ စိတ်တို့သည် အိမ်ရာတို့ကို ဖန်ဆင်းလုပ်ဆောင်အံ့သောငှာ ညွတ်ကုန်၏။

"အာနန္ဒာ။ အကြင်မျှလောက်ကုန်သော မြတ်သောလူတို့၏ စည်းဝေးရာအရပ်မည်သည် ရှိ၏။ ထိုမျှလောက် ထိုမြတ်သောလူတို့၏ စည်းဝေးရာ ကုန်သည်တို့၏ဥစ္စာကို ရောင်းဝယ်ရာ 'ပါဋလိပုတ်'အမည်ရှိသောမြို့သည် အကြီးအမှူး ဖြစ်လတ္တံ့။ ဥစ္စာထုပ်ကိုဖြေရာ ဖြစ်လတ္တံ့။

"အာနန္ဒာ။ ပါဋလိပုတ်မြို့၏ အန္တရာယ်တို့သည် ၃ ပါးဖြစ်ကုန်လတ္တံ့။ အန္တရာယ် ၃ ပါး ဟူသည်ကား မီးကြောင့် လည်းကောင်း, ရေကြောင့် လည်းကောင်း, အချင်းချင်းဖျက်ဆီးခြင်းကြောင့် လည်းကောင်း ဤသို့ အန္တရာယ် ၃ ပါးတို့ကြောင့် ပျက်လတ္တံ့" ဟု မိန့်တော်မူပြီးမှ မိုးသောက်ထကာလ၌ ဂင်္ဂါနားသို့ ကြွတော်မူ၍ တံပူ,မျက်သစ် သုံးဆောင်တော်မူပြီးသော် ဆွမ်းခံအချိန်ကို ငံ့လင့်တော်မူလျက် နေ၏။

သုနိဓပုဏ္ဏား, ဝဿကာရပုဏ္ဏားတို့သည်လည်း "ငါတို့ အရှင်မင်းကြီးသည် အရှင်ဂေါတမ၏အလုပ်အကျွေးပေတည်း။ ငါတို့အရှင် အဇာတသတ်မင်းကြီးသည် 'ဘုရားသခင် ပါဋလိရွာသို့ ကြွတော်မူသတတ်။ ဘုရားသခင်အထံတော်သို့ ရောက်ကုန်၏လော။ မရောက်ကုန်၏လော'ဟု မေးတော်မူလတ္တံ့။ 'မရောက်ကုန်'ဟု ဆိုလျှင် 'တိုင်ပင်ကုန်၏လော'ဟု မေးပြန်လတ္တံ့။ 'မတိုင်ပင်'ဟုဆိုလျှင်၊ ငါတို့အား အပြစ်တင်လတ္တံ့။ ငါတို့သည် ဤမည်သောအရပ်၌ ဤမည်သောမြို့ကို စီရင်၍ အရှင်ဂေါတမ၏ ရောက်ရာအရပ်၌ ယုတ်မာသော



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့သည် ဖဲလေကုန်၏။ ငါတို့သည် ထိုမြို့ကို 'မင်္ဂလာမြို့'ဟု သမုတ်သမတ် နိမိတ်ဖတ်ကုန်အံ့''ဟု ကြံကုန်၍၊ မြတ်စွာဘုရားသို့ကပ်ပြီးလျှင်၊ ''အရှင်ဂေါတမသည် ရဟန်းသံဃာတော်တို့နှင့်တကွ ယနေ့အလို့ငှာ အကျွန်ုပ်တို့၏ဆွမ်းကို ခံတော်မူပါ'' ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်ဖြင့် သည်းခံတော်မူ၏။

သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့သည်လည်း မြတ်စွာဘုရား၏ သည်းခံတော်မူခြင်းကိုသိ၍ မိမိတို့၏ နေရာဥစ္စာဖြစ်သော ဧည့်သည်တို့၏ တည်းခိုရာဇရပ်သို့ သွားလေကုန်ပြီးလျှင်၊ မွန်မြတ်သော ခဲဖွယ်၊ စားဖွယ်တို့ကို စီရင်၍ မြတ်စွာဘုရားအား ''အရှင်ဂေါတမ။ ဆွမ်းအချိန် တန်ပါပြီ။ ဆွမ်းပြင်၍ ပြီးပါပြီ'' ဟု ကြားလျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍၊ သပိတ်၊ သင်္ကန်း ဆောင်ယူလျက် ရဟန်းသံဃာနှင့်တကွ မဂဓရာဇ်မင်း၏အမတ်ဖြစ်သော သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့၏နေရာသို့ ကြွသွားတော်မူ၍ ရဟန်းသံဃာနှင့်တကွ ခင်းအပ်သောနေရာတို့၌ နေတော်မူ၏။

ရာဇပုရောဟိတ်ဖြစ်ကုန်သော ပုဏ္ဏားတို့သည်လည်း ဘုရား အမှူးရှိသောသံဃာတော်တို့အား ခဲဖွယ်၊ ဘောဇဉ်တို့ဖြင့် ရောင့်ရဲစေ၍၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသော် မထင်မရှားသော တစ်ခုသောနေရာ၌ နေကုန်သော သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့ကို မြတ်စွာဘုရားသည် ၃ ဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏။

'ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။
'ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏ မာဒိသေ။
တာပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
'တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ၊
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါဘဒြာနိ ပဿတိ။' ဤ၌ အနက်ကား-

''သုနိဓ ဝဿကာရာ၊ 'သုနိဓ၊ ဝဿကာရ' အမည်ရှိကုန်သော။ မဂဓမဟာမတ္တာ၊ မဂဓရာဇ်မင်း၏ အမတ်တို့။ ယသ္မိံပဒေသေ၊ အကြင်အရပ်၌။ ပဏ္ဍိတဇာတိယော၊ ပညာရှိသော။ ယောနရော၊ အကြင်လူသည်။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ ပြု၏။ သောနရော၊ ထိုလူသည်။ တေ္တ တေသ္မိံပဒေသေ၊ ထိုအရပ်၌။ သညတေ၊ ကိုယ်၊နှုတ်၊နှလုံးကို စောင့်ကုန်ထသော။ ဗြဟ္မစာရယော၊ မြတ်သောအကျင့်ကို ကျင့်ကုန်ထသော။ သီလဝန္တေ၊ သီလရှိကုန်သောရဟန်းတို့ကို။ ဘောဇေတွာ၊ ဆွမ်းကျွေး၍။

''ယတ္ထ။ အကြင်အရပ်၌။ ယာဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ တာသံ ဒေဝတာနံ၊ ထိုနတ်တို့အား။ ဒက္ခိဏံ၊ အလှူဖို့ကို။ အာဒိသေ၊ ဝေရာ၏။ (တစ်နည်း- အာဒိသေ၊ ရည်ရာ၏) ကသ္မာ၊ အဘယ်ကြောင့်။ အာဒိသေ၊ ဝေရာသနည်း ဟူမူကား။ ပူဇိတာ၊ ပူဇော်အပ်ကုန်သော။ တာဒေဝတာ၊ ထိုနတ်တို့သည်။ နံ နရံ၊ ထိုလူကို။ ပူဇယန္တိ၊ ပူဇော်ကုန်၏။ မာနိတာ၊ မြတ်နိုးအပ်ကုန်သော။ တာဒေဝတာ၊ ထိုနတ်တို့သည်။ နံ နရံ၊ ထိုလူကို မာနေန္တိ၊ မြတ်နိုးကုန်၏။

''တတော၊ ထိုမြတ်ဦးခြင်းကြောင့်။ တာဒေဝတာ၊ ထိုနတ်တို့သည်။ နံ နရံ၊ ထိုလူကို။ မာတာ၊ အမိသည်။ ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ၊ သားကို။ အနုကမ္ပတိဣဝ၊ အစဉ်စောင့်သကဲ့သို့။ အနုကမ္ပန္တိ၊ အစဉ်စောင့်ကုန်၏။ ဒေဝတာနုကမ္ပိတော၊ နတ်တို့သည်စောင့်အပ်သော။ ပေါသော၊ ယောကျ်ားသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းကုန်သော။ အာရမ္မဏာနိ၊ အာရုံတို့ကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပဿတိ၊ မြင်ရ၏။ တသ္မာ၊ ထို့ကြောင့်။ အာဒိသေ၊ ဝေရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့အား ဟောကြားတော်မူပြီးသော် နေရာမှထ၍ ကြွတော်မူလေ၏။ ထိုအခါ၌ သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရား၏နောက်တော်မှ အစဉ်တစိုက် လိုက်ကြလေကုန်၏။ 'ယနေ့ အကြင်တံခါးဖြင့် အရှင်ဂေါတမ ထွက်တော်မူလတ္တံ့။ ထိုတံခါးသည် ဂေါတမတံခါး ဟူသော အမည် တွင်လတ္တံ့.' အကြင်ဆိပ်ဖြင့် အရှင်ဂေါတမ ဂင်္ဂါမြစ်ကိုကူးလတ္တံ့။ ထိုဆိပ်သည် ဂေါတမဆိပ် ဟူသော အမည် တွင်လတ္တံ့။

ဤသို့ နှလုံးသွင်းကုန်၍ ဘုရားသခင်နောက်တော်သို့ အစဉ်တစိုက် လိုက်လေကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် အကြင်တံခါးဖြင့် ထွက်တော်မူလေ၏။ ထိုတံခါးသည် 'ဂေါတမတံခါး'ဟူသော အမည် တွင်လေ၏။ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်သို့ ရောက်တော်မူလေ၏။ ထိုအခါ၌ ဂင်္ဂါမြစ်သည် ကမ်းနား ကနေ၍ ကျီးသောက်လောက်အောင် ရေပြည့်၏။ ['ရေကမ်းပြည့်ကြီး'ဟူလို သတည်း။]

အချို့သောလူတို့သည် လှေရှာကုန်၏။ အချို့ကား ဖောင်ရှာကုန်၏။ အချို့ကား ဝါးစည်းဖြင့်ဖွဲ့အပ်သော ဝါးဖောင်ကို ရှာကုန်၏။ မြတ်စွာဘုရားသည် ဥပမာအားဖြင့် အားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့ ဆန့်သောလက်ကို ကွေးဘိသကဲ့သို့၊ ထို့အတူ ဂင်္ဂါမြစ်၏ ဤမှာဘက်ဖြစ်သော ကမ်းနား၌ကွယ် တော်မူ၍ ထိုမှာဘက်ဖြစ်သော ကမ်းနား၌ ရဟန်းသံဃာနှင့်တကွ ထင်ရှားစွာ ဖြစ်တော်မူလေ၏။

[တခဏချင်း တန်ခိုးတော်ဖြင့် ထိုမှာဘက်သို့ရောက်တော်မူလေ၏။ ဟူလိုသတည်း။]

မြတ်စွာဘုရား ဂင်္ဂါမြစ်ကို ကူးလို၍၊ လှေဖောင်ရှာကုန်သော လူတို့ကိုမြင်၍ ဤသို့သော ဥဒါန်းစကား ကို မြွက်တော်မူလေ၏။

'ယေ တရန္တိ အဏ္ဏဝံ သရံ၊ သေတုံ ကတွာန ဝိသဇ္ဇ။

ပလ္လလာနိ ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ။'

ဤ၌ အနက်ကား -

"ယေ အရိယပုဂ္ဂလာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့သည်။ အဏ္ဏဝံ၊ 'သမုဒ္ဒရာ'ဟု ဆိုအပ်သော။ သရံ၊ 'တဏှာ'တည်းဟူသော မြစ်ကို။ တရန္တိ၊ ကူးကုန်၏။ တေ အရိယပုဂ္ဂလာ၊ အကြင်အရိယာဖြစ်သော ပုဂ္ဂိုလ်တို့ သည်။ သေတုံ၊ အရိယမဂ်တည်းဟူသော လှေဖောင်ကို။ ကတွာန၊ ဖွဲ့သည်ကိုပြု၍။ ပလ္လလာနိ၊ ညွန်ပျောင်း တို့ကို။ ဝိသဇ္ဇ၊ စွန့်၍။ တရန္တိ၊ ကူးကုန်၏။ ဟိသစ္စံ၊ မှန်၏။ နဒိံ၊ မြစ်ကို။ တရိတုကာမော၊ ကူးလိုသော။ ဇနော၊ လူများသည်။ ကုလ္လံ၊ ဝါးဖောင်၊ သစ်ဖောင်ကို။ ဗန္ဓတိ၊ ဖွဲ့၏။ မေဓာဝိနော၊ ကိလေသာကို ဖျက်ဆီးတတ် သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် ပြည့်စုံကုန်သော။ ဇနာ၊ အရိယာဖြစ်ကုန်သောသူတို့သည်။ ကုလ္လေန၊ သစ်ဖောင်၊ ဝါးဖောင်နှင့်။ ဝိနာယေဝ၊ ကင်း၍သာလျှင်။ သရံ၊ သမုဒ္ဒရာ တည်းဟူသော မြစ်ကို။ တိဏ္ဏာ၊ ကူးကုန်၏။"

## ၇- ကောဋိကရွာနှင့် နာတိကအရပ်သို့ ကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို "အာနန္ဒာ။ ကောဋိကရွာသို့ သွားကြကုန်အံ့" ဟု ခေါ်တော်မူ၏။

"အရှင်ဘုရား။ ကောင်းပါပြီ" ဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားစကားတော်ကို ဝန်ခံလေ၏။

မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့်တကွ ကောဋိဂါမရွာသို့ ရောက်တော်မူလေ၏။ ထိုအခါ၌ ရဟန်းတို့ကိုခေါ်တော်မူ၍၊ 'စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာတိ' အစရှိသောများစွာသော



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒေသနာကို ဟောတော်မူပြီး၍၊ အရှင်အာနန္ဒာကို ''အာနန္ဒာ။ နာတိကအရပ်သို့ သွားကြကုန်အံ့'' ဟု ခေါ်တော်မူ၏။

အရှင်အာနန္ဒာလည်း ''ကောင်းပါပြီ။ အရှင်ဘုရား'' ဟု ဝန်ခံတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းခြံရံလျက်၊ နာတိကအရပ်သို့ ကြွတော်မူလေ၍၊ အုတ်ဖြင့်ပြီးသောကျောင်း၌ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ၌ အရှင်အာနန္ဒာသည် ဘုရားသခင်ရှိရာသို့ ချဉ်းကပ်၍ ရှိခိုးလျက် လျောက်ပတ်ရာအရပ်၌နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

''အရှင်ဘုရား။ 'သံမုဋ္ဌ'အမည်ရှိသော ရဟန်းသည် နာတိကရွာ၌သေလွန်ချေသည်။ ထိုသူ၏ လားရာဂတိကား အဘယ်နည်း။ 'နန္ဒာ'အမည်ရှိသော ရဟန်းမိန်းမ သေလွန်ချေသည်။ ထိုသူ၏ လားရာဂတိကား အဘယ်နည်း။ ဤသို့ အစရှိသည်ဖြင့် မေးလျှောက်၏။ ဘုရားသခင်သည်လည်း ''အာနန္ဒာ။ 'သံမုဋ္ဌ' အမည်ရှိသော ရဟန်းသည် အာသဝေါတရား ကုန်ပြီးဖြစ်၍ ပရိနိဗ္ဗာန် ပြုလေ၏။ 'နန္ဒာ'အမည်ရှိသော ရဟန်းမိန်းမလည်း ဩရမ္ဘာဂိယ သံယောဇဉ် ၅ ပါးကုန်ခြင်းကြောင့် ဥပပတ်ပဋိသန္ဓေ တည်နေခြင်း ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန် ပြုရအံ့။ ထိုဗြဟ္မာ့ပြည်မှတစ်ဖန် ကာမဘုံသို့ ဖြစ်ခြင်းသဘော မရှိပြီ'' ဟု မိန့်တော်မူပေ၏။

[ဩရမ္ဘာဂိယ သံယောဇဉ် ၅ ပါးကား- သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ် ဟူသော အောက်မဂ် ၃ ပါးသည်ပယ်အပ်သော ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ ဤ ၅ ပါးတည်း။]

ဤသို့အစရှိသဖြင့် အရှင်အာနန္ဒာမေးလျှောက်သော်၊ ဘုရားသခင်သည် အသီးအသီး မိန့်တော်မူ၏။ မြတ်စွာဘုရားသည် နာတိကအရပ်၌ အလိုတော်ရှိသမျှ နေတော်မူ၍၊ အရှင်အာနန္ဒာကို ''အာနန္ဒာ။ ဝေသာလီပြည်သို့သွားကြကုန်အံ့'' ဟု ခေါ်တော်မူ၏။ အရှင်အာနန္ဒာလည်း ''အရှင်ဘုရား။ ကောင်းပါပြီ'' ဟု ဝန်ခံတော်မူ၏။

## ၈- ဝေသာလီပြည်သို့ ကြွတော်မူ၍ သရက်ဥယျာဉ်၌နေတော်မူခြင်း

ဘုရားသခင်သည် များစွာသော ရဟန်းသံဃာနှင့်တကွ ဝေသာလီပြည်သို့ ကြွတော်မူ၍ အမ္ဗပါလိကာ ပြည့်တန်ဆာမ၏သရက်ဥယျာဉ်၌ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ၌ ရဟန်းတို့ကိုခေါ်တော်မူ၍-

'သတော ဘိက္ခု ဝိဟရေယျ သမ္ပဇာနော' အစရှိသည်ဖြင့် တရားဒေသနာကို ဟောကြားတော်မူ၏။

အမ္ဗပါလိကာ ပြည့်တန်ဆာမသည်လည်း 'ဘုရားသခင်။ ဝေသာလီပြည်သို့ရောက်တော်မူ၍ ငါ၏ဥယျာဉ်၌ နေတော်မူသည်' ဟု ကြားလေလျှင်၊ ယဉ်ကျေးပြေပြစ် ကျစ်လစ်တင့်တယ် ဆန်းကြယ်ကောင်းမွန်သော ယာဉ်တို့ကို ကစေ၍၊ ယာဉ်ထက်စီးလျက် ဝေသာလီပြည်မှထွက်ခဲ့၍၊ မိမိဥယျာဉ်သို့ သွားလေ၏။ အကြင်မျှလောက် ယာဉ်ဖြင့်သွားရာ သင့်၏။ ထိုမျှလောက် ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ပြီးသော် ခြေကျင်သာလျှင် ဘုရားရှိရာချဉ်းကပ်၍ လျောက်ပတ်သော နေရာ၌ ရိုသေစွာရှိခိုး၍ နေ၏။

ဘုရားသခင်သည်လည်း အမ္ဗပါလိကာအား တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ တရားတော်ကို နာရပြီးသော် ''အရှင်ဘုရား။ နက်ဖြန် သံဃာတော်နှင့်တကွ အကျွန်ုပ်၏ဆွမ်းကို ခံတော်မူပါ'' ဟု လျှောက်၏။ ဘုရားသခင်သည်လည်း ဆိတ်ဆိတ်ဖြစ်၍ သည်းခံတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမ္ဗပါလိကာသည် ဘုရားသခင်၏ သည်းခံတော်မူကြောင်းကိုသိ၍ နေရာမှထပြီးသော်၊ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် လက်ယာရစ်လှည့်သည်ကို ပြု၍ သွားလေ၏။

ဝေသာလီပြည်၌နေကုန်သော လိစ္ဆဝီမင်းတို့သည်လည်း 'ဘုရားသခင်။ ဝေသာလီပြည်သို့ ရောက်တော်မူသတည်း'ဟု ကြားကုန်၍ ကောင်းမွန်ပြေပြစ်သောယာဉ်တို့ကို ကစေပြီးလျှင် ယာဉ်ထက်၌ စီးကုန်၍ ဝေသာလီပြည်မှ ထွက်လေကုန်၏။

ထိုသို့ထွက်ကုန်သော လိစ္ဆဝီမင်းတို့တွင် အချို့ကား ညိုသောအဆင်းရှိသည် ဖြစ်၍ ညိုသော အဝတ်တန်ဆာတို့ကို ဝတ်စားဆင်ယင်ကုန်၏။ အချို့ကား ရွှေသောအဆင်းရှိသည်ဖြစ်၍ ရွှေသော အဝတ်တန်ဆာတို့ကို ဝတ်စားဆင်ယင်ကုန်၏။ အချို့ကား နီသောအဆင်းရှိသည်ဖြစ်၍ နီသောအဝတ်တန်ဆာတို့ကို ဝတ်စားဆင်ယင်ကုန်၏။ အချို့ကား ဖြူသောအဆင်းရှိသည်ဖြစ်၍ ဖြူသောအဝတ်တန်ဆာတို့ကို ဝတ်စား ဆင်ယင်ကုန်၏။

ထိုအခါ အမ္ဗပါလိကာ ပြည့်တန်ဆာမသည် ပျိုငယ်သောလိစ္ဆဝီမင်းတို့၏ လှည်းဝင်ရိုးစွန်းကို မိမိလှည်းဝင်ရိုးစွန်းဖြင့်၊ လိစ္ဆဝီမင်းတို့၏ လှည်းဘီးစက်ကို မိမိလှည်းဘီးစက်ဖြင့်၊ လိစ္ဆဝီမင်းတို့၏ လှည်းထမ်းပိုးစွန်းကို မိမိလှည်းထမ်းပိုးစွန်းဖြင့် တိုက်ခိုက်မိစေ၏။

ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် အမ္ဗပါလိကာပြည့်တန်ဆာမကို ''ဟယ်-အမ္ဗပါလိကာ။ အဘယ့်ကြောင့် ပျိုငယ်ကုန်သောလိစ္ဆဝီမင်းတို့၏ လှည်းဝင်ရိုး၊ ထမ်းပိုး၊ လှည်းဘီးတို့ကို သင်၏ဝင်ရိုး၊ ထမ်းပိုး၊ လှည်းဘီးတို့ဖြင့် တိုက်ခိုက်စေဘိသနည်း'' ဟု ဆိုကြကုန်၏။

''အရှင့်သားတို့။ အကျွန်ုပ်သည် မြတ်စွာဘုရားကို နက်ဖြန် သံဃာတော်နှင့်တကွ ဆွမ်းဖိတ်ခဲ့ပြီ။ ထိုသို့ ဖိတ်ခဲ့ပြီးဖြစ်သောကြောင့် အကျွန်ုပ်သည် ပျိုငယ်ကုန်သောလိစ္ဆဝီမင်းတို့၏ လှည်းဝင်ရိုး၊ ထမ်းပိုး၊ လှည်းဘီးတို့ကို အကျွန်ုပ် လှည်းဝင်ရိုး၊ ထမ်းပိုး၊ လှည်းဘီးတို့ဖြင့် တိုက်မိစေသတည်း'' ဟု ဆို၏။

''ဟယ်-အမ္ဗပါလိကာ။ ထို ဖိတ်ခဲ့ပြီးသောဆွမ်းကို ၁ သိန်းသောဥစ္စာတို့ဖြင့် ငါတို့အား ပေးလော့'' ဟု ဆိုကုန်၏။

''အရှင့်သားတို့။ အကျွန်ုပ်အား ဇနပုဒ်နှင့်တကွသော ဝေသာလီပြည်ကိုပင် ပေးသော်လည်း ထိုဖိတ်ခဲ့သောဆွမ်းကို မပေးလိုပါ'' ဟု ဆို၏။

ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် ''အချင်းတို့။ အမ္ဗပါလိကာ ပြည့်တန်ဆာမသည် ငါတို့ကို အောင်နိုင်လေစွ။ အောင်နိုင်လေစွ။ ငါတို့ကို လှည့်စားလေစွ'' ဟု ဆိုကြကုန်လျက် လက်ချောင်းတို့ကို ခါကုန်၍ ဘုရားရှိရာ ဥယျာဉ်သို့ သွားလေကုန်၏။

မြတ်စွာဘုရားသည် လိစ္ဆဝီမင်းတို့ လာသည်ကို အဝေးကမြင်တော်မူ၍၊ ရဟန်းတို့ကို ခေါ်တော်မူ၍ ''ရဟန်းတို့။ တာဝတိံသာနတ်ပြည်ကို မမြင်ဘူးကုန်သောရဟန်းတို့သည် လိစ္ဆဝီမင်းပရိသတ်တို့နှင့် ညှိနှိုင်း၍ ကြည့်စေကုန်လော့။ ရဟန်းတို့။ လိစ္ဆဝီမင်းပရိသတ်တို့သည် တာဝတိံသာနတ်ပရိသတ်နှင့် တူသည်ကို ပြု၍ ဆောင်ကုန်လော့'' ဟု မိန့်တော်မူလေ၏။

အဘယ့်ကြောင့် မြတ်စွာဘုရားသည် အရာမကကုန်သော သုတ်တို့ဖြင့် စက္ခာယတန စသည်တို့၏ ရူပါရုံ စသည်တို့၌ နိမိတ်ယူခြင်းကို မြစ်တော်မူ၍၊ ဤအရာ၌ များစွာသော အားထုတ်ခြင်းဖြင့် နိမိတ်ယူခြင်းကို ယှဉ်စေဘိသနည်း ဟူမူကား- အစီးအပွားကို အလိုရှိတော်မူသောကြောင့် ယှဉ်စေသတည်း။ ထိုရဟန်းတို့တွင် အချို့သောရဟန်းတို့သည် နည်းသော လုံ့လရှိကုန်၏။ ထိုရဟန်းတို့အား စည်းစိမ်ဖြင့်ဖြားယောင်း၍၊ 'ကမ္မဋ္ဌာန်းဘာဝနာ၌ မမေ့မလျော့သဖြင့် ရဟန်းတရားကို ပြုကုန်သောသူတို့အား ဤသို့သဘောရှိကုန်သော အစိုးရခြင်းစည်းစိမ်ဥစ္စာတို့ကို ရလွယ်ကုန်၏' ဟု ရဟန်းတရားဖြင့် အားထုတ်ခြင်းကို ဖြစ်စိမ့်သောငှာ မိန့်တော်မူသတည်း။



www.burmeseclassic.com

www.burmeseclassic.com



အနိစ္စလက္ခဏာတို့ကို ပွားစိမ့်သောငှာလည်း ဤသို့ မိန့်တော်မူသတည်း။ မကြာမြင့်မီလျှင် ခပ်သိမ်းကုန်သော ဤလိစ္ဆဝီမင်းတို့သည် အဇာတသတ်မင်း၏ အစွမ်းသတ္တိဖြင့် ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့။ ထိုသို့ရောက်သောအခါ၌ လိစ္ဆဝီမင်းတို့၏ အသရေ, စည်းစိမ်ချမ်းသာကိုသာ မြင်၍၊ ထိုအခါတိုင်အောင်တည်သော ရဟန်းတို့သည် 'ထိုသို့သဘောရှိသော အမည်, အသရေ, စည်းစိမ်ချမ်းသာ၏လည်း ပျက်စီးခြင်းသည် ထင်ရှား ဖြစ်လတ္တံ့.' ဤသို့ အနိစ္စလက္ခဏာကို ပွား၍ ပဋိသမ္ဘိဒါ ၄ ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကုန်လတ္တံ့။ ဤသို့ အနိစ္စလက္ခဏာကို ထင်စွာပြခြင်းငှာ မိန့်တော်မူလေသတည်း။

ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် ယာဉ်ဖြင့် သွားအပ်သမျှသွား၍ ယာဉ်မှသက်ပြီးသော် ခြေကျင်သာလျှင် ဘုရားသခင် ရှိရာသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးလျက် လျောက်ပတ်ရာ၌ နေကုန်၏။ ဘုရားသခင်သည်လည်း လိစ္ဆဝီမင်းတို့ကို တရားစကား ဟောကြားဖော်ပြတော်မူ၏။ လိစ္ဆဝီမင်းတို့သည် တရားဒေသနာကို နာရသည်၏အဆုံး၌ ဘုရားသခင်ကို "အရှင်ဘုရား။ နက်ဖြန် သံဃာတော်နှင့်တကွ အကျွန်ုပ်တို့၏ဆွမ်းကို ခံတော်မူပါ" ဟု လျှောက်ကြကုန်၏။

အမ္ဗပါလီကာ ပြည့်တန်ဆာမသည် ဆွမ်းကိုဖိတ်ပြီးဟု ဆိုကုန်လျက် အဘယ့်ကြောင့် လိစ္ဆဝီမင်းတို့ဆွမ်းကို ဖိတ်ပြန်သနည်း ဟူမူကား အမ္ဗပါလီကာစကားကို မယုံသောကြောင့် လည်းကောင်း, ဝတ်ကို အရင်းပြုသောကြောင့် လည်းကောင်း ဖိတ်ကုန်သတည်း။ 'အမ္ဗပါလီကာသည် ရှင်ရှင်မြူးမြူး ရမ္မက်ကြူးသောကြောင့် မဖိတ်သော်လည်း ဖိတ်၏ဟု ဆိုရာ၏' ဟု မယုံ၍လည်း ဖိတ်သည်။ တရားနာ၍ သွားကုန်သောသူတို့သည် ဖိတ်၍သွားခြင်းသည် လူတို့၏ဝတ်ပေတည်း။ ထို့ကြောင့်လည်း ဖိတ်ကုန်သတည်း။

မြတ်စွာဘုရားသည် လိစ္ဆဝီမင်းတို့ကို "မင်းသားတို့။ အမ္ဗပါလီကာ၏ဆွမ်းကို ဝန်ခံပြီး" ဟု မိန့်တော်မူ၏။ ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် "အချင်းတို့။ အမ္ဗပါလီကာပြည့်တန်ဆာမသည် ငါတို့ကို အောင်လေစွ။ ငါတို့ကို လှည့်ပတ်လေစွ" ဟု ဆိုကြကုန်၍ လက်ချောင်းတို့ကို ခါကုန်၏။

ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားစကားတော်ကို နှစ်လိုဝမ်းသာ ဖြစ်ကုန်၍၊ နေရာမှထကုန်ပြီးသော် ရိုသေစွာရှိခိုးလျက် လက်ယာရစ်လှည့်သည်ကိုပြု၍ သွားကြလေကုန်၏။

## ၉- အမ္ဗပါလီကာ၏ဥယျာဉ်၌ တရားဟောတော်မူခြင်း

အမ္ဗပါလီကာပြည့်တန်ဆာမသည်လည်း ထိုညဉ့် မိုးသောက်သောအခါ၌ မိမိ၏အာရာမ်အတွင်း၌ နံနက်ခါ မွန်မြတ်သောဘောဇဉ်, ခဲဖွယ်တို့ကို လျောက်ပတ်အောင် လုပ်ဆောင်စီရင်စေ၍၊ မြတ်စွာဘုရားအား "အရှင်ဘုရား။ ဆွမ်းအချိန် တန်ပါပြီ။ ဆွမ်းပြင်၍ ပြီးပါပြီ" ဟု လျှောက်စေ၏။

မြတ်စွာဘုရားသခင်သည်လည်း နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်, သင်္ကန်းကိုဆောင်ယူလျက်၊ ရဟန်းသံဃာနှင့်တကွ အမ္ဗပါလီကာ ပြည့်တန်ဆာမအိမ်သို့ ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ အမ္ဗပါလီကာ ပြည့်တန်ဆာမသည်လည်း ဘုရားအမှူးရှိသော သံဃာတော်အား မွန်မြတ်သော ဘောဇဉ်, ခဲဖွယ်တို့ဖြင့် လုပ်ကျွေး၍၊ ဘုရားသခင် ဆွမ်းဘုဉ်းပေးပြီးသော် နိမ့်သောနေရာ၌နေလျက် မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို 'ဣမာ အဟံ ဘန္တေ အာရာမံ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ' ဟု လျှောက်၍ ဥယျာဉ်ကို လှူ၏။

အနက်ကား-

"ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမံအာရာမံ၊ ဤဥယျာဉ်ကို။ ဗုဒ္ဓပမုခဿ၊ ဘုရား အမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒမ္မိ၊ လှူပါ၏။

မြတ်စွာဘုရားသည်လည်း ဥယျာဉ်ကို အလှူခံတော်မူ၏။ မြတ်စွာဘုရားသည် အမ္ဗပါလိကာ ပြည့်တန်ဆာမ အား တရားဒေသနာတော်ကို ဟောတော်မူ၍ ရဟန်းသံဃာနှင့်တကွ ကြွတော်မူလေ၏။

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ အမ္ဗပါလိကာပြည့်တန်ဆာမ၏ဥယျာဉ်၌ နေတော်မူလျက် 'ဣတိ သီလံ ဣတိသမာဓိ ဣတိပညာ' အစရှိသည်ဖြင့် ရဟန်းတို့အား တရားဒေသနာကို များစွာဟောတော်မူ၏။

## ၁၀- မြတ်စွာဘုရားသည် ဝေဠုဝရွာသို့ ကြွသွားတော်မူခြင်း

မြတ်စွာဘုရားသခင်သည် အမ္ဗပါလိကာပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌ အလိုတော်ရှိတိုင်း နေတော် မူပြီးလျှင် အရှင်အာနန္ဒာကိုခေါ်တော်မူ၍၊ "အာနန္ဒာ။ 'ဝေဠုဝ'အမည်ရှိသောရွာသို့ သွားကြကုန်အံ့" ဟု ရဟန်းအပေါင်းနှင့် ဝေဠုဝရွာသို့ သွားတော်မူ၍၊

ဝေဠုဝရွာကား ဝေသာလီပြည်၏အနီး ပါဠုလိပုတ်ပြည်ပင်တည်း။ ထို့ကြောင့် အဋ္ဌကထာ၌ 'ဝေဠုဝဂါမ ကောဒ္ဒီ ဝေသာလိယာ သမီပေ ပါဠုလိဂါမေ' ဟု ဖွင့်သတည်း။

ထိုဝေဠုဝရွာ၌ နေတော်မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍၊ "ချစ်သား ရဟန်းတို့။ သင်တို့သည် လာလတ်ကုန်လော့။ ဝေသာလီပြည်၏ထက်ဝန်းကျင်မှ ချစ်မြတ်နိုးသည် အားလျော်စွာ, မြင်ဖူးသည် အားလျော်စွာ, ဆည်းကပ်ဖူးသည်အားလျော်စွာ ဝါသို့ ကပ်လေကုန်။ ငါဘုရားမူကား ဤဝေဠုဝန် ရွာ၌သာလျှင် ဝါသို့ ကပ်တော်မူအံ့" ဟု မိန့်တော်မူ၏။

(အဘယ့်ကြောင့် ဤသို့ မိန့်တော်မူသနည်း ဟူမူကား- ထိုရဟန်းတို့အား ချမ်းသာစွာနေစိမ့်သောငှာ မိန့်တော်မူ သတည်း။ ထိုရဟန်းတို့ ဝေဠုဝရွာ၌ နေရာကျောင်း မလောက်။ ဆွမ်းလည်း နည်းသည်။ ဝေသာလီပြည်ကား ထက်ဝန်း ကျင်မှ များစွာသောကျောင်းရှိ၏။ ရလွယ်သောဆွမ်း ရှိ၏။ ထို့ကြောင့် ဤသို့ မိန့်တော်မူသတည်း။ ။ "ချစ်သားတို့။ သွားကုန်တော့"ဟု အဘယ်ကြောင့် မလွှတ်သနည်း ဟူမူကား ထိုရဟန်းတို့အား သနားတော်မူသောကြောင့် မလွှတ်လိုက် သတည်း။ မြတ်စွာဘုရာအား ဤသို့ အကြံတော် ဖြစ်သတတ်။ 'ငါဘုရားသည် ၁၀ လမျှသာတည်တော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူအံ့။ ဤရဟန်းတို့သည် အကယ်၍ ဝေးသောအရပ်သို့ သွားကုန်အံ့။ ငါဘုရား ပရိနိဗ္ဗာန်ပြုသောအခါ၌ ဖူးမြင်ခြင်းကို မရကုန်လတ္တံ့။ ထိုသို့ မဖူးမြင်ရကုန်သော ရဟန်းတို့သည် 'မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ငါတို့အား သတိမျှ မပေးပါ။ အကယ်၍ သိရပါမူကား ဝေးသောအရပ်၌ မနေကုန်' ဟု ထိုရဟန်းတို့အား နှလုံးမသာခြင်း ဖြစ်ကုန်ရာ၏။ ဝေသာလီပြည်၏ထက်ဝန်းကျင်မှ နေကုန်သော ရဟန်းတို့သည် တစ်လလျှင် ၈ ကြိမ် လာ၍ တရားနာကုန်လတ္တံ့." (ငါ ဘုရား၏အယူကို ရကုန်လတ္တံ့။ ထို့ကြောင့် အဝေးသို့ လွှတ်တော်မမူသတည်း။)

ထိုဝေဠုဝရွာ၌ ဝါကပ်တော်မူသောအခါ မြတ်စွာဘုရားအား ကြမ်းတမ်းပြင်းပြသော သေခြင်း၏ အနီး သို့ရောက်စေခြင်းငှာ စွမ်းနိုင်သော မသင့်တင့်သောရောဂါအနာ ဖြစ်သတတ်။ ထိုအခါ သတိသမ္ပဇဉ်နှင့် ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



စွာ ဆင်းရဲမရှိသည်ဖြစ်၍၊ သည်းခံတော်မူ၍၊ "ငါဘုရားသည် အလုပ်အကျွေးတို့ကို မခေါ်ဘဲ ရဟန်းသံဃာတို့ကို မပန့်ဘဲ ပရိနိဗ္ဗာန်ပြုခြင်းသည် မလျောက်ပတ်ချေ။ ဤအနာကို ဝီရိယလုံ့လဖြင့် ဖျောက်၍၊ ဇီဝိတိန္ဒြေကို တည်စေတတ်သော သမာပတ်ကို ဖြစ်စေ၍ နေရမူကား ကောင်း၏" ဟု အကြံတော်ဖြစ်၏။ ထိုသို့ကြံပြီးသည်နောက် မြတ်စွာဘုရားသည် ထိုရောဂါအနာကို ဝီရိယဖြင့်ဖျောက်၍၊ ဇီဝိတိန္ဒြေကို တည်စေတတ်သော သမာပတ်ကို ဖြစ်စေ၍ နေတော်မူ၏။ ထိုသမာပတ် ဖြစ်စေသောအခါ၌ မြတ်စွာဘုရား၏ ရောဂါအနာသည် ငြိမ်းလေ၏။

[မြတ်စွာဘုရားသည် ရှေးကာလ၌ ဖလသမာပတ်ကို မဝင်စားလေသလော ဟူမူကား- ဝင်စား၏။ ထိုသို့ဝင်စားသော်လည်း ခဏိကသမာပတ်ကိုသာ ဝင်စားလေသည်။ 'ခဏိကသမာပတ်'မည်သည်ကား သမာပတ်၏အတွင်း၌သာလျှင် ဝေဒနာကို ခွာ၏။ လှင်ကန်၊ အိုးခြမ်းဖြင့် ပစ်သောမှော်သည် ရေကိုလွှမ်းပြန်သကဲ့သို့ သမာပတ်မှထခါမျှ၌ ကိုယ်ကိုတစ်ဖန် ထိုဝေဒနာသည် လွှမ်းပြန်လေ၏။ ရူပသတ္တက၊ အရူပသတ္တကကို အရှုပ်အထွေး ချုံးစေး မရှိသည်ကိုပြု၍ မဟာဝိပဿနာ၏ အစွမ်းဖြင့် ဝင်စားသောသမာပတ်သည်သာ ကောင်းစွာ ဝေဒနာကို ခွာ၏။

ဥပမာကား- ယောကျ်ားတစ်ယောက်သည် ၄ ထောင့်ကန်သို့ သက်၍ လက် ၂ ဖက်တို့ဖြင့် လည်းကောင်း၊ ခြေ ၂ ဖက်တို့ဖြင့် လည်းကောင်း ပစ်အပ်သောမှော်သည် ကြာမြင့်မှ ရေကိုလွှမ်းဘိသကဲ့သို့၊ ထို့အတူ သမာပတ်မှထသော ပုဂ္ဂိုလ်အား ကြာမြင့်မှ ဝေဒနာ ဖြစ်သတည်း။ မြတ်စွာဘုရားသည် တစ်နေ့ပတ်လုံး မဟာဗောဓိပလ္လင်၌ အသစ်သောဝိပဿနာကို ဖြစ်စေဘိသကဲ့သို့၊ ရူပသတ္တက၊ အရူပသတ္တကကို အထွေးအယှက်မရှိသည်ကို ပြု၍၊ ၁၄ ပါးသော အခြင်းအရာတို့ဖြင့် တင်၍၊ မဟာဝိပဿနာဖြင့် ဝေဒနာကို ခွာ၍၊ '၁၀ လပတ်လုံး မဖြစ်စေလင့်' ဟု သမာပတ်ကို ဝင်စား၏။ သမာပတ်မှ ခွာသော်၊ ထိုဝေဒနာသည် ၁၀ လဖြင့် ဖြစ်သည်သာတည်း။]

## ၁၁- အရှင်အာနန္ဒာအား များစွာသော ဒေသနာတို့ကို ဟောကြားခြင်း

မြတ်စွာဘုရားသည် ထိုအနာမှ ထမြောက်ပြီးသော် မကြာမြင့်မီ၊ ကျောင်းမှထွက်တော်မူ၍ ကျောင်း၏နောက်အရပ် ခင်းအပ်သောနေရာ၌ နေတော်မူ၏။

ထိုသို့ နေတော်မူသောအခါ၌ အရှင်အာနန္ဒာသည် ဘုရားသခင် ရှိရာသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးလျက် "အရှင်ဘုရား။ ကိုယ်တော်၏အနာမှ ထမြောက်ခြင်းကို အကျွန်ုပ် မြင်ရပေပြီ။ စင်စစ်သော်ကား အရှင်ဘုရား။ အကျွန်ုပ်၏ကိုယ်လည်း လေးလေးလံလံ ရှိသကဲ့သို့ ဖြစ်၏။ မြတ်စွာဘုရား၏ကိုယ်တော် မကျန်းမာခြင်းကြောင့် အကျွန်ုပ်အား အရပ် ၄ မျက်နှာတို့သည် မထင်မမြင်နိုင်အောင် ရှိ၏။ သတိပဋ္ဌာန် အစရှိသော တရားတို့သည်လည်း ဉာဏ်အား မထင်နိုင်အောင် ရှိကုန်၏။ စင်စစ်သော်ကား အရှင်ဘုရား။ အကျွန်ုပ်အား အနည်းငယ်သာဖြစ်သော ထွက်သက်၊ ဝင်သက်သည် ဖြစ်၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာတို့ကို အကြောင်းပြု၍ တစ်စုံတစ်ခုသော တရားစကားကိုလျှင် မြွက်တော်မမူသရွေ့ ကာလပတ်လုံး ပရိနိဗ္ဗာန် ပြုတော်မမူ ရလတ္တံ့" ဟု လျှောက်၏။

"အာနန္ဒာ။ အဘယ့်ကြောင့် ရဟန်းသံဃာသည် ငါဘုရား၌ တောင့်တသနည်း။ အာနန္ဒာ။ ငါဘုရားသည် အတွင်း၌မရှိသည်ကို လည်းကောင်း၊ အပမဖြစ်သည်ကို လည်းကောင်း ပြု၍ ဟောတော်မူအပ်ပြီ။ အာနန္ဒာ။ ငါဘုရားအား အကြွင်းထား၍ ဟောသည်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ။ အကြင်ပုဂ္ဂိုလ်အား ငါသည် 'ရဟန်းသံဃာကို ဆောင်အံ့'ဟူ၍ လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့လျှင် ညွှန်အပ်သောသူရှိ၏ဟူ၍ လည်းကောင်း အကြံ ဖြစ်ရာ၏။ ထိုပုဂ္ဂိုလ်သည် ရဟန်းသံဃာတို့ကို အကြောင်းပြု၍ တစ်စုံတစ်ခုသောစကားကို မြွက်ရာသာလျှင်ကတည်း။

"အာနန္ဒာ။ ငါဘုရားအား 'ငါသည် ရဟန်းသံဃာတို့ကို ဆောင်အံ့' ဟူ၍ လည်းကောင်း၊ ရဟန်းသံဃာသည် 'ငါ့လျှင် ညွှန်အပ်သောသူ ရှိ၏' ဟူ၍ လည်းကောင်း ဤသို့ အကြံမဖြစ်။ ငါဘုရားသည် အဘယ်ကြောင့် ရဟန်းသံဃာကို အကြောင်းပြု၍ တစ်စုံတစ်ခုသောစကားကိုလျှင် မြွက်ရလတ္တံ့နည်း။

"စင်စစ်သော်ကား အာနန္ဒာ။ ငါဘုရားသည် ယခု အိုမင်းပြီ။ ကြီးရင့်ပြီ။ ရှည်သောကာလသို့ ရောက်ပြီ။ မဖျိုမအရွယ်သို့ရောက်ပြီ။ သက်တော် ၈၀ ရွယ်ရှိပြီ။ အာနန္ဒာ။ ဥပမာကား လှည်းအိုသည် လှည်းသံ၊ လှည်းဘီးကို မျောက်လက်၊ မယ်နှ၊ မြှောကိုင်ခြင်း၊ ဖွဲ့ခြင်း အစရှိသောပြုပြင်ခြင်းဖြင့် တည်သကဲ့သို့၊ ထို့အတူပင်လျှင် အာနန္ဒာ။ လှည်းအိုနှင့်တူသော ငါဘုရား၏ ရူပကာယတော်သည် အရဟတ္တဖလသမာပတ်တည်းဟူသောအဖွဲ့ဖြင့် တည်၏။

"အာနန္ဒာ။ အကြင်အခါ၌ ငါဘုရားသည် ရူပါရုံ အစရှိကုန်သော အလုံးစုံသောအာရုံတို့ကို ဆင်ခြင်ခြင်းကြောင့် လောကီဖြစ်သော အချို့သောဝေဒနာတို့၏ချုပ်ခြင်းကြောင့် သင်္ခါရတရားကို အာရုံမပြုသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သောသမာဓိကို ပြည့်စုံစေ၍ နေတော်မူ၏။ ထိုသို့နေတော်မူသောအခါ၌ ငါဘုရား၏ကိုယ်တော်သည် အထူးသဖြင့် ချမ်းသာ၏။

ထို့ကြောင့် အာနန္ဒာ။ ဤငါဘုရားသာသနာတော်၌ သင်တို့သည် မိမိကိုယ်ကို မှီရာပြု၍ နေကုန်လော့။ မိမိကိုယ်ကိုသာလျှင် ကိုးကွယ်ရာ ရှိကုန်သည်။ တရားသာလျှင် မှီရာရှိသည်ဖြစ်၍၊ ဤတရားသာလျှင် ကိုးကွယ်ရာ ဖြစ်၍၊ 'တရားမှတစ်ပါး ကိုးကွယ်ရာမရှိ'ဟု နေကုန်လော့။

အဘယ်သို့ နေရာသနည်း ဟူမူကား အာနန္ဒာ။ ဤ ငါဘုရားသာသနာတော်၌ ရဟန်းသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ပညာဆင်ခြင်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ လောဘ၊ ဒေါသကို ဖျောက်၍၊ ရူပကာယ၌ ဆံအစရှိသော ကောဋ္ဌာသအပေါင်းကို အဖန်တလဲလဲရှုသည်ဖြစ်၍ နေရာ၏။"

ဤသို့အစရှိသော ဓမ္မဒေသနာကို ဟောကြားဖော်ပြတော်မူ၏။

## ၁၂- အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုသည်ကို ပြခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဝေဠုဝရွာ၌ ဝါမှထတော်မူ၍၊ 'သာဝတ္ထိပြည်သို့ ကြွအံ့'ဟု လာသောခရီးဖြင့် ပြန်တော်မူလျက် အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဝတ်ကိုပြု၍ ဆွမ်းခံရွာမှဖဲပြီးသော် နေရာအရပ်ကို တံမြက်လှည်း၍ စမ္မခဏ်ကိုခင်း၍ ခြေတော်ကိုဆေး၍ ထက်ဝယ်ဖွဲ့ ခွေနေတော်မူလျက် ဖလသမာပတ်ကို ဝင်စားတော်မူ၏။ ထိုသို့ ဖလသမာပတ်ကို ဝင်စားတော်မူသောအခါ ပိုင်းခြားတိုင်းဖြင့် ဖလသမာပတ်မှ ထတော်မူပြီးသော်၊ 'ဘုရားတို့သည်တည်း ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကုန်သလော။ အဂ္ဂသာဝကတို့သည်တည်း ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကုန်သလော' ဟု အကြံဖြစ်သတည်း။

ထို့နောင်မှ 'အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန် ပြုကုန်သည်' ဟု သိ၍၊ မိမိ၏ အာယုသင်္ခါရကို ကြည့်၏။ '၇ ရက်အတွင်းသာလျှင် ငါ၏ အာယုသင်္ခါရတို့သည် ဖြစ်ကုန်လတ္တံ့' ဟုသိ၍၊ 'အဘယ်အရပ်



www.burmeseclassic.com

www.burmeseclassic.com



၌ ပရိနိဗ္ဗာန် ပြုရအံ့နည်း' ဟု ကြံပြန်၏။ ထိုသို့ ကြံပြီးသောနောင်မှ 'အရှင်ရာဟုလာသည် တာဝတိံသာ နတ်ပြည်၌ ပရိနိဗ္ဗာန် ပြု၏။ အရှင်အညာတကောဏ္ဍညသည် ဆဒ္ဒန်အိုင်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ငါမူကား အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုရအံ့နည်း' ဟု အဖန်တလဲလဲ ကြံသည်ရှိသော်၊ မယ်တော်ကို အကြောင်းပြု၍ သတိကို ဖြစ်စေ၏။

'ငါ၏အမိသည် ရဟန္တာ ၇ ယောက်တို့၏မယ်တော်ဖြစ်လျက် ဘုရား, တရား, သံဃာတို့၌ မကြည်ညို။ ထိုမယ်တော်၏ မဂ်ဖိုလ်ရခြင်းအကြောင်း ရှိပါသလော' ဟု အကြောင်းကို စူးစမ်းဆင်ခြင်ပြန်သော် သောတာပတ္တိဖိုလ်၏ ဥပနိဿယကိုမြင်၍၊ 'အဘယ်သူ၏ တရားဒေသနာကြောင့် မဂ်ဖိုလ် ရလတ္တံ့နည်း' ဟု ကြည့်ရှုဆင်ခြင်ပြန်သော်၊ငါ၏ တရားဒေသနာဖြင့် မဂ်ဖိုလ်ရလတ္တံ့။ ငါသည် ကြောင့်ကြမဲ့ ဖြစ်ချေအံ့။ 'အရှင်သာရိပုတ္တရာသည် တစ်ပါးသောသူတို့၏ ကိုးကွယ်ရာသာ ဖြစ်နိုင်၏။ မယ်တော်၏ မှားသောအယူကိုမျှ လွတ်ကင်းအောင်, အယူမှန်အောင် မတတ်နိုင်ပါလေ' ဟု အများပင် ထင်ကြလတ္တံ့။ ထို့ကြောင့် 'မယ်တော်ကို မိစ္ဆာအမြင်မှ လွတ်စေ၍ ငါ ဖွားသောခန်းတိုက်၌ပင်လျှင် ပရိနိဗ္ဗာန်ပြုအံ့' ဟု ဆုံးဖြတ်ကြံစည်၍၊ 'ယနေ့ပင်လျှင် ဘုရားသခင်ကို ခွင့်တောင်း၍ ထွက်အံ့' ဟု အရှင်စုန္ဒကို ခေါ်၏။

"အရှင်စုန္ဒ။ သွားကြကုန်အံ့။ ၅၀၀ သော ရဟန်းတို့အား အမှတ်သညာကို ပေးလော့။ နှိုးဆော်ဘိလော့" ဟု ဆို၏။ အရှင်စုန္ဒလည်း "အရှင်တို့။ အရှင်သာရိပုတ္တရာသည် နာဠကရွာသို့သွားခြင်းငှာ အလိုရှိ၏။ သပိတ်သင်္ကန်း ဆောင်ယူ၍ လာလတ်ကုန်လော့" ဟု နှိုးဆော်ပေ၏။ ရဟန်းတို့သည်လည်း အိပ်ရာနေရာတို့ကို သိမ်းခဲ့၍၊ သပိတ်,သင်္ကန်းဆောင်ယူ၍ အရှင်သာရိပုတ္တရာ၏အထံသို့ သွားလေကုန်၏။

အရှင်သာရိပုတ္တရာသည်လည်း အိပ်ရာနေရာတို့ကို သိမ်းခဲ့၍ နေ့နေရာအရပ်ကို တံမြက်လှည်းပြီးလျှင် နေ့နေရာတံခါး၌ ရပ်၍ နေ့နေရာအရပ်ကို ကြည့်လျက်၊ "ယခုအခါ၌ ဤသို့မြင်ခြင်းသည် အဆုံးစွန်သောမြင်ရခြင်းတည်း။ တစ်ဖန်လာခြင်း မရှိပြီ" ဟု ရဟန်း ၅၀၀ ခြံရံလျက် ဘုရားရှိရာသို့ ချဉ်းကပ်လေ၍ ရှိသေစွာ ရှိခိုးလျက် ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသော အရှင်ဘုရား။ အကျွန်ုပ်အား ခွင့်ပြုတော်မူပါ။ ကောင်းသောစကားကို ဆိုတော်မူတတ်သော အရှင်ဘုရား အကျွန်ုပ်အား ခွင့်ပြုတော်မူပါ။ အကျွန်ုပ်အား ပရိနိဗ္ဗာန်ပြုအံ့သော အခါတည်း။ အာယုသင်္ခါရ လွှတ်ပါပြီ" ဟု လျှောက်၏။

[ဘုရားသခင်တို့သည် 'ပရိနိဗ္ဗာန် ပြုတော့' ဟု မိန့်တော်မူချေသော် သေခြင်းကို ချီးမွမ်းရာ ကျချေသည်။ "ပရိနိဗ္ဗာန်မပြုလင့်' ဟု မိန့်တော်မူချေသော် ဝဋ်၏ကျေးဇူးကို ချီးကျူး၍ဆိုရာ ကျချေသောကြောင့် 'အမြင်မှားသောသူတို့သည် အပြစ် မတင်စေကုန်လင့်' ဟု ထို ၂ ပါးသောစကားတို့ကို မိန့်တော်မမူကုန်။]

ထို့ကြောင့် အရှင်သာရိပုတ္တရာကို မြတ်စွာဘုရားသည် "သာရိပုတ္တရာ အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့နည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ မဂဓရာဇ်တိုင်း နာဠကရွာ အကျွန်ုပ်ကို ဖွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုပါမည်" ဟု လျှောက်ပေသော်၊

"သာရိပုတ္တရာ။ သင်၏ ပရိနိဗ္ဗာန်ပြုအံ့သောအခါကို သင်သာ သိသည်။ ယခုအခါ သင်၏တပည့်ကြီး, တပည့်ငယ်တို့အား သင်နှင့်တူသော ရဟန်းကို ဖူးမြင်ရခြင်းသည် အလွန်ရခဲ၏။ ထို့ကြောင့် ရဟန်းတို့အား တရားဟောပေလော့" ဟု မိန့်တော်မူပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာသည်လည်း 'ဘုရားသခင်သည် ငါ၏ တန်ခိုးဖန်ဆင်းအပ်သော, မေတ္တာပြဌာန်းခြင်းရှိသော တရားဒေသနာကို အလိုရှိချေသည်' ဟုသိ၍၊ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ထန်းတစ်ဆင့်အတိုင်းအရှည်ရှိသော ကောင်းကင်သို့ ပျံတက်၍၊ တစ်ဖန်မြေသို့ ဆင်းသက်ပြန်သဖြင့် ဘုရားသခင်ကို ရှိခိုး၍၊ ကောင်းကင်သို့ တစ်ဖန် ထန်း ၂ ဆင့်မျှ အတိုင်းအရှည်ရှိသည်ကို ပြု၍ ပျံတက်၍၊ တစ်ဖန်မြေသို့ ဆင်းသက်၍ ဘုရားသခင်ကို ရှိခိုးပြန်၏။

ဤသို့ တစ်ကြိမ်ထက်တစ်ကြိမ် မြင့်အောင် ကောင်းကင်သို့ ၇ ကြိမ် ထန်း ၇ ဆင့်မြင့်သောအရပ်သို့ ပျံတက်၍ ကောင်းကင်၌တည်လျက်၊ တန်ခိုးဖန်ဆင်းခြင်းကို ပြု၍ တရားဒေသနာကို ဟောပေ၏။ မြို့အလုံးစည်းဝေးကြကုန်၏။

အရှင်သာရိပုတ္တရာသည် ကောင်းကင်မှ ဆင်းသက်၍၊ မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်ဘုရား။ သွားပါတော့မည်" ဟု လျှောက်၏။ မြတ်စွာဘုရားသည် တရားဟောနေရာမှ ထတော်မူ၍၊ ဂန္ဓကုဋီတိုက်သို့ ရှေးရှုကြွတော်မူ၍ ပတ္တမြားစီသောပျဉ်၌ ရပ်တော်မူ၏။

အရှင်သာရိပုတ္တရာသည် လက်ယာရစ် ၃ ကြိမ် လှည့်၍၊ အရပ် ၄ မျက်နှာတို့ကို ရှိခိုး၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဤကမ္ဘာမှသည် ၁ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းအထက်၌ အနောမဒဿီ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ဝပ်၍ ကိုယ်တော်အရှင်တို့အား ဖူးမြင်ရခြင်းကို ဆုတောင်းပတ္တနာ ပြုခဲ့ပါသည်။ တောင်းတိုင်းပြည့်စုံ၍ ကိုယ်တော်ဘုရားကို ရှေးဦးစွာ ဖူးမြင်ရခြင်းကိုလည်း ဖူးမြင်ရပေပြီ။ ဤယခု ဖူးမြင်ရခြင်းသည်ကား အဆုံးစွန်သော ဖူးမြင်ရခြင်းတည်း။ တစ်ဖန် ကိုယ်တော်ဘုရားတို့အား မဖူးမြင်ရပြီ" ဟု လျှောက်၏။

"လူ ၃ ပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော အရှင်ဘုရား။ ယခုအခါ အာယုသင်္ခါရ ပြတ်ခဲ့ပြီ။ သွားပါတော့မည်။ သွားခြင်း, လာခြင်း မရှိချေပြီ။ ဤရှိခိုးခြင်းသည်ကား အဆုံးစွန်သော ရှိခိုးခြင်းတည်း။ အကျွန်ုပ်၏အသက်သည် နေ့ရက် နီးခဲ့ပြီ။ ယနေ့မှ ၇ ရက်လွန်သဖြင့် လေးစွာသောဝန်ကို ချသကဲ့သို့ ထို့အတူ အကျွန်ုပ်သည် ခန္ဓာဝန်ကို ချပါတော့မည်" ဟု လျှောက်ဆို၍၊ ၁၀ ပါးသော လက်, ၁၀ ပါးသော လက်သည်းရောင်တို့ဖြင့် ပြောင်ပြောင်ထွန်းပသော လက်အုပ်ချီခြင်းဖြင့် ဘုရားသခင် မျက်မြင်လောက်သော အရပ်ဌာနတိုင်အောင် နောက်ဆုတ် ကြွတော်မူလေ၍၊ "ဤခန္ဓာမှ စ၍ စုတိပဋိသန္ဓေ၏အစွမ်းဖြင့် တစ်စုံတစ်ခုသောအရပ်၌ အလားအလာမည်သည် မရှိ" ဟု ရှိခိုး၍ ကြွလေ၏။ ဤမြေကြီးသည်လည်း ပြင်းစွာ တုန်လှုပ်၏။

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကိုခြံရံ၍ နေကုန်သောရဟန်းတို့ကို "ချစ်သားတို့။ သင်တို့၏ အစ်ကိုကြီးကို လိုက်၍ပို့ကုန်လော့" ဟု မိန့်တော်မူ၏။

ထိုအခါ၌ ပရိသတ်တို့သည် သဗ္ဗညုဘုရားသခင် တစ်ပါးတည်းကိုသာလျှင် ခြွင်းချန်ခဲ့၍ အကြွင်းမဲ့ ထွက်လေကုန်၏။

သာဝတ္ထိပြည်သူပြည်သားတို့သည်လည်း "အရှင်သာရိပုတ္တရာသည် ဘုရားသခင်ကိုပန်ကြား၍ ပရိနိဗ္ဗာန်ပြုအံ့သောငှာ သွားချေပြီ။ ငါတို့ ဖူးမြင်လိုက်ကုန်အံ့" ဟု မြို့မှထွက်၍ နံ့သာပန်းလက်စွဲကုန်လျက် ဖြေသောဆံရှိကုန်သည်ဖြစ်၍၊ "အရှင်သာရိပုတ္တရာ အဘယ်မှာနည်း။ အရှင်သာရိပုတ္တရာ အဘယ်မှာနည်း" ဟု မေးကုန်လျက်၊ "အရှင်ဘုရား။ ဘယ်သူ့ထံသို့ ကြွတော်မူလိမ့်နည်း။ ဘုရားသခင်ကို ထားခဲ့၍ ကြွတော်မူပြီ" ဤသို့အစရှိသော အထူးထူးသော ငိုကြွေးမြည်တမ်းခြင်းတို့ဖြင့် ငိုကြွေးမြည်တမ်းကြကုန်လျက် နောက်တော်သို့ လိုက်ကြလေကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာသည် ကြီးသောပညာ၌ တည်သောကြောင့် 'အလုံးစုံတို့အား ခရီး မလွန်စေလင့်' ဟု လူများတို့ကို ဆုံးမဩဝါဒ ပေးတော်မူလို၍၊ "ဒါယကာတို့။ ရပ်ကုန်လော့။ ဘုရားသခင်၌ မမေ့စေကုန်လင့်။ သင်္ခါရတရားတို့သည် ဖြစ်တတ်, ပျက်တတ်သော သဘောရှိကုန်၏။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့စေကုန်လင့်"ဟု ဟောကြားဖော်ပြ၍ ပြန်စေ၏။ ရဟန်းတို့ကိုလည်း "မမေ့မလျော့စေကုန်လင့်" ဟု ဩဝါဒကိုပေး၍ ပြန်စေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ခရီးအကြား၌ လူတို့အား ၇ ရက်ပတ်လုံး တရားဖြင့် ချီးမြှင့်ခြင်းကိုပြုလျက် ညအခါ၌ နာဠကရွာသို့ ရောက်၍ ရွာတံခါး၌ ပညောင်ပင်၏အနီး၌ ရပ်၏။ ထိုအခါ၌ အရှင်သာရိပုတ္တရာ၏ တူဖြစ်သော ဥပရေဝတသည် ရွာသို့ သွားသည်ရှိသော်၊ အရှင်သာရိပုတ္တရာကို မြင်၍ ရှိခိုးလျက် ရပ်၏။

အရှင်သာရိပုတ္တရာသည် ထိုဥပရေဝတကို "သင်၏အဘွားသည် အိမ်၌ရှိသလော" ဟု မေး၏။ "အရှင်ဘုရား။ ရှိပါ၏" ဟု လျှောက်ပေသော်၊ "သင် သွားချေ။ ငါတို့ လာသောအဖြစ်ကို ကြားချေ။ အဘယ့်ကြောင့်လာသနည်းဟု မေးလျှင် ယခု တစ်နေ့ပတ်လုံး ရွာတွင်း၌ နေလတ္တံ့။ ဖွားရာတိုက်ခန်းကို သုတ်သင်ကုန်လော့။ ၅၀၀ သော ရဟန်းတို့၏ နေရာအရပ်ကိုလည်း ပြင်ဆင်ကုန်လော့" ဟု မိန့်တော်မူ၍ စေလိုက်၏။

ဥပရေဝတသည်လည်း အဘွား၏အိမ်သို့ သွား၍၊ "အဘွားကြီး။ ငါတို့ဦးရီး ကြွလာသည်" ဟုဆို၏။ အဘွားသည်လည်း "ယခု အဘယ်မှာရှိသနည်း" ဟု ဆိုလတ်သော်၊ "ရွာတံခါးအနီး၌ ရှိသည်" ဆို၏။

"တစ်ပါးတည်းပင် လာသလော။ သို့မဟုတ် တစ်စုံတစ်ယောက်ပင် ပါသေးသလော" ဟု မေးသည်ရှိသော်၊ "ရဟန်း ၅၀၀ ပါ၏" ဟုဆိုပေ၏။

"အဘယ့်ကြောင့် ကြွလာသနည်း" ဟု မေးပြန်သော်၊ ဦးရီးက မှာလိုက်တိုင်း ပြောဆိုပေ၏။

'ရူပသာရီ'အမည်ရှိသော မယ်တော်ပုဏ္ဏေးမသည် 'ဤမျှသော ရဟန်းတို့၏ နေရာအရပ်ကို အဘယ်သို့လျှင် သုတ်သင်ရအံ့နည်း။ ငယ်သောအခါ၌ ရဟန်းပြု၍ ကြီးသောအခါမှ လူထွက်ခြင်းကို အလိုရှိလေသလော' ဟု ကြံစည်အောက်မေ့လျက် ဖွားရာတိုက်ခန်းကို သုတ်သင်စေ၍၊ ၅၀၀ သော ရဟန်းတို့၏ နေရာအရပ်ကိုလည်း ပြုပြင်စေ၍ ဆီမီးတိုင်တို့ကို ညှိပြီးလျှင် အရှင်သာရိပုတ္တရာ၏ထံသို့ စေလိုက်၏။

အရှင်သာရိပုတ္တရာလည်း ရဟန်းတို့နှင့်တကွ ပြာသာဒ်သို့တက်၍ ဖွားရာတိုက်ခန်းသို့ဝင်၍ နေတော်မူ၏။ ရဟန်းတို့ကိုလည်း "သင်တို့နေရာအရပ်သို့ သွားလေကုန်လော့" ဟု လွှတ်လိုက်၏။

ရဟန်းတို့ သွားကာမျှလျှင် အရှင်သာရိပုတ္တရာအား ကြမ်းတမ်းသောအနာ ဖြစ်၏။ သေခြင်း အဆုံးရှိသော သွေးအန်သောရောဂါဝေဒနာသည် ဖြစ်ခဲ့ပြီ။ ခံသောခွက်မျှ မဆံ့နိုင်အောင် ရှိချေ၏။ 'ရူပသာရီ'အမည်ရှိသော မယ်တော်ပုဏ္ဏေးမသည်လည်း "ငါ့သား၏ဖြစ်ရခြင်းကို ငါ မမြင်ဝံ့" ဟု မိမိနေရာ တိုက်တံခါးကိုမှီ၍ ရပ်၏။

ထိုအခါ စတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်တို့သည် 'အရှင်သာရိပုတ္တရာသည် အဘယ်မှာရှိသနည်း'ဟု ကြည့်ရှုကုန်သော်၊ 'နာဠကရွာ ဖွားရာတိုက်ခန်းဝယ် ပရိနိဗ္ဗာန်လွန်တော်မူရာညောင်စောင်း၌ လျောင်းချေပြီ။ အဆုံးစွန်ဖူးမြင်ခြင်းကို ဖူးမြင်ရအောင် သွားကုန်အံ့' ဟု လာကုန်၍၊ ရှိခိုးလျက် ရပ်ကုန်၏။

"သင်တို့ အဘယ်သူနည်း" ဟု အရှင်သာရိပုတ္တရာက မေးတော်မူသော်၊ "အရှင်ဘုရား။ အကျွန်ုပ်တို့သည် သူနာအလုပ်အကျွေး လာကုန်သည်" ဟု လျှောက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



''သူနာအလုပ်အကျွေး ဖြစ်စေတော့၊ လုပ်ကျွေးသူ ရှိ၏။ သွားလေကုန်တော့'' ဟု လွှတ်လိုက်၏။

စတုမဟာရာဇ်နတ်မင်းကြီး ၄ ယောက်တို့ သွား၍ မကြာမြင့်မီ နတ်တို့ကိုအစိုးရသော သိကြားမင်း လာ၏။ သိကြားမင်းသွားပြီးနောက် သုယာမနတ်မင်း အစရှိကုန်သော နတ်မင်းတို့သည် လည်းကောင်း၊ ဗြဟ္မာကြီးတို့သည် လည်းကောင်း လာလတ်ကုန်၏။ 'ထိုသိကြား၊ သုယာမ စသော နတ်၊ ဗြဟ္မာတို့ကိုလည်း ရှေးနည်းအတူ သွားလေကုန်တော့' ဟု လွှတ်လိုက်လေ၏။

ထိုအခါ 'ရူပသာရီ'အမည်ရှိသော ပုဏ္ဏေးမသည် နတ်၊ဗြဟ္မာတို့၏လာခြင်း သွားခြင်းကို မြင်၍ 'ဤသူတို့သည် ငါ့သားကိုရှိခိုး၍ အဘယ်မည်သောအကြောင်းကြောင့် သွားလေကုန်သနည်း' ဟု အရှင်သာရိပုတ္တ၏နေရာတိုက်တံခါးသို့ သွား၍၊ ''ချစ်သား စုန္ဒ။ အကြောင်းအသို့တုံနည်း''ဟု မေး၏။ အရှင်စုန္ဒလည်း နတ်၊ ဗြဟ္မာတို့လာကြောင်းကို ကြား၍၊ ''အရှင်ဘုရား။ မယ်တော်ဖြစ်သော ဒကာမကြီး လာပါသည်'' ဟု အရှင်သာရိပုတ္တရာအား လျှောက်လို၍ အနီးသို့ ချဉ်းကပ်၏။

အရှင်သာရိပုတ္တရာလည်း ''အခါမဟုတ်သည်၌ အဘယ့်ကြောင့် လာသနည်း'' ဟု မေး၏။ မယ်တော်သည် ''ချစ်သားကို ဖူးမြင်အံ့သောငှာ လာသည်'' ဟု ဆို၍၊ ''ချစ်သား။ ရှေးဦးစွာလာသော သူတို့သည် အဘယ်သူတို့နည်း'' ဟု မေး၏။ ''ဒကာမကြီး။ စတုမဟာရာဇ် နတ်မင်းကြီး ၄ ယောက်တို့တည်း'' ဟု ဆိုပေ၏။ ''ချစ်သား။ သင်ချစ်သားသည် နတ်မင်းကြီး ၄ ယောက်တို့ထက် ကြီးမြတ်သလော'' ဟု မေးပြန်၏။ ''ဒကာမကြီး။ ထိုနတ်မင်းကြီး ၄ ယောက်တို့သည်ကား အရံအစောင့်နှင့် တူ၏။ ငါတို့မြတ်စွာဘုရား ပဋိသန္ဓေယူသည်မှစ၍ သန်လျက်လက်စွဲကုန်လျက် အစောင့်အရှောက်ကို ပြုရကုန်၏'' ဟု ဆိုလေသော်၊ ''ချစ်သား။ ထိုနတ်မင်းကြီးတို့ သွားလေသောအဆုံး၌ လာသောသူကား အဘယ်သူတုံနည်း'' ဟု မေးပြန်၏။

''ဒကာမကြီး။ နတ်အပေါင်းတို့ကိုအစိုးရသော သိကြားမင်း လာသည်'' ဟု ဆိုပေသော် ''ချစ်သား။ သင်ချစ်သားသည် 'သိကြားမင်း လာသည်'ဟုဆိုလျှင်၊ ချစ်သား။ သင်ချစ်သားသည် ထိုသိကြားမင်းထက်ပင် ကြီးမြတ်သလော'' ဟု မေးပြန်၏။ ''ဒကာမကြီး။ ဤသိကြားမင်းသည်လည်း သပိတ်၊သင်္ကန်းကို ဆောင်ယူရသော သာမဏေနှင့်တူ၏။ ငါတို့ မြတ်စွာဘုရား တာဝတိံသာမှ သက်တော်မူသောအခါ ထိုသိကြားမင်းသည်ပင် သပိတ်သင်္ကန်းကို ဆောင်ယူ၍ သက်၏'' ဟု ဆိုပေသော်၊ ''ချစ်သား။ ထိုသိကြား သွားလေသောအဆုံး၌ အရောင်အဝါ လွန်စွာထွန်းပလျက် လာသောသူကား အဘယ်သူတုံနည်း'' ဟု မေးပြန်၏။

''ဒကာမကြီး။ သင် ဒကာမကြီးတို့၏ ဆရာ၊ ဘုန်းအာနုဘော်ကြီးသော ဗြဟ္မာကြီးတည်း'' ဟု ဆိုပေသော်၊ ''ချစ်သား။ သင်ချစ်သားသည် ငါတို့ဆရာ ဘုန်းအာနုဘော်ကြီးသော ဗြဟ္မာကြီးထက် မြတ်လေသလော'' ဟု မေးပြန်၏။ ''ဒကာမကြီး။ သြော်-ကြီးမြတ်၏။ ဤဗြဟ္မာကြီးတို့သည် ငါတို့၏ဆရာဖြစ်သော မြတ်စွာဘုရား၏ ဖွားဇော်မူသောနေ့၌ ဗြဟ္မာကြီး ၄ ယောက်တို့ ဘုရားလောင်းကို ရွှေကွန်ရက်ဖြင့် ခံကြကုန်သည်'' ဟု ဆိုပေ၏။

ထိုသို့ဆိုသောအခါ၌ 'ငါ့သား၏ အာနုဘော်လည်း ကြီးမြတ်၏။ စင်စစ်မူကား ငါ့သား၏ ဆရာဖြစ်သော ဘုရားသခင်၏အာနုဘော်သော်ကား အဘယ်သို့ ဖြစ်လတ္တံ့နည်း' ဟု ကြံလေသော်၊ မယ်တော်ပုဏ္ဏေးမအား ၅ ပါး အပြားရှိသော ပီတိတို့သည်ဖြစ်၍ တစ်ကိုယ်လုံး နှံ့၏။

[ပီတိ ၅ ပါးဟူသည်ကား- ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိ ဟူ၍ ၅ ပါးတည်း။]



www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာလည်း 'ငါ၏အမိသည် နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း ဖြစ်ပြီ။ ယခုအခါ၌ တရားဒေသနာကို ဟောခြင်းငှာ အခါတန်ပြီ'ဟု နှလုံးထား၍၊ ''ဒကာမကြီး။ အဘယ်သို့ ကြံအောက်မေ့သနည်း'' ဟု ဆို၏။

''ငါ့သား ရှေးဦးစွာ ဤသို့သောဂုဏ်ကျေးဇူးသည် ငါ့သား၌ ရှိချေ၏။ ငါ့သား၏ဆရာကား အဘယ်သို့သော ဂုဏ်ကျေးဇူး ဖြစ်လတ္တံ့နည်းဟု ကြံအောက်မေ့သည် ချစ်သား'' ဟုဆို၏။

''ဒကာမကြီး။ ငါ၏ဆရာ ဘုရားသည် ဖွားသောခဏ၌ လည်းကောင်း, မြတ်သောတောထွက်သော အခါ၌ လည်းကောင်း, သဗ္ဗညုတဉာဏ်ကို ရခြင်း၌ လည်းကောင်း, ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ လည်းကောင်း၊ ၁ သောင်းသော လောကဓာတ်တို့ကို တုန်လှုပ်သည်။ သီလနှင့် လည်းကောင်း, သမာဓိနှင့် လည်းကောင်း, ပညာနှင့် လည်းကောင်း, အရဟတ္တဖိုလ်စိတ်နှင့် လည်းကောင်း, အရဟတ္တဖိုလ် ဉာဏ်အမြင်နှင့် လည်းကောင်း တူသောသူမည်သည် မရှိချေ'' ဟု 'ဣတိပိသော ဘဂဝါ' အစရှိသည်ဖြင့် ဘုရားသခင် ဂုဏ်ကျေးဇူးနှင့် ယှဉ်သော တရားဒေသနာကို ဟောပေ၏။

မယ်တော် ရူပသာရီ ပုဏ္ဏေးမသည် ချစ်လှစွာသောသား၏ တရားဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၍၊ ''ချစ်သား။ အဘယ့်ကြောင့် ဤသို့ သဘောရှိသော အမြိုက်တရားမည်သည်ကို ငါ့အား ဤမျှသောကာလတိုင်တိုင် မဟောကြားဘဲ နေဘိသနည်း'' ဟု သားကို ဆို၏။

အရှင်သာရိပုတ္တရာသည်လည်း 'ယခုအခါ ငါ၏ အဆင်းအသရေကိုဆောင်တတ်သော မယ်တော်အား နို့ဖိုးကျေးဇူးကို ဆပ်အပ်လေပြီ။ ဤမျှဖြင့် ကျေးဇူးတို့ကို ဆပ်လတ်အံ့' ဟု ကြံ၍၊ ''ဒကာမကြီး။ သွားဦးတော့'' ဟု မယ်တော်ပုဏ္ဏေးမကို လွှတ်လိုက်၍၊ ''ငါ့ညီစုန္ဒ။ အခါတန်ပြီလော'' ဟု ဆို၏။

''အရှင်ဘုရား။ မိုးသောက်အားကြီးရှိပြီ'' ဟု လျှောက်ပေသော်၊ ''ငါ့ညီစုန္ဒ။ ငါ့ကိုထူ၍ ထိုင်စေလော့'' ဟု မိန့်တော်မူ၏။

အရှင်စုန္ဒသည် အရှင်သာရိပုတ္တရာကို ထူ၍ ထိုင်လျက်နေစေ၏။ အရှင်သာရိပုတ္တရာလည်း ရဟန်းတို့ကို ခေါ်တော်မူ၍၊ ''ငါ့ရှင်တို့။ ၄၄ နှစ်ပတ်လုံး ငါနှင့်အတူတကွ သွားလာကြကုန်သော သင်တို့အား ငါ၏ ကိုယ်၌ဖြစ်သော အမှု, ဝစီကံကြောင့် ဖြစ်သောအမှုကို မနှစ်သက်ကုန်အံ့။ ထိုအမှုကို သည်းခံကုန်လော့'' ဟု မိန့်တော်မူပေ၏။ ရဟန်းတို့သည်လည်း ''အရှင်ဘုရား။ ဤမျှလောက်သော ကာလပတ်လုံး အကျွန်ုပ်တို့အား ကိုယ်ဝယ် အရိပ်ပါသကဲ့သို့ အရှင်ဘုရားတို့ကိုမလွှတ်မူ၍ သွားတိုင်းပါသော အကျွန်ုပ်တို့အား 'မနှစ်သက်ခြင်း'မည်သည် မရှိ။ အရှင်ဘုရားသည်ကား အကျွန်ုပ်တို့အား သည်းခံတော်မူပါ'' ဟု လျှောက်ကုန်၏။

အရှင်သာရိပုတ္တရာသည် တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်တွင် မယ်တော်အိမ်ခန်းတိုက်သို့ ရောက်တော်မူ၍၊ ထိုည၌ပင် ပြင်းပြစွာသော ရောဂါဝေဒနာ ဖြစ်၍၊ ထိုည၌ပင်မိုးသောက်ယံတွင် ခေါမသင်္ကန်းကို ဝတ်ရုံ စံပယ်တော်မူလျက် လက်ယာနံပါးဖြင့် လျောင်းတော်မူ၍ သမာပတ်ကို အနုလောမ, ပဋိလောမအားဖြင့် ဝင်စားတော်မူပြီးလျှင်၊ တစ်ဖန် ပထမဈာန်ကို အစပြု၍ စတုတ္ထဈာန်ကို ဝင်စား၏။ ထို စတုတ္ထဈာန်မှ ထသည်၏ အခြားမဲ့၌ ဤမြေကြီးကို ပဲ့တင်ထပ်စေလျက် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ရူပသာရီသည် 'အသို့တုံနည်း။ ငါ့သား ဉပတိဿသည် တစ်ခွန်းသောစကားကိုမျှ မပြော မဆိုပါ' ဟု ထ၍ ခြေဖမိုးကို သုံးသပ်သော်၊ ပရိနိဗ္ဗာန် လွန်သောအဖြစ်ကိုသိ၍ သည်းစွာသော အသံကိုဟစ် လျက်၊ ခြေတော်ရင်း၌ဝပ်၍၊ "ရှေးကာလက ငါ့သား၏ကျေးဇူးဂုဏ်ကို မိခင် မသိပါ။ ယခုမှ မိခင် သိရသည်။ ငါ့ချစ်သားကို အစပြု၍ အရာ, အထောင်, အသိန်းမကသော ရဟန်းသံဃာတို့ကို ဤအိမ်၌ စည်းဝေးစေ၍ ဆွမ်း,ခဲဖွယ်ဖြင့် မလုပ်ကျွေးရပါလေ။ သင်္ကန်း ၃ ထည်တို့ဖြင့် မလှူဒါန်းရပါလေ။ အရာအထောင်မကသော ကျောင်းကို ဆောက်၍ မလှူလိုက်ရပါလေ" ဟု ငိုကြွေးမြည်တမ်း၍၊ အရုဏ်တက်သောအခါ၌ ရွှေပန်းထိမ်သည် တို့ကို ခေါ်ပြီးလျှင် ရွှေတိုက်ကို ဖွင့်စေ၍၊ ရွှေချောင်းတို့ကို ချိန်ကြီးဖြင့် ချိန်စေ၍၊ "စုလစ်မွမ်းချွန်တပ်သော ပြာသာဒ် ၅၀၀ တို့ကို လည်းကောင်း, ၅၀၀ သောစေတီတို့ကို လည်းကောင်း လုပ်ကုန်" ဟု ပေးစေ၏။

သိကြား, နတ်မင်းလည်း ဝိသကြုံနတ်သားကိုခေါ်၍၊ "အချင်း ဝိသကြုံနတ်သား။ ဓမ္မသေနာပတိ ဖြစ်သော အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် လွန်တော်မူပြီ။ စုလစ်မွမ်းချွန်တပ်သော ပြာသာဒ်တို့ကို လည်းကောင်း, ၅၀၀ သော စေတီတို့ကို လည်းကောင်း ဖန်ဆင်းချေ" ဟု စေလိုက်၏။ မယ်တော်က လုပ်ဆောင်သည် ၁၀၀၀၊ ဝိသကြုံနတ်မင်းက ဖန်ဆင်းသည် ၁၀၀၀၊ ၂၀၀၀ သော စုလစ်မွမ်းချွန်စေတီတို့လည်း ဖြစ်လေ ကုန်၏။

ထို့နောင်မှ မြို့တော်၌ မဏ္ဍပ်ကိုဆောက်စေ၍၊ မဏ္ဍပ်အလယ်၌ စုလစ်မွမ်းချွန်ကြီးကို ထားစေ၍၊ ကြွင်း သောစုလစ်မွမ်းချွန်တို့ကို အခြံအရံအသွင် ထား၍ သူတော်ကောင်းတို့ စည်းဝေးပျော်ပါးကစားခြင်းကို အား ထုတ်ကြကုန်၏။ လူတို့သည် နတ်တို့၏အကြား၌ နတ်တို့သည်လည်း လူတို့၏အကြား၌ အရောရော ဖြစ်လေ ကုန်၏။

### ၁၃- ရေဝတီနတ်သမီးအကြောင်းကို ပြခြင်း

ထိုအခါ၌ 'ရေဝတီ' အမည်ရှိသော အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးမိန်းမသည် 'အရှင်သာရိပုတ္တရာ ကို ပူဇော်အံ့'ဟု ရွှေပန်း ၃ ခိုင်ကိုလုပ်စေ၍ ထိုရွှေပန်း ၃ ခိုင်တို့ဖြင့် အရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို ပူဇော်၏။

သိကြားမင်းသည်လည်း ကုဋေ ၅၀၀ သော ကချေသည်တို့ဖြင့်ခြံရံလျက် ဆင်းသက်၍လာ၏။ လူများ သည် သိကြားမင်း ဆင်းလာသည်ကို မြင်၍ နောက်ဆုတ်နောက်ဆုတ် သွားလေကုန်၏။

ထိုအခါ ဗိုလ်ထုအပေါင်းတို့သည် တိုးဝှေ့ကြရာတွင် ရေဝတီသည် ရှားတားပါသော်လည်း မရှားတား နိုင်။ လူတို့၏ ကြားညပ်၍ လဲသည်ကို ဆင့်ကဲဆင့်ကဲ အစဉ်မပြတ်ကျော်နင်းမိကြသဖြင့် ထိုအရပ်ပင်လျှင် သေလွန်၍ တာဝတိံသာနတ်ပြည်ဝယ် ရွှေဗိမာန်၌ ဖြစ်လေ၏။ ထိုရေဝတီလည်း ရတနာရွှေတုံးကဲ့သို့ ၃ ဂါဝုတ် အဝိုင်းအရှည်ရှိသောကိုယ် ရှိ၏။ လှည်း ၆၀ မျှ တိုက်လောက်သော၊ ကိုယ်၌ ဆင်ယင်သောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော နတ်သမီး ၁၀၀၀ အခြံအရံ ရှိ၏။

ထိုအခါ၌ ရေဝတီနတ်သမီးအား ကြေးမုံကြီးကို ရှေ့က ပြကုန်၏။ ရေဝတီသည် မိမိအသရေစည်းစိမ် ကို မြင်၍၊ 'ဤစည်းစိမ်သည် ကြီးမြတ်လှ၏။ အဘယ်ကောင်းမှုကြောင့် ဤစည်းစိမ်ကိုရသနည်း' ဟု ကြံစည်သော်၊ 'အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်လွန်တော်မူသောအခါ၌ ရွှေပန်း ၃ ခိုင်တို့ဖြင့် ပူဇော်ခြင်းကို ပြုခဲ့ ဖူးသည်။ ပွဲအတွင်း၌ လူများတို့ကျော်နင်းမိ၍ သေရလျှင် ဤဗိမာန်၌ ဖြစ်လာသည်။ သခင်ကောင်းကို မှီ၍



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပေသည်' ဟု မြင်လေ၍၊ 'ယခုအခါ၌ ဖြစ်လာသည့်ကောင်းမှု၏အကျိုးကို လူတို့အား ကြားသိပေအံ့' ဟု မိမာန်နှင့်တကွ ဆင်းသက်ခဲ့၏။ လူများသည် အဝေးကမြင်လျှင် "အသို့တုံနည်း။ နေ ၂ စင်းထွက်သလော" ဟု ကြည့်ကုန်စဉ်၊ မိမာန်ရောက်လာလတ်သော် စုလစ်မွမ်းချွန် သဏ္ဍာန်တို့သည် ထင်လတ်ကုန်၏။ "ဤသည်ကား နေ မဟုတ်" ဟု ဆိုကြကုန်၏။

မိမာန်သည် လာလတ်၍ အရှင်သာရိပုတ္တရာ၏ ထင်းပုံထက်၌ ကပ်လေ၏။ ရေဝတီနတ်သမီးသည် မိမာန်ကို ကောင်းကင်ထက်၌ ထားခဲ့၍ မြေသို့သက်၏။ လူများသည် "သင်ကား အဘယ်သူနည်း" ဟု မေးကြကုန်၏။ "ငါ့ကို သင်တို့ မသိပေကုန်။ ငါ ရေဝတီပင်တည်း။ ရွှေပန်း ၃ ခိုင် တို့ဖြင့် အရှင်ကောင်းကို ပူဇော်ခိုက်တွင် လူတို့နင်းကျော်၍ သေလေလျှင် တာဝတိံသာ၌ ဖြစ်ရသည်။ ငါ၏ စည်းစိမ်ကို သင်တို့ ကြည့်ရှုကုန်လော့။ သင်တို့သည်လည်း အလှူပေးကြကုန်လော့။ ကောင်းမှုကုသိုလ်ကို အားထုတ်ကြကုန်လော့" ဟု ကုသိုလ်ပြုခြင်း၌ ကျေးဇူးစကားကို များစွာဆို၍၊ အရှင်သာရိပုတ္တရာ၏ထင်းပုံကို လက်ယာရစ် ၃ ပတ် လှည့်၍ ရှိခိုးပြီးသော် မိမိနေရာ တာဝတိံသာသို့ သွားလေ၏။

## ၁၄- အရှင်စုန္ဒအကြောင်းကို ပြခြင်း

လူများတို့သည် ၇ ရက်ပတ်လုံး သူတော်ကောင်းတို့၏ စည်းဝေးပျော်ပါး ကစားခြင်းကိုပြု၍ အလုံးစုံသော နံ့သာမျိုးတို့ဖြင့် ထင်းပုံကို ပြုကုန်၏။ ထင်းပုံအစုသည် ၉၉ တောင်အမြင့် ရှိ၏။ အလောင်းတော်ကို ထင်းပုံထက်သို့ တင်၍၊ ပန်းရင်းစည်းတို့ဖြင့် မီးတိုက်ကုန်၏။ သံချိုင်းတော်၌ တစ်ညဥ့်ပတ်လုံး တရားနာသော အခါသည် ဖြစ်လေ၏။

အရှင်အနုရုဒ္ဓါသည် အလုံးစုံသော နံ့သာရေဖြင့် ထင်းပုံကို ငြိမ်းစေ၏။ အရှင်စုန္ဒသည် ဓာတ်တော်တို့ကို ရေစစ်ဖြင့်ထည့်၍၊ 'ယခုအခါ၌ ငါသည် ဤအရပ်၌တည်ခြင်းငှာ မတတ်နိုင်။ ငါ၏အစ်ကိုဖြစ်သော ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ ပရိနိဗ္ဗာန်ပြုသောအဖြစ်ကို သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ကြားချေအံ့" ဟု ဓာတ်တော်ထည့်သော ရေစစ်ကို လည်းကောင်း၊ အရှင်သာရိပုတ္တရာ၏ သပိတ်, သင်္ကန်းကို လည်းကောင်း ယူ၍ သာဝတ္ထိပြည်သို့ သွားလေ၏။ တစ်ခုသောအရပ်၌ ၂ ရက် မနေမူ၍ တစ်ရွာ၌တစ်ညဥ့်မျှသာ လမ်းခရီးတွင် ကိန်းဝပ်တော်မူ၍ သာဝတ္ထိပြည်သို့ ရောက်လေ၏။

[ညီတော်အရှင်စုန္ဒကို သာမဏေစဉ်က 'စုန္ဒသာမဏေ'ခေါ်၏။ ရဟန်းဖြစ်သောအခါ၌လည်း ၄င်းနည်းတူ တွင်လေသတည်း။]

အရှင်စုန္ဒသည် ဘုရား၌ လည်းကောင်း, အရှင်အာနန္ဒာ၌ လည်းကောင်း ရိုသေသဖြင့် ဘုရားသခင်အထံ အဖြော င့်မလာသေးဘဲ ဇေတဝန်ကျောင်းတော်အနီး၌ ၄ ထောင့်ကန်တွင် ရေချိုး၍ ကောင်းစွာဝတ်ရုံခြင်းကို ဝတ်ရုံပြီးလျှင် ဤသို့ ကြံ၏။

"ဘုရားတို့မည်သည်ကို ကျောက်ထီးကဲ့သို့ အလေးအမြတ် ပြုအပ်လှချေသည်။ ငါသည် ဘုရားသခင့် အထံသို့ အဖြော င့်သွား၍ လျှောက်ကြားခြင်းငှာ မသင့်။ အဘယ်သူ့ထံက သွားရသော် ကောင်းမည်နည်း' ဟု ကြံပြီးမှ 'ငါ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်အာနန္ဒာသည် မြတ်သော အဆွေခင်ပွန်းကြီးပေတည်း။ အရှင်အာနန္ဒာ၏ အထံသို့ သွား၍၊ အရှင်အာနန္ဒာကို အဖော်ခေါ်၍ ဘုရားသခင်နှင့် စကားပြောစေအံ့" ဟု အရှင်အာနန္ဒာ၏ အထံသို့ သွား၍၊ "အရှင်ဘုရား။ အကျွန်ုပ်၏အစ်ကိုကြီး ပရိနိဗ္ဗာန် လွန်ချေပြီ။ ဤသည်ကား အရှင်သာရိပုတ္တရာ၏



www.burmeseclassic.com

www.burmeseclassic.com



သပိတ်၊ သင်္ကန်းတို့တည်း။ ဤသည်ကား အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့တည်း" ဟု တစ်ခုတစ်ခုစီပြ၍ လျှောက်ကြား၏။

အရှင်အာနန္ဒာသည် အရှင်စုန္ဒနှင့်တကွ ဘုရားသခင့်အထံတော်သို့ သွား၍၊ "ဤသည်ကား အရှင်သာရိပုတ္တရာ၏ သပိတ်၊သင်္ကန်းတည်း။ ဤသည်ကား အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တည်း" ဟု အသီးအသီး လျှောက်၏။

ဘုရားသခင်သည်လည်း လက်တော်ကိုဆန့်ပြီးလျှင် ဓာတ်တော်ကိုလက်ဝါးတော်အပြင်၌ထား၍ ရဟန်းတို့ကို ခေါ်တော်မူ၏။

"ချစ်သားရဟန်းတို့။ အကြင်ရဟန်းသည် ရှေးဖြစ်သောနေ့၌ တန်ခိုးပြာဋိဟာကိုပြ၍ ပရိနိဗ္ဗာန် ပြုရန် အကြောင်းကို ခွင့်တောင်း ပန်ထွာ၏။ ယခုအခါ၌ ဤသည်တို့ကား ထိုရဟန်း၏ ဖြူစင်သန့်ရှင်းသော ခရုသင်း အရောင်ကဲ့သို့ ဓာတ်တော်အစုသာထင်ကုန်တော့သည်။ ထိုသာရိပုတ္တရာသည် ၁ သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီကို ဖြည့်လေ၏။

"ချစ်သားတို့။ ဤသူသည် ငါဘုရား ဟောတော်မူသောဓမ္မစက်ကို အတုပြု၍ ဟောနိုင်ပေ၏။ ဤသူသည် အဖော်ရလှလေ၏။ ဤသူသည် ပြည့်စုံသော သာဝကအစည်းအဝေး ရှိလေ၏။ ဤသူသည် ငါဘုရားကိုထား၍ ၁ သောင်းသောစကြဝဠာ၌ အတုမရှိ။ ဤသူသည် ကြီးသောပညာ ရှိ၏။ ရွှင်သောပညာ ရှိ၏။ လျင်သောပညာ ရှိ၏။ ထက်မြက်ထိုးထွင်းသောပညာ ရှိ၏။ ဤသူသည် အလိုနည်း၏။ ရောင့်ရဲလွယ်၏။ ဆိတ်ငြိမ်သောအရပ်သို့ ကပ်တတ်၏။ လူတို့နှင့် နှီးနှောခြင်း မရှိ။ အားထုတ်အပ်သော လုံ့လရှိ၏။ မကောင်းမှုကိုပြုသောသူတို့ကို ကဲ့ရဲ့တတ်၏။

"ချစ်သားတို့။ ဤသူကား ၅၀၀ သော စည်းစိမ်တို့ကို စွန့်၍ ရဟန်းပြုသည်။ ငါဘုရား၏ သာသနာတော်၌ မြေနှင့်တူသော သည်းခံခြင်း ရှိ၏။ ဤသူကား ဦးချိုကျိုးသော နွားလားဥသဘနှင့် တူ၏။

"ချစ်သားတို့။ ပညာကြီးသော ငါ့သား သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို ရှုကြည့်ကုန်လော့" ဟု ဂါထာ ၅၀၀ တို့ဖြင့် အရှင်သာရိပုတ္တရာ၏ဂုဏ်ကို ချီးမွမ်းမြွက်စားတော်မူ၏။

['ပါပဂရဟီ ဧသ ဘိက္ခု ပဥ္စဓာတိ သတာနိ' အစရှိသည်ဖြင့် ပါဠိရှိရကား ပါရမီတော်ခန်း၌၊

'ပါပဂရဟီ ခေါ်တွင်ညီလျက်'၊ ရူပသာရိပုဗ္ဗေးမသား ဖြစ်ရကား 'သာရိမယ်တော်၊ မွေး၍ခေါ်သည်၊ ထေရ်ကျော်မဟာ၊ သာရိပုတ္တရာ' ဟု စပ်လေသည်။]

ဘုရားသခင် ချီးမွမ်းမြွက်စားတော်မူသော စကားကိုကြားလျှင် အရှင်အာနန္ဒာသည် မတည်တံ့နိုင်။ တုန်လှုပ်လျက် ငိုကြွေးခြင်းကို ပြု၏။

ဘုရားသခင်သည်လည်း "အာနန္ဒာ။ ငါဘုရားသည် ရှေးမဆွကပင် သင်အား ဟောတော်မူပြီ မဟုတ်လော။ အမိ၊ အဖ၊ နှမ၊ အစ်ကို အစရှိသော ချစ်အပ်သောသူတို့နှင့် 'နာနာဘာဝ' ဟု ဆိုအပ်သော ရှင်သဖြင့် ကွဲရခြင်း၊ 'ဝိနာဘာဝ'ဟု ဆိုအပ်သော သေသဖြင့် ကွဲရခြင်း ရှိ၏။ ထို ကွေကွင်းခြင်း၊ ပျက်စီးခြင်းကို ပါရမီ ၁၀ ပါးကို ဖြည့်သဖြင့် ဘုရားအဖြစ်သို့ရောက်၍ လည်းကောင်း၊ ဓမ္မစကြာတရားကို ဟော၍ လည်းကောင်း၊ ယမိုက်ပြာဋိဟာကိုပြ၍ တာဝတိံသာနတ်ပြည်၌ ဝါကပ်ခြင်းကိုပြု၍ လည်းကောင်း 'ဖြစ်ခြင်း၊ ပျက်ခြင်းကို ငါဘုရားအား မတွေ့စေလင့်'ဟု အဘယ်မှာ တောင့်တငြားသော်လည်း အခွင့်အရာ မဟုတ်။ ငိုကြွေးမြည်တမ်းသဖြင့်ကား အဘယ်မှာလျှင် အကြောင်းသင့်အံ့နည်း" ဟု တရားဓမ္မကို ပြတော်မူ၍ သက်သာရာရစေ၏။



www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗညုမြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ ဝတ်ကျေးဇူးကို ချီးမွမ်းတော်မူပြီးလျှင် ဓာတုစေတီကို ပြုတော်မူစေ၍၊ ရာဇဂြိုဟ်ပြည်သို့ ကြွအံ့သောငှာ အရှင်အာနန္ဒာအား အမှတ်ပေးတော်မူ၏။ အရှင်အာနန္ဒာသည် ရဟန်းတို့ထံသို့ အကြောင်းကို ကြားပေ၏။

မြတ်စွာဘုရားသခင်သည် ရဟန်းအပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေ၏။ ထိုသို့ ကြွတော်မူသောအခါ တန်ဆောင်မုန်းလကွယ်နေ့ အရှင်မဟာမောဂ္ဂလာန်သည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ မြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန်၏ဓာတ်တော်တို့ကို ယူ၍ ဓာတုစေတီကို ပြုစေ၏။

[အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုသောအခြင်းအရာကို ဤတွင် အကျယ်မဆိုပြီ။ ဓမ္မပဒ အဋ္ဌကထာ စသောကျမ်းတို့၌ လာသောနည်းကို အစဉ်မှီး၍ သိအပ်၏။]

## ၁၅- မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူမည့်အကြောင်း အရိပ်အမြွက်ပြခြင်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ အစဉ်သဖြင့် ဂင်္ဂါသို့ ရှေးရှုကြွတော်မူ၍ ဥက္ကစေလသို့ ရောက်တော်မူ၏။

ထို ဥက္ကစေလ၌ ဂင်္ဂါမြစ်နားဝယ် ရဟန်းအပေါင်းခြံရံလျက် ထွက်တော်မူခဲ့သော်၊ ဝေသာလီသို့ ရောက်တော်မူ၏။ ထိုသို့ရောက်တော်မူသော မြတ်စွာဘုရားသည် နံနက်အခါ သင်းပိုင်တော်ကိုပြင်ဝတ်၍ သပိတ်၊ သင်္ကန်းကို ဆောင်တော်မူလျက်၊ ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းခံရာမှ ပြန်လည်တော်မူခဲ့ပြီးသော် အရှင်အာနန္ဒာကို ခေါ်တော်မူ၏။

"အာနန္ဒာ။ စမ္မခဏ်ကို ယူခဲ့လော့။ စာပါလအရပ်သို့ နေ့အဖို့ နေခြင်းငှာ ကပ်ကုန်အံ့" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား။ ကောင်းပါပြီ" ဟု အရှင်အာနန္ဒာလည်း မြတ်စွာဘုရား အမိန့်တော်ကို ဝန်ခံ၍ ဘုရားသခင်နောက်တော်မှ အစဉ်တစိုက် လိုက်လေ၏။

မြတ်စွာဘုရားသည် စာပါလအရပ်သို့ ကြွတော်မူ၍ ခင်းအပ်သော မြတ်သောနေရာ၌ နေတော်မူ၏။ အရှင်အာနန္ဒာသည်လည်း ဘုရားရှိရာသို့ ချဉ်းကပ်၍ ဘုရားသခင်ကို ရှိခိုးလျက် လျောက်ပတ်သော နေရာ၌ နေ၏။

ထိုသို့နေသောအခါ အရှင်အာနန္ဒာကို မြတ်စွာဘုရားသည် "အာနန္ဒာ။ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏။ 'ဥဒေန'အမည်ရှိသော နတ်တို့၏နေရာ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ 'ဂေါတမ' အမည်ရှိသော နတ်၏နေရာ ဂေါတမစေတီသည်လည်း မွေ့လျော်ဖွယ်ရှိ၏။ 'သတ္တမ္ဗက'အမည်ရှိသော နတ်တို့၏နေရာ သတ္တမ္ဗကစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ 'ဗဟုပုတ္တိက'အမည်ရှိသော နတ်၏နေရာ ဗဟုပုတ္တိကစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ 'သာရန္ဒဒ'အမည်ရှိသော နတ်၏နေရာ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ 'စာပါလ' အမည်ရှိသော နတ်၏နေရာ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိ၏။

"အာနန္ဒာ။ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ် ၄ ပါးတို့ကို ပွားစေအပ်ကုန်၏။ အဖန်တလဲလဲ အလေ့အလာ ပြုအပ်ကုန်၏။ ယာဉ်ကဲ့သို့ ပြုအပ်ကုန်၏။ လယ်ယာကဲ့သို့ ပြုအပ်ကုန်၏။ အဖန်တလဲလဲ ထင်စေအပ်ကုန်၏။ အဖန်တလဲလဲ ပွားစေအပ်ကုန်၏။ အလွန် အားထုတ်အပ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် အလိုရှိသော် အာယုကပ်ပတ်လုံးလည်း တည်ရာ၏။ အနှစ် ၁၀၀ ထက် အလွန်လည်း တည်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



“အာနန္ဒာ။ ငါ ဘုရားသည် ဣဒ္ဓိပါဒ် ၄ ပါးတို့ကို ပွားစေအပ်ကုန်၏။ အဖန်တလဲလဲ အလေ့အလာ ပြုအပ်ကုန်၏။ ယာဉ်ကဲ့သို့ ပြုအပ်ကုန်၏။ လယ်ယာကဲ့သို့ ပြုအပ်ကုန်၏။ အဖန်တလဲလဲ ထင်စေအပ်ကုန်၏။ အလွန် အားထုတ်အပ်ကုန်၏။

“အာနန္ဒာ။ ငါဘုရားသည် အလိုတော်ရှိသည်ရှိသော် အာယုကပ်ပတ်လုံးလည်း တည်တော်မူနိုင်ရာ၏။ အာယုကပ်ထက် အလွန်မူလည်း တည်တော်မူနိုင်ရာ၏”ဟု ၃ ကြိမ်မြောက်အောင် မိန့်တော်မူ၏။

ဤသို့ မြတ်စွာဘုရားသည် အမြွက်အရိပ် နိမိတ်ဩဘာ ပြုတော်မူသော်လည်း အရှင်အာနန္ဒာသည် မသိနိုင် မာရ်မှေးသကဲ့သို့ ဖြစ်၍၊ ‘အရှင်ဘုရား။ များသောလူတို့၏ စီးပွားချမ်းသာအကျိုးငှာ နတ်တို့၏ စီးပွားချမ်းသာအကျိုးငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ’ ဟု မတောင်းပန်မိသည်ဖြစ်၍ ရှိခိုးလျက်သာ နေလေ၏။

## ၁၆- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် မာရ်နတ် ချဉ်းကပ်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ “အာနန္ဒာ။ ယခုအခါ၌ သွားခြင်း၏ ကာလကို သိလော့” ဟု မိန့်တော်မူ၏။ “အရှင်ဘုရား။ ကောင်းပါပြီ” ဟု အရှင်အာနန္ဒာလည်း ဘုရားသခင် အမိန့်ကိုဝန်ခံ၍ နေရာမှထပြီးသော် မြတ်စွာဘုရားကိုရှိခိုးလျက် လက်ယာရစ်လှည့်သည်ကို ပြု၍ မနီးမဝေးသော အရပ်ဝယ် တစ်ခုသောသစ်ပင်ရင်း၌ နေလေ၏။

ထိုအခါ မာရ်နတ်သားသည် အရှင်အာနန္ဒာ သွား၍ မကြာမြင့်မီ ဘုရားသခင်ရှိရာသို့ ချဉ်းကပ်၍ လျောက်ပတ်ရာအရပ်၌ ရပ်ပြီးသော်၊ ‘ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ ပရိနိဗ္ဗာတု သုဂတော။ ပရိနိဗ္ဗာနကာလော ဒါနိ ဘန္တေ ဘဂဝတော’ အစရှိသည်ဖြင့်-

“ဘုန်းတော်ကြီးသော အရှင်ဘုရား။ ယခု ပရိနိဗ္ဗာန် ယူတော်မူလော့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။ ယခု ပရိနိဗ္ဗာန် ပြုတော်မူလော့။ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ယခု ပရိနိဗ္ဗာန် ယူခါတန်ပြီ။

“အရှင်ဘုရားသည် ဤသို့သောစကားကို မိန့်တော်မူဖူးပါသည်။ ‘အကြင်မျှလောက်သော ကာလပတ်လုံး ငါဘုရား၏တပည့်သား ရဟန်းယောကျ်ားတို့သည် ထူးသောအရာ၌ မလိမ္မာကုန်သေး။ ကိုယ်, နှုတ်, နှလုံးကို မဆုံးမနိုင်ကုန်သေး။ ရဲရင့်တည်ကြည်လျက် အသင်အကြား မများကုန်သေး။ လောကုတ္တရာအား လျော်သောတရားကို မကျင့်နိုင်ကုန်သေး။ မိမိတို့၏ဆရာဖြစ်သော တရားကို သင်၍ မပြနိုင်ကုန်သေး။ ဟောကြားဖော်ပြခြင်း, အပြားအားဖြင့်သိစေခြင်းတို့၌ မစွမ်းနိုင်ကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မပြုသေး’ဟု ဆိုဖူးပါသည်။

“အရှင်ဘုရား။ ယခုမူကား အရှင်ဘုရား၏ တပည့်သံဃာတို့သည် လိမ္မာခြားနား ကြကုန်ပြီ။ ကိုယ်, နှုတ်, နှလုံးကို ဆုံးမ နိုင်ကြကုန်ပြီ။ ရဲရင့်တည်ကြည် ကြကုန်ပြီ။ အသင်အကြားလည်း များကြကုန်ပြီ။ ပိဋကတ် ၃ ပုံကိုလည်း ဆောင်နိုင်ကြကုန်ပြီ။ လောကုတ္တရာအားလျော်သော တရားကိုလည်း ကျင့်နိုင်ကြကုန်ပြီ။ မိမိတို့၏ဆရာဖြစ်သော တရားကိုလည်း သင်ကြားပြသနိုင်ကုန်ပြီ။ အရှင်ဘုရား။ ယခုအခါ၌ ပရိနိဗ္ဗာန် ပြုခါတန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



“အရှင်ဘုရား။ ရှေးကာလ၌ ဤသို့ဆိုဖူးပါသည်။ ငါဘုရား၏တပည့်ဖြစ်သော ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့သည် မလိမ္မာကြကုန်သေး။ ကိုယ်, နှုတ်, နှလုံးကို မဆုံးမနိုင်ကြကုန်သေး။ ရဲရင့် တည်ကြည်ကုန်လျက် အသင်အကြား မများကုန်သေး။ လောကုတ္တရာအားလျော်သောတရားကို မကျင့်နိုင်ကြကုန်သေး။ မိမိတို့၏ဆရာဖြစ်သော တရားကိုသင်ကြား၍ မပြနိုင်ကြကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်မပြုသေးဟု ဆိုဖူးပါသည်။ ယခုမူကား အရှင်ဘုရား၏ တပည့်သားဖြစ်ကုန်သော ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့သည် လိမ္မာခြားနားကြကုန်ပြီ။ ကိုယ်, နှုတ်, နှလုံးကို ဆုံးမနိုင်ကြကုန်ပြီ။ ရဲရင့်တည်ကြည်ကြကုန်ပြီ။ အသင်အကြား များကြကုန်ပြီ။ ပိဋကတ် ၃ ပုံကို ဆောင်နိုင်ကြကုန်ပြီ။ လောကုတ္တရာအားလျော်သောတရားကို ကျင့်နိုင်ကြကုန်ပြီ။ မိမိတို့၏ဆရာဖြစ်သော တရား ကို သင်ကြား၍ ပြသနိုင်ကြကုန်ပြီ။ အရှင်ဘုရား။ ယခုအခါ၌ ပရိနိဗ္ဗာန်ယူခါ တန်ပြီ။

“အရှင်ဘုရား။ ရှေးကာလ၌ ဤသို့ ဆိုဖူးပါသည်။ အကြင်မျှလောက်သောကာလပတ်လုံး ငါဘုရား၏ သာသနာတော်သည် မပြည့်စုံသေး။ စည်ပင်ပြန့်ပွားများခြင်း မရှိကုန်သေး။ အထူးထူးအပြားပြား များစွာ မဖြစ်သေး။ လူ, နတ်, ဗြဟ္မာတို့သည် ကောင်းစွာမသိအပ်ကုန်သေး။ ထိုမျှလောက်သောကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်မပြုသေး’ဟု ဆိုဖူးပါသည်။ ယခုမူကား အရှင်ဘုရား၏ သာသနာတော်သည် ပြည့်စုံပါပြီ။ စည်ပင်ပြန့်ပွား အများတို့ သိအပ်ကုန်ပြီ။ အထူးထူးအပြားပြား များစွာဖြစ်ကုန်ပြီ။ လူ, နတ်, ဗြဟ္မာတို့သည် သိအပ်ကုန်ပြီ။ ပရိနိဗ္ဗာန်ယူခါတန်ပြီ၊ ပရိနိဗ္ဗာန်ယူတော်မူပါလော့” ဟု လျှောက်ပေ၏။

မြတ်စွာဘုရားသည်လည်း မကောင်းသောစိတ်ရှိသော မာရ်နတ်သားကို ဤသို့ မိန့်ဟတော်မူ၏။

“ဟယ်-မာရ်ယုတ်။ သင် မကြောင့်ကြလင့်။ မကြာမြင့်မီ ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူအံ့။ ဤလမှသည် ၃ လလွန်သဖြင့် ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူအံ့” ဟု မိန့်တော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် စာပါလအမည်ရှိသောစေတီ၌ သတိသမ္ပဇဉ်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ အာယုသင်္ခါရလွှတ်တော်မူ၏။ အာယုသင်္ခါရကို လွှတ်တော်မူသည်ရှိသော် ကြောက်ထိတ်လန့်ခြင်း, ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော မြေကြီး၏တုန်လှုပ်ခြင်းဖြစ်၍ တော်လည်း၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့ ဥဒါန်းစကားကို မြွက်တော်မူ၏။

‘တုလ အတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရ အဝဿဇိ မုနိ။

အဇ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ ကဝစ မိဝတ္တသမ္ဘဝံ။’

“မုနိ၊ မြတ်စွာဘုရားသည်။ သမ္ဘဝံ၊ ဘဝ၌ဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ ဘဝသင်္ခါရံ၊ ဘဝသစ်ကို ပြုတတ်ထသော။ တုလဉ္စ၊ ကာမာဝစရကံကို လည်းကောင်း။ အတုလဉ္စ၊ ရူပါဝစရကံကို လည်းကောင်း။ တစ်နည်းကား-အတုလဉ္စ၊ အရူပါဝစရကံကို လည်းကောင်း။ အဇ္ဈတ္တရတော၊ မိမိသန္တာန်၌ မွေ့လျော်သည် ဖြစ်၍။ သမာဟိတော၊ ဥပစာရသမာဓိဖြင့် တည်ကြည်သောစိတ် ရှိသည်ဖြစ်၍။ အဝဿဇိ၊ စွန့်ပြီ။ အတ္တသမ္ဘဝံ၊ မိမိသန္တာန်၌ဖြစ်သော။ ကိလေသဇာတံ၊ ကိလေသာအပေါင်းကို။ မဟာယောဓော၊ စစ်သူကြီးသည်။ သင်္ဂါမေ၊ စစ်မြေပြင်အရပ်၌။ ကဝစံ၊ လွှားကာကို။ အဘိန္ဒိကွာဝ၊ ဖျက်ဆီးသကဲ့သို့။ အဘိန္ဒ၊ ဖျက်ပြီ။

[အဘယ့်ကြောင့် ဥဒါန်းစကားကို ဘုရားသခင် မိန့်တော်မူလေသနည်းဟူမူကား- မြတ်စွာဘုရားသည် အစဉ်တစိုက် နောက်တော်ကလိုက်၍ ‘ပရိနိဗ္ဗာန် ပြုတော်မူပါ’ဟု နှိပ်စက်ခြင်းမှ ကြောက်လန့်သောကြောင့် အာယုသင်္ခါရကို လွှတ်ရလေသည်ဟု တစ်စုံတစ်ယောက်သောသူသည် ဆိုရာ၏။ ထိုသို့ ဆိုရာမရှိအောင် ဥဒါန်းကျူးတော်မူသတည်း။]



www.burmeseclassic.com

www.burmeseclassic.com



၁၆- မြေလှုပ်ခြင်း ၈ ပါးကို ဟောတော်မူခြင်း

ထိုအခါ၌ အရှင်အာနန္ဒာအား ဤသို့သောအကြံ ဖြစ်သတည်း။ 'အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲတကား။ ကြောက်လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော ဤမြေလှုပ်ခြင်းသည် ပြင်းစွတကား။ နတ်၏ တော်လည်းခြင်းတို့သည်လည်း ဖြစ်လတ်ကုန်၏။ ဤမြေလှုပ်ခြင်း၏ ထင်ရှားစွာဖြစ်ခြင်းငှာအကြောင်းကား အသို့တုံနည်း' ဟု အကြံဖြစ်သတည်း။

ထိုသို့ အကြံဖြစ်ပြီးသောနောင်မှ အရှင်အာနန္ဒာသည် ဘုရားသခင်ရှိရာသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးလျက် လျောက်ပတ်စွာနေပြီးသော် ဤသို့ လျှောက်၏။

"အရှင်ဘုရား။ ဤမြေကြီး တုန်လှုပ်ခြင်းကား ပြင်းစွတကား။ အကြောင်း အသို့တုံနည်း" ဟု လျှောက်လေ၏။

"အာနန္ဒာ။ ဤမြေကြီး ပြင်းစွာတုန်လှုပ်ခြင်း၏အကြောင်းကား ၈ ပါးတည်း။ ၈ ပါးဟူသည် အဘယ်နည်းဟူမူကား-

- "အာနန္ဒာ။ ဤမြေကြီးသည် ရေပေါ်၌ တည်၏။ ရေသည်လည်း လေပေါ်၌ တည်၏။ လေသည်လည်း ဟင်းလင်းအပြင် ကောင်းကင်၌တည်၏။ အာနန္ဒာ။ အကြင်အခါ၌ ပြင်းစွာသောလေတို့သည် လာလတ်ကုန်သည်ဖြစ်၍ တုန်လှုပ်၏။ လေလှုပ်သဖြင့် ရေတို့သည် တုန်လှုပ်၏။ ရေလှုပ်သဖြင့် ဤမြေကြီးသည် တုန်လှုပ်၏။ ဤသည်လျှင် မြေလှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။
- "အာနန္ဒာ။ တန်ခိုးနှင့်ပြည့်စုံသော အဘိညာဉ်စိတ်၌ လေ့လာသည်၏အဖြစ်သို့ရောက်သော ရဟန်း၊ ပုဏ္ဏားတို့သည်လည်း ရှိ၏။ တန်ခိုးအာနုဘော်ကြီးသော နတ်တို့သည်လည်း ရှိ၏။ တန်ခိုးကြီးသောသူသည် အနည်းငယ်သော ပထဝီကသိုဏ်းလျှင် အာရုံရှိသော အမှတ်သညာကို လည်းကောင်း၊ အားကြီးစွာသော အာလောကကသိုဏ်းလျှင် အာရုံရှိသော အမှတ်သညာကို လှုပ်စေ၏။ ဤသည်လည်း ၂ ကြိမ်မြောက်သော မြေလှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။
- "အာနန္ဒာ။ ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ သတိသမ္ပဇဉ်နှင့်တကွ မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော်မူ၏။ ထိုအခါ၌ မြေလှုပ်၏။ ဤသည်လည်း ၃ ကြိမ်မြောက်သော မြေလှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။
- "အာနန္ဒာ။ ဘုရားအလောင်းသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ မယ်တော်ဝမ်းမှ ဖွားတော်မူ၏။ ထိုအခါ၌ မြေကြီး တုန်လှုပ်၏။ ဤသည်လည်း ၄ ကြိမ်မြောက်သော မြေလှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။
- "အာနန္ဒာ။ ငါဘုရားသည် သဗ္ဗညုတဉာဏ်ကို သိတော်မူ၍ ဘုရားဖြစ်တော်မူ၏။ ထိုအခါ ဤမြေကြီး တုန်လှုပ်၏။ ဤသည်လည်း ၅ ကြိမ်မြောက်သော မြေလှုပ်ခြင်း၏အကြောင်း ၁ ပါးတည်း။
- "အာနန္ဒာ။ ငါဘုရားသည် အတုမရှိသော၊ မြတ်သောဓမ္မစကြာတရားတော်ကို ဟောတော်မူ၏။ ထိုအခါ မြေကြီး တုန်လှုပ်၏။ ဤသည်လျှင် ၆ ကြိမ်မြောက်သောမြေလှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။
- "အာနန္ဒာ။ ငါဘုရားသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံမူသည်ဖြစ်၍ အာယုသင်္ခါရကို လွှတ်တော်မူ၏။ ထိုအခါ၌ မြေကြီး တုန်လှုပ်၏။ ဤသည်လည်း ၇ ကြိမ်မြောက်သောမြေလှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။



www.burmeseclassic.com

www.burmeseclassic.com



- "အာနန္ဒာ။ ငါဘုရားသည် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအခါ မြေကြီး တုန်လှုပ်၏။ ဤသည်လည်း ၈ ကြိမ်မြောက်သော မြေကြီးတုန်လှုပ်ခြင်း၏ အကြောင်း ၁ ပါးတည်း။ ။ အာနန္ဒာ။ ဤ ၈ ပါးသော အကြောင်းတို့ကြောင့် ဤမြေကြီး တုန်လှုပ်သတည်း။

"အာနန္ဒာ။ ငါဘုရားသည် တစ်ရံရောအခါ ဥရုဝေလအမည်ရှိသောရွာ၌ နေရဥ္စရာမြစ်၏အနီး ဆိတ် ကျောင်းတို့သည် စိုက်အပ်သော ညောင်ပင်ရင်း၌ ဘုရားဖြစ်စက နေတော်မူ၏။ အာနန္ဒာ။ ထိုအခါ ယုတ်မာ သော မာရ်နတ်သားသည် ငါဘုရားရှိရာသို့ ချဉ်းကပ်၍၊ 'ဘုန်းတော်ကြီးသော အရှင်ဘုရား။ ယခု ပရိနိဗ္ဗာန် ယူစံတော်မူတော့' ဟု လျှောက်ဖူး၏။

"အာနန္ဒာ။ ငါဘုရားသည် မာရ်ယုတ်ကို 'ဟယ်-မာရ်ယုတ်။ ငါဘုရား၏တပည့်သားဖြစ်ကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမတို့သည် လိမ္မာခြားနား အကြား အမြင် မရှိကြသေး။ ရဲရင့်တည်ကြည်စွာ လောကုတ္တရာအားလျော်သောတရားကို မကျင့်နိုင်ကြသေး။ သူ တစ်ပါးတို့အား သင်ကြားပို့ချ မပြသနိုင်ကြသေး။ ငါ၏သာသနာတော်သည် စည်ပင်ထွန်းလင်းခြင်း အား မကြီးသေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလွန်သေး' ဟု ပယ်တော်မူလိုက်၏။

"အာနန္ဒာ။ စာပါလအရပ်၌လည်း ယုတ်မာသောမာရ်နတ်သည် 'ပရိနိဗ္ဗာန် ယူတော်မူပါ' ဟု လျှောက်ပြန်သည်။ အာနန္ဒာ။ မာရ်နတ်လျှောက်လာလျှင် 'မစိုးရိမ်နှင့် မာရ်ယုတ်။ ဤလမှ ၃ လလွန်သဖြင့် ငါဘုရား ပရိနိဗ္ဗာန် စံယူတော်မူအံ့'ဟု အာယုသင်္ခါရကို လွှတ်တော်မူပြီ" ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူလေသော်၊ အရှင်အာနန္ဒာသည် ဘုရားသခင်ကို "အရှင်ဘုရား။ အာယုကပ်ပတ်လုံး တည်တော်မူပါဦး။ များစွာသော လူ၊ နတ်တို့၏ အစီးအပွားအကျိုးငှာ အာယုကပ်ပတ်လုံး တည်တော်မူပါ" ဟု လျှောက်၏။ "အာနန္ဒာ။ ငါဘုရားကိုတောင်းပန်ခြင်းသည် အကြောင်းမသင့် အခွင့်မဟုတ်" ဟု ပယ် တော်မူ၏။ အရှင်အာနန္ဒာလည်း ၃ ကြိမ်မြောက်အောင် တောင်းပန်၏။

"အာနန္ဒာ။ သင်သည် ငါဘုရား၏ ၄ ပါးသော မဂ်ဉာဏ်တို့ကို ယုံကြည်၏လော" ဟု မေးတော် မူ၏။ "အရှင်ဘုရား။ သြော်-ယုံကြည်ပါ၏။ အရှင်ဘုရား။ မြတ်စွာဘုရား၏မျက်မှောက်တော်၌ ထိုမဂ်ဉာဏ် ကို သိခြင်းကို ကြားဖူးပါပြီ။ ထိုမဂ်ဉာဏ်ကို သိခြင်းကိုနာဖူးပါပြီ" ဟု လျှောက်၏။

"အာနန္ဒာ။ အမှတ်မရှိသောသူသည် ဣဒ္ဓိပါဒ်တရားကို ပွားစေ၍ အာယုကပ်ပတ်လုံး ဖြစ်စေ၊ အာယုကပ် ထက် အလွန်ဖြစ်စေ နေနိုင်ရာ၏။ ထို့အတူပင် ငါဘုရားသည်လည်း ဣဒ္ဓိပါဒ် ၄ ပါးတရားတို့ကို များစွာ ပွားစေ၍ အာယုကပ်ပတ်လုံး ဖြစ်စေ၊ အာယုကပ်ထက်အလွန် ဖြစ်စေ အလိုတော်ရှိသမျှ နေတော်မူနိုင်၏'ဟု မိန့်တော်မူသည်ကို သင် ယုံကြည်၏လော" ဟု မေးတော်မူ၏။

"အရှင်ဘုရား။ သြော်-ယုံကြည်ပါ၏" ဟု လျှောက်ပေသော်၊ "အာနန္ဒာ။ သင်သည် ဤငါဘုရား သာသနာတော်၌ ယုံကြည်သောသူဖြစ်လျက် နိမိတ်ဩဘာ ပြုတော်မူသောအခါ၌ သင် မတောင်းပန်။ ထို မတောင်းပန်ခြင်းသည် သင်၏အမှုပင်။ ထိုသို့မတောင်းပန်ခြင်းသည် သင်၏ချွတ်ယွင်းခြင်းပင်တည်း။ အာနန္ဒာ။ သင်သည် ငါဘုရားကို အကယ်၍ တောင်းပန်မူကား သင်၏စကားကို ၂ ကြိမ် ပယ်သော်လည်း ၃ ကြိမ် မြောက်အောင် တောင်းပန်သောစကားကို ငါ သည်းမခံရလေလော။ ယခုမှ သင် တောင်းပန်ခြင်းသည် သင်၏ ချွတ်ယွင်းခြင်းသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



“အာနန္ဒာ။ ငါဘုရားသည် တစ်ရံရောအခါ ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသည်။ ထိုသို့နေတော်မူသောအခါ၌လည်း ငါဘုရားသည် သင့်ကို မိန့်တော်မူ၏။ ရာဇဂြိုဟ်သည် မွေ့လျော်ဖွယ် ရှိ၏။ ဂိဇ္ဈကုဋ်တောင်သည်လည်း မွေ့လျော်ဖွယ်ရှိ၏’ ဤသို့ အစရှိသည်ဖြင့် ငါဘုရား မိန့်တော်မူသည်ကို ထိုအခါ သင် မတောင်းပန်။ အကယ်၍ သင် တောင်းပန်အံ့။ ၂ ကြိမ်မြောက်သော စကားကိုပင် ပယ်သော်လည်း၊ ၃ ကြိမ်မြောက် တောင်းပန်သောစကားကို သည်းမခံရလေလော။ ထိုသို့ မတောင်းပန်ခြင်းသည် သင်၏ ချွတ်ယွင်းခြင်းသည်သာတည်း”

ဤသို့ အစရှိသည်ဖြင့် များစွာမိန့်ကြားတော်မူပြီး၍၊ “အာနန္ဒာ။ ယခုအခါ၌ အာယုသင်္ခါရကို လွှတ်တော်မူပြီ။ ငါဘုရားသည် ‘အသက်’ဟူသောအကြောင်းကြောင့် ဆိုအပ်ခဲ့ပြီးသောစကားကို တစ်ဖန်ပြုပြင်ခြင်းသည် အကြောင်းမသင့် အခွင့်မဟုတ်။ အာနန္ဒာ။ မဟာဝုန်ကူဋာဂါရသို့ သွားကြကုန်အံ့” ဟု မိန့်တော်မူသော်၊ “အရှင်ဘုရား။ ကောင်းပါပြီ” ဟု ဝန်ခံ၏။

## ၁၈- ဝေသာလီပြည်ကို အဆုံးစွန်ကြည့်တော်မူခြင်း

ဘုရားသခင်သည် အရှင်အာနန္ဒာနှင့်တကွ မဟာဝုန်ကူဋာဂါရအရပ်သို့ ကြွတော်မူ၍၊ “အာနန္ဒာ။ သွားချေလော့။ ဝေသာလီပြည်ကို မှီ၍ နေကြကုန်သော ရဟန်းတို့ကို စည်းဝေးရာဇရပ်၌ အညီအညွတ်စည်းဝေးစေလော့” ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း “ကောင်းပါပြီ။ အရှင်ဘုရား” ဟု ဝန်ခံ၍၊ ဝေသာလီပြည်ကို မှီ၍နေကုန်သော အလုံးစုံသောရဟန်းတို့ကို စည်းဝေးရာဇရပ်၌ စည်းဝေးစေပြီးသော်၊ ဘုရားရှိရာအရပ်သို့ကပ်၍ ရှိခိုးလျက် “အရှင်ဘုရား။ ရဟန်းတို့ကို စည်းဝေးစေပါပြီ။ ကြွတော်မူအံ့သောအခါကို သိတော်မူပါလော” ဟု လျှောက်ပေ၏။

မြတ်စွာဘုရားသည်လည်း စည်းဝေးရာဇရပ်သို့ ကြွတော်မူ၍၊ ခင်းအပ်သောနေရာ၌နေပြီးသော် ရဟန်းတို့ကို ခေါ်တော်မူ၍-

‘တသ္မာတိဟ ဘိက္ခဝေ ယေ တေ မယာ ဓမ္မာ အဘိညာ ဒေသိတာ’ အစရှိသည်ဖြင့်-

“ချစ်သားရဟန်းတို့။ ဤသာသနာတော်၌ ငါဘုရားသည် သင်တို့အကျိုးငှာ သဗ္ဗညုတဉာဏ်ဖြင့် သိ၍ အကြင်တရားတို့ကို ဟောတော်မူအပ်ကုန်ပြီ။ ထိုတရားတို့ကို သင်တို့သည် မြဲမြံစွာသင်ကြား၍ အဖန်တလဲလဲ မှီဝဲခံစား ပွားများစေအပ်ကုန်၏။ ဤသို့ပွားစေရသော် ဤငါဘုရား၏ သာသနာတော်သည် အရှည်ကာလ ထွန်းပရာ၏။ သာသနာတော် အရှည်ကာလ ထွန်းပခြင်းသည် များစွာသော လူ,နတ်တို့၏ အစီးအပွားများခြင်းငှာ ဖြစ်ရာ၏။

“သာသနာတော်၏ အရှည်ကာလ ထွန်းပခြင်းငှာ ပွားများစေအပ်သော တရားတို့ဟူသည် အဘယ်သည်တို့နည်း ဟူမူကား- သတိပဋ္ဌာန် ၄ ပါး, သမ္မပ္ပဓာန် ၄ ပါး, ဣဒ္ဓိပါဒ် ၄ ပါး, ဣန္ဒြေ ၅ ပါး, ဗိုလ် ၅ ပါး, ဗောဇ္ဈင် ၇ ပါး, မဂ္ဂင် ၈ ပါး ဤတရားအစုတို့တည်း။ ဤတရားအစုတို့ကို ငါဘုရားသည် သင်ချစ်သားရဟန်းတို့အား ကောင်းစွာ ဟောကြားတော်မူအပ်ပြီ။ အဖန်တလဲလဲ ဆောင်ရွက်ကုန်လော့။ သင်္ခါရတရားတို့သည် ဖြစ်တတ်, ပျက်တတ်သောသဘော ရှိကုန်၏။ မမေ့မလျော့သဖြင့် ပြည့်စုံစေလော့။ ငါဘုရားသည် မရှည်မကြာ ပရိနိဗ္ဗာန်စံလွန်တော်မူလတ္တံ့.”

ဤသို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍ သပိတ်၊သင်္ကန်းကို ဆောင်ယူလျက်၊ ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၍၊ ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသော် ဆင်ပြောင်ကြီး၏ကြည့်ခြင်းဖြင့် ဝေသာလီပြည်ကို ကြည့်တော်မူ၍၊ အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ ငါဘုရားသည် ဝေသာလီပြည်ကို ဤသို့ ဆင်ပြောင်ကြီး၏ကြည့်ခြင်းဖြင့် ကြည့်တော်မူခြင်းသည် အဆုံးစွန်သောကြည့်ခြင်း ဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။

[ဤအရာ၌ ဆင်ပြောင်ကြီး၏ကြည့်ခြင်းကဲ့သို့ ကြည့်တော်မူ၏ ဟူသည်ကား- လူတို့၏အရိုးတို့သည် အစွန်းကို အစွန်းချင်း ထိ၍ တည်ကြကုန်သကဲ့သို့ ဘုရားသခင်၏အရိုးတို့သည် မဟုတ်ကုန်။ ပစ္စေကဗုဒ္ဓါအရိုးတို့သည် ချွန်းတောင်ချိတ်သကဲ့သို့ တည်ကုန်သည်။ ထိုကဲ့သို့ ဘုရားသခင်တို့၏ အရိုးတို့သည် မတည်ကုန်။ ဘုရာသခင်၏ အရိုးတို့သည်ကား သံကွင်းဆက်သကဲ့သို့ တစ်စပ်တည်းဖြစ်၍ တည်ကုန်သည်။ ထို့ကြောင့် နောက်သို့ကြည့်တော်မူသောအခါ၌ လည်တော်ကို လှည့်အံ့သောငှာ မတတ်ကောင်း။ ဥပမာမည်သည်ကား ဆင်ပြောင်ကြီးသည် နောက်သို့လှည့်၍ကြည့်လိုသော် တစ်ကိုယ်လုံး လှည့်၍ ကြည့်ရကုန်သကဲ့သို့၊ ထို့အတူပင် ဘုရားသခင်တို့သည်လည်း နောက်သို့ ကြည့်တော်မူလိုသော် တစ်ကိုယ်လုံး လှည့်၍ ကြည့်တော်မူရသတည်း။]

မြတ်စွာဘုရားသည် 'ဝေသာလီပြည်ကို ကြည့်တော်မူအံ့' ဟု စိတ်တော်က ကြံကာမျှ၌လျှင် ဤမြေကြီးသည် 'ကုဋေအထောင်မက ပါရမီသမ္ဘာရတို့ကို ဖြည့်တော်မူကုန်ပြီးသော အရှင်ဘုရားတို့သည်လည်း လည်တော်ကိုလှည့်၍ ကြည့်တော်မူရအံ့သော ကိစ္စ မရှိပေ' ဟု အိုးထိန်းစက်ကဲ့သို့လည်၍ ဘုရားသခင်အား ဝေသာလီပြည်ကို ရှေးရှုပြုရပေ၏။

[ဝေသာလီပြည်ကို ပြန်၍ကြည့်တော်မူခြင်းသည်ကား 'ဝေသာလီပြည်သူပြည်သားတို့သည် မကြာမြင့်မီ ၃ နှစ်အထက်၌ ပျက်စီးခြင်းသို့ ရောက်ကုန်ကြလတ္တံ့။ ဘုရားသခင်ရပ်၍ ကြည့်တော်မူရာကို 'နာဂပါလောကိတ'မည်သောစေတီတော်တည်၍၊ နံ့သာ ပန်း အစရှိသည်တို့ဖြင့် ပူဇော်ကုန်လတ္တံ့။ ထိုသို့ပူဇော်ခြင်းသည် ရှည်ကြာစွာသော ကာလပတ်လုံး စီးပွားချမ်းသာ များစွာဖြစ်ကုန်လတ္တံ့'ဟု ကြည့်တော်မူသတည်း။]

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ ဘဏ္ဍဂါမသို့ သွားကြကုန်အံ့" ဟု ဘဏ္ဍဂါမသို့ ကြွတော်မူ၍၊ ရဟန်းတို့ကို ခေါ်တော်မူ၍၊

'စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ' အစရှိသည်ဖြင့် တရားဓမ္မ ညွှန်ပြတော်မူ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဘဏ္ဍဂါမ၌ အလိုတော်ရှိသရွေ့ ကာလပတ်လုံး နေတော်မူ၍၊ အရှင်အာနန္ဒာကို ခေါ်၍၊ ဟတ္ထိဂါမ၊ အမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဘောဂနဂရသို့ ကြွတော်မူ၏။ ထိုအခါ ရဟန်းတို့ကိုခေါ်တော်မူ၍ မဟာပဒေသ ၄ ပါး ကို ဟောတော်မူ၏။

ထိုဘောဂနဂရ၌ အလိုတော်အတိုင်းနေတော်မူ၍၊ "အာနန္ဒာ။ ပါဝါပြည်သို့ သွားကြကုန်အံ့" ဟု ခေါ်တော်မူ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံတော်မူ၏။

## ၁၉ - စုန္ဒ၏သားမြွှမ်းဆွမ်းကို ခံတော်မူခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းတို့နှင့်တကွ ပါဝါပြည်သို့ ကြွတော်မူလေ၍ ရွှေပန်းထိမ်သည်၏သား 'စုန္ဒ'အမည်ရှိသောသူ၏ သရက်ဥယျာဉ်၌ နေတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



[စုန္ဒသည် ရွှေပန်းထိမ်သည်၏သား ဖြစ်သတတ်။ ပြည့်စုံ ကြွယ်ဝသောသူတည်း။ ထိုစုန္ဒသည် ဘုရားသခင်ကို ရှေးဦးစွာမြင်သည်ကပင် သောတာပန်ဖြစ်၍ မိမိသရက်ဥယျာဉ်၌ ကျောင်းဆောက်၍ လှူဖူးသတည်း။]

ထိုအခါ 'စုန္ဒ'အမည်ရှိသော ရွှေပန်းထိမ်သည်၏သားသည် 'ဘုရားသခင် ပါဝါပြည်သို့ ရောက်တော်မူ၍၊ ငါတို့ဥယျာဉ်၌ ကိန်းဝပ်တော်မူသတတ်' ဟု ကြားလေ၍၊ ဘုရားသခင်ရှိရာသို့ လာပြီးသော် ရိုသေစွာရှိခိုး၍၊ လျောက်ပတ်ရာအရပ်၌ နေ၏။ မြတ်စွာဘုရားသည်လည်း 'စုန္ဒ'မည်သော ရွှေပန်းထိမ်သည်၏သားကို တရားဒေသနာ ကောင်းစွာညွှန်ပြ မိန့်ဟတော်မူပေ၏။

'စုန္ဒ'အမည်ရှိသော ရွှေပန်းထိမ်သည်၏ သားသည်လည်း တရားစကားကို နာရပြီးသော် ဘုရားသခင်ကို ရှိခိုး၍၊ "အရှင်ဘုရား။ နက်ဖြန် ရဟန်းသံဃာတော်နှင့်တကွ အကျွန်ုပ်၏ ဆွမ်းကိုခံတော်မူပါ" ဟု လျှောက်၏။ ဘုရားသခင်သည်လည်း ဆိတ်ဆိတ်ဖြစ်၍ ဝန်ခံတော်မူ၏။ ထိုအခါ ရွှေပန်းထိမ်သည်၏ သားဖြစ်သော စုန္ဒသည် မြတ်စွာဘုရား၏ ဝန်ခံတော်မူခြင်းကို သိ၍၊ နေရာမှထပြီးသော် ရှိခိုး၍၊ လက်ယာရစ်လှည့်သည်ကို ပြု၍ သွားလေ၏။

စုန္ဒရွှေပန်းထိမ်သည်လည်း ထိုညဉ့်လွန်မြောက် မိုးသောက်သောအခါ မိမိအိမ်၌ မွန်မြတ်သော ဘောဇဉ်, ခဲဖွယ်တို့ကို စီရင်စေ၏။ 'ဘုရားသခင်အား ထူးပြားမြိန်ယှက်သော ဝက်သားဖြင့်ပြွမ်းသောဆွမ်းကို လှူအံ့' ဟု မငယ်လွန်း, မကြီးလွန်း တညီပြင်ဖြစ်သော ဝက်သားကို ဝယ်စေ၍ ကောင်းစွာချက်စေ၏။ ထိုတညီပြင် ဝက်သားသည် မကြမ်းလွန်း, မနုလွန်း ပြေပြစ်နူးညံ့သည် ဖြစ်၏။ ဝက်သားဆွမ်းချက်ရာ၌ ကျွန်းငယ်အရံ ၂၀၀၀ နှင့်တကွ ကျွန်းကြီး ၄ ကျွန်း၌ နတ်တို့သည် ဩဇာဟူသမျှကို ထည့်ကုန်၏။ စုန္ဒသည်လည်း အလုံးစုံကို စီရင်ခင်းကျင်းပြီးသော် ဘုရားသခင်အား "ဆွမ်းဘုဉ်းပေးတော်မူအံ့သောအခါတန်ပါပြီ" ဟု လျှောက်စေ၏။

ဘုရားသခင်သည်လည်း ထိုနေ့နံနက်ကာလ၌ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍၊ သပိတ်,သင်္ကန်းကို ဆောင်ယူတော်မူ၍ ရွှေပန်းထိမ်သည်သား စုန္ဒ၏အိမ်သို့ ကြွတော်မူပြီးသော်၊ သံဃာတော်နှင့်တကွ ခင်းအပ်သောနေရာ၌ နေတော်မူ၏။

ထိုအခါ ဘုရားသခင်သည် စုန္ဒကို "စုန္ဒ။ ဝက်သားဖြင့် ပြွမ်းသောဆွမ်းဖြင့် ငါ ဘုရားကိုသာလျှင် လုပ်ကျွေးလော့။ ထိုမှတစ်ပါးသော ဘောဇဉ်, ခဲဖွယ်တို့ဖြင့် သံဃာတော်တို့အား လုပ်ကျွေးလော့" ဟု မိန့်တော်မူ၏။

စုန္ဒရွှေပန်းထိမ်သည်လည်း ဘုရားသခင်မိန့်တော်မူတိုင်း လုပ်ကျွေးခြင်းကိုပြု၍၊ ဘုရားသခင်သည် စုန္ဒရွှေပန်းထိမ်သည်ကိုခေါ်၍၊ "စုန္ဒ။ ဝက်သားပြွမ်းဆွမ်းကြွင်းကို တွင်း၌ မြှုပ်လော့။ စုန္ဒ။ ဤဝက်သားပြွမ်းဆွမ်းကို စားသည်ရှိသော် ငါဘုရားသာလျှင် အစာကျေနိုင်၏။ ငါဘုရားမှတစ်ပါးသောပုဂ္ဂိုလ်တို့ စားသော် မကျေနိုင်ရာ။ ငါဘုရားမှတစ်ပါး စားနိုင်, အစာကိုကျေစေနိုင်သောပုဂ္ဂိုလ်ကို နတ်ပြည် ၅ ထပ်နှင့်တကွ, ဝသဝတ္တီနတ်ပြည်နှင့်တကွ, ဗြဟ္မာ့ပြည်နှင့်တကွသော ဤဩကာသလောက၌ ငါ မမြင်။ ရဟန်း, ပုဏ္ဏားနှင့်တကွ 'သမ္မုတိနတ်'တည်းဟူသော လူမင်း, ကြွင်းသော လူနှင့်တကွဖြစ်သော သတ္တလောက၌လည်း ငါ မမြင်" ဟု မိန့်တော်မူ၏။ စုန္ဒပန်းထိမ်သည်လည်း မိန့်တော်မူသည့်အတိုင်း တွင်းတူး၍ ဝက်သားပြွမ်းဆွမ်းကြွင်းကို မြှုပ်ပြီးသော်၊ ဘုရားရှိရာသို့ကပ်၍ ရှိခိုးလျက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်သည်လည်း 'စုန္ဒ'ရွှေပန်းထိမ်သည်၏သားအား တရားဒေသနာကို ဟောတော်မူ၍ ကြွတော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားသည် 'စုန္ဒ'မည်သော ရွှေပန်းထိမ်သည်သား၏ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူသည်နောက် ပြင်းပြသည်းထန်စွာ ဝမ်းသွေးသွန်သောအနာသည် ဖြစ်ချေ၏။ ထိုဝေဒနာကို မြတ်စွာဘုရားသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သည်းခံတော်မူ၏။ စင်စစ်သော်ကား သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့် ထိုဝေဒနာရောက်သည် မဟုတ်။ ထိုဝေဒနာရောက်မည် အမှန်ပင်။ သားပြွမ်းဆွမ်းကို မဘုဉ်းပေးရဘဲ ရောဂါရောက်ချေတုံအံ့။ အတိုင်းထက်အလွန် ပြင်းပြသောဝေဒနာသည် ဖြစ်လတ္တံ့။ သိမ်မွေ့နူးညံ့သော နတ်သြဇာထည့်သောသားပြွမ်းဆွမ်းကို ဘုဉ်းပေးရသောကြောင့် နည်းသောဝေဒနာသာ ဖြစ်သတည်း။ ထို့ကြောင့် ခြေတော်ဖြင့် ကြွတော်မူနိုင်သတည်း။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်တော်မူ၍၊ "အာနန္ဒာ။ ကုသိနာရုံသို့ သွားကြကုန်အံ့" ဟု ဆိုတော်မူ၏။ "ကောင်းပါပြီ အရှင်ဘုရား" ဟု အရှင်အာနန္ဒာလည်း ဝန်ခံတော်မူ၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ များစွာသော ရဟန်းသံဃာနှင့်တကွ ကြွတော်မူလေသော်၊ ခရီးလမ်းမှဖဲ၍၊ တစ်ခုသော သစ်ပင်ရင်းသို့ ကြွမြန်းတော်မူ၍၊ "အာနန္ဒာ။ ဒုကုဋ်တော်ကို ၄ ခေါက်ပြု၍ ခင်းလော့။ ငါဘုရားကိုယ်တော်သည် ပင်ပန်းတော်မူ၍ နားနေဦးမည်" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဒုကုဋ်တော်ကို ၄ ခေါက်ပြု၍ ခင်း၏။

ဘုရားသခင်သည်လည်း ခင်းအပ်ပြီးသော မြတ်သောနေရာ၌ နေတော်မူပြီးသော် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ ငါ ရေမွတ်သည်။ ရေ ဆောင်ယူချေလော့။ ရေဘုဉ်းပေးတော်မူအံ့" ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသော် အရှင်အာနန္ဒာသည် ဘုရားသခင်ကို "အရှင်ဘုရား။ ယခု မလ္လာမင်းတို့သည် လှည်း ၅၀၀ တို့ဖြင့် ကူးသွားကြ၍ ဤမြစ်ငယ်ရေသည် မကြည်ပါ။ 'ကကုဓ'မည်သောမြစ်သည် အနီးတွင်ပင် ရှိပါသည်။ ချမ်းကြည်အေးမြ ဆိပ်ခင်းလည်း ကောင်းလှပါသည်။ ကကုဓမြစ်မှာမှ ရေ သုံးတော်မူပါ။ ထိုရေကို ဘုဉ်းပေးသုံးဆောင်ရာက ကိုယ်တော် ငြိမ်းပါလိမ့်သတည်း" ဟု လျှောက်၏။

[ဤအရာဝယ် 'မလ္လာမင်းတို့ ဆင်းသက်ကူးသွား၏' ဟူသည်ကား- မလ္လာမင်းတို့သည် အလှည့်အလှည့် မင်းပြုကုန်သတတ်။ မင်းပြုအလှည့် မကျသေးသော မလ္လာမင်းတို့သည် ကုန်စည်ရောင်းဝယ်ခြင်းကို ပြုကုန်၏။ ဤပက္ကုသမင်းသည်လည်း ကုန်ပြုအံ့သော်ငှာ လှည်း ၅၀၀ တို့ကို ကစေ၍၊ လှည်းဦး၌ လေလာသည်ရှိသော် ရှေ့မှသွား၍၊ နောက်ကလေလာသည်ရှိသော် လှည်းမှူးကို ရှေ့က နှင်စေ၍ မိမိနောက်က လိုက်၏။ ထို'ပက္ကုသ'မည်သော မလ္လာမင်းသားသည် ထိုအခါ၌ လှည်းမှူးကို ရှေ့ကနှင်စေ၍၊ အလုံးစုံရတနာဖြင့်ပြီးသော ယာဉ်၌စီး၍၊ ကုသိနာရုံမှထွက်ခဲ့၍ ပါဝါပြည်သို့ သွားလတ်အံ့ဟု ထိုခရီးသို့ ရောက်လေသတည်း။ ထို့ကြောင့် 'မလ္လာမင်းတို့ လှည်း ၅၀၀ တို့ဖြင့်ဆင်းသွား၍ ရေ မကြည်ပါ'ဟု လျှောက်လေသတည်း။]

ဘုရားသခင်သည် အရှင်အာနန္ဒာ လျှောက်တောင်းပန်သော်လည်း ၃ ကြိမ်မြောက်အောင် ရေဆောင်ယူစိမ့်သောငှာ တိုက်တွန်း နှိုးဆော်တော်မူ၏။ ၃ ကြိမ်မြောက် တိုက်တွန်း နှိုးဆော်တော်မူသောအခါ၌ အရှင်အာနန္ဒာသည် "ကောင်းပါပြီ အရှင်ဘုရား" ဟု သပိတ်တော်ကို ယူ၍ မြစ်နားသို့ သွားလေ၏။ ထိုခဏ၌ပင်လျှင် အလွန်နောက်ကျုသောရေသည် အလွန်ကြည်လင် သန့်ရှင်းသည်ဖြစ်၍ စီး၏။ ထိုအခါ၌ အရှင်အာနန္ဒာအား 'မြတ်စွာဘုရားသခင်၏ တန်ခိုးတေဇော်အာနုဘော်ကား အံ့သြဖွယ်ရှိစွတကား။ မဖြစ်ဘူးမြဲတကား။ လှည်း



www.burmeseclassic.com

www.burmeseclassic.com



၅၀၀ ဆင်းသွား၍ နောက်လှသော အနည်းငယ်သောရေသည် ငါရောက်လျှင်ပင် ကြည်လင်သောရေ ဖြစ်၍ စီးသည်။ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲတကား' ဟု အကြံ ဖြစ်လေသတည်း။

ထိုသို့အကြံဖြစ်သော နောက်မှ သပိတ်ဖြင့် ရေကိုခပ်ယူ၍ ဘုရားရှိရာသို့ ဆောင်ခဲ့၍ ဘုရားသခင်ကို-

"အရှင်ဘုရား။ သဗ္ဗညုမြတ်စွာဘုရားတို့၏ တန်ခိုးအာနုဘော်တော်သည် အလွန်အံ့ဩဖွယ်ရှိစွ။ အရှင်ဘုရား။ ယခုအခါ၌ ဤမြစ်ငယ်သည် ရေလည်း နည်းလှချေသည်။ လှည်း ၅၀၀ တို့ ဆင်းသွားသောကြောင့် အလွန် နောက်ကျုလျက် ရှိစဉ်အခါ သပိတ်တော်ကိုယူ၍၊ အကျွန်ုပ်ချဉ်းကပ်လျှင်ပင် ကြည်လင်သောရေဖြစ်၍ စီးသည် အရှင်ဘုရား။ အရှင်ဘုရား၏ ဘုန်းတန်ခိုးတော်သည် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲတကား။ ဘုဉ်းပေးသုံးဆောင်တော်မူပါ" ဟု ဤသို့လျှောက်၍ ကပ်လေ၏။ ဘုရားသခင်လည်း ရေကို ဘုဉ်းပေးတော်မူ၏။

## ၂၀- မလ္လမင်းသား၏ ပုဆိုးအစုံကို ခံတော်မူခြင်း

ထိုအခါ၌ ကာဠာမမျိုးဖြစ်သော အာဠာရရသေ့၏တပည့်ဖြစ်သော မလ္လာမင်းသား ပက္ကုသသည် ကုသိနာရုံပြည်မှ ပါဝါပြည်သို့ အခွန့်ရှည်သောခရီးကို သွားသည်ဖြစ်၍ မြတ်စွာဘုရားသခင်သည် တစ်ခုသောသစ်ပင်ရင်း၌ နေတော်မူသည်ကို မြင်လေ၏။

ထိုသို့မြင်ပြီးသောအခါ၌ မြတ်စွာဘုရားအား "အရှင်ဘုရား။ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲတကား။ ရဟန်းတို့သည် စင်စစ် ငြိမ်သက်လှစွာသောသမာပတ်ဖြင့် နေတော်မူကုန်သည်။ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲတကား။ အရှင်ဘုရား။ ရှေး၌ဖြစ်ဘူးသည်ကား ကာဠာမအမျိုးဖြစ်သော အာဠာရရသေ့သည် အခွန့်ရှည်သောခရီးကို သွားသည်ရှိသော် လမ်းခရီးမှဖဲ၍ မနီးမဝေးသောအရပ်တွင် တစ်ခုသော သစ်ပင်ရင်း၌ နေ့အဖို့နေခြင်းကို ပြု၏။ အရှင်ဘုရား။ ထိုအခါ၌ ၅၀၀ သောလှည်းတို့သည် ကာဠာမအမျိုးဖြစ်သော အာဠာရရသေ့ကိုမှီ၍ လွန်လေကုန်၏။

"အရှင်ဘုရား။ ထိုအခါ၌ တစ်ယောက်သောယောကျ်ားသည် ထိုလှည်းတို့နောက်မှ လိုက်လေသဖြင့် အာဠာရရသေ့ကိုမြင်၍ အနီးသို့ချဉ်းကပ်ပြီးသော်၊ 'ရှင်ရသေ့။ ၅၀၀ သော လှည်းတို့သည် ရှေ့သို့သွားသည်ကို မြင်ပါသလော'ဟု လျှောက်၏။ 'ဒါယကာ။ ငါ မမြင်'ဟု ဆိုပေသော်၊ 'ရှင်ရသေ့။ မမြင်သော် အသံကို ကြားပါသလော' ဟုလျှောက်ပြန်၏။ 'ဒါယကာ။ ငါ မကြား' ဟု ဆိုပေသော်၊ 'ရှင်ရသေ့။ ထိုသို့မကြားချေသော် အိပ်ပျော်သလော' ဟု လျှောက်ပြန်၏။ 'ဒါယကာ။ ငါ အိပ်ပျော်သည် မဟုတ်'ဟု ဆိုပြန်ပေသော်၊ 'ရှင်ရသေ့။ အသို့တုံနည်း။ သညာနှင့် ပြည့်စုံ၏လော' ဟု လျှောက်ပြန်၏။ 'ဒါယကာ။ သညာနှင့်လည်း ပြည့်စုံ၏' ဟု ဆိုပေ၏။ 'ရှင်ရသေ့။ ရှင်ရသေ့သည် သညာရှိသည်ဖြစ်လျက် နိုးသည်ဖြစ်လျက် လှည်း ၅၀၀ တို့ လွန်၍သွားသည်ကို မမြင်မကြား။ ရှင်ရသေ့သင်္ကန်းသည် မြူဖြင့် အလိမ်းလိမ်းကပ်သလော' ဟု လျှောက်ပြန်၏။ 'ဒါယကာ။ မြူအလိမ်းလိမ်းကပ်သည် မှန်၏' ဟု ဆိုပေ၏။

"အရှင်ဘုရား။ ထိုယောကျ်ားအား ဤသို့သောအကြံ ဖြစ်သတတ်။ 'အံ့ဩဖွယ် ရှိလေစွတကား။ မဖြစ်ဘူးမြဲတကား။ ရသေ့ရဟန်းတို့သည် ငြိမ်သက်စွာသော သမာပတ်ဖြင့် နေတော်မူကုန်စွတကား။ ဤအာဠာရရသေ့သည် သညာနှင့် ပြည့်စုံသည်ဖြစ်လျက် လှည်း ၅၀၀ တို့ကိုမှီ၍ လွန်ကုန်သည်တို့ကို မမြင်မကြားပေ။ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲတကား'ဟု အကြံရှိသည်ဖြစ်သတတ်။ ထိုယောကျ်ားသည် အာဠာရရသေ့၌ လွန်စွာသော ကြည်ညိုခြင်းကို လျှောက်ကြား၍ သွားလေ၏" ဟု 'ပက္ကုသ'မည်သော မလ္လာမင်းသားသည် ဘုရားသခင်အား လျှောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသခင်သည်လည်း ပက္ကုသအား ဟောကြားတော်မူလို၍ "ပက္ကုသ။ ငါ မေးတော်မူသည်ကို သင် အသို့ အောက်မေ့သနည်း။ အကြင်သူသည် သညာနှင့် ပြည့်စုံသည်ဖြစ်လျက်၊ နိုးကြားသည်ဖြစ်လျက် လှည်း ၅၀၀ တို့ လွန်လေသည်ကို မမြင်မကြားလေရာ။ အကြင်သူသည်လည်း သညာရှိလျက် နိုးကြားလျက် မိုးရွာသည်ရှိသော်၊ လျှပ်စစ် ပြက်လတ်သော်၊ မိုးကြိုး ထစ်လတ်သော် မမြင်မကြားလေရာ။ ထို ၂ ယောက်သော သူတို့တွင် အဘယ်သူ ခဲယဉ်းသနည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား။ လှည်း ၅၀၀ တို့သည် လည်းကောင်း၊ လှည်း ၆၀၀ တို့သည် လည်းကောင်း၊ လှည်း ၇၀၀ တို့သည် လည်းကောင်း၊ လှည်း ၈၀၀ တို့သည် လည်းကောင်း၊ လှည်း ၉၀၀ တို့သည် လည်းကောင်း၊ လှည်း ၁၀၀၀ တို့သည် လည်းကောင်း၊ လှည်း ၁ သိန်း တို့သည် လည်းကောင်း အဘယ်ပြုအံ့နည်း။ စင်စစ်မူကား အကြင်ပုဂ္ဂိုလ်သည် သညာရှိလျက်၊ နိုးကြားလျက်၊ မိုးရွာသော် တချုန်းချုန်းမြည်လျက် လျှပ်စစ်ပြက်၍ မိုးကြိုးထစ်လတ်သည်ကို မကြားမမြင်ရာ။ ထိုပုဂ္ဂိုလ်၏ ထိုသို့မကြားမမြင်သောအမှုသည်သာလျှင် အထူးသဖြင့် ခဲယဉ်းလှပေသည်" ဟု လျှောက်၏။

"ပက္ကုသ။ ငါဘုရားသည် တစ်ရံရောအခါ အာတုမပြည်၌ ကောက်နယ်တလင်း တဲအုံ၌ နေတော်မူ၏။ ထိုအခါ မိုးရွာ၍ လျှပ်စစ်ပြက်လတ်သော်၊ မိုးကြိုးထစ်၍ ပစ်လတ်သော် ကောက်နယ်တလင်း တဲအုံ၏အနီး၌ ညီနောင် ၂ ယောက်တို့သည် နွား ၄ ခုတို့ဖြင့် လယ်ထွန်ကုန်၏။ ထိုသူတို့ထွန်သော နွား ၄ ခုတို့သည် သေလွန်ကုန်၏။ ပက္ကုသ။ ထိုအခါ၌ အာတုမပြည်မှ များစွာသောလူတို့သည် ထွက်လာ၍ ညီနောင် ၂ ယောက်လယ်ထွန်ရာ မိုးကြိုးကျ၍ နွား ၄ ခု သေရာသို့ လာကုန်၏။ ပက္ကုသ။ ထိုအခါ၌ ငါဘုရားသည် ကောက်နယ်တလင်းတဲအုံမှ ထွက်၍ လွင်၌ စင်္ကြံကြွတော်မူ၏။ ပက္ကုသ။ ထိုခဏ၌ တစ်ယောက်သောယောကျ်ားသည် ငါဘုရားရှိရာသို့လာ၍ ရှိခိုးပြီးသော် လျောက်ပတ်ရာအရပ်၌ နေသော ထိုယောကျ်ားကို ငါဘုရားသည် 'ဒါယကာ။ ဤလူများသည် အဘယ့်ကြောင့် စည်းဝေးကြသနည်း' ဟုမိန့်တော်မူ၏။ 'အရှင်ဘုရား။ မိုးရွာ၍ မိုးကြိုးကျလတ်သော် လယ်ထွန်သော ညီနောင် ၂ ယောက်နှင့် နွား ၄ ခုတို့ သေသောကြောင့် ကြည့်ရှု စည်းဝေးလာကြသည်။ အရှင်ဘုရားမူကား အဘယ်မှာ ရှိသနည်း' ဟု လျှောက်၏။

'ဒါယကာ။ ငါ ဤအရပ်မှာပင် ရှိ၏' ဟု မိန့်တော်မူပေသော်၊ 'အရှင်ဘုရား။ လျှပ်စစ်ကိုမြင်တော်မူ၏လော' ဟု မေးလျှောက်၏။ 'ဒါယကာ။ ငါမမြင်' ဟု မိန့်တော်မူပေသော်၊ 'ရှင်ပင်ဘုရား။ အသို့တုံနည်း။ မိုးကြိုးသံကိုကြား၏လော' ဟု လျှောက်ပြန်၏။ 'ဒါယကာ။ ငါ မကြား' ဟု မိန့်တော်မူပေသော်၊ 'ရှင်ပင်ဘုရား။ အသို့တုံနည်း။ အိပ်ပျော်သလော' ဟု လျှောက်ပြန်၏။ 'ဒါယကာ။ ငါ အိပ်ပျော်သည် မဟုတ်' ဟု မိန့်တော်မူပေသော်၊ 'အသို့တုံနည်း။ ရှင်ပင်ဘုရားသည် သညာရှိ၏လော' ဟု မေးပြန်၏။ 'ဒါယကာ။ သညာရှိ၏' ဟု မိန့်တော်မူ၏။ 'အရှင်ဘုရား။ နိုးကြားသည်ဖြစ်လျက်၊ သညာရှိသည်ဖြစ်လျက် မိုးရွာ၍၊ လျှပ်စစ်ပြက်၍ မိုးကြိုးထစ်သည်ကို မမြင်မကြားသလော' ဟု မေးလျှောက်ပြန်သော်၊ 'ဒါယကာ။ ငါဘုရားသည် နိုးကြားသည်ဖြစ်လျက်၊ သညာရှိသည်ဖြစ်လျက် မမြင်မကြား' ဟု မိန့်တော်မူ၏။

"ပက္ကုသ။ ထိုသို့မိန့်တော်မူသောအခါ၌ ထိုယောကျ်ားအား ဤသို့အကြံ ဖြစ်သတည်း။ 'အရှင်တို့။ အံ့ဖွယ်ရှိစွတကား။ မဖြစ်ဘူးမြဲတကား။ ရဟန်းတို့သည် ငြိမ်သက်လှစွာသော သမာပတ်တည်းဟူသော နေခြင်းဖြင့် နေနိုင်ကုန်စွတကား။ မိုးကြီးရွာလျက် လျှပ်စစ်နွယ်ပြက်၍ မိုးကြိုးထစ်လတ်သော် နိုးကြားသည်ဖြစ်လျက်၊ သညာရှိသည်ဖြစ်လျက် မမြင်မကြားပေ'ဟု စိတ်အကြံဖြစ်၍၊ ငါဘုရား၌ ကြည်ညိုခြင်းကိုဖြစ်စေ၍၊ ငါဘုရားကို ရှိခိုးလျက် လက်ယာရစ်လှည့်သည်ကိုပြု၍ သွားလေ၏" ဟု ပက္ကုသအား ဘုရားသခင်သည် မိန့်တော်မူသတတ်။

မလ္လာမင်းသား ပက္ကုသသည် ဘုရားသခင်ကို ဤသို့ လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ရှင်ပင်ဘုရား။ အကျွန်ုပ်သည် အာဋ္ဌာရရသေ့၌ ရှေးဦးစွာသောကြည်ညိုခြင်းကို ပြင်းစွာသောလေ၌ ခါတွက်ဘိသကဲ့သို့ ခါတွက်ပါ၏။ ပြင်းစွာသော အယဉ်ရှိသောမြစ်၌ မျှောလိုက်ဘိသကဲ့သို့ မျှောလိုက်ပါ၏။ ရှင်ပင်ဘုရား။ အလွန်ကောင်းပေစွ။ ဥပမာအားဖြင့် အောက်သို့ မျက်နှာပြု၍ ထားအပ်သော အိုးကိုမူလည်း အထက်သို့ မျက်နှာပြု၍ထားဘိသကဲ့သို့၊ မြက်,သစ်ရွက် အစရှိသည်ဖြင့် ဖုံးလွှမ်း၍ထားအပ်သော ဝတ္ထုကိုလည်း ဖွင့်၍ပြဘိသကဲ့သို့၊ ခရီးမှားသောသူအား 'သည်မှာခရီး'ဟု ပြဘိသကဲ့သို့၊ အမိုက်တိုက်၌မူလည်း ဆီမီး တန်ဆောင်ကို ညှိထောင်ထွန်းလင်းဘိသကဲ့သို့၊ စက္ခုပသာဒနှင့် ပြည့်စုံသောသူတို့သည် ရူပါရုံကို မြင်ကုန်ဘိသကဲ့သို့၊ ထို့အတူသာလျှင် ရှင်ပင်ဘုရားသည် များစွာသောအကြောင်းတို့ဖြင့် တရားဓမ္မ ညွှန်ပြတော်မူပေသည်။ 'အကျွန်ုပ်သည် ဘုရားသခင်အား အကျွန်ုပ်၏ ဆင်းရဲကို ဖျောက်ပေတတ်၏။ ချမ်းသာကို ဆောင်ပေတတ်၏' ဟူ၍ ဆည်းကပ်ပါ၏။ တရားတော်, သံဃာတော်တို့ကိုလည်း 'ဆင်းရဲကို ဖျောက်တတ်၏။ ချမ်းသာကို ဆောင်တတ်၏'ဟု ဆည်းကပ်ပါ၏။ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး 'ရတနာ ၃ ပါးကို ကိုးကွယ်ရှိခိုးတတ် ဆည်းကပ်သော ဥပါသကာ သီတင်းသည်'ဟူ၍ မှတ်တော်မူပါလော့'' ဟု လျှောက်၏။

ထို့နောင်မှ မလ္လာမင်းသား ပက္ကုသသည် ယောကျ်ားတစ်ယောက်ကို ခေါ်၍၊ ''အချင်း။ ငါ တောင်းပန် တိုက်တွန်းပါ၏။ သင်သည် သွားတည့်ချေ။ သိင်္ဂီရွှေစင်နှင့် တူသောအဆင်းရှိသော, ရုံခါရုံခါ ငါဆောင်ယူ အပ်သော, နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်လှသော ပုဆိုးကိုဆောင်ယူတည့်ချေလော့'' ဟု ဆို၏။ ထိုယောကျ်ား လည်း အလျင်အလျားသွား၍၊ သိင်္ဂီရွှေစင်နှင့် တူသောအဆင်းရှိသော, ရုံခါရုံခါ ဆောင်အပ်သော, နူးညံ့ သိမ်မွေ့ ချောမွေ့ပြေပြစ်လှသော ပုဆိုးစုံကို ဆောင်ယူပေ၏။

ထိုအခါ မလ္လာမင်းသား ပက္ကုသသည် ထိုပုဆိုးစုံကိုကိုင် ၍၊ ''ရှင်ပင်ဘုရား။ ဤပုဆိုးစုံကို ရုံခါရုံခါ ဆောင်ပါသည်။ သိင်္ဂီရွှေစင်အဆင်းနှင့် တူသောအဆင်းရှိပါ၏။ နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ် လှပါသည်။ အကျွန်ုပ်အား သနားတော်မူသည်ကို အကြောင်းပြု၍ ဤပုဆိုးကို ခံတော်မူပါ'' ဟု ကပ်လှူ၏။ ''ပက္ကုသ။ ထိုသို့လှူလိုတပြီးကား တစ်ထည်သောပုဆိုးကို ငါဘုရားအား လှူလော့။ တစ်ထည်ေ ာပုဆိုးကို အာနန္ဒာအား လှူလော့'' ဟုမိန့်တော်မူ၏။ ပက္ကုသလည်း ''ကောင်းပါပြီ အရှင်ဘုရား'' ဟု [illegible]းသခင် မိန့်တော်မူတိုင်း တစ်ထည်သောပုဆိုးကို မြတ်စွာဘုရားအား ကပ်လှူ၏။ တစ်ထည်သောပုဆိုးကို အရှင်အာနန္ဒာအား ကပ်လှူ၏။

[အရှင်အာနန္ဒာသည် ဤသို့သောလာဘ်ကို ပယ်၍ လုပ်ကျွေးသောအရာသို့ ရောက်၏။ ထိုသို့ရောက်ငြားသော်လည်း အရှင်အာနန္ဒာသည် ဘုရားသခင်အား လုပ်ကျွေးခြင်းကိစ္စသည် အပြီးသို့ရောက်သောကြောင့် ခံသည်။ ၂၅ ဝါပတ်လုံး ဘုရား၌ လုပ်ကျွေးခြင်း ပြု၍ ဘုရားထံတော်၌ တစ်စုံတစ်ခုသောဝတ္ထုကို မရစဘူးလေ။ 'အရှင်အာနန္ဒာကို မနှစ်သက်သကဲ့သို့ ရှိ၏' ဟု လူတို့ဆိုစရာစကား မရှိအောင် ခံတော်မူသတည်း။ စင်စစ်မူကား မြတ်စွာဘုရားသည် သိတော်မူသတတ်။ 'အာနန္ဒာ ခံသော်လည်း မိမိ မသုံးဆောင်ဘဲ ငါဘုရားအား ပူဇော်လတ္တံ့။ မလ္လာမင်းသားသည်လည်း အာနန္ဒာကို ပူဇော်သဖြင့် သံဃာတော်တို့ကိုလည်း ပူဇော်အပ်၏ ဟု သိလတ္တံ့။ ဤသို့ သိသဖြင့် ပက္ကုသအား များသောကုသိုလ်အစု ဖြစ်လတ္တံ့' ထို့ကြောင့် အရှင်အာနန္ဒာအား တစ်ထည်ကို လှူစေသတည်း။ အရှင်အာနန္ဒာလည်း ထိုအကြောင်းကြောင့် ခံသည်ဟု ဘုရား သခင် သိတော်မူသတည်း။]

ထိုအခါ ဘုရားသခင်သည် ပက္ကုသအား တရားဒေသနာကို ကောင်းစွာညွှန်ပြတော်မူပေ၏။ ပက္ကုသလည်း တရားနာရပြီးသော် နေရာမှထ၍ ရှိသေစွာရှိခိုးပြီးသော် လက်ယာရစ်လှည့်သည်ကိုပြု၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁- ပက္ကုသလုလင်ပျိုသော ပုဆိုးအစုံကို ဝတ်ရုံတော်မူခြင်း

ပက္ကုသမင်းသား သွားလေပြီးသော် အရှင်အာနန္ဒာသည် ရွှေစင်သိင်္ဂီအဆင်းနှင့်တူသော၊ နူးညံ့သောသိမ်မွေ့ ချောမွေ့ပြေပြစ်လှသော ပုဆိုးစုံကို မြတ်စွာဘုရားကိုယ်တော်သို့ တင်စေ၏။

မြတ်စွာဘုရားသခင်သည်လည်း တစ်ထည်ကိုဝတ်၍ တစ်ထည်ကို ရုံတော်မူ၏။ ထိုပုဆိုးကိုတင်အပ်သော ကိုယ်တော်သည် အလျှံရှိသော မီးကျီးကဲ့သို့ ထင်၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့ လျှောက်၏။ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ အံ့ဖွယ်ရှိစွတကား။ မဖြစ်ဘူးမြဲသောသဘော ဖြစ်သည်တကား။ မြတ်စွာဘုရား၏ အရေအဆင်းတော်သည် အတိုင်းထက်အလွန် ဖြူစင်သန့်ရှင်း၏။ ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ပြက် ရှိ၏။ ကိုယ်တော်သို့တင်အပ်သော၊ သိင်္ဂီရွှေပြားနှင့်တူသော နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်လှစွာသော ပုဆိုးစုံ သည်လည်း အလျှံရှိသောမီးကျီးကဲ့သို့ ထင်၏" ဟု လျှောက်၏။

"အာနန္ဒာ။ ဤစကားသည်မှန်၏။ ၂ ပါးသောကာလတို့၌ အတိုင်းထက်အလွန် ငါဘုရား၏ကိုယ်တော် သည် ဖြူစင်သန့်ရှင်း၏။ အရေအဆင်းတော်သည် ပြိုးပြိုးပြက်ပြက်ရှိ၏။ အာနန္ဒာ။ အဘယ်ကာလ ၂ ပါး တို့၌ ငါဘုရား၏ကိုယ်တော်သည် ဖြူစင်သန့်ရှင်းသနည်း။ ထက်ဝန်းကျင် ပြိုးပြိုးပြက်ပြက် ရှိသနည်းဟူမူ ကား အာနန္ဒာ။ အကြင်ညဉ့်၌ ငါဘုရားသည် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို သိတော်မူ၏။ အကြင် ညဉ့်၌ ငါဘုရားသည် ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။ အာနန္ဒာသည် ဤ ၂ ပါးသောကာလတို့၌ ငါဘုရား၏ ကိုယ်တော်သည် အတိုင်းထက်အလွန် ဖြူစင်သန့်ရှင်း၏။ အရေအဆင်း တော်သည် ထက်ဝန်းကျင်မှ ပြိုးပြိုးပြက်ပြက်ရှိ၏" ဟု မိန့်တော်မူပြီးမှ "အာနန္ဒာ။ ယခုအခါ၌ သွားကြကုန် အံ့။ ရေခံတက်ပင်ပေါက်ရောက်သောကြောင့် 'ကကုဓ' အမည်ရှိသော မြစ်နားသို့ သွားကြကုန်အံ့" ဟု ခေါ်တော်မူ၏။ အရှင်အာနန္ဒာသည် "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံတော်မူ၏။

'သိင်္ဂီဝဏ္ဏံ ယုဂံ မဋ္ဌံ၊ ပက္ကုသော အဘိဟာရယိ။

တေန အစ္ဆာဒိတော သတ္ထာ၊ ဟေမဝဏ္ဏော အသောဘထ။'

[ဤဂါထာကား သင်္ဂါယနာတင်ကုန်သော အရှင်မြတ်တို့ မိန့်တော်မူသော ဂါထာတည်း။]

ထိုဂါထာ၏ အနက်မြန်မာကား-

'ပက္ကုသော၊ မလ္လာမင်းသား ထူးပြားမည်ရ ပက္ကုသသည်။ သိင်္ဂီဝဏ္ဏံ၊ သိင်္ဂီရွှေစင်အဆင်း မယှွင်းတူလျှော် ရှုပျော်သောအဆင်းလည်း ရှိထသော။ ယုဂံမဋ္ဌံ၊ လွန်စွာပြေပြစ် ကျစ်လျစ်သိမ်မွေ့ ချောမွေ့နူးညံ့သော ပုဆိုးစုံကို။ အဘိဟာရယိ၊ သဒ္ဒါထက်ထက် စုံမက်ကြည်ညို ရှိသေသောစိတ်စေတနာဖြင့် ရှေးရှုဆောင်၏။ တေန-ယုဂ မဋ္ဌေန၊ နူးညံ့သိမ်မွေ့ ချောမွေ့သပ္ပာယ် တင့်တယ်လျှောက်ပတ်သော သိင်္ဂီရွှေရောင် ပြောင်ပြောင်လက်လက် ပြိုးပြိုးပြက်သော ထိုပုဆိုးစုံဖြင့်။ အစ္ဆာဒိတော၊ သပ္ပာယ်ဝတ်ရုံ ခြုံတော်မူသော။ သတ္ထာ၊ လူ, နတ်ဆရာ ၉ ဖြာ ဂုဏ်ထူး ကျေးဇူးသခင် ထိပ်ခေါင်တင်ဘုရားသည်။ ဟေမဝဏ္ဏော-ဟေမဝဏ္ဏောဝိယ၊ ရွှေစင်နိက္ခ အဆင်းကဲ့သို့။ အသောဘထ၊ လူ,နတ်မျက်စိ၌ လျှောက်ပတ်တင့်တယ် ကြည်ဖွယ်သမှု ရှု၍မရဲသော အဆင်းတော်ဖြင့် တင့်တယ် တော်မူ၏။

ကုသိနာရုံပြည်၌ မလ္လာမင်းတို့သည် အလှည့်အလှည့် မင်းပြုကြကုန်၏။ 'ပက္ကုသ'မည်သော မလ္လာမင်း သည် ကုန်စည်ရောင်းဝယ်အံ့သောငှာ လာရာတွင် မြတ်စွာဘုရားအား တွေ့ကြိမ်သည်နှင့် အခွင့်တော်လျှော်သည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍၊ သိင်္ဂီရွှေစင်အဆင်းနှင့် တူသောအဆင်းရှိသော, နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ်သော ပုဆိုး ၂ ထည်ကို ရွေးရှုဆောင်၍ ကပ်လှူလေ၏။ ဘုရားသခင်သည်လည်း ထိုပုဆိုးအစုံဖြင့် ဝတ်ရုံသပ္ပာယ်တော်မူသော် ရွှေအဆင်းကဲသို့ တင့်တယ်လွန်ကဲ ရှု၍မရဲသောအဆင်းရှိတော်မူ၍ တင့်တယ်ခြင်းဖြစ်လေ၏။

[အတိုင်းမသိသော ကျေးဇူးတော်ဂုဏ်တော်တို့၏အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကဆုန်လပြည့်နေ့ နံနက်အခါ၌ ပါဝါပြည်ဝယ် ရွှေပန်းထိမ်သည်၏သားဖြစ်သော စုန္ဒ လှူဒါန်းပူဇော်အပ်သော သားပြွမ်းဆွမ်းကို ခံယူဘုဉ်းပေးတော်မူ၍၊ ရှေးအထက်က ဝိပါက်ဝါသနာ အဟောင်းပါ၍ ဝမ်းသွေးတော်လားသော ဝေဒနာကို သည်းခံတော်မူလျက် ရဟန်းသံဃာတော်နှင့်တကွ ကုသိနာရုံပြည်သို့ ကြွတော်မူခဲ့သော်၊ ခရီးအကြား လမ်းမနားတွင် သစ်ပင်ရင်း၌ နားနေတော်မူခိုက် အရှင်အာနန္ဒာကို "ရေခပ်ချေ" စေတော်မူ၏။ အလွန်နောက်ကျူသောရေသည် ဘုန်းတော်ပါရမီတော်အားဖြင့် ကြည်လင်၏။ အေးမြသောရေကို ဘုဉ်းပေးတော်မူပြီးမှ ပက္ကုသမလ္လာမင်းသားသည် ၂ ထည်သောပုဆိုးကောင်းတို့ကို ကပ်လှူပူဇော်၍ ထိုပုဆိုးကို ခံတော်မူပြီးမှ ဝတ်ရုံသပ္ပာယ်တော်မူရာတွင်ရွှေဖြစ်သော မာလာလင်္ကာရကျမ်း၏ စတုတ္ထတွဲကား ဤတွင်ရွှေပြီး၏။]

မာလာလင်္ကာရ ဝတ္ထုတော်ကြီး စတုတ္ထပိုင်း ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာလင်္ကာရ ဝတ္ထုတော်ကြီး

## ပဉ္စမပိုင်း

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



## ၁- စုန္ဒအား နှလုံးမသာခြင်း မဖြစ်ရန် ဟောတော်မူခြင်း

သဗ္ဗညုမြတ်စွာဘုရားသည် များစွာသောရဟန်းတို့နှင့်တကွ ကကုဓမြစ်သို့ကြွတော်မူ၍ ကကုဓမြစ်သို့ ဆင်းသက်တော်မူပြီးလျှင်၊ ရေဘုဉ်းပေးတော်မူခြင်း၊ ရေသပ္ပာယ်တော်မူခြင်းကို ပြု၍ တက်တော်မူပြီးသော် ထို ကကုဓ မြစ်နားဌ သရက်ဥယျာဉ်သို့ ကြွတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ရေသနုပ်တော်ကိုညှစ်၍ နောက်ကျရစ်၏။ အရှင်စုန္ဒသည် ဘုရားသခင်အနီး၌ ရှိသတတ်။ ဘုရားသခင်သည် အရှင်စုန္ဒကိုခေါ်တော်မူ၏။ ''စုန္ဒ။ ငါဘုရား၏ဒုကုဋ်တော်ကို ၄ ခေါက်ပြု၍ ခင်းလော့။ ပင်ပန်းတော်မူလှသည်ဖြစ်၍ လျောင်းဦးအံ့'' ဟု မိန့်တော်မူ၏။ အရှင်စုန္ဒလည်း ''ကောင်းပါပြီ အရှင်ဘုရား'' ဟု ဒုကုဋ်တော်ကို ၄ ခေါက်ပြု၍ ခင်း၏။

မြတ်စွာဘုရားသည် လက်ယာနံပါးဖြင့် ခြသေ့်မင်း၏ကျိန်းအိပ်ခြင်းဖြင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍၊ ထင်သောပညာကို နှလုံးသွင်းတော်မူ၍ ကျိန်းအိပ်တော်မူ၏။ အရှင်စုန္ဒသည်လည်း ထိုအရပ်၌ပင်လျှင် ဘုရားသခင်၏ရှေ့တော်၌ နေ၏။ အရှင်အာနန္ဒာသည် ထိုခဏ၌ ရောက်လာ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊

''အာနန္ဒာ။ စင်စစ်လျှင် တစ်စုံတစ်ယောက်သော သူသည် ရွှေပန်းထိမ်သည်၏သား စုန္ဒအား နှလုံးမသာ ခြင်းဖြစ်စေရာသည်။ အဘယ်ကဲ့သို့ ဖြစ်စေရာသနည်း ဟူမူကား 'မြတ်စွာဘုရားသည် စုန္ဒ၏ဆွမ်းကိုအဆုံးစွန် ဘုဉ်းပေးတော်မူ၍ ပရိနိဗ္ဗာန် ပြုရလေတော့သည်။ စုန္ဒအား ကောင်းမှု၏အကျိုးကို မခံစားရပါ။ မကောင်းသော ရခြင်းကို ရလေသည်' ဟုနှလုံးမသာ ဖြစ်စေရာ၏။

''အာနန္ဒာ။ ရွှေပန်းထိမ်သည်၏သား စုန္ဒအား ထိုသို့နှလုံးမသာခြင်းကို သင် ဖျောက်လေတော့။ အဘယ် သို့ ဖျောက်ရအံ့နည်း ဟူမူကား 'မြတ်စွာဘုရားသည် စုန္ဒ၏ အဆုံးစွန်သောဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ ပရိနိဗ္ဗာန် စံယူတော်မူ၏။ ထို့ကြောင့် စုန္ဒသည် ရတော်စွ။ ကောင်းသောရတော်ခြင်းတည်း။ ငါသည် မြတ်စွာဘုရား အထံတော်မှ ကြားလိုက်ရသည်။ မျက်မှောက်တော်မှ နာလိုက်ရသည်။

''မြတ်စွာဘုရားအထံတော်မှ မှတ်သားလိုက်ရသည်ကား

''ဒွေ၊ ၂ ပါးကုန်သော။ ဣမေပိဏ္ဍပါတာ၊ ဤဆွမ်းတို့သည်။ သမာ၊ တူမျှကုန်၏။ သမဖလာ၊ တူမျှ သောအကျိုးရှိကုန်၏။ ဒွေ၊ ၂ ပါးတို့ဟူသည် ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယဉ္စပိဏ္ဍပါတံ၊ အကြင် ဃနာနို့ဆွမ်းကို။ ပရိဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူ၍။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဇ္ဈတိ၊ သိတော်မူ၏။ တထာဂတော၊ မြတ်စွာ ဘုရားသည်။ ယဉ္စပိဏ္ဍပါတံ၊ အကြင် စုန္ဒ၏သားပြွမ်းဆွမ်းကို။ ပရိဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူ၍။ အနုပါဒိ သေသာယ၊ ကမ္မဇရုပ်အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန် ယူတော် မူ၏။

''ဣမေဒွေပိဏ္ဍပါတာ၊ ဤ ၂ ပါးသော ဆွမ်းတို့သည်။ သမာ၊ တူမျှကုန်၏။ သမဖလာ၊ တူမျှသောအကျိုး ရှိကုန်၏။ သမဝိပါကာ၊ တူမျှသောအကျိုးကိုပေးတတ်ကုန်၏။ အတိဝိယ၊ အလွန်လျှင်။ အညေတိ၊ တစ်ပါး ကုန်သော။ ပိဏ္ဍပါတေဟိ၊ ဆွမ်းတို့ထက်။ မဟပ္ဖလတရာ၊ ထူးသောအကျိုး ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဟာနိသံသတရာ၊ ထူးသောအကျိုးဆက် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



"အာယသ္မတာ၊ ရှည်သောအသက်ရှိသော။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏သားဖြစ်သော။ စုန္ဒေန၊ စုန္ဒသည်။ အာယုသံဝတ္တနိကံ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပစိတံ၊ ဆည်းပူးအပ်၏။ အာယသ္မတာ၊ ရှည်သောအသက် ရှိသော။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏ သားဖြစ်သော။ စုန္ဒေန၊ စုန္ဒသည်။ ဝဏ္ဏသံဝတ္တနိကံ၊ အဆင်း၏ပြည့်စုံခြင်းကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပစိတံ၊ ဆည်းပူးအပ်၏။ အာယသ္မတာ၊ ရှည်သောအသက်ရှိသော။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏ သားဖြစ်သော။ စုန္ဒေန၊ စုန္ဒသည်။ သုခသံဝတ္တနိကံ၊ စည်းစိမ်ချမ်းသာကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပစိတံ၊ ဆည်းပူးအပ်၏။ အာယသ္မတာ၊ ရှည်သောအသက် ရှိသော။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏သားဖြစ်သော။ စုန္ဒေန၊ စုန္ဒသည်။ ယသသံဝတ္တနိကံ၊ အခြံအရံကိုဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပစိတံ၊ ဆည်းပူးအပ်၏။

"အာယသ္မတာ၊ ရှည်သောအသက် ရှိသော။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏သားဖြစ်သော။ စုန္ဒေန၊ စုန္ဒသည်။ သဂ္ဂသံဝတ္တနိကံ၊ နတ်ရွာကို လားစေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပစိတံ၊ ဆည်းပူးအပ်၏။ အာယသ္မတာ၊ ရှည်သောအသက်ရှိသော။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏ သားဖြစ်သော။ စုန္ဒေန၊ စုန္ဒသည်။ အာဓိပတေယျသံဝတ္တနိကံ၊ အကြီးအကဲကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကုသိုလ်ကံကို။ ဥပစိတံ၊ ဆည်းပူးအပ်၏။ ဣတိ၊ ဤသို့။ ကမ္မာရပုတ္တေန၊ ရွှေပန်းထိမ်သည်၏ သားဖြစ်သော။ စုန္ဒဿ၊ စုန္ဒ၏ ဝိပ္ပဋိသာရော၊ နှလုံးမသာယာခြင်းကို။ ပဋိဝိနောဒေတဗ္ဗော၊ ဖျောက်အပ်၏။

"ဤစကားတရားတော်ကို ငါသည် မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာလိုက်ရ၊ မှတ်လိုက်ရ၏ဟူ၍ ဖြေကြားလေလော့" ဟု အရှင်အာနန္ဒာအား ဟောကြားတော်မူပေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့သော ဥဒါန်းစကားကိုမြွက်တော်မူ၏။

'ဒဒတော ပုညံ ပဝဍ္ဎတိ၊ သံယမတော ဝေရံ န စီယတိ။

ကုသလောစ ဇဟာတိ ပါပကံ၊ ရာဂဒေါသမောဟက္ခယာ သနိဗ္ဗုတော။ ။

ဤဥဒါန်း၏အနက်ကား-

"ဒါနံ၊ ဒါနဝတ္ထုကို။ ဒဒတော-ဒဒန္တဿ၊ ပေးစွမ်းနိုင်သောသူအား။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ ပဝဍ္ဎတိ၊ ပွား၏။ သံယမတော-သံယမန္တဿ၊ ကိုယ်,နှုတ်,နှလုံးကို စောင့်ရှောက်သောသူအား။ ပဉ္စဝိဓံ၊ ၅ ပါး အပြားရှိသော။ ဝေရံ၊ 'မကောင်းမှုတည်း'ဟူသော ရန်သည်။ နစီယတိ၊ မပွား။ ကုသလောစ၊ ပညာနှင့်ပြည့်စုံသော သူသည်သာလျှင်။ ပါပကံ၊ မကောင်းမှုကို။ ဇဟာတိ၊ ပယ်နိုင်၏။ ကုသလောစ၊ ပညာနှင့်ပြည့်စုံကုန်သော သူသည်လည်း။ ရာဂဒေါသမောဟက္ခယာ၊ ရာဂ, ဒေါသ, မောဟတို့၏ ကုန်ခြင်းကြောင့်။ သနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုရ၏"

သဗ္ဗညုမြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ ဟိရညဝတီမြစ်၏ ထိုမှာဘက် သို့ ကူးကြကုန်အံ့"ဟု "ကုသိနာရုံမလ္လာမင်း၏ အင်ကြင်းတောဥယျာဉ်သို့ ကပ်ကြကုန်အံ့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံတော်မူလေ၏။

မြတ်စွာဘုရားသည် များလှစွာသော ရဟန်းသံဃာအပေါင်းနှင့်တကွ ဟိရညဝတီမြစ်၏ ထိုမှာဘက်ဖြစ်သောအရပ်သို့ ကြွတော်မူပြီးသော်၊ ကုသိနာရုံပြည်၏ တောင်အကွေ့ဖြစ်သော မလ္လာမင်းတို့၏အင်ကြင်း တောသို့ ကြွတော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



"အာနန္ဒာ။ ငါ တောင်းပန်တိုက်တွန်းသည်။ အစုံသောအင်ကြင်းပင်တို့၏အကြား၌ မြောက်သို့ ဦးခေါင်းပြု၍ ညောင်စောင်းကို ခင်းလော့။ အာနန္ဒာ။ ပင်ပန်းတော်မူလှသည်။ လျောင်းတော်မူအံ့" ဟု မိန့်တော်မူ၏။ အာနန္ဒာသည်လည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု ဘုရားသခင်စကားတော်ကို ဝန်ခံ၍ အလုံးစုံသော အင်ကြင်းပင်တို့၏အကြား၌ (မြောက်သို့ဦးခေါင်းပြု၍) ညောင်စောင်းကို ခင်းပေ၏။

[ပါဠိတော်၌ 'ဥတ္တရသီသကံမဉ္စံပညပေဟိ' ဟု ရှိရကား-ဥတ္တရသီသကံ၊ မြောက်သို့ ဦးခေါင်းရှိသော။ မဉ္စံ၊ ညောင်စောင်းကို။ ပညပေဟိ၊ ခင်းစေ၏။ ။ဤသို့ ကျမ်းကြီးကျမ်းခိုင်၌ရှိပေလျက်၊ 'မျက်နှာတော်သာ မြောက်သို့ လှည့်သည်' ဟု အချို့သောသူတို့ပြောဟောကြကုန်သည်။ 'မျက်နှာတော်သာ မြောက်သို့၊ ဦးခေါင်းတော်ကား အရှေ့' ဟု ပြောဟောကြသောသူတို့၏ စကားကိုမယူအပ်။ 'မြောက်သို့ ဦးခေါင်းပြု၍ လျောင်းတော်မူသည်'ကို သာ ယူအပ်၏။

ပါဠိတော်၌ 'အန္တရေန ယမကသာလာနံ ဥတ္တရသီသကံ' ရှိသည်တွင် အဋ္ဌကထာ၌ 'အန္တရေန ယမကသာလာနံ ဥတ္တရသီသ ကန္တိ တဿ ကိရမဉ္စကဿ ဧကာ သာလဝန္တိ သီသဘာဂေ ဟောတိ၊ ဧကာ ပါဒဘာဂေ' ဟု ရှိ၏။ အနက်ကား-

"အန္တရေန ယမကသာလာနံ ဥတ္တရသီသကန္တိ၊ အန္တရေနယမကသာလာနံ ဥတ္တရသီသကံ- ဟူသည်ကား 'တဿ မဉ္စကဿ၊ ထိုလျောင်းတော်မူရာ ညောင်စောင်း၏။ သီသဘာဂေ၊ ဦးခေါင်းရင်း၌။ (တစ်နည်းကား- ဦးခေါင်းအဖို့၌။) ဧကာ၊ တစ်ခုသော။ သာလပန္တိ၊ အင်ကြင်းပင်အစဉ်သည်။ ဟောတိကိရ၊ ဖြစ်သတတ်။ ပါဒဘာဂေ၊ ခြေရင်း၌။ ဧကာ၊ တစ်ခုသော။ သာလပန္တိ၊ အင်ကြင်းပင်အစဉ်သည်။ ဟောတိ၊ ဖြစ်၏။"

လျောင်းတော်မူသော ညောင်စောင်း၏ ဦးခေါင်းရင်းကလည်း အင်ကြင်းပင်အစဉ်တစ်ခု, ခြေရင်းတော်ကလည်း အင်ကြင်းပင်အစဉ်တစ်ခု ဖြစ်သတည်း။ ထိုအင်ကြင်းပင်စဉ်တို့တွင် ညောင်စောင်း၏ ဦးခေါင်းတော်၏အနီး၌ အင်ကြင်းပင်ပျိုတစ်ပင်, ခြေရင်းတော်အနီး၌လည်း အင်ကြင်းပင်ပျိုတစ်ပင်သည် ရှိသတည်း။ စင်စစ်မူကား ၂ ပင်သော အင်ကြင်းပင်တို့၏အမြစ်, ပင်စည်, အခွ, အခက်, အရွက်တို့ဖြင့် အချင်းချင်းထွေးယှက်၍ တည်သတည်း။ 'ညောင်စောင်းကိုခင်းသည်' ဟူရာ၌ကား ထိုဥယျာဉ်၌ မလ္လာမင်းတို့သည် လျောင်းသောညောင်စောင်း ရှိသတတ်။ ထိုညောင်စောင်းကို ခင်းရာသတည်း။

'ပင်ပန်းတော်မူလှသည်။ အာနန္ဒာ။ ငါလျောင်းတော်မူအံ့' ဟု မိန့်တော်မူရာ၌ကား မြတ်စွာဘုရား၏ အားတော်သည် ဆင်မည်းတွက်ရေ ကုဋေ ၁၀၀၀ အား ရှိ၏။ ထိုအလုံးစုံသောအားတော်သည်လည်း စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးတော်မူသောကာလမှစ၍ ဂင်္ဂါရေ၌တည်အပ်သော ရေကဲ့သို့ ကုန်လေ၏။ ပါဝါမြို့မှ ကုသိနာရုံသည် ၃ ဂါဝုတ်သာ ရှိသည်။ ထိုအကြားတွင်း ၂၅ ပါးသောအရပ်တို့၌ နားနေတော်မူ၏။ များစွာသောအားထုတ်ခြင်းဖြင့် ကြွတော်မူသော်လည်း နေဝင်ညနေချမ်းအချိန်မှ အင်ကြင်းတောသို့ ရောက်တော်မူနိုင်သည်။ ခပ်သိမ်းသောလူအပေါင်းတို့အား သံဝေဂရစိမ့်သောငှာ "အာနန္ဒာ။ ငါ ပင်ပန်းလှ၏။ လျောင်းတော်မူအံ့" ဟု မိန့်တော်မူသတည်း။

အဘယ်ကြောင့် မြတ်စွာဘုရားသည် ဤသို့ များစွာသောအားထုတ်ခြင်းဖြင့် ဤအရပ်သို့ ကြွတော်မူလေသနည်း။ တစ်ပါးသောအရပ်တို့၌ ပရိနိဗ္ဗာန်ပြုတော်မူခြင်းငှာ မတတ်ကောင်းလေသလော ဟူမူကား- တစ်ပါးသောအရပ်တို့၌ ပရိနိဗ္ဗာန်ပြုတော်မူခြင်းငှာ တတ်နိုင်ကောင်း၏။ တတ်ကောင်းငြားသော်လည်း အကြောင်း ၃ ပါးကို မြင်တော်မူ၍ ကြိုးစားအားထုတ်လျက် ကြွတော်မူသတည်း။

အကြောင်း ၃ ပါး ဟူသည်ကား-

- မဟာသုဒဿနသုတ်၏အဋ္ဌုပ္ပတ္တိကို ဟောတော်မူရအံ့သည်လည်း ၁ ပါး။
- သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမတော်မူ၍ မဂ်ဖိုလ်ရအံ့သည်လည်း ၁ ပါး။
- ပရိနိဗ္ဗာန် စံယူတော်မူသည်နောက် ဓာတ်တော်တို့ကို လုယက်ငြင်းခုံခြင်း ဝိဝါဒကို ဒေါနပုဏ္ဏား ဖျန်ဖြေ၍



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်တို့ကို ဝေဖန်လတ္တံ့သည်လည်း ၁ ပါး။ ။ ဤအကြောင်း ၃ ပါးကို မြင်တော်မူသောကြောင့် ကြိုးစားအားထုတ်၍ ကြွတော်မူသတည်း။

အရှင်အာနန္ဒာ ညောင်စောင်းကို ခင်းပြီးသော် မြတ်စွာဘုရားသည် လက်ယာနံပါးဖြင့် ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ သတိသမ္ပဇဉ်နှင့်ပြည့်စုံလျက် ကျိန်းအိပ်တော်မူ၏။

[ခြင်္သေ့မင်း၏အိပ်ခြင်းကဲ့သို့ ကျိန်းအိပ်တော်မူရာ၌ အိပ်ခြင်းဟူသည်ကား– ကာမဂုဏ်ချမ်းသာကို ခံစားသောသူတို့၏အိပ်ခြင်း။ ပြိတ္တာတို့၏အိပ်ခြင်း။ ခြင်္သေ့တို့၏အိပ်ခြင်း။ ဘုရားတို့၏အိပ်ခြင်း။ ဟူ၍ ၄ ပါးသော အိပ်ခြင်းကို အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်၌ ဟောတော်မူ၏။ ထို ၄ ပါးသောအိပ်ခြင်းတို့တွင် ကာမဂုဏ်ချမ်းသာကို ခံစားသောသူတို့သည် ယေဘုယျအားဖြင့် လက်ဝဲနံပါးဖြင့် အိပ်ကုန်၏။ ။ ပြိတ္တာတို့သည် ယေဘုယျအားဖြင့် ပက်လက်သာ အိပ်ကုန်၏။ ပက်လက်အိပ်ခြင်းသည်ကား နည်းသောအသားအသွေး ရှိသောကြောင့် လည်းကောင်း, အရိုးစုသာဖြစ်သောကြောင့် လည်းကောင်း နံပါးတစ်ဖက်ဖြင့် အိပ်အံ့သော်ငှာ မတတ်နိုင်၍ ပက်လက်သာ အိပ်ရသတည်း။ ခြင်္သေ့မင်းတို့သည် လက်ယာနံပါးဖြင့်သာ အိပ်ကုန်၏။ ခြင်္သေ့တို့သည် 'နောက်ခြေ ၂ ဖက်တို့ကိုထပ်၍၊ လက် ၂ ဖက်တို့ကိုလည်း ထပ်၍၊ အမြီးကို ပေါင်ကြား၌ သို၀ှက်၍၊ ရှေ့နောက်ခြေ, အမြီးတို့၏ နေရာအရပ်ကို မှတ်၍၊ ရှေ့လက် ၂ ချောင်းတို့၏အပေါ်၌ ဦးခေါင်းကို ထား၍၊ တစ်နေ့ပတ်လုံး အိပ်ပြီးသော် မထိတ်မလန့်လျက် နိုး၍၊ ဦးခေါင်းကို ချီပြီးသော် ရှေ့ခြေ, နောက်ခြေ, အမြီးတို့၏ တည်ရာအရပ်ကို မှတ်၍၊ ခြေလက်တည်ရာ တစ်စုံတစ်ခုကိုစွန့်၍ တည်မိသည် ဖြစ်တုံအံ့။ ဤသို့ဖောက်ပြန်ခြင်းသည် မလျောက်ပတ်။ ရဲရင့်သောအဖြစ်၌ မလျော်' ဟု နှလုံးမသာဖြစ်၍ ထိုအရပ်တွင်ပင် အိပ်၏။ အစာရှာအံ့သော်ငှာ မသွား။ 'တည်မြဲတိုင်းအရာကို မစွန့်ဘဲတည် သည်ရှိသော်ကား ဓာတ်အားဖြင့်လည်းကောင်း, ရဲရင့်သောအားဖြင့် လည်းကောင်း လျောက်ပတ်၏' ဟု ဝမ်းမြောက် ဝမ်းသာထ၍ ခြင်္သေ့မင်း၏ စံပယ်ခြင်းကို စံပယ်လျက် မှင်ဆံကိုခါ၍ ခြင်္သေ့တို့၏အသံကို ၃ ကြိမ်ဟောက်သဖြင့် အစာရှာအံ့သော်ငှာ ထွက်သတည်း။ ။ မြတ်စွာဘုရား၏ ကျိန်းအိပ်တော်မူခြင်းသည်လည်း လက်ယာနံပါးဖြင့် လျောင်း၍၊ လက်ယာခြေတော်၌ လက်ဝဲခြေတော်ကို တင်၍၊ စဉ်းငယ်လွန့်၍ ခြေဖမျက် တစ်ခုနှင့်တစ်ခုကို မထပ်စေဘဲ ထားတော်မူသတည်း။ ဖမျက်တော်တစ်ဖက်ဖြင့် ဖမျက်တော်တစ်ဖက်ကို, ပုဆစ်ဒူးတစ်ဖက်ဖြင့် ပုဆစ်ဒူးတစ်ဖက်ကို ထိစေသည်ရှိသော် မပြတ်သောဝေဒနာ ဖြစ်၏။ စိတ်၏တည်ကြည်ခြင်း မဖြစ်။ ချမ်းသာစွာ မအိပ်ရ။ စဉ်းငယ်လွန့်၍ ထားသည်ရှိသော်ကား ဝေဒနာ မဖြစ်။ စိတ်တည်ကြည်သည် ချမ်းသာစွာအိပ်ရသည်။ ထို့ကြောင့် ဘုရားတို့သည် ဤကဲ့သို့ ကျိန်းအိပ်တော်မူသတည်း။ ဤသို့သော ကျိန်းအိပ်ခြင်းဖြင့် ဘုရားသခင်သည် မလ္လာမင်းတို့၏အင်ကြင်းပင်စုံအကြား ညောင်စောင်း၌ မထသောလျောင်းခြင်းဖြင့် လျောင်းတော်မူ၏။

ပရိနိဗ္ဗာန်ယူတော်မူရာ အင်ကြင်းဥယျာဉ်ကား ကုသိနာရုံပြည်၏ အနောက်တောင်အရပ် ဖြစ်သတည်း။ မြို့တွင်းသို့ ဝင်လိုလျှင် ဥယျာဉ်မှ အရှေ့သို့ ရှေးရှုသွား၍၊ မြောက်သို့လည်၍ ဝင်ရ၏။ ထို့ကြောင့် 'အကွေ့တွင်'ဟု ဆို သတည်း။]

ထိုသို့ လျောင်းတော်မူသောအခါ၌ အင်ကြင်းပင်စုံတို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏။ ထိုအင်ကြင်းပင် စုံတို့သည် အခါမဲ့ပွင့်သော အပွင့်တို့ဖြင့် မြတ်စွာဘုရားအားပူဇော်အံ့သော်ငှာ ကိုယ်တော်ကို အထက်အဖို့၌ ကြဲဖြန့်ကုန်၏။ ဖုံးလွှမ်းသကဲ့သို့ ကြဲဖြန့်ကုန်၏။ အဖန်တလဲလဲ အမြဲ ကြဲကုန်၏။ စင်စစ်သော်ကား ထို အင်ကြင်းပင်စုံ၌သာလျှင် ပွင့်သည် မဟုတ်။ ခပ်သိမ်းသောသစ်ပင်တို့သည်လည်း ပင်လုံးကျွတ်ပွင့်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဥယျာဉ်၌ သစ်ပင်တို့သာလျှင် ပွင့်သည်မဟုတ်ကုန်။ ၁ သောင်းသောစကြဝဠာ၌ ရှိရှိသမျှသစ်ပင်တို့သည်လည်း ပင်လုံးကျွတ်ပွင့်ကုန်၏။ အသီးသီးသောသစ်ပင်တို့သည်လည်း အသီး သီးကုန်၏။

ခပ်သိမ်းသောသစ်ပင်တို့၏ ပင်စည်တို့၌ 'ခန္ဓပဒုမ္မာ'မည်သော ပင်စည်ပန်းတို့ ပွင့်ကုန်၏။ အခက်တို့၌ 'သာခပဒုမ္မာ'မည်သော အခက်ပဒုမ္မာပန်းတို့သည် ပွင့်ကုန်၏။ နွယ်တို့၌ 'လတာပဒုမ္မာ'မည်သော နွယ်ပန်းတို့သည် ပွင့်ကုန်၏။ ကောင်းကင်တို့၌ 'အာကာသပဒုမ္မာ'အမည်ရှိသော ကောင်းကင်ပဒုမ္မာတို့သည် ပွင့်ကုန်၏။ မြေအပြင်ကို ခွဲ၍ 'ဒဏ္ဍပဒုမ္မာ'မည်သော အရိုးပဒုမ္မာပန်းတို့သည်လည်း ပွင့်ကုန်၏။ အလုံးစုံသော သမုဒ္ဒရာတို့သည် ၅ ပါးသောအခင်းရှိသော ပဒုမ္မာကြာပွင့်ဖြင့် ဖုံးလွှမ်း၏။

ယူဇနာ ၃၀၀၀ အကျယ်ရှိသော ဟိမဝန္တာတောင်သည် တပေါင်းတည်းစည်းသော ဥဒေါင်းမြီးစည်းတို့ကဲ့သို့ လည်းကောင်း၊ အခြားမရှိသော ပန်းဆိုင်းကွန်ရက်ကဲ့သို့ လည်းကောင်း၊ ကောင်းစွာညှတ်၍ ထက်ဝန်းကျင်မှ ဖွဲ့စပ်အပ်သော ပန်းနရတင်းကဲ့သို့ လည်းကောင်း၊ ကောင်းစွာပြည့်စုံသော ပန်းပုံတောင်းကဲ့သို့ လည်းကောင်း အလွန်မွေ့လျော်ပျော်ပါးဖွယ် ရှိ၏။

အင်ကြင်းပင်စုံ၌ နေကုန်သော ဘုမ္မစိုးနတ်တို့သည် အခက်အပွေးတို့ကို ကောင်းစွာလှုပ်သည်ဖြစ်၍ မြတ်စွာဘုရား၏ကိုယ်တော် ထက်ဝန်းကျင်မှ ကြဲဖြန့်ကုန်၏။ ပန်းတို့ဖြင့် လွှမ်းဘိသကဲ့သို့ ဖြစ်ကုန်၏။ အဖန်တလဲလဲဖြန့်ကုန်၏။ နတ်ပြည်၌ နန္ဒဝန်ဥယျာဉ်၌ဖြစ်ကုန်သော၊ ရွှေအဆင်းနှင့် တူသောအဆင်းရှိကုန်သော၊ ထီးရွက်အတိုင်းအရှည်ရှိသော အရွက်၊ တစ်တုံမျှလောက်သော ဝတ်ဆံမှုန်ရှိကုန်သော မန္ဒာရဝနတ်ပန်းတို့သည် ကောင်းကင်မှ ကျကုန်၏။ ထိုနတ်ပန်းတို့သည်လည်း မြတ်စွာဘုရားအား ပူဇော်အံ့သောငှာ ကိုယ်တော်ကို အထက်အဖို့၌ ကြဲဖြန့်ကုန်၏။ ဖုံးလွှမ်းသကဲ့သို့ ကြဲဖြန့်ကုန်၏။ အဖန်တလဲလဲ ကြဲဖြန့်ကုန်၏။

နတ်၌ဖြစ်သော စန္ဒကူးမှုန့်တို့သည်လည်း ကောင်းကင်မှကျကုန်၏။ ကိုယ်တော်၏ထက်ဝန်းကျင်သို့ ကြဲဖြန့်ကုန်၏။ နတ်၌ဖြစ်သော တူရိယာ၊ စည်၊ စောင်း၊ ငြင်းတို့သည်လည်း မြတ်စွာဘုရားသခင်အား ပူဇော်အံ့သောငှာ ကောင်းကင်၌ မြည်ကုန်၏။ နတ်တို့၏သီချင်းတို့သည်လည်း မြတ်စွာဘုရားအား ပူဇော်အံ့သောငှာ ကောင်းကင်၌ သာယာစွာဖြစ်ကုန်၏။

စင်စစ်သော်ကား နတ်တို့သာ မဟုတ်။ နဂါး၊ ဂဠုန်၊ လူတို့သည်လည်း ပူဇော်အံ့သောငှာ စန္ဒကူးမှုန့်တို့ကို ကြဲဖြန့်ကြကုန်၏။ စန္ဒကူးမှုန့်တို့သည်သာ မဟုတ်။ အကျော်၊ ကရမက်၊ သရက္ခန်၊ စန္ဒကူးနီ စသော အလုံးစုံသော နတ်တို့၏နံ့သာမျိုး၊ နံ့သာမှုန့်၊ မြင်းသီလာမှုန့်၊ စန္ဒကူးနီ စသော အလုံးစုံသော နတ်တို့၏ နံ့သာမှုန့်အထူးထူးတို့ကို ရွှေပန်းတောင်းတို့၌ပြည့်စေ၍၊ စကြဝဠာအနား စသည်တို့၌ တည်ကုန်သောနတ်တို့သည် ပစ်အပ်ကုန်သောပန်းတို့သည်ကား အကြား၌ကြဲဖြန့်၍ မြတ်စွာဘုရား၏ကိုယ်တော်၌သာလျှင် ကြဲဖြန့်လေကုန်၏။

## ၂- ဝလာနရနတ်တို့အကြောင်း

ထိုအခါ အသက်ရှည်သော 'ဝလာနရ'မည်သော နတ်တို့သည် 'ယောက်ျားမြတ်သည် လူ့ပြည်၌ ဖြစ်တော်မူ၍ ဘုရားဖြစ်လတ္တံ့'ဟု ကြားကုန်၍၊ 'ပဋိသန္ဓေနေတော်မူသောအခါ၌ ပန်းကိုယူ၍ သွားအံ့' ဟု ပန်းကုံးအံ့သောငှာ အားထုတ်၏။ ထိုနတ်တို့သည် ပန်းကုံးစဉ်ပင်လျှင်၊ "ဘုရားလောင်းသည် မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူပြီ။ 'သင်တို့ အဘယ်သူဖို့ ပန်းကုံးသနည်း' ဟု ဆိုကြသည်ရှိသော်၊ "ပန်းကုံး၍ မပြီးနိုင်သေး။ မယ်တော့်ဝမ်းမှ ဖွားတော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုပြန်ကုန်၏။ "ဖွားတော်မူပြီ" ဟု



www.burmeseclassic.com

www.burmeseclassic.com



ကြားပြန်လျှင်၊ "တောထွက်တော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုကုန်၏။ "၂၉ နှစ်တိုင်တိုင် ရွှေနန်းတော်၌ စံနေ၍ ယခု တောထွက်တော်မူပြီ" ဟု ကြား၍၊ "ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုကုန်၏။ "၆ နှစ်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီ" ဟု ကြားကုန်လျှင်လည်း "ဓမ္မစကြာတရားကို ဟောတော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုကုန်၏။

"၄၉ ရက်တို့ကို ဗောဓိမဏ္ဍိုင်၌လွန်စေ၍၊ ဣသိပတနမိဂဒါဝုန်တောသို့ ကြွတော်မူ၍၊ ဓမ္မစကြာတရားကို ဟောတော်မူပြီ" ကြား၍လည်း၊ "ယမိုက်ပြာဋိဟာကို ပြတော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုကုန်၏။ "ယနေ့ ယမိုက်ပြာဋိဟာကို ပြပြီ"ကြားပြန်သော်၊ "နတ်ပြည်သို့ တက်တော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုကုန်၏။ "ယနေ့ တာဝတိံသာနတ်ပြည်သို့ တက်တော်မူပြီ" ဟု ကြားပြန်သော်၊ "အာယုသင်္ခါရကို လွှတ်တော်မူသောနေ့၌ ယူ၍သွားအံ့" ဟု ဆိုကုန်၏။ "ယခုပင်။ အာယုသင်္ခါရ လွှတ်တော်မူပြီ" ဟု ကြားပြန်သော် "ပန်းလည်း ကုံး၍မပြီးသေး။ ပရိနိဗ္ဗာန်ပြုသောနေ့ သွားကုန်အံ့" ဟု ဆိုကုန်၏။

"ယနေ့ပင်လျှင် မြတ်စွာဘုရားသည် အင်ကြင်းပင်စုံတို့၏အကြား၌ လက်ယာနံတောင်းဖြင့် သတိသမ္ပဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍ ခြင်္သေ့မင်း၏အိပ်ခြင်းကဲ့သို့ ကျိန်းအိပ်တော်မူပြီ။ မိုးသောက်အားကြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ သင်တို့ အဘယ်သူဖို့ ပန်းကုံးကြသနည်း" ဟု ဆိုကြသောစကားကို ကြားကုန်၍-

"ဘုရားသည် အဘယ်သို့ဖြစ်ဘိသနည်း။ ယခုပင်လျှင်မယ်တော့်ဝမ်း၌ ပဋိသန္ဓေနေတော်မူသည်။ ယခုပင်လျှင် ဖွားတော်မူသည်။ ယခုပင်လျှင် မြတ်သောတောထွက်ခြင်းကို ထွက်တော်မူသည်။ ယခုပင်လျှင် ဘုရားဖြစ်တော်မူသည်။ ယခုပင်လျှင် ဓမ္မစကြာတရားကို ဟောတော်မူသည်။ ယခုပင်လျှင် ယမိုက်ပြာဋိဟာကို ပြတော်မူသည်။ ယခုပင်လျှင် နတ်ပြည်မှ သက်တော်မူသည်။ ယခုပင်လျှင် အာယုသင်္ခါရလွှတ်တော်မူသည်။ ယခုပင်လျှင် ပရိနိဗ္ဗာန်ပြုတော်မူသတတ်" ဟု "မိုးသောက်သောနေ့၌ ယာဂုသောက်လောက်ရုံသော ကာလမျှ တည်သည် မဟုတ်တုံလော။ ၁၀ ပါးသော ပါရမီတို့ကို ဖြည့်တော်မူ၍ ဘုရားအဖြစ်သို့ရောက်သော ထိုမြတ်စွာဘုရားအား ဤသို့ဖြစ်ခြင်းသည် မလျောက်ပတ်တကား"ဟု အလိုအတိုင်း မပြီးကုန်သည်ဖြစ်၍သာလျှင်၊ ပန်းကုံးတို့ကို ယူခဲ့၍၊ စကြဝဠာတိုက်အတွင်း၌ အခွင့်မရ၍၊ စကြဝဠာအနားရေး၌ အခွင့်ရ၍၊ စကြဝဠာအနားရေးမှ လျှင်ဖြေကုန်လျက် တစ်ယောက်လက်မှသည် တစ်ယောက်လက်ကို ကိုင်၍၊ ရတနာ ၃ ပါးတို့ကို အကြောင်းပြု၍၊ ၃၂ ပါးသော ယောကျာ်းမြတ်တို့၏ လက္ခဏာတော်ကြီး, ၆ ပါးသော ရောင်ခြည်တော်, ၁၀ ပါးသော ပါရမီ, ၅၅၀ သော ဇာတ်, ၁၄ ပါးသော ဘုရားကျေးဇူးတော်တို့ကို အကြောင်းပြု၍ ပူဇော်ကုန်၏။ ကခြင်း, သီခြင်းတို့ကိုလည်း ဖြစ်စေကုန်၏။

## ၃- ပူဇော်သက္ကာရပြုခြင်းကို ဟောတော်မူခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် နဂါး, ဂဠုန်, လူတို့ အထူးထူးအဆန်းဆန်းပူဇော်ကြသည်ကို မြင်တော်မူလျှင် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ အစုံသောအင်ကြင်းပင်တို့သည် အခါမဲ့ပွင့်သော အပွင့်တို့ဖြင့် ပင်လုံးကျွတ်ပွင့်ကုန်၍ ငါဘုရားအားပူဇော်ခြင်းငှာ ကိုယ်တော်ကို ထက်ဝန်းကျင် ကြဲဖြန့်ကုန်၏။ နတ်၌ဖြစ်သော ပန်း, စန္ဒကူးမှုန့်တို့သည်လည်း ငါဘုရားအား ပူဇော်အံ့သောငှာ ကောင်းကင်မှ ကျကုန်၏။ ထက်ဝန်းကျင် ကြဲဖြန့်ကုန်၏။ နတ်တို့၏ စည်, စောင်း, ငြင်း, ခွက်ခွင်း, ခရာ စသော တူရိယာမျိုး၊ နတ်တို့၏ သီချင်းသံတို့သည်လည်း ငါဘုရားအား ပူဇော်အံ့သောငှာ ကောင်းကင်ပြင်၌ သာယာစွာမြည်ကုန်၏။ အာနန္ဒာ။ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားကို အရိုအသေပြုကုန်သည် မမည်။ အလေးအမြတ် ပြုသည်မမည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတနာပြုရာ မကျသေး။ ပူဇော်ချီးမြှင့်ရာ မရောက်သေး။ ရှိသေကိုင်းညွတ် ဆည်းကပ်သည် မမည်သေး။ လောကုတ္တရာအားလျော်သောအမှုကို ပြုသည်မဟုတ်သေး''ဟု မိန့်တော်မူ၍၊

'ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ၊ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံ ကရောတိ မာနေ တိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ၊ တသ္မာ တိဟာ နန္ဒဓမ္မာန ဓမ္မပ္ပဋိပန္နာ ဝိဟရိဿာမ သာမီပ္ပဋိပန္နာ အနုဓမ္မ စာရိနောတိ၊ ဧဝဉှိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗံ။' ဤဒေသနာတော်ကို ဟောတော်မူ၏။ ဤ၌အနက်ကား-

''အနာန္ဒ အာနန္ဒာ။ ယောဘိက္ခုဝါ၊ အကြင်ရဟန်းယောကျ်ားသည် လည်းကောင်း။ ယောဘိက္ခုနီဝါ၊ အကြင်ရဟန်းမိန်းမသည် လည်းကောင်း။ ယောဥပါသကောဝါ၊ အကြင်သီတင်းသည် ယောကျ်ားသည် လည်းကောင်း။ ယာဥပါသကာဝါ၊ အကြင်သီတင်းသည် မိန်းမသည် လည်းကောင်း။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရားအား လျော်သောရှေ့အဖို့၌ ဖြစ်သောအကျင့်ကို ကျင့်သည်။ ဟုတ္တာ၊ ဖြစ်၍ ဝိဟရတိ၊ နေ၏။ သာမီစိပ္ပဋိပန္နော၊ လောကုတ္တရာအားလျော်သော ရှေ့အဖို့၌ ဖြစ်သောအကျင့်ကို ရှိသေစွာကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အနုဓမ္မစာရီ၊ လောကုတ္တရာအားလျော်သော ရှေ့အဖို့၌ဖြစ်သောအကျင့်နှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပရမာယ၊ မြတ်သော။ ပူဇာယ၊ ပူဇော်ခြင်းဖြင့်။ တထာဂတံ၊ ငါဘုရားကို။ ခေါ၊ စင်စစ်။ သက္ကရောတိ၊ အရိုအသေပြုသည် မည်၏။ ဂရုံကရောတိ၊ အလေးအမြတ်ပြုသည်လည်း မည်၏။ မာနေတိ၊ အမြတ်တနိုးပြုသည်မည်၏။ ပူဇေတိ၊ ပူဇော်သည် မည်၏။ အပစိယတိ၊ အရိုအသေ ခစားသည် မည်၏။ တသ္မာ၊ ထို့ကြောင့်။ အာနန္ဒ၊ အာနန္ဒာ။ ဣဟ၊ ငါဘုရားသာသနာတော်၌။ မယံ၊ ငါတို့သည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရားအားလျော်သော ရှေ့အဖို့၌ဖြစ်သောအကျင့်ကို ကျင့်ကုန်သည် ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ သာမီစိပ္ပဋိပန္နော၊ လောကုတ္တရာအားလျော်သော ရှေ့အဖို့၌ဖြစ်သောအကျင့်ကို ကျင့်ကုန်သည်ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ အနုဓမ္မစာရိနော၊ လောကုတ္တရာအားလျော်သော ရှေ့အဖို့၌ ဖြစ်သောအကျင့်ကို ပြည့်စုံစေသည်ဖြစ်၍။ ဝိဟရိဿာမ၊ နေကုန်အံ့။ ဧဝဉှိ-ဧဝံဟိ၊ ဤသို့ နှလုံးပြု၍သာလျှင်။ အာနန္ဒ၊ အာနန္ဒာ။ ဝေါ-တုမှေဟိ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်ကုန်၏။''

ဤသို့ တရားဒေသနာတော်ကို ဟောတော်မူ၏။

[အဘယ့်ကြောင့် မြတ်စွာဘုရားသည် တစ်ပါးသောတရားတို့၌ အောင်မဲညီပွင့်တစ်ပွင့်မျှကို ယူ၍၊ ဘုရားကျေးဇူး တို့ကို ဆင်ခြင်အောက်မေ့၍၊ ပူဇော်ခြင်းဖြင့် မပိုင်းခြား မရေတွက်နိုင်သောအကျိုးကို ချီးမွမ်းတော်မူ၍ ဤပရိနိဗ္ဗာန် ပြုရာ၌ များစွာသောပူဇော်ခြင်းကို ပယ်တော်မူလေသနည်း ဟူမူကား- ပရိသတ်ကို ချီးမြှင့်လို၍ လည်းကောင်း, သာသနာတော်၏ မြင့်ရှည်စွာတည်ခြင်းကို အလိုတော်ရှိတော်မူသောကြောင့် လည်းကောင်း ပယ်တော်မူသတည်း။

မြတ်စွာဘုရားသည် အကယ်၍ ပယ်တော်မမူချေငြားအံ့။ နောင်သောအခါ စာရိတ္တသီလအရာ၌ စာရိတ္တသီလကို မဖြည့်ကုန်လတ္တံ့။ သမာဓိအရာ၌ သမာဓိကို မဖြည့်ကုန်လတ္တံ့။ ဝိပဿနာ၏အရာ၌ ဝိပဿနာ တည်းဟူသောတိုက်ကို မယူကုန်လတ္တံ့။ အလုပ်အကျွေးတို့ကိုသာ ညီညွတ်ကုန်၍ ပူဇော်ခြင်းကိုသာလျှင် ပြုကုန်လျက် နေကုန်လတ္တံ့။ ဤအာမိသ ပူဇော်ခြင်းမည်သည်ကား သာသနာတော်ကို တစ်နေ့မျှလည်းကောင်း, ယာဂုတစ်ရှုပ်သောက်လောက်သော ကာလမျှ လည်းကောင်း တည်စိမ့်သောငှာ မတတ်နိုင်။ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား- မဟာဝိဟာရကျောင်း နှင့်တူသော ကျောင်း ၁၀၀၀ ကို လည်းကောင်း, မဟာစေတီနှင့်တူသော ကျောင်း ၁၀၀၀ ကို လည်းကောင်း တည်ထားကိုးကွယ်သော်လည်း သာသနာတော်ကို တည်စိမ့်သောငှာ မတတ်နိုင်။

အကြင်သူသည် အလှူပေးသည် ဖြစ်တုံအံ့။ ထိုသူ အားသာလျှင် အကျိုးရှိသည်ဖြစ်၏။ ကောင်းသောကျင့်ဝတ် သိက္ခာပုဒ်သည်ကား မြတ်စွာဘုရားအားလျော်သော ပူဇော်ခြင်းဖြစ်၏။ ထို့ကြောင့် ကောင်းသောကျင့်ဝတ် သိက္ခာပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်တည်သည့်ရှိသော်ကား သာသနာတော်ကို တည်စိမ့်သောငှာ တတ်နိုင်၏။ ထို့ကြောင့် ထိုအကြောင်းကို ပြတော်မူလို၍ မြတ်စွာဘုရားသည် 'ယောခါ အာနန္ဒ' အစရှိသည်ကို မိန့်တော်မူသတည်း။]

ထိုအခါ၌ အရှင်ဥပဝါဏမထေရ်သည် ဘုရားသခင်၏ရှေ့တော်၌ ဘုရားသခင်ကို ယပ်လေခတ်လျက် နေ၏။ မြတ်စွာဘုရားသည် အရှင်ဥပဝါဏကို "ရဟန်း။ သွားလေလော့။ ငါ၏ရှေ့တော်၌ မနေလင့်" ဟု ပယ်ရှားတော်မူ၏။ ဥပဝါဏမထေရ်သည် တစ်ခွန်းတည်းသောစကားဖြင့်သာလျှင် ထန်းရွက်ယပ်ကိုချ၍ လျှောက်ပတ်ရာအရပ်၌ နေလေ၏။ ထိုအခါ၌ အရှင်အာနန္ဒာအား "အရှင်ဥပဝါဏသည် 'ပထမဗောဓိ'ဟု ဆိုအပ်သော ဝါတော် ၂၀ အတွင်း၌ ရှည်စွာသော နေ့ ညဉ့်ပတ်လုံး ဘုရားသခင်ကို လုပ်ကျွေးသောသူ, အနီး၌ ကျင်လည်သော သူ, အထံတော်၌အမြဲနေသောသူတည်း။ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားလည်း နောက်ဆုံးဖြစ်သောကာလ၌ အရှင်ဥပဝါဏကို "ရဟန်း။ သွားဦးလော့။ ငါ၏ရှေ့တော်၌ မနေလင့်ဟု ပယ်ရှားတော်မူလိုက်သည်။ 'အဘယ်အကြောင်းကြောင့် ပယ်ရှားတော်မူလေသနည်း' ဟု အကြံဖြစ်လေသတည်း။

ထိုသို့အကြံဖြစ်သောနောင်မှ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို "အရှင်ဘုရား။ အရှင်ဥပဝါဏသည် 'ပထမဗောဓိ'ဟု ဆိုအပ်သော ဝါတော် ၂၀ ၏အတွင်း၌ ရှည်စွာသော နေ့ ညဉ့်တို့ပတ်လုံး လုပ်ကျွေးသောသူ, အနီး၌ကျင်လည်သောသူ, အထံတော်၌ အမြဲနေသောသူတည်း။ ထိုသို့ဖြစ်ပါလျက် နောက်ဆုံးဖြစ်သောကာလ၌ အရှင်ဥပဝါဏကို 'ရဟန်း။ သွားဦးလော့။ ငါ၏ရှေ့တော်၌ မနေလင့်'ဟု ပယ်ရှားတော်မူလိုက်သည်။ အဘယ်အကြောင်းကြောင့် ပယ်ရှားတော်မူလေသနည်း" ဟု လျှောက်၏။

ဘုရားသခင်သည် 'ယခုအခါ အရှင်ဥပဝါဏ၏အပြစ်မရှိသော အဖြစ်ကို ဆိုတော်မူအံ့' ဟု အရှင်အာနန္ဒာကိုခေါ်တော်မူ၍၊

"အာနန္ဒာ။ ယေဘုယျအားဖြင့် ၁ သောင်းသော လောကဓာတ်တို့၌ နေကုန်သော နတ်တို့သည် ငါဘုရားကိုဖူးမြင်ခြင်းငှာ စည်းဝေးကုန်သည်။ အာနန္ဒာ။ ကုသိနာရုံ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အကွေ့၏ ထက်ဝန်းကျင် ၁၂ ယူဇနာသောအရပ်တို့၏အတွင်း ငါဘုရား၏ အနီးအပါး သားမြီးဖျားမျှသော အရပ်၌ သိမ်မွေ့စွာသောကိုယ်ကို ဖန်ဆင်း၍ တန်ခိုးကြီးသောနတ်တို့သည် ၁ ကျိပ် ၁ ကျိပ်စီ နေရကုန်သည်။ ထိုနတ်တို့၏နောက်၌ သားမြီးဖျားလောက်သောအရပ်တွင် ၂ ကျိပ် ၂ ကျိပ်သောနတ်တို့ နေရကုန်သည်။ ထိုနတ်တို့၏နောက်မှ ၃ ကျိပ် ၃ ကျိပ်သောနတ်တို့ နေရကုန်သည်။ ထိုနတ်တို့၏နောက်မှ ၄ ကျိပ် ၄ ကျိပ်သောနတ်တို့ နေရကုန်သည်။ ထိုနတ်တို့၏နောက်မှ ၅ ကျိပ် ၅ ကျိပ်သောနတ်တို့ နေရကုန်သည်။ ထိုနတ်တို့၏နောက်မှ ၆ ကျိပ် ၆ ကျိပ်သောနတ်တို့ နေရကုန်သည်။ ထိုနတ်တို့သည် အချင်းချင်းလက်ဖြင့် လည်းကောင်း, ခြေဖြင့် လည်းကောင်း, ပုဆိုးဖြင့်လည်းကောင်း မထိစေကုန်လင့်'ဟု ဆိုရသောအခြင်းအရာ မည်သည် မရှိ။ ပကတိသဘောဖြင့်သာလျှင် ဖန်ဆင်းနိုင်လေသတည်း။

"အာနန္ဒာ။ နတ်တို့သည် 'ငါတို့ကား မြတ်စွာဘုရားကို ဖူးမြင်အံ့သောငှာ အဝေးမှ လာကုန်သည်။ သံသရာစက်၏အကန့်ကို ချိုးဖျက်တော်မူတတ်သော အလုံးစုံသောတရားတို့ကို သိတော်မူတတ်သော ဘုရားသခင်သည် တစ်ရံတစ်ခါမှ ဖြစ်ပါသည်။ ယနေ့ပင်လျှင် မိုးသောက်ယံ၌ ပရိနိဗ္ဗာန် ပြုလတ္တံ့။ တန်ခိုးကြီးသော ဤရဟန်းသည် ဘုရားရှေ့တော်မှ ပိတ်ပင်ဆီးတား၍ နေခဲ့သည်။ ငါတို့ မမြင်ရပါ'ဟု ကဲ့ရဲ့ကုန်သည်။ ထို့ကြောင့် ငါဘုရားသည် ဥပဝါဏကို အရပ်တစ်ပါးသို့ သွားလော့'ဟု ပယ်ရှားတော်မူသည် အာနန္ဒာ" ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



[အရှင်ဥပဝါဏမထေရ်သည်လည်း ကြီးသောကိုယ် ရှိသတတ်။ ဆင်ပျိုလောက်သောကိုယ် ရှိ၏။ တန်ခိုးအာနုဘော်လည်း ကြီး၏။ နတ်တို့သည် မြတ်စွာဘုရား၏မျက်နှာတော်ကို ဖူးမြင်အံ့သောငှာ မရကုန်သည်ရှိသော် ငြူစူကုန်၏။ ထိုနတ်တို့သည် အရှင်ဥပဝါဏမထေရ်၏ကိုယ်ကို ထွင်းဖောက်၍ မြင်ရအံ့သောငှာလည်း မတတ်နိုင်ချေ။ နတ်တို့သည် ပုထုဇဉ်၏ကိုယ်၌သာလျှင် ထွင်းဖောက်၍ ကြည့်နိုင်ကုန်၏။ ရဟန္တာတို့ကို ထွင်းဖောက်၍ မကြည့်နိုင်ကုန်။ အရှင်ဥပဝါဏသည် ရဟန္တာလည်း ဖြစ်ချေသည်။ တန်ခိုးအာနုဘော်လည်း ကြီးချေသည်။ သို့ဖြစ်၍ ထွင်းဖောက်၍ ကြည့်ခြင်းငှာလည်း မတတ်နိုင်လေသတည်း။]

## ၄- အရှင်ဥပဝါဏ၏အကြောင်းကို ပြခြင်း

ဤအရှင်ဥပဝါဏ၏ အကြောင်းမူကား- ဝိပဿီဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် တစ်ခဲနက်သော ရွှေတုံးနှင့်တူသော သရီရဓာတ်တော်ကို တစ်ဆူတည်းသောစေတီ တည်ကုန်၏။ အသက်တော်ရှည်သော ဘုရားသခင်တို့၏စေတီတော်ကား တစ်ခဲနက်သာ ဖြစ်သတည်း။ ထိုစေတီကို လူတို့သည် အလျား ၁ တောင်, အနံ ၁ ထွာရှိသော, အထူလက် ၂ သစ်ရှိသော ရွှေအုတ်တို့ဖြင့်ပြီးစေ၍၊ ဟင်္သပဒါး, မြင်းသီလာတို့ဖြင့် သရွတ်မြေကို ပြီးစေ၍၊ နှမ်းဆီဖြင့် ရေကိစ္စကို ပြီးစေ၍ ၁ ယူဇနာအတိုင်းအရှည်ရှိသော စေတီကို တည်ပေကုန်၏။ ထို့နောင်မှ ဘုမ္မစိုးနတ်တို့က ၁ ယူဇနာ၊ ထို့နောင်မှ အာကာသစိုးနတ်တို့က ၁ ယူဇနာ။ ထို့နောင်မှ မိုးနတ်သားတို့ ၁ ယူဇနာ၊ ထို့နောင်မှ တိမ်နတ်သားတို့ ၁ ယူဇနာ။ ထို့နောင်မှ စတုမဟာရာဇ်နတ်တို့က ၁ ယူဇနာ။ ထို့နောင်မှ တာဝတိံသာနတ်တို့ ၁ ယူဇနာ စေတီတည်ပေကုန်၏။ ဤသို့ ၇ ယူဇနာရှိသောစေတီတော်သည် ဖြစ်လေ၏။ လူတို့သည် ပန်း, နံ့သာ, ပုဆိုး အစရှိသည်တို့ကို ယူ၍ လာကြကုန်သည်ရှိသော် စေတီစောင့်နတ်တို့သည်ယူ၍ ထိုလူတို့မြင်ကုန်စဉ်သာလျှင် စေတီတော်ကို ပူဇော်ပေကုန်၏။

ထိုအခါ၌ ဤအရှင်ဥပဝါဏမထေရ်သည် ပုဏ္ဏားသူကြွယ်အမျိုး၌ဖြစ်၍၊ ရွှေသောအဆင်းရှိသော ပုဆိုးတစ်ထည်ကို ယူခဲ့၍ စေတီတော်သို့ သွားလေ၏။ စေတီစောင့်နတ်သည် သူကြွယ်၏လက်မှ ပုဆိုးကို ယူ၍ စေတီတော်ကို ပူဇော်၏။ ပုဏ္ဏားသူကြွယ်သည်လည်း ထိုစေတီစောင့်နတ်ကို မြင်၍၊ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍၊ "နောင်သောအခါ ငါသည် ဤနတ်ကဲ့သို့ ဘုရားစေတီကို စောင့်သောနတ် ဖြစ်ပါလို၏" ဟု ဆုတောင်းခြင်းကို ပြု၏။

ထိုဘဝမှ စုတေမနေ သေလွန်သောအခါ နတ်ပြည်၌ဖြစ်၏။ လူ့ပြည်, နတ်ပြည်ကျင်လည်ပြီးမှ ကဿပဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်၊ ကဿပမြတ်စွာဘုရား၏ တစ်ခဲနက်သော သရီရဓာတ်တော်ကို ယူ၍ ၁ ယူဇနာ အတိုင်းအရှည်ရှိသော စေတီတော်ကို တည်ကုန်၏။ အရှင်ဥပဝါဏသည် ထိုစေတီတော်ကို စောင့်သောနတ်ဖြစ်၍၊ သာသနာတော်ကွယ်သည်ရှိသော် နတ်ပြည်၌ ဖြစ်လေ၍၊ ငါတို့ဘုရား ပွင့်တော်မူသောအခါ၌ နတ်ပြည်မှ စုတေခဲ့၍၊ မြတ်သောအမျိုး၌ ပဋိသန္ဓေ နေသည်ဖြစ်၍၊ ဖွားမြောက်ပြီး၍ အရွယ်သို့ ရောက်လတ်သော်၊ သာသနာတော်၌ ရဟန်းပြု၍၊ မကြာမြင့်မီ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဤသို့ စေတီတော်၌ စောင့်သောနတ်ဖြစ်၍လာသောကြောင့် အရှင်ဥပဝါဏမထေရ်သည် တန်ခိုးကြီးသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၅- နတ်တို့ ငိုကြွေးသည်ကိုပြခြင်း

အရှင်အာနန္ဒာသည် ''အရှင်ဘုရား။ အဘယ်သို့လျှင် ဥပပတ်ပဋိသန္ဓေနေကုန်သော နတ်တို့သည် နှလုံး ထားကုန်သနည်း'' ဟု ဘုရားသခင်ကို လျှောက်ပြန်၏။

ဘုရားသခင်သည်လည်း ''အာနန္ဒာ။ ကောင်းကင်၌ 'မြေ'ဟု အမှတ်ရှိကုန်သော နတ်တို့သည် ရှိ ကုန်၏။ ထိုနတ်တို့သည် ဆံတို့ကို ဖရိုဖရဲ ကျောက်၍ကြွေးကြဖြန့်ကုန်၍၊ 'ဘုန်းတော် ၆ ပါး မြတ်တရားနှင့်ပြည့်စုံ တော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့။ ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရား မရှည်မကြာခင် လျင်လျင်မြန်မြန် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့' ဟု ငိုကြွေးကြ ကုန်၏။ လက်တို့ကိုမြှောက်၍ ကမ်းပါးပြတ်သို့ကျရောက်သကဲ့သို့ ငိုကြွေးကြကုန်၏။ လူးလဲကုန်၏။ ရှေးရှု လူးလဲကုန်၏။ ထိုမှဤမှ လူးလဲကုန်၏။ အာနန္ဒာ။ မြေ၌တည်ကုန်သော နတ်တို့သည်လည်း ထိုကဲ့သို့ ငိုကြွေး ကုန်၏။ အကြင်နတ်တို့သည် ကင်းသောရာဂရှိကုန်၏။ ထိုနတ်တို့သည် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍၊ သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ဤသင်္ခါရတရားတို့၌ အကျုံးဝင်သော ဘုရားသခင်ကိုယ်တော်ကို မပျက်စီး စိမ့်သောငှာ အဘယ်မှာလျှင် ငါတို့ ရပါကုန်အံ့နည်း'ဟု သည်းခံကုန်၏'' ဟု မိန့်တော်မူ၏။

''အရှင်ဘုရား။ အရပ်မျက်နှာတို့၌ ဝါမှထကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ လာပါကုန်၏။ 'ကျွန်ုပ်တို့သည် နှလုံးဖြင့်မေတ္တာကို ပွားစေတတ်ကုန်သော ရဟန်းတို့ကိုဖူးမြင်ခြင်းငှာ ရပါကုန် ၏။ ဆည်းကပ်ခြင်းငှာ ရပါကုန်၏'ဟု နှလုံးပြုပါကုန်၏။ အရှင်ဘုရားကိုယ်တော်မြတ်၏ ပရိနိဗ္ဗာန်လွန်တော် မူသဖြင့် 'အကျွန်ုပ်တို့သည် နှလုံးဖြင့် မေတ္တာကိုပွားစေတတ်ကုန်သော ရဟန်းတို့ကို ဖူးမြင်ခြင်းငှာ မရကုန် အံ့။ ဆည်းကပ်ခြင်းငှာ မရကုန်အံ့'' ဟု လျှောက်၏။

ဘုရားသခင်သည်လည်း ''နှလုံးဖြင့် မေတ္တာကိုပွားစေတတ်ကုန်သော ရဟန်းတို့ကို ထိုထိုသော အရပ် သို့မလည်မူ၍ သင်တို့ဖူးမြင်ခြင်း၊ ဆည်းကပ်ခြင်းကို ရကုန်လတ္တံ့'' ဟု မိန့်တော်မူ၍ စတ္တာရိမာနိ အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။ ထိုဒေသနာတော်ကား မဟာပရိနိဗ္ဗာနသုတ်ဟု သိအပ်၏။

## ၆- မာတုဂါမတို့၌ ကျင့်ရာကိုဟောခြင်း

''အရှင်ဘုရား။ အသို့လျှင် အကျွန်ုပ်တို့သည် မာတုဂါမတို့၌ ကျင့်အပ်ကုန်သနည်း'' ဟု အရှင် အာနန္ဒာ လျှောက်ပြန်၏။

''အာနန္ဒာ။ တံခါးကိုပိတ်၍ ကျောင်းတွင်း၌နေသော ရဟန်းသည် မာတုဂါမလာ၍၊ တံခါးရင်း၌ ရပ်သည်ကိုမြင်၍၊ အကြင်မျှလောက်သောကာလပတ်လုံး မမြင်ရ။ ထိုမျှလောက်သော ကာလပတ်လုံး ထိုရဟန်း အား စင်စစ်လျှင် တပ်ခြင်းလောဘ မဖြစ်။ စိတ်၏တုန်လှုပ်ခြင်း မရှိ။ မြင်ခြင်းရှိသော်သာလျှင် တပ်ခြင်း လောဘ ဖြစ်ရာ၏။ စိတ်၏တုန်လှုပ်ခြင်း ဖြစ်ရာ၏။ ထို့ကြောင့် အာနန္ဒာ။ မမြင်ရခြင်းသည် မြတ်သောပဋိပတ် ပင်တည်း'' ဟု မိန့်တော်မူသတည်း။

ထို့နောင်မှ ''အရှင်ဘုရား။ မမြင်ခြင်း၌ 'မြတ်သော အကျင့်ပဋိပတ်'ဟု မိန့်တော်မူပြီ။ အကယ်၍ ဆွမ်းကိုဆောင်၍ လာသည်ကိုမြင်ရျေသောအခါ အသို့ကျင့်အပ်ပါမည်နည်း'' ဟု လျှောက်ပြန်၏။

''အာနန္ဒာ။ စကားမပြောရခြင်းကိုသာ ဆောက်တည်၍ ကျင့်အပ်၏။ အာနန္ဒာ။ သန်လျက်ကိုကိုင်၍ 'ငါနှင့် စကားပြောဟောသည် ဖြစ်အံ့။ သင်၏ဦးခေါင်းကိုဖြတ်အံ့'ဟု ရပ်သောယောကျ်ားအား စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ဟောရခြင်းသည် မြတ်၏။ ငါနှင့် စကားပြောဟောသူ၏အသားကို မြှင်း၍မြှင်း၍ စားအံ့'ဟု ရှေ့၌ ရပ်လာသော ဘီလူးမအား စကားပြောရခြင်းသည် မြတ်၏။ အကယ်၍သော်ကား မာတုဂါမနှင့် စကားပြောဟောရခြင်းကြောင့် အတ္တဘော၏ပျက်စီးခြင်း ဖြစ်၏။ အပါယ် ၄ ပါးတို့၌ အပိုင်းအခြားမရှိခံရခြင်း ဖြစ်၏။ မာတုဂါမနှင့် စကားပြောဟောခြင်းရှိသော် အကျွမ်းဝင်ခြင်း ဖြစ်၏။ အကျွမ်းဝင်သည်ရှိသော် ရာဂသက်ခြင်း ဖြစ်၏။ ရာဂသက်သည်ရှိသော် သီလပျက်ခြင်းသို့ရောက်၍ အပါယ်သို့ လားတတ်၏။ ထို့ကြောင့် စကားမပြောဟောရခြင်းသည် မြတ်၏" ဟု မိန့်တော်မူ၏။

ထို့နောက်မှ အရှင်အာနန္ဒာသည် "အရှင်ဘုရား။ 'စကား မပြောဟောအပ်။ စကားပြောဟောသည်ရှိသော် အကျွမ်းဝင်၍ ပျက်စီးခြင်းသို့ ရောက်တတ်သည်'ဟု မိန့်တော်မူပြီ။ မာတုဂါမသည် တစ်နေ့ပတ်လုံးလည်း အမေးပြဿနာကို အကယ်၍မေးအံ့။ သီလသီတင်းကိုလည်း တောင်းအံ့။ တရားတော်ကိုလည်း နာလိုသည်ဖြစ်အံ့။ ရဟန်းတို့နှင့် လျော်သောအမှုကိစ္စကိုမူလည်း ပြုလာအံ့။ ထိုအခါ၌ စကားမပြောဟောသော ရဟန်းကို 'ဤရဟန်းသည် အ သည်, နားပင်းသည်, ဤရဟန်းသည် ဝစ္စာစား၍ ခံတွင်းကို အဖွင့်ခက်၍နေသည်'ဟု ဆိုလိမ့်သတည်း။ ထို့ကြောင့် စကားပြောဟောရချေသော် ပြောဟောရာ၌ အသို့ နှလုံးမူ၍ ကျင့်အပ်ပါမည်နည်း" ဟု လျှောက်ပြန်၏။

ထိုသို့ မေးလျှောက်သောအခါ၌ မြတ်စွာဘုရားသည် 'ထေ တုမှေ ဘိက္ခဝေ မာတုဂါမတ္တိသု မာတုစိတ္တံ ဥပဋ္ဌပေထ' အစရှိသဖြင့် ဟောကြားပြတော်မူဖူးသော ဒေသနာတော်ဖြင့် "ချစ်သားရဟန်းတို့။ သင်တို့ လာလတ်ကုန်လော့။ အမိရွယ်လောက်သော မိန်းမ၌ 'အမိ'ဟူသော စိတ်ကို ဖြစ်စေကုန်။ နှမရွယ်လောက်သော မိန်းမ၌ 'နှမ'ဟူသောစိတ်ကို ဖြစ်စေကုန်။ သမီးရွယ်လောက်သော မိန်းမ၌ သမီးဟူသောစိတ်ကို ဖြစ်စေကုန်" ဟု ဆုံးမဩဝါဒ ပေးတော်မူဖူးသည်ကို ရည်မှတ်တော်မူ၍၊ "အာနန္ဒာ။ သတိကိုသာ ထင်စွာပြုအပ်သည်" ဟု မိန့်တော်မူ၏။

## ၇- အလောင်းတော်ကိုသဂြိုဟ်ရန် ဥပဒေသထားခြင်း

ထို့နောင် အရှင်အာနန္ဒာသည် "အရှင်ဘုရား။ ပရိနိဗ္ဗာန် စံတော်မူသော် အလောင်းတော်၌ အကျွန်ုပ်တို့ အဘယ်သို့ပြုဖွယ်ကိစ္စကို လုံ့လအားထုတ်သဖြင့် ကျင့်ဆောင်ရအံ့နည်း" ဟု လျှောက်ပြန်၏။

"အာနန္ဒာ။ ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်ခြင်း၌ သင်တို့ ကြောင့်ကြ မရှိကုန်လင့်။ အာနန္ဒာ။ ငါ တိုက်တွန်း၏။ သင်တို့သည် မိမိအစီးအပွားဖြစ်သော မြတ်သောအရဟတ္တဖိုလ်ကို ရခြင်း၌ လုံ့လပြုကုန်လော့။ အသက်၌ ငဲ့ကွက်ခြင်းကင်းသည်ဖြစ်၍၊ အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ရောက်စေအပ်သော စိတ်ရှိသည်ဖြစ်၍ နေကုန်လော့။ အာနန္ဒာ။ ငါဘုရား၌ အလွန်ကြည်ညိုကုန်သော မင်းမျိုးဖြစ်သော ပညာရှိတို့သည် လည်းကောင်း, ပုဏ္ဏားမျိုးဖြစ်သော ပညာရှိတို့သည် လည်းကောင်း, သူကြွယ်မျိုးဖြစ်သော ပညာရှိတို့သည် လည်းကောင်း ရှိကုန်၏။ ထိုပညာရှိတို့သည် ငါဘုရား၏အလောင်းတော်ကို မီးပူဇော်ကုန်လတ္တံ့" ဟု မိန့်တော်မူ၏။

ထို့နောင်မှ အရှင်အာနန္ဒာသည် "အရှင်ဘုရား။ မင်းပညာရှိ အစရှိသောသူတို့သည် 'အရှင်အာနန္ဒာ။ အဘယ်သို့ ပြုပါရမည်နည်း' ဟု အကျွန်ုပ်ကို မချွတ်ကေန် မေးကြကုန်လတ္တံ့။ ထိုသို့မေးကုန်သည်ရှိသော် ထိုသူတို့အား စကားဘယ်သို့ ပြောရစ်ရပါမည်နည်း" ဟု လျှောက်ပြန်၏။

"အာနန္ဒာ။ စကြာရတနာကို ဖြစ်စေတတ်သော စကြဝတေးမင်း၏ အလောင်းတော်ကို ကာသိကရာဇ်တိုင်း၌ဖြစ်သော အသစ်ပြီးစ ကစီမချသေး သောပုဆိုးဖြင့် ရစ်ကုန်၍၊ ညက်စွာပစ်အပ်သော ဝါဂွမ်းကောင်း,



www.burmeseclassic.com

www.burmeseclassic.com



နှပ်အပ်သော ဝါဠမ်းဖြင့် ရစ်ကုန်၍ ကစီမချ ချောလှပြေပြစ်အသစ်သော ကာသိကရာဇ်တိုင်း၌ဖြစ်သော ပုဆိုးဖြင့် ရစ်ကုန်၏။ ဤသို့သောနည်းအတိုင်း ၅၀၀ သော ပုဆိုးစုံတို့ဖြင့် စကြဝတေးမင်း၏အလောင်းကို ရစ်၍၊ ရွှေဖြင့်ပြုအပ်သော ဆီထည့်သောကျင်း၌ ထည့်၍၊ ရွှေဖြင့်ပြီးသောကျင်းတစ်ခုကို မှောက်၍၊ ခပ်သိမ်းသော နံ့သာထင်းပုံကို ပြု၍ စကြဝတေးမင်းအလောင်းကို မီးတိုက်ကုန်၏။ ခရီး ၄ ကြောင်းတို့ ဆုံရာ၌ စကြဝတေးမင်းတို့၏စေတီကို တည်ကုန်၏။

"အာနန္ဒာ။ စကြဝတေးမင်း၏အလောင်း၌ ရှိသေသဖြင့် ကျင့်ကုန်သကဲ့သို့၊ ထိုအတူပင် ငါဘုရား၏ အလောင်းတော်၌ မင်း အစရှိသော ပညာရှိတို့သည် ရှိသေကောင်းမွန်စွာ ကျင့်ကုန်ရာ၏။ ခရီး ၄ ကြောင်း ဆုံရာ၌ စေတီ တည်ကုန်ရာ၏။ ထိုစေတီ၌ အကြင်သူတို့သည် ပန်းနံ့သာ, ထီး, တံခွန်တို့ကို ပူဇော်ကပ်လှူတင်မှုလည်း တင်ကုန်လတ္တံ့။ ရှိသေမြတ်နိုး ရှိခိုးမှုလည်း ရှိခိုးကုန်လတ္တံ့။ သဒ္ဓါကြည်ညိုသောစိတ်ကိုလည်း ဖြစ်စေကုန်လတ္တံ့။ ထိုသူတို့အား စိတ်ကိုကြည်ညိုစေခြင်း အစရှိသောကောင်းမှုသည် ရှည်စွာသောနေ့, ညဥ့်ပတ်လုံး စီးပွားချမ်းသာ များကုန်လတ္တံ့။

"အာနန္ဒာ။ စေတီထိုက်ကုန်သောသူတို့သည် ၄ ပါးတို့တည်း။ ၄ ပါးတို့ဟူသည်ကား ပစ္စည်း ၄ ပါးကိုခံထိုက်သော မဖောက်မပြန် အလုံးစုံသော တရားတို့ကို အလိုလိုသာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူတတ်သော ငါဘုရားသည် စေတီဖြစ်ခြင်းငှာ ထိုက်၏။ ။ ပစ္စေကဗုဒ္ဓါသည်လည်း စေတီဖြစ်ခြင်းငှာ ထိုက်၏။ ။ ငါဘုရား၏ တပည့်သားတော်ဖြစ်သော ရဟန္တာတို့သည်လည်း စေတီဖြစ်ခြင်းငှာ ထိုက်၏။ စကြာရတနာကိုဖြစ်စေတတ်သော စကြဝတေးမင်းသည်လည်း စေတီဖြစ်ခြင်းငှာ ထိုက်၏။ ။ အာနန္ဒာ။ စေတီ ထိုက်ခြင်းသည်ကား ဤ ၄ ပါးတို့တည်း။

"အဘယ်သို့သော အကျိုးထူးကိုစွဲ၍ ငါဘုရားသည် စေတီထိုက်သနည်း ဟူမူကား 'ဤစေတီသည် ပစ္စည်း ၄ ပါးကို ခံတော်မူထိုက်သော၊ မဖောက်မပြန်သော အလုံးစုံသောတရားတို့ကို အလိုလိုသာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူပြီးသော မြတ်စွာဘုရား၏ စေတီတော်ပေတည်း'ဟု များစွာသောလူတို့သည် စိတ်ကိုကြည်ညိုစေကုန်၏။ ထိုသူတို့သည် ငါဘုရား၌စိတ်ကို ကြည်ညိုစေရသောကြောင့် စုတေမနေ သေလွန်သောအခါ ကောင်းမှုရှိသောသူတို့၏ လားရာဖြစ်သော, မြတ်သောရုပ်ရ အစရှိသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်သို့ ဖြစ်ရကုန်၏။ အာနန္ဒာ။ ဤသို့သောအကျိုးထူးကို စွဲ၍ ငါဘုရားသည် စေတီ ထိုက်၏။

"အာနန္ဒာ။ အဘယ်သို့သောအကျိုးထူးကိုစွဲ၍ ပစ္စေကဗုဒ္ဓါသည် စေတီထိုက်သနည်း ဟူမူကား 'ဤစေတီသည် ပစ္စေကဗုဒ္ဓါဖြစ်သော ဘုရား၏စေတီတော်ပေတည်း' ဟု ထိုစေတီ၌ များစွာသောလူတို့သည် စိတ်ကို ကြည်ညိုစေကုန်၏။ ထိုသူတို့သည် ပစ္စေကဗုဒ္ဓါ၏စေတီ၌ ကြည်ညိုခြင်းကိုဖြစ်စေသောကြောင့် နတ်ရွာသုဂတိဘုံ၌ ဖြစ်ရကုန်၏။

"အာနန္ဒာ။ ငါဘုရား၏ တပည့်သားတော်ဖြစ်သော ရဟန္တာတို့သည် အဘယ်သို့သောအကျိုးထူးကို စွဲ၍ စေတီထိုက်သနည်း ဟူမူကား- 'ဤစေတီသည် သမ္မာသမ္ဗုဒ္ဓဖြစ်သော မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်သော ရဟန္တာအရှင်မြတ်၏ စေတီတော်ပေတည်း' ဟု များစွာသော လူတို့သည် စိတ်ကို ကြည်ညိုစေကုန်၏။ ထိုသူတို့သည် စုတေမနေ သေလွန်သောအခါ နတ်ရွာသုဂတိ၌ ဖြစ်ရကုန်၏။

"အာနန္ဒာ။ အဘယ်သို့သော အကျိုးထူးကိုစွဲ၍ စကြဝတေးမင်းတို့သည် စေတီထိုက်လေသနည်း ဟူမူကား 'ဤစေတီသည် တရားစောင့်သော ဓမ္မရာဇ်မင်း၏စေတီပေတည်း' ဟု များစွာသောလူတို့သည် စိတ်ကို ကြည်ညိုစေကုန်၏။ ထိုသူတို့သည် စကြဝတေးမင်း၏စေတီ၌ စိတ်ကိုကြည်ညိုစေရသောကြောင့် စုတေမနေ



www.burmeseclassic.com

www.burmeseclassic.com



သေလွန်သောအခါ နတ်ရွာသုဂတိဘုံ၌ ဖြစ်ကြရကုန်၏။ အာနန္ဒာ။ ဤသို့အကျိုးထူးကိုစွဲ၍ စကြဝတေးမင်းသည် စေတီထိုက်၏''

ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏။

[အဘယ့်ကြောင့် ဘုရားသခင်သည် အိမ်ရာထောင်သော လူ၏ဘောင်၌နေ၍ သေသောစကြဝတေးမင်း၏စေတီထိုက်ခြင်းကို ခွင့်ပြုတော်မူလေသနည်း။ သီလဝန္တဖြစ်သော ပုထုဇဉ်ရဟန်းတို့အား အဘယ်ကြောင့် ခွင့်မပြုတော်မူလေသနည်း ဟူမူကား အံ့ဖွယ်သရဲမရှိသောကြောင့် သီလဝန္တဖြစ်သော ပုထုဇဉ်ရဟန်းတို့အား စေတီထိုက်ကြောင်းကို ခွင့်ပြုတော်မမူသတည်း။ ပုထုဇဉ်ရဟန်းတို့အား စေတီကိုခွင့်ပြုတော်မူချေသည်ရှိသော် သီဟိုဠ်ကျွန်း၌ ရှေးဦးစွာ စေတီတို့၏အရပ်သည် မဖြစ်ရာ, မဆံ့နိုင်ရာ။ ထို့အတူပင် တစ်ပါးသောအရပ်တို့၌လည်း စေတီတို့၏အရပ်သည် မဖြစ်ရာ, မဆံ့နိုင်ရာ။ ထိုသို့ မဖြစ်ရာသောကြောင့် ထိုစေတီတို့သည် အံ့ဖွယ်မရှိကုန်။ ထို့ကြောင့် ခွင့်ပြုတော် မမူ။ စကြဝတေးမင်းသည်ကား တစ်ယောက်တည်းသာလျှင် ဖြစ်၏။ ထို့ကြောင့် ထိုစကြဝတေးမင်း၏စေတီသည် အံ့ဖွယ်သရဲ ရှိ၏။ သီလရှိသောပုထုဇဉ်ရဟန်းအားကား ပရိနိဗ္ဗာန်ပြုသောရဟန္တာကဲ့သို့ ကြီးစွာသောပူဇော်သက္ကာကို ပြုခြင်းငှာ ထိုက်သည်သာလျှင်တည်း။]

## ၈- အရှင်အာနန္ဒ ငိုကြွေးပူဆွေးသည်ကို ပြခြင်း

ထိုသို့ စေတီထိုက်သည့် ၄ ပါးကို ဟောတော်မူပြီးသောနောင်မှ အရှင်အာနန္ဒာသည် ဤသို့အကြံဖြစ်သတတ်။ 'မြတ်စွာဘုရားသည် ငါ၏နေရာအရပ်ကို ဟောတော်မူပေ၏။ စေတီတော်၌ ဝတ်ကြီးဝတ်ငယ်ပြုသဖြင့် အကျိုးရှိသောအဖြစ်ကို ဟောတော်မူပေ၏။ မာတုဂါမ၌ ကျင့်အပ်သောပြဿနာကို ဖြေတော်မူပေ၏။ စေတီထိုက်သည့် ၄ ပါးကို ဟောတော်မူပေ၏။ ယနေ့ မြတ်စွာဘုရားသည် မချွတ်ကေန် နိဗ္ဗာန်ယူတော်မူလတ္တံ့' ဟု စိတ်အကြံဖြစ်လတ်သော်၊ အရှင်အာနန္ဒာအား နှလုံးမသာယာခြင်း ပြင်းစွာဖြစ်၍ ဤသို့ကြံ၏။ 'မြတ်စွာဘုရား၏အထံတော်၌ ငိုမြည်တမ်းခြင်းသည် မချမ်းမသာ။ လျောက်ပတ်ရာအရပ်သို့သွား၍ စိုးရိမ်ခြင်းကို ခေါင်းပါးအောင် ပြုအံ့'' ဟု မင်းကွန်းဇရပ်ဟု ဆိုအပ်သော ကျောင်းသို့ဝင်၍ တံခါးပေါင်၏ အစွန်း၌တည်သော တံခါးကျင်လျှိုသောတိုင်ကို ကိုင်၍ ငိုကြွေးလျက်နေ၏။

''ငါသည်လည်း သေက္ခသာဖြစ်၏။ အထက်မဂ် ၃ ပါးအလို့ငှာ ပြုဖွယ်ကိစ္စ ရှိသေး၏။ ငါ့ကို အဖန်တလဲလဲ ဆုံးမပဲ့ပြင် သွန်သင်ပေသော ဘုရားသခင်သည် မချွတ်ကေန် ပရိနိဗ္ဗာန် ယူချေတော့မည်။ နက်ဖြန်ခါမှစ၍ အဘယ်သူ့အား မျက်နှာသစ်ရေကို ကပ်ရပါမည်နည်း။ အဘယ်သူ၏ခြေကို ဆေးရပါမည်နည်း။ အဘယ်သူ့အိပ်ရာနေရာကို သုတ်သင်ရပါမည်နည်း။ အဘယ်သူ၏ သပိတ်,သင်္ကန်းကို လှမ်းယူ၍ ဝတ်ပြုရပါမည်နည်း'' ဤသို့ ပြင်းပြစွာ ငိုမြည်တမ်း၍ နေ၏။

ဘုရားသခင်သည်လည်း ရဟန်းသံဃာတို့၏အကြား၌ အရှင်အာနန္ဒာကို မမြင်၍၊ ''ချစ်သားရဟန်းတို့။ အာနန္ဒာသည် အဘယ်အရပ်မှာ ရှိသနည်း'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ အာနန္ဒာသည် ကျောင်းသို့ဝင်၍၊ တံခါးကျင်လျှိုသောတိုင်ကို ကိုင်၍ ငိုလျက်နေ၏။ 'ငါသည် သေက္ခသာ ဖြစ်၏။ အထက်မဂ် ၃ ပါးအလို့ငှာ ပြုဖွယ်ကိစ္စ ရှိသေး၏။ ငါ့ကို အဖန်တလဲလဲ ဆုံးမပဲ့ပြင် သွန်သင်ပေသောဘုရားသည် မချွတ်ကေန် နက်ဖြန် ပရိနိဗ္ဗာန်စံယူတော်မူလတ္တံ့' ဟု ငိုကြွေးမြည်တမ်း၍ နေချေသည် အရှင်ဘုရား'' ဟု ရဟန်းတို့လျှောက်ကုန်လတ်သော်၊ ဘုရားသခင်သည် ရဟန်းတစ်ယောက်ကို ခေါ်တော်မူ၍၊ ''ချစ်သားရဟန်း။ သင်ချစ်သားသည် ငါ၏စကားတော်ဖြင့် အာနန္ဒာကို အရှင်အာနန္ဒာ။ မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူသည် ဆိုချေလော့'' ဟု စေတော်မူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရဟန်းသည်လည်း "အရှင်ဘုရား။ ကောင်းပါပြီ" ဟု ဝန်ခံ၍ အရှင်အာနန္ဒာရှိရာသို့ သွားလေ၍၊ "ငါ့ရှင်အာနန္ဒာ။ သင့်ကို မြတ်စွာဘုရား ခေါ်တော်မူသည်" ဆိုပေ၏။ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍၊ ဘုရားရှိရာသို့ လာခဲ့ပြီးသော် ရှိခိုးလျက်နေပေ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ဤသို့မိန့်တော်မူ၏။

"အာနန္ဒာ။ ငိုမြည်တမ်းခြင်းသည် သင့်အား အကျိုးမရှိ။ မစိုးရိမ်လင့်။ မငိုကြွေးလင့်။ အာနန္ဒာ။ ငါ ဘုရားသည် ရှေးမဆွကပင်လျှင် ဤသို့စကားကို ဟောကြားအပ်ပြီ မဟုတ်တုံလော။ အလုံးစုံလျှင် ဖြစ်ကုန်သော၊ ချစ်အပ်ကုန်သော၊ နှလုံးကို ပွားစေတတ်ကုန်သော အဆွေအမျိုး အစရှိသောသူတို့နှင့် နာနာဘာဝ၊ ဝိနာဘာဝ အားဖြင့် ကွေကွင်းခြင်းသည်လည်း ဖြစ်၏။ တစ်ပါးသောအပြားအားဖြင့် ကွေကွင်းခြင်းသည်လည်း ဖြစ်၏။ အာနန္ဒာ။ နာနာဘာဝ၊ ဝိနာဘာဝ၌ ငါဘုရားအား မပျက်စီးစိမ့်သောငှာ သင်တို့ အဘယ်မှာတတ်နိုင်ပါ အံ့နည်း။

"အာနန္ဒာ။ အကြင် ခန္ဓာကိုယ်သဘောသည် ဖြစ်တတ်၏။ ထင်ရှားစွာ ဖြစ်တတ်၏။ အကြောင်းတရား တို့သည် ပြုပြင်အပ်၏။ ထိုခန္ဓာကိုယ်သဘောသည် ပျက်စီးခြင်းသဘော ရှိ၏။ ငါဘုရား၏ကိုယ်တော်ကိုလည်း 'မပျက်စီးစေသတည်း'ဟု တောင့်တ၍မရရာ။ တောင့်တ၍ ရရာသော အကြောင်းမရှိဟု ဟောတော်မူပြီး မဟုတ်တုံလော။ "အာနန္ဒာ။ သင်သည် ငါဘုရားကို ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး မေတ္တာစိတ်၏အစွမ်း ဖြင့် ဖြစ်စေအပ်သော အစီးအပွားကို အလိုရှိသဖြင့် ပြုအပ်သော၊ ချမ်းသာခြင်းကို အလိုရှိသဖြင့် ပြုအပ်သော၊ နှလုံး ၂ ခုမရှိသဖြင့် ပြုအပ်သော၊ မျက်သစ်ရေကပ်ခြင်း အစရှိသော အတိုင်းအရှည်မရှိ များစွာသော ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် လုပ်ကျွေးအပ်ပြီ။

"အာနန္ဒာ။ သင်သည် ပြုအပ်ပြီးသော ကောင်းမှုရှိ၏။ ကမ္မဋ္ဌာန်းကို လုံ့လပြုလော့။ မရှည်မကြာခင် အာသဝေါတရား ကင်းလွတ်လတ္တံ့." ဟု မိန့်တော်မူ၏။

ဤသို့သောစကားကို မိန့်တော်မူပြီး၍ ၂ သိန်း ၄ သောင်း အထုရှိသော ဤမဟာပထဝီမြေကြီးကို အထက်အောက်လှန်၍ ပြန်ဘိသကဲ့သို့ လည်းကောင်း၊ ကောင်းကင်သို့ ပြန်လှန်ဘိသကဲ့သို့ လည်းကောင်း၊ စကြဝဠာတောင်တို့ကို ရွေ့စေဘိသကဲ့သို့ လည်းကောင်း၊ မြင်းမိုရ်တောင်ကို ချီဘိသကဲ့သို့ လည်းကောင်း၊ ဇမ္ဗူသပြေပင်အခက်ကို ကိုင်၍ လှုပ်ဘိသကဲ့သို့ လည်းကောင်း အရှင်အာနန္ဒာ၏ကျေးဇူးစကားကို အားထုတ်တော် မူလိုသည် ဖြစ်၍ ရဟန်းတို့ကို ခေါ်တော်မူ၏။

"ချစ်သားရဟန်းတို့။ အာနန္ဒာသည် ငါ၏ အလုပ်အကျွေးဖြစ်သကဲ့သို့ ထို့အတူပင် လွန်လေပြီးသော ကာလ၊ လာလတ္တံ့သောကာလတို့၌ မြတ်သောအလျှုကို ခံထိုက်ကုန်သော မဖောက်မပြန် အလုံးစုံသော တရား တို့ကို အလိုလိုသာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူကုန်သော မြတ်စွာဘုရားတို့၏လည်း အလုပ်အကျွေး တို့သည်လည်း ရှိသည်ဖြစ်ကုန်၏။ ချစ်သားရဟန်းတို့။ အာနန္ဒာသည်ပညာရှိ ၏။ ခန္ဓာ၊ အာယတန၊ ဓာတ်- အစရှိသည်တို့၌ လိမ္မာ၏။

"အာနန္ဒာသည် 'ဤအခါသည်ကား ရဟန်းယောကျ်ားတို့၏ ငါဘုရားကို ဖူးမြင်ခြင်း၊ ဆည်းကပ်ခြင်း ၏ အချိန်ကာလတည်း။ ဤအခါသည်ကား ရဟန်းမိန်းမတို့၏ ငါဘုရားကို ဖူးမြင်ခြင်း၊ ဆည်းကပ်ခြင်း၏ အချိန်ကာလတည်း။ ဤအခါသည်ကား သီတင်းသည်ယောကျ်ားတို့၏ ငါဘုရားကို ခစားရှိညွှတ် ဆည်းကပ် ဖူးတွေ့ခြင်း၏ အချိန်ကာလတည်း။ ဤအခါသည်ကား သီတင်းသည်မိန်းမတို့၏ ငါဘုရားကို ခစားရှိညွှတ် ဆည်းကပ်ဖူးတွေ့ခြင်း၏ အချိန်ကာလတည်း။ ဤအခါသည်ကား ငါဘုရားကို မင်းပရိသတ်တို့၏ ဆည်းကပ်



www.burmeseclassic.com

www.burmeseclassic.com



ဖူးမြင်ခြင်း၏ အချိန်ကာလတည်း။ ဤအခါသည်ကား ငါဘုရားကို အမတ်ကြီးဖြစ်သောသူတို့၏ ဖူးမြင်ခြင်း, ဆည်းကပ်ခြင်း၏ အချိန်ကာလတည်း။ ဤအခါသည်ကား ငါဘုရားကို တိတ္ထိတို့၏တပည့်သားတို့ ရောက်ပေါက်ဖူးမြင်ခြင်း၏ အချိန်ကာလတည်းဟု သိလိမ့်မည်" ဟု မိန့်တော်မူပြီး၍ အရှင်အာနန္ဒာ၌ အံ့ဖွယ် ၄ ပါးကို ပြတော်မူ၏။

"ချစ်သားရဟန်းတို့။ အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲတို့သည်ကား ၄ ပါးတို့တည်း။ ၄ ပါးတို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား-

"ချစ်သား ရဟန်းတို့။ ရဟန်းယောကျ်ားပရိသတ်သည် 'အရှင်အာနန္ဒာကား ထက်ဝန်းကျင်မှ ကြည်ညိုဖွယ်ရှိ၏။ အလွန်အဆင်းလှ၏။ ရှုချင်ဖွယ် ရှိ၏။ များသောအကြားအမြင်ရှိ၏။ သံဃာ့အလယ်၌ တင့်တယ်ခြင်းရှိ၏'ဟု အာနန္ဒာ၏ကျေးဇူးတို့ကို ကြားကုန်၍ အာနန္ဒာကို ဖူးမြင်အံ့သောငှာ အကယ်၍ ရောက်အံ့။ ထိုသို့ရောက်သည်ရှိသော် အာနန္ဒာကိုမြင်ရသဖြင့် 'အဝေးက ငါတို့သတင်းစကား ကြားဖူးသည်နှင့် ယခု မြင်ရခြင်းသည် ညီညွတ်လှပေ၏'ဟု ဝမ်းမြောက်ဝမ်းသာရှိ၏။ ထိုရဟန်းယောကျ်ား ပရိသတ်၌ အာနန္ဒာသည် 'အရှင်တို့။ အသို့တုံနည်း။ ရောဂါမရှိ ပကတိချမ်းသာပါ၏လော။ ပကတိမျှတသာယာရှိပါ၏လော'ဟု မေးမြန်းသည်ရှိသော် အာနန္ဒာ မေးမြန်းရာ၌ ရဟန်းယောကျ်ားပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏။ ချစ်သားရဟန်းတို့။ အာနန္ဒာသည် အကယ်၍ ဆိတ်ဆိတ်နေအံ့။ ရဟန်းယောကျ်ားပရိသတ်တို့သည် မရောင့်ရဲသည်သာ ဖြစ်ရာ၏။

"ချစ်သားရဟန်းတို့။ ရဟန်းမိန်းမ ပရိသတ်တို့သည် အာနန္ဒာ၏ကျေးဇူး သတင်းစကားကြား၍ ဖူးမြင်အံ့သောငှာ အကယ်၍လာရောက်အံ့။ ထိုသို့ လာရောက်သည်ရှိသော် အာနန္ဒာကိုမြင်ရသဖြင့် 'အဝေးက ငါတို့ သတင်းစကား ကြားရကုန်သည်နှင့် ယခုမြင်ရခြင်းသည် ညီညွတ်ပေ၏'ဟု ဝမ်းမြောက်ဝမ်းသာ ရှိ၏။ ထို ရဟန်းမိန်းမပရိသတ်၌ အာနန္ဒာသည် 'နှမတို့။ အသို့တုံနည်း။ ၈ ပါးသော ဂရုဓံတရားတို့ကို ဆောက်တည်၍ ကျင့်ကုန်၏လော'ဟု မေးမြန်းသည်ရှိသော်၊ အာနန္ဒာမေးမြန်းရာ၌ ရဟန်းမိန်းမပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏။ ချစ်သားရဟန်းတို့။ အာနန္ဒာသည် အကယ်၍ ဆိတ်ဆိတ်နေသည် ဖြစ်အံ့။ ရဟန်းမိန်းမ ပရိသတ်တို့သည် မရောင့်ရဲသည်သာ ဖြစ်၏။

"ချစ်သားရဟန်းတို့။ ဥပါသကာ ယောကျ်ားပရိသတ်တို့သည် အာနန္ဒာ၏ ကျေးဇူးသတင်းကို ကြား၍၊ ဖူးမြင်အံ့သောငှာ အကယ်၍ လာရောက်အံ့။ ထိုသို့လာရောက်သည်ရှိသော် အာနန္ဒာကိုမြင်ရသဖြင့် 'အဝေးက ငါတို့ သတင်းစကား ကြားဖူးသည်နှင့် ယခု မြင်ရခြင်းသည် ညီညွတ်ပေ၏'ဟု ဝမ်းမြောက်ဝမ်းသာ ရှိကုန်၏။ ထိုဥပါသကာယောကျ်ား ပရိသတ်၌ အာနန္ဒာသည် 'ဒါယကာတို့။ အသို့တုံနည်း။ သင်တို့သည် ၃ ပါးသော သရဏဂုံကို ဆောက်တည်ပါကုန်၏လော။ ပဉ္စသီတို့ကို စောင့်ရှောက်ဆောက်တည်ပါကုန်၏လော။ တစ်လလျှင် ၈ ဥပုသ်တို့ကို စောင့်ရှောက်ဆောက်တည်ပါကုန်၏လော။ အမိအဖတို့အား လုပ်ကျွေးမွေးမြူခြင်း ဝတ်ကိုဖြည့်ပါကုန်၏လော။ တရားစောင့်သော ရဟန်း,ပုဏ္ဏားတို့ကို လုပ်ကျွေးပါကုန်၏လော'ဟု မေးမြန်းသည်ရှိသော်၊ အာနန္ဒာ မေးမြန်းရာ၌ ဥပါသကာယောကျ်ား ပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ချစ်သားရဟန်းတို့။ အာနန္ဒာသည် အကယ်၍ ဆိတ်ဆိတ်နေသည် ဖြစ်အံ့။ ဥပါသကာ ယောကျ်ားပရိသတ်တို့သည် မရောင့်ရဲသည်သာ ဖြစ်ကုန်၏။

၄။ ချစ်သားရဟန်းတို့။ ဥပါသိကာမိန်းမပရိသတ်တို့သည် အာနန္ဒာ၏ကျေးဇူးသတင်းကို ကြား၍ ဖူးမြင်အံ့သောငှာ အကယ်၍ လာရောက်အံ့။ ထိုသို့လာရောက်သည်ရှိသော် အာနန္ဒာကိုမြင်ရသဖြင့် 'အဝေးက ငါတို့ သတင်းစကား ကြားဖူးသည်နှင့် ယခုမြင်ရခြင်းသည် ညီညွတ်ပေ၏'ဟု ဝမ်းမြောက်ဝမ်းသာ ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဥပါသိကာမိန်းမပရိသတ်၌ အာနန္ဒာသည် 'ဒါယိကာမတို့။ အသို့တုံနည်း။ သင်တို့သည် ၃ ပါးသော သရဏဂုံတို့ကို ဆောက်တည်ကုန်၏လော။ ပဥ္စသီတို့ကို ဆောက်တည်ကုန်၏လော။ တစ်လလျှင် ၈ ဥပုသ်တို့ကို စောင့်ရှောက်ဆောက်တည်နိုင်ပါကုန်၏လော။ အမိအဖတို့အား လုပ်ကျွေးမွေးမြူခြင်းဝတ်ကို ဖြည့်နိုင်ပါကုန်၏လော။ တရားစောင့်သော ရဟန်းပုဏ္ဏားတို့ကို လုပ်ကျွေးမွေးမြူပါကုန်၏လောဟု မေးမြန်းသည်ရှိသော်၊ အာနန္ဒာ မေးမြန်းရာ၌ ဥပါသိကာ မိန်းမပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်၏။ ချစ်သားရဟန်းတို့။ အာနန္ဒာ သည် အကယ်၍ ဆိတ်ဆိတ်နေအံ့။ ဥပါသိကာ မိန်းမပရိသတ်တို့သည် မရောင့်ရဲသည်သာဖြစ်၏။

ချစ်သားရဟန်းတို့။ အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲတို့သည်ကား ဤ ၄ ပါးတို့ပင်တည်း'' ဟု မိန့်တော်မူ၏။

## ၉- အရှင်အာနန္ဒာ၏ အံ့ဖွယ် ၄ ပါးကို ပြခြင်း

မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာကို စကြဝတေးမင်းနှင့် တူစွာသောဥပမာကို ပြတော်မူလို၍- 'စတ္တာရော မေ ဘိက္ခဝေ' အစရှိသည်ကို မိန့်တော်မူ၏။

အဓိပ္ပာယ်ကား

''ချစ်သားရဟန်းတို့။ စကြဝတေးမင်း၏ အံ့ဖွယ်ကား ၄ ပါးတို့တည်း။ ၄ ပါးတို့ဟူသည် အဘယ်သည်တို့နည်း ဟူမူကား-

''ချစ်သားရဟန်းတို့။ စကြဝတေးမင်းတို့မည်သည် အလွန်အဆင်းလှ၏။ ရှုချင်ဖွယ် ရှိ၏။ ကြည်ညို ဖွယ်ရှိ၏။ ကောင်းကင်ဖြင့် သွားနိုင်၏။ ပြည်ကို ဆုံးမနိုင်၏။ 'တရားနှင့်လျော်သော ဓမ္မရာဇ်မင်း ပေတည်း'ဟု ကြားဖူးသောမင်းပရိသတ်တို့သည် ဖူးမြင်အံ့သောငှာ အကယ်၍ လာရောက်အံ့။ ထိုမင်းပရိသတ်တို့သည် စကြဝတေးမင်းကို မြင်ရသဖြင့် 'စကြဝတေးမင်း၏ကျေးဇူးသတင်းကို ကြားရသည်နှင့် ယခု မြင်ရခြင်းသည် ညီညွတ်ပေ၏'ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ စကြဝတေးမင်းသည် 'ချစ်သားမင်းများတို့။ မင်းကျင့်တရားကို ဖြည့်ကုန်၏လော။ အနွယ်ကို စောင့်ရှောက်ကုန်၏လော'ဟု ပျူငှာစကားကို ပြုပေ၏။ ထိုစကားကို နှုတ်ဆက်သဖြင့်လည်း ထိုမင်းပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ချစ်သားရဟန်းတို့။ စကြဝတေးမင်းသည် ဆိတ်ဆိတ်နေသည် ဖြစ်အံ့။ ထိုမင်းပရိသတ်တို့သည် မရောင့်ရဲသည်သာဖြစ်၏။

''ချစ်သားရဟန်းတို့။ စကြဝတေးမင်း၏ ကျေးဇူးသတင်းကို ကြားဖူးကုန်သော ပုဏ္ဏားပရိသတ်သည် ဖူးမြင်အံ့သောငှာ အကယ်၍ လာရောက်အံ့။ ထိုပုဏ္ဏားပရိသတ်သည် စကြဝတေးမင်းကို မြင်ရသဖြင့် 'စကြဝတေးမင်း၏ ကျေးဇူးသတင်းကိုကြားရသည်နှင့် ယခု မြင်ရခြင်းသည် ညီညွတ်ပေစွ'ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်၏။ ထိုပုဏ္ဏားပရိသတ်၌ စကြဝတေးမင်းသည် 'ဆရာတို့။ ဗေဒင် သင်ကြကုန်၏လော။ စာသင် တပည့်တို့ကို ဗေဒင် သင်စေပါကုန်၏လော။ အဝတ်အစား ဆန် ရေတို့ကို အလှူခံ၍ ရပါ၏လော'ဟု ပျူငှာ လောကဝတ်ကို ပြောဆိုပေ၏။ ထိုသို့ စကားနှုတ်ဆက်သဖြင့်လည်း ထိုပုဏ္ဏားပရိသတ်သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်၏။ ချစ်သားရဟန်းတို့။ စကြဝတေးမင်းသည် အကယ်၍ ဆိတ်ဆိတ်နေသည်ဖြစ်အံ့။ ပုဏ္ဏား ပရိသတ်သည် မရောင့်ရဲသည်သာ ဖြစ်၏။

''ချစ်သားရဟန်းတို့။ စကြဝတေးမင်း၏ ကျေးဇူးသတင်းကို ကြားဖူးကုန်သော သူကြွယ်ပရိသတ် သည် ဖူးမြင်အံ့သောငှာ အကယ်၍ လာရောက်အံ့။ ထိုသူကြွယ်ပရိသတ်သည် စကြဝတေးမင်းကို မြင်ရသဖြင့်၊ 'စကြဝတေးမင်း၏ကျေးဇူးသတင်းကို ကြားဖူးသည်နှင့် ယခု မြင်ရခြင်းသည် ညီညွတ်ပေစွ'ဟု ဝမ်းမြောက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ ဖြစ်၏။ ထိုသူကြွယ်ပရိသတ်တို့၌ စကြဝတေးမင်းသည် 'ချစ်သားသူကြွယ်တို့။ မင်းမှုဖြစ်သော ဘေးဒဏ်မရှိ ကင်းငြိမ်းပါ၏လော။ အယဉ်ထန်စွာ မိုးရွာသဖြင့် ကောက်ပဲတို့ ပြည့်စုံပါ၏လော' ဟု ချစ်မှုခင်စွာ ပျူငှာလောကဝတ်ကို ပြောဆိုပေ၏။ ထိုသို့ စကားနှုတ်ဆက်သဖြင့်လည်း ထိုသူကြွယ်ပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ချစ်သားရဟန်းတို့။ စကြဝတေးမင်းသည် ဆိတ်ဆိတ်နေသည် ဖြစ်အံ့။ သူကြွယ်ပရိသတ်သည် မရောင့်ရဲသည်သာ ဖြစ်၏။

"ချစ်သားရဟန်းတို့။ စကြဝတေးမင်း၏ ကျေးဇူးသတင်းကို ကြားဖူးကုန်သော ရဟန်းပရိသတ်တို့သည် စကြဝတေးမင်းကို တွေ့မြင်အံ့သောငှာ အကယ်၍ ရောက်လာအံ့။ ထိုရဟန်းပရိသတ်သည် စကြဝတေးမင်းကို မြင်ရသဖြင့်၊ 'စကြဝတေးမင်း၏ ကျေးဇူးသတင်းကို ကြားဖူးသည်နှင့် ယခု မြင်ရခြင်းသည် ညီညွတ်ပေစွ'ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ထို ရဟန်းပရိသတ်၌ စကြဝတေးမင်းသည် 'အရှင်ဘုရားတို့။ အသို့တုံနည်း။ ရဟန်းတို့၏ပရိက္ခရာကို ရပါကုန်၏လော။ ရဟန်းတရား၌ မမေ့မလျော့ လုံ့လ အားထုတ်နိုင်ပါ၏လော' ဟု ချစ်မှုခင်စွာ ပျူငှာလောကဝတ်စကားကို ဆိုပေ၏။ ဤသို့ စကားနှုတ်ဆက်သဖြင့်လည်း ထိုရဟန်းပရိသတ်တို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ချစ်သားရဟန်းတို့။ စကြဝတေးမင်းသည် ဆိတ်ဆိတ်နေသည် ဖြစ်အံ့။ ရဟန်းပရိသတ်သည် မရောင့်ရဲသည်သာ ဖြစ်၏။

"ချစ်သားရဟန်းတို့။ စကြဝတေးမင်း၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲသည် ဤ ၄ ပါးတို့တည်း။ ချစ်သားရဟန်းတို့။ စကြဝတေးမင်းနှင့် အတူပင် အာနန္ဒာသည် အံ့ဖွယ် ၄ ပါးရှိ၏" ဟု အရှင်အာနန္ဒာကို စကြဝတေးမင်းနှင့်တူစွာ ဥပမာပြု၍ ကျေးဇူးစကားကို မိန့်တော်မူ၏။

## ၁၀- မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း

ဤသို့ မိန့်တော်မူပြီးသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"အရှင်ဘုရား။ သဗ္ဗညုမြတ်စွာဘုရားသည် မြို့နှင့် အတူသာဖြစ်သော၊ မကြီးမကျယ်မြို့ငယ်ဖြစ်သော၊ မညီမညွတ်သောမြို့၌ သစ်ပင်ကြီးတို့၏အခက်သဖွယ်ဖြစ်သော မြို့ကြီးတို့၏အရံဖြစ်သော မြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်။ ဤမြို့မှတစ်ပါး စမ္ပာနဂိုရ်မြို့၊ ရာဇဂြိုဟ်မြို့၊ သာကေတမြို့၊ သာဝတ္ထိမြို့၊ ကောသမ္ဗီမြို့၊ ဗာရာဏသီမြို့လည်း ရှိပါကုန်သည်။ ထိုမြို့ကြီးတို့၌ မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုပါလော့။ ထိုမြို့ကြီးတို့၌ မင်းမျိုးမှဖြစ်သော များစွာသော ဥစ္စာရှိသော ခတ္တိယမဟာသာလ၊ ပုဏ္ဏားမျိုးမှဖြစ်သော၊ များသောဥစ္စာရှိသော ဗြာဟ္မဏမဟာသာလ၊ အသည်မျိုးမှဖြစ်သော၊ များစွာသော ဥစ္စာရှိသော ဂဟပတိမဟာသာလ ဟူသော မြတ်စွာဘုရား၌ အလွန်ကြည်ညိုသောသူတို့သည် များစွာရှိကုန်ပါသည်။ မြတ်စွာဘုရား၏အလောင်းတော်ကို ပူဇော်ခြင်းကို အားထုတ်လုံ့လ ပြုကြပါလတ္တံ့" ဟု လျှောက်၏။

"အာနန္ဒာ။ ဤ ကုသိနာရုံမြို့ကို မကြီးမကျယ် မြို့ငယ်သာ ဖြစ်သည် ဟူ၍လည်းကောင်း၊ မညီမညွတ်သောမြို့ ဟူ၍လည်းကောင်း၊ မြို့ကြီး၏အရံဖြစ်သောမြို့ ဟူ၍လည်းကောင်း မဆိုလင့်။ ငါဘုရားသည် ဤ ကုသိနာရုံမြို့၏ ပြည့်စုံကြွယ်ဝခြင်းကို ဟောတော်မူအံ့သောငှာ ကြွလာတော်မူသည်။ အကြိမ်အဖန်များစွာ တည်အပ်သည်ကို လည်းကောင်း၊ ရှေး၌နေဖူးသည်ကို လည်းကောင်း ဟောတော်မူအံ့သောငှာ ကြွလာတော်မူသည်" ဟု မိန့်တော်မူ၍၊ 'ဘူတပုဗ္ဗံ' အစရှိသည်ကို ဟောတော်မူ၏။

အာနန္ဒာ။ ရှေး၌ဖြစ်ဖူးသောအကြောင်းကို ငါ ဟောအံ့။ စကြရတနာကို ဖြစ်စေတတ်သော၊ တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော၊ သမုဒ္ဒရာ ၄ စင်းအဆုံးရှိသော ၄ ကျွန်းလုံးကို အစိုးရသော အောင်အပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သော ရန်သူရှိသော၊ ဇနပုဒ်၌ အမြဲတည်သည်၏အဖြစ်သို့ ရောက်သော၊ ရတနာ ၇ ပါးဖြင့်ပြည့်စုံသော၊ 'မဟာသုဒဿန' အမည်ရှိသောမင်းသည် ဖြစ်ဖူးပြီ။ ဤကုသိနာရုံပြည်သည် 'ကုသဝတီ'အမည်ရှိသော မင်းနေပြည်ဖြစ်ဖူးပြီ။ အရှေ့အနောက် အဖို့အားဖြင့် အလျား ၁၂ ယူဇနာ၊ တောင်မြောက်အဖို့အားဖြင့် အနံ ၇ ယူဇနာ ရှိ၏။ အာနန္ဒာ။ 'ကုသဝတီ'အမည်ရှိသော ရာဇဓာနီမင်းနေပြည်သည် ပြည့်စုံ၏။ ပြန့်ပြောစည်ပင်၏။ အထူးထူးအပြားပြား များစွာသောလူမျိုး ရှိ၏။ လူတို့ဖြင့် ပြွမ်း၏။ ပြည့်စုံသော ဘောဇဉ်,ခဲဖွယ် ရှိ၏။

"အာနန္ဒာ။ နတ်တို့၏နေရာ 'အာဠကမန္ဒ'အမည်ရှိသော တာဝတိံသာ သိကြားနေရာသည် ပြည့်စုံသကဲ့သို့၊ များစွာသော လူမျိုး ရှိသကဲ့သို့၊ ပြွမ်းသောနတ်ဘီလူးတို့ဖြင့် ပြည့်သကဲ့သို့၊ ပြည့်စုံသော ခဲဖွယ်စားဖွယ် ရှိသကဲ့သို့၊ ထို့အတူပင် အာနန္ဒာ။ 'ကုသဝတီ'အမည်ရှိသော ရာဇဓာနီ မင်းနေပြည်ကြီးသည်လည်း ပြည့်စုံ ပြန့်ပြောများသောလူ ရှိ၏။ ပြည့်စုံသော ခဲဖွယ်၊ စားဖွယ် ရှိ၏။ အာနန္ဒာ။ 'ကုသဝတီ'အမည်ရှိသော မင်းနေပြည်ကြီးသည် နေ့၌ လည်းကောင်း၊ ညဉ့်၌ လည်းကောင်း၊ ၁၀ ပါးသောအသံတို့ဖြင့် မဆိတ်မညံသည် ဖြစ်၏။

"၁၀ ပါးသော အသံဟူသည်ကား- ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ စည်ကြီးသံ၊ မုရိုးစည်သံ၊ စောင်းသံ၊ ခရုသင်းသံ၊ မောင်းကြေးနင်းသံ၊ လက်ခုပ်သံ၊ 'စားလှည့်ကုန် သောက်လှည့်ကုန်'ဟု ကြွေးကြော်သော အသံ၊ ဤ ၁၀ ပါးသောအသံတို့ဖြင့် မဆိတ်မညံသည် ဖြစ်၏။

ဤသို့ အစရှိသည်ဖြင့် မဟာသုဒဿနသုတ်ကို အပြီးတိုင်အောင်ဖော်ပြ၍ ဟောတော်မူလေသတည်း။

ထို့နောင်မှ မြတ်စွာဘုရားသခင်သည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "အာနန္ဒာ။ သွားချေ။ ကုသိနာရုံပြည်သို့ဝင်၍ ကုသိနာရုံ မလ္လာမင်းတို့အား အကြောင်းကြားချေလော့။ 'ဝါသိဋ္ဌအနွယ်တို့။ ယနေ့ညဉ့် မိုးသောက်ယံ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ယူလတ္တံ့။ ဝါသိဋ္ဌအနွယ်တို့။ သင်တို့သည် လျင်စွာသွားကုန်လော့။ ဝါသိဋ္ဌအနွယ်တို့။ နောင်သောအခါ၌ နှလုံးမသာ မရှိကုန်လင့်။ ငါတို့၏ဂါမခေတ်၌ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုခြင်းဖြစ်သည်သာလျှင် ငါတို့သည် အဆုံးစွန်သောကာလတို့၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ မရပါကုန်ဟု နှလုံးမသာမရှိကုန်လင့်ဟု ကြားချေကုန်လော့" ဟု စေလိုက်၏။

အရှင်အာနန္ဒာလည်း "ကောင်းပါပြီ အရှင်ဘုရား" ဟု မြတ်စွာဘုရား၏ စကားတော်ကို ဝန်ခံ၍၊ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်,သင်္ကန်းကို ဆောင်ယူလျက် တစ်ယောက်အထီးတည်း ကုသိနာရုံပြည်သို့ ဝင်လေ၏။ အရှင်အာနန္ဒာ မရောက်ခင်ကာလကပင် မလ္လာမင်းတို့သည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စကြောင့် စည်းဝေးရာဇရပ်၌ စည်းဝေးလျက် နေလင့်ကုန်၏။

အရှင်အာနန္ဒာသည် မလ္လာမင်းတို့၏ စည်းဝေးရာဇရပ်သို့ သွား၍၊ မလ္လာမင်းတို့အား ဘုရားသခင်မှာလိုက်တိုင်း ကြားပေ၏။ အရှင်အာနန္ဒာ၏စကားကို ကြား၍ မလ္လာမင်းတို့သည် လည်းကောင်း၊ မလ္လာမင်း၏သားတို့သည် လည်းကောင်း၊ မလ္လာမင်းတို့၏ ချွေးမတို့သည် လည်းကောင်း၊ မလ္လာမင်းတို့၏ မယားတို့သည် လည်းကောင်း ဆင်းရဲခြင်း ဖြစ်ကုန်၍၊ နှလုံးမသာယာခြင်း ဆင်းရဲသောစိတ် ရှိကုန်သဖြင့် အချို့သောသူတို့ကား ဆံကို ဖရိုဖရဲကြဲ၍ ငိုကြွေးကြကုန်၏။ လက်တို့ကိုမြှောက်၍ မြည်တမ်းကြကုန်၏။ ပြတ်သောခြေလက် ရှိကုန်သကဲ့သို့ လူးလဲကြကုန်၏။

"ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ ၅ ပါးသောစက္ခုနှင့် ပြည့်စုံတော်မူသောဘုရားသည် အလွန်လျင်စွာ လောက၌ကွယ်တော်မူလတ္တံ့."



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောစကားကို ဆိုမြည်တမ်းကုန်၏။

ထိုအခါ၌ မလ္လာမင်းတို့သည် လည်းကောင်း၊ မလ္လာမင်း၏သားတို့သည် လည်းကောင်း၊ မလ္လာမင်းတို့၏ ချွေးမတို့သည် လည်းကောင်း၊ မလ္လာမင်းတို့၏ မယားတို့သည် လည်းကောင်း၊ နှလုံးမသာ ဆင်းရဲသော စိတ်ရှိကုန်သည်ဖြစ်၍ အင်ကြင်းဥယျာဉ်အကွေ့သို့ သွားပြီးလျှင် အရှင်အာနန္ဒာရှိရာသို့ ချဉ်းကပ်ကုန်၏။

အရှင်အာနန္ဒာသည်လည်း ဤသို့အကြံ ဖြစ်၏။ "ငါသည် မလ္လာမင်းတို့ကို အသီးအသီး ဘုရားသခင်ကို ရှိခိုးစေကုန်သည် ဖြစ်အံ့။ ဤသို့ အသီးအသီးရှိခိုးစေကုန်သည်ရှိသော် မလ္လာမင်းတို့သည် မြတ်စွာဘုရားကို ရှိမခိုးရဘဲပင် ရှိချေကုန်လတ္တံ့။ ဤညဉ့်သည်လည်း လင်း၍ မိုးသောက်သည် ဖြစ်လတ္တံ့။ မလ္လာမင်းတို့ကို အမျိုးအဆက်ဆက်အားဖြင့်ထား၍ ဘုရားသခင်ကို ရှိခိုးစေရသော်ကား ကောင်း၏။ 'အရှင်ဘုရား။ ဤအမည်ရှိသော မလ္လာမင်းသည် သားမယားအခြွေအရံနှင့်တကွ ခြေတော်ကို ဦးဖြင့်တိုက်၍ ရှိခိုးပါသည်'ဟု လျှောက်ရသော်ကား ကောင်း၏' ဟု အကြံဖြစ်လေ၏။

ထိုသို့ ကြံပြီးသောနောင်မှ အရှင်အာနန္ဒာသည် မလ္လာမင်းတို့ကို အမျိုးအဆက်ဆက်အားဖြင့်ထား၍ ဘုရားသခင်ကို ရှိခိုးစေ၏။ "အရှင်ဘုရား။ ဤအမည်ရှိသော မလ္လာမင်းသည် သား၊ မယား၊ အခြွေအရံနှင့်တကွ ခြေတော်ကို ဦးဖြင့်တိုက်၍ ရှိခိုးပါသည်" ဟု လျှောက်လေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဤသို့သော နည်းဖြင့် ပထမယံ၌သာလျှင် မလ္လာမင်းတို့ကို ရှိခိုးစေ၏။

## ၁၁- သုဘဒ်ပရိဗိုဇ်အကြောင်းကို ပြခြင်း

ထိုအခါ 'သုဘဒ်'အမည်ရှိသော ပရိဗိုဇ်သည် ကုသိနာရုံပြည်၌ နေ၏။ ထိုသုဘဒ်ပရိဗိုဇ်သည် 'ထိုနေ့ ပစ္ဆိမယံ၌ပင်လျှင် ရှင်ဂေါတမ ပရိနိဗ္ဗာန်ယူသောအခါ ဖြစ်လတ္တံ့'ဟု ကြားလေ၏။

ထိုသို့ ကြားသောအခါ၌ သုဘဒ်ပရိဗိုဇ်အား ဤသို့ အကြံဖြစ်သတည်း။ 'ငါသည် အရွယ်ဖြင့်ကြီးကုန်သော၊ ဂုဏ်အားဖြင့်ကြီးကုန်သော၊ ဆရာတို့၏ ဆရာဖြစ်ကုန်သော၊ အစဉ်အဆက်ကို ပြောတတ်ကုန်သော ပရိဗိုဇ်တို့၏အထံမှ ဤသို့သောစကားကို ကြားဖူးပါ၏။ 'ဤလောက၌ မြတ်သောအလျှုကို ခံထိုက်ကုန်သော၊ မဖောက်မပြန် အလုံးစုံသောတရားတို့ကို သယမ္ဘူဉာဏ်ဖြင့် အလိုလိုသာလျှင် သိတော်မူကုန်သော ဘုရားတို့သည် တစ်ရံတစ်ခါသာ ဖြစ်ကုန်၏'ဟူသော စကားကို ကြားဖူးပါ၏။ ယနေ့ပင်လျှင် မိုးသောက်ယံ၌ အရှင်ဂေါတမသည် ပရိနိဗ္ဗာန်ယူလတ္တံ့။ ဤသို့ရံခါသာ ဘုရားဖြစ်သောကြောင့် ငါသည် အရှင်ဂေါတမ၌ ကြည်ညို၏။ ငါ့အား ဤသို့ ယုံမှားခြင်းသည် ရှိ၏။ ငါသည် အကြင်သို့သောအခြင်းအရာဖြင့် ယုံမှားခြင်းတရားကို ပယ်ဖျောက်နိုင်၏။ ဤသို့သောအခြင်းအရာဖြင့် အရှင်ဂေါတမသည် ငါ၏ယုံမှားခြင်းကို ဟောတော်မူခြင်းငှာ စွမ်းနိုင်ရာ၏'ဟု အကြံဖြစ်သတည်း။

[သုဘဒ်ပရိဗိုဇ်သည်ကား 'ဥဒိစ္စမဟာသာလပုဏ္ဏားမျိုးမှ ပရိဗိုဇ်ရဟန်းပြုသော၊ အဝတ်ဖြူဝတ်သော သူတည်း' ဟု ဒီဃနိကာယ်၌ ဆို၏။ ဓမ္မပဒ၊ တေရသကဏ် စသောကျမ်းတို့၌ကား 'ဝက် ဇနပုဒ်၌ မုဆိုးသမီး ဆာဝါနှင့် ဥပက စုံဖက်ရာတွင် ဖွားမြင်သောသူတည်း' ဟု ဆို၏။

[ထိုသုဘဒ်ပရိဗိုဇ်ကား ရှေးလွန်လေပြီးသောကာလ ကုသိုလ်ကောင်းမှု ပြုဖူးသောအခါ ညီနောင် ၂ ယောက် ဖြစ်ခဲ့ဖူးသတတ်။ ထိုညီနောင် ၂ ယောက်တို့သည် တပေါင်းတည်း စပါး လုပ်ကုန်၏။ ထိုညီနောင် ၂ ယောက်တို့တွင် အစ်ကိုသည် 'တစ်ကြိမ်စပါးလုပ်ရာ၌ ၉ ကြိမ်အဦးအဖျားကို ငါ လှူအပ်၏' ဟု ဖျိုးကြဲသောအခါ၌ ဖျိုးဦးမည်သည်ကို ပေးလှူ၏။ ။အဖုံးအလုံးရှိသောအခါ၌ 'စပါးဖုံးကိုခွာ၍ ပေးလှူအံ့' ဟု ညီကိုတိုင်ပင်သော်၊ 'အစ်ကိုကြီးသည် ကောက်ပင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးလိုသည်တကား' ဟု ဆို၏။ အစ်ကိုသည် ညီအငယ်ကို အလိုမတူသောအဖြစ်ကို သိ၍ လယ်ထက်ဝက်ခွဲ၍၊ မိမိအစုမှ စပါးဖုံးကိုခွဲ၍၊ နို့ရည်ကိုဆောင်၍၊ ထောပတ်ဆီဦးနှင့် ရော၍ ပေးလှူ၏။ ။ နို့ရည်ထည့်သောအခါ၌ မုန့်ဆန်းလှော်၍ လှူ၏။ ။ ကောက်ရိတ်သောအခါ၌ ကောက်ဦးကို လှူ၏။ ။ကောက်ဆုပ်သောအခါ၌ ကောက်ဆုပ်ဦးကို လှူ၏။ ။ ကောက်လှိုင်းပြုသောအခါ၌ ကောက်လှိုင်းဦးကို လှူ၏။ ။ ကောက်နယ်သောအခါ၌ ကောက်နယ်တလင်းဦးကို လှူ၏။ ။ တလင်းတွင်း၌ စပါးဦးကို လှူ၏။ ။ ကျီသို့သွင်းသောအခါ ကျီစပါးကို လှူ၏။

ဤသို့ အစ်ကိုသည် အလှူဒါန ပြုခဲ့ဖူးသောကြောင့် အညာတကောဏ္ဍည ဖြစ်လာ၏။

'အဘယ်သူအား ရှေးဦးစွာ တရားဟောတော်မူရအံ့နည်း' ဟု မြတ်စွာဘုရား ကြည့်ရှုတော်မူလတ်သော်၊ 'အညာတကောဏ္ဍညသည် စပါးတစ်သီး၌ ၉ ကြိမ်သော အလှူဦးတို့ လှူဖူး၏။ ဤတရားဦးကို ထိုကောဏ္ဍညအား ဟောတော်မူအံ့' ဟု အလုံးစုံတို့၏ ရှေးဦးစွာ တရားဟောတော်မူ၏။ ထိုကောဏ္ဍညသည် ၁၈ ကုဋေသော ဗြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။ ညီအငယ်မူကား နောက်မှ အလှူကိုပေးလှူသောကြောင့် ယခုဘဝ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်တော်မူခါနီးကာလ၌ ယခင်ဆိုခဲ့ပြီးသောနည်းဖြင့် နောက်ကျ၍ မြတ်စွာဘုရားကိုဖူးမြင်ခြင်းငှာ အလိုရှိသည် ဖြစ်သတည်း။]

ထိုအခါ၌ ဘုဘဒ်ပရိဗိုဇ်သည် မလ္လာမင်းတို့အင်ကြင်းဥယျာဉ်အကွေ့သို့ သွား၍၊ အရှင်အာနန္ဒာရှိရာ ချဉ်းကပ်၍၊ အရှင်အာနန္ဒာကို ဤသို့ ဆို၏။ "အရှင်အာနန္ဒာ။ အကျွန်ုပ်သည် အရွယ်အားဖြင့် ကြီးကုန်သော၊ ဂုဏ်အားဖြင့် ကြီးကုန်သော၊ ဆရာတို့၏ ဆရာဖြစ်ကုန်သော၊ အစဉ်အဆက်ကို ပြောတတ်ကုန်သော၊ ပရိဗိုဇ်တို့၏ အထံမှ ဤသို့သောစကားကို ကြားဖူးပါသည်။ 'ဤလောက၌ မြတ်သောအလှူကို ခံထိုက်ကုန်သော၊ မဖောက်မပြန် အလုံးစုံသောတရားတို့ကို သယမ္ဘူဉာဏ်ဖြင့် သိတော်မူကုန်သော ဘုရားတို့သည် တစ်ရံတစ်ခါသာ ဖြစ်ကုန်၏' ဟူသောစကားကို ကြားဖူးပါသည်။ ယနေ့ပင်လျှင် မိုးသောက်ယံ၌ အရှင်ဂေါတမသည် ပရိနိဗ္ဗာန်ယူလတ္တံ့။ ဤသို့ တစ်ရံတစ်ခါသာ ဘုရားဖြစ်ခြင်းကြောင့် အကျွန်ုပ်သည် အရှင်ဂေါတမ၌ ကြည်ညိုခြင်း ဖြစ်ပါသည်။ အကျွန်ုပ်အား ဤသို့သောယုံမှားခြင်းလည်း ရှိပါသည်။ အကြင်သို့သောအခြင်းအရာတို့ဖြင့် ယုံမှားခြင်းကို ပယ်ဖျောက်နိုင်၏။ ထိုသို့သောအခြင်းအရာဖြင့် 'ရှင်ဂေါတမသည် ငါ၏ယုံမှားခြင်းကို ကင်းအောင်ပယ်ဖျက်၍ ဟောတော်မူနိုင်ရာ၏'ဟု အကြံဖြစ်ပါသည်။ အရှင်အာနန္ဒာ။ တောင်းပန်ပါ၏။ အရှင်ဂေါတမကို ဖူးမြင်ချင်လှပါသည်။ အခွင့်ပေးတော်မူပါ" ဟု ဆို၏။

ဤသို့ ဆိုလတ်သော် အရှင်အာနန္ဒာသည် 'သာသနာတော်မှအပဖြစ်သော တိတ္ထိတို့သည် မိမိတို့၏ အယူကိုသာလျှင် ယူကုန်သည်။ ထိုအယူကို ဖြေတော်မူလိုသောငှာ များစွာဆိုတော်မူသော် မြတ်စွာဘုရား၏ ကိုယ်တော်၊ နှုတ်တော် ပင်ပန်းခြင်း ဖြစ်လတ္တံ့။ ပြကတေ့ကပင်လည်း ပင်ပန်းတော်မူသည်'ဟု အောက်မေ့၍၊ "ငါ့ရှင်သုဘဒ်။ အကြောင်းမသင့်ရာ။ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်။ ဘုရားသခင်သည် ပင်ပန်းတော်မူသည်" ဟု ဆိုပေ၏။

ထို့နောင်မှ သုဘဒ်ပရိဗိုဇ်သည် 'အခွင့်ကို အလိုရှိသောသူမည်သည် အစဉ်တစိုက်လိုက်၍ ပြုအပ်လှသည်' ဟု အရှင်အာနန္ဒာကို ၂ ကြိမ်မြောက်-၃ ကြိမ်မြောက် တောင်းပန်၏။ အရှင်အာနန္ဒာလည်း အခွင့်မပေးဘဲ ၃ ကြိမ်မြောက်အောင် တားမြစ်၏။

ဤသို့ တင်းထိမ်တံခါး၌ရပ်လျက် ၃ ကြိမ် တောင်းပန်သော သုဘဒ်ပရိဗိုဇ်၏စကားကို ဘုရားသခင်သည် ပကတိသော နားဖြင့် ကြားတော်မူ၍၊ သုဘဒ်ပရိဗိုဇ်၏ အကျိုးငှာသာလျှင် များစွာအားထုတ်ခြင်းဖြင့် လာတော်မူသောကြောင့် "အာနန္ဒာ။ မတားမြစ်လင့်။ အာနန္ဒာ။ သုဘဒ်ပရိဗိုဇ်သည် ငါဘုရားကို ဖူးမြင်ပါစေလော့။



www.burmeseclassic.com

www.burmeseclassic.com



သုဘဒ်ပရိဗိုဇ်သည် ငါဘုရားအား တစ်စုံတစ်ခုသောပြဿနာကို မေးလတ္တံ့။ ထိုအလုံးစုံသော ပြဿနာကို သိလို၍သာ မေးလတ္တံ့။ နှိပ်စက်ညှဥ်းဆဲလို၍ မမေးရာ။ သုဘဒ်ပရိဗိုဇ်သည် မေးအပ်သည်ဖြစ်၍ အကြင်တရားကို ငါ ဖြေတော်မူအံ့။ ထို ဖြေအပ်သော တရားစကားကို လျင်စွာသိလတ္တံ့။ ဝင်စေလော့" ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ၌ အရှင်အာနန္ဒာသည် "ငါ့ရှင် သုဘဒ်။ သွားလော့။ မြတ်စွာဘုရားသည် သင့်အား ခွင့်ပေးပြီ" ဟု ဆိုပေ၏။

ထိုသို့ခွင့်ပေးအခါ၌ သုဘဒ်ပရိဗိုဇ်သည် ဘုရားရှိရာချဥ်းကပ်၍ ဘုရားသခင်နှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဟော၏။ ဝမ်းမြောက်ဝမ်းသာခြင်းကို ဖြစ်စေတတ်သော အသက်ထက်ဆုံး မှတ်အပ်သော စကားကို ဆုံးစေ၍၊ လျောက်ပတ်သောအရပ်၌ နေပြီးသော် မြတ်စွာဘုရားကို-

"အရှင်ဂေါတမ။ အပေါင်းသံဃာနှင့် ပြည့်စုံသော, ဂိုဏ်းဆရာဖြစ်ကုန်သော ကျော်စောထင်ရှား များသော အခြံအရံရှိကုန်သော, မိမိတို့၏အယူကို ယူတတ်ကုန်သော, များစွာသောလူတို့သည် 'သူတော်ကောင်း'ဟု သမုတ်အပ်ကုန်သော၊ ပူရာဏကဿပ, မက္ခလိဂေါသာလ, အဇိတ, ပကုဓ, သဥ္စယ, နိဂဏ္ဌ ဤသူတို့သည် မိမိတို့ဝန်ခံတိုင်း အလုံးစုံသောတရားတို့ကို သိအပ်ကုန်သလော။ အလုံးစုံသောတရားတို့ကို မသိကုန်သလော။ ထိုသို့မဟုတ်မူကား အချို့သောတရားတို့ကို သိကုန်သလော အချို့သောတရားတို့ကို မသိကုန်သလော" ဟု သုဘဒ်သည် မြတ်စွာဘုရားကို လျှောက်၏။

ဘုရားသခင်သည်ကား "သုဘဒ်။ ဤစကားသည် အကြောင်းမသင့် အခွင့်မဟုတ်။ ဤစကားကို ထားဘိဦး။ သုဘဒ်။ သင့်အား ငါ တရားဟောအံ့။ ငါဘုရားဟောတော်မူသော တရားတော်ကို ကောင်းစွာ နာလော့။ မြဲစွာ နှလုံးသွင်းလော့။ ဟောတော်မူအံ့" ဟု မိန့်တော်မူ၏။ သုဘဒ်ပရိဗိုဇ်သည်လည်း "ကောင်းပါပြီ" ဟု မြတ်စွာဘုရား၏ စကားတော်ကို ဝန်ခံလေ၏။

မြတ်စွာဘုရားသည် "သုဘဒ်။ အကြင်တိတ္ထိတို့၌ 'ကိလေသာ' တည်းဟူသော အပြစ်ကင်းသော, အင်္ဂါ ၈ ပါးရှိသော မဂ်ကို မရအပ်။ ထိုသို့ မရအပ်သောတိတ္ထိတို့၏ သာသနာ၌ သောတာပန်ရဟန်းကိုလည်း မရအပ်။ ထို သောတာပန်ရဟန်းကို မရအပ်သော တိတ္ထိတို့၏သာသနာ၌ ၂ ယောက်မြောက်ဖြစ်သော သကဒါဂါမ်ရဟန်းကိုလည်း မရအပ်။ တိတ္ထိတို့၏သာသနာ၌ ၃ ယောက်ဖြစ်သော အနာဂါမ်ရဟန်းကိုလည်း မရအပ်။ ထို အနာဂါမ်ရဟန်းကို မရအပ်သော တိတ္ထိတို့၏သာသနာ၌ ၄ ယောက်ဖြစ်သော ရဟန္တာကိုလည်း မရအပ်။

"သုဘဒ်။ ငါ ဘုရားသာသနာတော်၌ 'ကိလေသာ'တည်းဟူသော အပြစ်ကင်းသော, အင်္ဂါ ၈ ပါး ရှိသော မဂ်ကိုရအပ်၏။ ထို အင္ဂိကမဂ်ကို ရအပ်သော ငါဘုရားသာသနာတော်၌ သောတာပန်ရဟန်းကိုလည်း ရအပ်၏။ ထိုသောတာပန်ရဟန်းကို ရအပ်ကို ငါဘုရားသာသနာတော်၌ ၂ ယောက်မြောက်ဖြစ်သော သကဒါဂါမ်ရဟန်းကိုလည်း ရအပ်၏။ ထိုသကဒါဂါမ်ရဟန်း ရအပ်သော ငါဘုရားသာသနာတော်၌ ၃ ယောက် မြောက်ဖြစ်သော အနာဂါမ်ရဟန်းကိုလည်း ရအပ်၏။ ထိုအနာဂါမ်ရဟန်းကို ရအပ်သော ငါဘုရားသာသနာ တော်၌ ၄ ယောက် မြောက်ဖြစ်သော ရဟန္တာကိုလည်း ရအပ်၏။

"သုဘဒ်။ ဤ ငါဘုရားသာသနာတော်၌သာလျှင် မဂ္ဂင် ၈ ပါး, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာကို ရအပ်၏။ သာသနာတော်မှတစ်ပါးအယူရှိကုန်သော တိတ္ထိတို့သည် မဂ် ၄ ပါးကို ရအောင် အားထုတ်သော ပုဂ္ဂိုလ် ၄ ယောက်, မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်အားဖြင့် ၁ ကျိပ် ၂ ယောက်သော ပုဂ္ဂိုလ်တို့မှ ဆိတ်ကုန်၏။ တိတ္ထိတို့သည် ၁ ကျိပ် ၂ ယောက်သော ပုဂ္ဂိုလ်တို့မှ ကင်းကုန်၏။ သုဘဒ်။ ဤ ၁ ကျိပ် ၂ ယောက်သော ရဟန်းတို့သည် ကောင်းစွာကျင့်ကုန်ရာ၏။ လောကသည် ရဟန္တာတို့မှ မဆိတ်ညံ့သည် ဖြစ်၏" ဟု မြတ်စွာဘုရားသည် သုဘဒ်ပရိဗိုဇ်အား ဟောကြားတော်မူပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သုဘဒ်။ ငါဘုရားသည် အရွယ်အားဖြင့် ၂၉ နှစ် ရှိသည် ဖြစ်၍၊ 'သဗ္ဗညုတဉာဏ်သည် အဘယ်မှာ ရှိသနည်း' ဟု ထိုသဗ္ဗညုတဉာဏ်ကို ရှာလိုသည်ဖြစ်၍ ရဟန်းပြု၏။ သုဘဒ်။ ငါဘုရားသည် အကြင်အခါမှ စ၍ ရဟန်းပြု၏။ ထိုရဟန်းပြုသောအခါမှစ၍ ၅၁ နှစ်ပတ်လုံး အာရုံပြုအားဖြင့် နိဗ္ဗာန်ကိုသိတတ်သော အရိယာမဂ်၏အကြောင်းဖြစ်သော ဝိပဿနာကို ဖြစ်စေသည်ဖြစ်၍ နေတော်မူ၏။ ဤငါဘုရားသာသနာတော်မှ အပ၌ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာပုဂ္ဂိုလ်တို့ မရှိကုန်။ ငါဘုရား သာသနာတော်မှ တစ်ပါးအယူရှိသောတိတ္ထိတက္ကတွန်းတို့သည် ၁ ကျိပ် ၂ ယောက်သော ရဟန်းတို့မှ ဆိတ်ကုန်၏။ သုဘဒ်။ ထို ၁ ကျိပ် ၂ ယောက်သောရဟန်းတို့သည် ကောင်းစွာကျင့်ကုန်ရာ၏။ လောကသည် ရဟန္တာတို့မှ မဆိတ်သည် ဖြစ်၏" ဟု မြတ်စွာဘုရားသည် သုဘဒ်ပရိဗိုဇ်အား ဟောကြားတော်မူ၏။

ဤသို့ ဟောကြားတော်မူလျှင် သုဘဒ်ပရိဗိုဇ်သည် ဘုရားသခင်ကို "အရှင်ဘုရား။ အလွန်ကောင်းစွ။ အရှင်ဘုရား။ အလွန်ကောင်းစွ။ အရှင်ဘုရား ဉပမာဆိုသော်ကား မှောက်၍ထားသောအိုးကို လှန်ဘိသကဲ့သို့ လည်းကောင်း၊ မြက်၊ သစ်ရွက် အစရှိသည်တို့ဖြင့် ဖုံးလွှမ်းအပ်သော ဝတ္ထုကိုဖွင့်လှစ်၍ ပြဘိသကဲ့သို့ လည်း ကောင်း၊ ခရီးမှားသောသူတို့အား ခရီးလမ်းကို ညွှန်ပြဘိသကဲ့သို့ လည်းကောင်း၊ အမိုက်တိုက်၌မှုလည်း ဆီမီးတန်ဆောင်ညှိထောင်ထွန်းဘိသကဲ့သို့ လည်းကောင်း၊ မျက်စိအမြင် ရှိသောသူတို့အား ရူပါရုံတို့ကို မြင်ဘိ သကဲ့သို့ လည်းကောင်း၊ ထိုအတူပင် အရှင်ဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ဟောကြား ဖော်ပြတော်မူပေသည်။ ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ဆည်းကပ်ခြင်းသို့ ရောက်ပါ၏။ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း ဆည်းကပ်ခြင်းသို့ ရောက်ပါ၏။ အကျွန်ုပ်သည် မြတ်စွာဘုရား အထံတော်၌ ရှင်ရဟန်း၏အဖြစ်ကို ရပါလို၏" ဟု လျှောက်၏။

"သုဘဒ်။ သာသနာတော်မှအပ တိတ္ထိဖြစ်သောသူသည် ၄ လပတ်လုံး ပရိဝါသ် နေရသည်။ ၄ လ လွန်သဖြင့် နှစ်သက်သောစိတ် ရှိကုန်သောရဟန်းတို့သည် ရဟန်းဖြစ်စိမ့်သောငှာ ရှင်ရဟန်း ပြုကုန်၏။ စင်စစ်အား ဖြင့် ဤဘုရားသာသနာတော်၌ ပုဂ္ဂိုလ်ထူးသည်၏အဖြစ်ကို ငါဘုရား သိတော်မူ၏" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ သာသနာတော်မှတစ်ပါးအယူရှိသော တိတ္ထိဖြစ်ဖူးသော ပုဂ္ဂိုလ်တို့သည် ဤဘုရား သာသနာတော်၌ ရှင်ရဟန်းအဖြစ်ကို အလိုရှိသည်ဖြစ်၍၊ ၄ လပတ်လုံး ပရိဝါသ်ကို အကယ်၍ နေရကုန်သည် ဖြစ်အံ့။ ၄ လလွန်သဖြင့် နှစ်သက်သောစိတ်ရှိကုန်သော ရဟန်းတို့သည် ရဟန်းဖြစ်စိမ့်သောငှာ အကယ်၍ ရှင်ရဟန်းပြုကုန်သည် ဖြစ်အံ့။ အကျွန်ုပ်သည် ၄ လပတ်လုံး ပရိဝါသ် နေပါအံ့။ ၄ လလွန်လျှင် ရှင်ရဟန်းအဖြစ် ကို ရပါစေလော့" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ သုဘဒ်ကို ရဟန်းပြုလော့" ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာသည် ထိုသုဘဒ်ကို လျှောက်ပတ်ရာသို့ ခေါ်တော်မူ၍ ရေဘူးမှသောက်ရေဖြင့် ဦးခေါင်းကို ဆွတ်ပြီးလျှင် တစပဉ္စက ကမ္မဋ္ဌာန်းကိုသင်၍၊ ဆံ၊ မုတ်ဆိတ်တို့ကို ရိတ်ပြီးသော် သင်္ကန်းဝတ်၍ သရဏဂုံ ပေးပြီးမှ ဘုရားသခင်အထံတော်သို့ ဆောင်ခဲ့၏။

မြတ်စွာဘုရားသည် ပဥ္စင်းခံစေ၍ ကမ္မဋ္ဌာန်းကို ကြားတော်မူ၏။ သုဘဒ်သည် ထိုကမ္မဋ္ဌာန်းကိုရှု၍ ဥယျာဉ်တွင် လျှောက်ပတ်ရာအရပ်၌ စင်္ကြံသွားလျက် လုံ့လပြုသဖြင့်၊ ဝိပဿနာကို သုံးသပ်ဆင်ခြင်လျှင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရှင် သုဘဒ္ဒသည် ဘုရားရှင့်လက်ထက်တော်၌ နောက်ဆုံးသာဝက ဖြစ်လေသတည်း။

[ဓမ္မပဒ၌ကား 'ကောင်းကင်၌ခြေရာထင်ပါအံ့လော။ သာသနာတော်အပ၌ ရဟန်း ရှိပါအံ့လော။ သင်္ခါရတရား မြဲပါအံ့လော'ဟု ပြဿနာ ၃ ပါးကို မေးသည်'ဟုလာ၏။]

## ၁၂- မြတ်စွာဘုရားသည် အဆုံးစွန်သောတရားကို ဟောတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊

''အာနန္ဒာ။ 'ဘုရား လွန်ပြီ။ ဘုရား မရှိပြီ'ဟု သင်တို့၏အကြံ ဖြစ်ရာ၏။ စင်စစ်မူကား အာနန္ဒာ။ 'ဘုရား လွန်ပြီ။ ဘုရားမရှိပြီ'ဟု မမှတ်အပ်။ အာနန္ဒာ။ ငါဘုရားသည် အကြင်သုတ်၊ အဘိဓမ္မာတို့ကို ဟောအပ်ပြီ။ အကြင် ဝိနည်းတရားတော်ကိုလည်း ပညတ်အပ်ပြီ။ ထို သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်သည်လည်း ငါဘုရားလွန်သဖြင့် သင်တို့၏ဆရာ ဖြစ်လတ္တံ့။ ထို့ကြောင့် 'ဘုရား လွန်လေပြီ၊ ဘုရား မရှိပြီ'ဟု မမှတ်လင့်''။ ဤသို့ မြတ်စွာဘုရားသည် ရဟန်းအပေါင်းတို့ကို ဆုံးမတော်မူပြီး၍ နောင်အခါဖြစ်သော အလေ့အကျက်ကို ပြုတော်မူလို၍၊

''အာနန္ဒာ။ ယခု ငါဘုရား ထင်ရှားရှိတော်မူသောအခါ၌ ရဟန်းတို့သည် အချင်းချင်း အကြင်'အာဝုသော' ဟူသောစကားဖြင့် သင်တို့ ခေါ်ဝေါ်ကုန်သည်။ ထို'အာဝုသော' ဟူသောစကားဖြင့် ငါဘုရားပရိနိဗ္ဗာန်ပြု၍ လွန်ပြီးသည်နောက် မခေါ်ဝေါ်အပ်။ အာနန္ဒာ။ သိက္ခာဝါကြီးသောရဟန်းသည် သိက္ခာဝါငယ်သောရဟန်းကို အမည်ဖြင့် လည်းကောင်း၊ အနွယ်ဖြင့် လည်းကောင်း၊ 'အာဝုသော' ဟူသောစကားဖြင့် လည်းကောင်း ပြောဟောခေါ်ဝေါ်အပ်၏။ သိက္ခာဝါငယ်သောရဟန်းသည် သိက္ခာဝါကြီးသော ရဟန်းကို 'ဘန္တေ' ဟူ၍ လည်းကောင်း၊ 'အာယသ္မာ' ဟူ၍လည်းကောင်း ပြောဟောခေါ်ဝေါ်အပ်၏။

''အာနန္ဒာ။ ဆန္နရဟန်းကို ငါ လွန်သဖြင့် ဗြဟ္မဒဏ်ကို ပေးဘိ'' ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း ''အရှင်ဘုရား။ ဗြဟ္မဒဏ်ဟူသည် အဘယ်နည်း'' ဟု လျှောက်သည်ရှိသော်၊ ''အာနန္ဒာ။ ဆန္နရဟန်းသည်ကား သူဆိုလိုသမျှကို ဆိုသည်။ ထိုဆန္နကို တစ်ပါးသောရဟန်းတို့သည် မဆို၊ မဆုံးမဘဲ ဗြဟ္မဒဏ် ပေးအပ်၏''

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍၊ ''ချစ်သားရဟန်းတို့။ ဘုရား၌ လည်းကောင်း၊ တရား၌ လည်းကောင်း၊ သံဃာ၌ လည်းကောင်း၊ မဂ်၌ လည်းကောင်း၊ အကျင့်၌ လည်းကောင်း တစ်စုံတစ်ယောက်သောရဟန်း၏ ယုံမှားခြင်း၊ တွေးတောခြင်းသည် ဖြစ်အံ့။ ချစ်သားတို့။ သင်တို့သည် ငါဘုရားကို မေးလျှောက်ကုန်လော့။ ချစ်သားရဟန်းတို့။ 'ငါဘုရားကိုယ်တော်ကို မျက်မှောက်ထင်ထင် မြင်လိုက်ရလျက် မမေးလိုက်ရ'ဟု နောင်တပူပန်ခြင်း မဖြစ်စေလင့်'' ဟု မိန့်တော်မူသော်၊ ရဟန်းတို့သည် ဆိတ်ဆိတ်သာ နေကြကုန်၏။ ထို့အတူ ၃ ကြိမ်မြောက်အောင် မိန့်တော်မူ၏။ ရဟန်းတို့သည်လည်း ဆိတ်ဆိတ်သာ နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍၊ ''ချစ်သားရဟန်းတို့။ ငါဘုရား၌ ရိုသေသဖြင့် အကယ်၍ မမေးကုန်သည် ဖြစ်အံ့။ အဆွေခင်ပွန်းဖြစ်သော ရဟန်းတို့အား လည်းကောင်း၊ အပေါင်းအဖော်ဖြစ်သော ရဟန်းတို့အား လည်းကောင်း ကြားလော့'' ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူလတ်သော် ထိုရဟန်းတို့သည် ဆိတ်ဆိတ်သာနေကုန်၏။



www.burmeseclassic.com

ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဘုရား။ အံ့ဖွယ်ရှိစွ။ မဖြစ်ဘူးမြဲ ဖြစ်သည်တကား။ အရှင်ဘုရား။ ဤရဟန်းသံဃာ၌ တစ်စုံတစ်ယောက်သော ရဟန်း၏လည်း ဘုရား၊ တရား၊ သံဃာ အစရှိသည်၌ ယုံမှားတွေးတောခြင်း မရှိ။ ထို့ကြောင့် ကြည်ညိုဖြစ်၏" ဟု လျှောက်ပေသော်၊

"အာနန္ဒာ။ သင်သည် ကြည်ညိုသည်ဖြစ်၍သာလျှင် ဆိုသည်။ အာနန္ဒာ။ ဤသို့ ယုံမှားခြင်းကင်းရာ၌ ယုံမှားခြင်းမရှိသည်၏အဖြစ်ကို ငါဘုရားသည် ပစ္စက္ခသိတော်မူ၏။

"ဤရဟန်းအပေါင်း၌ တစ်ယောက်သောရဟန်း၏ ယုံမှားတွေးတောခြင်းမရှိ။ အဘယ်ကြောင့် မရှိသနည်း ဟူမူကား အာနန္ဒာ။ ဤ ၅၀၀ သောရဟန်းတို့တွင် အကြင်ရဟန်းသည် ဂုဏ်အားဖြင့် ငယ်၏။ ထိုရဟန်းသည် သောတာပန်တည်း။ အပါယ်သို့ လားစေတတ်သော အကုသိုလ် မရှိ။ 'အရိယမဂ်'တည်းဟူသော မြဲသောသဘောဖြင့် မြဲသောသဘောရှိ၏။ အထက်မဂ် ၃ ခုသို့ ရောက်ခြင်းသဘောရှိ၏။ ထို့ကြောင့် တစ်ယောက်သော ရဟန်း၏လည်း ယုံမှားခြင်း၊ တွေးတောခြင်းမရှိ" ဟု မိန့်တော်မူ၏။

ထို့နောင်မှ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍၊ 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။' ဟူသော အဆုံးစွန်သောတရားတော်ကို ဟောတော်မူ၏။

ဤ၌ အဓိပ္ပါယ်ကား-

"ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်ခြင်းသဘောရှိကုန်၏။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံကုန်လော့။ ဣတိ၊ ဤသို့။ ဝေါ၊ သင်တို့အား။ အဟံ၊ ငါဘုရားသည်။ ဣဒါနိ၊ ယခုအခါ၌။ အာမန္တယာမိ၊ ခေါ်တော် မူ၏။"

**ဤတရားစကားတော်သည် နောက်ဆုံးဖြစ်သော စကားတော်တည်း။**

## ၁၃- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် ပထမဈာန်ကို ဝင်စားတော်မူ၏။ ပထမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏။ ဒုတိယဈာန်မှ ထတော်မူ၍ တတိယဈာန်ကို ဝင်စားတော်မူ၏။ တတိယဈာန်မှ ထတော်မူ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏။ စတုတ္ထဈာန်မှ ထတော်မူ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားတော်မူ၏။ အာကာသာနဉ္စာယတနဈာန်မှ ထတော်မူ၍ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားတော်မူ၏။ ဝိညာဏဉ္စာယတနဈာန်မှ ထတော်မူ၍ အာကိဉ္စညာယတနဈာန်ကို ဝင်စားတော်မူ၏။ အာကိဉ္စညာယတနဈာန်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားတော်မူ၏။ နေဝသညာနာသညာယတနဈာန်မှ ထတော်မူ၍ သညာ၊ ဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါကို "အရှင်အနုရုဒ္ဓါ။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူချေပြီလော"ဟု မေးတော်မူ၏။ အရှင်အနုရုဒ္ဓါသည်လည်း "ငါ့ရှင်အာနန္ဒာ။ ဘုရားသခင် ပရိနိဗ္ဗာန် မပြုသေး။ သညာ၊ ဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓသမာပတ်ကို ဝင်စားတော်မူသည်" ဟု ဆိုပေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် သညာ၊ ဝေဒနာတို့၏ချုပ်ရာဖြစ်သော နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားတော်မူ၏။ နေဝသညာနာသညာယတနဈာန်မှ ထတော်မူ၍ အာကိဉ္စညာယတနဈာန်ကို ဝင်စားတော်မူ၏။ အာကိဉ္စညာယတနဈာန်မှ ထတော်မူ၍ ဝိညာဏဉ္စာယတနဈာန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတော်မူ၏။ ဤသို့ ပဋိလောမအားဖြင့် ပထမဈာန်တိုင်အောင် ဝင်စားတော်မူ၏။ ပထမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူ၏။ စတုတ္ထဈာန်မှ ထတော် မူသည်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်စံတော်မူ၏။

ထိုသို့ ဘုရားသခင်သည် ညဉ့်ဦးယံ၌ မလ္လာမင်းတို့အား တရားဟော၍၊ သန်းခေါင်ယံ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမ၍၊ မိုးသောက်ယံ၌ ရဟန်းတို့ကို ဆုံးမတော်မူ၍၊ လင်းအားကြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဘုရားသခင် ပရိနိဗ္ဗာန်စံ ယူတော်မူသည်နှင့်တကွ ကြောက်ခြင်း, ထိတ်လန့်ခြင်းကို ဖြစ်စေတတ်ကုန်သော၊ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော ပြင်းစွာသောမြေလှုပ်ခြင်း ဖြစ်၏။ နတ်တို့၏ တော်လည်းခြင်းသည် ခြိမ်းခြိမ်းသိမ့်သိမ့်မြည်ကုန်၏။

ဘုရားသခင် ပရိနိဗ္ဗာန်စံယူတော်မူသည်ရှိသော် သဟမ္ပတိဗြဟ္မာမင်းသည် ဤဂါထာကို ရွတ်၏။

'သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။'

''ဘောန္တော၊ အို-အရှင်တို့။ ယတ္ထ-ယသ္မိံလောကေ၊ အကြင်သတ္တလောက၌။ ပရိယာပန္နော၊ အကျုံးဝင်သော။ ဧတာဒိသော၊ ထိုသို့သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသောသဘော ရှိထသော။ သတ္ထာ၊ နတ်တို့နှင့်တကွသော လူတို့၏ဆရာ ဖြစ်တော်မူထသော။ အပ္ပဋိပုဂ္ဂလော၊ တုဖက်မရှိသောပုဂ္ဂိုလ် ဖြစ်တော်မူထသော။ ဗလပ္ပတ္တော၊ '၁၀ ပါးအပြားရှိသော ဉာဏ်တည်း'ဟူသောအားသို့ ရောက်တော်မူပြီးထသော။ သမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားတို့ကို သယမ္ဘူဉာဏ်ဖြင့် သိတော်မူထသော။ တထာဂတောသိ၊ မြတ်စွာဘုရားသည်လည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုသေး၏ရှင့်။ အဟော၊ တစ်ပါးသောသူသည်ကား။ မရဏာတော၊ သေခြင်းမှ။ ကုတောမုစ္စတိ၊ အဘယ်မှာ လွတ်ပါအံ့နည်း။ တတ္ထ-တသ္မိံလောကေ၊ ထိုသတ္တလောက၌။ ပရိယာပန္နာ၊ အကျုံးဝင်ကုန်သော။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊ ခန္ဓာ ၅ ပါး အပေါင်းအစုဟု ဆိုအပ်သော အတ္တဘောကို။ နိက္ခိပိဿန္တိ၊ ပစ်ချရကုန်လတ္တံ့.''

မြတ်စွာဘုရားပရိနိဗ္ဗာန်ယူတော်မူသောခဏ၌ သိကြားမင်းသည် ဤဂါထာကိုရွတ်၏။

'အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ'

''ဘောန္တော၊ အို-အရှင်တို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အမြဲ မရှိကုန်စွတကား။ ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်ခြင်း, ပျက်ခြင်းသဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ချမ်းသာ၏။''

မြတ်စွာဘုရားပရိနိဗ္ဗာန်ယူတော်မူသည်နှင့် တကွနက်လျှင် အရှင်အနုရုဒ္ဓါသည် ဤသို့သော ဂါထာ ၂ ခုတို့ကို ရွတ်၏။

'နာဟု အဿာသပဿာသာ၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလ အကရိ မုနိ။



www.burmeseclassic.com

www.burmeseclassic.com



'အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။'

"သောဏ္ဌော၊ အိုး-အရှင်တို့။ အနေဇော၊ တဏှာကင်းစင်တော်မူသော။ ယံ ယောမုနိ၊ အကြင်မြတ်စွာဘုရားသည်။ သန္တိ၊ နိဗ္ဗာန်သို့ ဝင်ခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကာလံ၊ စုတိခြင်းကို။ အကရိ၊ ပြုတော်မူ၏။ ဌိတစိတ္တဿ၊ လောကဓံတရား ၈ ပါးတို့သည် မလှုပ်ချောက်ချားနိုင်သည်ဖြစ်၍ တည်ကြည်သောစိတ်ရှိထသော။ တာဒိနော၊ သည်းခံခြင်း တာဒိလက္ခဏာနှင့် ပြည့်စုံတော်မူထသော။ တဿမုနိနော၊ ထိုမြတ်စွာဘုရား၏။ အဿာသပဿာသာ၊ ထွက်သက်, ဝင်သက်တို့သည်။ နအဟု၊ မဖြစ်ကုန်ပြီ။

"အသလ္လီနေန၊ တွန့်တိုခြင်းမရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ ယောမုနိ၊ အကြင်မြတ်စွာဘုရားသည်။ ဝေဒနံ၊ ကာယိယ ဒုက္ခဝေဒနာကို။ အဇ္ဈဝါသယိ၊ သည်းခံတော်မူ၏။ ပဇ္ဇောတဿ၊ ဆီမီး၏။ နိဗ္ဗာနံဣဝ၊ ငြိမ်းသကဲ့သို့။ တဿမုနိနော၊ ထိုမြတ်စွာဘုရား၏။ စေတသော၊ စိတ်၏။ ဝိမောက္ခော၊ သင်္ခါရတရားမှ လွတ်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။

[အဋ္ဌကထာ၌ကား-'သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘပဋိစ္စ သန္ဓာယ ယံကာလံ အကရိ၊ ဣဒံ ဝုတ္တံ ဟောတိ' ဟု ရှိသည်။

အနက်ကား- သန္တိမာရဗ္ဘာတိ၊ သန္တိမာရဗ္ဘ ဟူသည်ကား။ အနုပါဒိသေသံ၊ ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဋိစ္စ၊ စွဲ၍။ သန္ဓာယ၊ ရည်၍။ ယံကာလံ၊ အကြင်စုတေခြင်းကာလကို။ အကရိ၊ ပြုတော်မူ၏။ ဣဒံ-ဧသောအဓိပ္ပါယော၊ ဤသို့သော အဓိပ္ပာယ်ကို။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။]

ဘုရားသခင်ပရိနိဗ္ဗာန်ပြုပြီးသော် အရှင်အာနန္ဒာသည် ဤဂါထာကို ရွတ်၏။

'တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ။
သဗ္ဗာကာရ ဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။'

"သဗ္ဗာကာရ ဝရူပေတေ၊ အလုံးစုံသောအခြင်းအရာနှင့် ပြည့်စုံသော။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ တဒါ၊ ထို ပရိနိဗ္ဗာန်ပြုသောအခါ၌။ ဘိံသနကံ၊ ကြောက်ခြင်းကို ဖြစ်စေတတ်သော မြေကြီးလှုပ်ခြင်းသည်။ အသိ၊ ဖြစ်၏။ တဒါ၊ ထို ပရိနိဗ္ဗာန် ပြုတော်မူသောအခါ၌။ လောမဟံသနံ၊ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော မြေကြီးလှုပ်ခြင်းသည်။ အသိ၊ ဖြစ်၏။"

ဘုရားသခင်ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ဖြစ်ကုန်သော ရဟန်းတို့သည် လက်တို့ကိုချီ၍၊ လက် ၂ ဖက်တို့ကို ဦးခေါင်းပေါ်၌တင်၍၊ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော ဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏။ လောက၌ လူတို့၏မျက်စိဖြစ်သော ဘုရားသခင်သည် အလွန်လျင်စွာ ကွယ်တော်မူ၏"

ဤသို့ ငိုကြွေးမြည်တမ်းကြကုန်၏။ လူးလဲကြကုန်၏။

အနာဂါမ် ရဟန္တာတို့ကား သတိနှင့် ပြည့်စုံကုန်သည်ဖြစ်၍, ပညာအဆင်အခြင်နှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ 'သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ဤ သင်္ခါရတရား၌ အကျိုးဝင်သော မြတ်စွာဘုရား၏ကိုယ်တော်ကို မပျက်စီးစိမ့်သောငှာ အဘယ်မှာ ရနိုင်ပါအံ့နည်း' ဟု နှလုံးသွင်း၍ သည်းခံကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကို ခေါ်တော်မူ၍၊

''ငါ့ရှင်တို့။ မစိုးရိမ်ကုန်လင့်။ မငိုကြွေးကုန်လင့်။ ငါ့ရှင်တို့ မြတ်စွာဘုရားသည် ရှေးဦးစွာကလျှင် ဤသို့သောစကားကို ဟောကြားတော်မူပြီ မဟုတ်လော။ ချစ်နှစ်သက်အပ်ကုန်သော အဆွေအမျိုး အစ ရှိကုန်သောသူတို့နှင့် နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝ ဖြစ်ခြင်း ရှိ၏။ ငါ့ရှင်တို့။ ဤသင်္ခါရတရား၌ အကျုံးဝင်သော ဘုရားသခင်ကိုယ်တော်ကို မပျက်စီးစေဘဲ အမြဲတည်စိမ့်သောငှာ အဘယ်မှာ ရနိုင်ပါအံ့နည်း။

''ငါ့ရှင်တို့။ မြတ်စွာဘုရား၏ကိုယ်တော်သည် ဖြစ်ခြင်း ရှိ၏။ ထင်ရှားဖြစ်ခြင်း ရှိ၏။ အကြောင်း တရားတို့သည် ပြုပြင်အပ်၏။ ပျက်စီးခြင်း သဘောတရားလည်း ရှိ၏။ 'ထိုမြတ်စွာဘုရား ကိုယ်တော်သည် မပျက်စီးစေဘဲ အမြဲတည်ပါမူကား ကောင်းလေစွတကား'ဟု မပျက်စီးကြောင်းကို သင်တို့ တောင့်တကုန်၏။ ထို 'မပျက်စီးခြင်း၏ အကြောင်းသည်မရှိ'ဟု ဟောအပ်၏။

''ငါ့ရှင်တို့။ နတ်တို့သည် 'အရှင်ကောင်းတို့ကား မိမိတို့သည်လည်း သည်းခံအံ့သောငှာ မတတ်နိုင် ကြကုန်။ ကြွင်းသောလူတို့ကား အဘယ်သို့သက်သာရာကို ရနိုင်ကုန်အံ့နည်း' ဤသို့ကဲ့ရဲ့ကုန်၏'' ဟု မိန့်တော်မူပေ၏။

## ၁၄- မြတ်စွာဘုရားအလောင်းတော်ကို မီးပူဇော်ရာသို့ ပင့်ဆောင်ခြင်း

''အရှင်အနုရုဒ္ဓါ။ ဥပပတ်ပဋိသန္ဓေနေကုန်သော နတ်တို့သည် အဘယ်သို့ နှလုံးသွင်းကုန်သနည်း'' ဟု အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါကို မေးလျှောက်၏။

''ငါ့ရှင်အာနန္ဒာ။ ကောင်းကင်၌ 'မြေ'ဟု အမှတ်ရှိကုန်သော နတ်တို့သည် ဆံတို့ကို ဖရိုဖရဲ ကြဲကုန်၍၊ လက် ၂ ဖက်တို့ကို မြှောက်ကုန်၍ ငိုကြွေးမြည်တမ်း ကြကုန်၏။ လူးလဲကြကုန်၏။ 'ဘုန်းတော် ၆ ပါး မြတ်တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏။ မျက်စိအမြင် ရှိတော်မူသော မြတ်စွာဘုရား သည် အလွန်လျင်စွာ ကွယ်တော်မူ၏'ဟု မြည်တမ်းကြကုန်၏။ အကြင် နတ်တို့သည်ကား ကင်းသောရာဂ ရှိကုန်၏။ ထိုနတ်တို့သည် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍၊ သင်္ခါရတရားတို့သည် အမြဲမရှိကုန်။ ထိုသင်္ခါရ တရားတို့၌ အကျုံးဝင်သော မြတ်စွာဘုရားကိုယ်တော်ကို မပျက်စီးစေဘဲ မြဲစိမ့်သောငှာ အဘယ်မှာ ရပါ အံ့နည်း' ဟု နှလုံးထား၍ သည်းခံနိုင်ကုန်၏'' ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူပေ၏။

ထိုအခါ အရှင်အနုရုဒ္ဓါ, အရှင်အာနန္ဒာတို့သည် ထိုည၌အကြွင်းကို တရားစကားဖြင့် လွန်စေကုန်၏။

အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ ''ငါ့ရှင်အာနန္ဒာ။ သွားချေလော့။ ကုသိနာရုံ ပြည်တွင်းသို့ ဝင်၍၊ မလ္လာမင်းတို့အား 'ဝါသိဋ္ဌအမျိုးတို့။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူပြီ။ ပရိနိဗ္ဗာန် ပြုတော်မူရာ အရပ်သို့ သင်တို့လာခြင်း၏ အခါကာလကိုအောက်မေ့ကြကုန်။ အမှုကိစ္စဆောင်ရွက်ရခြင်း အခါကာလကို သင်တို့ပြုကြကုန်'ဟု ကြားချေလော့'' ဟု ဤသို့စေလိုက်၏။ အရှင်အာနန္ဒာသည် ''ကောင်း ပါပြီ။ အရှင်ဘုရား'' ဟု အရှင်အနုရုဒ္ဓါ၏စကားကို ဝန်ခံ၍၊ နံနက်အခါ၌ သပိတ်, သင်္ကန်းကိုဆောင်ယူ လျက် အဖော်မပါဘဲ တစ်ပါးတည်းသာ ကုသိနာရုံပြည်တွင်းသို့ ဝင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဝင်တော်မူသောအခါ မလ္လာမင်းတို့သည်လည်း မိမိတို့ စည်းဝေးမြဲဖြစ်သောဇရပ်၌ စည်းဝေးကုန်၍ နေကြကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် မလ္လာမင်းတို့ရှိရာသို့ ကြွ၍၊ "ဝါသိဋ္ဌအမျိုးတို့။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူပြီ။ သင်တို့သည် သွားရအံ့သောအခါကို အောက်မေ့ကုန်လော့" ဟု မိန့်တော်မူ၏။

မလ္လာမင်းတို့သည် လည်းကောင်း၊ မလ္လာမင်း၏မယား၊ သား အစရှိသောသူတို့သည် လည်းကောင်း အရှင်အာနန္ဒာပြောသော စကားကို ကြားကုန်၍ နှလုံးမသာယာခြင်း၊ ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သည် ဖြစ်၍၊ အချို့သောသူတို့သည် ဆံကိုဖရိဖရဲကြဲဖြန့်ကုန်လျက် လက်တို့ကိုချီ၍ ငိုကြွေးမြည်တမ်းကြကုန်၏။

"ဘုန်းတော် ၆ ပါး မြတ်တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် လျင်လျင်လျားလျား ပရိနိဗ္ဗာန်ပြုတော်မူ၏။ ၅ ပါးသော စက္ခုအမြင်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် မရှည်မကြာခင် ကွယ်တော်မူခဲ့သည်" ဟု မြည်တမ်းကုန်လျက် ငိုကြွေးလူးလဲကြကုန်၏။

ထိုအခါ မလ္လာမင်းတို့သည် မင်းချင်းတစ်ယောက်ကို ခေါ်၍၊ "အချင်းယောကျ်ား။ သွားတည့်ချေလော့။ ကုသိနာရုံပြည်တွင်း၌နေကုန်သော အလုံးစုံသောမင်းမိန်းမတို့သည် အလုံးစုံသောနံ့သာ၊ ပန်းမန်တို့ကို လည်းကောင်း၊ စည်၊ စောင်း၊ ငြင်းတို့ကို လည်းကောင်း ယူ၍ ဘုရားသခင်ပရိနိဗ္ဗာန်ပြုရာသို့ စည်းဝေးကြစေကုန်လော့" ဟု စေလိုက်၏။

ထိုသို့စေလိုက်သောခဏ၌ပင်လျှင် ကုသိနာရုံပြည်၌နေကုန်သော ဝါသိဋ္ဌအမျိုး ဖြစ်သောမလ္လာမင်းတို့သည် သား၊မယားတို့နှင့်တကွ အလုံးစုံသောနံ့သာမျိုးတို့ကို လည်းကောင်း၊ ခပ်သိမ်းသော မောင်း၊ ကြေးနင်း အစရှိကုန်သော အတီးအမှုတ်မျိုးတို့ကို လည်းကောင်း၊ ၅၀၀ သော ပုဆိုးစုံ တို့ကို လည်းကောင်း ယူခဲ့ကုန်၍၊ ကုသိနာရုံပြည်၏ တောင်အင်္ကျေသို့ သွားကုန်၍ ဘုရားသခင်၏ အလောင်းတော်ရှိရာ ရောက်ကုန်လျှင်၊ အလောင်းတော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ နံ့သာပန်းတို့ဖြင့် အရိုအသေအလေးအမြတ် ပြုကြကုန်၏။ မြတ်နိုးပူဇော်ခြင်းကိုလည်း ပြုကြကုန်၏။ ပုဆိုး၊ဗိတာန်တို့ကိုလည်း ပြုကြကုန်၏။ ပုဆိုးမဏ္ဍပ်တို့ကို စီရင်ကြကုန်လျက် ထိုနေ့ကို လွန်စေကုန်၏။

ထိုအခါ၌ မလ္လာမင်းတို့သည် "ယနေ့ပင် ဘုရားသခင်၏အလောင်းတော်ကို မီးပူဇော်ရမည်လည်း အလွန်လျင်မြန်လှသည်။ နက်ဖြန်မှ ဘုရားသခင်၏ အလောင်းတော်ကို မီးပူဇော်ကုန်အံ့" ဟု အကြံဖြစ်ကြ၏။ ထိုအခါ၌ မလ္လာမင်းတို့သည် ဘုရားသခင်၏အလောင်းတော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပန်းနံ့သာတို့ဖြင့် အရိုအသေအလေးအမြတ် ပြုကြကုန်လျက်၊ ပူဇော်ကုန်လျက်၊ ပုဆိုးဗိတာန်တို့ကို ပြုကုန်လျက်၊ ပုဆိုးမဏ္ဍပ် တို့ကို ပြုကုန်လျက် ၂ ရက်မြောက်သောနေ့ကို လွန်စေကုန်၏။

ထို့အတူပင် ၃ ရက်မြောက်သော နေ့၊ ၄ ရက် မြောက်သောနေ့၊ ၅ ရက်မြောက်သောနေ့၊ ၆ ရက် မြောက်သောနေ့တို့ကို လွန်စေကုန်၏။ ၇ ရက်မြောက်သောနေ့၌ မလ္လာမင်းတို့အား "ငါတို့သည် ဘုရားသခင်၏အလောင်းတော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့် လည်းကောင်း အကြည်အညို၊ အရိုအသေပြုကုန်လျက်၊ မြတ်နိုးတနာပူဇော်ကြကုန်လျက် မြို့၏တောင်အရပ် အဖို့ဖြင့် တောင်အရပ်သို့ ဆောင်ပြီး၍၊ အပဖြစ်သော ပြင်အရပ်အဖို့ဖြင့်သာလျှင် အပဖြစ်သောအရပ်သို့ဆောင်၍ မြို့တောင်အရပ်၌ မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးပူဇော်ကုန်အံ့" ဟု အကြံဖြစ်ကုန်၏။

ထိုအခါ၌ ၈ ယောက်သော ခွန်အားကြီးသောမလ္လာမင်းတို့သည် ဦးခေါင်းဆေးကုန်ပြီးသည် ဖြစ်၍၊ ကစီမချသေးသော ပုဆိုးကိုဝတ်လျက် 'ငါတို့မြတ်စွာဘုရားအလောင်းတော်ကို ချီကုန်အံ့' ဟု နှလုံးသွင်း၍ ချီကြွကြကုန်သည်ရှိသော် ချီကြွခြင်းငှာ မတတ်နိုင်ကုန်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မကြွနိုင်သောအခါ၌ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါကို "အရှင်အနုရုဒ္ဓါ။ မလ္လာမင်းတို့၏ အကြီးဖြစ်သော ၈ ယောက်သော မလ္လာမင်းတို့သည် ဘုရားသခင်၏ အလောင်းတော်ကို ချီကြွပါကုန်သော်လည်း မချီမကြွနိုင်ပါကုန်။ အကြောင်း အသို့တုံနည်း" ဟု မေးလျှောက်ကြကုန်သော်၊ အရှင်အနုရုဒ္ဓါလည်း "ဒါယကာတို့။ သင်တို့စိတ်အကြံအလိုလည်း တစ်ပါးတခြား၊ နတ်တို့၏ စိတ်အကြံအလိုလည်း တစ်ပါးတခြား ဖြစ်ကုန်သည်" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ လူတို့၏စိတ်အကြံကိုကား သိရကုန်ပြီ။ နတ်တို့၏စိတ်အကြံအစည်ကား အသို့တုံပါနည်း" ဟု မေးလျှောက်ကြကုန်သော်၊

"ဝါသိဋ္ဌအမျိုးဖြစ်ကုန်သော မလ္လာမင်းတို့။ သင်တို့၏ စိတ်အကြံအစည်မှာ 'မြတ်စွာဘုရား၏အလောင်းတော်ကို အရိုအသေအလေးအမြတ် ပွဲလမ်းသဘင်တို့ဖြင့် ပူဇော်ခြင်း၊ နံ့သာပန်း ပူဇော်ခြင်းတို့ဖြင့် မြို့ပြင်ကကို မြို့ပြင်သို့ ပူဇော်ကုန်အံ့။ မြို့၏တောင်မျက်နှာဖြင့် တောင်မျက်နှာအရပ်သို့ဆောင်ပြီးလျှင် မီးပူဇော်ကုန်အံ့'ဟု ကြံကြကုန်သည်။ နတ်တို့၏အလိုကား မြတ်စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့် လည်းကောင်း အရိုအသေပူဇော်ကုန်လျက် မြို့၏အနောက်ဖြင့် မြောက်အရပ်သို့ဆောင်၍၊ မြောက်တံခါးဖြင့် မြို့တွင်းသို့ ဝင်ပြန်လျှင်၊ မြို့လယ်အရပ်ဖြင့် မြို့ လယ်သို့ ဆောင်ပြန်၍၊ အရှေ့တံခါးဖြင့် ထွက်၍ အရှေ့အရပ်၌ 'မကုဋဗန္ဓန'အမည်ရှိသော မလ္လာမင်းတို့၏ မင်္ဂလာပြုရာအရပ်၌ အလောင်းတော်ကို မီးပူဇော်ကုန်အံ့'ဟု နတ်တို့အကြံ ဖြစ်ကုန်သည်" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ နတ်တို့အလိုရှိတိုင်းပင် ဖြစ်ပါစေတော့" ဟု မလ္လာမင်းတို့ ဆိုကုန်၏။

ထိုအခါ ကုသိနာရုံပြည် မလ္လာမင်းတို့သည် အိမ်ခြိစပ် မစင်ကြယ်သောအရပ်, တံမြက်ချေးစွန့်ရာအရပ်တိုင်အောင် ပုဆစ်အတိုင်းအရှည်ရှိသော အပိုင်းအခြားဖြင့် 'မန္ဒာရဝ'မည်သော ထင်ရှားပန်းတို့ဖြင့် ခင်းကုန်၏။ ထိုအခါ၌ နတ်တို့သည် လည်းကောင်း, လူတို့သည် လည်းကောင်း အလောင်းတော်ကို ပူဇော်ကြကုန်၏။ ထိုနတ်တို့၏သဘင်ပွဲလမ်းတို့ကား အထက်၌ ဖြစ်ကုန်၏။ လူတို့၏သဘင်ပွဲလမ်းတို့ကား အောက်၌ဖြစ်ကုန်၏။ နတ်တို့၏အကြားအကြား၌ လူတို့နေကုန်၏။ လူတို့၏အကြားအကြား၌လည်း နတ်တို့နေကုန်၏။ ဤသို့ရှိခိုး ပူဇော်ချီးမြှောက်ကြကုန်လျက် မြို့၏အနောက်ဖြင့် မြောက်သို့ဆောင်ယူလေ၍ မြောက်တံခါးဖြင့်ပင်လျှင် မြို့တွင်းသို့သွင်းပြန်၍ မြို့လယ်ဖြင့် ဆောင်ယူကုန်၏။

ဤသို့ဆောင်ယူကုန်သည်ရှိသော်၊ ဗန္ဓုလစစ်သူကြီး၏ ခင်ပွန်း'မလ္လိကာ' အမည်ရှိသောမိန်းမသည် ဘုရားသခင်၏အလောင်းတော်ကို ဆောင်ယူ၍လာသည်ကို ကြား၍၊ မိမိလင်သေသောကာလကပင် မဆင်ယင်ဘဲထားသော ဝိသာခါ၏တန်ဆာနှင့် တူသော မဟာလတာတန်ဆာကိုထုတ်၍၊ 'ဤတန်ဆာဖြင့် မြတ်စွာဘုရားကို ပူဇော်အံ့'ဟူ၍၊ ထိုတန်ဆာကို နံ့သာရေဖြင့်ဆေး၍ အိမ်တံခါးဝ၌ ရပ်လျက်နေလင့်၏။

မြတ်စွာဘုရား၏ အလောင်းတော်သည် မလ္လိကာ၏အိမ်တံခါးဝသို့ ရောက်လတ်သော်၊ "အမောင်တို့။ မြတ်စွာဘုရားသခင်၏ အလောင်းတော်ကို ချကြပါဦး" ဟုဆို၍၊ ထိုတန်ဆာကို မြတ်စွာဘုရားသခင်၏ ကိုယ်တော်၌ လွှမ်း၏။ ထိုတန်ဆာသည် ဦးခေါင်းမှစ၍စွပ်သည်ရှိသော် ခြေဖဝါးတော်တိုင်အောင် ရောက်လေ၏။ ရွှေအဆင်းနှင့်တူသော ဘုရားသခင်ကိုယ်တော်ကို ရတနာ ၇ ပါးဖြင့်ပြီးသော မြတ်သောတန်ဆာဖြင့် ဆင်ယင်အပ်သည်ရှိသော် အတိုင်းထက်အလွန် တင့်တယ်လျောက်ပတ်၏။

မလ္လိကာ မြင်သည်ရှိသော် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍၊ ဆုတောင်းပတ္ထနာ ပြု၍၊ "အရှင်ဘုရား။ အကျွန်ုပ် သည် ဝဋ်တရား၌ ကျင်လည်သမျှကာလပတ်လုံး အသီးအခြား တန်ဆာဆင်သောကိစ္စသည် မဖြစ်ပါစေသတည်း။ အမြဲသာလျှင် တန်ဆာဆင်သည်နှင့်တူသော ကိုယ်ရှိသည် ဖြစ်ပါလို၏" ဟု ဆုတောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အလောင်းတော်ကို ရတနာဖြင့်ပြီးသော မြတ်သောတန်ဆာဖြင့်ချီ၍ အရှေ့တံခါးဖြင့် ထုတ်ဆောင်လေသော် အရှေ့မျက်နှာ၌ မလ္လာမင်းတို့၏ တန်ဆာဆင်ရာ, မင်္ဂလာပြုရာဖြစ်သော 'မကုဋဗန္ဓန' အမည်ရှိသောအရပ်၌ အလောင်းတော်ကို ချကုန်၏။

ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာကို "အရှင်အာနန္ဒာ။ ဘုရားသခင် အလောင်းတော်ကို အဘယ်သို့ ကြည်းဆောင် သင်္ဂြိုဟ်ရပါမည်နည်း" ဟု လျှောက်ကုန်၏။ အရှင်အာနန္ဒာကလည်း "ဝါသိဋ္ဌအမျိုးတို့။ စကြဝတေးမင်း၏အလောင်းတော်၌ ကြည်းဆောင်သင်္ဂြိုဟ်သကဲ့သို့ ထို့အတူပင် မြတ်စွာဘုရား၏ အလောင်းတော်၌ သင်တို့ ကြည်းဆောင်သင်္ဂြိုဟ်ကုန်လော့" ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူလတ်သော်၊ "အရှင်အာနန္ဒာ။ အဘယ်သို့သောအကြောင်းဖြင့် စကြဝတေးမင်း၏အလောင်းကို ဆောင်ရွက်သင်္ဂြိုဟ်သနည်း" ဟု လျှောက်ကုန်၏။

"ဝါသိဋ္ဌအမျိုးတို့။ စကြဝတေးမင်း၏အလောင်းကို ကစီမချသေးသော ပုဆိုးဖြင့် ရစ်ကုန်၏။ ပုဆိုးဖြင့်ရစ်ပြီးသော် ညက်စွာဖတ်အပ်သော, နှပ်အပ်သော ဝါဂွမ်းဖြင့် ရစ်ကုန်၏။ ရစ်ပြီးသော် ကစီမချသေးသောပုဆိုးဖြင့် ရစ်ကုန်၏။ ဤသို့သောနည်းဖြင့် ၅၀၀ သော ပုဆိုးအစုံတို့ဖြင့် စကြဝတေးမင်း၏အလောင်းကို ထုပ်၍၊ ရွှေဖြင့်ပြီးသော ဆီထည့်သောကျင်း၌ ထည့်၍၊ ရွှေကျင်းတစ်ခုဖြင့် မှောက်၍၊ အလုံးစုံသော ပန်းနံ့သာထင်းပုံတို့ကို ပြု၍ စကြဝတေးမင်း၏အလောင်းကို သင်္ဂြိုဟ်ကုန်သည်။ ခရီး ၄ ကြောင်းတို့၏အဆုံး၌ စကြဝတေးမင်း၏စေတီကို တည်ကုန်သည်။ ဤသို့ဆိုခဲ့တိုင်း စကြဝတေးမင်း၏ အလောင်းကို သင်္ဂြိုဟ်ဆောင်ရွက်ကုန်သည်။

"ဝါသိဋ္ဌအမျိုးတို့။ စကြဝတေးမင်း၏အလောင်းကို သင်္ဂြိုဟ်ဆောင်ရွက်သကဲ့သို့ ထို့အတူပင် မြတ်စွာဘုရား၏အလောင်းတော်ကိုလည်း သင်္ဂြိုဟ်ဆောင်ရွက်ကြကုန်လော့။ ခရီး ၄ ကြောင်းတို့၏အဆုံး၌ စေတီတည်ကုန်လော့။ ထိုစေတီတော်၌ ပန်းနံ့သာတို့ဖြင့် လျှုဒါန်းပူဇော်ကုန်သောသူတို့သည် လည်းကောင်း, ရှိခိုးခြင်းအစရှိသောအမှုကို ပြုကုန်သောသူတို့သည် လည်းကောင်း ရှည်စွာသော နေ့ညဥ့်ပတ်လုံး စီးပွား ချမ်းသာများခြင်းဖြစ်လတ္တံ့" ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ၌ မလ္လာမင်းတို့သည် မင်းချင်းယောကျ်ားတို့ကို "အချင်းတို့။ မလ္လာမင်းတို့ကို ညက်စွာဖတ်၍ နှပ်အပ်သော ဝါဂွမ်းတို့ကိုပေါင်းရုံးစေကုန်လော့" ဟု စေလိုက်ကုန်၏။

ထိုသို့စေလိုက်သောအခါ၌ မလ္လာမင်းတို့သည် ညက်စွာသောဝါဂွမ်းတို့ကို ဆောင်ယူ၍၊ မြတ်စွာဘုရား၏ကိုယ်တော်ကို ကစီမချသေးသောပုဆိုးဖြင့် ရစ်၍၊ ညက်စွာဖတ်အပ်သော နှပ်အပ်သော ဝါဂွမ်းတို့ဖြင့် ရစ်ကုန်၏။ ဝါဂွမ်းရစ်ပြီးသော် ပုဆိုးဖြင့် ရစ်ပြန်၏။ ဤသို့သောနည်းဖြင့် ၅၀၀ သောပုဆိုးစုံတို့ဖြင့် ကိုယ်တော်ကိုရစ်၍ ရွှေကျင်း၌ ထည့်ပြီးသော်၊ ရွှေကျင်းတစ်ခုဖြင့် မှောက်၍ အလုံးစုံသော နံ့သာထင်းပုံကို ပြုသဖြင့် ဘုရားသခင်၏အလောင်းတော်ကို ထင်းပုံထက်သို့ တင်ကြကုန်၏။

## ၁၅- မြတ်စွာဘုရားအလောင်းတော် မီးပူဇော်ရာသို့ အရှင်မဟာကဿပ ကြွလာတော်မူခြင်း

ထိုအခါ၌ အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်း ၅၀၀ တို့နှင့်တကွ ကြွတော်မူလာ၏။ ထိုအခါ အရှင်မဟာကဿပ၏ အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည် ချမ်းသာသဖြင့် ကြီးကုန်သည်ဖြစ်၍၊ မွန်းတည့်သောအခါ၌ ကျောက်ပူနှင့်တူသောမြေပူ၌ ခြေဖြင့်သွားကုန်သည်ရှိသော် ပင်ပန်းကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာကဿပသည် ပင်ပန်းကုန်သောရဟန်းတို့ကို မြင်၍၊ သွားအံ့သောခရီးသည်လည်း မဝေးလွန်း။ အတန်ငယ်အပင်အပန်းဖြေ၍ ပူပန်ခြင်းကိုငြိမ်းစေသဖြင့် ညချမ်းမှ ကုသိနာရုံသို့သွား၍ မြတ်စွာဘုရားကို ဖူးမြင်အံ့'ဟု ခရီးမှသက်၍၊ တစ်ခုသောသစ်ပင်ရင်း၌ ဒုကုဋ်ကို ခင်းပြီးလျှင် ရေဘူးမှရေဖြင့် လက်,ခြေတို့ကို ဆေး၍၊ ချမ်းအေးသည်ကိုပြုလျက်နေ၏။ အရှင်မဟာကဿပ၏ အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည် သစ်ပင်ရင်း၌ ထိုင်၍ အသင့်နှလုံးသွင်းခြင်း၌ အမှုကိုပြုကုန်လျက် ရတနာ ၃ ပါးတို့၏ကျေးဇူးကို ပြောဆိုကုန်လျက် နေကြကုန်၏။

ထိုသို့နေကြသောအခါ၌ တစ်ယောက်သောတက္ကတွန်းသည် ကုသိနာရုံပြည်မှ ခွက်ကြီးပမာဏရှိသော 'မန္ဒာရဝ'မည်သော ထင်ရှားပန်းကို အရိုးတပ်၍ ထီးကဲ့သို့ဆောင်းလျက် ပါဝါပြည်သို့ သွား၏။

အရှင်မဟာကဿပသည် ထိုတက္ကတွန်းကိုမြင်၍၊ 'ဤတက္ကတွန်း၏လက်၌ 'မန္ဒာရဝ'မည်သောပန်းသည် အခါခပ်သိမ်း လူတို့အရပ်၌ မထင်။ အကြင်အခါ၌ တန်ခိုးရှိသောသူသည် တန်ခိုးဖန်ဆင်း၏။ ထိုအခါ၌လည်း ဖြစ်၏။ ဘုရားအလောင်းပဋိသန္ဓေ နေသောအခါတို့၌လည်း ဤပန်းသည် ဖြစ်၏။ စင်စစ်မူကား တစ်စုံတစ်ယောက်သောသူသည် တန်ခိုးဖန်ဆင်းခြင်းကို မပြု။ ငါ၏ဆရာဖြစ်သော မြတ်စွာဘုရားသည် မယ်တော်ဝမ်းသို့ သက်တော်မူသည်လည်း ယခုမဟုတ်။ ဖွားတော်မူသည်လည်း မဟုတ်။ ယခု ဘုရားအဖြစ်သို့ ရောက်တော်မူသည်လည်း မဟုတ်။ ဓမ္မစကြာတရားကို ဟောတော်မူသောအခါလည်း မဟုတ်။ ယမိုက်ပြာဋိဟာကို ပြတော်မူသည်လည်း မဟုတ်။ တာဝတိံသာက ဆင်းသက်တော်မူသည့်နေ့လည်း မဟုတ်။ အာယုသင်္ခါရ လွှတ်တော်မူသည်လည်း မဟုတ်။ ငါ၏ ဆရာဘုရားသည် ကြီးရင့်တော်မူပြီ။ မချွတ်ဧကန် ပရိနိဗ္ဗာန်ကို ယူတော်မူသည် ဖြစ်လတ္တံ့.'' ဟု အကြံဖြစ်၏။

ထိုသို့ကြံပြီးသောနောင်မှ 'ထိုတက္ကတွန်းကို မေးမြန်းအံ့။ မေးမြန်းသော်ကား နေရာကထိုင်လျက်သာ မေးချေသော် ဘုရား၌ မရိုမသေပြုရာကျချေ၏။ နေရာမှထ၍ 'ဆဒ္ဒန္တ'မည်သောနဂါးမင်း၏ ပတ္တမြားစီသော ချပ်တန်ဆာကဲ့သို့ မြတ်စွာဘုရားသည်ပေးတော်မူအပ်သော, တိမ်အဆင်းနှင့်တူသော ပံ့သကူသင်္ကန်းကိုရုံ၍၊ ၁၀ ချောင်း ပေါင်းအပ်သောလက်တို့ဖြင့် ထွန်းပသောလက်အုပ်ကို ဦးခေါင်း၌ထား၍၊ ဘုရား၌ပြုအပ်သော ရိုသေခြင်းဖြင့် တက္ကတွန်းသို့ ရှေးရှုပြု၍၊ ''ငါ့ရှင်အာဇီဝက ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လော။'' ဟု မေး၏။

[ဤအရာ၌ အရှင်မဟာကဿပသည် 'ပရိနိဗ္ဗာန် ပြုတော်မူသည်ကိုသိလျက်နှင့် မေးသလော။ မသိသောကြောင့် မေးသလော' ဟူမူကား-ရဟန္တာတို့၏ သိခြင်းသည် နှလုံးသွင်းခြင်း, သတိပြုခြင်းနှင့် စပ်၏။ မကြည့်သောကြောင့်သာ အရှင်မဟာကဿပ မသိသည်ဖြစ်၍ မေးသည်ဟု အချို့သောဆရာတို့ ဆိုကုန်၏။

[အရှင်မဟာကဿပသည် သမာပတ်၌ မပြတ်လေ့လာ၍ ညဥ့်နေသောအရပ်, နေ့နေသောအရပ်, ဥမင်မဏ္ဍပ် စသည်တို့၌ သမာပတ်၏အစွမ်းဖြင့်သာလျှင် မှုတော်မူ၍၊ ဒါယကာတို့၏အနီးဖြစ်ရာ ရွာသို့လည်း ဝင်၍၊ ရွာတံခါး၌ သမာပတ်ကို ဝင်စား၍ သမာပတ်မှထသည်ရှိသော် ဆွမ်းကိုခံ၏။ အရှင်မဟာကဿပသည် 'အဆုံးစွန်သော ဤကိုယ်၏အဖြစ်ဖြင့် လူများကို ချီးမြှောက်ခြင်းကိုပြုအံ့' ဟု 'အကြင်သူတို့သည် ငါ့အား ဆွမ်းလှူအံ့။ ပန်းနံ့သာ အစရှိသည်တို့ဖြင့် အရိုအသေပြုအံ့။ ထိုသူတို့အား များစွာသောအကျိုးရှိစေ' ဟု ပြုတော်မူ၏။ ထို့ကြောင့် သမာပတ် များသောအားဖြင့်မသိ။ 'မသိသောကြောင့်သာလျှင် မေးသည်'ဟူ၍လည်း အချို့သောဆရာတို့ ဆိုကုန်၏။ ထိုစကားကို မယူအပ်။

[ပရိနိဗ္ဗာန်ပြုတော်မူရာ၌ မသိသောအကြောင်းမည်သည် မရှိ။ မြတ်စွာဘုရားသခင်၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် အလွန်ထင်ရှားလှ၏။ ၁ သောင်းသောလောကဓာတ်သည် တုန်လှုပ်ခြင်း အစရှိသော နိမိတ်တို့ဖြင့် ထင်ရှားရှိ၏။ အရှင်



www.burmeseclassic.com

www.burmeseclassic.com



မဟာကဿပ၏ပရိသတ်၌ အချို့သောရဟန်းတို့သည် မြင်ဖူးကုန်၏။ အချို့သောရဟန်းတို့သည် မမြင်ဘူးကုန်။ မြင်ဖူးသော ရဟန်းတို့သည်လည်း ဖူးမြင်ခြင်းကို အလိုရှိကုန်၏။ မမြင်ဘူးသော ရဟန်းတို့သည်လည်း ဖူးမြင်ခြင်းကို အလိုရှိကုန်၏။ ထိုရဟန်းတို့တွင် မမြင်ဖူးသောရဟန်းတို့သည် အလွန်မြင်ခြင်းငှာ အလိုရှိသောကြောင့် 'မြတ်စွာဘုရားကား အဘယ်မှာနည်း'ဟု သွား၍ မေးသည်ရှိသော်၊ 'ပရိနိဗ္ဗာန် ပြုချေပြီ'ဟု ကြားလျှင် ဆောက်တည်ရာမရ ရှိကြကုန်လတ္တံ့။ သပိတ်၊ သင်္ကန်းတို့ကို စွန့်ခဲ့၍ တစ်ထည်သောအဝတ်သင်္ကန်းကို မကောင်းသောဝတ်ခြင်းဖြင့် ရင်တီးလက်ခတ် ငိုလတ်ကုန်အံ့။

[ထိုအရပ်၌ အရှင်မဟာကဿပနှင့် အတူလာသော ပုံသကူကိုဆောင်သော 'အရှင်တို့သည် မိမိကိုယ်တိုင်ပင် မိန်းမတို့ကဲ့သို့ ငိုကြွေးကုန်၏။ "ထိုအရှင်တို့သည် ငါတို့ကို အဘယ်မှာ သက်သာရာရစေနိုင်အံ့နည်း' ဟု လူတို့ကဲ့ရဲ့ကုန် လတ္တံ့။ ငါတို့၏အပြစ်ကို ပြုကုန်လတ္တံ့။ ဤတောကြီးသည်ကား ဆိတ်ညံ၏။ ဤအရပ်၌ ဟုတ်ဟုတ်ငြားငြား ငိုကြွေးသည်ရှိသော် အပြစ်ဆိုဖွယ် မရှိ။ 'ရှေးဦးစွာ ကြားစမည်သည်ကား စိုးရိမ်ခြင်း ဖြစ်တတ်သည်' ဟု ရဟန်းတို့အား သတိကိုဖြစ်စိမ့်သော ငှာ သိဂ ဒ် မေးတော်မူသတည်း။]

ထိုသို့ အရှင်မဟာကဿပမေးတော်မူသောအခါ တက္ကတွန်းသည် "ငါ့ရှင်။ ဩော်-သိ၏။ ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ယနေ့ ၇ ရက်ရှိပြီ။ ထိုအရှင်ဂေါတမ ပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤ'မန္ဒာရဝ' မည်သော ထင်ရှားပန်းကို ငါ ယူခဲ့သည်" ဟု ပြောဆို၏။

ထိုသို့ပြောဆိုသောခဏ၌ ရဟန်း ၅၀၀ တို့တွင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ရဟန်းတို့သည် လက် ၂ ဖက်ကို ဦးခေါင်း၌တင်၍ ငိုကြွေးမြည်တမ်းကြကုန်၏။ မြေ၌လူးလဲကြကုန်၏။

"ဘုန်းတော် ၆ ပါး မြတ်တရားနှင့် ပြည့်စုံတော်မူသော ဘုရား၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော ဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီ။ လောက၌ ၅ ပါးသောစက္ခုနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ကွယ်တော်မူခဲ့ပြီ" ဟု ငိုကြွေးမြည်တမ်းကြကုန်၏။ မြေ၌လူးလဲကြကုန်၏။ အနာဂါမ်၊ ရဟန္တာတို့ကား သတိသမ္ပဇဉ်နှင့်ပြည့်စုံကုန်သည်ဖြစ်၍၊ 'သင်္ခါရတရား တို့သည် အမြဲမရှိကုန်။ ဤသို့ သင်္ခါရတရားတို့၌ အကျုံးဝင်တော်မူသော မြတ်စွာဘုရား၏ကိုယ်တော်ကို မပျက်စီးစေခြင်းငှာ သင်တို့ အဘယ်မှာ တတ်နိုင်ကုန်လတ္တံ့နည်း' ဟု နှလုံးသွင်း၍ သည်းခံကြကုန်၏။

ထိုသို့ငိုကြွေးသောအခါ 'သုဘဒ္ဒ'အမည်ရှိသော တောထွက်ရဟန်းသည် ငိုကြွေးသောရဟန်းတို့ကို "ငါ့ရှင်တို့။ အကြောင်းမသင့်။ မစိုးရိမ်ကြကုန်လင့်။ မငိုကြွေးကြကုန်လင့်။ ငါတို့လည်း ထိုရဟန်းကြီးလက်မှ လွတ်ကုန်ပြီ။ ထိုရဟန်းကြီးသည် ငါတို့ကို 'ဤကား မအပ်။ ဤအမှုကိုမပြုလင့်။ ဤအမှုကိုပြုကုန်ဟု နှိပ်စက် ညှဉ်းဆဲလှလေပြီ။ ယခုမှာမူကား ပြုလိုသမျှပြုရကုန်အံ့။ မပြုလိုသည့်အမှုကိုလည်း မပြုဘဲ နေကုန်အံ့" ဟု ဆို၏။ ထို တောထွက်သုဘဒ္ဒရဟန်းသည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ခြင်းကြောင့် ဤစကားကိုဆိုသတည်း။

ရန်ငြိုး ဖွဲ့ခြင်းအကြောင်းကား ဘုရားသခင် ထင်ရှားရှိတော်မူစဉ်က 'အာတုမ'အမည်ရှိသောရွာ၌ ဆတ္တာသည်အဖြစ်မှ ရဟန်းပြုသတတ်။ ထိုအခါမြတ်စွာဘုရားသည် ကုသိနာရုံပြည်မှထွက်၍၊ ရဟန်း ၁ ထောင် ၂ ရာ ၅ ကျိပ် တို့နှင့်တကွ အာတုမအရပ်သို့ ကြွတော်မူသည်ရှိသော်၊ မြတ်စွာဘုရား ကြွလာတော်မူသည်ဟု ကြား၍၊ 'ကြွလာတော်မူသောအခိုက်ကို ယာဂုလှူအံ့' ဟု သား ၂ ယောက် သာမဏေတို့ကိုခေါ်၍၊ "ငါ့သား



www.burmeseclassic.com

www.burmeseclassic.com



တို့။ မြတ်စွာဘုရားသည် ယခု အာတုမအရပ်သို့ ၁ ထောင့် ၂ ရာ ၅ ကျိပ်သော ရဟန်းတို့နှင့်တကွ ကြွလာတော်မူသည်။ သင်ချစ်သားတို့သည် ဦးခေါင်းရိတ်သော သင်တုန်းကိုယူ၍ ဆီကျည်အိတ်ငယ်ဖြင့် သွားချေကုန်။ အိမ်တိုင်းအိမ်တိုင်း လှည့်ပတ်သွားလာချေကုန်။ ဆား၊ ဆီ၊ ခဲဖွယ်တို့ကို ဆောင်ယူချေကုန်။ ဘုရားကြွလာတော်မူခိုက် ယာဂုအလှူပေးအံ့'' ဟု ဆို၏။

ထိုသားတို့သည်လည်း အဖဆိုတိုင်း ပြုကုန်၏။ လူတို့သည် သာယာချောင်သောအသံ ရှိကုန်သော၊ ချစ်ဖွယ်သောစကားကို ဆိုတတ်ကုန်သော ထိုသူတို့ကို မြင်၍၊ ဆံရိတ်ခြင်း အစရှိသောအမှုကို ပြုလိုသသူ၊ မပြုလိုသသူတို့ပင် ပြုကုန်၏။

''အမောင်တို့။ ဤအမှုကိုပြုသောအခါ၌ အဘယ်သို့ ယူကုန်လတ္တံ့နည်း'' ဟု လူတို့မေးကုန်၏။ ထိုသာမဏေတို့သည် ''ငါတို့အား တစ်ပါးသောအမှုဖြင့် အလိုမရှိ။ ငါတို့၏အဖသည် ဘုရားကြွလာတော်မူလာခိုက်ကို ယာဂုအလှူပေးလိုသည်'' ဟု ဆိုကုန်၏။

ထိုစကားကိုကြားကုန်၍ လူတို့သည် မရေမတွက်မူ၍ ထိုဆတ္တာသည် သာမဏေတို့ကို ယူလိုသမျှကို ပေးကုန်၏။ ပေးလိုက်သမျှကိုလည်း မယူနိုင်ကုန်၍ လူတို့ကို စေလိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အာတုမရွာသို့ကြွတော်မူ၍ ပွဲတလင်းတင်းကုပ်ကြီးသို့ ဝင်တော်မူသည်ရှိသော်၊ သုဘဒ်သည် ညချမ်းသောအခါ၌ ရွာတံခါးသို့ သွား၍၊ လူတို့ကို ''ဒါယကာတို့။ ငါသည် သင်တို့၏အထံမှ တစ်စုံတစ်ခုသောဝတ္ထုကို မတောင့်တ။ ငါ၏သူငယ်တို့သည် ဆောင်ယူခဲ့သော ဆီ၊ ဆန် အစရှိသည်တို့သာလျှင် လောက်ကုန်၏။ လက်အမှုကို လုပ်ဆောင်မည့်သူတို့ကို ပေးကုန်လော့'' ဟု ဆိုကုန်၏။ ''အရှင်ဘုရား။ အသို့ ပြုရကုန်အံ့နည်း'' ဟု ဆိုကုန်သည်ရှိသော်၊ ''ဤဝတ္ထု-ဤဝတ္ထုကို ယူကုန်လော့''ဟု အလုံးစုံသော အဆောက်အဦတို့ကို ယူစေ၍၊ ကျောင်း၌ ခုံလောက်တို့ကို ပြုစေ၍၊ မည်းညစ်သော သင်္ကန်းတစ်ထည်ကို ဝတ်၍၊ ထိုနှင့်တူသော သင်္ကန်းတစ်ထည်ကိုလျှင် ရုံ၍၊ ''ဤအမှုကိုပြုကုန်လော့။ ဤအမှုကို မပြုကြကုန်လင့်'' ဟု တစ်ညဉ့်ပတ်လုံး စီရင်သည်ရှိသော် ၁ သိန်းသော ဥစ္စာတို့ကို စွန့်၍၊ ပျစ်ပျစ်သော ယာဂုကို လည်းကောင်း၊ ပျားပေါက်ပေါက်ဆုပ်ကို လည်းကောင်း စီရင်စေ၏။

ထိုယာဂု၌ ထောပတ်၊ တင်လဲ၊ ငါး၊ အမဲ၊ အပွင့်၊ အသီး အရသာ အစရှိသော အလုံးစုံသော 'ခဲဖွယ်' မည်သော အလုံးစုံသောဝတ္ထုတို့ကို ထည့်၏။ ကစားလိုသောသူတို့အား ဦးခေါင်းလိမ်းခြင်းငှာ ခံ့သည် ဖြစ်၏။ ကောင်းသောအနံ့ ရှိ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစောကပင်လျှင် ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍ သံဃာအပေါင်းခြံရံလျက် ဆွမ်းခံသွားအံ့သောငှာ အာတုမရွာသို့ ရှေးရှုကြွတော်မူ၏။

ယာဂုချက်ကုန်သောလူတို့သည် တောထွက်ကြီးသုဘဒ်ကို ''အရှင်ဘုရား။ အဘယ်သူဖို့ ယာဂုစီရင်သနည်း။ မြတ်စွာဘုရားသည် သံဃာတော်နှင့်တကွ ဆွမ်းခံကြွတော်မူပြီ'' ဟု ဆိုကုန်၏။ ထို သုဘဒ်တောထွက်ရဟန်းသည် ဝတ်ရုံတိုင်းညစ်မည်းသော သင်္ကန်းတို့ဖြင့်သာလျှင် လက်တစ်ဖက်ဖြင့် ယောက်မဟင်းချိုကို ကိုင်၍၊ လက်ယာပုဆစ်ကို မြေ၌တုပ်၍ ရှိခိုးလျက်၊ ''ဘုန်းတော်ကြီးသောဘုရား။ အရှင်ဘုရားသည် ယာဂုကို ခံတော်မူပါ'' ဟု လျှောက်၏။

ဘုရားသခင်သည် ယာဂုအဆောက်အဦအလုံးစုံကို မေးတော်မူ၍ ရဟန်းကြီးတောထွက်အား ကဲ့ရဲ့တော်မူပြီးလျှင်၊ ထိုလျှူဖွယ်ဝတ္ထု၌ မအပ်သည်ကို ညီညွတ်ခြင်း၌ သိက္ခာပုဒ်ကို လည်းကောင်း၊ သင်တုန်းဘဏ္ဍာကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခြင်း၌ သိက္ခာပုဒ်ကို လည်းကောင်း ဤ ၂ ပါးသော သိက္ခာပုဒ်ကို ပညတ်တော်မူ၍၊ ''ချစ်သားရဟန်းတို့။ ကုဋေမက များစွာသော ကာလပတ်လုံး ဘောဇဉ်ကိုရှာမှီးစဉ်ပင်လျှင် လွန်ကုန်၏။ မတရားသဖြင့်ဖြစ်သော ဤဘောဇဉ်သည် သင်တို့အား မအပ်။ ဤဘောဇဉ်ကို စားသောက်သောသူတို့အား အထောင်မက များစွာသော ဘဝပတ်လုံး အပါယ်ဘုံ၌သာလျှင် ဖြစ်ရလတ္တံ့။ မခံကုန်လင့်'' ဟု မိန့်တော်မူ၍၊ ဆွမ်းခံရွာသို့ ရှေးရှုကြွတော်မူ၏။ တစ်ယောက်သောရဟန်းမျှလည်း တစ်စုံတစ်ခုသောဝတ္ထုကို မခံ။

ထိုအခါ သုဘဒ်ရဟန်းကြီးသည် နှလုံးမသာယာသည်ဖြစ်၍၊ ''ဤအရှင်ဂေါတမသည် အလုံးစုံကို သိ၏ဟု ကျော်စောသည်။ မခံလိုလျှင် တစ်စုံတစ်ယောက်ကိုစေ၍ ကြားစေအပ်သည်ဖြစ်၏။ ဤကျက်ပြီးသော အစာမည်သည်ကား အခါလေးမြင့်ထားသော် ၇ ရက်မျှသာ[၁] တည်ရာ၏။ ဤအဆောက်အဦအလုံးစုံကို ငါသည် တစ်သက်ပတ်လုံး ရှာမှီးရသည်။ အလုံးစုံကို ဖျက်ဆီးဘိသည်။ အရှင်ဂေါတမသည် ငါ၏အကျိုးမဲ့ကို ပြုဘိသည်'' ဟု ဘုရားသခင်၌ ရန်ငြိုးဖွဲ့၍ ဘုရား ထင်ရှားရှိတော်မူစဉ် ဆိုခြင်းငှာ မဝံ့။ 'အရှင်ဂေါတမသည် မြတ်သောအမျိုးမှ ရဟန်းပြုသော ယောကျ်ားမြတ်ပေ။ တစ်စုံတစ်ခု မသင့်သောစကားကို ဆိုမိချေအံ့။ ငါ့ကို ခြိမ်းခြောက်ရာ၏' ဟု စိတ်အကြံဖြစ်၏။ ထိုသုဘဒ်သည် 'ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီ' ကြား၍ သက်သာရာရသကဲ့သို့ နှစ်လိုဝမ်းသာ ''ငါ့ရှင်တို့။ ယခုမှာ ငါတို့သည် ရဟန်းဂေါတမ၏နှိပ်စက်ခြင်းမှ လွတ်ကင်းကြကုန်ပြီ။ မစိုးရိမ်ကုန်လင့်'' ဟုဆိုသတည်း။

သုဘဒ်ရဟန်းကြီး ဆိုသောစကားကို အရှင်မဟာကဿပ ကြားတော်မူလေလျှင် နှလုံး၌ ပုတ်ခတ်ဘိသကဲ့သို့၊ ထိပ်ထက်မိုးကြိုးကျဘိသကဲ့သို့ အောက်မေ့၏။ ထို အရှင်မဟာကဿပ၏ ဓမ္မသံဝေဂသည်လည်း ဖြစ်၏။

''ယခုလည်း မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုတော်မူ၍ ၇ ရက်မျှသာ ရှိသေးသည်။ ထိုမြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော ကိုယ်တော်ရှိစဉ်ပင်လျှင် မကောင်းသောသူတို့၏ စကားကို ကြားရဘိသည်။ ဤ မကောင်းစွာသောသူသည် သာသနာတော်ကို ရွေ့စိမ့်သောငှာ တတ်နိုင်ကောင်းချေ၏' ဟု ကြံ၏။

ထို့နောင်မှ အရှင်မဟာကဿပသည် ဤသို့ကြံ၏။ 'ငါသည် ဤအရပ်၌ပင်လျှင် ဤရဟန်းကြီးကို ပုဆိုးနွမ်းကို ဝတ်စေ၍၊ ပြာဖြင့်ကြဲစေ၍ နှင်ထုတ်စေသည်ဖြစ်အံ့။ 'ရှင်ဂေါတမကိုယ်တော်ရှိစဉ်ကပင် တပည့်သားတော်တို့သည် အငြင်းအခုံ ဖြစ်ကြကုန်၏' ဟု ငါတို့၏အပြစ်ကို လူတို့ပြောကုန်လတ္တံ့' ဟု သည်းခံတော်မူ၏။

မြတ်စွာဘုရားသည် ဟောတော်မူအပ်သော တရားတော်သည် မကုံးမသီသောပန်းအစုကို လေဖြင့်ခတ်ဘိသည်ရှိသော် ဖရိုဖရဲကြဲဖြန့်ကုန်သကဲ့သို့ ထို့အတူပင် ဤသို့သဘောရှိသော ယုတ်မာသော ရဟန်းတို့၏အစွမ်းဖြင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ဟူသောတရားတော်တို့သည် ၁ ခုပျောက်-၂ ခုပျောက် တရွေ့တရွေ့ ပျောက်ပျက်ချေလတ္တံ့။ ပန်းတို့ကို ပန်းသီတံတို့ဖြင့် ကုံးသီအပ်သော်ကား လေခတ်သဖြင့် မပျက်စီးနိုင်သကဲ့သို့၊ ထိုနှင့်တူစွာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဟူသော တရားတော်မြတ်ကို သင်္ဂါယနာတင်ရသော်ကား မလှုပ်မရှားတည်လိမ့်သတည်း။

'ထိုသို့ တရားတော်ကို စောင့်ထိန်းစေခြင်းငှာ ငါ့အား ဘုရားသခင်သည် ၃ ဂါဝုတ်တိုင်တိုင် ခရီးဦးကြို၍ ဆုံးမဩဝါဒကို အစစ္စာက ပေးဖူးပေသည်။ ကိုယ်တော်ဝတ်သော သင်္ကန်းနှင့် ငါ၏သင်္ကန်းကို လဲလှယ်၍ ဝတ်ဖူးပေသည်။ ဤသို့အစရှိသော ကျေးဇူးအထူးရှိပေသော ဘုရားသခင့် သာသနာတော်ကို ချီးမြှင့်သဖြင့် မကြာမတင် သင်္ဂါယနာတင်ရသော် ကောင်း၏' ဟု တစ်စုံတစ်ယောက်သောသူကိုမျှ မပြောမဆိုဘဲ စိတ်ထဲ၌သာ ကြံစည်တော်မူ၍၊ ရဟန်းသံဃာတို့ကို နှစ်သိမ့်ဖြားယောင်း၍၊

၁။ ၂ ရက်မျှသာ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့။ မြတ်စွာဘုရားသည် ရှေးမဆွကပင် ဤသို့သောစကားကို ဟောကြားတော်မူပြီ မဟုတ်တုံလော။ အလုံးစုံ ချစ်နှစ်သက်အပ်သောသူတို့နှင့် နာနာဘာဝ, ဝိနာဘာဝ, အညထာဘာဝအားဖြင့် ဖြစ်ခြင်းရှိ၏။ ဤဝဋ်တရား၌ အကျုံးဝင်သော မြတ်စွာဘုရား၏ကိုယ်တော် ကို မပျက်စီးစေခြင်းငှာ အဘယ်မှာ သင်တို့ ရနိုင်ပါမည်နည်း။ ဘုရားသခင်၏ကိုယ်တော်သည် ဖြစ်ခြင်း, ပျက်ခြင်း သဘောရှိ၏။ ကိုယ်တော်ကို 'မပျက်ပါစေလင့်။ မပျက်ပါမူကား ကောင်းလေစွ'ဟု တောင့်တ၍ ရရာသော အကြောင်းမရှိ" ဟု အရှင်မဟာကဿပ မိန့်တော်မူ၏။

ထိုအခါ၌ မလ္လာမင်းတို့တွင် ခွန်အားဗလကြီးကုန်သော မလ္လာမင်း ၄ ယောက်တို့သည် ဦးခေါင်းဆေးပြီးသော် ကစီမချသေးသော ပုဆိုးတို့ကိုဝတ်ကုန်လျက် "ငါတို့သည် ဘုရားသခင်၏အလောင်းတော်ကို ထင်းပုံထက်သို့တင်၍ မီးပူဇော်ကုန်အံ့" ဟု အတောင် ၁၂၀ ရှိသော စန္ဒကူးထင်းပုံထက်သို့တင်၍ မီးတိုက်ကုန်သည်ရှိသော် မီးလောင်စေခြင်းငှာ မတတ်နိုင်ကုန်။ ထို့နောင်မှ ၈ ယောက်သော မလ္လာမင်းတို့သည် လည်း ကောင်း, ၁ ကျိပ် ၆ ယောက်, ၃ ကျိပ် ၂ ယောက်သော မလ္လာမင်းတို့သည် လည်းကောင်း မီးတောက်စိမ့်သောငှာ အစုံသောမီးရှူးတို့ကို ကိုင်၍ ထန်းရွက်ယပ်တို့ဖြင့် ယပ်ကုန်လျက်၊ သားရေအိတ်တို့ဖြင့် မှုတ်ကုန်လျက် လောင်အံ့သောအကြောင်းတို့ကို ပြုပါကုန်သော်လည်း မီးလောင်စိမ့်သောငှာ မတတ်နိုင်ကုန်။

ထိုသို့မတတ်နိုင်သောအခါ၌ ကုသိနာရုံပြည် မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါကို "အရှင်ဘုရား။ အလောင်းတော်ကို 'မီးပူဇော်အံ့'ဟု လုံ့လပြု၍ မီးညှိပါကုန်သော်လည်း မီး မစွဲနိုင်ပါ။ အကြောင်း အသို့တုံနည်း" ဟု လျှောက်ကုန်၏။

ထိုသို့ လျှောက်မေးကုန်သော် အရှင်အနုရုဒ္ဓါသည် "ဝါသိဋ္ဌအနွယ်တို့။ နတ်တို့၏အလိုတစ်ပါး အခြားအားဖြင့် ရှိသေးသည်" ဟု မိန့်တော်မူပေ၏။

ထိုနတ်တို့တွင် လူ့အဖြစ်က အသီတိ မဟာသာဝကတို့၌ ကြည်ညိုခြင်းကို ဖြစ်စေ၍ လုပ်ကျွေးသော ၈ ယောက်သောအမျိုးသားတို့သည် သေသောအခါ နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုနတ်သည် အရှင်မဟာကဿပမထေရ်၌ ကြည်ညိုသောစိတ် ရှိကုန်၍၊ ထိုအစည်းအဝေး၌ အရှင်မဟာကဿပကို မမြင်၍၊ 'ငါတို့၏ အရှင်မဟာကဿပမထေရ်သည်ကား အဘယ်မှာတုံနည်း'ဟု ကြည့်ရှုကုန်သော်၊ ခရီးအကြား၌သွားသည်ကို မြင်၍၊ 'ငါတို့၏အရှင် မဟာကဿပမထေရ်သည် ရှိမခိုးဘဲ ထိုထင်းပုံသည် မီးမလောင်စေသတည်း' ဟု မိဋ္ဌာန်ကုန်၏" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူ၏။

လူတို့သည် အရှင်အနုရုဒ္ဓါ၏စကားကို ကြားကုန်၍၊ "အချင်းတို့။ 'အရှင်မဟာကဿပ' အမည်ရှိသော ရဟန်းသည် ၅၀၀ သော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရားခြေတော်ကို ရှိခိုးလာလတ္တံ့။ ထိုအရှင် မဟာကဿပ မရောက်သမျှ ထင်းပုံကို မီးမလောင်သတတ်။ ထို အရှင်မဟာကဿပကား အဘယ်သို့သဘော ရှိလေသနည်း။ ဖြူဖြူလော, မည်းမည်းလော, မြင့်သလော, နိမ့်သလော"

ဤသို့ အစရှိသဖြင့် အုတ်အုတ်ကျက်ကျက် ပြောဆို ပြီးမှ "မြတ်စွာဘုရားသခင်သည် ဤသို့သဘောရှိသော တပည့်ရဟန်းမှ မလာမရောက်မီ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် အဘယ်တုံနည်း" ဟု အချို့လူတို့သည် ပန်း အစရှိသည်ကို လက်စွဲကုန်လျက် ခရီးဦးကြို သွားကုန်၏။ အချို့သောလူတို့ကား လမ်းခရီးကို ဆန်းကြယ်စွာပြု၍၊ လာလတ္တံ့သောခရီးကို ကြည့်မျှော်ကုန်လျက် ရပ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရှင်မဟာကဿပသည် ကုသိနာရုံပြည်သို့ကြွတော်မူလာ၍ ဘုရားသခင်၏အလောင်းတော်ကို သပြိုဟ်ရာထင်းပုံသို့ ရောက်တော်မူ၍၊ ကိုယ်ဝတ် စမွယ်တင်သည်ကို ပြု၍၊ လက်အုပ်ကိုညွတ်စေလျက်၊ ထင်းပုံကို ၃ ပတ် လက်ယာရစ်လှည့်သည်ကို ပြု၍၊ 'ဤအရပ်၌ ဦးခေါင်းတော်တည်း။ ဤအရပ်၌ကား ခြေတော်တည်း' ဟုဆင်ခြင်လျက် အမှတ်ကို ပြုတော်မူသတတ်။ ထို့နောင်မှ ခြေတော်၏အနီး၌ရပ်လျက် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍၊ စတုတ္ထဈာန်မှထပြီးသော်၊ "အကန့် ၁၀၀၀ တို့ဖြင့် တန်ဆာဆင်အပ်သော စက်လက္ခဏာ၏တည်ရာဖြစ်သော မြတ်စွာဘုရား၏ခြေတော်တို့သည် ဝါဂွမ်းအပြင်နှင့် တကွ ၅၀၀ သော ပုဆိုးတို့ကို လည်းကောင်း, ရွှေကျင်းကို လည်းကောင်း, စန္ဒကူးထင်းပုံကို လည်းကောင်း ၂ ဖြာခွဲ၍ ငါ၏ဦးခေါင်း၌ တည်စေသတည်း" ဟု မိဋ္ဌာန်တော်မူ၏။

ထိုသို့ မိဋ္ဌာန်တော်မူသည်နှင့် တစ်ပြိုင်နက်လျှင် ထို ၅၀၀ သော ပုဆိုးတို့ကို ၂ ဖြာခွဲ၍ တိမ်တိုက်ကြား မှထွက်သော လပြည့်ဝန်းကဲ့သို့ ခြေတော်အစုံတို့သည် ထွက်ကုန်၏။

အရှင်မဟာကဿပသည် ပွင့်သစ်သော ကြာပဒုမ္မာနှင့်တူသော လက်တို့ကိုဆန့်၍၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ဘုရားသခင်၏ခြေတော်တို့ကို ဖမျက်တိုင်အောင် မြဲစွာကိုင်၍၊ မိမိဦးခေါင်း၌ထား၍ ရှိခိုး၏။ ၅၀၀ သော ရဟန်းတို့သည်လည်း လက်ယာရစ်လှည့်သည်ကိုပြု၍ ရှိခိုးကုန်၏။

လူများသည် ထိုအံ့ဖွယ်သရဲကိုမြင်လျှင် တစ်ပြိုင်နက်သည်းစွာသောအသံကို ဟစ်ကြော်ကုန်လျက် ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍ အလိုရှိတိုင်း ရှိခိုးကြကုန်၏။

ဤသို့ အရှင်မဟာကဿပနှင့်တကွ ၅၀၀ သော ရဟန်းတို့သည် လည်းကောင်း, လူတို့သည် လည်းကောင်း ရှိခိုးကာမျှ၌ အဓိဋ္ဌာန်ကိစ္စမရှိဘဲ ပကတိသာလျှင် အရှင်မဟာကဿပလက်မှ လွတ်၍၊ ချိပ်ရည် အဆင်းနှင့်တူကုန်သော ခြေတော်အပြင်တို့သည် စန္ဒကူးထင်းပုံအစရှိသည်တို့၌ စိုးစဉ်းမျှလျှင်မလှုပ်စေမူ၍၊ တည်မြဲတိုင်းသောအရပ်သို့ဝင်၍ တည်လေ၏။

ဘုရားသခင်ခြေတော်တို့ ထွက်ကုန်သော်လည်းကောင်း, ဝင်ကုန်သော်လည်းကောင်း, ဝါဂွမ်းတို့သည် လည်းကောင်း, ထုပ်သောပုဆိုးတို့သည် လည်းကောင်း, စန္ဒကူးထင်းပုံတို့သည် လည်းကောင်း အရာမှရွေ့ခြင်း မည်သည် မရှိ။ အလုံးစုံ ထားမြဲတိုင်းသောအရပ်၌ တည်သည်သာလျှင်တည်း။ ထွက်သောလဗိမာန်, နေဗိမာန် တို့သည် ဝင်၍သွားလေသကဲ့သို့၊ ထို့အတူ ဘုရားသခင်၏ခြေတော်အစုံတို့သည် ကွယ်ခဲ့သည်ရှိသော် လူများတို့သည် ပြင်းစွာငိုမြည်တမ်းခြင်းကို ပြုကုန်၏။ ပရိနိဗ္ဗာန်ပြုသောကာလထက် လွန်သော သနားဖွယ်ရှိ သည် ဖြစ်ကုန်၏။ ခြေတော်တို့သည် နေမြဲတိုင်းသို့ဝင်၍ နေပြီးသော်၊ မြတ်စွာဘုရား၏ထင်းစုတို့သည် တစ်စုံ တစ်ယောက်သောသူမျှ လုံ့လမပြုဘဲ နတ်တို့၏အာနုဘော်အားဖြင့် မီးလောင်၏။

မီးလောင်ပြီးသောမြတ်စွာဘုရားကိုယ်တော်သည် အရေ, အကြော, အသား, အသွေး, အသည်း ဟူ၍ မထင်ပြီ။ မီးလောင်သောပြာမီးသွေးသည်လည်း မထင်ပြီ။

ရှေးသောအခါ တစ်ခဲနက်သောကိုယ်တော်ဖြင့် တည်တော်မူ၏။ ယခုအခါ၌ကား အစိတ်စိတ်သော ကိုယ်တော်သည် ဖြစ်၏။ ဤဓာတ်တော်တို့သည်သာလျှင် ကြွင်းရစ်ကုန်၏။ ဥပမာအားဖြင့် မီးတိုက်သော ထောပတ်, ဆီတို့သည် ပြာမီးသွေး မထင်သကဲ့သို့၊ ထို့အတူပင်လျှင် မီးလောင်သော ဘုရားသခင်၏ ကိုယ် တော်သည် အရေ, အသား, အကြော, အသည်း ဟူ၍ မထင်ပြီ။ ပြာမီးသွေးလည်း မထင် မရှိပြီ။ ဓာတ် တော်သာ ဖြစ်လေကုန်၏။ အလောင်းတော်ကိုရစ်ပတ်သော ပုဆိုးအထပ် ၅၀၀ တို့တွင် ပြင်စွန်းတစ်ထပ်, အတွင်းဆုံး တစ်ထပ်သည် မီးမလောင်ဘဲ ကြွင်း၏။



www.burmeseclassic.com

www.burmeseclassic.com



သက်တော်ရှည်သောဘုရားတို့၏ ဓာတ်တော်တို့သည် တစ်ခဲနက်သော ရွှေတုံးကဲ့သို့ ဖြစ်ကုန်၏။

ငါတို့ဘုရားသခင်သည်ကား "ငါဘုရား မရှည်မကြာခင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ ငါဘုရားသာသနာတော်သည် မပျံ့မနှံ့သေး။ ထို့ကြောင့် ပရိနိဗ္ဗာန်လွန်ပြီးသော် မုန်ညင်းစေ့မျှသော ဓာတ်တော်ကိုယူ၍၊ မိမိတို့နေရာ၌ စေတီတည်၍ လုပ်ကျွေးမွေးမြူရသော်၊ လူအပေါင်းတို့အား နတ်ရွာသို့လားရသည် ဖြစ်စေသတည်း" ဟု မိန့်ခွန်တော်မူ၏။

ထိုဓာတ်တော်တို့တွင် စွယ်တော် ၄ ဆူ၊ ညှပ်ရိုးတော် ၂ ဆူ၊ နဖူးသင်းကျစ်တော် ၁ ဆူ၊ ဤ ၇ ဆူသောဓာတ်တော်တို့သည် မပျက်မစီးဘဲ ပကတိတည်သောကြောင့် 'အသမ္ဘိန္နဓာတ်တော်'တို့မည် ကုန်၏။ ကြွင်းသောဓာတ်တော်တို့တွင်-အငယ်ဆုံးဖြစ်သော ဓာတ်တော်သည်ကား မုန်ညင်းစေ့ပမာဏ ရှိ၏။ သင်းခွေငုံအဆင်း ရှိ၏။ အလတ်ဖြစ်သော ဓာတ်တော်သည်ကား ဆန်ကျိုးပမာဏ ရှိ၏။ ပုလဲအဆင်း ရှိ၏။ အကြီးဖြစ်သော ဓာတ်တော်သည်ကား ပဲနောက်ပမာဏ ရှိ၏။ ရွှေအဆင်း ရှိ၏။ [အဋ္ဌကထာ၌ 'မဇ္ဈေဘိန္နမုဂ္ဂမတ္တာ' ရှိသည်ကို ထောက်လျှင် 'ပဲနောက်ထက်ဝက်ပမာဏ ရှိသည်'ဟုလို၏။]

ဘုရားသခင်၏ထင်းပုံကို မီးလောင်ပြီးသော် ကောင်းကင်မှ လက်ရုံးဖျားမျှလောက်သော ရေအယဉ်ကျ၍ ငြိမ်းစေ၏။ အင်ကြင်းပင်၏ ပင်စည်အကြား၊ အခွအကြားတို့မှ ရေအယဉ်တို့သည် တက်၍ငြိမ်းစေကုန်၏။ ထက်ဝန်းကျင်မှ ရေအယဉ်တို့သည် မြေကို ခွဲ၍၊ ထွန်တုံးမျှလောက်သောရေလုံးသည် ဖန်လုံးကဲ့သို့ တက်၍ ထင်းပုံကို ဖျန်းဆွတ်ကုန်၏။ ကုသိနာရုံမလ္လာမင်းတို့သည်လည်း ခပ်သိမ်းသော နံ့သာရေတို့ဖြင့် ငြိမ်းစေကုန်၏။ ထင်းပုံကို မီးလောင်သည်ရှိသော် ထက်ဝန်းကျင်ခြံရံ၍တည်သော အင်ကြင်းပင်တို့၏ အခက်၊ အခွ၊ အရွက်ကြားတို့မှ မီးလျှံတို့သည် တက်ကုန်၏။ အရွက်၊အခက်တို့သည်လည်း မီးလောင်သောမည်သည် မရှိ။ ပိုးရွ၊ ပင့်ကူတို့သည် မီးလျှံတို့၏အကြားဖြင့် သွားနိုင်ကုန်၏။ ကောင်းကင်မှကျသော ရေအယဉ်၊ အင်ကြင်းပင်မှကျသော ရေအယဉ်၊ မြေမှထွက်သော ရေအယဉ်တို့သည် သဘောဓမ္မတာသည်သာလျှင် ပမာဏတည်း။

ဤသို့ ထင်းပုံကိုငြိမ်းစေ၍ကား မလ္လာမင်းတို့သည် ဓာတ်တော်တို့ကို ၇ ရက်လုံး အလောင်းတော်ကို ပူဇော်ရာဇရပ်၌ လုံ့ချိုင့် ရုံသည်၊ လေးရုံသည်တို့ကို ပြုကုန်၍၊ နံ့သာမျိုး ၄ ပါးတို့ဖြင့် လိမ်းကျံခြင်းကို ပြု၍ ပေါက်ပေါက်လျှင် ၅ ခုမြောက်သောပန်းတို့ကို ကြဲ၍ အထက်၌ ပုဆိုးဗိတာန်ကြက်၍ ရွှေကြယ်၊ ငွေကြယ် စသည်တို့ဖြင့်စီ၍ ထိုဇရပ်၌ နံ့သာပန်းဆိုင်းရတနာတို့ကိုဆွဲ၍ ဓာတ်တော်ထားစရာဇရပ်မှ မကိုဋ်ဗန္ဓနဆာဆင်ရာဇရပ်တိုင်အောင် နံပါး ၂ ဖက်တို့မှ တင်းထိမ် ရံခြင်း၊ ဖျာသရိုင် ခင်းခြင်းကိုပြု၍ အထက်၌ ဗိတာန်ကြက်၍ ရွှေကြယ်၊ ငွေကြယ် စသည်တို့ကိုစီ၍ ထိုဇရပ်၌လည်း နံ့သာဆိုင်း၊ ပန်းဆိုင်း၊ ရတနာဆိုင်း တို့ကို ဆွဲ၍ မြအရိုးနှင့်တူသော ဝါးတို့ဖြင့် ၅ ပါးအဆင်းရှိသော တံခွန်တို့ကို ဆောက်စေ၍ ထက်ဝန်းကျင်မှ ရတနာတံခွန်ကုက္ကားတို့ကို ရံစေ၍ ကောင်းစွာပြေပြစ်ချောမောကုန်သောခရီးတို့၌ ငှက်ပျောပင်စိုက်ခြင်း၊ ရေပြည့်အိုးတည်ခြင်းတို့ကိုလည်း ပြုစေ၍၊ ဆီမီးတိုင်တို့ကို ညှိစေ၍၊ တန်ဆာဆင်အပ်သော ဆင်ကျောက်ကုန်း၌ဓာတ်တော်နှင့်တကွ ရွှေတလားတို့ကို တင်ထားစေ၍ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကုန်လျက် ကောင်းချီးကစားခြင်းကို ကစားကုန်လျက် မြို့တွင်းသို့သွင်း၍ စည်းဝေးရာဇရပ်၌ ရတနာဖြင့်ပြီးသော ပလ္လင်၌ထား၍ ပလ္လင်၏အထက်၌ ထီးဖြူကိုဆောင်းကုန်၏။ ဤသို့ပြု၍ မလ္လာမင်းတို့သည် ဓာတ်တော်ကို ၇ ရက်ပတ်လုံး ပူဇော်မြတ်နိုးရှိခိုးလျက် ပွဲကြီးသဘင်ခံကုန်၏။

[နံ့သာမျိုး ၄ ပါးကား 'တောင်ဇလပ်၊ မာလာကျိုကျူ၊ လေးညှင်းပွင့်၊ ပန်းညိုရွက်' ဟူ၍ ၄ မျိုးတည်း။]



www.burmeseclassic.com

www.burmeseclassic.com



မလ္လာမင်းတို့သည် ဦးကင်းချင်းဆက်မိအောင် ဆင် ၁ ထပ်၊ လည်ချင်းဆက်မိအောင် မြင်း ၁ ထပ်၊ နားပန်းစွန်းချင်းဆက်မိအောင် ရထား ၁ ထပ်၊ လက်ရုံးချင်းထိမိအောင် ခြေသည်သူရဲ ၁ ထပ် ရံစေကုန်၏။

[အဘယ်ကြောင့် ဤသို့ အလုံအခြုံပြုလေသနည်း ဟူမူကား ဤသတ္တာဟမှ ရှေး ၁ သတ္တာဟတို့၌ ထိုမင်းတို့သည် ရဟန်းသံဃာတို့၏ ရပ်သောနေသောအရပ်တို့ကို ပြုလုပ်ကုန်သည်။ ခဲဖွယ်၊ စားဖွယ်တို့ကို စီရင်ကုန်သည် ဖြစ်၍ သာဓုကီဠန သူတော်ကောင်းတို့၏ကစားခြင်းကို အခွင့် မရကုန်သေး။ ထို့ကြောင့် မလ္လာမင်းတို့သည် '၇ ရက်ပတ်လုံး ကစားကုန်အံ့။ ငါတို့မေ့လျော့ခိုက်ကို တစ်စုံတစ်ယောက်သောသူလာ၍ ဓာတ်တော်တို့ကို ယူရာချေ၏'ဟု အထပ်ထပ်ရံစေသတည်း။]

## ၁၆- ဓာတ်တော်ကို ၇ ပြည်ထောင်မင်းတို့အား ခွဲဝေခြင်း

ထိုအခါ၌ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း၏အမတ်တို့ ကြားကုန်၍ ကြံကြကုန်၏။ "မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူချေပြီ။ ထိုမြတ်စွာဘုရားကို တစ်ဖန်ဆောင်ခြင်းငှာ မတတ်ကောင်းပြီ။ ပုထုဇဉ်တို့၏ သဒ္ဓါကြည်ညိုခြင်းတွင်သာဖြစ်လျှင် ငါတို့မင်းနှင့် တူသောသူမရှိ။ ဤမင်းသည် 'ဘုရားလွန်ချေပြီ'ဟု ကြားချေလျှင် နှလုံးဝမ်းကွဲ၍ သေလတ္တံ့။ စင်စစ်သော်ကား ငါတို့သည် မင်းကြီးအား စောင်မသင့်ပေမည်" ဟု ထိုအမတ်တို့သည် ၃ ခုသော ရွှေကျင်းတို့ကို ဆောင်ယူစေ၍၊ စတုမဓုဖြင့် ပြည့်စေ၍၊ မင်းကြီးထံသို့ သွားလေ၍၊ "အရှင်မင်းကြီး။ အကျွန်ုပ်တို့ အိပ်မက်မကောင်းမြင်သည်။ ထိုအိပ်မက်မကောင်းကို ဖျောက်လိုပါသည်။ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုး ၂ ထည်ကို တပေါင်းတည်းဝတ်၍၊ နှာခေါင်းဝမျှကိုသာ ပေါ်စေ၍ စတုမဓုကျင်း၌ အိပ်တော်မူပါ" ဟု ဆိုကုန်၏။

အဇာတသတ်မင်းလည်း အကျိုးစီးပွားကို ဆောင်ပေတတ်သောသူတို့၏ စကားကိုကြား၍၊ "အမောင်တို့။ အိပ်မက်မြင်သည်ဆိုလျှင် ဖြစ်စေတော့" ဟု ဝန်ခံ၍ အမတ်တို့ဆိုတိုင်းပြု၏။

ထိုအခါ၌ တစ်ယောက်သောအမတ်သည် တန်ဆာကိုချွတ်၍၊ ဆံတို့ကို ကြဲ၍၊ ဘုရားပရိနိဗ္ဗာန်ပြုတော်မူရာအရပ်သို့ ရှေးရှုပြု၍၊ လက်အုပ်ချီ၍၊ မင်းကြီးကို ဤသို့ ဆို၏။

"အရှင်မင်းကြီး။ သေခြင်းမှလွတ်သော သတ္တဝါမည်သည် မရှိ။ အရှင်မင်းကြီးတို့၏ အသက်ကို ရှည်စေတတ်သော၊ ရှိသေကိုးကွယ်ရာ စေတီသဖွယ်ဖြစ်သော၊ ဘုန်းတော် ၆ ပါး မြတ်တရားနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူချေပြီ" ဟုဆို၏။

မင်းကြီးသည် ထိုစကားကိုကြားလျှင် သတိမရမိန်းမော၍ ရှိချေ၏။ စတုမဓုကျင်း၌ ပူသောအငွေ့ထွက်လျှင် မင်းကိုချီပိုး၍ ကျင်းတစ်ကျင်း၌ အိပ်စေကုန်၏။

အဇာတသတ်မင်းသည် တစ်ဖန်သတိရ၍၊ "အမောင်တို့။ အသို့ဆိုကြသနည်း"ဟု မေးပြန်သော်၊ "အရှင်မင်းကြီး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်ချေသည်" ဟု ဆိုကုန်၏။

မင်းကြီးသည် ရှေးနည်းတူပင် အမှတ်သညာမရ မိန်းမောချေသေး၏။ စတုမဓုကျင်း၌ အငွေ့လွတ်၏။ အမတ်တို့လည်း ထိုမင်းကို ထိုကျင်းမှချီ၍ ကျင်းတစ်ကျင်း၌ အိပ်စေကုန်၏။

မင်း သတိရ၍၊ "အမောင်တို့။ အသို့ဆိုကြသနည်း" ဟု မေးပြန်သော်၊ "အရှင်မင်းကြီး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်ချေပြီ" ဟု ဆိုကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း တစ်ဖန် မိန်းမောပြန်ချေ၏။ ထိုအခါ၌ အမတ်တို့ သည် မင်းကြီးကိုချီပိုး၍ ရေချိုးစေပြီးသော်၊ ထိပ်ထက်၌ ရေအိုးတို့ဖြင့် သွန်းပေကုန်၏။

အဇာတသတ်မင်းသည် သတိရလတ်သော် နေရာမှထ၍ နံ့သာဖြင့် ထုံအပ်သော ပတ္တမြားအဆင်းနှင့်တူသောဆံတို့ကိုဖြည်၍၊ ရွှေအင်းပျဉ်နှင့်တူသော ကျောက်အပြင်၌ ဖြန့်ကြဲ၍၊ လက် ၂ ဖက်တို့ဖြင့် ရင်ကိုခတ်၍၊ သန္တာညွန့်နှင့်တူသော ကောင်းစွာလုံးသော လက်ချောင်းတို့ဖြင့် ရွှေစောင်းခွက်နှင့်တူသောရင်ကို ကောင်းစွာ ချုပ်သကဲ့သို့ကိုင်၍ ငိုကြွေးလျက် သူရူးအသွင်ဖြင့် ခရီးလမ်းမသို့ သက်၏။

အဇာတသတ်မင်းသည် တန်ဆာဆင်အပ်သော ကချေသည်အပေါင်းခြံရံလျက် မြို့မှထွက်၍၊ ဇီဝက၏ သရက်ဥယျာဉ်သို့သွား၍၊ ဘုရားသခင် တရားဟောတော်မူရာအရပ်ကို ကြည့်၍၊ "ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဤအရပ်တွင်နေ၍ တရားဟောတော်မူသည် မဟုတ်တုံလော။ အကျွန်ုပ်၏ စိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို ပယ်ဖျောက်တော်မူသည် မဟုတ်တုံလော။ သခင်ဘုရားသည် အကျွန်ုပ်၏ စိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို နုတ်တော်မူပေ၏။ အကျွန်ုပ်သည် သခင်ဘုရားတို့အား ကိုးကွယ်ရှိညွတ်ဆည်းကပ်ခြင်းသို့ ရောက်၏။ ယခုမူကား အကျွန်ုပ်အား စကားတုံ့မျှ ပြန်၍မမိန့်ပါပြီ။ နေတော်မူခဲ့သည်တကား"

ဤသို့ အဖန်တလဲလဲဆို၍ ငိုကြွေး၏။

"သခင်ဘုရား။ တစ်ပါးသောအခါ၌ သံဃာအများခြံရံလျက် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဒေသစာရီကြွတော်မူသည်ကိုသာ ကြားရပါသည်။ ယခုမူကား ပရိနိဗ္ဗာန်ယူတော်မူခြင်း သတင်းစကား ကြားရဘိသည်"

ဤသို့ အစရှိသော စကားတို့ကို ဆို၍လည်း၊ ၆၀ မျှလောက်သော ဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့၍ကြိစည်လေ၏။

'ငါသည် ငိုကြွေးမြည်တမ်း၍နေသဖြင့် အမှုမပြီးမပြည့်စုံရာချေ။ မြတ်စွာဘုရား၏ဓာတ်တော်တို့ကို ဆောင်ချေသော်ကောင်း၏' ဟု ကြံ၍၊ ကုသိနာရုံပြည် မလ္လာမင်းတို့ထံ "အဆွေမလ္လာမင်းတို့။ ၆ ပါးသော ဘုန်းတော်ရှင် သခင်ဘုရားသည် မဟာသမ္မတ နွယ်စမပြတ် မြတ်သောမင်းမျိုးပေတည်း။ ငါကား မဂဓတိုင်း၏ အရှင်သခင်ဖြစ်သော မင်းမျိုးတည်း။ ငါတို့သည်လည်း သခင်ဘုရား၏ကိုယ်တော်စား ဓာတ်တော်ကို တစ်ဖို့တစ်စု ရထိုက်ပါသည်။ သခင်ဘုရား၏ကိုယ်တော်စား ဓာတ်တော်တို့ကို ကြည်ညိုလေးမြတ်ခြင်းဖြင့် ချီးမြှင့်ကိုးကွယ်ရန် စေတီတည်၍ ပူဇော်မြတ်နိုး ရှိခိုးလိုပါသည်" ဟု တမန် စေလိုက်၏။

ဝေသာလီပြည် လိစ္ဆဝီမင်းတို့လည်း ဘုရားပရိနိဗ္ဗာန်ယူကြောင်းကို ကြား၍၊ မလ္လာမင်းတို့ထံ "အို-မလ္လာမင်းတို့။ ဘုရားသခင်သည် မင်းမျိုးပင်တည်း။ ငါတို့သည်လည်း မင်းမျိုးပင်တည်း။ ငါတို့သည် မြတ်စွာဘုရား၏ ကိုယ်တော်စားဓာတ်တော်တို့ကို တစ်ဖို့တစ်စုရထိုက်ပါသည်။ ကိုယ်တော်စားစေတီတည်၍ ပူဇော်ရှိခိုးခြင်းကို ပြုလိုပါသည်" ဟု တမန် စေလိုက်ကုန်၏။

ကပိလဝတ်ပြည်၌နေကုန်သော သာကီဝင်မင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုကြောင်းကို ကြားကုန်၍၊ မလ္လာမင်းတို့ထံ "အို-မလ္လာမင်းတို့။ မြတ်စွာဘုရားသည် ငါတို့၏ဆွေမျိုးတွင် အမြတ်ဆုံးဖြစ်ပါသည်။ မြတ်စွာဘုရား၏ကိုယ်တော်စား ဓာတ်တော်တို့ကို တစ်ဖို့တစ်စု ရထိုက်ပါသည်။ ငါတို့မှာလည်း စေတီတည်၍ အကြည်အညိုအရိုအသေ ရှိခိုးပူဇော် ဖူးမြော်လိုပါသည်" ဟု တမန်စေလိုက်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



အလ္လကပ္ပတိုင်း၌နေကုန်သော 'ဗလ'အမည်ရှိသောမင်းတို့သည်လည်း ဘုရားသခင်ပရိနိဗ္ဗာန်လွန်ခြင်း သတင်းစကားကို ကြားကုန်၍၊ မလ္လာမင်းတို့ထံ ''အို-မလ္လာမင်းတို့။ မြတ်စွာဘုရားသည် မင်းမျိုးမှဖြစ်၍ အမြတ်အကြီးဖြစ်ပါသည်။ ငါတို့သည်လည်း မင်းမျိုးပင်တည်း။ ငါတို့သည်လည်း ဘုရားသခင်ကိုယ်တော် စား ဓာတ်တော်တို့ကို တစ်ဖို့တစ်စု ရထိုက်ပါသည်။ ငါတို့မှာလည်း စေတီပုထိုးတည်၍ ကိုးကွယ်ပါမည်'' ဟု တမန် စေလိုက်ကုန်၏။

ရာမရွာ၌နေကုန်သော ကောလိယမင်းမျိုးတို့သည် လည်းကောင်း၊ ဝေဋ္ဌဒီပတိုင်း၌နေကုန်သော ပုဏ္ဏား တို့သည် လည်းကောင်း၊ ပါဝါပြည်၌ နေကုန်သော မလ္လာမင်းတို့သည် လည်းကောင်း ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူကြောင်းကို ကြားကုန်၍၊ မလ္လာမင်းတို့ထံ ''မြတ်စွာဘုရားသည်လည်း မင်းမျိုးတည်း။ ငါတို့သည် လည်း မင်းမျိုးတည်း။ ငါတို့သည်လည်း မြတ်စွာဘုရား၏ကိုယ်တော်စား ဓာတ်တော်တို့ကို တစ်ဖို့တစ်စု ရသင့်ပါသည်။ စေတီပုထိုးတည်ထား၍ အမြတ်တနိုးကိုးကွယ်လိုပါသည်'' ဟု တမန် စေလိုက်ကုန်၏။

အဇာတသတ်မင်းသည် တမန်စေ၍၊ ''ပေးလျှင်ပေးစေ။ မပေးလျှင် စစ်အင်္ဂါ ၄ ပါးကို ရုံးစည်း၍၊ ကိုယ်တိုင်စစ်ချီ၍၊ ထွားထွားညက်ညက် တစ်မျိုးလုံးကို ဖျက်၍ ဓာတ်တော်ကိုယူခဲ့အံ့'' ဟု များစွာသော စစ်သည်ဗိုလ်ပါအပေါင်းနှင့် တကွ ထွက်လေ၍ ကုသိနာရုံပြည်သို့ရောက်လျှင် ဝန်းရံလေ၏။

ဝေသာလီမင်း အစရှိကုန်သောသူတို့သည်လည်း အဇာတသတ်မင်းကဲ့သို့ ချီလေကုန်၏။

မလ္လာမင်းတို့သည် '၇ ပြည် ထောင်မင်းတို့ကား ဓာတ်တော်ကိုသော်လည်း ပေးမည်လော။ စစ်ကို သော်လည်း ထိုးအံ့လော' ဟု တမန်စကားကို ကြားကုန်၍-

''ငါတို့သည် မြတ်စွာဘုရားကို သတင်းစကား မှာထားလိုက်ရသည်လည်း မဟုတ်။ သွား၍ ပင့်ဆောင် ရသည်လည်း မဟုတ်။ အလိုလိုသာလျှင် ကြွတော်မူလာ၍ ငါတို့အား သတင်းစကားကိုစေ၍ ခေါ်လာစေသတည်း။ သင်တို့ ပိုင်ထိုက်သည့် ဂါမခေတ်၌ တစ်စုံတစ်ခု ရွှေ၊ ငွေ စသော ရတနာဖြစ်လာတုံအံ့။ ထိုရတနာကို ငါတို့ အား မပေးကုန်ရာ။ နတ်နှင့်တကွသော လူအပေါင်း၌ ဘုရားနှင့်တူသောရတနာသည် မရှိပြီ။ ထိုသို့သဘော ရှိသော မြတ်သောရတနာကို ငါတို့ပူဇော်ထိုက်၍ ရသည်။ အဘယ့်ကြောင့် သင်တို့အား ပေးရမည်နည်း။ သင်တို့သာ အမိနို့ကို စို့သသူလော။ ငါတို့ကား အမိနို့ကို မစို့ရလော။ သင်တို့သာလျှင် ယောကျ်ားတို့ပေ လော။ ငါတို့ကား ယောကျ်ားမဟုတ်တုံလော။ ဖြစ်လေသမျှ ဖြစ်စေ။ အချင်းချင်း ငါယောကျ်ား'' ဟု စကား ပြန်လိုက်ကုန်၏။

[အကယ်၍ စစ်ထိုးသည် ဖြစ်ချေတုံအံ့။ မလ္လာမင်းတို့က အောင်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား- ဓာတ်တော်ကို ပူဇော်အံ့သောငှာ နတ်တို့သည် ထိုမလ္လာမင်းတို့၏ အပင်းအသင်းဖြစ်ကုန်၏။ ထို့ကြောင့် မလ္လာမင်းတို့က အောင်ရာ၏ဟူလိုသတည်း။]

ထိုမလ္လာမင်းတို့သည် ၇ ပြည်ထောင်သောမင်းတို့နှင့် တစ်ယောက်သည် တစ်ယောက်အား မာန်ကြီးဝါး ၍ စကားဖြစ်ကြရာတွင် 'ဒေါဏ'အမည်ရှိသောပုဏ္ဏားသည် သွား၍ မြင့်သောအရပ်ကနေလျက်၊ ၂ ဘာဏဝါရ အတိုင်းအရှည်ရှိသော၊ ဒေါဏပုဏ္ဏား၏ 'ကြုံးဝါးခြင်း'မည်သောစကားကို ဆို၏။ ထို ၂ ဘာဏဝါရတို့တွင် ပထမဘာဏဝါရ၌ ရှေးဦးစွာ တစ်ခုသောပုဒ်ကိုမျှလည်း ထိုမင်းများ မသိကြကုန်။ ဒုတိယဘာဏဝါရ၏



www.burmeseclassic.com

www.burmeseclassic.com



အဆုံး၌ "အချင်းတို့။ ဆရာ၏အသံကဲ့သို့ ထင်သည်။ အချင်းတို့။ ဆရာ၏အသံကဲ့သို့ ထင်သည်" ဟု အလုံးစုံသောသူတို့ပင် အသံမရှိ ဆိတ်ဆိတ်နေကုန်၏။

ဒေါဏပုဏ္ဏားကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဖြစ်သောသူသည် များသောအားဖြင့် ဒေါဏပုဏ္ဏား၏တပည့် မဖြစ်ဖူးသောသူ မရှိ။ တပည့်ဖြစ်ဘူးသောသူသာ များသည်။

ထိုအခါ၌ ဒေါဏပုဏ္ဏားသည် မင်းတို့၏အသံ ဆိတ်သောအဖြစ်ကို သိ၍ တစ်ဖန် ၂ ဂါထာတို့ကို ရွတ်ပြန်၏။

'သုဏန္တု ဘောန္တော မမ ဧကဝါစံ၊ အမှာက ဗုဒ္ဓေါ အဟု ခန္တိဝါဒေါ။

န ဟိ သာဓု ယံ ဥတ္တမပုဂ္ဂလဿ၊ သရီရဘာဂေ သိယာ သမ္ပဟာရော။

'သဗ္ဗေဝ ဘောန္တော သဟိတာ သမဂ္ဂါ၊ သမ္မောဒမာနာ ကရောမ ဋ္ဌဘာဂေ။

ဝိတ္ထာရိတာ ဟောန္တု ဒိသာသု ထူပါ၊ ဗဟူ ဇနာ စက္ခုမတော ပသန္နာ။'

အနက်ကား

"ဘောန္တော၊ အို-မင်းတို့။ မမ၊ ငါ၏။ ဧကဝါစံ၊ တစ်ခွန်းသောစကားကို။ သုဏန္တု၊ နာကုန်လော့။ အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ ဘုရားသည်။ ခန္တိဝါဒေါ၊ သည်းခံခြင်းကို ချီးမွမ်းလေ့ရှိသည်။ အဟု၊ ဖြစ်၏။ ဥတ္တမပုဂ္ဂလဿ၊ မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သရီရဘာဂေ၊ ဓာတ်တော်ဝေဖန်ခြင်း ကြောင့်။ ယောသမ္ပဟာရော၊ အကြင်စစ်ထိုးခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ အယံ သမ္ပဟာရော၊ ဤစစ်ထိုးခြင်း သည်။ နသာဓု၊ မကောင်း။

"ဘောန္တော၊ အို-မင်းတို့။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ သဟိတာ၊ တကွဖြစ်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သမဂ္ဂါ၊ ညီညွတ်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ သမ္မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ အဟံ၊ ငါသည်။ သရီရာနိ၊ ဓာတ်တော်တို့ကို။ အဋ္ဌဘာဂေ၊ ၈ ဖို့တို့ကို။ ကရောမိ၊ ပြုအံ့။ စက္ခုမတော၊ ၅ ပါးသောစက္ခုနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ထူပါ၊ စေတီတို့သည်။ ဒိသာသု၊ အရပ်မျက်နှာတို့၌။ ဝိတ္ထာရိတာ၊ ပျံ့နှံ့ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန် လော့။ ဗဟူဇနာ၊ များစွာသောသူတို့သည်။ စက္ခုမတော၊ ၅ ပါးသောစက္ခုနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ထူပေသု၊ စေတီတို့၌။ ပသန္နာ၊ ကြည်ညိုကုန်၏"

ထို ၂ ဂါထာတို့ဖြင့်

"အို-မင်းများတို့။ ငါတို့၏မြတ်စွာဘုရားသခင်သည် ဘုရားမဖြစ်မီက ပါရမီတို့ကို ဖြည့်တော်မူသောအခါ, ခန္တိဝါဒရသေ့ဖြစ်သောအခါ, ဓမ္မပါလသတို့သား ဖြစ်သောအခါ, ဆဒ္ဒန်ဆင်မင်း ဖြစ်သောအခါ, ဘူရိဒတ် နဂါးမင်း ဖြစ်သောအခါ, စမ္ပေယျနဂါးမင်း ဖြစ်သောအခါ, သင်္ခပါလနဂါးမင်း ဖြစ်သောအခါ, မဟာကပိ မျောက်မင်း ဖြစ်သောအခါ၊ ထိုမှတစ်ပါး များစွာကုန်သော ဘဝတို့၌ အမျက်မထွက်မူ၍ သည်းခံခြင်းကိုသာ ပြုလေ့ရှိပါသည်။ သည်းခံခြင်းကိုသာ ချီးမွမ်းလေ့ရှိပါသည်။ ယခုမူကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ သည်းခံခြင်းသို့ ရောက်တော်မူ၏။ ခပ်သိမ်းသောအပြားအားဖြင့် ငါတို့ဘုရားသည် သည်းခံခြင်းကိုသာ ပြောဟောလေ့ရှိ၏။ ဤသို့ မြတ်သောပုဂ္ဂိုလ်၏ သရီရဓာတ်တော်ကို ဝေဖန်ခြင်းကြောင့် လက်နက်ချီ၍စစ်ထိုးခြင်းသည် မကောင်းပါတကား။

"အလုံးစုံသော ၈ ပြည်ထောင်သောမင်းတို့သည် အညီအညွတ် သည်းခံကြကုန်လော့။ ကိုယ်, နှုတ်, နှလုံး တပေါင်းတည်းဖြစ်ကြကုန်လော့။ တစ်ခွန်းတည်းသောစကားဖြင့် ညီညွတ်စေကုန်လော့။ ၁ ယောက်



www.burmeseclassic.com

www.burmeseclassic.com



သည် ၁ ယောက်အား ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်လော့။ ဓာတ်တော်တို့ကို ၈ ဖို့စု၍ ဝေဖန်အံ့။ ၅ ပါး သောစက္ခုနှင့်ပြည့်စုံတော်မူသော ဘုရားသခင်၏ သရီရဓာတ်တော်ကို မရထိုက်သူ မရှိကြ။ အမျှသာလျှင် ဖြစ်စေကုန်အံ့'' ဟု အထူးထူးအပြားပြား များစွာသောအကြောင်းတို့ဖြင့် ဆို၍ ဖျန်ဖြေပေ၏။

ဤသို့ ဒေါဏပုဏ္ဏား ဆိုသောစကားကိုကြားကုန်၍ ဒေါဏပုဏ္ဏားရှိရာ လာကုန်ပြီးသော်၊ ''ဆရာ ဒေါဏပုဏ္ဏား။ ထိုသို့တပြီးကား ဆရာပင်လျှင် ဘုရားသခင် သရီရဓာတ်တော်တို့ကို အတူအမျှ ၈ ဖို့ပြု၍ ဝေဖန်ပါလော့'' ဟု ဆိုကုန်၏။

ဒေါဏပုဏ္ဏားလည်း ထိုမင်းတို့စကားကို ''ကောင်းပြီ'' ဟု ဝန်ခံ၍၊ ထိုမင်းတို့နှင့်တကွ ဓာတ်တော် ထားရာသို့ လာခဲ့ပြီးသော်၊ ရွှေတလားကိုဖွင့်၍ မင်းတို့သည်လည်း လာလတ်ကုန်၍၊ ရွှေတလား၌တည်သော ရွှေအဆင်းနှင့်တူသော ဓာတ်တော်တို့ကို မြင်ကုန်၍၊ ''ဘုန်းတော် ၆ ပါးနှင့်ပြည့်စုံတော်မူသောဘုရား။ ရှေးသောအခါ အရှင်ဘုရားတို့၏ ၃၂ ပါးသော ယောကျ်ားမြတ်၏ လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်အပ်သော၊ ၈၀ သော လက္ခဏာတော်ငယ်တို့ဖြင့် ကောင်းစွာတင့်တယ်သော ရွှေအဆင်းနှင့်တူသော ကိုယ်တော်ကို မြင်နေကြပါ သည်။ ယခုမူကား ရွှေအဆင်းနှင့်တူသော ဓာတ်တော်သာလျှင် ကြွင်းရစ်ချေတော့သည်။ အရှင်ဘုရား။ ဤသို့ ဖြစ်ခြင်းသည် မသင့်ပါတကား'' ဟု ဤသို့ဆို၍ ငိုကြွေးကုန်၏။

ဒေါဏပုဏ္ဏားလည်း ထိုအခါ၌ မင်းတို့၏သတိမေ့လျော့သောအဖြစ်ကို သိ၍၊ လက်ယာစွယ်တော်ကို ယူ၍ ဦးရစ်ကြား၌ထား၏။ ထို့နောင်မှ ၈ စု အမျှပြု၍ ဝေဖန်၏။ အလုံးစုံသောဓာတ်တော်တို့သည်ကား ပြကတေ့သော ကွမ်းစားဖြင့် ၁၆ ကွမ်းစား ရှိကုန်၏။ တစ်မြို့တစ်မြို့၌ နေကုန်သော မင်းတို့သည် ၂ ကွမ်းစား ၂ ကွမ်းစားစီ ရကုန်၏။

ဒေါဏပုဏ္ဏား ဓာတ်တော်တို့ကို ဝေဖန်စဉ်ပင်လျှင် သိကြားမင်းသည် နတ်နှင့်တကွသော လူတို့၏ ယုံမှားသင်္ကာကိုဖျောက်တတ်သော သစ္စာ ၄ ပါးတရားတို့၏ အကြောင်းဖြစ်သော မြတ်စွာဘုရား၏ 'လက်ယာ စွယ်တော်ကို အဘယ်သူ ယူလေသနည်း'ဟု ကြည့်ရှုလတ်သော် ဒေါဏပုဏ္ဏား ယူသည်ကို မြင်၍၊ 'ဒေါဏ ပုဏ္ဏားသည် စွယ်တော်မြတ်ကို လျောက်ပတ်ကြည်ညို အရိုအသေကိုးကွယ်နိုင်ပါအံ့လော' ဟု ကြံစည် ဆင်ခြင် မူလတ်သော်၊ မစွမ်းနိုင်လတ္တံ့သည်ကိုသိ၍၊ ဦးရစ်ကြားမှ စွယ်တော်ကိုယူ၍၊ ရွှေယန်းတောင်း၌ထည့်၍ နတ်ပြည် သို့ဆောင်ပြီးလျှင် စူဠာမဏိစေတီ၌ ဌာပနာလေ၏။

ဒေါဏပုဏ္ဏားလည်း ဓာတ်တော်ကိုဝေဖန်၍ စွယ်တော်မြတ်ကို စူးစမ်းလျှင်မမြင်ရကား မိမိလည်း ခိုးယူလေသောကြောင့် ''အဘယ်သူ ယူသနည်း'' ဟု မေးအံ့သောငှာလည်း မတတ်ကောင်း။ မိမိပင် ဝေဖန်ရ သည်ကို နောက်မှ ''ငါ့ကိုလည်း ပေးဦး''ဟု ဆိုပြန်ရမည်လည်း မသင့်ဖြစ်၍ နောက်မှ 'ဤဓာတ်တော် ထည့်သော ရွှေအိုးသည် ဓာတ်တော်နှင့်အလားတူ ဖြစ်တော့သည်။ ငါ့မှာ ဓာတ်တော်ထည့်သော ရွှေအိုးကို စေတီတည်အံ့' ဟု ကြံ၍၊ ''အို-မင်းများတို့။ ငါ့အား ဓာတ်တော်ထည့်သော ရွှေအိုးကို ပေးကုန်လော့' ဟု ဆို၏။

ထိုမင်းတို့သည် ဓာတ်တော်ခြင်သောအိုးကို ပေးကုန်၏။

ပိပ္ပလိဝန၌နေကုန်သော မောရိယမင်းတို့သည် အဓာတသတ် အစရှိသော မင်းကဲ့သို့ တမန်စေလိုက် ကုန်၍၊ စစ်ထိုးအံ့သော အစီအရင်နှင့်တကွ ထွက်ခဲ့ကုန်၏။ ကုသိနာရုံပြည် မလ္လာမင်းတို့သည်လည်း ''အို- မင်းတို့။ ဓာတ်တော်ကား ဝေဖန်၍ ကုန်ချေပြီ။ အလောင်းတော်ကို သင်္ဂြိုဟ်သောမီးသွေးမျှသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမီးသွေးကိုသာ ဆောင်ပါလေကုန်တော့'' ဟု စေလိုက်ကုန်၏။ ထိုမောရိယမင်းတို့သည်လည်း မီးသွေးတို့ကို ဆောင်ယူကုန်၍ စေတီပုထိုး တည်ကုန်လျက် အမြတ်တနိုး ကိုးကွယ်ကြလေကုန်၏။

၁၇- ဓာတ်တော်များကို အဇာတသတ်မင်း ဝှက်ခြင်း

မဂဓရာဇ်တိုင်းကို အစိုးရသောအဇာတသတ်မင်းသည် ကုသိနာရုံပြည်မှ ရာဇဂြိုဟ်ပြည်တိုင်အောင် ၂၅ ယူဇနာရှိသော ခရီးအကြား၌ ၈ ဥသဘ အနံ့ရှိသော, ညီညွတ်သောမြေအပြင်ရှိသော ခရီးကို ပြုစေ၍၊ မလ္လာမင်းတို့၏ တန်ဆာဆင်ရာဖြစ်သော ဇရပ်မှ ဓာတ်တော်ထားရာ ဇရပ်တိုင်အောင် ပူဇော်ချီးမြှင့်သကဲ့သို့၊ ထိုနှင့်တူစွာ ၂၅ ယူဇနာရှိသော လမ်းခရီး၌လည်း ပူဇော်ချီးမြှင့်ခြင်းကို ပြုစေ၍၊ ခပ်သိမ်းသောလူတို့ကို မငြီးငွေ့စေခြင်းငှာ လမ်းခရီး၌ အိမ်ဈေးသဘင်တို့ကို ကျင်းပစေ၍ ရွှေတလား၌ထည့်သော ဓာတ်တော်တို့ကို လှံချိုင့်ဖြင့် ရံစေ၍ မိမိ၏နိုင်ငံ၌ ယူဇနာအဝန်း ၅၀၀ ရှိသောလူတို့ကို စည်းဝေးစေ၏။ ထိုလူတို့သည် ဓာတ်တော်တို့ကိုဆောင်ယူခဲ့ကုန်၍၊ ကုသိနာရုံပြည်မှ သူတော်ကောင်းတို့၏ကစားခြင်းကို ကစားကုန်၍ ထွက်ကုန်သော်၊ အကြင်အကြင်သောအရပ်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော ပန်းတို့ကို မြင်ကုန်၏။ ထိုသို့မြင်သောအရပ်၌ ဓာတ်တော်တို့ကို လှံချိုင့်အကြား၌ ထားကုန်၍ ပူဇော်ခြင်းကို ပြုကုန်၏။ ထိုပန်းပွင့်တို့ ကုန်မှ သွားကြကုန်၏။

ရထားဦးတည်ရာအရပ်သို့ ရထားနောက်စွန်း ရောက်သောအခါ ၇ ရက်ပတ်လုံး 'သာဓုကီဠန' ဟူသော ကစားခြင်းကို ကစားကြကုန်၏။ ထိုဓာတ်တော်တို့ကိုယူ၍ လာကုန်သောသူတို့အား ၇ ရက်တို့ကို လည်းကောင်း ၇ လတို့ကို လည်းကောင်း လွန်စေကုန်၏။ ''ရဟန်းဂေါတမ။ ပရိနိဗ္ဗာန်ပြုတော်မူသောကာလ မှစ၍ သာဓုကီဠန ဟူသော ကစားခြင်းဖြင့် အနိုင်အထက် ငါတို့ကို ညှဉ်းဆဲအပ်ကုန်ပြီ။ ဖျက်ဆီးကုန်'' ဟု ကဲ့ရဲ့ကုန်လျက် နှလုံးပြစ်မှား၍၊ ၈ သောင်း ၆ ထောင် အတိုင်းအရှည်ရှိကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် အပါယ်ဘုံ၌ ဖြစ်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ဆင်ခြင်ကုန်လတ်သော်၊ ''လူများသည် နှလုံးပြစ်မှား၍ အပယ်လားကြကုန် သည်။ သိကြားမင်းကို ဓာတ်တော်ဆောင်အံ့သော အကြောင်းကို ပြုကုန်အံ့'' ဟု၊ သိကြားမင်းထံသို့ သွားကုန်၍ ထိုအကြောင်းကို ကြားကုန်၍၊ ''သိကြားမင်း။ ဓာတ်တော်ကို ဆောင်အံ့သောအကြောင်းကို ပြုလော့'' ဟု ဆိုကုန်၏။

သိကြားမင်းသည် ''အရှင်ဘုရားတို့။ ပုထုဇဉ်သည် အဇာတသတ်မင်းနှင့်တူသော သဒ္ဓါတရားရှိသော သူ မရှိ။ ထို အဇာတသတ်မင်းလည်း အကျွန်ုပ်စကားကို မလိုက်နာလတ္တံ့။ စင်စစ်သော်ကား မာရ်ချောက်ချား သည်နှင့်တူသော ကြောက်မက်ဖွယ်ကို ပြပေအံ့။ သည်းစွာသောအသံကို ကြားပေအံ့။ နတ်ဖမ်းသောအနာ, ချေဆတ်သောအနာ, ထမင်းမစားသောအနာတို့ကို ပြပေအံ့။ အရှင်ဘုရားတို့က ဤသို့ ဆိုပါကုန်။ 'မင်းကြီး။ နတ်ဘီးလူတို့ အမျက်ထွက်ကုန်သည် ဓာတ်တော်တို့ကို ဆောင်စေလော့'ဟု ဆိုတော်မူလော့။ ဤသို့ဆိုသည် ရှိသော် အဇာတသတ်မင်းသည် ဆောင်လတ္တံ့'' ဟု ဆို၏။

ထို့နောင်မှ သိကြားမင်းသည် ထိုအလုံးစုံကို ပြုပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာကဿပလည်း အဇာတသတ်မင်း ရှိရာသို့သွား၍ "မင်းကြီး။ နတ်ဘီလူးတို့သည် အမျက်ထွက်လေကုန်၏။ ဓာတ်တော်တို့ကို ဆောင်ယူလော့" ဟု ဆို၏။

အဇာတသတ်မင်းသည် "အရှင်ဘုရား။ အကျွန်ုပ်စိတ်မှာ မနှစ်သက်နိုင်ပါသေး။ ထိုသို့ပင်ဖြစ်သော်လည်း ဆောင်တော်မူကုန်လော့" ဟုဆို၏။

၇ ရက်မြောက်သောနေ့၌ ဓာတ်တော်တို့ကိုဆောင်ကုန်၏။ ဤသို့ လာကုန်သော ဓာတ်တော်အစုတို့ကို ယူ၍၊ ရာဇဂြိုဟ်ပြည်၌ စေတီကို လည်းကောင်း, ပူဇော်ခြင်းကို လည်းကောင်း ပြု၏။ အဇာတသတ်မင်းမှ တစ်ပါးသော ၇ ပြည်ထောင်သောမင်းတို့သည် မိမိတို့၏ အစွမ်းအားလျော်စွာ ဆောင်ယူကုန်၍ မိမိတို့၏မြို့ရွာတို့၌ စေတီတည်၍ ပူဇော်မြတ်နိုးခြင်းကို ပြုကြကုန်၏။ ဒေါဏပုဏ္ဏားလည်း ဓာတ်တော်ခြင်သောရွှေအိုးကို စေတီတည်ပေ၏။ မောရိယမင်းတို့သည်လည်း မီးသွေးတို့ကို စေတီတည်ကုန်၏။ ဤသို့ ဘုရားဓာတ်တော်စေတီ ၈ ဆူ, ရွှေအိုးစေတီ ၁ ဆူ, မီးသွေးစေတီ ၁ ဆူ ပေါင်းသော် စေတီ ၁၀ ဆူ ဖြစ်သတည်း။

ထိုစေတီတို့ကို တည်ကုန်ပြီးသည်ရှိသော်၊ အရှင်မဟာကဿပသည် ဓာတ်တော်တို့၏အန္တရာယ်ကို မြင်၍ အဇာတသတ်မင်းကြီးရှိရာ သွားပြီးသော်၊ "မင်းကြီး။ ဓာတ်တော်သိုမှီးရန် ပြုလုပ်သော် ကောင်း၏" ဟု မိန့်တော်မူ၏။ အဇာတသတ်မင်းသည်လည်း "အရှင်ဘုရား။ ကောင်းပါပြီ။ ဓာတ်တာ်တို့ကို သိုမှီးရန်အမှုသည် အကျွန်ုပ်တာဝန် ဖြစ်ပါစေ။ ကြွင်းသောဓာတ်တို့ကို အဘယ်သို့ ဆောင်ရပါအံ့နည်း" ဟု လျှောက်၏။

"မင်းကြီး။ ဓာတ်တော်ကိုဆောင်ခြင်းသည် သင်မင်းကြီးတို့ဝန် မဟုတ်။ ငါတို့ဝန်ဖြစ်သည်" ဟု မိန့်တော်မူပေ၏။

"အရှင်ဘုရား။ ကောင်းပါပြီ။ ဘုရားသခင်၏ ဓာတ်တော်ကို ဆောင်ပါကုန်။ အကျွန်ုပ်သည် ဓာတ်တော်ကို သိုမှီးရန်အရပ်ကို ပြုပါကုန်အံ့" ဟု လျှောက်၏။ အရှင်မဟာကဿပသည် ထိုထိုသောမင်းတို့၏လက်၌ သွားရာဆောင်၍ ကိုးကွယ်ရုံ, ပူဇော်မြတ်နိုးရှိခိုးရုံမျှသော ဓာတ်တော်တို့ကိုသာ ချန်ထားခဲ့၍ ကြွင်းသောဓာတ်တော်တို့ကို ဆောင်ယူတော်မူလေ၏။ ရာမရွာ၌ ဓာတ်တော်တစ်စုကိုမူကား 'နဂါးတို့စောင့်ရှောက်သောကြောင့်၊ အန္တရာယ်မရှိဘဲ၊ နောင်အခါ၌ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်း မဟာစေတီ၌ တည်ထားကုန်လတ္တံ့' ဟု ထိုရာမရွာ၌ ဓာတ်တော်စုကို မဆောင်ယူဘဲ ခြွင်းချန်ခဲ့၍၊ ၆ ပြည်ထောင်သောမင်းတို့မှ ဓာတ်တော် ၆ စုတို့ကို ရာဇဂြိုဟ်ပြည်သို့ ဆောင်ယူခဲ့၍ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်အရပ်၌ ရပ်တော်မူလျက်၊ "ဤအရပ်၌ ကျောက်တို့သည် ကွယ်ပျောက်စေ။ မြေမှုန့်သက်သက်သာ ဖြစ်စေ။ ရေမထွက်သည် ဖြစ်စေ" ဟု မိဋ္ဌာန်တော်မူလေ၏။

အဇာတသတ်မင်းသည် ထိုအရပ်ကို တူးစေ၍ ထို တူးရာမှထွက်သောမြေမှုန့်ကို အုတ်လုပ်စေ၍၊ ၈ ကျိပ်သော မဟာသာဝကတို့၏စေတီကို ပြုစေ၏။

"ဤအရပ်၌ မင်းကြီးသည် အဘယ်အမှုကိုပြုစေသနည်း" ဟု မေးကုန်သောသူတို့အားလည်း "မဟာသာဝကတို့၏ စေတီကို ပြုစေသတည်းဟု ဆိုကုန်လော့" ဟုဆို၏။

တစ်စုံတစ်ယောက်သောသူမျှ ဓာတ်တော်ကိုသိုမှီး ဌာပနာသည့်အဖြစ်ကို မသိရ။ ထိုအရပ်သည် အတောင် ၈၀ နက်ပြီးသောအောက်၌ သံပြားခင်းစေ၍၊ ထိုသံပြားပေါ်၌ သီဟိုဠ်ကျွန်း ထူပါရုံစေတီ ပမာဏရှိသော ကြေးနီဖြင့်ပြီးသောကျောင်းကို ပြုစေ၍ စန္ဒကူးရွှေ အစရှိသည်ဖြင့် ပြီးကုန်သော ၈ လုံးသောကြုတ် တို့ကို လည်းကောင်း, စေတီတို့ကိုလည်းကောင်း ပြုစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောင်မှ ဘုရားဓာတ်တော်တို့ကို စန္ဒကူးရွှေဖြင့်ပြီးသော ကြုတ်၌ သွင်း၍၊ ထိုစန္ဒကူးကြုတ်ကိုလည်း တစ်ပါးသော စန္ဒကူးရွှေဖြင့် ပြီးသောကြုတ်၌ သွင်း၍၊ ဤသို့ ၈ လုံးသော စန္ဒကူးရွှေကြုတ်တို့ကို တပေါင်းတည်းပြု၍၊ ဤသို့သောနည်းဖြင့်သာလျှင် ထိုစန္ဒကူးကြုတ် ၈ လုံးတို့ကို စန္ဒကူးရွှေဖြင့်ပြီးသော စေတီ ၈ ဆူတို့၌ သွင်း၍၊ ဤနည်းအတူ စန္ဒကူးနီ ကြုတ် ၈ လုံး, စေတီ ၈ ဆူ၊ ဆင်စွယ်ကြုတ် ၈ လုံး, စေတီ ၈ ဆူ၊ အလုံးစုံရတနာဖြင့်ပြီးသော ကြုတ် ၈ လုံး, စေတီ ၈ ဆူ၊ ရွှေကြုတ် ၈ လုံး, ရွှေစေတီ ၈ ဆူ၊ ငွေကြုတ် ၈ လုံး, ငွေစေတီ ၈ ဆူ၊ ပတ္တမြားကြုတ် ၈ လုံး, ပတ္တမြားစေတီ ၈ ဆူ၊ ပတ္တမြားနီကြုတ် ၈ လုံး, ပတ္တမြားနီစေတီ ၈ ဆူ၊ ပတ္တမြားပြောက်ကြုတ် ၈ လုံး, ပတ္တမြားပြောက်စေတီ ၈ ဆူ၊ ဖန်ကြုတ် ၈ လုံး, ဖန်စေတီ ၈ ဆူတို့၌ သွင်းလေ၏။

စန္ဒကူးရွှေ, စန္ဒကူးနီ, ဆင်စွယ်, အလုံးစုံသောရတနာ, ရွှေ, ငွေ, ပတ္တမြား, ပတ္တမြားနီ, ပတ္တမြားပြောက်, ဖန်၊ ဤ ၁၀ ပါးသောအမျိုးတို့ကို ၁၆၀ ရှိသောအထပ်တို့ဖြင့် အဆင့်ဆင့်ပြီးစေ၍ အလုံးစုံသော စေတီတို့၏အပေါ်၌ ဖန်စေတီသည် ထူပါရုံစေတီပမာဏ ရှိ၏။

ထိုဖန်စေတီ၏အပေါ်၌ အလုံးစုံသော ရတနာတို့ဖြင့်ပြီးသော ကျောင်း။ ထိုကျောင်း၏အထက်၌ ရွှေဖြင့်ပြီးသောကျောင်း။ ထိုကျောင်း၏အထက်၌ ငွေဖြင့် ပြီးသော ကျောင်း။ ထိုကျောင်း၏အထက်၌ ကြေးနီဖြင့်ပြီးသော ကျောင်းကို ပြုစေ၏။ ထို ကြေးနီဖြင့်ပြီးသော ကျောင်းသည် ထူပါရုံစေတီပမာဏ ရှိ၏။

ထိုဓာတ်တော်ဌာပနာတိုက်၌ အလုံးစုံသောရတနာဖြင့် ပြီးသောသဲကို ကြဲ၍ ရေပန်း, ကြည်းပန်း အထောင်တို့ကို ဤမှထိုမှ ဖြန့်၍၊ ၅၅၀ သော ဇာတ်အရုပ်, ၈ ကျိပ်သော မဟာသာဝကတို့၏ အရုပ်ဆင်းတု, သုဒ္ဓေါဒနမင်းကြီး၏အရုပ်, သိရိမဟာမာယာ မိဖုရား၏အရုပ်, ဖွားဘက်တော် ၇ ပါးတို့၏ အရုပ်သဏ္ဍာန်၊ ဤအလုံးစုံသော အရုပ်တို့ကို ရွှေအတိချည်း လုပ်စေ၍ ရွှေအိုး ၅၀၀, ငွေအိုး ၅၀၀ တို့ကို ထားစေ၏။ ရွှေတံခွန် ၅၀၀, ငွေတံခွန် ၅၀၀ တို့ကို ဆောက်စေ၏။ ရွှေဆီမီးတိုင် ၅၀၀, ငွေဆီမီးတိုင် ၅၀၀ တို့ကို ပြုစေ၏။ လွန်စွာမွှေးကြိုင်သော နံ့သာဆီမီးဖြင့်ပြုစေ၍ ထိုဆီမီးတို့၌ ဘွဲ့ဖြူပုဆိုးဖြင့်ကျစ်သော ဆီမီးတို့ကို ထားပေ၏။

ထို့နောင်မှ အရှင်မဟာကဿပသည် 'မွှာသောကမင်းကြီး ဓာတ်တော်တို့ကို ပင့်ဆောင်သောကာလတိုင်အောင် ပန်း မညှိုးသည်ဖြစ်စေ။ နံ့သာအနံ့ မပြယ်သည်ဖြစ်စေ။ ဆီမီး မငြိမ်းသည်ဖြစ်စေ' ဟု မိန့်ခွန်တော်မူ၍ ရွှေပေ၌ အက္ခရာတို့ကို ရေးစေ၏။

'အနာဂတေ ပိယဒါသောနာမ ကုမာရော ဆတ္တံ ဥဿာပေတွာ အသောကော ဓမ္မရာဇာ ဘဝိဿတိ၊ သော ဣမာ ဓာတုယော ဝိတ္ထာရိကာ ကရိဿတိ။'

'အနာဂတေ၊ နောင်သောအခါ၌။ ပိယဒါသောနာမ၊ 'ပိယဒါသ'အမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဆတ္တံ၊ ထီးကို။ ဥဿာပေတွာ၊ ဆောက်၍။ အသောကော၊ 'အသောက'အမည်ရှိသော။ ဓမ္မရာဇာ၊ တရားမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထိုအသောကမင်းသည်။ ဣမာဓာတုယော၊ ဤ ဓာတ်တော်တို့ကို။ ဝိတ္ထာရိကာ၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပျံ့စေသည်တို့ကို။ ကရိဿတိ၊ ပြုလတ္တံ့'

ဤသို့ အက္ခရာတို့ကို ရေးစေ၏။ ထို့နောင်မှ အဇာတသတ်မင်းကြီးသည် အလုံးစုံသောတန်ဆာတို့ဖြင့် ပူဇော်၍၊ အစမှစ၍ တံခါးကိုပိတ်လျက် ထွက်ခဲ့၏။ ထို့နောင်မှ အဇာတသတ်မင်းသည် ကြေးနီဖြင့်ပြီးသော တံခါးကိုပိတ်၍၊ ငင်သောကြိုး၌ သံကောက်မင်းတုပ်ကို ဖွဲ့၍၊ ထိုအရပ်၌ပင်လျှင် ကြီးသောပတ္တမြားတုံးကို ထား၍ ဤသို့ အက္ခရာကိုရေးစေ၏။

အက္ခရာကား-



www.burmeseclassic.com

www.burmeseclassic.com



'အနာဂတေ ဒလိဒ္ဒရာဇာ ဣမံ မဏိံ ဂဟေတွာ ဓာတူနံသက္ကာရံ ကရောတု။'

"အနာဂတေ၊ နောင်သောအခါ၌။ ဒလိဒ္ဒရာဇ၊ ဆင်းရဲသောမင်းသည်။ ဣမံမဏိံ၊ ဤပတ္တမြားကို။ ဂဟေတွာ၊ ယူ၍။ ဓာတူနံ၊ ဓာတ်တော်တို့အား။ သက္ကာရံ၊ ပူဇော်သက္ကာကို။ ကရောတု၊ ပြုလေလော့။"

ဤသို့သော အက္ခရာတို့ကို ရေးစေ၏၏။

သိကြားမင်းသည် ဝိသကြုံနတ်သားကို ခေါ်၍၊ "အချင်း ဝိသကြုံနတ်သား။ အဇာတသတ်မင်းသည် ဓာတ်တော်ကို သိုမှီးဌာပနာခြင်းကို ပြု၏။ ထိုအရပ်၌ အစောင့်အရှောက်ကို ထားချေလော့" ဟု စေလိုက်၏။

ဝိသကြုံနတ်သားလည်း ဓာတ်တော်ဌာပနာ ထားရာအရပ်သို့ လာ၍၊ ကြောက်မက်ဖွယ်အမြင်ရှိသော, သားရဲရုပ်တပ်သော စက်ယန္တရားကို ထားပေ၏။ သစ်သားပန်းပုရုပ်တို့ကိုလည်း ဖန်အဆင်းရှိသော သန်လျက်တို့ကို ကိုင်စွဲစေ၍၊ လေ၏လျင်ခြင်းကဲ့သို့ တသွင်သွင်လည်သော ယန္တရားကိုတပ်လျက်, မယ်နတစ်ခုဖြင့် ဖွဲ့လျက် ထက်ဝန်းကျင် အုတ်ကျောင်း အခြင်းအရာဖြင့် ကျောက်အရံကိုပြု၍ အထက်၌ တစ်ခုသောကျောက်ဖြင့် ပိတ်လျက်၊ မြေမှုန့်ဖို့၍ မြေနှင့်အမျှပြုလျက် ထိုပိတ်သောကျောက်ဖျာပေါ်၌ ကျောက်စေတီကို တည်စေ၏။

ဤသို့ ဓာတ်တော်ကိုဌာပနာပြီးသော် အသက်အတိုင်းတည်၍ အရှင်မဟာကဿပသည် ပရိနိဗ္ဗာန် ပြုတော်မူလေ၏။

အဇာတသတ်မင်းသည်လည်း ကံအားလျော်စွာ လားလေ၏။

ထိုလူအပေါင်းတို့သည်လည်း စုတေကြလေကုန်၏။

## ၁၈- ဓာတ်တော်များကို အသောကမင်းသည် ဇမ္ဗူဒိပ်ကျွန်းအနှံ့ တည်ခြင်း

နောက်အဖို့၌ 'ပိယဒါသ' အမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍၊ 'အသောက'အမည်ရှိသော မင်းဖြစ်သော်၊ ထိုဓာတ်တော်တို့ကို ယူ၍ ဇမ္ဗူဒိပ်ကျွန်း၌ ပြန့်ပွားအောင်ပြု၏။

ပြန့်ပွားအောင်ပြုခြင်းသည်ကား အသောကမင်းသည် နိဂြောဓသာမဏေကို အမှီပြု၍၊ သာသနာတော်၌ ကြည်ညိုခြင်းကိုရသည် ဖြစ်၍၊ ၈ သောင်း ၄ ထောင်သောကျောင်းတို့ကို ဆောက်စေ၍၊ ရဟန်းသံဃာတော်တို့ကို "အရှင်ဘုရားတို့။ အကျွန်ုပ်သည် ၈ သောင်း ၄ ထောင်သောကျောင်းတို့ကို ဆောက်လုပ်စေပါသည်။ ဘုရားသခင်၏ကိုယ်စားတော် ဓာတ်တော်တို့ကို အဘယ်မှာ ရပါမည်နည်း" ဟု မေး၏။

"မင်းကြီး။ 'ဓာတ်တော်ဌာပနာရာအရပ်သည် ရှိ၏'ဟု ကြားဖူး၏။ ဤမည်သောအရပ်၌ ရှိသည်ဟု မထင်မိကြ" ဟု ဆိုကုန်၏။

ဓမ္မာသောကမင်းကြီးသည် ရာဇဂြိုဟ်ပြည်၌ စေတီတို့ကို ဖျက်စေ၍၊ ဓာတ်တော်ကို မမြင်သည်ဖြစ်၍ ပြကတေ့ရှိအောင် တစ်ဖန် ပြုပြန်စေ၏။

'ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမ' ဟူသော ၄ ပါးသော ပရိသတ်ကိုခေါ်၍ ဝေသာလီပြည်သို့ သွားလေ၏။ ထိုဝေသာလီပြည်၌လည်း မရ၍၊ ကပိလဝတ်ပြည်သို့ သွားလေ၏။ ထိုကပိလဝတ်ပြည်၌လည်း မရမူ၍၊ ရာမရွာသို့ သွားလေ၏။ ရာမရွာ၌ နဂါးတို့စောင့်ရှောက်သဖြင့် စေတီကိုဖျက်ဆီးခွင့် မရ။ ပေါက်တူးဖြင့်ပေါက်သည်ရှိသော် ပေါက်တူးတို့သည် အပိုင်းပိုင်းပြတ်ခဲ့ကျိုးခဲ့၏။ ထိုစေတီ၌လည်း အခွင့်မရ၍ အလ္လကပ္ပတိုင်း, ဝေဋ္ဌဒီပတိုင်း, ပါဝါမြို့, ကုသိနာရုံမြို့ ဤသို့ အလုံးစုံသောအရပ်တို့၌ စေတီကိုဖျက်၍ ဓာတ်တော်ကိုမရလျှင်၊ တစ်ဖန်ပြကတေ့ရှိအောင် တည်ထားပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



စေ၍၊ တစ်ဖန် ရာဇဗြိုဟ်သို့ သွားလေ၍ ပရိသတ် ၄ ပါးတို့ကို စည်းဝေးစေပြီးလျှင်၊ ''တစ်စုံတစ်ယောက်သော သူသည် ဤမည်သောအရပ်တို့၌ ဓာတ်တော်တို့ကို ဌာပနာသည်ဟု ကြားဖူးသလော''ဟု မေး၏။

ထိုပရိသတ်၌ အသက် ၁၂၀ ရှိသော မထေရ်ကြီးတစ်ဦးသည် ''ဓာတ်တော်ဌာပနာရာသည် 'ဤမည်သောအရပ်၌' ဟူ၍ကား မသိချေ။ ငါသည် အသက် ၇ နှစ်အရွယ်ရှိသောအခါ ငါ၏အဖဖြစ်သော မထေရ်သည် ငါ့ကို ပုံတောင်းပန်းကိုင်စေ၍၊ 'သာမဏေ။ လာလော့။ ဤအမည်ရှိသောချုံတွင်း၌ ကျောက်စေတီ ရှိသည်။ ထိုကျောက်စေတီသို့ သွားကြကုန်အံ့'ဟု စေတီရှိရာသို့သွား၍၊ ရှိခိုးပူဇော်၍၊ 'သာမဏေ။ ဤမည်သော အရပ်ကို မြတ်သည်ဟု မှတ်ရစ်လော့'ဟု ဆိုခဲ့ဘူး၏။ မင်းကြီး။ ဤမျှကိုသာ ငါသိသည်'' ဟု ဆိုပေ၏။

သီရိဓမ္မာသောကမင်းကြီးသည် ''ဤစကားကို ကြားဖူးသည်ကား ဤအရပ်၌ပင်တည်း'' ဟု ဆို၍ တောချုံတို့ကို ခုတ်ထွင်ရှင်းလင်းစေ၍၊ ကျောက်စေတီကို လည်းကောင်း, မြေမှုန့်တို့ကို လည်းကောင်း ပယ်ရှား၍ အောက်၌သက်သော မြေမှုန့်ကို မြင်လေ၏။ ထို့နောင် အုတ်အင်္ဂတေတို့ကိုပယ်၍၊ အစဉ်သဖြင့် ပရိဝုဏ်သို့ သက်၍၊ ၇ ပါးသော ရတနာသဲတို့ကို လည်းကောင်း၊ တပြောင်းပြန်ပြန်လည်ကုန်သော, သန်လျက်စွဲကုန်သော သစ်သားရုပ်တို့ကို လည်းကောင်း မြင်လေ၏။

သီရိဓမ္မာသောကမင်းကြီးသည် စောင့်သောနတ်တို့ကိုခေါ်စေပြီးလျှင် ဗလိနတ်စာအမှုကို ပြုစေ၍လည်း အစအဆုံးကို မမြင်နိုင်သည်ရှိသော်၊ နတ်တို့အား ရှိခိုးလျက် ''ငါသည် ဤဓာတ်တော်တို့ကို ဆောင်ယူ၍၊ ၈ သောင်း ၄ ထောင်သောကျောင်းတို့၌ ဌာပနာ၍ ပူဇော်သက္ကာကိုပြုပါအံ့။ နတ်တို့သည် အန္တရာယ်ကို မပြုပါကုန်လင့်'' ဟု ဆို၏။

ထိုအခါ သိကြားမင်းသည် သွားလာလှည့်ပတ်သည်ရှိသော် ထိုအကြောင်းမြင်၍၊ ဝိသကြုံနတ်သားကို ခေါ်၍၊ ''အချင်း ဝိသကြုံနတ်သား။ သီရိဓမ္မာသောကမင်းသည် 'ဓာတ်တော်ကို ဆောင်ယူအံ့'ဟူ၍ ပရိဝုဏ်သို့ သက်၏။ သွားချေ။ သစ်သားရုပ်တို့ကို ဆောင်ချေလော့'' ဟု စေလိုက်၏။

ဝိသကြုံနတ်သားလည်း ဦးသျှောင်ငါးကွင်းထုံးသော ရွာသူသားငယ်အသွင်ဖြင့် သွားလေ၍၊ သီရိဓမ္မာသောကမင်း၏ရှေ့မှ လေးကိုကိုင်လျက် ''မင်းကြီး။ သစ်သားရုပ်ကို ငါပယ်ဖျောက်အံ့'' ဟု ဆို၏။

''ချစ်သား။ ပယ်ဖျောက်ပါလော့'' ဟု ဆိုသည်ရှိသော် မြားကိုကိုင်၍၊ အစပ်၌သာလျှင် ပစ်၍ အလုံးစုံသော အရုံအတားသည် ဖရိုဖရဲပျက်လေ၏။ ထိုအခါ သီရိဓမ္မာသောကမင်းသည် ငင်စရာကြိုး၌ဖွဲ့သော သံကောက်မင်းတုပ်တို့ကို ယူလေသော် ပတ္တမြားတုံးကို မြင်လေ၏။

'နောင်အခါ ဆင်းရဲသောမင်းသည် ဤပတ္တမြားတုံးကိုယူ၍ ဓာတ်တော်တို့အား ပူဇော်သက္ကာကိုပြုစေသတည်း' ဟု အဇာတသတ်မင်း ရေးခဲ့သောအက္ခရာကို တစ်ခါမြင်ပြန်လေ၍ အမျက်ထွက်၏။

''ငါကဲ့သို့သောမင်းကိုပင် မင်းဆင်းရဲဟူ၍ မဆိုလင့်'' ဟု အဖန်တလဲလဲ လှံ့လပြု၍၊ တံခါးဖွင့်၍ တိုက်တွင်းသို့ ဝင်သည်ရှိသော်၊ အနှစ် ၂၁၈ နှစ်အထက်၌ ညှိထွန်းခဲ့သော ဆီမီးတိုင်သည် အတိုင်းပင်ထွန်းလျက်ရှိ၏။ ကြာညိုပွင့်တို့သည် ထိုခဏ၌ပင် ယူ၍တင်သကဲ့သို့ မညှိုးမနွမ်း လန်းလျက်ရှိကုန်၏။ ပန်းအခင်းတို့သည်လည်း ထိုခဏ၌ခင်းသကဲ့သို့၊ နံ့သာတို့သည်လည်း ထိုခဏ၌ ကြိတ်၍ထားဘိသကဲ့သို့ ရှိ၏။

သီရိဓမ္မာသောကမင်းသည် ရွှေပေကိုယူ၍၊ 'နောင်အခါ 'ပိယဒါသ' အမည်ရှိသောမင်းသားသည် ထီးဖြူကိုဆောင်း၍ 'အသောက'အမည်ရှိသော ဓမ္မရာဇ် ဖြစ်လတ္တံ့။ ထိုအသောကမင်းသည် ဤသာသနာတော်၌ ဓာတ်တော်ပြန့်ပွားအောင် ပြုလတ္တံ့' ဟူသောအက္ခရာကို ဖတ်၍၊ ''အချင်းတို့။ သခင်မဟာကဿပသည် ငါ့ကို မြင်တော်မူပေစွ'' ဟုဆို၍၊ လက်ဝဲလက်ကို ခွေ၍ လက်ယာလက်ဖြင့် လက်ပန်းပေါက်ခတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သီရိဓမ္မာသောကမင်းသည် ထိုအရပ်၌ လုပ်ကျွေးရုံ, ပူဇော်ရုံမျှသော ဓာတ်တော်ကိုသာ ချန်ထားခဲ့၍၊ ကြွင်းသောဓာတ်တော်တို့ကိုဆောင်၍၊ ဓာတ်တော်ကိန်းဝပ်သော ကျောင်းတို့ကို ရှေး၌ စီရင်လုပ်ဆောင်နည်းဖြင့် ပြကတေ့ပိတ်ဆို့၍၊ အလုံးစုံကို ရှေးအတိုင်းထားခဲ့လျက် အထက်၌ကျောက်စေတီကိုလည်း ပကတိအတိုင်းရှိအောင် လုပ်ဆောင်တည်ထား၍၊ ၈ သောင်း ၄ ထောင်သောကျောင်းတို့၌ ဓာတ်တော်တို့ကို တည်ထားခဲ့၍၊ မထေရ်ကြီးတို့ကိုရှိခိုး ၍၊ "အရှင်ဘုရားတို့။ အကျွန်ုပ်သည် သာသနာတော်၌ အမွေခံ ဖြစ်ပါမည်လော" ဟု လျှောက်၏။

"မင်းကြီး။ သာသနာတော်၏အဖ ဖြစ်သော သင်မင်းကြီးသည် သာသနာတော်၏အမွေခံ အဘယ်မှာဖြစ်ရာအံ့နည်း" ဟု ဆိုကုန်လတ်သော်၊

"အရှင်ဘုရားတို့။ ၉၆ ကုဋေသော ဥစ္စာတို့ကိုစွန့်၍၊ ၈ သောင်း ၄ ထောင်သောကျောင်းတို့ကို ဆောက်လုပ်၍ အကျွန်ုပ်ဘုရားသာသနာတော်၏ အမွေခံ မဟုတ်သော်၊ အကျွန်ုပ်မှတစ်ပါး အဘယ်သူသည် သာသနာတော်၏အမွေခံ ဖြစ်မည်နည်း" ဟု လျှောက်လတ်သော်၊

"မင်းကြီးသည် ပစ္စည်း ၄ ပါး ဒါယကာသာ ဖြစ်သည်။ သာသနာ့အမွေခံအဖြစ်သည်ကား မိမိ၏ သားသမီးတို့ကို ရဟန်းပြုမှသာ ဘုရားသာသနာတော်၏ အမွေခံဖြစ်မည်" ဟု မိန့်တော်မူလေသော်၊ သီရိဓမ္မာသောကမင်းကြီးသည် သားတော်, သမီးတော်တို့ကို ရဟန်းပြုပေ၏။

ထိုအခါ၌ မထေရ်ကြီးတို့သည် မင်းကြီးကို "မင်းကြီး။ ယခုအခါ၌ သာသနာတော်၏အမွေခံ ဖြစ်ပြီ" ဟု မိန့်တော်မူကြကုန်၏။

[ဓာတ်တော်တို့ကို ဒေါဏပုဏ္ဏား ဝေသောအခါ လက်ယာစွယ်တော်တစ်ဆူကို သိကြားဆောင်ယူကြောင်းမှစ၍ ယခုဆိုခဲ့ပြီးသော စကားအစဉ်သာလျှင် မဟာပရိနိဗ္ဗာနသုတ်၌ လာသည်။ ကြွင်းသော စွယ်တော်ဓာတ်တော်တို့၏ ထိုထိုအရပ်သို့ ပြန့်သော အတ္ထုပ္ပတ္တိကို ဒါဌာဓာတုဝင်, နလာဋဓာတုဝင်ကျမ်းတို့၌ လာသောနည်းဖြင့် သိအပ်၏။

လူ ၃ ပါးတို့၏ အထွတ်ဖြစ်တော်မူသော သဗ္ဗညုဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ကြားနာရသဖြင့် သဒ္ဓါကြည်ညို ခြင်း၊ ဘုရားသဗ္ဗညု၌ ကြည်ညိုသဖြင့် တရားတော်, သံဃာတော်၌ ကြည်ညိုခြင်းကို ပွားစေခြင်းငှာ မြန်မာဘာသာဖြင့် အားထုတ်အပ်သော 'မာလာလင်္ကာရ'အမည်ရှိသောကျမ်း၏ ပဌမပိုင်းကား ပြီး၏။]

မာလာလင်္ကာရဝတ္ထုတော်ကြီး ပဌမတွဲ ပြီး၏။



www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

'သုမာပိတေ မရပ္ပုရေ၊ ဝသတာ လဒ္ဓလဉ္ဆိနာ၊
လိခိတောယံ မယာ ဂန္ထော၊ မာလာလင်္ကာရ နာမိကော။
'သတ္ထု နိဗ္ဗာနတော စတ္တေ၊ စမ္ဗ ဏ္ဏဝ ဒွနေ ကဗ္ဗေ၊
နိဋ္ဌိတော ဘဒြမာသမှိ၊ အာရဒ္ဓဿာ နုဘာဝေန။
'ပူရေန္တု သဟဓမ္မိကာ၊ နန္တရာယေန သီလမ္ပိ၊
ရာဇာ ပါလေတု ဓမ္မိကော၊ ဩရသံဝ ဇနံ သဗ္ဗံ။
'မယှ မ္ပိစ္ဆိတပါရမီ၊ သမိဇ္ဈန္တု ယထာစိတ္တံ၊
တိဘဝေ သဗ္ဗပါဏိနော၊ ပုညဘာဂံ လဘန္တု မေ။'

ဤ၌ အနက်မြန်မာကား-

''သုမာပိတေ၊ ကောင်းစွာစီရင် ဖန်ဆင်းတည်ထားအပ်သော။ အမရပ္ပုရေ၊ အမရပုရ နာမပြဋ္ဌာန်း ရွှေနန်းတည်ရာ မင်္ဂလာမြို့တော်ကြီး၌။ ဝသတာ၊ နေထသော။ လဒ္ဓလဉ္ဆိနာ၊ 'ကဝိဝံသာဘိဓေ မဟာရာဇဂုရု'ဟု ရအပ်သော တံဆိပ်နာမံရှိထသော။ မယာ၊ ငါသည်။ လိခိတော၊ ရေးစီရင်အပ်သော။ မာလာလင်္ကာရနာမိကော၊ ပါရမီတော်, ဘုန်းတော်အစဉ်၏ တန်ဆာသဖွယ်ဖြစ်၍ 'မာလာလင်္ကာရ'အမည်ရှိထသော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ [နိဋ္ဌိတော်မှာ စပ်လေ။]

''သတ္ထု၊ မြတ်စွာဘုရား၏။ နိဗ္ဗာနတော၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့မှ။ ပဘုတိ၊ စ၍။ စတ္တေ၊ ဘုရားသခင့် သာသနာတော်သည်။ စမ္ဗ ဏ္ဏဝ ဒွနေ ကဗ္ဗေ၊ အပြန်ဖြစ်သော သင်္ချာအစဉ်အားဖြင့် စမ္ဗ သဒ္ဒါ, အဏ္ဏဝ သဒ္ဒါ, ဒွနသဒ္ဒါ, ကဗ္ဗသဒ္ဒါသို့။ ပတ္တေ၊ ရောက်သည်ရှိသော်။ တစ်နည်းကား- စမ္ဗဏ္ဏဝဒွနေကဗ္ဗေ၊ အပြန်ဖြစ်သော သင်္ချာအစဉ်အားဖြင့် ၂ ခု-သင်္ချာ, ၃ ခု-သင်္ချာ, ၄ ခု-သင်္ချာ, ၂ ခု-သင်္ချာသို့။ ပတ္တေ၊ ရောက်သည်ရှိသော်။ တစ်နည်းကား-ဓမ္ဗ ဏ္ဏဝ ဒွနေ ကဗ္ဗေ၊ ၂၃၄၂ ခုနှစ်သို့။ ပတ္တေ၊ ရောက်သည် ရှိသော်။ ဘဒြမာသမှိ၊ ပြုဗ္ဗာဘဒြပိုဒ်, ဥတ္တရာဘဒြပိုဒ် နက္ခတ် ၂ လုံးနှင့် စန်းယှဉ်သော တော်သလင်းလ၌။ နိဋ္ဌိတော၊ အပြီးသို့ရောက်ပြီ။ အာရဒ္ဓဿ၊ အားထုတ်အပ်သောကျမ်း၏။ တစ်နည်းကား- အာရဒ္ဓဿ၊ ကျမ်းကိုအားထုတ်သော သတိ, ဝီရိယ, ပညာ ပြဋ္ဌာန်းသော ကုသိုလ်ဇော၏။ အာနုဘာဝေန၊ အစွမ်းဖြင့်။

''သဟဓမ္မိကာပိ၊ သီတင်းသုံးဖော်ဖြစ်ကုန်သော အရှင်မြတ်တို့သည်လည်း။ သီလံ၊ စတုပါရိသုဒ္ဓိသီလ ကို။ အနန္တရာယေန၊ တစ်စုံတစ်ခုသောအန္တရာယ်မရှိသဖြင့်။ ပူရေန္တု၊ ပြည့်အောင် ဖြည့်စေကုန်သတည်း။ ရာဇာပိ၊ ပြည်ထဲသေဠ်နင်း မင်းဇကရာဇ်သည်လည်း။ ဓမ္မိကော၊ ၁၀ ပါးသောရာဇဓမ္မကို မယိုမယွင်း စောင့် ရှောက်သည်ဖြစ်၍။ သဗ္ဗံဇနံ၊ အလုံးစုံသော တိုင်းနိုင်ငံသူ လူအပေါင်းကို။ ဩရသံဝ-ဩရသံဣဝ၊ ရင်ဝယ်ဖြစ်သော သားသမီးကိုကဲ့သို့။ ပါလေတု၊ စောင့်ရှောက်တော်မူစေသတည်း။

''မယှံ၊ ငါ၏။ ဣစ္ဆိတပါရမီပိ၊ အလိုရှိအပ်သော ပါရမီတို့သည်လည်း။ ယထာစိတ္တံ၊ စိတ်နှစ်သက်သည့် အားလျော်စွာ။ သမိဇ္ဈန္တု၊ ပြီးပြည့်စုံစေကုန်သတည်း။ တိဘဝေ၊ ဘုံ ၃ ပါး၌။ သံသရန္တာ၊ ကျင်လည်ကုန် သော။ သဗ္ဗပါဏိနော၊ ခပ်သိမ်းသောသတ္တဝါတို့သည်။ မေ၊ ငါ၏။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု-လဘန္တု၊ ရစေကုန်သတည်း။

မာလာလင်္ကာရ ဝတ္ထုတော်ကြီး ဤတွင် ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



## ခက်ဆစ်များ

### က

**ကတဉ္စလီ**- ချီအပ်သောလက်အုပ် ရှိသည်။
**ကတိကဝက်**- ကတိပြုချက်။
**ကထယ(ကထယတိ)**- ပြောဆို၏။
**ကရဝိက**- ကရဝိက်ငှက်
**ကလိယုဂ**- မကောင်းသောကပ်။ ကပ်ဆိုး။ ကလိယုဂ်။
**ကလျာဏ** - ကောင်းသည်။ လှပတင့်တယ်သည်။
-ကောင်းမှု။ ကုသိုလ်။
**ကဝါဋ**- တံခါး။တံခါးရွက်။
**ကာက**- ကျီး။ ကျီးကန်း။
**ကာမဂုဏ်(ကာမဂုဏ)**- ကိလေသာအာရုံ၌ ကပ်ငြိသောတရား။
**ကာသာဝ** - ဖန်ရည်စွန်းသော။ ဖန်ရည်စွန်းသော အဝတ်။
- သင်္ကန်း။
**ကိရိယာ**- ပြုခြင်း။ ပြုသောအမှု။ အပြုအမူ။
- အမှုအရာ။ အခြင်းအရာ။ အမူအကျင့်။
**ကိလေသ**- ညစ်နွမ်းခြင်း။ ဆင်းရဲပင်ပန်းခြင်း။
**ကီဠ**- ကစားမြူးထူးခြင်း။
**ကုဋေ(ကောဋိ)**- အစွန်း။ အဆုံးစွန်။ အထွတ်။ ထိပ်။
- အကုဋေ။ ၁၀ သန်းရှိသောအရေအတွက်။
**ကုဏပ**- အသေကောင်။ သူကောင်ပုပ်။
**ကုတော**- အဘယ်မှ။ အဘယ်မှာ။ အတိမှာ။
**ကုမာရ**- သူငယ်။ သတို့သား။ မင်းသား။
**ကုလ**- အမျိုး။ မြတ်သောအမျိုး။
**ကုသုမ**- ပန်း။ ပန်းပွင့်။
**ကေဋ္ဌုဘ**- ကေဋ္ဌုဘကျမ်း။ အလင်္ကာကျမ်း။
**ကေတု** - အလင်းရောင်။ တံခွန်။ အလံ။ မှန်ကင်း။
- အမှတ်တံဆိပ်။
**ကေသရ**- လည်ဆံမွေး။ ဝတ်ဆံ။ ကြာဝတ်မှုန်။
**ကေနစိ**- တစ်စုံတစ်ခုဖြင့်။ တစ်စုံတစ်ယောက်ဖြင့်။
**ကေဠိ**- ကစားမြူးထူးခြင်း။ ပြက်ရယ်မှု။
**ကောဝိဒ**- လိမ္မာ, ပညာရှိသောသူ။
**ကုက္ကုစ္စ** - မကောင်းမှု။ မကောင်းသောအကျင့်။
- နှောင်တပူပန်ခြင်း။
- ယုံမှားသံသယများခြင်း။

**ကုမ္ဘ**- နံရံ။ တံတိုင်း။
**ကောင်းချီးပေး**- ချီးကျူးစကား ဆိုသည်။
**ကိစ္စ**- ပြုဖွယ်အမှု။
**ကိတ္တိ**- ချီးမွမ်းခြင်း။ ကျော်စောခြင်း။
**ကမ္မဋ္ဌာန်း(ကမ္မဋ္ဌာန)**- အမှုကိုပြုခြင်း၏ တည်ရာ။ အမှုတည်း
ဟူသောအကြောင်း။ အကျိုးကိုပြုပြင်
တတ်သော ဘာဝနာ၏ဖြစ်ရာ အာရုံ
အကြောင်း။
**ကိုယ်ထင်ပြ**- တန်ခိုးဖြင့်ရုပ်သွင်ကို မြင်အောင်ပြသည်။
**ကိုယ်လက်သုတ်သင်**- ကျင်ကြီးကျင်ငယ်စွန့်သည်။
**ကဿစိ**- တစ်စုံတစ်ယောက်သောသူ၏။
**ကျက်သရေ**- တင့်တယ်ခြင်း။ မင်္ဂလာရှိခြင်း။
**ကျောက်ကုန်း**- ကျောကုန်း။
**ကျောက်ထီး**- ဘုရားစေတီအနီးတွင် စိုက်ထူသည့် ကျောက်
ဖြင့်လုပ်သောထီး။
**ကျင်ဖွယ်**- အဖျားစွန်းကော့တက်နေသော နှုတ်ခမ်းမွေး။
**ကျည်တောက်**- ဝါးကျည် အငယ်စား။ တစ်ဖက်ပိတ် ဝါးဆစ်။
**ကျတ်တီးပြင်**- မြက်, သစ်ပင် မရှိသည့်မြေပြင်။
**ကျိုပ်**- လူ့,နတ်တို့ကို ရေတွက်ရာတွင် ဆယ်ပြည့်ကိန်းကို
ညွှန်ပြသောစကားလုံး။
**ကျမ်းပြု**- ကျမ်းတစ်ဆောင်တစ်ဖွဲ့ရေးသည်။
**ကျုံ့ကျုံ့**- ဝိဝိပြားပြား။
**ကြာသွတ်အိုး**- ညောင်ရေအိုး။
**ကြီးကျယ်**- သာမန်ထက်ပိုလွန်သော။ ခမ်းနားသော။
**ကြေးနင်း**- ကြေးတူရိယာတစ်မျိုး။ မောင်း။
**ကြည်ညို**- အလေးအမြတ်ပြုသည်။ ရိုသေလေးစားသည်။
**ကြည်းကုန်း**- ကုန်းမြေအရပ်။
**ကြုံလှီ**- ပိန်သော။
**ကွေကွင်း**- ကွဲကွာသည်။ တကွဲတပြားစီဖြစ်သည်။
**ကွန့်မြူး**- တင့်တယ်စွာလှုပ်ရှားသည်။
**ကွန်းစား**- လက် ဧဆုပ်ရှိသည့် အခြင်အတွယ်။
(၁ စလယ် နှင့်ညီမျှသည်။)
**ကြွက်ကျစ်မုန့်**- ကြွက်ကျစ်စာနှင့်တူသောမုန့်။

### ခ

**ခဂါ**- ကောင်းကင်ဖြင့်သွားသော။ ငှက်။
**ခမ**- သည်းခံနိုင်သည်။
**ခရ**- ကြမ်းတမ်းသော။ ခက်ထန်ခိုင်မာသော။
- ပြင်းပြသော။ ထက်မြက်သော။
**ခါရီ**- တို့။ တင်း။ ၁၆ ဒေါဏ။ ၁ တို့ဝင်သောတောင်း။
**ခါးကြိုး**- ခါးပတ်။ ခါးစည်းကြိုး။

www.burmeseclassic.com

www.burmeseclassic.com



**ခါးပန်းကြိုး**- ခါး၌သင်းပိုင်ပေါ်က စည်းသောကြိုးပြား။
**ခုဒါ**- ဆာလောင်ခြင်း။ ငတ်မွတ်ခြင်း။
**ခင်ပွန်း**- ဇနီး၊ မယား။
**ခင်းနီး**- ထိုင်ရန်၊ လျောင်းအိပ်ရန် ခင်းရသောအရာ။
**ခင်းနီးပြောက်**- ပန်းပြောက်ပါသည့် မွေးရှည်အိပ်ရာခင်း။ ကော်ဇော။
**ခတ္တိယ**- ရေမြေကို အစိုးရသော။ မင်းမျိုးဖြစ်သော။
**ခိတ္တ** - ပစ်လွှတ်အပ်သည်။ ပစ်ချအပ်သည်။
- ပယ်အပ်သည်။ စိုက်ပျိုးအပ်သည်။
**ခုဒ္ဒက**- သေးငယ်သော။
**ခပ်သိမ်း**- အလုံးစုံ။ အားလုံး။
**ချောက်ချား**- တုန်လှုပ်သည်။ နှံ့စပ်စွာတတ်မြောက်သည်။
**ခြင်ဆီ**- သတ္တဝါတို့၏ အရိုးတွင်း၌ရှိသောအဆီ။
**ခြိမ့်ခြိမ့်**- ပြင်းထန်ဆူညံစွာ။
**ခြိမ်းမောင်း** - ခြိမ်းခြောက်ကြိမ်းမောင်းသည်။
- မြည်ဟည်းသည်။ ထစ်ချုန်းသည်။
**ခြယ်လှယ်**- တင့်တယ်ဆန်းကြယ်အောင် ဖန်တီးသည်။
**ခွက်ခွင်း**- လင်းကွင်းတစ်မျိုး။
**ချွတ်ယွင်း**- လွဲသည်။ မှားသည်။

## ဂ

**ဂဂန**- ကောင်းကင်။
**ဂရဟိတ**- ကဲ့ရဲ့အပ်သည်။
**ဂါမခေတ်**- ရွာဥပစာ။
**ဂါရ၀** - ရိုသေခြင်း။ ရိုသေကိုင်းရှိုင်းခြင်း။ လေးမြတ်ခြင်း။
**ဂါ၀ုတ်**- နွားလား ၁ တွန်ကြားနိုင်သည့် အကွာအဝေးအရပ်။
- ၁ ယူဇနာ၏ ၄ပုံ ၁ပုံ။
**ဂိမှာနမာသ**- နွေလ။
**ဂိရိမေခလာ(ဂိရိမေခလ)**- ဂိရိမေခလဆင်။
**ဂိလာန** - နာသည်။ ဖျားနာသည်။ သူနာ။ နာသောရဟန်း။
**ဂူထ**- ကျင်ကြီး။ မစင်။
**ဂေါတ္တ**- အနွယ်။ အမျိုးအနွယ်။
**ဂန္ထ**- ထုံးဖွဲ့ခြင်း။ စာပေကျမ်းဂန်။
**ဂန္ဓကုဋီတိုက်**- ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား၏နေရာ ဂန္ဓကုဋီတိုက်ခန်း။

## ဃ

**ဃနာနို့ဆွမ်း**- ဆန်ကို နို့နှင့် ပျစ်ချွဲနေအောင်ကျိုထားသော နို့ထမင်း။
**ဃောရဝိသ**- ပြင်းထန်သောအဆိပ် ရှိသည်။

## စ

**စတုမဟာရာဇာ**- ဓတရဋ္ဌ၊ ဝိရူဠက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော ၄ပါးသော နတ်မင်းကြီး။
**စမရီ**- စာမရီသားကောင်။ အောင်းသတ္တဝါ။
**စမုတ်**- နန်းတော်နှင့်ကျောင်းတော်တို့၏ အဝင်အထွက် အဆောင်ငယ်။
**စလ**- တုန်လှုပ်သည်။
**စီရင်** - စီမံခန့်ခွဲသည်။
- အုပ်ချုပ်စီရင်ပိုင်ခွင့်။
**စုဆောင်း**- ထပ်ကာထပ်ကာ စုသည်။
**စုတိ**- ရွေ့လျောခြင်း။ သေခြင်း။
**စူဠာမဏိ(စူဠာမဏီ)**- မကိုဋ်ကျောက်။
**စေတိယ** - လူတို့ အရိုအသေပြုရာသော အရပ်။
- စေတီပုထိုး။ နတ်ကွန်း။
**စောဒနာ** - တိုက်တွန်းခြင်း။ အပြစ်တင်ခြင်း။
- လှုံ့ဆော်ခြင်း။ တိုင်ချက်။
**စံကား**- အနံ့မွှေးသည့်ပန်း ပွင့်သော အမြဲစိမ်း ပင်စောက် တစ်မျိုး။
**စံပယ်** - တင့်တယ်သည်။ ကျက်သရေရှိသည်။
- ခမ်းနားကြီးကျယ် တင့်တယ်စွာ နေထိုင်သည်။
**စိုးစဉ်း**- အနည်းငယ်။
**စိုးအုပ်**- ကြီးကဲအုပ်ချုပ်သည်။
**စက်တော်ရာ**- မြတ်စွာဘုရား၏ခြေတော်ရာ။
**စကြံကြွ(စင်္ကမ)** - အညောင်းအညာပြေအောင် သွားလာခြင်း။
- စင်္ကြံသွားခြင်း။ စင်္ကြံသွားရာနေရာ။
**စင်စင်**- လုံးလုံးလျားလျား။ အကြွင်းမဲ့။
**စဉ်းငယ်**- အတန်ငယ်၊ အနည်းငယ်။
**စည်ပင်**- အခွန့်ရှည်စွာ စည်ကားသည်။
**စည်းစိမ်**- အသုံးအဆောင်၊ ခံစားစရာ ရွှေ ငွေစသော ပစ္စည်း ဥစ္စာ။ ချမ်းသာမှု။ နန်းစံနှစ်။
**စုဏ္ဏ** - ညက်ညက်ကြေသည်။ အမှုန့်။ နံ့သာမှုန့်။
- ကသယ်မှုန့်။ ထုံး။ အင်္ဂတေ။ မြူမှုန့်။
**စန္ဒကိရဏ်ရှိ**- လမင်း၏ရောင်ခြည်ညှန့်။
**စန္ဒကူး(စန္ဒန)**- စန္ဒကူး။ စန္ဒကူးနံ့သာ။
**စိန်းစိန်းကြည့်**- စူးစူးစိုက်စိုက်ကြည့်သည်။
**စွင့်စွင့်**- မြင့်သည်။ မတ်သည်။
**စွယ်တော်**- ဗုဒ္ဓမြတ်စွာ၏ ၄ ဆူသော စွယ်သွားတော်။

## ဆ

**ဆာယာ**- အရိပ်။ အရိပ်အရောင်။

www.burmeseclassic.com

www.burmeseclassic.com



**ဆေးဒန်း**- ပရဆေးအဖြစ်လည်းကောင်း, ပန်းချီဆေးအဖြစ် လည်းကောင်း သုံးရသော အဝါရောင်ကျောက်နု။

**ဆောက်တည်**- စိတ်ကို တည်ကြည်ခိုင်မြဲစွာ ထားသည်။
- သီတင်း,သီလ စသည်ကို စောင့်ထိန်းသည်။

**ဆင်းတု**- မြတ်စွာဘုရား၏ရုပ်ပွားတော်။

**ဆောင်နှင်း(ဆောက်နှင်း)**- ပေးအပ်သည်။

**ဆည်းကပ်**- ရိုသေစွာချဉ်းကပ်သည်။ မှီခိုအားထားသည်။

**ဆည်းဆာ**- နေဝင်ချိန်။

**ဆည်းပူး**- စုဆောင်းသည်။

**ဆတ္တာသည်**- ဆံပင်, မုတ်ဆိတ်, ခြေသည်း,လက်သည်းတို့ ကို ရိတ်ဖြတ်ပြုပြင်ခြင်းဖြင့် အသက်မွေးသူ။

**ဆဒ္ဒန္တ**- အစွယ်ရောင် ၆ ပါးရှိသော ဆင်။ ဆဒ္ဒန်ဆင်။

**ဆဗ္ဗဂ္ဂီ(ဆဗ္ဗဂ္ဂ)**- ၆ ယောက်သော အစု။

**ဆုတ်နစ်**- ကျဆင်းလျော့ပါးသည်။

**ဆွမ်းဖိတ်**- ဆွမ်းခံကြွရန်, ဆွမ်းဘုဉ်းပေးကြွရန် ရဟန်းအား လျှောက်ထားသည်။

## ဇ

**ဇနပုဒ်(ဇနပဒ)**- လူနေသောကျေးရွာ။ ဇနပုဒ်။

**ဇနိကာ**- အမိ။

**ဇရပ်**- လူအများ နားနေတည်းခိုရန် ဆောက်လုပ်ထားသော အဆောက်အအုံ။

**ဇလာသယ**- ရေကန်။ ရေအိုင်။

**ဇလိတ**- ညိုထွန်းအပ်သည်။ တောက်လောင်သည်။
- ပြောင်ပြောင်တောက်သည်။

**ဇိန**- မာရ် ၅ပါးကို အောင်မြင်သောသူ။ မြတ်စွာဘုရား။

**ဇမ္ဗူဒိပ်ကျွန်း(ဇမ္ဗူဒီပ)**- သပြေကျွန်း။ ဇမ္ဗူဒိပ်ကျွန်း။

## ဈ

**ဈာန**- ကပ်၍ရှုခြင်း။ ကသိုဏ်း အစရှိသောအာရုံကို ကပ်၍ ရှုခြင်း။ ဝိပဿနာ၏အခြေဖြစ်သော ဈာန်။

**ဈာနဖလ**- ဈာန်၏အကျိုး။

**ဈာနသုခ**- ဈာန်ချမ်းသာ။

**ဈာနာဘိညာ**- ဈာန်အဘိညာဉ်။

## ည

**ညီးညီးရဲရဲ**- ဝင်းဝင်းဝါဝါ။ ထွန်းလင်းတောက်ပသည်။

**ညင်းညင်း**- သိမ်မွေ့ညင်သာသော။

**ညှဉ်းဆဲ** - နှိပ်စက်ကလူပြုလုပ်သည်။
- ဆင်းရဲဒုက္ခရောက်စေသည်။

## ဋ

**ဋ္ဌာနန္တရ**- အရာအထူး။ ရာထူးဋ္ဌာနန္တရ။

**ဋ္ဌာနာဋ္ဌာန**- အရာဟုတ်သည်,မဟုတ်သည်။

**ဋ္ဌာပနာ**- မွေတော်,ဓာတ်တော် စသည်ကို စေတီပုထိုး၌ ထည့်သွင်းသည်။

**ဋ္ဌိတိ**- တည်ကြည်ခြင်း။ တည်ခြင်း။ မြဲမြံခြင်း။

## တ

**တကွနက်**- တစ်ပြိုင်နက်။

**တထာဂတ**- ထို ရှေးဘုရားတို့အတူ ကျင့်တော်မူသော မြတ်စွာ ဘုရား။ ရဟန္တာ။ သတ္တဝါ။

**တရုဏ**- ငယ်သည်။ နုပျိုသည်။ သူငယ်။ လုလင်ပျို။

**တလူးလာလာ**- အကြိမ်ကြိမ်သွားကာပြန်ကာ။

**တဋ္ဌာက**- တစ်ဖက်ဆည်ကန်။

**တာရကာ** - ကြယ်။ မျက်စိအလယ်သူငယ်အိမ်။
- မျက်နက်ဝန်း။

**တိကိစ္ဆာ**- ဆေးကုခြင်း။ ဆေးအတတ်။

**တုဋ္ဌဟဋ္ဌ**- နှစ်သက်ရွှင်လန်းသည်။

**တုရိုဏ်တိုင်(တောရဏ)**- တံခါးအုံ။ တုရိုဏ်တိုင်။

**တုလ**- ချိန်ဆခြင်းရှိသည်။ တူမျှသည်။

**တူရူ**- တည့်တည့်။ မျက်နှာမူရာအရပ်။

**တေဇ**- အရှိန်အစော်ရှိသည်။ တန်ခိုးရှိသည်။

**တောထွက်**- အိမ်ထောင်သားမွေးဘဝကို စွန့်၍ တရားကျင့်ရန် တောသို့ သွားသည်။

**တောယ**- ရေ။

**တံကဲ**- ပလ္လင်နောက်မှီ။

**တံဆိပ်**- ပေ,စက္ကူ,ရွှေပြား,ငွေပြား စသည်တွင် ခတ်နှိပ် ထားသောအမှတ်အသား။

**တံတွာ**- ဖြစ်မြဲသဘော။ ဓမ္မတာ။

**တံပူ(ဒန်ပူ)**- သွားကိုပွတ်တိုက်ရန် တမာကိုင်း စသည်ကို သပ်ထားသော အချောင်း,အတံ။

**တင်ပျဉ်ခွေ**- ခွေထားသောခြေတစ်ချောင်းပေါ်သို့ အခြားခြေ တစ်ချောင်းကို ခွေ၍ထပ်တင်သည်။

**တင့်တယ်** - ကြည့်ရှု၍ကောင်းသော။
- လျော်ကန်သင့်မြတ်သော။

**တင်းတိမ်**- ရောင့်ရဲသည်။ ကျေနပ်သည်။

**တင်းထိမ်**- ကာရန်,ခြုံရန်အတွက် ချုပ်ထားသောအထည်။

**တိုင်းထွာ**- စံတစ်ခုခုဖြင့် ယှဉ်၍ အတိုင်းအတာကို သိအောင် လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**တစ်ခဲနက်** - တစ်စုတဝေး။ တစ်ပြိုင်တည်း။
**တစ်မုဟုတ်** - တစ်ခဏ။
**တပ်ခြင်း** - စွဲလမ်းသည်။ စွဲနိုင်သည်။

## ထ

**ထလေ့** - ကြည်း၌ဖြစ်သည်။ ကြည်း၌ပေါက်ဖွားသည်။
**ထာမဒဿီ** - စွမ်းအားကို မြင်လေ့ရှိသည်။
**ထီးဖြူ** - မင်း၊မိဖုရားခေါင်တို့၏ အသုံးအဆောင်။
**ထီးတည်း** - တစ်ဦးသာ။ တစ်ခုသာ။
**ထုတိ** - ချီးမွမ်းခြင်း။ ကောင်းချီးစကား။
**ထူပ** - စေတီ။ ပုထိုး။
**ထူးထွေ** - အမျိုးမျိုးအဖုံဖုံဖြစ်သော။
**ထေရဝါဒ** - မထေရ်အဆက်ဆက်တို့၏ အယူဝါဒ။
**ထေရီ** - မထေရ်မ။
**ထောပတ်** - ထောပေးကိုချက်ရာမှ အထက်တွင်တည်လာသောအဆီ။
**ထုံးယောင်း** - အရိုးအစဉ်ဆင်းသက်လာသော ထုံး။
**ထွာ** - ဆန့်ကားထားသည့်လက်မထိပ်မှ လက်ခလယ်၊ လက်သန်း စသည့်ထိပ်အထိ အကွာအဝေးတိုင်းတာသည်။ ၉ လက်မအတိုင်း။

## န

**နာဂလတာ** - ကွမ်းပင်။
**နာနာဘာဝ** - အရပ်တစ်ပါးသို့ပြောင်းသွားသဖြင့် ကွေကွင်းရခြင်း။
**နိမိတ်ဩဘာ** - အကြောင်းနိမိတ်ဖြစ်သောအမှု။ အရိပ်ပြခြင်းအမှု။
**နံ့သာမျိုး ၄ပါး** - တောင်ဇလပ်၊ မာလာကိုကျူ၊ လေးညှင်းပွင့်၊ ပန်းညိုရွက်။

## ပ

**ပက္ကမ** - ဖဲသွားခြင်း။ အစပြုခြင်း။
**ပကိတ္တေတိ** - ကြေညာ၏။
**ပကိဏ္ဏက** - ပြိုးပြွမ်းသော။
**ပကမ္ပတိ** - တုန်လှုပ်၏။
**ပဂ္ဂိုလ** - ဆွံ့သော။ သူဆွံ့။
**ပစ္စက္ခ** - မျက်မြင်ဖြစ်သော။ မျက်မှောက်ဖြစ်သော။
**ပစ္စန္တရစ်(ပစ္စန္တ)** - အစွန်ဖြစ်သော။ အစွန်။ ရပ်စွန်ပြည်နား။ - ရွာစွန်။ ပစ္စန္တရစ်ရွာ။
**ပစ္စုဂ္ဂစ္ဆတိ** - ခရီးဦး ကြိုဆို၏။
**ပဉ္စာဘတ္တ(ပဉ္စာဘတ္တံ)** - ဆွမ်းစားပြီးသည်မှနောက်၌။
**ပဉ္စလိက** - လက်အုပ်ချီခြင်းရှိသည်။
**ပဉ္စဝဂ္ဂီ(ပဉ္စဝဂ္ဂိယ)** - ၅ ယောက်အစုရှိသော။
**ပဋိစ္စသမုပ္ပါဒ်(ပဋိစ္စသမုပ္ပါဒ)** - အကြောင်းတရားတို့ကိုစွဲ၍ အကျိုးတရားတို့၏ဖြစ်ခြင်း။
**ပဋိညာဉ်** - ဝန်ခံခြင်း။ ဝန်ခံစကား။ ကတိထားခြင်း။
**ပဋိသန္ဓေ(ပဋိသန္ဓိ)** - တစ်ဘဝနှင့် တစ်ဘဝ စပ်ခြင်း။
**ပဋိသမ္ဘိဒါ** - ခွဲခြမ်းဝေဖန်၍ သိမြင်တတ်သောဉာဏ်။
**ပဏဝ** - ထက်စည်။
**ပဏ္ဍရ** - ဖြူသော။ ဖြူစင်သော။
**ပဏ္ဏသာလာ** - သစ်ရွက်မိုးသောဇရပ်၊ သင်္ခမ်း။
**ပတ္ထနာ** - တောင့်တခြင်း။ ဆုတောင်းခြင်း။
**ပဒက္ခိဏ** - လက်ယာရစ်လှည့်သော။ လိမ္မာသော။ - ပွားစီးစေတတ်သော။ မြတ်သော။
**ပဒဟတိ** - အားထုတ်၏။ စီးဖြန်း၏။
**ပဓာန** - ပြင်းစွာအားထုတ်ခြင်း။ မြတ်သောလုံ့လ။ - မဂ်နှင့်ယှဉ်သော ဝီရိယ။ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း။ စိတ်ကို ဆောက်တည်ခြင်း။ အကြီးဖြစ်သော။
**ပနဒတိ** - ပယ်၏။ တွန်းပယ်၏။ ပယ်ဖျောက်၏။
**ပဗ္ဗတ** - အဆစ်အဖုရှိသော။ တောင်။
**ပမာဏ** - အတိုင်းအရှည်။ အရွယ်အစား။ နှိုင်းယှဉ်ခြင်း။
**ပယောဇန** - ယှဉ်ခြင်း။ အားထုတ်ခြင်း။ စေလွှတ်ခြင်း။ - တိုက်တွန်းခြင်း။ ရည်ရွယ်ခြင်း၏အကျိုး။
**ပရံပရ** - အဆင့်ဆင့်သော။
**ပရမ** - မြတ်သော။ လွန်မြတ်သော။ လွန်ကဲသော။
**ပရာယန** - လဲလျောင်းရာ။ မှီခိုရာ။ မှီရာ၊လဲလျောင်းရာ ဖြစ်သော။ လားရာရှိသည်။
**ပရိက္ခရာ** - ရဟန်းအသုံးအဆောင်ပစ္စည်း။(သင်းပိုင်၊ ကိုယ်ဝတ်၊ ၂ထပ်သင်္ကန်း၊သပိတ်၊ပဲခွပ် သို့မဟုတ် သင်တုန်းဓား၊အပ်၊ခါးပန်းကြိုး၊ ရေစစ်ဟူ၍ပရိက္ခရာ ၈ပါးရှိသည်။)
**ပရိနိဗ္ဗာန်(ပရိနိဗ္ဗာန)** - ကိလေသာ၏ကင်းငြိမ်းခြင်း။ - ပရိနိဗ္ဗာန်ပြုခြင်း။
**ပရိဗ္ဘမတိ** - လှည့်လည်၏။ ထက်ဝန်းကျင်မှလည်၏။ ပတ်ပတ်လည်၏။
**ပရိဘောဂ** - သုံးဆောင်ခြင်း။ ခံစားခြင်း။ အသုံးအဆောင်။
**ပရိဘောဂစေတိယ** - ပရိဘောဂစေတီ။
**ပရိမုတ္တိ** - လွတ်မြောက်ခြင်း။
**ပရိယာပုဏာတိ** - သင်၏။ သင်ကြားတတ်မြောက်၏။
**ပရိယေသန** - ရှာမှီးခြင်း။
**ပရိယေသတိ** - ရှာမှီး၏။ ရှာစေ၏။

www.burmeseclassic.com

www.burmeseclassic.com



**ပရိဠဒ္ဒ** - ထက်ဝန်းကျင်မှပိတ်ဆီးအပ်သည်။
- ပိတ်ဆို့အပ်သည်။

**ပရိဝါရေတိ**- ခြံရံ၏။ ဝိုင်းဝန်း၏။

**ပရိဝါသ**- ထက်ဝန်းကျင်မှ ဝတ်ကိုကျင့်သုံးခြင်း။
ပရိဝါသ်နေခြင်း။

**ပရိဝုဏ်(ပရိဝေဏ)**- စည်းရိုး။ မီးတား။ တံတိုင်း။
- နေရာကျောင်းငယ်။ ပရိဝုဏ်။

**ပရိဝေသက**- အလုပ်အကျွေး။ လုပ်ကျွေးတတ်သော။

**ပရိသတ်**- လူစုလူဝေး။

**ပရိဠာဟ**- ပူပန်ခြင်း။ ပူအိုက်ခြင်း။

**ပလာယတိ**- ပြေးသွား၏။ ထွက်ပြေး၏။

**ပလ္လင်(ပလ္လင်္က)** - ထက်ဝယ်ဖွဲ့ခွေနေခြင်း။
- ညောင်စောင်းအင်းပျဉ်။
- ခုတင်။ ပလ္လင်။

**ပဝတ္တဖလ**- အလိုလိုကြွေသောသစ်သီး။

**ပဝတ္တိ**- ဖြစ်ခြင်းအကြောင်း။ သတင်း။ သနစ်။
- ဆက်ကာဆက်ကာဖြစ်ခြင်း။ ဖြစ်ပုံ။

**ပဝါယတိ**- လှိုင်၏။

**ပဝါရိတ**- ဖိတ်ကြားအပ်သည်။ တားမြစ်အပ်သည်။
တားမြစ်ခြင်း။ ပဝါရိတ် ဝိနည်းကံ။

**ပဝါဟေတိ**- မျောစေ၏။ မျှော၏။

**ပဝိသတိ**- ဝင်၏။

**ပဝေဓတိ** - တုန်လှုပ်၏။ ထိတ်လန့်၏။ ကြောက်ရွံ့၏။

**ပဝေသ** - အဝင်။ ဝင်ပေါက်။ ဝင်ခြင်း။ သွင်းခြင်း။

**ပဿ**- နံတောင်။ နံပါး။

**ပဟဋ္ဌ** - ရွှင်လန်းသည်။ ဝမ်းမြောက်သည်။ အားရသည်။

**ပါစရိယ**- ဆရာမှဆက်သောဆရာ။ ဆရာ့ဆရာ။

**ပါတိမောက်(ပါတိမောက္ခ)** - စောင့်စည်းခြင်း။
- စောင့်ရှောက်ခြင်း။

**ပါမောက္ခ**- အကြီးအမှူး။

**ပါရဂူ**- တစ်ဖက်ကမ်းသို့ ရောက်သော။

**ပါရမီ-သမ္ဘရဏ**- ပါရမီတို့ကိုဖြည့်သော။

**ပါရမီ** - အထွတ်အမြတ်။ မြတ်သောသူ၏အဖြစ်။
- သူမြတ်တို့၏ဥစ္စာ။

**ပါရာဇိက**- သာသနာတော်မှ ဆုံးရှုံးစေတတ်သော။
- ပါရာဇိကအာပတ်။

**ပါဝါရိက**- ပုဆိုးကုန်သည်။

**ပါးဟက်**- ငါး၏ အသက်ရှူရာ အစိတ်အပိုင်း။

**ပိဋက**- တောင်း။ ခြင်းတောင်း။

**ပိပါသာ** - ရေငတ်ခြင်း။ ရေသောက်လိုခြင်း။

**ပီတိ ၅ပါး**- ခုဒ္ဒကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ,
ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ။

**ပုစ္ဆာ**- အမေး။ မေးခြင်း။

**ပုဆိုး**- အဝတ်အထည်။

**ပုဏ္ဏ**- ပြည့်သည်။

**ပုဏ္ဏမာ**- လပြည့်နေ့။

**ပုထုဇဉ်(ပုထုဇ္ဇန)** - အရိယာတို့မှ အသီးအခြားဖြစ်သူ။
- လူသာမန်။

**ပုနဗ္ဘဝ**- တစ်ဖန်ဖြစ်ခြင်း။ ဘဝသစ်။ ဘဝသစ်၌ဖြစ်ခြင်း။

**ပုပ္ဖရာသိ**- ပန်းတို့၏ အပေါင်းအစု။

**ပုဗ္ဗနိမိတ်(ပုဗ္ဗနိမိတ္တ)**- ရှေး၌ဖြစ်လတ္တံ့သော အကြောင်း။

**ပုဗ္ဗေနိဝါသ**- ရှေး၌နေဖူးသော ခန္ဓာအစဉ်။

**ပုရေဘတ္တ(ပုရေဘတ္တံ)**- ဆွမ်းမစားမီ ရှေးအဖို့၌။

**ပုရောဟိတ**- တိုင်းပြည်၏အကျိုးစီးပွားကို ရှေ့သွားပြုသော
မင်းဆရာပုဏ္ဏား။ ပုရောဟိတ်။

**ပဲခွပ်**- သစ်ရွေ့ရာတွင်သုံးသော အသွားကန့်လန့်ရှိ လက်ကိုင်
ရိုးတပ်ကိရိယာ။

**ပဲနောက်**- ပဲပင်ပေါက်အဖြစ် အပင်ဖောက်ရာတွင်သုံးသည့်
ပဲတစ်မျိုး။

**ပေါရာဏ** - ရှေး၌ဖြစ်သော။ အဟောင်းဖြစ်သော။
- ရှေးသူဟောင်း။ ရှေးဆရာ။

**ပန်းဆိုင်း**- အလှအပအလို့ငှာ တွဲလျားဆွဲထားသော ပန်းခိုင်,
ပန်းကုံး။

**ပန်းတောင်း**- ကွမ်းအစ်။ ပန်းကလပ်။

**ပန်းပုံတောင်း**- ပန်းပွင့်များ စုထည့်ထားသည့် တောင်း။

**ပုံတောင်း**- ဝင်ရိုးစွပ်ရာ ဘီးအစိတ်အပိုင်း။

**ပြာဋိဟာ**- ထူးကဲထင်ရှားစွာပြသော တန်ခိုး။

**ဖ**

**ဖရသု**- ပေါက်ဆိန်။(ပုဆိန်)

**ဖလရေ**- အသီးသီးသည်။

**ဖိစီး**- လွှမ်းမိုးသည်။ နှိပ်စက်သည်။

**ဖောက်ထွင်း**- ချင်းနင်းဖြတ်သန်း ထိုးထွက်သည်။

**ဖုံးလွှမ်း**- အပေါ်မှလွှမ်းအုပ်သည်။ ကွယ်ဝှက်သည်။

**ဖျာသရိုင်**- ကောက်ပဲသီးနှံထည့်ရန် ခွေပတ်၍သုံးသော ဖျာရှည်
တစ်မျိုး။

**ဖျားရေ**- ဒီရေ, ပင်လယ်ရေ။

**ဖွားဖက်**- တစ်ဦးဦးနှင့်တစ်ချိန်တည်း အပြိုင်ဖွားမြင်သူ။

**ဗ**

**ဗဓိရ**- နားလေးသည်။ နားထိုင်းသည်။ နားပင်းသည်။

**ဗန္ဓု**- ဆွေမျိုး။ အဆွေခင်ပွန်း။ ဖြဟ္မာ။

www.burmeseclassic.com

www.burmeseclassic.com



**ဗရပွေ(ဗလပွေ)**- ရောနှောရှုပ်ထွေးလျက်။
**ဗလိ**- ပူဇော်ခြင်း။ ဗလိနတ်စာတင်ခြင်း။ အခွန်အတုတ်။
**ဗဟု-ကရဏီယ**- များသောပြုဖွယ် ကိစ္စရှိသည်။
**ဗဟု-ကိစ္စ**- များသောပြုဖွယ်ရှိသည်။
**ဗိတာန်(ဝိတာန)**- မျက်နှာကြက်။ ဗိတာန်။
**ဗိမ္ဗာ**- ယသောဓရာမိဖုရား။
**ဗိမ္ဗိသာရ**- ရွှေအဆင်းနှင့် တူသောအဆင်း ရှိသည်။
**ဗိလာသယ**- ကျင်း၌နေသည်။
**ဗုဒ္ဓဘာဝ**- ဘုရားအဖြစ်။
**ဗုဒ္ဓဝင်**- ဗုဒ္ဓ+ဝံသ
- ဗုဒ္ဓ+အမျိုး၊ အဆက်အနွယ်
**ဗောဓနေယျ**- သစ္စာတရားငပါးကို သိခြင်းငှာ ထိုက်သည်။
ကျွတ်ထိုက်သည်။
**ဗောဓိ** - မဂ်ဉာဏ်။ ဖိုလ်ဉာဏ်။ အရဟတ္တမဂ်ဉာဏ်။
- သဗ္ဗညုတဉာဏ်။ ညောင်ဗုဒ္ဓဟောပင်။
- ဗောဓိညောင်ပင်။
**ဗျတိရိတ္တ**- ပိုလွန်ခြင်း။ ထူးခြားခြင်း။
**ဗျပဂတ**- ထွက်သွားပြီးသည်။ လွင့်ပျောက်သည်။
**ဗျာဒိတ်(ဗျာဒိတ္တ)**- နောင်အခါ၌ ဖြစ်ပျက်ခြင်းအကြောင်းကို
ရည်ညွှန်း၍မိန့်မြွက်အပ်သော ဘုရား
စကားတော်။ ဗျာဒိတ်။
**ဗျာဓိတ**- အနာဖြင့် နှိပ်စက်အပ်သည်။
**ဗျူပွတ်**- ဝေါဟာရဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်း။
**ဗြဲတိုက်**- လူပျိုတော်သားတို့ ခစားရသည့်အဆောင်။
**ဗြဟ္မဝိဟာရ**- မြတ်သော သီတင်းသုံးခြင်း။

## ဘ

**ဘဒ္ဒကစ္စာနာ**- ယသောဓရာမိဖုရား။
**ဘနန်း**- လုနီးပါး။
**ဘရိယာ**- မယား။
**ဘန္တ**- တုန်လှုပ်သည်။ မရပ်မတည်တုန်လှုပ်သည်။
**ဘိက္ခာ** - တောင်းခြင်း။ တောင်းအပ်သောအစာ။ ဆွမ်း။
**ဘိယျော**- လွန်စွာ။ ထိုထက်လွန်စွာ။ တစ်ဖန်ထပ်၍။
**ဘီတ**- ကြောက်တတ်သောသူ။
**ဘေးဘျမ်း**- ဘေးရန်အန္တရာယ်။
**ဘောဇဉ်(ဘောဇန)** - သုံးဆောင်ခြင်း။ အစာစားခြင်း။ အစာ။
- စားဖွယ်။ ဆွမ်း။
**ဘုဉ်းပေး**- (ရဟန်းသာမဏေတို့)စားသောက်သည်။
**ဘုံ**- ပြာသာဒ်အဆင့်အထပ်။
**ဘွဲ့**- ပြောင်မြောက်သောစွမ်းဆောင်မှုအတွက် ချီးမြှင့်သော
တံဆိပ်။
- ရှင်ရဟန်းတို့၏အမည်။

## မ

**မချွတ်**- ကေန်။ မုချ။ မလွဲ။
**မဇ္ဇာရီ**- ကြောင်မ။
**မထိ** - ကျောက်မျက်ရတနာ။ ပတ္တမြား။
- မြ။ ရေအိုး။
**မတ္တ** - မူးယစ်သည်။ မေ့လျော့သည်။
- အမုန်ယစ်သည်။
**မန္ဒာရဝ**- ထင်ရှားပန်းပင်။
**မဟာနာဒ**- သည်းစွာသောအသံ။
**မဟာယသ**- များသောအခြံအရံ ရှိသည်။ များသောအကျော်
အစော ရှိသည်။
**မဟာသာဝက**- တပည့်ကြီး။
**မာနိကာ**- ၄ ဒေါဏရှိသော အလေးချိန်။ တစ်တင်း။
**မာရ်နတ်(မာရ)**- ကုသိုလ်တရားကို သတ်တတ်သောနတ်။
**မိဂဒါဝုန်** - သားအပေါင်းကို ဘေးမဲ့ပေးရာတော။
**မိဂရာဇာ**- သားတို့၏မင်း။
**မိစ္ဆာဒိဋ္ဌိ** - ဖောက်ပြန်သောအားဖြင့် မြင်ခြင်း။ မှားသောအယူ။
**မီးခတ်**- မီးခတ်ကျောက်ကို ပွတ်ခတ်ရသည့်သံခဲ။
**မီးပွတ်** - မီးထွက်အောင်ပွတ်ရသောကိရိယာ။
- ပွတ်ခုံပွတ်ကျေ။
**မီးမယ်မျှူး**- မီးလင်းဖို။ မီးအိုးကင်း။ မီးထည့်သောခွက်။
**မီးရှူး**- မီးတိုင်။ မီးတုတ်။
**မုစလိန္ဒ**- ကျည်းပင်။ မုစလိန္ဒအိုင်။
**မုစ္စ**- လွတ်မြောက်စေသည်။
**မုဋ္ဌိတ**- တွေဝေမိန်းမောသည်။ မက်မောသည်။
**မုဒု**- နူးညံ့ ပျော့ပျောင်းသည်။
**မုနိ**- ဉာဏ်ပညာနှင့်ပြည့်စုံသောသူ။ မြတ်စွာဘုရား။
**မုလေးပန်း**- အလွန်မွှေးသော အဖြူရောင်အပွင့်ငယ်များ ပွင့်သော
ပန်းပင်တစ်မျိုး။
**မူဂ**- အ,သောသူ။ အ,သည်။
**မူလဘူတ**- အရင်းအမြစ်ဖြစ်၍ဖြစ်သော။
**မေတ္တေယျ**- အမိကို လုပ်ကျွေးသည်။
**မေဒိနီ**- မြေကြီး။
**မောင်းမ**- ဘုရင်၊ မိဖုရားတို့၏ ရံရွေတော်။
**မန်း**- ဆန်ကော။ ဗန်း။
**မိန်းမော**- သတိလစ် မေ့မြောသည်။

www.burmeseclassic.com

www.burmeseclassic.com



**မျက်စဉ်း**- မျက်စိခတ်ရသောဆေး။

**မျက်မြင်လက်ဆုပ်**- ကိုယ်တိုင်မျက်မြင်ထင်ရှား။

**မြင်းက**- မြင်းပေါ်တွင် လူထိုင်ရန်ပြုလုပ်ထားသောအရာ။

**မွေးရှင်တော်**- မြတ်စွာဘုရား၏မျက်မှောင်တော် ၂ဖက်ကြား တွင်ရှိသော အမွေးတော်။ ဥဏ္ဏာလုံ။

**မှီဝဲ**- အာဟာရအလို့ငှာ စွဲမြဲစားသုံးသည်။ ဆည်းကပ်သည်။

**မှန်ကင်း**- ပြာသာဒ်၌တုရင်ထိပ်ဖျားရှိ အထွတ်အဆင်တန်ဆာ။ အထွတ်အမြတ်။

**မြွက်ဆို**- ထုတ်ဖော်ပြောဆို၍ သိစေသည်။

**မြွေးယှက်**- ယှက်သန်းသည်။ ငြိကပ်ဖုံးအုပ်သည်။

## ယ

**ယထာဘူတ**- ဖြစ်သည့်အတိုင်း။ ဟုတ်မှန်သည့်အလျောက်။

**ယာဂု**- ယာဂု။ ယက်မန်း။ ဆန်ပြုတ်။

**ယာန(ယာနက)**- လှည်းရထား။ ယာဉ်ငယ်။

**ယာပန**- မျှတခြင်း။ ရှည်မြင့်စွာကာလတိုင်အောင် ရောက်စေခြင်း။

**ယုဂ်(ယုဂ)** - ထမ်းပိုး။ ရထားထမ်းပိုး။ အစုံ။

**ယူဇနာ(ယောဇန)** - ရထားထမ်းပိုး ၆၄၀၀ ရှိ အကွာအဝေး။

**ယောဇနာ**- ယှဉ်ခြင်း။ ရှေ့စကားနှင့် နောက်စကားကို ပရိယာယ်အားဖြင့် ယှဉ်ခြင်း။ အနက်ယှဉ်ခြင်း။

**ယိမ်းယိုင်**- တိမ်းစောင်းသည်။
- ရှေ့နောက်ဝဲယာ တိမ်းညွတ်သည်။

## ရ

**ရဝတီ**- မြည်၏။ တွန်၏။ မြည်တမ်း၏။ အော်၏။

**ရသွီ**- ကြိုး။ ရောင်ခြည်။ အရောင်။

**ရာဇာယတန**- လင်းလွန်းပင်။

**ရာဟုလ**- ရာဟုလာမင်းသား။

**ရာဟုအသုရိန္ဒ(ရာဟုအသုရိန္ဒ)**- ရာဟုအသူရိန်။

**ရှိရှား**- ပင်ပန်းဆင်းရဲသည်။

**ရေသနုပ်**- ရေလဲလုံချည်။ ရေလဲသင်းပိုင်။

**ရောပိတ**- စိုက်ပျိုးအပ်သည်။

**ရုံတိုင်**- လှည်းကက်အိမ် ဘေးတစ်ဖက်တစ်ချက် လက်ရန်းကိုလျှိုစိုက်ထားသော တိုင်ငယ်များ။

**ရုံရွှေတော်**- မင်း,မိဖုရားတို့ထံ၌ ခစားထမ်းရွက်ရသူ။

**ရောင်ခြည်တော်**- မြတ်စွာဘုရား၏ကိုယ်တော်မှကွန့်မြူးသော အရောင်အဝါ။

**ရောင့်ရဲ**- လက်ရှိအခြေအနေတွင် နှစ်သိမ့်ကျေနပ်သည်။

**ရှန့်ရင်း**- ကြမ်းတမ်းသော။ မာသော။ ရိုင်းပျသော။

**ရုပ်ပွားတော်**- ဗုဒ္ဓဆင်းတုတော်။

**ရှုံ့ရှာ**- လွန်စွာစက်ဆုပ်သည်။

**ရှားတား**- ရှောင်ရှားတွန်းဖယ်ခြင်း။

**ရှေးရှု**- ဦးတည်သည်။

**ရှင်ပြု**- ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းသည်။

## လ

**လဂ္ဂတိ**- ငြိ၏။ ကပ်ငြိ၏။ ဆွဲ၏။

**လတာ**- နွယ်။ အနွယ်။

**လုလင်**- ပျိုရွယ်သောယောက်ျား။

**လေချု**- မြေစိုင်ခဲ။

**လောကဝိဒူ**- လောက ၃ပါးကို သိတော်မူသည်။

**လောကဟိတ**- လောက၏အစီးအပွား။

**လောကီ(လောကိယ)**- လူ၌ ဖြစ်သည်။ လောက၌ ယှဉ်သည်။

**လောမကူပ**- မွေးတွင်း။

**လက်ကတီး**- ချိုင်းကြား။

**လက်ဆောင်**- မေတ္တာနှင့်ပေးသောပစ္စည်း။

**လက်ပန်းပေါက်ခတ်**- လက်ခမောင်းခတ်သည်။

**လက်ရုံး** - လက်မောင်း။ အားကိုးအားထားပြုလောက်သူ။

**လျှောင်းစက်**- (မြင့်မြတ်သူ)အိပ်သည်။

**လွင်**- ပြန့်ပြူးသောကွင်းပြင်။ ဟာလာဟင်းလင်းသော အပြင်။

**လှည်းသန်**- လှည်းထမ်းပိုးတုံးတွင် မြားဦးသဏ္ဍာန်ဆုံသော လှည်းအိမ်အောက်ခံ သစ်ချောင်းအစုံ။

## ဝ

**ဝမန**- ပျို့အန်ခြင်း။ ပျို့အန်စေတတ်သောဆေး။

**ဝရာဟ**- ဝက်။ ဆင်။

**ဝါကစီရ**- လျှော်တေသင်္ကန်း။

**ဝါဒ**- ဆိုဆုံးမခြင်း။ ကဲ့ရဲ့ခြင်း။ ငြင်းဆိုခြင်း။ အယူဝါဒ။

**ဝါပိတ**- စိုက်ပျိုးအပ်သည်။ ရိတ်အပ်သည်။

**ဝါလ**- သားမြီး။ မြီးမွေး။ မြီးဆံ။

**ဝါဟ** - ရွက်ဆောင်သည်။ ရှေ့ဆောင်။ လှည်း။ လှည်း ၂စီးတိုက်ဝန်(ခါရီ ၂၀)။ ဝန်ဆောင်နွား,မြင်း။

**ဝိကူဇတိ**- တွန်မြည်၏။ တွန်မြူး၏။

**ဝိကောပေတိ**- ပျက်စေ၏။ ဖျက်၏။ ဖျက်ဆီး၏။ ဖျောက်၏။

**ဝိဂြိုဟ်(ဝိဂ္ဂဟ)**- ပုဒ်အနက်ကို အထူးသဖြင့်ယူခြင်း။ ငြင်းခုံခြင်း။ ဆန့်ကျင်သောအယူ။ ခိုက်ရန် ဖြစ်ခြင်း။

**ဝိစိကြ** - ဆန်းကြယ်သည်။ ဆန်းကြယ်ခြင်း။

**ဝိစိနန**- သုံးသပ်စိစစ်ခြင်း။ ရွေးချယ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**ဝိဒေသ**- အရပ်တစ်ပါး။ နိုင်ငံခြား။
**ဝိနာ-ဘာဝ**- သေသောအားဖြင့် ကွေကွင်းရခြင်း။
**ဝိနိစ္ဆယ** - ဆုံးဖြတ်ခြင်း။ အဆုံးအဖြတ်။ စီရင်ချက်။
- တရားဆုံးဖြတ်ရာအရပ်။ တရားရုံးတော်။
**ဝိနောဒေတိ**- ပယ်နုတ်၏။ ပယ်ဖျောက်၏။
**ဝိပဿနာ**- အပြားအားဖြင့် ရှုခြင်း။ အထူးထူးအပြားပြားကို မြင်သောတရား။
**ဝိမလ**- အညစ်အကြေးကင်းသည်။
**ဝိမာန** - နေထိုင်စရာအဆောက်အဦ။ ဘုံဆောင်။ ဗိမာန်။
**ဝိရူဠှတိ**- ချွတ်ယွင်း၏။ ချွတ်ချော်၏။ ပြစ်မှား၏။
**ဝိဝဋ**- ပွင့်သည်။ ဟင်းလင်းပွင့်သည်။ အမိုး မရှိသည်။
**ဝိသုကြံ(ဝိသုကမ္မ)**- အလုံးစုံကိုဖန်ဆင်းနိုင်သော နတ်သား။
**ဝိသုဒ္ဓိမဂ်(ဝိသုဒ္ဓိမဂ္ဂ)**- စင်ကြယ်ခြင်း၏အကြောင်း။ နိဗ္ဗာန်သို့ ရောက်ကြောင်းခရီး။
**ဝီဏာ**- စောင်း။
**ဝီထိ**- လမ်း။ ခရီး။ အစဉ်။
**ဝေဇယန္တာ(ဝေဇယန္တ)**- သိကြားမင်း၏နန်းတော်။
**ဝေနေယျ**- ဆုံးမထိုက်သည်။ ကျွတ်ထိုက်သည်။
**ဝေမတ္တ**- ထူးသောအယူအဆ။
**ဝေယျာဝစ္စ**- အမှုကြီးငယ်။ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း။
**ဝေါဂ္ဂမတိ**- ဖဲ၏။ ရှောင်၏။
**ဝတ်လဲတော်**- ဘုရင်,မင်းညီမင်းသား,နတ်တို့ဆင်မြန်းသော အဝတ်အထည်။

## သ

**သက**- မိမိဥစ္စာဖြစ်သည်။ မိမိနေရာဖြစ်သည်။
**သက္ကရာဇ်**- မြန်မာတို့မှတ်သားသုံးစွဲလာခဲ့သောနှစ်အရေ အတွက်။ ခု,နှစ်အပေါင်းအစု။
**သက္ကာရ**- အရိုအသေပြုခြင်း။ ပူဇော်ခြင်း။ ဆုလာဘ်ပေးခြင်း။ လှူဖွယ်ဝတ္ထု။
**သက္ကုဏာတိ**- စွမ်းနိုင်၏။ တတ်နိုင်၏။
**သခ်ီတ**- ပြုပြင်စီရင်အပ်သည်။
**သင်္ဂါယနာ**- အညီအညွတ်ရွတ်ဆိုခြင်း။
**သင်္ကန်း(သံဃာဋိက)**- ရဟန်းများဝတ်ရုံသော ဖန်ရည်ဆိုး အဝတ်။
**သစ္စိကတ**- မျက်မှောက်ပြုအပ်သည်။
**သတင်္ညီ** - အရာမကသောရောင်ခြည်ကိုဆောင်သည်။ နေမင်း။
**သတိသမ္မောဇ်**- သတိပညာအဆင်အခြင်။
**သတို့သမီး** - အမျိုးကောင်းသမီး။ ငယ်ရွယ်သော မိန်းမ။
- မင်္ဂလာဆောင်မည့်အမျိုးသမီး။
**သတ္တာဟ**- ၇ ရက်။ တစ်သီတင်း။
**သဒ္ဒလ**- မြက်ဖြင့်စိမ်းစိုသည်။ မြက်ခင်း။
**သနင်း**- အထွတ်အမြတ်ပုဂ္ဂိုလ်။
**သန္တသိတ**- ကောင်းစွာရောင့်ရဲသည်။
**သပိတ်**- ရဟန်းများဆွမ်းခံရာ, ဆွမ်းဘုဉ်းပေးရာတွင် သုံးသောပရိက္ခရာ။
**သဗ္ဗညုတညာဏ**- ခပ်သိမ်းသောတရားတို့ကို သိသောဉာဏ်။
**သဘာဝ** - သဘော။ ပင်ကိုသဘော။ ဟုတ်မှန်တိုင်းဖြစ်သော။
**သမန္တစက္ခု** - ထက်ဝန်းကျင်ကို မြင်သောမျက်စိ ရှိသည်။
- မြတ်စွာဘုရား။
**သမယ**- အခါ။ စုဝေးခြင်း။ အစည်းအဝေး။
**သမာဂမ**- ပေါင်းဆုံခြင်း။ အစည်းအဝေး။
**သမာပတ်(သမာပတ္တိ)**- ကောင်းစွာရောက်ခြင်း။ ဝင်စားခြင်း။
**သမ္ဗုဒ္ဓ**- ကောင်းစွာသိသည်။ ခပ်သိမ်းသောတရားကို သိသည်။ မြတ်စွာဘုရား။
**သမ္ပဝါဒန**- ကောင်းစွာအားထုတ်ခြင်း။
**သမ္ပသတိ**- သုံးသပ်၏။ သုံးသပ်ဆင်ခြင်၏။
**သယန**- လျောင်းခြင်း။ အိပ်ခြင်း။ အိပ်ရာ။
**သယမ္ဘူ**- ကိုယ်တိုင်ဖြစ်သည်။ ဆရာမလို ကိုယ်တိုင်ဖြစ် တော်မူသော ဘုရား။
**သရဏဂုံ(သရဏဂမန)**- 'ကိုးကွယ်ရာ' ဟုဆည်းကပ်ခြင်း။
**သရဏင်္ကရ**- ကိုးကွယ်ရာကိုပြုတတ်သောဘုရား။
**သရုပ်**- တရားကိုယ်။ ပင်ကိုသဘောသဘာဝ။
**သလွန်**- မင်း,မိဖုရားတို့အိပ်စက်ရာ ခုတင်။
**သဝဏ်လွှာ**- အကြောင်းကြားစာ။ အမှာစာ။
**သာကီယ**- သာကီဝင်မင်း။
**သာဂရ**- သမုဒ္ဒရာ။
**သာဋက**- အဝတ်။ ပုဆိုး။ ထဘီ။
**သာဓက**- သက်သေဖြစ်သော။ သက်သေ။
**သာဓေတိ**- ပြီးစေ၏။
**သာဝက** - အဆုံးအမကို လိုက်နာတတ်သည်။
- နာကြားသောသူ။ တပည့်။
**သာသနာပိုင်**- သာသနာစည်ပင်ပြန့်ပွားရေးအတွက် ဦးစီး ညွှန်ကြားဆောင်ရွက်ရန် တင်မြှောက်ထား သောဆရာတော်။
**သားမြီးယပ်**- မင်းမြောက်တန်ဆာ ၅ပါးတွင် ပါဝင်သည့် စာမရီသတ္တဝါ၏အမြီးနှင့် ပြုလုပ်ထားသော ယပ်တစ်မျိုး။
**သိဒ္ဓတ္ထ** - ပြီးမြောက်သောအကျိုး ရှိသည်။
**သိဒ္ဓိဝိဟာရိက**- ပြီးစီးနေသော။ အတူနေသော။
**သိန္ဓော(သိန္ဓဝ)**- သိန္ဓောမျိုးဖြစ်သော။

www.burmeseclassic.com

www.burmeseclassic.com



**သီလက္ခန်(သီလက္ခန္ဓ)** -သီလအစု။ သီလအစု ဟူသောဂုဏ် ကျေးဇူး။ သီလတည်းဟူသော ကျေးဇူး။
**သုတမင်္ဂလာ(သုတမင်္ဂလိက)**- သုတမင်္ဂလာအယူ ရှိသည်။
**သုဒဿနံ**- အလွန်ရှုချင်ဖွယ် ရှိသည်။ ကြည့်ရှုဖွယ်ကောင်းသည်။ သုဒဿနတောင်။
**သုမာပိတ**- ကောင်းစွာဖန်ဆင်းအပ်သည်။
**သုမေဓ**- ကောင်းသောပညာ ရှိသောပုဂ္ဂိုလ်။ ပညာရှိ။
**သုဝဏ္ဏဝဏ္ဏ**- ရွှေအဆင်းနှင့် တူသောအဆင်း ရှိသည်။
**သုရိယ**- ရဲရင့်သည်၏ အဖြစ်။ ရဲရင့်ခြင်း။ နေ။
**သေကွ**- ကျင့်ဆဲဖြစ်သော၊ သင်ဆဲဖြစ်သော။
**သေဋ္ဌိ**- သူဌေး။
**သေရီ** - မိမိအလိုအတိုင်း ဖြစ်သည်။ အလိုအတိုင်း နေရသည်။
**သေသ**- ကြွင်းသည်။ အကြွင်း။
**သဲပုံစေတီ**- ရွှေအဆင့်ဆင့်ခံ၍ သဲဖြင့်တည်ထားသော စေတီ။
**သောဏ**- ခွေး။ အိမ်ခွေး။
**သောပါန**- စောင်းတန်း။ လှေကား။
**သံဟာရိမ**- ပြောင်းရွှေ့ဆောင်ယူကောင်းသည်။
**သက်ဆိုးရှည်**- အသက်ရှည်သည်။
**သက်သက်**- တမင်တကာ။
**သောက်ရှူးကြယ်**- အလင်းရောင်အားကောင်းသော ကြယ်ကြီး။ သောကြာကြယ်။
**သင်းခွဲ** - အဖွဲ့အစည်းတစ်ခုခုမှ ခွဲထွက်သည်။
- အဖွဲ့သားချင်း မသင့်မတင့်ဖြစ်အောင်လုပ်သည်။
**သင်းဝိုင်**- ခါးဝတ်သင်္ကန်း။
**သည်းခံ**- ချုပ်တည်းသည်။ ကြံ့ကြံ့ခံသည်။
**သုတ်သင်**- သန့်စင်အောင်ပြုသည်။ ဖယ်ရှားသည်။
**သိမ်မွေ့**- နူးညံ့သော။ ကိုင်တွယ်ဖြေရှင်းရ ခက်ခဲသော။
**သိမ့်သိမ့်**- အဆက်မပြတ်တုန်လှုပ်လျက်။ တငြိမ့်ငြိမ့်။
**သုံးသပ်** - လက်ဖြင့် အမန်းမန်း ထိတွေ့ပွတ်သပ်သည်။
- သင်္ကန်းဝင်ဆင်ခြင်သည်။
**သျှိသျှား**- အသီးသေးငယ်သော ဆီးဖြူပင်တစ်မျိုး။

**ဟ**

**ဟရိစန္ဒနသဒ**- စန္ဒကူးရွှေဖြင့် လိမ်းကျံခြင်းရှိသည်။
**ဟရိတ**- စိမ်းစိုသည်။ စိမ်းရောင်ရှိသည်။
**ဟာရာ**- ပုလဲသွယ်။
**ဟီန** - ယုတ်သည်။ ယုတ်ညံ့သည်။ ဂုဏ်ယုတ်ခြင်း။
**ဟေမန္တ**- ဆောင်းဥတု။ နတ်တော်-ပြာသိုလ။

**အ**

**အကပ္ပိယ** - ရဟန်းအား မအပ်သော။မအပ်သော အမှု။
**အဂ္ဂိ**- မျက်စိ။
**အကျွတ်တရား** - ဝဋ်ဆင်းရဲမှ လွတ်ကင်းကြောင်းတရား။
-မကောင်းမှုကို စွန့်လွှတ်ကြောင်းတရား။
**အဂ္ဂမဟေသီ**- မိဖုရားကြီး။
**အဂ္ဂသာဝိကာ**- ရဟန်းမိန်းမတပည့်မြတ်။
**အတိက္ကမ** - တစ်ပါးတစ်ပါးသော အင်္ဂါကို လွန်သော။
- တစ်ခုတစ်ခုသောတရားကို လွန်သော။
**အတိုလီ**- လက်ချောင်း။ ခြေချောင်း။
**အစ္ဆရ**- အံ့ဩဖွယ်။
**အစ္ဆရိယ** - အံ့ဖွယ်သရဲရှိသည်။ လက်ဖျစ်။
- လွန်စွာဖြစ်ခြင်း။ အံ့ဩဖွယ်။
**အဆောက်အဦ**- အသုံးအဆောင်ပစ္စည်း။ ကိရိယာတန်ဆာပလာ။
**အစေါလ**- ဆိတ်ကျောင်းသား။
**အညတရ**- အမှတ်မရှိသော။ အမျိုးအမည်အားဖြင့် မထင်ရှားသော။
**အညတြ**- အခြားအရပ်၌။ ကြဉ်၍။ ထား၍။
**အညထာ-ဘာဝ**- တစ်ပါးသောအခြင်းအရာအားဖြင့်ဖြစ်ခြင်း။
**အညမည**- အချင်းချင်း။ တစ်ယောက်သည်တစ်ယောက်ကို။
**အတီတ**- လွန်လေပြီးသည်။ ဖြစ်ပြီးသည်။ လွန်လေပြီးသော အကြောင်း။ အတိတ်။
**အတုလ**- တူသောသူ မရှိသော။
**အတ္တဇ(အတြဇ)**- မိမိကိုယ်၌ဖြစ်သော သား။
**အတ္တနောမတိ**- မိမိအလို။ မိမိအယူ။
**အတ္ထုပ္ပတ္တိ** - အကြောင်းအဖြစ်အပျက်။
- အကျိုးအကြောင်း၏ ဖြစ်ပေါ်ခြင်း။
**အဒွေဇ္ဈတာ**- ၂ကွဲ ၂ပြားမဖြစ်သည်၏အဖြစ်။
**အဓိဋ္ဌာန်**- စိတ်ကို အခိုင်အမာဆောက်တည်ခြင်း။
**အဓိပတိ**- အကြီးအချုပ်။ အရှင်သခင်။ အစိုးရသည်။
**အနန္တရာယိက**- အန္တရာယ်မရှိဟု အမှတ်ရှိသည်။ (အနန္တရာယိကသညီ)
**အနမတဂ္ဂ**- မသိအပ်သော အစရှိသော။ အစမထင်သော။
**အနာကုလ**- အနှောင့်အယှက်မရှိသော။
**အနာဂတံသညာဏ**- နောင်လာလတ္တံ့သောအဖို့၌ သိသော ဉာဏ်။
**အနာဂတ** - ရောက်မလာသေးသော။ လာလတ္တံ့သော။
**အနုပုဗ္ဗဝိဟာရ**- အစဉ်အတိုင်းဝင်စား၍ နေအပ်သောတရား။
**အနုမောဒနာ**- ဝမ်းမြောက်ဖွယ်ပြောဟောခြင်း။ သာဓုခေါ်ခြင်း။ (အနုမောဒန)
**အနေကဇာတိသံသာရ**- တစ်ပါးမက များလှစွာသော ပဋိသန္ဓေ ရှိသော သံသရာ။
**အနောမာ(အနောမ)**- မယုတ်သော။ မြတ်သော။
**အပရာဓိတ**- ရန်သူတို့ မအောင်အပ်သည်။ မရှုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



**အပရိဟာနီယ**- မဆုတ်ယုတ်ရာသော။
**အပါဒါန်(အပါဒါန)**- ဖဲ၍ယူခြင်း။
**အဗျာကတ**- မဖြေဆိုအပ်သည်။ ကုသိုလ်, အကုသိုလ်အဖြစ်ဖြင့် မဟောကြားအပ်သည်။
**အဘိဓမ္မာ(အဘိဓမ္မ)**- ထူးမြတ်လွန်ကဲသောတရား။
**အဘိနိဟာရ**- ရှေးရှုဆောင်ခြင်း။ ထုတ်ဆောင်ခြင်း။ ဆုတောင်းခြင်း။
**အဘိမဒ္ဒတိ** - နှိပ်နင်း၏။ နှိပ်နယ်၏။ ချေပစ်၏။
**အမစ္စ**- တစ်အိမ်တည်းသား။ အမတ်။
**အမောဃ**- အချည်းနှီး မဟုတ်သော။
**အမြွက်**- သိသာရုံမျှဖြစ်သော, အနည်းငယ်မျှဖြစ်သောစကား။
**အယောဃန**- သံတူ။ သံစိုင်သံခဲ။
**အရဟတ္တဓဇ** - ရဟန္တာအဖြစ် ဟူသောတံခွန်။
- ရဟန္တာအဖြစ်၏ တံခွန်ဖြစ်သော သင်္ကန်း။
**အရဟတ္တဖိုလ်(အရဟတ္တဖလ)** - ရဟန္တာအဖြစ်၏ အကျိုး။
- အရဟတ္တဖိုလ်။
**အရုဏ်(အရုဏ)**- စဉ်းငယ်နီမြန်းသော။ ရှေးဦးတက်လာသောနေရောင်။ ထွက်သစ်စနေ။ အရုဏ်။
**အရင်းပြု**- အကျိုးအမြတ်ရရန် မတည်မြှုပ်နှံထားသောငွေ, ပစ္စည်း စသည်။
**အရွယ်** - အသက် နှစ်အပိုင်းအခြား။
-အရာဝတ္ထုပမာဏ အကြီးအသေးအရွယ်အစား။
**အလင်္ကတ**- တန်ဆာဆင်အပ်သည်။တန်ဆာဆင်ခြင်း။
**အဝိဇဟိတ**- မစွန့်လွှတ်အပ်သည်။မစွန့်ပစ်အပ်သည်။
**အဝိဒူရေ(အဝိဒူရ)**- မဝေးလွန်းသည်။
**အ-သခိတ**- မပြုပြင် မစီရင်အပ်သည်။
**အသင်္ချေ(အသင်္ချေယျ)** - မရေတွက်နိုင်သော။
-သုညရေ ၁၄၀ ရှိသောသင်္ချာသဒ္ဒါ။
**အသမသမ**- အတုမရှိသောဘုရားနှင့် တူသည်။
**အသမ္ဘိန္န**- မကျိုးမပြတ်သည်။မရောသည်။
**အသီတိ**-၈၀(အရေအတွက်)။
**အသေက္ခ**- ကျင့်ဆဲမဟုတ်သော ရဟန္တာ။
**အာကာသ**- လဟာ။ကောင်းကင်။
**အာဂန္တုက**- ဧည့်သည်။
**အာစိဏ္ဏက**- တက္ကတွန်း။ ကိုယ်၌ အဝတ်မကပ် အချည်းနှီးနေသောတိတ္ထိ။
**အာဒိကမ္မိက**- အစပြုသော။ ရှေးဦးစွာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ ယှဉ်သော။
**အာနာပါန**- ထွက်သက်ဝင်သက်။
**အာနုဘော်(အာနုဘာဝ)** - ပြီးစေနိုင်သောအစွမ်း။ အစွမ်း သတ္တိ။ တန်ခိုး။

**အာဘရဏ**- ဝတ်စားတန်ဆာ။ ဆင်ယင်ခြင်း။
**အာဘုဇတိ**- ခွေ၏။ ထက်ဝယ်ခွေ၏။
**အာယတန** - နေရာ။ တည်ရာ။ ဖြစ်ရာ။ စုဝေးရာ။
- စည်းဝေးရာ။ အရပ်။ အာရုံ။ အကြောင်း။
- နတ်ကွန်း။
**အာယုသင်္ခါရ**- အသက်ကိုပြုပြင်တတ်သော အင်အား။
**အာရာမ်(အာရာမ)** - မွေ့လျော်ခြင်း။ နှလုံးမွေ့လျော်ဖွယ်ရာ။
- ဥယျာဉ်။ အရံ။ ခြံ။
**အာဝုသော**- ငါ့ရှင်၊ ငါ့ရှင်တို့။
**အာဝေဏိက**- အသီးအခြားဖြစ်သော။
**အာသဝက္ခယဉာဏ်**- အာသဝေါတရား ၄ ပါးကုန်ရာဉာဏ်။
**အာဟာရ**- ခွန်အားကိုဆောင်သော သတ္တိ။ အစာ။ အကြောင်း။
**အားတက်**- စိတ်အားတက်ကြွ ထက်သန်သည်။
**ဣတောစိတောစ**- ထိုမှဤမှ။
**ဣန္ဒနီလာ(ဣန္ဒနီလ)**- ပတ္တမြားညို။ နီလာ။
**ဣန္ဒြေ(ဣန္ဒြိယ)** - အစိုးရခြင်း။ ကိုယ်, နှုတ် စသောအမူအရာ။
- စက္ခု စသောဣန္ဒြေ။
**ဣရိယာပထ**- ကိုယ်အမူအရာ ဖြစ်ကြောင်း။
**ဣသိပတန**- ပစ္စေကဗုဒ္ဓါ, ရဟန္တာ စသောသူမြတ်တို့ ကျရောက်ရာဖြစ်သော။
**ဥက္ကုဋ္ဌိသဒ္ဒ**- ကြွေးကြော်သောအသံ။
**ဥဗ္ဗာသယန**- မြင့်ရာ၌လဲလျောင်းခြင်း။
**ဥဏ္ဏာလုံ(ဥဏ္ဏာလောမ)**- မျက်ခုံး၂ ဖက်ကြားမှပေါက်သော ဥဏ္ဏာလုံမွေးရှင်တော်။
**ဥတု**- အချမ်း, အပူ ဟူသောဥတု။
**ဥတ္တရာသာဠ်(ဥတ္တရာသဠ)**- ဥတ္တရာသဠ်နက္ခတ်။ ဝါဆိုလဆုတ်ပက္ခ။
**ဥဒါန်း(ဥဒါန)** - ကျူးရင့်ခြင်း။ ဝမ်းမြောက်သောစကား။
- အကျဉ်းစကား။
**ဥဒ္ဒိသ** - ရည်ညွှန်း၍။ ရည်မှတ်၍။ အာရုံပြု၍။
**ဥပက**- ချဉ်းကပ်သော။
**ဥပစါရိ**- တင်း။
**ဥပဃန္ဒိတ**- ထိခိုက်သည်။
**ဥပဋ္ဌာက**- အလုပ်အကျွေး။ အလုပ်အကျွေးဖြစ်သော။
**ဥပသောဘတိ**- တင့်တယ်၏။
**ဥပါသကာ(ဥပါသက)** - ရတနာ ၃ ပါးကို ဆည်းကပ်သောသူ။ သီတင်းသည်။
**ဥဘယ**- ၂ ဖက်သော။
**ဥလူက**- ခင်ပုပ်ငှက်။ ဇီးကွက်။
**ဥသဘ**- တာ ၂၀ဆယ်။ အတောင် ၁၄၀ သောအတိုင်းအတာ။ နွားလား။ နွားသိုး။

www.burmeseclassic.com

www.burmeseclassic.com



ဥဿာဟ- လှုံ့လပြုခြင်း။ အားထုတ်ခြင်း။

ဥဿီသက- ဦးခေါင်းရင်း။ ခေါင်းအုံး။

ဦးစွန်း- အထွတ်အထိပ်။

ဦးရစ်- နားရွက်ကို ဖုံးပိတ်သွားအောင် ပေါင်းရသည့် ခေါင်းပေါင်းမျိုး။

ရောဝဏ်(ရောဝဏ)- သိကြားမင်းစီးသော နတ်ဆင်။

ဩကာသ - အရပ်။ ဖြစ်ရာ။ တည်ရာ။ နေရာကွက်လပ်။
- အခွင့်။ အလှည့်။

ဩဝါဒ- အဆုံးအမ။ ဆုံးမခြင်း။

အံသကူဋ- အံသကိုင်ဋ်သင်္ကန်း။ ရဟန်းတို့ ပခုံးစွန်း၌ တင်၍ ကိုယ်ကိုဖွဲ့စည်းအပ်သော သင်္ကန်း။

အုံ့ဖွယ်သရဲ- အထူးအံ့ဩဖွယ်။

အင်းပျဉ်- ပျဉ်ချပ်ခင်းထားသော လဲလျောင်းစရာ ခုံနိမ့်။

◆◆◆◆◆

www.burmeseclassic.com